ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ၏ ပြဝါဒကထာများ

ပထမတွဲ

(၁၉၉၂-ခုနှစ်မှ ၁၉၉၆-ခုနှစ် အထိ)



ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၆၀ ကောဇာ ၁၃၅၆ ခရစ် ၁၉၉၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ၏

ပြဿဝါဒကထာများ

ပထမတွဲ

(၁၉၉၂-ခုနှစ်မှ ၁၉၉၆-ခုနှစ် အထိ)

သုဇာတသုခ[illegible]

သာသနာဟော[illegible]

[illegible]



ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၄၁ ကောဇာ ၁၃၅၉ ခရစ် ၁၉၉၇



ရန်ကုန်မြို့ ၊ကမ္ဘာအေးကုန်းမြေ၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်မောင်၊ (မှတ်ပုံတင်အမှတ်-
၀၂၄၀၅/၀၂၅၂)က ပုံနှိပ်ထုတ်ဝေသည်။

နိဒါန်း

သဗ္ဗညူဘုရားရှင်သည်ဝေနေယျသတ္တဝါအပေါင်းတို့အား လူနတ်နိဗ္ဗာန်သုံးတန်သော အကျိုးစီးပွားရရှိစေရန် အဆုံးအမ သြဝါဒတရားများကို ဟောကြားတော်မူပါသည်။ အဆုံးအမသြဝါဒတရားများကို အစဉ်သဖြင့် ဟောကြားနိုင်ရေးသည် မိမိတစ်ပါးကသာ အပေါ်ဌာ ကြာမြင့်စွာမတည်၊ တပည့်သားသံဃာတော်များ အပေါ်ဌာသာ အများဆုံးကြာမြင့်စွာတည်၏–ဟု ဒကွိဏာ ဝိဘင်္ဂသုတ် အဌကထာဌာ "အဟံ နု စ ရဋ္ဌတိ ကေဝ၊ မယှံ ပန သာသနံ ဘိက္ခုသံဃော ပတိဋ္ဌဟိဿတိ" အရ ငါဘုရား အသက်တော်သည် ကြာမြင့်စွာ မတည်။ ငါ၏အဆုံးအမသြဝါဒ သာသနာသည် တပည့်သားရဟန်းသံဃာတော်ဌာ ကြာမြင့်စွာ တည်ရစ်ပေအုံ့" ဟု ပြဆိုထားပါသည်။ ထို့ကြောင့်ဘုရားသားတော်ရဟန်းသံဃာတော်များသည်သာသနာ အရှည်တည်တံ့ရေးဌာ ဘုရားရှင်၏ ယုံကြည်အားထားရာ ဖြစ်ခဲ့ပါသည်။ ထိုသို့အားထားရာဖြစ်သည့်အားလျော်စွာဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်မှ ယနေ့တိုင်အောင် သာသနာအရှည် တည်တံ့နေခြင်းသည် တပည့်သား ရဟန်းသံဃာတော်များ၏ လိုက်နာ ဆောင်ရွက်မှုကြောင့် ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဂိုဏ်းပေါင်းစုံ သံဃာတော်များသည် ၁၃၇၂–ခုနှစ် (၁၉၁၀–ပြည့်နှစ်)တွင် စည်းလုံးညီညွတ်စွာဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့စည်းအဝေးကြီးကို ကျင်းပ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို အစည်းအဝေးကြီးက သံဃာ့အဖွဲ့ဇစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို နိုင်ငံတော်အဆင့်မှသည် ရပ်ကွက် ကျေးရွာ သံဃနာယကအဖွဲ့အဆင့်အထိ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ထိုသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအရ မိမိတို့ဆိုင်ရာအစည်းအဝေးများကို ဆောင်ရွက်ကြပါသည်၊ နိုင်ငံတော်အဆင့် အစည်းအဝေးနှင့်ပတ်သက်၍ နိုင်ငံတော်သံဃာ့မဟာ နာယကအဖွဲ့သည် အဖွဲ့ခဲ့အလိုက် အပတ်စဉ်ပုံမှန်အစည်းအဝေး၊ ၄၇-ပါးစုံညီ လေးလတစ်ကြိမ် အစည်းဆဝေး နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ တစ်နှစ်တစ်ကြိမ် အစည်းအဝေးများကို အသီးသီး ဆောင်ရွက်တော် မူပါသည်။ အစည်းအဝေးဆိုင်ရာ လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ သဘာဝတိဉ်ကွန်ဗင်း၊ ဒုတိယဥက္ကဋ္ဌဆရာတော်များ၏ မိမိတို့လုပ်ငန်းကိစ္စဆောင်ရွက်ရာ၌ မေ့ဝိနယနှင့်အညီ ဖြစ်စေရေး လုပ်ငန်းဆောင်ရွက်မှုအောင်မြင်စေရေး၊ ညီညီညွတ်ညွတ်ဆောင်ရွက်နိုင်စေရေး၊ လိုက်နာကျင့်ကြံနိုင်စေဖရေး စသော အဆုံးအမသြဝါဒများကို အဖွဲ့ဝင်များနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဝင်များအား ညွှန်ကြားပေးတော်မူပါသည်။

အဆုံးအမသြဝါဒသည်(၂)မျိုးရှိသည်၊ထို(၂)မျိုးကို ဓမ္မပဒဒေသနာတော်၌ ဖော်ပြလတ္တံ့ ပါအတိုင်း ပြဆိုထားပါသည်—

သြဝါဒေယျာ နုသာသေယျ၊ အသဇ္ဇာ စ နိဝါရယေ။
သတဉ္ဉိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော။ ။
(ဂါထာ-၇၇)

သြဝါဒေယျ၊ အမှုရောက်သောအခါ ဆုံးမရာ၏။အနုသာ သေယျ၊အမှုမရောက်မီ ကြိုတင် တားဆီး ကန်မြစ်ရာ၏။ ဝါ၊ သြဝါဒေယျ၊ မျက်မှောက်ဆုံးမရာ၏။ အနုသာ သေယျ၊ မျက်ကွယ်ဆုံးမရာ၏။ ဝါ၊အနုသာသေယျ၊ အပန်တလဲလဲ ဆုံးမရာ၏။ အသဇ္ဇာ၊ မကောင်းသော အမှုအရာတို့မှ လည်း။ နိဝါရယေ၊ တားမြစ်ရာ၏။ သော၊ ထို ဆုံးမတားမြစ်သောသူကို။

သတ်၊ သူတော်ကောင်းတို့သည်။ ပိယော၊ ချစ်ခြင်းနှီးအပ်သည်။ဟောတိ၊ ဖြစ်၏။ အသတ်၊ သူတော်မဟုတ် သူယုတ်ကို့သည်။ အပ္ပိယော၊ မချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ။

ဤမမှပမ ဗေသနာတော်၌ သြဝါဒနှင့် အနုသာသနီ(၂)မျိုးပေါ်ပြထားရာ ပညာရှိတို့ ကဲ့ရဲ့ဖွယ်ရာ အပြုံးတစ်ခုခုကို ကျူးလွန်ဖြစ်ပေါ်လာမှုဆုံးမခြင်းသည် သြဝါဒမည်၏။ အပြစ်ကျူးလွန်မှု မရှိသေးမီ ကြိုတင်၍ တားဆီးခဲသော အနေအားဖြင့် သုံးပခြင်းသည် အနုသာသနီ မည်၏ဟူ၍ ခွဲခြားပြသထား၏၊ သာမန်အားဖြင့် ပြောဆိုကြရာ၌ သြဝါဒနှင့် အနုသာသနီနှစ်မျိုးလုံးကိုပင် သြဝါဒဟုပြောနှောပေါင်းစပ် သုံးနှုန်းလေ့ရှိကြသည်။ သြဝါဒကို နာခံမှတ်သား လိုက်နာခြင်းသည် သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်၏၊ မလိုက်နာခြင်းသည် သူယုတ်မာတို့၏ အလေ့အကျင့်ဖြစ်၏။ ခြေသေ့ဆီသည် သီဂီရှေခက်၌သာ တည်သကဲ့သို့ သြဝါဒနှင့် အနုသာသနီ အဆုံး အမမျှားသည်လည်း သူတော်ကောင်းတို့၌သာ တည်၏။ အရှင်ရာဟုလာသည် နံနက်တိုင်း သံမျှားကို လက်ခုပ်ဖြင့်ယူပြီး မိမိလက်ခုပ်တဲ့၌ သဲလုံးနှင့်အမျှ သြဝါဒကို ခံယူလိုပါသည်ဟု မြွက်ဆိုကြောင်း ဗုဒ္ဓစာပေ၌ ပြဆိုထားပါသည်။မြတ်ဗုဒ္ဓ၏ အဆုံးအမသြဝါဒများကို လိုက်နာကျင့်ကြံ အားထုတ်ကြသဖြင့် မရေမတွက်နိုင်သော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းသည် လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာများကို ရရှိကြောင်း ကျမ်းဂန်များ၌ ပြဆိုထားပါသည်။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများသည်လည်း ဘုရားရှင် အသုံးပြုခဲ့သော နည်းကိုမှီး၍ သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်တို့အား သြဝါဒများကို ချီးမြှင့်တော်မူပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အစိုးရသည် နိုင်ငံတော်တာဝန်ကိုယူပြီးသောအခါ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ယေရဝါဒဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းတည်တံ့တိုးပြန့်ပွားစေရန်နှင့်သာသနာရေးကိစ္စများ

နိဒါန်း

ကို ကျွယ်ကျွယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် သာသနာရေး ဝန်ကြီးဌာနကို သီးခြားဖွဲ့စည်း ဆောင်ရွက်စေခဲ့ပါသည်။ သာသနာရေး ဝန်ကြီးဌာန၊ ဝန်ကြီးသည် သံဃာ့အဖွဲ့ အစည်းများ၏ အစည်းအဝေးများသို့ တက်ရောက်၍ ဆရာတော်ကြီးများ၏ သြဝါဒကထာများနှင့်အနုသာသနီ များကို နာကြားရသောအခါတွင် ရဟန်းသံဃာတော် များသာမက လူဥပါသကာ၊ ဥပါသိကာများသည်း မှတ်သားလိုက်နာကျင့်သော အဆုံး အမများဖြစ်၍ ရဟန်း ရှင်လူအများပြည်သူတို့ ဖတ်ရှုမှတ်သားလိုက်နာ ကြရလျှင် လွန်စွာ အကျိုးကြီးမားမည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်၍ သြဝါဒကထာများသည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက်လည်းကောင်း၊ လူစုပြုန်သံသရာ နှစ်ဖြာသောအကျိုး စီးပွားတိုးတက်ဖြစ်ထွန်းရေးအတွက်လည်းကောင်း၊ လမ်းညွှန်ချက်များ ဖြစ်၍ စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေနေ လမ်းညွှန်မှုပြုခဲ့ပါသည်။

ယင်းလမ်းညွှန်ချက်နှင့်အညီ ၁၉၉၂–ခုနှစ်မှ စ၍ ၂၀၀၆-ခုနှစ်အထိ (၅)နှစ်တာကာလအတွင်းကျင်းပခဲ့သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ အစည်းအဝေးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အစည်းအဝေးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ခွဲ)များ၏ အစည်းအဝေးများတွင် မိန့်ကြားခဲ့သော သြဝါဒကထာများကို စုစည်း၍ "သြဝါဒကဏ္ဍ" စာအုပ်(ပထမတွဲ)ကို ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

သာသနာရေးဝန်ကြီးဌာန

ဩဝါဒကထာများ

ပိန့်ကြားခဲ့သည့် အစည်းအဝေးများ

မာတိကာစာရင်း

စဉ်	နေ့စွဲ၊ အဝည်းအဝေးမှတ်တမ်းစဉ်				ဩဝါဒပေးသည့်ဆရာတော်
၁။	၁-၄-၉၂	တ/(ဒု)	ဒု-၂/၉၂		ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဓမ္မာဝုဓ ၁
၂။	၂၂-၄-၉၂	တ/(ဒု)	ဒု-၃/၉၂		ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဓမ္မာဝုဓ ၂
၃။	၂၄-၄-၉၂	တ/(ဒု)	ဒု-၄/၉၂	။	.... ၃
၄။	၆-၅-၉၂	တ/(ဒု)	ဒု-၅/၉၂	။	.... ၄
၅။	၁၃-၅-၉၂	တ/(ဒု)	ဒု-၆/၉၂	။	— ၅
၆။	၂၀-၅-၉၂	တ/(ဒု)	ဒု-၇/၉၂	။	.... ၆
၇။	၂၇-၅-၉၂	တ/(ဒု)	ဒု-၈/၉၂	။	.... ၇
၈။	၄-၆-၉၂	တ/(ဒု)	ဒု-၉/၉၂	။	.... ၈
၉။	၁၀-၆-၉၂	တ/(ဒု)	ဒု-၁၀/၉၂	။	.... ၉
၁၀။	၅-၇-၉၂	၄၇-ပါ:	တ-၈/၉၂	ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဂုဏ္ဍာဘိရ	.... ၁၂

					စဉ် နေ့စွဲ အစည်းအဝေးမှတ်တမ်းစဉ် သြဝါဒပေးသည့်ဆရာတော်
၁၁။	၂-၂-၉၂	တ/(ပ)	တ-၁/၉၂		ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသေဝဘိတ ၁၆
၁၂။	၁၆-၂-၉၂	တ/(ပ)	တ-၂/၉၂	॥	.... ၁၆
၁၃။	၂၄-၂-၉၂	တ/(ပ)	တ-၃/၉၂	॥	.... ၁၇
၁၄။	၃၀-၂-၉၂	တ/(ပ)	တ-၄/၉၂	॥	.... ၂၂
၁၅။	၅-၀-၉၂	တ/(ပ)	တ-၅/၉၂	॥	.... ၂၂
၁၆။	၁-၀-၉၂	တ/(ပ)	တ-၆/၉၂	॥	.... ၂၂
၁၇။	၁၂-၀-၉၂	တ/(ပ)	၀၁-၆/၉၂	॥	.... ၂၄
၁၈။	၁၉-၀-၉၂	တ/(ပ)	တ-၇/၉၂	॥	.... ၂၅
၁၉။	၂၆-၀-၉၂	တ/(ပ)	တ-၈/၉၂	॥	.... ၂၆
၂၀။	၉-၉-၉၂	တ/(ပ)	တ-၁၀/၉၂	॥	.... ၂၉
၂၁။	၁၆-၉-၉၂	တ/(ပ)	တ-၁၁/၉၂	॥	.... ၂၉
၂၂။	၁၂-၉-၉၂	တ/(ပ)	တ-၁၂/၉၂	॥	.... ၃၀
၂၃။	၂၀-၉-၉၂	တ/(ပ)	တ-၁၃/၉၂	॥	.... ၃၁
၂၄။	၂-၁၀-၉၂	တ/(ပ)	တ-၁၄/၉၂	॥	.... ၃၂
၂၅။	၂၀-၁၀-၉၂	တ/(ပ)	တ-၁၅/၉၂	॥	.... ၃၂
၂၆။	၂၁-၁၀-၉၂	တ/(ပ)	တ-၁၆/၉၂	॥	.... ၃၂
၂၇။	၁၂-၁၁-၉၂	၄၇- ပါး	၊တ-၉/၉၂		ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဂုဏ္ဍာဘရ ၃၅

				စဉ် နေ့စွဲ၊ အစည်းအဝေးမှတ်တမ်းစဉ်၊ သြဝါဒပေးသည့်ဆရာတော်
၂၈။	၂၅-၁၁-၉၂	တ/(ဒု)	တ-၂/၉၂	ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဓမ္မာဝုဓ ၃၈
၂၉။	၂-၁၂-၉၂	တ/(ဒု)	တ-၃/၉၂	" - ၃၉
၃၀။	၉-၁၂-၉၂	တ/(ဒု)	တ-၄/၉၂	" ၃၉
၃၁။	၁၆-၁၂-၉၂	တ/(ဒု)	တ-၅/၉၂	" ၄၁
၃၂။	၂၃-၁၂-၉၂	တ/(ဒု)	တ-၆/၉၂	" ၄၂
၃၃။	၂၉-၁၂-၉၂	တ/(ဒု)	တ-၇/၉၂	" ၄၃
၃၄။	၆-၁-၉၃	တ/(ဒု)	တ-၈/၉၃	" ... ၄၄
၃၅။	၁၃-၁-၉၃	တ/(ဒု)	တ-၉/၉၃	" ၄၅
၃၆။	၂၀-၁-၉၃	တ/(ဒု)	တ-၁၀/၉၃	" ၄၆
				ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ သုပညိန္ဒဘိပ္ပလ ၄၉
၃၇။	၂-၂-၉၃	၄၇-ပါး	တ-၁၀/၉၃	ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဣန္ဒာဘိဝံသ ၅၀
၃၈။	၃-၃-၉၃	နိုင်/ဗဟို	တ-၄/၉၃	" ၅၃
၃၉။	၁၀-၃-၉၃	တ/(တ)	စ-၁/၉၃	ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ ၅၄
၄၀။	၂၁-၄-၉၃	တ/(တ)	စ-၂/၉၃	" ၅၈
၄၁။	၂၉-၄-၉၃	တ/(တ)	စ-၃/၉၃	" ၅၉
၄၂။	၂၆-၅-၉၃	တ/(တ)	စ-၄/၉၃	" ၆၀

စဉ်	နေ့စွဲ		အစည်းအဝေးမှတ်တမ်းစဉ်	ဩဝါဒပေးသည့်ဆရာတော်		
၄၄။	၁-၆-၉၃	တ/(တ)	စ-၅/၉၃	။	....	၆၁
၄၅။	၉-၆-၉၃	တ/(တ)	စ-၆/၉၃	။	....	၆၃
၄၆။	၁၆-၆-၉၃	တ/(တ)	စ-၇/၉၃	။	....	၆၄
၄၇။	၂၃-၆-၉၃	တ/(တ)	စ-၈/၉၃	။	....	၆၇
၄၈။	၃၀-၆-၉၃	တ/(တ)	စ-၉/၉၃	။	....	၆၈
၄၉။	၇-၇-၉၃	တ/(တ)	စ-၁၁/၉၃	။	....	၇၀
၅၀။	၁၆-၇-၉၃	၄၇-ပါး၊	တ-၁၁/၉၃	။	....	၇၂
၅၁။	၂၁-၇-၉၃	တ/(ဒု)	စ-၁/၉၃	ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တခမာဝုဓ		၇၆
၅၂။	၂၈-၇-၉၃	တ/(ဒု)	စ-၂/၉၃	။	....	၇၇
၅၃။	၄-၈-၉၃	တ/(ဒု)	စ-၃/၉၃	။	....	၇၇
၅၄။	၁၁-၈-၉၃	တ/(ဒု)	စ-၄/၉၃	။	....	၇၈
၅၅။	၁၈-၈-၉၃	တ/(ဒု)	စ-၅/၉၃	။	....	၇၉
၅၆။	၂၅-၈-၉၃	တ/(ဒု)	စ-၆/၉၃	။	....	၈၁
၅၇။	၂-၉-၉၃	တ/(ဒု)	စ-၇/၉၃	။	....	၈၂
၅၈။	၈-၉-၉၃	တ/(ဒု)	စ-၈/၉၃	။	....	၈၃
၅၉။	၁၆-၉-၉၃	တ/(ဒု)	စ-၉/၉၃	ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တခမာဝုဓ		၈၅
၆၀။	၂၂-၉-၉၃	တ/(ဒု)	စ-၁၀/၉၃	။	....	၈၆
၆၁။	၂၉-၉-၉၃	တ/(ဒု)	စ-၁၁/၉၃	။	....	၈၇

စဉ် နေ့စဲ့ အစည်းအဝေးမှတ်တမ်းစဉ် ဩဝါဒပေးသည့်ဆရာတော်

၆၂။ ၆-၁၀-၉၃ တ/(ဒု) စ-၁၂/၉၃ ။ ၇၉

၆၃။ ၁၃-၁၀-၉၃ တ/(ဒု) စ-၁၃/၉၃ ။ ၉၀

၆၄။ ၂၀-၁၀-၉၃ တ/(ဒု) ၀-၁၄/၉၃ ။ ၉၁

၆၅။ ၂၀-၁၀-၉၃ တ/(ဒု) ၀-၁၅/၉၃ ။ ၉၂

၆၆။ ၁၀-၁၁-၉၃ တ/(ဒု) ၀-၁၆/၉၃ ။ ၉၃

၆၇။ ၃-၁၂-၉၃ ၄ဂ-ပါး တ-၁၂/၉၃ ။ — ၉၄

၆၈။ ၉-၁၂-၉၃ တ/ (တ)ပဌမ-၁/၉၃
ဒုတိယညကွင်ဆရာတော်ဘဒ္ဒန္တဉာဏာဘိဝံသ ၉၈

၆၉။ ၁၅-၁၂-၉၃ တ/ (တ)ပဌမ-၂/၉၃ ။ ၉၉

၇၀။ ၂၂-၁၂-၉၃ တ/ (တ)ပဌမ-၃/၉၃ ။ ၁၀၀

၇၁။ ၂-၁-၉၄ တ/ (တ)ပဌမ-၄/၉၄ ။ ၁၀၁

၇၂။ ၁-၁-၉၄ တ/ (တ)ပဌမ-၅/၉၄ ။ ၁၀၂

၇၃။ ၁-၁-၉၄ တ/ (တ)ပဌမ-၆/၉၄ ။ ၁၀၃

၇၄။ ၁-၁-၉၄ တ/ (တ)ပဌမ-၇/၉၄ ။ ၁၀၄

၇၅။ ၁-၁-၉၄ တ/ (တ)ပဌမ-၈/၉၄ ။ ၁၀၅

၇၆။ ၂-၁-၉၄ တ/ (တ)ပဌမ-၉/၉၄ ။ ၁၀၆

၇၇။ ၉-၁-၉၄ တ/ (တ)ပဌမ-၁၀/၉၄ ။ ၁၀၇

၇၈။ ၁၆-၁-၉၄ တ/ (တ)ပဌမ-၁၁/၉၄
ဘဲ့ဖက်အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရီ ၁၀၈

စာ၌ နေ့စဲ့ အစည်းအဝေးမှတ်တမ်းစာ၌ ဩဝါဒပေးသည့်ဆရာတော်

၂၉။ ၁၈- ၃-၉၄ ၄၃-ပါး၊ ဟ-၁၃/၉၄ ဒုတိယညကျွန်
ဆရာတော်ဘဒ္ဒန္တဉာဏဝရာဘိဝံသ ၁၁၃

၈၀။ ၂၂-၃-၉၄ နိုင် / ပဟိုး၊ တ-၅/၉၄ ။ ၁၂၀

၈၁။ ၃၀- ၃-၉၄ တ/ (ပ)ပဌမ- ၁/၉၄ ညကျွန်
ဆရာတော် ဘဒ္ဒန္တ သောဘိတ ၁၂၅

၈၂။ ၆- ၄-၉၄ တ/ (ပ)ပဌမ - ၂/၉၄ ဒုတိယညကျွန်
ဆရာတော် ဘဒ္ဒန္တကိတ္တိ ၁၂၇

၈၃။ ၂၂- ၄-၉၄ တ/ (ပ)ပဌမ- ၃/၉၄ ညကျွန်
ဆရာတော် ဘဒ္ဒန္တ သောဘိတ ၁၂၉

၈၄။ ၂၇- ၄-၉၄ တ/ (ပ)ပဌမ- ၄/၉၄ ဒုတိယညကျွန်
ဆရာတော် ဘဒ္ဒန္တကိတ္တိ ၁၃၀

၈၅။ ၄- ၅-၉၄ တ/ (ပ)ပဌမ- ၅/၉၄ ။ ၁၃၂

၈၆။ ၁၁·၅-၉၄ တ/(ပ)ပဌမ-၆/၉၄ ဒုတိယညကျွန်
ဆရာတော် ဘဒ္ဒန္တကိတ္တိ ၁၃၄

၈၇။ ၁၇·၅-၉၄ တ/(ပ)ပဌမ-၇/၉၄ ။ ၁၃၆

၈၈။ ၂၆·၅-၉၄ တ/(ပ)ပဌမ-၈/၉၄ ။ ၁၃၈

၈၉။ ၁-၆-၉၄ တ/(ပ)ပဌမ-၉/၉၄ ။ ၁၄၀

၉၀။ ၈-၆-၉၄ တ/(ပ)ပဌမ-၁၀/၉၄ ။ ၁၄၂

၉၁။ ၁၅-၆-၉၄ တ/(ပ)ပဌမ-၁၁/၉၄ ညကျွန်
ဆရာတော် ဘဒ္ဒန္တ သောဘိတ ၁၄၄

၉၂။ ၂၂-၆-၉၄ တ/(ပ)ပဌမ-၁၂/၉၄ ။ ... ၁၄၆

စဉ် နေ့စဲ့ အစည်းအဝေးမှတ်တမ်းစဉ် သြဝါဒပေးသည့်သရုတော်

၉၃။ ၃၀-၆-၉၄ တ/(ပ)ပဌမ-၁၃/၉၄
ဒုတိယဉက္ကဌဆရုတော် ဘဒ္ဒန္တကိတ္တိ ၁၅၁

၉၄။ ၆-၇-၉၄ တ/(ပ)ပဌမ-၁၄/၉၄
ဉက္ကဌဆရုတော် ဘဒ္ဒန္တသောဘိတ ၁၅၃

၉၅။ ၁၄-၇-၉၄ ၎ား၊ တ-၁၄/၉၄
ဉက္ကဋ္ဌဆရုတော် ဘဒ္ဒန္တသောဘိတ ၁၅၆

၉၆။ ၂၃-၇-၉၄ တ/(တ)ဆဋ-၁/၉၄
ဒုတိယဉက္ကဋ္ဌဆရုတော် ဘဒ္ဒန္တဉာဏာဘိဝံသ ... ၁၆၀

၉၇။ ၃-၀-၉၄ တ/(တ)ဆဋ-၂/၉၄ ။ ၁၆၂

၉၈။ ၁၀-၀-၉၄ တ/(တ)ဆဋ-၃/၉၄ ။ ၁၆၄

၉၉။ ၁၇-၀-၉၄ တ/(တ)ဆဋ-၄/၉၄
ဒုတိယဉက္ကဋ္ဌဆရုတော် ဘဒ္ဒန္တကုသလသာမိ ၁၆၆

၁၀၀။ ၂၄-၀-၉၄ တ/(တ)ဆဋ-၅/၉၄ ။ ၁၆၈

၁၀၁။ ၃-၀-၉၄ တ/(တ)ဆဋ-၆/၉၄ ။ ၁၇၀

၁၀၂။ ၇-၉-၉၄ တ/(တ)ဆဋ-၇/၉၄
ဒုတိယဉက္ကဋ္ဌဆရုတော် ဘဒ္ဒန္တဉာဏာဘိဝံသ ၁၇၂

၁၀၃။ ၁၄-၉-၉၄ တ/(တ)ဆဋ-၈/၉၄
ဒုတိ ဉက္ကဋ္ဌဆရုတော် ဘဒ္ဒန္တကုသလသာမိ ၁၇၄

၁၀၄။ ၂၁-၉-၉၄ တ/(တ)ဆဋ-၉/၉၄ ။ ၁၇၆

၁၀၅။ ၂၈-၉-၉၄ တ/(တ)ဆဋ-၁၀/၉၄
ဉက္ကဋ္ဌဆရုတော် ဘဒ္ဒန္တသောဘိတ ၁၇၈

စာ. နေ့စဲ့ အစည်းအဝေးမှတ်တမ်းစာ ဩဝါဒပေးသည့်ဆရာတော်

၁၀၆။ ၅-၁၀-၉၄ တ/(တ)ဆဋ-၁၁/၉၄ ဒုတိယဥက္ကဋ္ဌ
ဆရာတော်ဘဒ္ဒန္တကုသလသာမိ ၁၈၁

၁၀၇။ ၁၁-၁၀-၉၄ တ/(တ)ဆဋ-၁၂/၉၄ ॥ ... ၁၈၃

၁၀၈။ ၁-၁၁-၉၄ တ/(တ)ဆဋ-အထူး၄/၄ ॥ ၁၈၅

၁၀၉။ ၂၀-၁၁-၉၄ တ/(တ)ဆဋ-၁၃/၉၄ ॥ ၁၈၆

၁၁၀။ ၂၆-၁၁-၉၄ ၄၇-ပါး၊တ-၁၅/၉၄ ဥက္ကဋ္ဌ
ဆရာတော်ဘဒ္ဒန္တသောဘိတ ၁၈၈

၁၁၁။ ၃၀-၁၁ ၉၄ တ/(ပ)ဆဋ-၁/၉၄ ဒုတိယဥက္ကဋ္ဌ
ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ ၁၉၄

၁၁၂။ ၇-၁၂-၉၄ တ/(ပ)ဆဋ-၂/၉၄ ဒုတိယဥက္ကဋ္ဌ
ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ ၁၉၆

၁၁၃။ ၁၄-၁၂-၉ ; တ/(ပ)ဆဋ-၃/၉၄ ॥ ၁၉၈

၁၁၄။ ၁၉-၁၂-၉၄ တ/(ပ)ဆဋ-အထူး ၁/၉၄ ॥ ၂၀၀

၁၁၅။ ၂၅-၁-၉၅ တ/(ပ)ဆဋ-၄/၉၅ ॥ ၂၀၁

၁၈၆။ ၁-၂-၉၅ တ/(ပ)ဆဋ-၅/၉၅ ॥ ၂၀၂

၁၁၇။ ၁၅-၂-၉၅ တ/(ပ)ဆဋ-၆/၉၅ ॥ ၂၀၅

၁၁၈။ ၆-၃-၉၅ ၄၇-ပါး၊တ—၁၆/၉၅ ဥက္ကဋ္ဌ
ဆရာတော် ဘဒ္ဒန္ဆသောဘိတ ၂၀၇

၁၁၉။ ၉-၃-၉၅ နိုင်/ဗဟို၊တ- ၆/၉၅ ॥ ၂၀၆

၁၂၀။ ၁၂-၃-၉၅ နိုင်/ဗဟို၊စ - ၁/၉၅ ॥ ၂၁၂

စဉ်	နေ့စွဲ	ဒု၊စည်းဝေးမှတ်တမ်းစဉ်	ဩဝါဒပေးသည့်ဆရာတော်	
၁၂၁။	၁၃-၃-၉၅	၄၇-ပါး၊စ- ၁/၉၅	။	.... ၂၁၄
၁၂၂။	၁၇-၃-၉၅	စ/(ဒု)ပ- ၁/၉၅	ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တခမာဝုဓ	.... ၂၁၆
၁၂၃။	၂၉-၃-၉၅	စ/(ဒု)ပ-၂/၉၅	။	- ၂၁၇
၁၂၄။	၅-၄-၉၅	စ/(ဒု)ပ-၃/၉၅	။	.... ၂၁၈
၁၂၅။	၁၉-၄-၉၅	စ/(ဒု)ပ-၄/၉၅	။	.... ၂၁၈
၁၂၆။	၂၅-၄-၉၅	စ/(ဒု)ပ-၅/၉၅	။	.... ၂၁၉
၁၂၇။	၃-၅-၉၅	စ/(ဒု)ပ-၆/၉၅	။	.... ၂၂၀
၁၂၈။	၁၀-၅-၉၅	စ/(ဒု)ပ-၇/၉၅	။	.... ၂၂၀
၁၂၉။	၁၇-၅-၉၅	စ/(ဒု)ပ-၈/၉၅	။	.... ၂၂၂
၁၃၀။	၂၄-၅-၉၅	စ/(ဒု)ပ-၉/၉၅	။	.... ၂၂၃
၁၃၁။	၃၁-၅-၉၅	စ/(ဒု)ပ-၁၀/၉၅	။	.... ၂၂၅
၁၃၂။	-၆-၉၅	စ/(ဒု)ပ-၁၁/၉၅	။	.... ၂၂၆
၁၃၃။	၁၄-၆-၉၅	စ/(ဒု)ပ-၁၂/၉၅	။	.... ၂၂၇
၁၃၄။	၃-၇-၉၅	၄၇-ပါး၊စ-၂/၉၅	ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသောဘိတ	.... ၂၂၉
၁၃၅။	၁၃-၇-၉၅	စ/(ပ)ပ-၁/၉၅	ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကိတ္တိ	.... ၂၄၀
၁၃၆။	၂၀-၇-၉၅	စ/(ပ)ပ-၂/၉၅	ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ	.... ၂၄၂

စဉ်	နေ့စွဲ	အစည်းအဝေးမှတ်တမ်းစဉ်	သြဝါဒပေးသည့်ဆရာတော်	
၁၃၇။	၂၇-၇-၉၅	စ/(ပ)ပ-၃/၉၅	။	၂၄၃
၁၃၈။	၂ -၈-၉၅	စ/(ပ)ပ-၄/၉၅	။	၂၄၄
၁၃၉။	၉ -၈-၉၅	စ/(ပ)ပ-၅/၉၅	။	၂၄၅
၁၄၀။	၁၆-၈-၉၅	စ/(ပ)ပ-၆/၉၅	။	၂၄၆
၁၄၁။	၂၃-၈-၉၅	စ/(ပ)ပ-၇/၉၅	ဒုတိယ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညိန္ဒာဘိဝံသ	၂၄၈
၁၄၂။	၃၀-၈-၉၅	စ/(ပ)ပ-၈/၉၅	။	၂၅၀
၁၄၃။	၆-၉-၉၅	စ/(ပ)ပ- ၉/၉၅	။	၂၅၁
၁၄၄။	၁၃-၉-၉၅	စ/(ပ)ပ-၁၀/၉၅	။	၂၅၂
၁၄၅။	၂၀-၉-၉၅	စ/(ပ)ပ-၁၁/၉၅	။	၂၅၄
၁၄၆။	၂၇-၉-၉၅	စ/(ပ)ပ-၁၂/၉၅	။	၂၅၅
၁၄၇။	၃-၁၀-၉၅	စ/(ပ)ပ-၁၃/၉၅	။	၂၅၆
၁၄၈။	၁၀-၁၀-၉၅	စ/(ပ)ပ-၁၄/၉၅	။	၂၅၇
၁၄၉။	၁၈-၁၀-၉၅	စ/(ပ)ပ-၁၅/၉၅	။	၂၅၈
၁၅၀။	၂၅-၁၀-၉၅	စ/(ပ)ပ-၁၆/၉၅	။	၂၅၉
၁၅၁။	၁၀-၁၁-၉၅	၄၇-ပါး၊ စ-၃/၉၅	ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသောဘိတ	၂၆၀
၁၅၂။	၁၃-၁၁-၉၅	စ/(ဒု)ဒု-၁/၉၅	ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသုရိယာဘိဝံသ	၂၆၂
၁၅၃။	၂၂-၁၁-၉၅	စ/(ဒု)ဒု-၂/၉၅	ဒုတိယဥက္ကဋ္ဌဆရာ တော် ဘဒ္ဒန္တခမာဝုဝ	၂၆၃

စဉ်	**နေ့စွဲ**	**အစည်းအဝေးမှတ်တမ်းစဉ်**	**သြဝါဒပေးသည့်ဆရာတော်**	
၁၅၄။	၁၃-၁၂-၉၅	စ/(ဒု)ဒု-၃/၉၅	။	၂၇၀
၁၅၅။	၂၀-၁၂-၉၅	စ/(ဒု)ဒု-၄/၉၅	။	၂၇၀
၁၅၆။	၂၈-၁၂-၉၅	စ/(ဒု)ဒု-၅/၉၅	။	၂၇၂
၁၅၇။	၃-၁ ၉۶	စ/(ဒု)ဒု-၆/၉۶	။	၂၇၃
၁၅၈။	၁၀-၁-၉۶	စ/(ဒု)ဒု-၇/၉۶	။	၂၇၄
၁၅၉။	၁၇-၁-၉۶	စ/(ဒု)ဒု-၈/၉۶ ဒုတိယညကြွေးဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ	....	၂၇၆
၁၆၀။	၂၅-၁-၉۶	စ/(ဒု)ဒု-၉/၉۶ ဒုတိယညကြွေးဆရာတော် ဘဒ္ဒန္တခမာဝုဓ	....	၂၇၇
၁۶၁။	၂၄-၂-၉۶	၄-ပါး၊ စ-၄/၉۶ ညကြွေးဆရာတော် ဘဒ္ဒန္တသောဘိတ	....	၂၇၈
၁۶၂။	၂၈-၂-၉۶	နိုင်/ဗဟို၊ဧ-၂/၉۶	။	၂၈၂
၁۶၃။	၆-၃-၉۶	ဝ/(တ)ဂ-၁/၉۶ ဒုတိယညကြွေးဆရာတော် ဘဒ္ဒန္တကုသလသာမိ	....	၂၈၉
၁۶၄။	၁၃-၃-၉۶	စ/(တ)ပ-၂/၉۶	။	၂၉၀
၁۶၅။	၂၂-၃-၉۶	၅/(တ)ပ-၃/၉۶ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တကုမာရ	....	၂၉၁
၁۶۶။	၂၈-၃-၉۶	စ/(တ)ပ-၄/၉۶ ဒုတိယညကြွေးဆရာတော် ဘဒ္ဒန္တကုသလသာမိ	....	၂၉၂
၁۶۷။	၃-၄-၉۶	စ/(တ)ပ-၅/၉۶	။	၂၉၄
၁۶۸။	၁၁-၄-၉۶	စ/(တ)ပ-۶/၉۶ ဒုတိယညကြွေး ဆရာတော် ဘဒ္ဒန္တကုသလသာမိ	....	၂၉၄

		...		
၁၆၉။	၁၉-၄-၉۶	စ/(တ)ပ-၇/၉۶	။	၂၉၅
၁၇၀။	၂၄-၄-၉۶	စ/(တ)ပ-၈/၉۶	။	၂၉۶
၁၇၁။	၃-၅-၉۶	စ/(တ)ပ-၉/၉۶	။	၂၉၈
၁၇၂။	၈-၅-၉۶	စ/(တ)ပ-၁၀/၉۶	အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တကုမာရ	၂၉၉
၁၇၃။	၁၅-၅-၉۶	စ/(ဟ)ပ-၁၁/၉۶	ဒုတိယ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကုသလသာမ်	၃၀၁
၁၇၄။	၂၂-၅-၉۶	စ/(တ)ပ-၁၂/၉۶	။	၃၀၂
၁၇၅။	၂၉-၅-၉۶	စ/(တ)ပ-၁၃/၉۶	။	၃၀၃
၁၇۶။	۶-۶-၉۶	စ/(တ)ပ-၁၄/၉۶	။	၃၀၄
၁၇၇။	၁၂-۶-၉۶	စ/(တ)ပ-၁၅/၉۶	။	၃၀၅
၁၇၈။	၂၀-۶-၉۶	စ/(တ)ပ-၁۶/၉۶	။ —	၃၀၆
၁၇၉။	၁၁-၇-၉۶	၎-ပါး၊စ-၅/၉۶	ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသောဘိတ	၃၀၇
၁၈၀။	၁၄-၇-၉۶	စ/(ဒု)တ-၁/၉۶	ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ	၃၁۶
၁၈၁။	၁၇-၇-၉۶	စ/(ဒု)တ-၂/၉۶	။	၃၁၈
၁၈၂။	၂၄-၇-၉۶	စ/(ဒု)တ-၃/၉۶	။	၃၁၉
၁၈၃။	၁-၈-၉۶	စ/(ဒု)တ-၄/၉۶	။	၃၂၂
၁၈၄။	၈-၈-၉۶	စ/(ဒု)တ-၅/၉۶	။	၃၂۶

စဉ်	**နေ့စဲ့**	**အစည်းဝေးမှတ်တမ်းစဉ်**	**ကြေငါးပေးသည့်ဆရာတော်**	
၁၈၅။	၁၅-၈-၉၆	စ/(ဒု)တ-၆/၉�″	″	....၃၂၃
၁၈၆။	၂၁-၈-၉၆	စ/(ဒု)တ-၇/၉۶	″	....၃၂၉
၁၈၇။	၂၈-၈-၉۶	၉۶/၈-တ(ဒု)/စ	″	....၃၃၀
၁၈၈။	၄-၉-၉۶	၉۶/၉-တ(ဒု)/စ	″	....၃၃၂
၁၈၉။	၁၁-၉-၉۶	၉۶/၁၀-တ(ဒု)/စ	″	....၃၃၃
၁၉၀။	၁၈-၉-၉۶	၈/(ဒု)တ-၁၁/၉۶	ဒုတိယဥက္ကဋ္ဌ ; ဆရာတော်ဘဒ္ဒန္တနေမာဝုဝ	....၃၃۶
၁၉၁။	၂၅-၉-၉۶	၉۶/(ဒု)တ-၁၂/၉۶	″	... ၃၃၇
၁၉၂။	၂-၁၀-၉۶	၉۶/(ဒု)တ-၁၃/၉۶	″	....၃၃၈
၁၉၃။	၉-၁၀-၉۶	၉۶/(ဒု)တ-၁၄/၉۶	″	....၃၃၉
၁၉၄။	၁۶-၁၀-၉۶	၈/(ဒု)တ-၁၅/၉۶	″	. ၃၄၀
၁၉၅။	၂၁-၁၀-၉۹	၈/(ဒု)တ-ညီနှိုင်း၂/၉۶	ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုရိယာဘိဝံသ	....၃၄၂
၁၉۶။	၂၄-၁၀-၉۶	၈/(ဒု)တ-၁۶/၉۶	ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တခမာဝုဝ	....၃၄၅
၁၉۷။	၂۹-၁၀-၉۶	၈/(ဒု)တ-ညီနှိုင်းနှ/၉۶	ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုရိယာဘိဝံသ	....၃၄၇
၁၉۸။	۶-၁၁-၉۶	၈/(ဒု)တ-၁၇/၉۶	ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တခမာဝုဝ	....၃၄۹
၁၉၉။	၂۹-၁၁-၉۶	၄၇-ပါး၊စ-۶/၉۶	ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသောဘိတ	....၃၅၁

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏

ဒုတိယ ဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တခမာဝုဝ (အဘိဓဇမဟာရဋ္ဌဂုရု)၏

သြဝါဒကထာများ

၁-၄-၉၂-ဒုတိယအကြိမ် ဒုတိယအစည်းအဝေး သြဝါဒကထာ

သံဃာအချင်းချင်း လူအချင်းချင်း စကားပြောရာ ဆွေးနွေးရာ၌ စကားအရာ ,အင်္ဂါလေးတန်ရှိပါသည်။ ယင်းအင်္ဂါလေးပါးနှင့် ပြည့်စုံက အပြစ်မရှိ ဆုံးရှုံးမှုမရှိနိုင်ပါ၏ သုဘာသိတ၊ ပိယ-ဓမ္မာ၊ မှန်သစ္စာ၊လေးဖြာ စကားတင် ”ဟူသည်နှင့်အညီ စကားအရာ အင်္ဂါလေးပါးမှာ—

(၁) သုဘာသိတဝါစာ = ကောင်းစွာ ပြောဆိုအပ်သောစကား

(၂) ပိယဝါစာ =ချစ်ခင်နှစ်လိုဖွယ်ရာ ပြောဆိုအပ်သောစကား

(၃) ဓမ္မဝါစာ =တရားနှင့်ယှဉ်သောစကား

(၄) သစ္စဝါစာ =မှန်ကန်သောစကား

တို့ဖြစ်ပါသည်။

ပိသု–ဖရု၊ သမ္ဖသိ၌၊ မုသာဝါဒကြည့်၊ သုဘာသိတ၊ပိယ-ဓမ္မာ၊ မှန်သစ္စာ ယထာဂ္ဂမ ယှဉ်ဟူသည်နှင့်အညီ—

- သြဝါဒကထာ ၁—[illegible]

(၁) ပိသုဏာ ဝါစာကိုကြဉ်၍ ပြောလျှင် သုဘာသိတ ဝါစာဖြစ်သည်။

(၂) ကြမ်းတမ်းသော ဖရုသဝါစာကိုကြဉ်၍ ပြောလျှင် ပိယဝါစာဖြစ်သည်။

(၃) သိမ်ဖျင်းသောစကား၊ လောကီ လောကုတ္တရာအကျိုး မရှိသော စကား မေ့လမ်းကြောင်း မဟုတ်သော စကားတို့ကို ကြဉ်၍ ပြောဆိုလျှင် ဓမ္မဝါစာဖြစ်သည်။

(၄) မုသာဝါဒကိုကြဉ်၍ ပြောဆိုလျှင် သစ္စဝါစာဖြစ်သည်။

၂၂-၄-၉၂၊ ဒုတိယအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

ယနေ့တပည့်တော် တင်ပြမှာကတော့ အဓိဝါသနခန္ဓာ အကြောင်းဖြစ်ပါတယ်၊ ဤအဓိဝါသ နခန္ဓာဆိုတာဟာ အဓိဝါသနတစ်ပုဒ်၊ ခန္ဓာတစ်ပုဒ် ဖြစ်သော်လည်း အရတူနှစ်ပုဒ်ပါဘဲ၊ ဘာကြောင့်လဲဆိုတော့ (အဓိဝါသနံ ဝုစ္စတိ ခမနံ)ဟု ဖွင့်ဆိုကြသောကြောင့် ဖြစ်ပါတယ်၊ အလွန်အကျူး အထူးအားဖြင့် နေခြင်းကိုပင် သည်းခံခြင်းဟု ဆိုပါတယ်၊ ဒီတော့ အဓိဝါသန-အလွန်အကျူး အထူးအားဖြင့် နေခြင်းဆိုတဲ့ အဓိပ္ပာယ်ကို သိဖို့လိုပါတယ်၊) တံ ဟိ ပရေသံ ဒုဂ္ဂတံ ဒုရူတ္တဉ္စ ပဋ္ဌိဝိရောဓကရဏေန-အတ္တနော ဥပရိ အာရောပေတ္တာ ဝါ သနတော အဓိဝါသနန္တိဝုစ္စတိ)ဟာ၊ ခဲ့၍ဆိုပါဦးဘုံ၊ပရေသံ၊တပါးကုန်သော သူတို့၏။ဒုဂ္ဂတဉ္စ၊မကောင်းသဖြင့် ပြုအပ်သည်လည်း ဖြစ်သော။ဒုရူတ္တဉ္စ၊မကောင်းသဖြင့် ဆိုအပ်သည့်လည်း ဖြစ်သော။တံ-ထိုပြုမှု ပြောဆိုမှု မှန်သမျှကို၊ အတ္တနောဥပရိ၊မိမိအပေါ်၌။ အာရောပေတ္တာ-ကင်းရှိ။ ဝါသနတော-နေခြင်းကြောင့်။ အဓိဝါသနန္တိ-ဟူ၍။ ဝုစ္စတိ-ဆိုအပ်၏၊ တစ်ပါးသူ၏ပြုသမျှပြောသမျှကို ဆန့်ကျင်ချေပခြင်း မပူမူ၍မိမိအပေါ်၌သာ အတင်ခံထားရ၍ နေလိုက်ခြင်းပင်ဖြစ်ပါသည်။ဤကဲ့သို့နေလိုက်သော လက္ခဏာသည်ပင် သည်းခံခြင်းပင်တည်းဟု ဠီကာများ၌(ထိုအဓိဝါသနလက္ခဏာခန္ဓာ အဓိဝါသနခန္ဓာ)ဟုမိန့်ဆိုကြပါသည်။

ဒါကြောင့် အရှင်တို့ တပည့်တော်တို့လည်း အလုပ်ကိစ္စတွေနှင့် ပတ်သက်၍ ပြောကြဆိုကြ တိုင်ပင်ကြ ဆွေးနွေးကြတဲ့ အခါမှာလည်း အစစအရာရာ တစ်ပါးနှင့် တစ်ပါးသည်းခံခြင်း လက္ခဏာရှိသော အလွန်အကျူးအထူးအားဖြင့် နေခြင်းမျိုးဖြစ်အောင် နှလုံးသွင်းတော်မူကြပါရန် မေတ္တာရှေထားခဲ့၍ တင်ပြလျှောက်ထားပါသည် နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ဝင်အရှင်တို့ဘုရား။

၂၉-၄-၉၂ ဒုတိယအကြိမ် စတုတ္ထအစည်းအဝေးသြဝါဒကထာ

အစည်းအဝေးနှင့်ပတ်သက်၍ သြဝါဒပေးခဲ့သည်မှာ အကြိမ်မျိုးစုံပြီးဖြစ်၍ သြဝါဒများလည်း ထပ်နေပြီဖြစ်ပါသည်။ သွားလာလှုပ်ရှားလုပ်ကိုင် ဆောင်ရွက်နေရသည့် သတ္တဝါမှန်သမျှ ကိုယ်ကိစ္စ သူကိစ္စအားလျှော်စာ မိမိအတွက်/သူတပါးအတွက် အသင်းအဖွဲ့အတွက် ဆောင်ရွက်နေရပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ဆုတွင် နံပါတ်(၁) ဓမ္မလမ်းကြောင်းကျရမည်၊ ဓမ္မလမ်းကြောင်းဆိုသည်မှာ ဝိနယဓမ္မကဲ့ဖြစ်သည်။ ဝိနယဆိုသည်မှာ ဝိနည်း ဓမ္မကံဆိုသည်မှာ သုတ်အဘိဓမ္မာဖြစ်သည် ထို့ကြောင့် ဓမ္မလမ်းကြောင်းဆိုသည်မှာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာလမ်းကြောင်းဖြစ်ပါသည်။ ယင်းဝိနည်းသုတ္တန် အဘိဓမ္မာ၌မပါတာလည်းရှိပါသည်။ ဥပမာ ကျောင်းသစ်ဆောက်လုပ်ခြင်း ကိစ္စမျိုးဖြစ်ပါသည်။ ယင်းကျောင်းသစ်ဆောက်လုပ်ခြင်းကြောင့် လူကဲ့၊ သံဃာကဲ့ပြီး အဓိကရုဏ်းများ ပေါ်ပေါက်လာတတ်သည်။ ယင်းသို့သော အဓိကရုဏ်းများကို ကာကွယ်စောင့်ရှောက်နိုင်ရန် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားခြင်းဖြစ်သည်၊ဒါကအစဉ်အလာကို ထိန်းခြင်းဖြစ်ပါသည်။ အစဉ်အလာကို ထိန်းလို၍ ညွှန်ကြားလွှာ ညွှန်ကြားချက်များ ထုတ်ထားခြင်းဖြစ်ပါသည်။ ဒါကသံဃာ့အဖွဲ့အစည်းများက ဆုံးဖြတ်ထားသည့်အခြေအနေများ ဖြစ်ပါသည်။ နံပါတ်(၂)က ကာယဒဋ္ဌိရ၊ ဝစီဒဋ္ဌိရ၊ မနောဒဋ္ဌိရ ဖြစ်ပါသည်။ အချင်းချင်း တိုင်ပင်ကြ ဆွေးနွေးကြ ပြောဆိုကြရာ၌ နိဝါတ နိမာန ဖြင့် ပြောကြ ဆိုကြမှုတော်ရှိကျမည်။နံပါတ်(၃)က သတိ၊ပညာဖြစ်ပါသည်

သတိပညာလိုပါသည်။ သတိပညာ အရေးကြီးပါသည်။ သတိပညာမလစ်လပ်ဘဲ ကြည့်ရှုသုံးသပ်မှုသာ ကိစ္စအားလုံး အမှားနည်းပြီး အောင်မြင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ရှေးဆရာများက "ဓမ္မလမ်းကြောင်း၊ မတိမ်းစောင်းဘဲ၊ အပေါင်းလူဗိုလ်၊ နာလိုခံသာ၊ ကျင့်တတ်စွာမှ၊ ပညာသတိ၊ နှစ်ပါးရှိဟု၊ မျှားဘိသူငါ၊ ချီးမွမ်းနော်"ဟု ဆိုထားပါသည်။

ထို့ကြောင့်တပည့်တော်တို့သည် ရှေးဆရာများပြောဆိုဆုံးမခဲ့သည်ကို လေးဝေးလိုက်နာ ရှိသေသောအားဖြင့် ကျင့်သုံး ဆောင်ရွက်ကြပါရန် ရှိသေစွာလျှောက်ထားအပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဒေါက်တာ့ဗိုဘုယား။

၆-၅-၉၂၊ ဒုတိယအကြိမ် ပဠုမအစည်းအဝေး သြဝါဒကထာ

သက္ကဝါတိုင်း၊ သဟ္ဘဝါတိုင်းမှာ ကိုယ့်အသိဉာဏ်နှင့်ကိုယ်ရှိကြဒါပါပဲ၊ ဒါပေမဲ့အဲဒီအသိဉာဏ်က မှားတာသိတဲ့ အသိဉာဏ်၊ မှန်တာသိတဲ့အသိဉာဏ် ဟုနှစ်မျိုးရှိပါတယ်၊ မှားသိအမှန်သိအသိဉာဏ်နှစ်မျိုးရှိကြောင်းကို "ပရေမိစ္ဆာ ဉာဏ်ဘဝိသန္တိ၊ မယမေတ္တ သမ္မာဉာဏိ ဘဝိဿာမာတ် သလ္လမေဝါကရဏိယော" ဟူသော မူလပဏ္ဏာသပါဠိတော်များကိုထောက်ထားရှိဉာဏ်နှစ်မျိုးရှိကြောင်းသိရပါသည်။ ဤမိစ္ဆာဉာဏဟူသည်(မိစ္ဆာဉာဏ်တိုးတ္ထမိစ္ဆာဉာဏန္တိ ပါပကိဒ္ဓိယာသု ဥဝါယစိန္တာဝေသန ပါပ် ကတ္တာ "သုကတံ မယာ"ဂိ ယောနိသော ပစ္စဝေက္ခဏာကာဝရနစနဥ္ပဂ္ဂေါ မောဟောဝေဒိတဗ္ဗော) ဟူသော မူလပဏ္ဏာသ အဌကထာစကားကို ထောက်ထားလျှင်မိစ္ဆာဉာဏ်ဟုသည်အကုသိုလ်တရားခ်ိန်သာ ဖြစ်နိုင်သည်ဟု အဓိပ္ပါယ်ရပေသည်။ (ဟစ်နည်း)မိစ္ဆာဉာဏဆိုအဘူတသာပိဘူတသာဝိယ ဝိပရီတော ဇာနနဟေတော မောဟော(မဟုတ်ကေန် မမှန်သောဝတ္ထုကို ဟုတ်၏ ကေန်အမှန်ဝတ္ထုကဲ့သို့ဖောက်ပြန်သောအားဖြင့် သိခြင်းဖြစ်၍

ဖြစ်သော မောဟသည် "မိစ္ဆာဉာဏ်မည်ပါသည်ဟု မဏိသာရမဟာ၏သာ၌ ဆိုပါသည်။ ,ဤအလိုအားဖြင့်ဆိုလျှင် ဘူတကို အဘူတ၊ အဘူတကို ဘူတ-ဟုသိရာတို့၌လည်းမိစ္ဆာဉာဏ်ဖြစ်ကြောင်းယူဆရမည်ဖြစ်ပါသည်။

သို့ပါသောကြောင့်အမှန်သိအမှားသိ ဟူသောအသိနှစ်မျိုးကိုခွဲခြား၍ မသိနိုင်ကြကုန်ပါ၊ အဘူတကို ဘူတဟု စွဲမြဲဖောက်ပြန်မမှန်သောအားဖြင့် အသိဉာဏ်ရှင်ကြီးများ၏ အသိကိုမျက်ကွယ်ပြု၍ ယူဆမိ ပြောဆိုမိ ဆုံးဖြတ်မိကြမည်ကိုသတိပြုကြပါရန် အရေးထား၍ လေးစားလိုက်နာတော်မူကြပါမည့် အကြောင်းတင်ပြလျှောက်ထားပါသည် နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ဝင် အရှင်တို့ဘုရား။

၁၃-၅-၉၂၊ ဒုတိယအကြိမ်ဆင်္ဃအစည်းအဝေး သြဝါဒကထာ

ရှင်ရောလူပါဆိုသလို အလုံးစုံသောပုဂ္ဂိုလ်တို့သည် မိမိတို့လုပ်ကိုင်ကြသောအလုပ်ကိစ္စများကို လုပ်ကိုင်ကြတဲ့အခါမှာ တစ်ဦးတည်းလုပ်ကိုင်ရသောအလုပ်ကိစ္စအတွက် တော့ပြောစရာမလိုပါ၊ စုပေါင်း၍လုပ်ကိုင်ရတဲ့အခါမှာလုပ်ကိုင်သူအချင်းချင်းတို့သည် ညီညွတ်ကြဖို့ လိုပါသည်၊ညီညွတ်ရေးဆိုဒါသုံးမျိုးရှိပ.သည်။၃-မျိုး၊ဆိုတာ ဂဏသာမဂ္ဂီ၊ ဓမ္မသာမဂ္ဂီ၊ အနာဘိနိဗ္ဗတ္တိသာမဂ္ဂီဟူ၍၃-မျိုးရှိပါတယ်၊အဲဒီ၃-မျိုးတို့တွင်ပထမဂဏသာမဂ္ဂီဆိုဒါ (ကာယေနအဝိယောဂါ) တစ်ပါးနှင့်တစ်ပါး ကိုယ်အားဖြင့် မကွေ့မကွာ အမြဲယှဉ်ခြင်းကို ဆိုပါသည်။

ဓမ္မသာမဂ္ဂီဆိုဒါကတော့ အခြေအနေအရ စည်းမျဉ်းဥပဒေ လုပ်ထုံးလုပ်နည်း စသည်တို့နှင့်ညီညွတ်မှုပါဘဲ၊ ဤဓမ္မသာမဂ္ဂီအရ အခြေအနေအရယူကြရမှာပါပဲ၊ စာပေများမှာတော့ ဗေဒပ်ကို့ယတရား ၃၇-ပါးကို အတူကျင့်ကြသည်ကိုဆိုပါသည်။ အနာဘိနိဗ္ဗတ္တိသာမဂ္ဂီဆိုတာကတော့ (အနာဘိနိဗ္ဗတ္တာနံ အနုပ္ပဒေမာနဘဝနံ၊ ဘဝသင်္ခေတစ်ဖန် မဖြစ်ကြကုန်ဘဲ၊ ပရိနိဗ္ဗုတာနံ၊ ပရိနိဗ္ဗာန်ပြုကြကုန်သော၊ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ သမာနဘာဝေါ၊ အတူတကွဖြစ်ကြသည်၏အဖြစ်) ကို ဆိုလိုပါ

သည်။ ဤကဲ့သို့သော ညီညွတ်မှုမျိုး ၃-မျိုးဖြစ်ကြရအောင် မိမိတို့၏ တာဝန်အရ ဆောင်ရွက်တော်မူကြရာတို့၌ တိတိကျကျ ဓမ္မလမ်းကြောင်း မတ်မ်းဆောင်းအောင် ဆောင်ရွက်တော်မူကြရန် လိုအပ်ပါသည်။ သို့ပါသောကြောင့် မိမိတို့၏တာဝန်ဝတ္တရားများကို ဓမ္မလမ်းကြောင်း၊ မတ်မ်းဆောင်းဘဲ ဆောင်ရွက်တော်မူကြရာ၌ ယင်းညီညွတ်မှု ၃-မျိုးကိုရှေ့ရှု၍ လုပ်ကိုင်ဆောင်ရွက်တော်မူကြပါရန်အလေးအနက်ထား တင်ပြ လျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အမှုဆောင်တို့ဘုရား။

၂၀-၅-၉၂ ဒုတိယအကြိမ် သတ္တမ အစည်းအဝေးသြဝါဒကထာ

အများသူငါ ပြုနေကြသော ကိစ္စများသည် အရေးကြီးသော ကိစ္စ၊ အရေးမကြီးသောကိစ္စ ၂-မျိုးရှိပါသည်။ မသင်သည့်ကိစ္စမျိုးကိုမဆို ကြိုးစားအားတုတ် ရမည်သာ ဖြစ်ပါသည်။ "အဝဿံ ကာတဗ္ဗံကိစ္စံ" ဤတရုံ ကာတဗ္ဗံကဒုဏ်ယံ" ဟူသော စကားအရ မခွတ်ပြုရမည့်အလုပ်ကိုကိစ္စ၊ ဤမှ တစ်ပါးသောကိစ္စကိုကရဏီယ ဟုဆိုလိုပါသည်။ အရေးကြီးသောကိစ္စကို ရှေးဦးစွာ အားထုတ်ရမည်၊ အရေးမကြီးသောကိစ္စကို နောက်မှ အားထုတ်ရမည်၊ ဒီတော့ မိမိ မိမိတို့အပေါ် ကျရောက်လာသော တာဝန်ကိစ္စများကို ဆင်ခြင်၍ ဒီကိစ္စအမြန်ပြုရမည့်ကိစ္စလား၊ နောက်မှ ဖြေးဖြေးပြုရမည့်ကိစ္စလားဆိုတာကို ရောက်လာတိုင်းသော ကိစ္စများ အပေါ်၌ ဝေဖန် သိရှိဖို့လိုပါသည်။ အမြန်ပြုရမည့်ကိစ္စကို အမြန် မပြုဘဲနေပါက မိမိအပေါ် အပြစ်ရောက်အလုပ်မပြီး၊ အကျိုးလည်းမရှိ ဖြစ်တတ်ပါသည်။ ပြုသင့်သောကိစ္စများကို ပြုကြသည့်အခါ၌လည်း အသိဉာဏ်ရှေထား၍ ယုံကြည်ချက်များဖြင့် ပြုကြရမည် ဖြစ်ပါသည်။ သို့မှသာ အလုပ်ကိစ္စများ အောင်မြင်ပြီးမြောက်မည် ဖြစ်ပါသည်။ ထို့ကြောင့် ရှေးဆရာများက-

"ပြုသင့်ပြုအပ်၊ ကိစ္စရပ်၌၊ ပြုလတ်သောအခါ၊ သမ္မာရှေထား၊ သဒ္ဓါပွားလေ၊ အမှားမီစ္ဆာ၊ သဒ္ဓါမရှိ၊ ငုံးတိတိနှင့်၊ ပြုဘိအလို၊ နှောင်းဆိုကာလ၊ ဖြစ်သမျှ၌၊ ဘဝမပြတ်၊ ယုတ်မာတတ်၏၊ လူနတ်ချမ်းသာ၊ မရရာဘူး၊" ဟုဆိုထားပါသည်။ သို့ဖြစ်ပါသောကြောင့်

စာပည့်တော်တို့ အဖွဲ့ကလည်း တာဝန် အရဆောင်ရွက်ကြရသည့်ကိစ္စများ၌ သမ္မာဒိဋ္ဌိ အသိဉာဏ် ရှေထားယုံကြည်ချက် သဒ္ဓါကို ပိုများစေ၍ အားထုတ်ဖတာ်မူကြဘို့အရေး မျှော်တွေး၍ လေးစားစွဲတင်ပြု အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အရှင်တို့ဘုရား။

၂၇-၅-၉၂၊ ဒုတိယအကြိမ် အင္ဂမအစည်းအဝေး သြဝါဒကထာ

ယခုအပတ်တော့ သာသနာရေး ကိစ္စနှင့် ပတ်သက်တဲ့ ကိစ္စတစ်ခုကို တင်ပြမှာပါ။ အထူးတော့မဟုတ်ပါဘူး၊ တပည့်တော်တို့ ငယ်စဉ်အခါနဲ့ ကလဲ ယခုလို အသိအမှတ်ပြုပြီး အပူဇော်ခံ၃တဲ့ ဂုဏ်မျိုး ရတဲ့ပုဂ္ဂိုလ်ကြီး တွေကြုံခဲ့ရကြားသိခဲ့ကြရပါတယ်။ ဒါပေမဲ့ ဂုဏ်ပြု ပူဇော်ပွဲရယ်လို့တော့ မဟော့ မကြုံ မဆုံ မကြားဘူးခဲ့ရပါ။ ယခုအခါနဲ့ သာသနာ အားပေး ချီးမြှောက် သူတော့ အတော်ပဲများပါတယ်၊ နိုင်ငံနဲ့အဝှမ်းပါပဲ၊ အဲဒီလိုဘဲ့ထူး ဂုဏ်ထူးရတဲ့ ပုဂ္ဂိုလ်ကြီးတွေ ပူဇော်ကြတဲ့ပွဲကို(ဂုဏ်ပြုပူဇော်ပွဲလို့)ခေါ်ကြတယ်၊ ဂုဏ်တော်ကို ချီးကျူးပြီး ပူဇော်ကြတဲ့ပွဲပါပဲ၊ အဲဒီဂုဏ်တော်ကို ချီးကျူးကြတယ်လို့ဆိုတော့ ချီးကျူးတယ်ဆိုတာ၁ပါ ပါဠိတော်နှစ်မျိုး ရှိပါတယ်၊ နှစ်မျိုးက (ထောမန၊ ပသံသ–ပါပဲ) ထောမန–ချီးကျူးပုံ ပသံသ–ချီးကျူးပုံ မတူကြပါ၊ ဒီ မတူတာလေးကို ဗဟုသုတအနေဖြင့် မှတ်ဘို့ကတော့(ထောမနန္တိ ပရမ္မုခတောထုတိ)ဟုမိန့်ဆိုတော့မျက်ကွယ်၌ ချီးကျူးတာကို ထုတိဟု မှတ်သင့်တာပေါ့။

(ပသံသနန္တိ သမ္မုခတော ပသံသနံ) ဟု ဖွင့်ပြန်တော့ မျက်မှောက် ချီးကျူးတာကို ပသံသဟု မှတ်ကြရမှာပါ၊ ဒီလိုဆိုတဲ့အဆိုအလာအတိုင်း ဆိုလျှင် ပါဠိလို ယခုပြုတဲ့ပွဲမျိုးကို(မဟာထေရဂုဏပသံသပူဇနသဘင်)ဟု ဆိုရမှာပေါ့ – ယခုတော့ မြန်မာလို (ဂုဏ်ပြုပူဇော်ပွဲ)လို့ ၅ မှတ်ပြုပြီး ခေါ်ဝေါ်ကြတာဖြစ်ဘော့ မျက်မှောက်မှာပဲ ဖြစ်သဖြင့် ဂုဏပသံသ ပူဇနပါပဲ၊ ဂုဏထောမနပူဇနလားလို့ မေးရန်မလိုပါ၊စာဖြင့်ပါဠိလိုများ သုံးကြ

ရေးကြလျှင်သတိထားကြည့်ကြဘို့ကို-ဗဟုသုတအနေဖြင့်မှတ်ထားကြဘို့ တို့ ရှုပ်ရှုပ်ရှိ၍ တင်ပြခြင်းမရှိပါသည်။နိုင်ငံတော် သံဃမဟာနာယကဆရာဖွဲ့ ၀င် အရှင်တို့ ဘုရား။

၃-၆-၉ ၂- ဒုတိယဒေါ်ကြိမ် နဝမ အစည်းအဝေး ဩ၀ါဒကထာ

ယခုလို သာသနာရေး ကိစ္စများကို တိုင်ပင် ဆွေးနွေးကြတဲ့အခါမှာ အယူးတပည့်တော်တို့ သတိသားကြရမှာတော့ (သခိုလ) ဂုဏ်နှင့်ပြည့် စုံသော စကားများကိုသာ ပြောကြရမှာ ဆိုကြရမှာပါ-

သခိုလန္ဒိတ္ထေ ကတမံသာခလ္ပေ(ယာ၀ါစာ ထဒ္ဓတာကက္ကသာ၊ဖရုသာ၊ ကဋုကာ၊ အဘိသဇ္ဇနီ၊ ကောဓသာမန္တာ၊ အသမာဓိသံ၀တ္တနိကာ၊ တထာ ရူပံ၀ါစံပဟာယ)ယာသာ၀ါစာနေလာကဏ္ဍသုခါ၊ပေမနိယာ၊ဟာဒယဂ်မာ၊ ပေါရိ ဗဟုဇနကန္တာ၊ဗဟုဇန မနာပါ၊တထာရူပိ ၀ါစံဘာသိတာဟောတိ၊ ယာ-တဏ္ဍသဏ္ဌ၀ါစတာ၊အဖရုသ၀ါစတာ၊ ဣဒံ၀ုစ္စတိသာခလ္ပေဟု ဖွင့်ဆို ကြပါသည်။

မြန်မာပြန်အနေအား၊ဖြင့် သခိုလ-ဟူသော ဤစကား၌ အဘယ် စကားသည် သာခလ္ပေမည်ပါသနည်းဟူမူအကြင်စကားသည်ကြမ်းတမ်း၏၊ ခက်မာ၏၊ ရုံ့ရင်း၏၊ စပ်ဖျင်း၏၊ ရန်ငြိုးဖွဲ့၏။ အမျက်ဒေါသ၏ အနီးခံ ဖြစ်၏၊ သမာဓိကို မဖြစ်စေ၊ ဤအင်္ဂါ(၇)ပါးတို့တွင် တစ်ပါးပါးနှင့်ပြည့်စုံ သော စကားကိုပယ်၍—

အကြင်စကားသည် အပြစ်မရှိ၊ နှားချမ်းသာ၏၊ ချစ်မြတ်နိုးဘွယ် ဖြစ်၏နှလုံးသို့ ဆက်ဝင်နှစ်သက်စေ၏၊ပြည်ကြီးသူတို့၏စကားမျိုးဖြစ်၏၊လူ အများတို့နှစ်သက်၏၊ မျှားစွဲသော သူတို့၏စိတ်နှလုံးကိုပွားစေ၏၊ တို့သို့ သော သမာဓိရှိသော အင်္ဂါ(၇)ပါး တို့တွင် တစ်ပါးပါးနှင့်ပြည့်စုံသော စကားကိုပြောဆို၏။

ဒီတော့ပယ်ခမည့်စကား (၃) မျိုး၊ မပယ်ရမည့်စကားက (၇)မျိုး၊ အဲဒါတွေကို အားလုံး(၇)ပါးလုံးပြည့်စုံခမည်မဟုတ်ပါ၊ အချုပ်ကတော့ ထိုပြောဆိုသင့်တဲ့ အင်္ဂါရပ်တို့ဟုဆိုပါ—

အကြင်စကားသည် နှုးညှံ့သည်၏အဖြစ်- ပြေပြစ်သည်၏အဖြစ် မကြမ်းတမ်းသည်၏အဖြစ်တို့နှင့် ပြည့်စုံလျှင် ဤစကားမျိုးကို သာဓလျှံဟု ဆိုအပ်ပါသတဲ့—-

သို့ပါသောကြောင့် တပည့်တို့ စကားပြောဆိုကြရာ၌ ပယ်အပ်သော စကားမျိုးကိုပယ်၍ ပြောဆိုအပ်သောအင်္ဂါနှင့်ပြည့်စုံသောသဒ္ဒါလဂုဏ်နှင့် ပြည့်စုံသည့်စကားမျိုးကိုသာ ပြောဆိုသုံးနှုန်းကြပါရန်တင်ပြလျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်တို့ဘုရား။

၁၀.၆-၉၂ ၊ဒုတိယအကြိမ် ဒသမ အစည်းအဝေး သြဝါဒကထာ

ဒီနေ့တင်ပြမှာကတော့ ဗုဒ္ဓ၏ ဒေဝဘာနံပိယော ဟောတိ- ဆိုတဲ့ လူချစ် နတ်ချစ်တဲ့ဆေးဘဲ ဝေါဟာရအားဖြင့် ပီယဆေး ခေါ်မှာပေါ့ဆေးနည်းကိုမပြောသေးဘဲဆေး၏ နိဒါန်းကိုပြောပါအုံးမည်၊ ဘုရားရှင်သည်တစ်နေ့သောအခါ ရှစ်ကျိပ်ခန့်သော မဟာသာဝကကြီးများနှင့် တကွ သံဃာတော်ငါးရာတို့ခြံရံ ဆွမ်းခံဝင်လာသည်ရှိသော် ဒါယကာ ကလေး ငါးရာတို့ကလည်း မုန့်ခြောက်ကြော်ကို ကိုယ်စီ ကိုယ်စီ တစ်ယောက်တစ်တောင်းထမ်းပြီး ကျေးဇူးတော်သို့ရှေးရှသွားကြသည်ကို ဘုရားရှင်မြင်တော်မူ၏၊ ထိုသူတို့သည်ဘုရားရှင်ကိုရှိခိုးပြီး၊ ဖဲသွားကြတယ်၊ တစ်ပါးသောရဟန်းကိုမျှ အလှူခံတော်မူပါဟုမလျှောက်ထားကြပေကုန်၊ ဘုရားရှင်က ထိုသူတွေလွန်သွားသောကာလမှာ ချစ်သားတို့မုန့်ကိုခံကြရ ကုန်အုံ့ဟုမိန့်တော်မူ၏၊ မုန့်ဘယ်မှာ ပါသလဲဘုရားဟု လျှောက်ထားသော် ဒါယကာတွေ ထမ်းပြီး လွန်သွားတဲ့မုန့်တွေ မမြင်လိုက်ကြဘူးလား။ ဟု မိန့်၏။

အရှင်ဘုရား၊ ဘုရားအမှုးရှိသော တပည့်တော်တို့တွင် တစ်ခုံ တစ်ယောက်ကိုမျှ မုန့်ကိုမပေးလျှုပါ၊

ရဟန်းတို့ ဒါယကာတော်သည် ငါဘုရားကိုလည်းကောင်း၊ သင်တို့ကို လည်းကောင်းမပေးလျှုပေမဲ့၊(ပုဝေသာမိက)မုန့်ရှင်ရဟန်းသည် နောက်က လိုက်လာ၏၊မုန့်ကိုဘုဉီးပေ.ပြီးမှ သွားခြင်းငှာ သင့်၏ဟု မိန့်၏။ (ဗုဒ္ဓါနံ. ဟိ ကေပုဂ္ဂလေ ပ ဣသာဝါ ဒေါ၊သောဝါ နတ္ထိ) ဘုရားရှင်တို့အား တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၌ ဣဿာသည်လည်းကောင်း၊ ဒေါသ သည်လည်းကောင်း မရှိ၊ ထို့ကြောင့် ဤစကားကိုဆိုရ၍ ရဟန်းသံဃာ အပေါင်းကိုခေါ်၍ တစ်ခုသော သစ်ပင်ရိပ်၌ ထိုင်နေဘော်မူကြကုန်၏။ ဒါယကာကလေးမျှားသည် မဟာကဿပ ထေရ်နောက်မှ လိုက်၍ လာသည်ကို မြင်၍ ပြုံးပေါ်သော ချစ်ခင်နှစ်သက်ခြင်း အဟုန်ဖြင့် ပြည့်ဖြိုးသော ကိုယ်ရည်အဆင်းတင့်တယ်ခြင်း ရှိ၊တော်မူသည်ဖြစ်၍ မုန့်ခြင်းတောင်းတို့ကို ချသားပြီး ဝတည်ခြင်းငါးပါးနှင့်ဗဏ္ဏ ရှိခိုး၍ အရှင်မဟာကဿပ မထေရ်ကို အလှူခံဟော်မူပါဟု လျှောက်ထားကြ ကုန်၏။ မထေရ်ကြီးက ဘုန်းရှင်နှင့် ရဟန်းငါးရာတို့ သစ်ပင်ရိပ်၌ သီတင်းသုံးနေ၏၊ သင်တို့၏လှူဖွယ် ဝတ္ထုမျှားကိုယူ၍ လိုက်ခဲ့ကြ၊ ရောက်တော့မှ ဝေဖန်ပုံးခြားရ၍ လှူကြဟု ပြောဆိုသည့်အတိုင်း ဘုရားအမှုးရှိသော သံဃာတော်မျှားအား လှူဒါန်းကြကုန်၏၊ ထိုအခါ ရဟန်းတွေက "မုဒေါ လောကနေန ဘိက္ခာ ဒိန္နာ" ဟု ပြောဆိုပြီး ဒါယကာမျှားကို ကဲ့ရဲ့ကြကုန်၏၊ မြတ်စွာဘုရားက ထိုကဲ့ရဲ့သောစကားကို ကြားတော့ ရဟန်းတို့ နဘဲ့လူအပေါင်းတို့သည် ချစ်အပ်သော ငါဘုရား သားတော် ကဿပနှင့်ဗဏ္ဏသော ရဟန်းသည်မရှိဟု မိန့်တော်မူ၏၊ အောက်ပါ ဒေဝမနုဿာနံ ပိယော ဟောတိ-ဆိုတဲ့ နတ်လူမျှားချစ်တဲ့ ပိယဆေးနည်းသဖွယ်ဖြစ်သော ဤဂါထာတော်ကို ဟောတော်မူသည်-

သီလဒဿနသမ္ပန္နံ၊ ဓမ္မဋ္ဌं သစ္စဝါဒိနံ။
အတ္တနော ကမ္မကုဗ္ဗာနံ၊ တံ ဇနော ကုရုတေ ပိယံ။ တဲ့- သီလ-
ဒဿန သမ္ပန္နံ၊ စတုပါရိသုဒ္ဓိသီလနှင့် လည်းကောင်း။ မဂ်နှင့်

ယုဉ်သော သီလနှင့်လည်းကောင်း ညီမျှ ပြည့်စုံတော်မူထသော၊ ဓမ္မဋ္ဌ-
မဂ်မလေး၀၊ ဖိုလ်လေးတန် နိဗ္ဗာန် ပိုင်းခြားကိုးပါးသော တရားဌ်တည်ထ
သော။ သစ္စာ၀ေဒိနီ၊ တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့်
ဖြစ်သောကြောင့် မှန်ကန်သောဉာဏ်ဖြင့် လေးတန်သော သစ္စာတရား
ကိုလည်း သိမြင်ထသော။ အတ္တနော ကမ္မကုဗ္ဗာနံ၊ မိမိ၏ အလုပ်ဖြစ်
သော သီလ၊ သမာဓိ ပညာဟုဆိုအပ်သော သိက္ခာသုံးတန် ပြည့်၀
စေရန် ကြိုးကုတ်၊ မိမိ၏ အလုပ်ကို အားထုတ်ဆည်းပူးတော်မူထသော။
တံ၊ ထိုပုဂ္ဂိုလ်ကို။ ဇနော၊ လောကီ လူသား မျိုးစု၀သော လူအများ
သည်။ ပိယံ၊ချစ်ခြင်းကို။ ကုရုတေ၊ ပြုရာ၏(အဋ္ဌကထာ)၊ ဒဋ္ဌကာမော၊
ရှုမြင်ခြင်းငှာ အလိုရှိသည်။ ဝန္ဒိတုကာမော၊ ရှိခိုးခြင်းငှာ အလိုရှိသည်။
ပစ္စယေန၊ ပစ္စည်းဖြင့်။ ပူဇိတုကာမော၊ ပေးလှူ၊ပူဇော်ခြင်းငှာ အလိုရှိ
သည်သာလျှင်တည်း။ ဒေသနာဇတော်အဆုံးဌ် ဒါယကာဂကလေးတွေ
သောဘာ၀ပန် ဖြစ်ကြပါသတဲ့ ဘုရား။

ဘုရားရှင်၏ ဒေသနာတော်ကို ထောက်ထား၍ တပည့်တော်တို့
အရှင်တို့ သန္ဓာန်ဌ ရှိပြီးဖြစ်လေးအကျင့်မျိုးသည်လည်း အရှင်မဟာ-
ကဿပကြီး ကျင့်ကြံတော်မူသော အကျင့်မျိုးပါဘဲ၊ မရင့်ကျက်ကြ
သေးလို့သာ၊ ဒီတော့ မရင့်ကျက်ကြသေးသည်မျိုး ရင့်ကျက်အောင်
မိမိတို့ ဆောင်ရွက်ကြရသော ကိစ္စတိုင်းတို့ဌ် သီလ၊ သမာဓိ၊ ပညာ
တို့ဖြင့် ကြိုးစားဆောင်ရွက်ကြပါရန် လေးစားစွာ တင်မြှောက်အပ်ပါသည်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုန်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၄၇-ပါးစုံညီ အဌမအစည်းအဝေး သဘာပတိ

အဘိဓဇမဟာရဋ္ဌဂုရု

ဥက္ကဋ္ဌ၊ ပဲခူးမြို့မ ဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသာရ၏

သြဝါဒကထာ

ဆရာတော် သံဃာဒီတော်အရှင်သူမြတ်တို့ဘုရား-

ယနေ့ ၁၃၅၄-ခုနှစ်၊ ဝါဆိုလဆန်း ၆-ရက် (၁၉၉၂-ခုနှစ်၊ ဇူလိုင်လ ၅ ရက်) တနင်္ဂနွေနေ့သည် ဝ.တိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇-ပါးစုံညီ အဌမအစည်းအဝေးကိုစတင် ကျင်းပသောနေ့ ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာဓတော်များသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ကို အလေးအမြတ်ထားပြီး ဤအစည်း အဝေးကို စုံညီစွာ ကြွရောက်တော်မူလာကြသည့်အတွက် အဖွဲ့အစည်း၏ တိုးတက်ကြီးပွားကြောင်း "အပရိဟာနိယ"တရားနှင့် ညီညွတ်သောကြောင့် တပည့်တော်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါကြောင်း ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

သမ္ဗညူဘုရားရှင်သည် လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား ၄၅-ဝါ ပတ်လုံး ဟောကြားတော်မူအပ်သော အဆုံးအမ သြဝါဒခေါ် သာသနာတော်မြတ်ကြီးသည် အစကောင်းခြင်း အာဒိကလျာဏဂုဏ်, အလယ်ကောင်းခြင်း မဇ္ဈေကလျာဏဂုဏ်, အဆုံးကောင်းခြင်း ပရိယောသာနကလျာဏဂုဏ်(၃)ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် အလုံးစုံပြည့်စုံခြင်း ကေဝလပရိပုဏ္ဏဂုဏ်, အလုံးစုံထက်ဝန်းကျင် စင်ကြယ်ခြင်း ကေဝလပရိသုဒ္ဓဂုဏ်မျှား ရှိတော်မူပါသည်ဘုရား။ ထိုကျေးဇူး ဂုဏ်ထူးမျှား ရှိတော်မူသော အဆုံးအမသြဝါဒခေါ် သာသနာတော်မြတ်ကြီးနှင့် ပတ်သက်၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တတ်ယအကြိမ် (၅)နှစ်သက်တမ်း ခရီးစဉ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သံဃာ့အဖွဲ့အစည်းဝင် အားလုံး သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား၊ တပည့်တော်တို့၏ ဆောင်ရွက်ချက်များမှာလည်း အဆုံးအမသြဝါဒခေါ် သာသနာတော်မြတ်တည်း ဟူသော ဓမ္မဝိနယများနှင့်အညီ ဆောင်ရွက်နေရခြင်းဖြစ်ပါသည်ဘုရား။

ဤနေရာ၌ တပည့်တော်အနေဖြင့် သာတိပေးစကား လျှောက်ထားလိုသည်မှာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ကို သာသနာတော်မြတ် တည်းဟူသော ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်ကြရာတွင် သံဃာ့အဖွဲ့အစည်းဝင် အားလုံးတို့သည် ပုဂ္ဂိုလ်အနေအားဖြင့် သော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ချက် အနေအားဖြင့်သော်လည်းကောင်း၊ အစ အလယ်အဆုံး ကောင်းခြင်း(၃)ပါးနှင့်လိုက်လျောညီအောင် ဆောင်ရွက်နိုင်ရန် လိုပါသည်ဘုရား။ ဤသို့ အစ အလယ်အဆုံးကောင်းခြင်း(၃)ပါးနှင့် လိုက်လျောညီမှုသာလျှင် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးနှင့် လုပ်ငန်းဆောင်ရွက်ချက် များသည် ကေဝလပရိပုဏ္ဏဂုဏ်, ကေဝလပရိသုဒ္ဓဂုဏ်မျှားကို ဆောင်နိုင်မည်ဖြစ်ပြီး သာသနာတော်မြတ်ကြီးမှာလည်း တပည့်တော်တို့၏ဦးတည်ချက်အတိုင်း

အစဉ်အဆက်မပြတ် သန့်ရှင်းတည်တံ့ ပြန့်ပွားနေမည် ဖြစ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။

သို့ရာတွင် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးသည် ပဋ္ဌိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်များ မဟုတ်ကြမူ၍ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်များ ဖြစ်ကြသည့် အားလျော်စွာ တစ်ခါတစ်ရံ သတိလွတ်ကင်း၍ ချွတ်ချော်မှားယွင်းမှုများ ၊ ကယ်ရ၊ ရှိပါလျှင် တွေ့မြင်သိရှိသော ပုဂ္ဂိုလ်များက ဝိုင်းဝန်းညွှန်ပြ ဆုံးမသော အခါတွင်အဆုံးအမခံရသော ပုဂ္ဂိုလ်များကလည်း သူတော်ကောင်းစိတ်ဓာတ်ထား၏ပြီး အလေးအမြတ် နာယူကြရန် လျှောက်ထားလိုပါသည်ဘုရား။ သို့မှသာလျှင် အမှားကင်းမှုဂုဏ်၊ အချင်းချင်း ညီညွတ်မှုဂုဏ်ကို ဆောင်သောကြောင့် မိမိဘို့လုပ်ငန်းဆောင်ရွက်မှုများမှာအစ အလယ် အဆုံး အောင်မြင်မည် ဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးနှင့် လုပ်ငန်းဆောင်ရွက်ချက် အားလုံး အကျိုးငှါ ဂေဝလပရိပုဏ္ဏာဖြစ်အောင်, ကေဝလပရိသုဒ္ဓ ဖြစ်အောင်အဖွဲ့ အစည်းဝင် ပုဂ္ဂိုလ်တိုင်းက အားထုတ်ကြရန်နှင့် အချင်းချင်းဝိုင်းဝန်း ညွှန်ပြ ဆုံးမသော အခါတွင်လည်း သောဝစဿတာဂုဏ်ဆောင်ပုဂ္ဂိုလ် များဖြစ်အောင် ကျင့်ကြံလိုက်နာတော်မူကြရန် ဖြစ်ကြောင်း သတိပေး စကား လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား-

- ယခုအခါတွင် သာသနာတော်မြတ်ကြီးနှင့် ပတ်သက်၍ပရိယတ်ပိုင်း ဆိုင်ရာ ပဋ္ဌိပတ်ပိုင်း၊ဆိုင်ရာသံဃာ့အဖွဲ့အစည်းပိုင်းဆိုင်ရာ စသောသာသနာ ကိစ္စအရပ်ရပ်ကို နိုင်ငံတော် ကစိုးရနှင့် တိုင်းသူပြည်သားဒကာ ဒကာမ များက ဆဖက်ဖက်မှနေပြီး ချီးမြှောက် ထောက်ပံ့လျက် ရှိသည်ဖြစ်၍ တပည့်တော်တို့သံဃာ့ အဖွဲ့အစည်းဝင် အားလုံးက လည်း ဂေ.ပလပရိ ပုဏ္ဏ ဖြစ်အောင်, ကေဝလပရိသုဒ္ဓဖြစ်အောင် အဂတိတရား(၄)ပါး

ကင်းပြီး ဗိုလ်(၅)ပါး တရားကို လက်ကိုင်ထား၍ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ကို တက်ညီလက်ညီ ဆောင်ရွက်တော်မူကြပါစို့ဟု တိုက်တွန်းရင်း တပည့်တော်၏ဩဝါဒကထောကို နိဂုံးချုပ်ပါသည် ဆရာတော်သံဃာတော်အရှင်ဘုန်မြတ်တို့ ဘုရား။

(ဘဒ္ဒန္တဂုဏ္ဍာဘိ)

အဘိဓေမဟာရဋ္ဌဂုရု

သဘာပတိ၊ ဥက္ကဋ္ဌဆရာတော်

ရက်စွဲ၊ ၁၃၅၄-ခုနှစ်၊ ဝါဆိုလဆန်း(၆)ရက်

၁၉၉၂-ခုနှစ်၊ ဇူလိုင်လ(၅)ရက် တနင်္ဂနွေနေ

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏
ဒုတိယဥက္ကဋ္ဌသဘာပတိ ဆရာတော်
ဘဒ္ဒန္တသောဘိတ(အဘိဝံသမဟာရဋ္ဌဂုရု)၏

ဩဝါဒကထာများ

၂-၂-၉၂၊ တတိယအကြိမ် ပထမအစည်းအဝေး ဩဝါဒကထာ

ယနေ့အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အလှည့်ကျ(ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် ပထမအစည်းအဝေးဖြစ်ပါကြောင်း၊ ဤအစည်းအဝေးတွင် လုပ်ရိုးလုပ်စဉ်အတိုင်း ဝိနိစ္ဆယအဖွဲ့ငယ်၊ သာသနာရေးအဖွဲ့ငယ်၊ ပညာရေးအဖွဲ့ငယ်များ ခွဲဝေရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် မိမိတို့တာဝန်ကျရာ အဖွဲ့ငယ်၏လုပ်ငန်းများကို သတိဝိရိယထားရှိမှန်မှန်ကန်ကန် စင်စင်ကြယ်ကြယ် ဖြစ်အောင်ဆောင်ရွက်-တော်မူကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ဥယျောဇန ကထာမိန့်ကြားတော်မူပါသည်။

၁၆-၂-၉၂၊ တတိယအကြိမ် ဒုတိယအစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သုမြတ်တို့ဘုရား ယနေ့အစည်းအဝေးသည် ပထမအဖွဲ့ခွဲ၏ တတိယအကြိမ် ဒုတိယအစည်းအဝေးဖြစ်ပါသည်။ အဖွဲ့ဝင်ဆရာတော်များသည် ဝိနိစ္ဆယ၊ သာသနာရေး၊ ပညာရေး- ကိစ္စအသီးသီးကို အဖွဲ့ငယ်အလိုက်

ဆောင်ရွက်နေကြပါသည်။ ယင်းကိစ္စများကို ဆောင်ရွက်မြဲ ထုံးတမ်းစဉ်လာအတိုင်း ဝိနည်းဓမ္မ ဘုံ လုပ်ထုံးလုပ်နည်း သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်း ညွှန်ကြားလွှာစသည်တို့ကို တိတိကျကျလေ့လာပြီးယင်လေ့လာပြီးသည့်အတိုင်း တိတိကျကျ ဆောင်ရွက်ရန် လိုပါသည်၊ ဝိနည်းဓမ္မကံ၇ုခင်းများ သာသနာရေး ကိစ္စများကို(၁၀) နှစ်ကျော်ကာလ ဆောင်ရွက်ခဲ့ပြီးဖြစ်၍ အမှုကိစ္စများ နည်းလာပြီဖြစ်ပါသည်။ ပညာရေးကိစ္စများကို အများဆုံး လုပ်ဆောင်နေရပြီး ပြဋ္ဌာန်းကျမ်းစာအုပ်များ စာမေးပွဲဆိုင်ရာ စည်းမျဉ်းများကို စိစစ်လေ့လာကြရန် လိုအပ်ပါသည်။ တတိယအကြိမ်သက်တမ်းသို့ ရောက်လာပြီဖြစ်၍ ဝိနိစ္ဆယ သာသနာရေး ကိစ္စများ အများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီးအောင်မြင်မှု ညီးရှိခဲ့ပါသည်။ ပညာရေးကိစ္စများအနက် စာမေးပွဲကိစ္စ မသန့်ရှင်းသေးဟု အပြောများပါသည်။ယင်းစာမေးပွဲကိစ္စကို အထူး ဂရုပြုဆောင်ရွက်ကြစေလိုပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် အခါအားလျော်စွာ စိစစ်လေ့လာပြီးစည်းမျဉ်း/ပြဋ္ဌာန်းကျမ်းစာ/ ပညာရေး ဗဟိုအဖွဲ့၏အကြံပေးဃာစသည်တို့ကို လိုအပ်သလို အသုံးပြု ဆောင်ရွက်နေ၍ နိုင်ငံတော်အဆင့်မဝင်သေးဟု ဝေဖန်နေကြပါသည်။ နိုင်ငံတော်စာမေးပွဲ ဖြစ်အောင် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြစေလိုပါသည်။ အောင်မြင်အောင်လည်းကြိုးစားကြစေ လိုပါသည်။နိကာယ်စာမေးပွဲကိစ္စ အောင်မြင်ရေးအ ဘွဲ့ ဥပဒ္ဓ ၇ကများ ကသည်း ကြိုးစား ကြ စေ လို ပါ သည် ဟု ဥယျောဇနကထာ မိန့်ကြားတော်မူပါသည်။

၂၃-၇-၉၂ တတိယအကြိမ် တတိယအစည်းအဝေး
သြဝါဒကထာ

သံဃာ့အဖွဲ့အစည်း အဆင့်ခင့်များ ပေါ်ပေါက် လာခြင်းသည် သာသနာတော် သန့်ရှင်း ဟည်တဲ့ ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်၍ ယခုအခါ တတိယအကြိမ် သက်တမ်းသို့ပင် ရောက်ရှိလာပြီ ဖြစ်ပါသည်။ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့

လက်အောက်ခ္ခ်ိလည်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် ဆိုင်သည့် သာသနာရေး ဦးစီးဌာန။ သာသနာတော် ပြန့်ပွားရေးနှင့် ဆိုင်သည့် သာသနာထော် ထွန်ကားပြန့်ပွားရေး ဦးစီးဌာနဟု နှစ်ဌာန ရှိပါသည်။

သာသနာတော် ပြန့်ပွားရေး ဟူသည်မှာ အဘယ်နည်း၊ အဘယ် ဘုရားရှင်တို့၏ သာသနာ တော်သည် ကြာမြင့်စွာ မတည်ပါ သနည်း၊ အဘယ်ဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်ပါသနည်း ဟုဘုရားရှင်အား ဆရှင်သာရိပုတ္တရာက လျှောက်ထားရာ ဘုရားရှင်က သာရိပုတ္တရာ-ဝိပဿီ၊ သိခီ၊ ဝေဿဘူဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ပါ။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်ပါသည်ဟု မိန့်ကြားခဲ့ပါသည်။ ထိုအခါ အရှင်ဆာရိပုတ္တရာက မြတ်စွာဘုရား-ဝိပဿီ၊ သိခီ၊ ဝေဿဘူ ဘုရားရှင်တို့၏ သာသနာတော်သည် အဘယ်ကြောင့် ကြာမြင့်စွာမတည် ပါသနည်းဟု လျှောက်ထားရာ ဘုရားရှင်က သာရိပုတ္တရာ-ဝိပဿီ၊သိခီ၊ ဝေဿဘူ ဘုရားရှင်တို့သည် တပည့်တို့အား ထရား တော်ကို အကျယ် ဟောတော်မူရန် ကြောင့်ကြ မစိုက်ကြကုန်၊ ထိုဘုရားရှင်တို့၏ သုတ်၊ ဂေယျ၊ ဗျာကရဏ်း၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ ဇာတ်၊ အဗ္ဘုတ ဓမ္မ၊ ဝေဒလ္လတို့သည်အနည်းငယ်မျှသာဖြစ်ကုန်၏။တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မမူခဲ့၊ အာဏာပါတိ မောက်ကိုပြုတော်မမူခဲ့၊ ထိုဘုရားရှင်တို့ ပရိနိဗ္ဗာန် စံလွန်တော်မူ သောအခါ၊ ထိုဘုရားရှင်တို့သို့ အတူလိုက်၍ ဘစ္စာဝလားပါးကို သိကုန်သောတပည့်တို့ ပရိနိဗ္ဗာန် စံလွန်တော် မူသော အခါ နောင်လာ နောက်လား တပည့် အဆက်ဆက်တို့သည် သာသနာ ကို မစောင့်ရှောက် နိုင်ကြဘဲ လျင်စွာ ကွယ်ပျောက် စေခဲ့ကြပါသည်။ ဝိပဿီ၊ သိခီ၊ ဝေဿဘူ ဘုရားရှင်တို့၏ သာသနာတော် ကြာမြင့်စွာ မတည်ခြင်း အကြောင်းကား ဤအစကြောင်းပင်ဖြစ်ပါသည်ဟု မိန့်ကြား ခဲ့ပါသည်။ ထိုနောက် အရှင်သာရိပုတ္တရာက မြတ်စွာဘုရား- ကကုသန် ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့၏ သာသနာတော် ကြာမြင့်စွာတည်

ခြင်းအကြောင်းကား အဘယ်ပါနည်း ဟုလျှောက်ထားရာ ဘုရားရှင်က သာရိပုတ္တရာ–ကကုသန်၊ ကောဏာဂုံ၊ကဿပဘုရားရှင်တို့သည် တပည့်တို့အား တရားတော်ကို အကျယ်ဟောခဲ့ကြ စိုက်တော်မူကုန်၏။ ထိုဘုရားရှင်တို့၏ သုတ်၊ ဂေယျ၊ ဗျာကရဏ်း၊ ဂါထာ၊ ဥဒါန်း၊ ဣတိဝုတ်၊ ဇာတ်၊ အဗ္ဘုတ ဓမ္မ၊ ဝေဒလ္လတို့သည် မျှားပြားကုန်၏။ တပည့်တို့အား သီကွာပုဒ်ကို ပညတ်တော်မူသည်။ အာဏာပါတိမောက်ကို ပြုတော်မူသည်။ ထိုဘုရားရှင်မျှားနှင့် ထိုဘုရားရှင်တို့သို့ အတူလိုက်၍ သစ္စာလေးပါးကို သိတော်မူသည့် တပည့်မျှား ပရိနိဗ္ဗာန်စံလွန်တော်မူသော အခါ နောင်လာနောင်သား တပည့်အဆက်ဆက်တို့သည် ထိုသာသနာတော်ကို ကြာမြင့်စွာ တည်စေကြကုန်၏။ သာရိပုတ္တရာ· ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဘုရားရှင်တို့၏ သာသနာတော် ကြာမြင့်စွာ တည်ခြင်းအကြောင်းကား ဤအကြောင်းပင်တည်းဟု မိန့်ကြားတော်မူခဲ့ပါသည်။

အကျဉ်းချုပ်လိုက်လျှင် သာသနာတော် ကြာမြင့်စွာ မတည်ခြင်းအကြောင်းမှာ သုတ်၊ ဂေယျစသည့် ပရိယတ္တိဓမ္မကို အကျယ်မဟောခြင်း၊ အကျယ်မပို့ချခြင်း၊ အကျယ်မသင်ကြားခြင်း၊ အကျယ်မအံခြင်း၊ သီကွာပုဒ်ကို မပညတ်ခြင်း၊ အာဏာပါတိမောက်ကို မပြုခြင်းတို့ ဖြစ်ပါသည်။ သာသနာတော် ကြာမြင့်စွာ တည်ခြင်း အကြောင်းမှာ ထို၏ပြောင်းပြန်ဖြစ်သည့် သုတ်၊ဂေယျစသည်ကိုအကျယ်ဟောခြင်း၊ ပို့ချခြင်း၊ သင်ကြားခြင်း၊အံခြင်း၊သီကွာပုဒ်ကိုပညတ်ခြင်း၊ အာဏာပါတိမောက်ကို ပြုခြင်း တို့ဖြစ်ပါသည်။ သာသနာတော် ပြန့်ပွားရေး၊ သာသနာတော် သန့်ရှင်းတည်တံ့ရေးကိစ္စ—

ဘိက္ခု သက္ကစ္စံ ဓမ္မံ သုဏန္တိ၊ သက္ကစ္စံ ဓမ္မံ ပရိယာပုဏန္တိ၊ သက္ကစ္စံ ဓမ္မံ ဓာရေန္တိ၊ သက္ကစ္စံ ဓာတာနံ ဓမ္မာနံ အတ္ထံ ဥပရိက္ခန္တိ၊ သက္ကစ္စံ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပဇ္ဇန္တိ၊

ဟူသော အဂုံတ္တိုရ်ပါဠိတော်အရ ရဟန်းမျှား ရှိသော်စွာ ပရိယတ္တိဓမ္မကို

နားထောင်ခြင်း၊ ရိုသေစွာသင်ခြင်း၊ ရိုသေစွာဆောင်ခြင်း၊ ရိုသေစွာ ပရိယတ္တိဓမ္မ၏ အနက်ကို စူးစမ်းခြင်းရိုသေစွာကျင့်ခြင်းတို့ ရှိရန်လိုအပ်ပါသည်၊ သာသနာတော်တည်ခြင်း၏ အကြောင်းဂုဏ်ဖြစ်သော ပရိယတ္တိဓမ္မကို သင်ကြားသူများ လေးစားသူများ ပေါများအောင် လုပ်ပေးရန်လိုအပ်ပါသည်။

အရှင်သာရိပုတ္တရာက ဘုရားရှင်အား သာသနာကြာမြင့်စွာတည်ရေးအတွက် သံဃာပုဒ်ပညတ်ရန်၊ အာဏာပါတိမောက်ပြရန် လျှောက်ထားသောအခါ ဘုရားရှင်က သာရိပုတ္တရာ ဆိုင်းပါဦး သံဃာ၌ အာသဝဋ္ဌာနိယ အကြောင်းတရားများ မပေါ်ပေါက်သရွေ့ ဘုရားရှင်သည် သံဃာပုဒ်ကို ပညတ်တော်မမူ စသည်ဖြင့် မိန့်ကြားတော်မူပြီး—

> နိုဗ္ဗုဒေါဟိ သာ ရိပုတ္တ ဘိက္ခုသံဃော နိရာဒီနဝေါ အာ ဂတ
> ကာဋ္ဌကော သုဒ္ဓေါ သာရေ ပတိဋ္ဌိတော ဣမေသံ ဟိ သာရိပုတ္တ
> ပဉ္စန္နံ ဘိက္ခုသတာနံ ယော ပစ္ဆိမကော ဘိက္ခု၊ သော သောတာ
> ပန္နော အဝိနိပါတ ဓမ္မော နိယတော သမ္မောဓိပရာယဏော

ဟု မိန့်ကြားတော်မူခဲ့ပါသည်၊ ဆိုလိုရင်းမှာ ဘုရားရှင်သည် ရဟန်းအပေါင်း၌ အာသဝဋ္ဌာနိယ စသောအကြောင်းတရားများ ပေါ်ပေါက်လာသောအခါ သံဃာပုဒ်ကို ပညတ်တော်မူခဲ့ပါသည်။ ထိုသံဃာပုဒ်ပညတ်ခြင်းကို အကြောင်းပြု၍ သာသနာတော်ကြာမြင့်စွာတည်ခြင်းဖြစ်သည်။ ထိုနည်းကို အစဉ်မီး၍ ရှေးသာသနာပိုင်ဆရာတော်များသည် ပါတိမောက်သံဃာပုဒ်ကို စည်းမျဉ်းဥပဒေကဲ့သို့ ချမှတ်၍ သာသနာပိုင် စည်းမျဉ်းဥပဒေကို ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ လက်ထက်တွင်လည်း ဝိနည်း မွေကံ အဓိကရဏ်းမှခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်း၍ ဆောင်ရွက်ခဲ့ကြသည်။ ဥပဒေ၏ အနှစ်သာရမှာဖြစ်ပေါ်လာသော အဓိကရဏ်း(၄)ပါးကို ငြိမ်းစေရန်အတွက် နိုင်ငံတော်အစိုးရ၏ အာဏာစက်ကို ယူရခြင်းဖြစ်ပါကြောင်း၊ သာသနာတော်၌ အာသဝဋ္ဌာ

နိယဘေးရန်ပေါ်လာမှ သိက္ခာပုဒ်ကို ပညတ်ခြင်းဖြစ်ပါသည်။ သိက္ခာပုဒ် ပညတ်ခြင်းမှာ သာသနာတော်သန့်ရှင်းအောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယခုအခါဘုရားရှင်၏ အမိန့်အာဏာကို သာသနာပိုင်ဥပဒေကဲ့သို့သော ဥပဒေတစ်ရပ်ပြဋ္ဌာန်း ထုတ်ပြန်ရန်လိုအပ်ပြီ ဖြစ်ပါသည်။ ယင်းသာသနာပိုင်ဥပဒေကဲ့သို့သော ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပြီး အစိုးရထံ တင်ပြရမည်၊ အစိုးရက ယင်းဥပဒေဖြစ်မြောက်ရေးအတွက် ဆရာဒကာ လက်တွဲပြီးခမ္မာစက် အာဏာစက် ပူးပေါင်းဆောင်ရွက်ကြရန် လိုပြီဖြစ်ပါကြောင်း ရှေးဦးစွာ အသိပေးလိုပါသည်ဘုရား။

ဘုရားရှင်၏ သာသနာတော် အရှည်တည်တံ့စေရန် ပရိယတ္တိခမ္မာသည် လိုရင်းဖြစ်ပါသည်၊ ယင်းပရိယတ္တိခမ္မာကို ကျယ်ကျယ်ပြန့်ပြန့်သင်ကြားရန် သန့်ရှင်းလာအောင် ဆောင်ရွက်ရန်လိုပါသည်။ ရှေးရှေးဆရာတော်ကြီးများသည် ပထမပြန်စာမေးပွဲနှင့်ခမ္မာစရိယစာမေးပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပြီး သာသနာတော်ထွန်းကားအောင်၊ တည်တံ့အောင် ဆောင်ရွက်တော်မူခဲ့ကြပါသည်။ ယခုအခါ ပရိယတ္တိ အားပေးမှု နည်းလာကြသည့် အဆင့်ဆင့်လက်ကမ်းမှု၊ တပည့်အဆက်ဆက် သာသနာကို ထိန်းသိမ်းမှုနည်းလာကြသည်၊ ထို့ကြောင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည် နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ ဖြစ်မြောက်အောင်ဆောင်ရွက်ခဲ့ကြရသည်၊ သို့သော် ဤနိကာယ် ငါးရပ် ပါဠိတော် စာမေးပွဲသည်ပုဂ္ဂလိကစာမေးပွဲဆန်နေပြီး နိုင်ငံတော်၏ စာမေးပွဲအဆင့်မဖြစ်သေး၊ နိုင်ငံတော်အဆင့်မီ စာမေးပွဲ ဖြစ်အောင် တိုက်တွန်းပေးကြပါဟု တိုက်တွန်းလိုပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ ပြည်နယ်/တိုင်း၊ မြို့နယ်များသို့ကွင်းဆင်း၍ရှင်းလင်းဆောင်ရွက်မည့်ကိစ္စဖြစ်-မြောက်အောင် အစီအစဉ်လုပ်ဘင်ပြရန် အစိုးရထံ မေတ္တာရပ်ခံရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော်, သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စဆောင်ရွက်ခဲ့သည့်အတိုင်းဘုရားရှင်၏ အမိန့်အာဏာကိုထုတ်ပြန်နိုင်ရေး

အတွက် သာသနာပိုင် ဥပဒေကဲ့သို့သော ဥပဒေ တစ်ရပ် ပေါ်ပေါက်လာဖို့ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ နိုင်ငံတော် အဆင့်ဖြစ်ဖို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ ပြည်နယ်/တိုင်း မြို့ရွာအထိ ကွင်းဆင်းရှင်းလင်း ဆောင်ရွက်မှု ဖြစ်မြောက်ရေး အတွက် နိုင်ငံတော် အစိုးရထံ-မေတ္တာရပ်ခံဖို့ ကိစ္စများ ဖြစ်မြောက်အောင် ဆောင်ရွက်ရန် တိုက်တွန်းပါသည်ဘုရား။

၃၀-၇-၉၂ တတိယအကြိမ် စတုတ္ထအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်သူမြတ်တို့ ဘုရား-တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များသည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ကိစ္စ၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ကြရာတွင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံး လုပ်နည်း၊ ဝိနည်းဓမ္မကံ အဓိကရဏီးမှခင်းများ ပြေရှင်း ဆုံးဖြတ်ရေး ခဲ့ခိုင်ရာ လုပ်ထုံးလုပ်နည်း၊ သံဃနာယက ဂဏ်စဲ့ စသည်တို့နှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်း/မြို့နယ်စု အလိုက် သံဃာစာရင်း၊ မြို့နယ်အလိုက် ကျောင်းစာရင်း၊ ကျောင်းထိုင် ဘုန်းကြီးအရေအတွက်တို့ကို လာမည့် ၄၇-ပါးစုံညီ အစည်းအဝေးသို့ တင်ပြရန်လိုပါသည်။ ထို့ကြောင့် ပြည်နယ်/တိုင်းအလိုက်၊ မြို့နယ်အလိုက်ကျောင်းစာရင်း သံဃာစာရင်းတို့ကို သိတင်းမကျွတ်မီ အရောက် တင်ပြကြရန် တိုက်တွန်း ပါသည်ဘုရား။

၅-၈-၉၂ တတိယအကြိမ် ပဉ္စမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ဝင် အရှင်မြတ်တို့ ဘုရား-သာသနာ သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ကြရာတွင် အဓိကအကျဆုံး ဖြစ်သော ပရိယတ္တိဓမ္မကို အဓိက

ထားဆောင်ရွက်သင့်ကြောင်း သာသနာတည်ကြောင်းများကို မိန့်ကြား ခဲ့ကြောင်းတို့ကို ယခင်တစ်ပတ်အာဂည်းအဝေးကမှာကြား သြဝါဒပေးပြီး ဖြစ်ပါသည်။ တပည့်စဉ်ဆက် သာသနာကို ပစောင့်ရှောက်နိုင်၍ သာသနာကွယ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သာသနာအရှည် တည်ရေးအတွက် ပရိယတ္တိဓမ္မကို ပေါင့်ရှောက်မည့်ပုဂ္ဂိုလ်များ လိုအပ်ပါသည်။ ယခုခေတ်အခြေအနေအရ ကြည့်လျှင် တောင်သူလယ်သမားများ၏ သားသမီးများ သာသနာတော်သို့ ရောက်လာကြသည်ကို အတွေ့များပါသည်။ ယင်းတို့သည် ဆရာသမားများ၏ သွန်သင်ချက်အရ ကျောင်းသားမှကိုရင်၊ ကိုရင်မှ ရဟန်း ဖြစ်လာကြပြီး သာသနာတော်ကို စောင့်ရှောက် နေကြပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကပင်သာသနာကို လက်ဆင့်ကမ်း သယ်ဆောင်မည့်သူများကို မမှေးထုတ်နိုင်ခဲ့၍ သာသနာအဆက်ပြတ်လုနီးပါး ဖြစ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ သာသနာကို အဆက်ပြတ်မခံဘဲ သာသနာကို လက်ဆင့်ကမ်း သယ်ဆောင်မည့်ပုဂ္ဂိုလ်များ မွေးထုတ်နိုင်ရေးအတွက် ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသားမပြတ်ရန်၊ ယင်းကျောင်းသားများအား (၄)တန်း ရောက်ဆိုခွင့်ပြုရန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ကြိုးပမ်းချက်အရ ခွင့်ပြုပြီး ဖြစ်ပါသည်။ ဘုန်းတော်ကြီးကျောင်းများ၏ အခြေခံပညာ သင်ကြားနေသည့် ကျောင်းသား များအတွက် လိုအပ်နေသည့် အတန်းအလိုက် ကျောင်းသုံးစာအုပ်များ စာရေး ကိရိယာများ ရရှိရေး အတွက်– အတန်းအလိုက် ကျောင်းထွက်လက်မှတ် ပေးနိုင်ရေး အတွက် ဆောင်ရွက်ပေးရန် တာဝန်ရှိနေပါသည်။ ယင်းကိစ္စများအတွက် နိုင်ငံတော် အစိုးရသို့ မေတ္တာရပ်ခံရန် လိုအပ်ပါသည်။ အမျိုးသမီးလေးများကို အုပ်ချုပ်သည့် ပညာသင်ပေးဖို့ သီလရှင်ကျောင်းလည်း ရှိပါသည်။ ယင်းသီလရှင်အုပ်ချုပ်သည့် မူလတန်းကျောင်းမှ ကလေးများအတွက်လည်း လိုအပ်သည့် ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းထွက်လက်မှတ်ရရှိရေးအတွက် မေတ္တာရပ်ခံရန် လိုအပ်ပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းစာကို ကလေးများ နားလည်

နိုင်အောင် ပြင်ဆင် ရေးသား ရန်လည်း လိုပါသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းစာကို အလုံအလောက် ဖြန့်ဝေနိုင်ရန်လည်း လိုပါသည်၊ ယင်းကိစ္စများ အားလုံးကို ဆောင်ရွက် နိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါသည်ဘုရား။

၁၂-၇-၉၂ တတိယအကြိမ် ဆဌအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်အရှင်သူမြတ်များနှင့်တကွ ဥပတ္ထမ္ဘက တပည့်ဒါယကာအပေါင်းတို့၊ တပည့်တော်တို့သည် ကုသိုလ်နှင့် အကုသိုလ်ရောယှက်နေတဲ့ သံသရာဗုဒ္ဓက်က မရွန်းထွက်နိုင်ကြသေးပါ၊ ထိုသို့မသွက်နိုင် ဖြစ်နေရခြင်းသည်ကား မူလနှစ်မှာဖြစ်တဲ့ အဝိဇ္ဇာနှင့် တဏှာအရင်းအမြစ်လက်စတုံးမပြုတ်ကြသေးသဖြင့် ပဘဿရမိဒံဘိက္ခဝေ စိတ္တံ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ၊ ဆိုသော ဒေသနာ အတိုင်း တပည့်တော်တို့နှင့်တကွ ဒါယကာများ၏ လွန်စွာဖြူစင်ကြည်လင် နေတဲ့ စိတ်ဓာတ်ကလေးများကို အာဂန္တုက အညစ်အကြေးဖြစ်တဲ့ ပယောဂများဝင်ရောက်ပူးကပ်လာခြင်းကြောင့်ပြစ်ပါတယ်။

အဲဒီအခါမှာ ဝိမိစိတ်ဓာတ်အလိုလိုက်ပြီး ပုထုဇဉ် သဘာဝအတိုင်း မလွဲမှားသင့်သောအပြုအမူများကို လွဲမှားစွာ ပြုလုပ်မိတတ်ကြပါတယ်၊ များသောအားဖြင့်မာန်မာနကိုခုတုံးလုပ်ခါ "ငါပြောတာအဟုတ် ငါလုပ်တာအမှန် စသည်ဖြင့်လည်း အဆင့်တန်းရှိရ၊ ရှိသလောက် မာန်ခံတက်နေကြပါတယ်၊ စင်စစ်အားဖြင့် ဤအဖြစ်အပျက်များသည် တပည့်တော်တို့၏ သန့်သန့်ရှင်းရှင်းရည်မှန်းထားကြတဲ့ သာသနာတော်၏အရေးနှင့်ပဋိပက္ခ ဖြစ်သွားတတ်ကြပါတယ်၊ ဒါကြောင့်–

"အနုပုဗ္ဗေန မေဓာဝီ ထောကံ ထောကံ ခဏေ ခဏေ ကမ္မာရော ရဇတသော၊ နိဒ္ဓမေ မလမတ္တဿနော" ဟူသော ဒေသန တော်အရ မိမိသန္တာန်မှာ မစင်မကြယ် ဖြစ်၍နေသော အဇရာင်ခြယ်တက်သော အရာဌာနများကို ခဏတိုင်းခဏတိုင်း နည်းနည်း နည်းနည်းပယ်ရှားပြီး

စင်ကြယ်သန့်ရှင်းသောစိတ်ဓာတ်များဖြင့်သာသနာတော်ကြီးရဲ့အကျိုးကို သယ်ပိုးတော်မူကြပါဟုတိုက်တွန်းစကားပြောကြားရင်းနိဂုံးချုပ်ပါသည်။

၁၉-၈-၉၂ တတိယအကြိမ် သတ္တမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား— တပည့်တော်တို့တာဝန်ကျ (ပထမအဖွဲ့ခွဲ)သည် တာဝန်ထမ်းဆောင်လာသည်မှာ တတိယအကြိမ် သတ္တမအစည်းအဝေးသို့ပင် ရောက်လာပြီဖြစ်ပါသည်။ နိုင်ငံတော် သံဃမဟာနယကအဖွဲ့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် အထက်ဆုံးအဖွဲ့အစည်းဖြစ်ပါသည်။ သံဃပိတု သံဃပရိဏာယကဟူသောစကားအတိုင်းသံဃာ့ဇေယျဆောင်အဖွဲ့အစည်းကြီးဖြစ်၍ လုပ်ငန်းများကို တိတိကျကျ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်နေကြပါသည်။ အလားတူပင် ပြည်နယ်/ တိုင်း/ မြို့နယ် သံဃနာယကအဖွဲ့များကလည်း ဆောင်ရွက်နေကြပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် အထက်ဆုံးအဖွဲ့ဖြစ်သည်နှင့်အညီ အောက်ခြေအဖွဲ့အစည်းများ၏ မဆောင်ရွက်တတ်သည့် ကိစ္စမျိုးနှင့် အားနည်းချက်အမျိုးမျိုးကို အပြစ်မမြင်ဘဲ မှန်ကန်နိုင်သမျှ မှန်ကန်အောင် တည့်မတ်ဆောင်ရွက်ပေးဖို့ လိုပါသည်။ မှန်မှန် ကန်ကန် ဖြစ်အောင် ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များကိုလည်း ဂုဏ်ပြုရန်လိုပါသည်၊ အဂတိလိုက်စားသူများ စေတနာဆိုးနှင့် မှားသူများကိုလည်း တိတိကျကျအရေးယူရန်လိုပါသည်။ မှန်သူကိုအရေးယူခြင်း၊ မှားသူကိုအရေးမယူခြင်းတို့မှာ သာသနာတော်အတွက် ဂုဏ်မတက်ဘဲ ဂုဏ်ပျက်စရာသာ ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်သည် နိုင်ငံတော် အစိုးရ၏ အကူအညီကို ပြည့်ပြည့်ဝဝမရပါက တိုးတက်သင့်သလောက်မတိုးတက်နိုင်ပါ။ နိုင်ငံတော် အစိုးရက အကူ အညီ ပေးပါလျက် သာသနာ မတိုးတက်က တာဝန်ထမ်းဆောင်နေသူများ၏ ချွတ်ယွင်းချက်သာ ဖြစ်ပါသည်၊ နိုင်ငံတော်

အစိုးရက အကူအညီပေးပါလျက် အကောင်အထည်ဖော်မရသည့် မှုခင်းမျိုးလည်း ရှိပါသည်။ ပဋိပက္ခမဖြစ်ပွားဝေလိုရှိ အစိုးရကိုယ်တိုင်က စောင့်ကြည့်နေရသည့်မှုခင်းမျိုးလည်းရှိပါသည်။ယခုအခါနိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ချက်များသည်သာသနာတော်တွင်ဂုဏ်ခဆုက်နေပါသည်။အဖွဲ့၏ဆောင်ရွက်ချက်ချတ်ယှင်းကလည်း သာသနာ တည်ရပ်လုံး ဆုံးရှုံးမှု ဖြစ်သွားနိုင်သဖြင့် ယင်းကဲ့သို့ မဖြစ်အောင်ဆောင်ရွက်ကြဖို့လိုပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ရှေးသာသနာပိုင်များကဲ့သို့ စည်းမျဉ်း စည်းကမ်းများထုတ်၍ဆောင်ရွက်ဖို့လိုပါသည်၊သတ်မှတ်ဆားဝေသောစည်းမျဉ်းကိုလိုက်နာသူများလာကောင်ဆောင်ရွက်ဖို့လိုပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကိုယ်တိုင်က နမူနာပြုအပြစ်စည်းမျဉ်း စည်းကမ်းများကို လိုက်နာထိန်းသိမ်းဖို့ လိုပါသည်၊ဥပတ္ထမ္ဘကများအနေဖြင့်လည်းကံကောင်းယောက်မျှနိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် လက်တွဲ သာသနာပြုခွင့် ရနေကြပါသည်။နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ ကပ္ပိယလေးများကိုလည်း လိမ္မာယဉ်ကျေးအောင်ပြောဆိုဆုံးမပေးဖို့ နိုင်ငံတော်သံဃမဟာနာယက ၅ ဖွဲ့မှာတာဝန်ရှိပါသည်၊ ကိစ္စအားလုံးပြော နေရုံနှင့် မပြီး ကြိုးစားဆောင်ရွက်ကြရန်တိုက်တွန်း ပါသည်ဘုရား။

၂၆-၈-၉၂-တတိယအကြိမ် အဌမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား၊တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်တို့သည်သာသနာတော်သန့်ရှင်း တည်ဘံ့ပြန့်ပွားရေးကိစ္စ၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ကိစ္စများ ဆောင်ရွက်နေကြတာဖြစ်ပါသည်၊ဒီလို ဆောင်ရွက်နိုင်ခြင်းသည်လည်း နိုင်ငံတော် အစိုးရနှင့် တိုင်းသူပြည်သားများ၏ အကူအညီအတောက်အပံ့ကို ခံယူရရှိခြင်းကြောင့် ဖြစ်ပါသည်။ သာသနာရေးကိုအားပေး နေကြသော နိုင်ငံတော် အစိုးရနှင့် နိုင်ငံသူနိုင်ငံသားများအကျိုး ရှိအောင် ဆောင်ရွက် ကြဖို့ လိုပါသည်။ သာ သ နာ တော်

သန့်ရှင်းတည်တံ့ ပြန့်ပွားအောင်၊ ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရာမှာ—

ဘုရားရှင်က မဇ္ဈိမနိကာယ်၊ အာကခေါ်ယျသုတ်၌ "အာကခေါ်ယျ-စေ ဘိက္ခဝေ ဘိက္ခု" ယေသောဟုံ စီဝရပိဏ္ဍပါတသေနာသန ဂိလာန-ပစ္စယဘေသဇ္ဇပရိက္ခာရံ ပရိဘုဉ္ဇာမိ၊ တေသံ တေကာရ မဟပ္ဖလာ အာသု မဟာနိသံသာ "သီလေသ္ဝဝသပရိပူရကာရီ၊ အဋ္ဌတ္တံ ဇေတောသမထ မနုယုတ္တော အနိရုကဘဇ္ဇောနော ဝိပဿနာယ သုဉ္ဉာဂါရဂတော ဗြူဟေတာ သုညာဂါရုနံ"ဟုဟော ကြားထားခဲ့ပါသည်။ ယင်းဘုရားရှင်ဟောကြားတော်မူခဲ့သော ဒေသနာနည်းလမ်းအတိုင်း တပည့်တော်များ ကျင့်သုံးကြဖို့လိုပါသည်။ သာသနာတော် တိုးတက် ကြီးပွား အောင်ဆောင်ရွက် ရာ၌ ထမြောက် အောင်မြင်စေရန် နိုင်ငံတော် အစိုးရနှင့် ပြည်သူ့ပြည်သားများက ဆွမ်း သက်နှံးစသော ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ကူညီကြပါသည်။ ယင်းသို့ ထောက်ပံ့ကူညီမှုကို ကိုးကွယ်ကြရာ၌ တပည့်တော်များကလည်း "သီလေသ္ဝဝသ ပရိပူရကာရီ" ဆိုသည့် ဒေသနာအတိုင်း ပါတိမောက္ခ သံဝရသီလ၊ စတုပါရိသုဒ္ဓိသီလ၊ ပစ္စယ-သန္နိဿိတသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ" ဟူသော သီလများကိုဖြည့်ကျင့်ဖို့လိုပါသည်။ သီလဖြည့်ကျင့်ရန်မှာလည်း သဒ္ဓါ၊ ဝိရိယ၊ သတိ၊ ပညာ ရှိကြဖို့လို ပါသည်။ နိုင်ငံတော် အစိုးရနှင့် ပြည်သူတို့က သဒ္ဓါတရား ထက်သန်စွာဖြင့် သာသနာတော်ကို အားပေးချီးမြှောက်နေချိန် တပည့်တော်များကလည်းသဒ္ဓါ၊ဝိရိယသတိပညာတို့ဖြင့်လေးပါးသောသီလတို့ကို ဖြည့်ကျင့်ကြစေလိုပါသည်။ သို့မှသာ နိုင်ငံသူ/နိုင်ငံသားတို့ သာသနာတော်အတွက် အဖက်ဖက်မှ ကူညီပံ့ပိုးပေးနေမှုနှင့် တပည့်တော်တို့၏ အားထုတ်နေမှုသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် ထွန်းကားပြန့်ပွားရေး လုပ်ငန်းများကို အောင်မြင်စေနိုင်မှာဖြစ်ပါသည်။ "သီလေသ္ဝဝသ ပရိပူရကာရီ" ဒေသနာအတိုင်း သဒ္ဓါ ဝိရိယ သတိ

ပညာဖြင့် သီလတို့ကို ကောင်းစွာဖြည့်ကျင့် အားထုတ်ကြပါဟု ဩဝါဒ ကထာ မိန့်ကြားတော်မူပါသည်။

၂-၉-၉၂ တတိယအကြိမ် နဝမအစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား–သာဝ ဟတိဆရာတော်၏ ဩဝါဒကထာများသည် ထပ်နေပါသည်။ ယင်းကဲ့သို့ ထပ်နေခြင်းသည် မသင့်မြတ်၍ ထပ်နေခြင်းမျိုးသာ ဖြစ်ပါသည်။ တရားဓမ္မများကိုလည်း ဘာဝစရိုမလို မိမိတို့၏လုပ်ငန်းများ ဆက်လက်တည်တံ့အောင်မြင်အောင် လမ်းညွှန်ပေးရသည့် ဩဝါဒများသာ ဖြစ်ရပါမည်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး သာသနာတော်ထွန်းကားပြန့်ပွားရေး ကိစ္စများကို ဆောင်ရွက်နေပါသည်။ နိုင်ငံတော် အစိုးရကလည်း သာသနာရေး အားပေးသောအားဖြင့် သာသနာရေးဦးစီးဌာနအပြင် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနပင် ထပ်မံ တိုးခဲ့ ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် တာဝန်များကိုဆောင်ရွက်ရာ၌ လုပ်ငန်းများ အောင်မြင်သင့်သလောက် အောင်မြင်သော်-လည်း မအောင်မြင်သောလုပ်ငန်းများ များနေသည်ကို တွေ့ရပါသည်။ သာသနာတော် သန့်ရှင်းခြင်း၊ သာသနာတော်မသန့်ရှင်းခြင်း၊ သာသ-နာတော်တည်ခြင်း–မတည်ခြင်း အကြောင်းရင်းများကို ဘုရားရှင်ခဲ့ခြား ဟောတော်မူပြီး ဖြစ်ပါသည်။ ယင်းသာသနာကော် ဟရှည်ဘည်တံ့ရေး အတွက် "ပရိယတ္တိယေဝ သာသနဿ မူလံ" ဟူသော စကားအတိုင်း ပရိယတ္တိသည်သာ သာသနာတော်၏ အရင်းအမြစ် ဖြစ်ပါသည်၊ ယခု ကျင်းပနေသော နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲသည် သာသနာ-တော် သန့်ရှင်းတည်တံ့ ပြန့်ပွားခြင်း၏ အခြေခံအကြောင်းရင်း တစ်-ရပ်ဖြစ်ပါသည်။ ပရိယတ္တိ ထွန်းကားလေလေ သာသနာတော် သန့်ရှင်း တည်တံ့လေလေဖြစ်ပါသည်။ ပရိယတ္တိသာသနာတော် အဆက်မပြတ်

အောင်ပို့ချသင်ကြားပေးမည့်ပုဂ္ဂိုလ်များ လိုအပ်နေပါသည်။ ထို့ကြောင့် သာသနာတော် အရှည်တည်တံ့ရေးအတွက် နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲကြီး တိုးတက် ကြီးပွားအောင် အားထုတ် ဆောင်ရွက်ကြ ပါရန် တိုက်တွန်းပါသည်ဘုရား။

၉၉-၉၂ တတိယအကြိမ် ဒသမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား၊ ယနေ့အစည်းအဝေးသည် တပည့်တော်တို့တာဝန်ကျ ပထမအဖွဲ့ခွဲ၏ တတိယအကြိမ် ဒသမအစည်းအဝေး ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည်ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက ချမှတ်ထားသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးမူနှင့် အညီ မိမိတို့ဆောင်ရွက်မည့် လုပ်ငန်း များကို ယခင်လမ်းညွှန်နေကျ အတိုင်း ထမြောက်အောင်မြင်အောင် သတိ၊ ဝီရိယ၊ ဉာဏ်ပညာတို့ဖြင့် ဆောင်ရွက်ကြပါဟု တိုက်တွန်းပါသည်ဘုရား။

၁၆.၉-၉၂ တတိယအကြိမ် ကောဒသမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား တပည့်-တော်များ အဖွဲ့သည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်နေတာ ဖြစ်ပါသည်။ ယင်းကဲ့သို့ဆောင်ရွက်ကြရာမှာ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော်၏ မိုခိုအားထားရာအဖွဲ့ကြီး ဖြစ်ပါသည်၊ လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရာ၌ အထူးသတိထား ဆောင်ရွက်ဖို့လိုပါသည်။ ပြုလုပ်ဆောင်ရွက်ရသော လုပ်ငန်းများ၌—

> "ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော မမ် နာတိဝတ္တတိ၊
> အာပူရတိ ယသေသောတသာ၊ သုက္ကပက္ခေ၀ စန္ဒိမာ"

(ဝိ၊၅၊၂၉၆)၌ ဟောကြားထားသော ဒေသနာတော်အတိုင်း ဆန္ဒာဂတိ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိ၊ အဂတိတရားလေးပါး မလိုက်စားဘဲ ပြုလုပ်ကြဖို့ လိုပါသည်။ အကယ်၍မျှား တစ်ပါးသူများက အဂတိတရား(၄)ပါးလိုက်စားမိတဲ့ အရိပ်အရောင်များ မြင်ရလျှင် တပည့်တော်များ အဖွဲ့ကို ကဲ့ရဲ့စဉ်စဲ့ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် အဂတိတရား(၄)ပါး ကင်းနိုင်သမျှကင်းအောင်လုပ်ကြပါ ဆောရွက်ကြပါဟု ကိုယ်တွန်းစကားမိန့်ကြားတော်မူပါသည်။

၂၁-၉-၉၂ တတိယအကြိမ် ဒုါဒသမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယက အမှုဝင် အရှင်သူမြတ်တို့ဘုရား- တပည့်တော်များအမှုသည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး လုပ်ငန်းကိစ္စများ ဆောင်ရွက်နေရတာဖြစ်ပါသည်။ ဒုတိယ(၅)နှစ်ပြည့်လို့ တတိယအကြိမ် သက်-တမ်းသို့ ရောက်လာခြင်း ဖြစ်ပါသည်။ လက်ရှိအခြေအနေအရ သာသ-နာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ပါသည်။

အရှည်တည်တံ့ဖို့ တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယက အမှုကြီးက အသက်မပြတ် ဆောင်ရွက်ကြဖို့လိုပါသည်။ ရှေးရှေးသော သာသနာပြုဆရာတော်ကြီးများ လက်ထက်ကစ၍ လက်ဆင့်ကမ်း သာသနာပြုလာကြတာ တပည့်တော်များလက်ထက်တိုင် ထိန်းသိမ်းလာခြင်းဖြစ်ပါသည်။ တပည့်တော်များ အစဉ်မပြတ် ထိန်းသိမ်းနိုင်ခြင်းသည်လည်း ဒါယကာများ ပစ္စည်းလေးပါး ထောက်ပံ့ပေးမှုကြောင့်ဖြစ်ပါသည်။ တပည့်တော်များ လက်ဆင့်ကမ်းထမ်းဆောင်နိုင်ခြင်းသည် ဟိုရှေးရှေးဘုန်းတော်ကြီးကျောင်းများ ပညာသင်ကြားရေးကြောင့် ဖြစ်ပါသည်။ တောလက်ကျေးရွာများ၌ သစ္စာသနာပြုလုပ်ငန်းများကိုဆောင်ရွက်

ရုတ္တင် ဘုန်းတော်ကြီးကျောင်းမျှားခ္ခ် ပညာသင်ကြားရေးစနစ်သည် အဓိကကျနေပါသည်၊ ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းမျှားခ္ခ် ပညာသင်ကြားရေးကို အထူးတိုးတက်လာအောင် အားပေးချီးမြှင့်တိုက်တွန်းပေးကြပါဟု တိုက်တွန်းစကားမိန့်ကြားတော်မူပါသည်။

၃၀-၉-၉၂-တတိယအကြိမ် တေရသမ အစည်းအဝေး ' သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အရှင်သူမြတ်ကျိုဘုရား-တပည့်တော်များအနေဖြင့် မဟာနာယကအဖွဲ့ကြီးကို(၃)ဖွဲ့ခွဲပြီးသာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးနှင့် သာသနာ့တော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေရာတာဖြစ်ပါသည်။ ယင်း(၃)ဖွဲ့တွင် ကပည့်တော်များ ပထမအဖွဲ့ခွဲကနေဖြင့် လုပ်ငန်းကိစ္စများကို တိုတိုကျကျ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြဖို့လိုပါသည်။ ပြီးစီးအောင်မြင်အောင်လည်း လုပ်ကြဖို့လိုပါသည်။ နောက်ပိုင်းအချိန်ကာလအနာဂတ် သာသနာတွင်ကလေး သူငယ်များစာသင်လိုစိတ်ရှိအောင် စိမ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ယင်းကိစ္စကိုလည်း စိမ် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပေးကြဖို့လိုပါသည်။ ကျွန်ရှိသောကိစ္စရပ်များကို ပြီးစီးအောင်ဆောင်ရွက်ကြဖို့ နှင့် ပြည်နယ်/တိုင်းများသို့ ကွင်းဆင်းဆွေးနွေးကြတဲ့အခါ သာသနာ့အတွက် စည်းရုံးရေးသဏ္ဌာန်ဆောင်ရွက်ကြရန်လိုပါသည်၊သာသနာတော်အတွက် ပြည်တွင်းကိစ္စများကို အတတ်နိုင်ဆုံး ဖြေရှင်း ဆောင်ရွက်ကြစေရန်လိုအပ်ပါသည်။ပြည်နယ်/တိုင်းများသို့ သွားရောက်တဲ့အခါမေးမြန်းသောကိစ္စရပ်များကိုလည်း အကတ်နိုင်ဆုံးပြန်လည်ဖြေရှင်း ဝေးကြဖို့နှင့် ဘုန်းကြီးကျောင်းများ ပညာသင်ကြားရေး ရည်ရွယ်ချက်ကိုလည်း တိုက်တွန်းပေးကြစေလိုပါသည်။ အမျှားအားဖြင့် ဘုန်းကြီးကျောင်း ပညာသင်ကြားရေးသည် တပည့်ကျောင်းသားများ တိုးပွားလာဖို့နှင့်

သာသနာ့ဒါယကာများဖြစ်ပြီးသဒ္ဓါတရား တိုးပွားပြီး သာသနာအတွက် အားပေးကူညီနိုင်သူများ ဖြစ်လာမည်ဖြစ်သည်။

အနာဂတ်သာသနာမှာဆက်လက်ထမ်းဆောင်နိုင်ကြရန် သာသနာနှင့် မကွာဝေးအောင် စည်းရုံးသင်္ဂြာန် သတိထား ဆောင်ရွက်ကြပါဟု တိုက်တွန်းစကားမိန့်ကြားတော်မူပါသည်။

၇-၁၀-၉၂ တတိယအကြိမ် စုဒ္ဓသမ ဒေစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား-
တပည့်တော်များ အလှည့်ကျ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် ကိစ္စအဝဝကို ဝိနည်းဓမ္မက် လုပ်ထုံးလုပ်နည်း၊ သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ တို့နှင့်အညီ အမှား အယွင်းမရှိရအောင် ဆောင်ရွက်ကြဖို့ လိုပါသည်။

ထို့ပြင် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး ကိစ္စရပ်များကို ပြည်နယ်/တိုင်းဂိုဏ်းပေါင်းစုံ သံဃနာယက ဆရာတော်များနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ပြည်နယ်/တိုင်း ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့များ ကလည်း ဆက်လက်ပြီး ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ဘုန်းတော်ကြီးကျောင်း များကို အတန်းပညာ ဆိုင်ရာသင်ခန်းစာများကို မပျက်မကွက်သင်ယူကြရမည် ဖြစ်ပါသည်။

ယင်းသို့သင်ကြားရာ၌ ဗုဒ္ဓစာပေကိုလည်း မပျက်မကွက်သင်ကြား ပေးဖို့နှင့် ကလေးသူငယ်များ သန္တာန်၌ ဗုဒ္ဓစာပေ ကိန်းအောင်းစေဖို့ ဖြစ်ပါသည်။ ရှေးရိုးအစဉ်အလာအရ လုပ်ခဲ့သော ဗုဒ္ဓဘာသာ ယဉ်ကျေး မှုသင်ခန်းစာကိုလည်း ခေတ်နှင့်အညီ ပြုပြင် ပြောင်းလဲ ရေးသားပြီး (၄၇) ပါးစုံညီ အစည်းအဝေး တင်ပြ ဆောင်ရွက်ကြပါဟု တိုက်တွန်း စကား မိန့်ကြားတော်မူပါသည်။

၂၁-၁၀-၉၂ တတိယအကြိမ် ပန္နရသမ အစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား-ယခုအပတ် အစည်းအဝေးသည်(၁၅)ကြိမ်မြောက် အစည်းအဝေး ဖြစ်ပါသည်။ အစီအစဉ် မျှားနေသဖြင့် ဩဝါဒကထာ အကျယ်မပြောကြားလိုပါ၊ လုပ်ငန်းကိစ္စ မျှားကိုသာ လုပ်တုံးလုပ်နည်း မျှားနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန် ဖြစ်အောင် ဆောင်ရွက်ကြပါဟု တိုက်တွန်းစကားမိန့်ကြားတော်မူပါသည်။

၂၁-၁၀-၉၂ တတိယအကြိမ် သောဋသမ အစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကက အဖွဲ့ဝင် အရှင်မြတ်များနှင့် ဥပဇ္ဈာယ်ကာ ဒါယကာ အပေါင်းတို့ ဤနေ့ အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပဏာမအဖွဲ့ခွဲ) ၏ တတိယအကြိမ် သောဋသမ နောက်ဆုံး အစည်းအဝေး ဖြစ်ပါသည်၊ တပည့်တော်မျှားကိုယ်စားပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ဆုံးဖြတ်ချက်မျှားအရ လုပ်ငန်းကိစ္စများကို ဆောင်ရွက်လာခဲ့သည်မှာ ၁၂-နှစ်ကျော်၍ ၁၃-နှစ်နီးပါးခန့်လ ဖြစ်ပါသည်။

ဤကဲ့သို့ ဘာသာ သာသနာကို အားပေးချီးမြှောက်သောမင်းများ လက်ထက်ဖြစ်၍သာ ကိုယ်ပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ လုပ်ငန်းကိစ္စများ အောင်အောင်မြင်မြင်ဖြင့် သာသနာ့ရေး၊ ပညာရေး၊ ဝိနိစ္ဆယရေးရာ ကိစ္စများ လုပ်ဆောင်နိုင်ခြင်း ဖြစ်ပါသည်။ တပည့်တော်မျှား ချင်းပြည်နယ်သို့ ခရီးသွားတဲ့အခါ ဘဲဖက်မှ ဘာသာဝင်များ တိုးတက်ပြီး ပိမိတို့ ဗုဒ္ဓဘာသာဝင်များ တိုးတက်မှု နည်းပါးနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ချင်းပြည်နယ်၊ မရိုင်ပြည်နယ် မောင်တောတို့၌ လူဦးရေ(၁၀၀)လောက်တွင် ဗုဒ္ဓဘာသာဝင်(၈)ယောက်လောက်သာ ရှိကြောင်းသိရှိခဲ့ရပါသည်။ အခြားဘာသာဝင်များ၊ လောက် တိုးတက်မှုမရှိပါဘုရား။

ထို့ကြောင့် ယခုအခါ နိုင်ငံတော်အစိုးရသည် ဘာသာ၊ သာသနာကို အားပေးဆောင်ရွက်နေချိန် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာအောင် ရဟန်းတော်များက အကောင်အထည် ဖော်ပို့ ပိုမို လိုအင်ပါသည်။ ပလမ်း၊ မင်းတပ်မြို့စသည်မြို့နယ်များတွင် "ဇီးစေ့နှင့်မြင်းမိုရ်တောင် ပုံနှိုင်းသလို"ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ မျှားစွာအားနည်း နေပါသည်။ ဗုဒ္ဓဘာသာဝင် အဆောက်အအုံ ဘုန်းကြီးကျောင်းများ ကောင်းအောင် ပြုပြင်ဘို့ လိုအပ်နေကြောင်း၊ သက်ဆိုင်ရာ ဟုဂ္ဂိုလ်များကလည်း "ရေများရာ မိုးရွာ"ဆိုသကဲ့သို့ မပြုလုပ်ကြပဲ ထိုဒေသများ၌ ကျောင်းကန် အဆောက်အအုံများ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ဆောက်ပေးဘို့ လိုအပ်နေကြောင်း သတိပေးပြောကြားလိုပါသည်။ မိမိကိုယ်ကို ချစ်ကြလျှင် ကုသိုလ်ရေးကို နှစ်နှစ်ကာကာ ဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကား မိန့်ကြားတော်မူပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၄၇-ပါးစုံညီ နဝမအစည်းအဝေး သဘာပတိ

အဘိဓဇမဟာရဋ္ဌဂုရု

ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်

ဘဒ္ဒန္တဓမ္မနန္ဒာဝရာဘိ

သြဝါဒကထာ

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား—

ယနေ့ ၁၃၇၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်နေ့သည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ နဝမအစည်းအဝေး ကျင်းပသောနေ့ ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်မျ ားသည် သာသနာပြု စိတ်ဓာတ်အပြည့်အဝဖြင့် ဤအစည်းအဝေးသို့ စုံညီစွာ ကြွရောက် ချီးမြှောက်တော်မူလာကြပေသည်ဟု တပည့်တော်အနေဖြင့် ဝမ်းမြောက် ဝမ်းသာ မှတ်ယူပါကြောင်း ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ပထမအကြိမ် သက်တမ်းမှ တတိယအကြိမ်သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်၍ အတွေ့အကြုံများ ရင့်ကျက်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း

တွေ့ရှိရပါသည်ဘုရား။ သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များသည် တစ်ပြည်လုံး အတိုင်းအတာအရဆိုလျှင် အလွန်များပြားကြောင်း အမှဲ့ဝင်ငှိုင်း အားလုံး သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။ ထိုများပြားသော လုပ်ငန်းဆောင်ရွက်ချက်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် မိမိတို့ဆောင်ရွက်ချက်များအပေါ် ခွဲ အောင်မြင်မှု၊ အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု စသည်များကိုလည်း ကာလသုံးပါးကို ကြည့်ပြီး ပြန်လည် လေ့လာသုံးသပ်ဖို့ လိုပါသည်ဘုရား။ မိမိတို့ အောင်မြင်မှုအပေါ် ခွဲသာ ဂုဏ်ယူနေပြီး အားနည်းမှု၊ ချွတ်ချော်မှု၊ လျော့ရဲမှု၊ စသည်များကိုမူ လျစ်လျူ။ ရှုရှု မနေသင့်ပါကြောင်း သတ်ပြုကြစေလိုပါသည်ဘုရား။ တပည့်တော်တို့ သံဃာ့အမှဲ့အစည်းဝင် ပုဂ္ဂိုလ်များသည် လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်လာပါလျှင် တာဝန်ကို လိုလားစွာ မျှော်လင့်တောင့်တနေသူများ ဖြစ်ကြရပါမည်ဘုရား။ သို့မှသာလျှင် မိမိတို့၏ သာသနာပြုလုပ်ငန်းများ အစ, အလယ်, အဆုံး အောင်မြင်မည်ဖြစ်ပြီး တပည့်တော်တို့၏ သာသနာ သန့်ရှင်း တည်တံ့ထွန်းကား ပြန့်ပွားရေး ဦးတည်ချက်သည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်ဘုရား။

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား–

တပည့်ဘော်တို့ သံဃနာယကအဖွဲ့ အသီးသီးတို့သည် အလုပ်လုပ်သော အဖွဲ့များဖြစ်သည့် အားလျော်စွာ တိုးတက်နေသော အသစ်အသစ် လုပ်ငန်းများကိုလည်း မျက်ခြည်ပြတ်မခံဖို့ လိုပါသည်ဘုရား။ ထိုထို တိုးတက်လာသော လုပ်ငန်းများအနက် အထူးအာဝဇ္ဇ လျှောက်ထား ရပါလျှင် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးလုပ်ငန်းသည် (၁၁၀၊၃၂)မှစ၍ တစ်ဖန် အသက်ဝင်လာခဲ့ပါသည်ဘုရား၊ ဤလုပ်ငန်းသည် ကြီးလေးသော လုပ်ငန်းတစ်ခုဖြစ်သော်လည်း တပည့်တော်တို့၏ အနာဂတ်သာသနာတော်အတွက် အထူးကျေးဇူးများသော လုပ်ငန်းဖြစ်ပါသည်ဘုရား။ တပည့်တော်တို့သည် သာသနာတော်မြတ်ကြီး အခွန်

ရှည်စွာ တိုးတက်ကြီးပွားစေလိုပါလျှင် သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားနှင့်ယှဉ်သောလောက၏အကျိုးစီးပွားကိုလည်း စရိယတရား (၃)ပါးနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆရာတော်များအားလုံး သိရှိတော်မူပြီး ဖြန့်ပါသည်ဘုရား။ သိဂါလသုတ်တော်လာ ရဟန်းတော်များ၏ ကျင့်ဝတ်အရ လျှောက်ထားရပါလျှင်လည်း တပည့်တော်တို့ဖက်က လောကသားများအပေါ် လူ နတ် နိဗ္ဗာန် သုံးတန်သော အကျိုးစီးပွား ရရှိစေရေးအတွက် တာဝန်ကျေဖို့ လိုပါသည်ဘုရား။ ထိုကြောင့် တပည့်တော်တို့ သံဃနာယကအဖွဲ့များနှင့် အဖွဲ့အစည်းဝင်များသည် သာသနာတော်အကျိုးနှင့် လောကအကျိုးကို ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ရန် မဖြစ်မနေ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် မိမိတို့အပေါ် ကျရောက်လာသော တာဝန်အသီးသီးနှင့် စပ်လျဉ်းရှိ "ငါ့အား သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခွင့်ပေးခြင်းဖြစ်သည်"ဟု သဘောထားတော်မူကြပြီး သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိကို စောင်းကြိုးညှိသကဲ့သို့ ညီအောင်ညှိ၍ ဆောင်ရွက်တော်မူကြပါလျှင် မုခ္ဂုအောင်မြင်မည်သာ ဖြစ်ပါကြောင်း လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်ပါသည်ဘုရား။

(ဘဒ္ဒန္တဥာဏဝရာစရ)
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတက
ဥက္ကဋ္ဌဆရာတော်

နေ့စွဲ၊ ၁၄၅၄.ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်၊
(၁၉၉၂.ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) ကြာသပတေးနေ့။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယဥက္ကဋ္ဌ သာဘာပတိဆရာတော် ဘဒ္ဒန္တခေမာဝုဝ (အဘိဝံသမဟာရဋ္ဌဂုရု)၏

ဩဝါဒကထာများ

၂၅-၁၁-၉၂ တတိယအကြိမ် ဒုတိယအဝည်းအဝေး ဩဝါဒကထာ

ရှင်ရှင်လူလူဟူဟူသမျှတို့သည် မိမိတို့၏ အလုပ်ကိစ္စတာဝန်များကို ဆောင်ရွက်ကြရာ၌အရေးအကြီးဆုံးဖြစ်သော တရားသည်သတိတရားပင် ဖြစ်ပေလည်။ ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်အမူအရာဖြင့်ဖြစ်စေ စိတ်ဖြင့် ဖြစ်စေ ပြူလုပ် ပြောဆိုကြံစည်စရာတို့ပေါင် မည်သည့်အခါတွင်မဆို သတိ မထားကြပါက မိုက်ရိုလိုအပ်သည့်အတိုင်း ပြီးစီးရန် မလွယ်ကူလှပေ၊ အရာရာသောကိစ္စ၌ သတိအရေးကြီးကြောင်းကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "သတိ ခ္ဓာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကं ဝဒါမိ" ဟုဟောတော်မူပါသည်။ ဘိက္ခဝေ၊ရဟန်းတို့။ "သတိ ခေါ၊သတိကို သားလျှင်။သဗ္ဗတ္ထိကံ၊ အလုံးစုံသော အရာ၌ အ ကျိုးရှိ၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

သို့ပါသောကြောင့် တပည့်တော်တို့ အရှင်ဘုရားတို့ ယခုအခါ အကြောင်းအားလျှော်စွာ အရေးကြီးသော သာသနာ့ရေးကိစ္စတို့ကို ဆောင်ရွက်တော်မူကြရာ၌ သတိတရားကိုရှေထား၍ လေးလေးနက်နက် ဆောင်ရွက်တော်မူကြပါရန် တင်ပြလျှောက်ထားပါသည် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရားဟု မိန့်ကြားတော်မူပါသည်။

၂-၁၂-၉၃ တတိယအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

လောကဌ် သတ္တဝါမှန်သမျှတို့သည် မိမိတို့၏ကိစ္စများကို ဆောင်ရွက်နေကြသည်သာလျှင် ဖြစ်သည်။ ဤကဲ့သို့ ဆောင်ရွက် နေကြရာဌ် ဆောင်ရွက်နိုင်သော ကိစ္စအားလုံးတို့သည် ကောင်းသောကိစ္စချည်းဟု မဆိုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကိစ္စအပေါ်ဌ် ပြုလုပ်ထားသော ပုဂ္ဂိုလ်၏စဉ်းစားတွေးခေါ်မှုတိုင်းသာ ပြီးဆုံးကြသည်ဖြစ်သောကြောင့် အကောင်းချည်းဟု မဆိုနိုင်ပါ၊ စဉ်းဇဉ်းစားစား နှိုင်းနှိုင်းချိန်ချိန်ကြံကြံ စည်စည်ပြုလုပ်သော ကိစ္စများသာ များသောအားဖြင့် ကောင်းမွန်စွာ ပြီးသောကိစ္စဟု ဆိုရပေမည်။ သို့ပါသောကြောင့် ရှေးပညာရှိကြီးများက "ကိစ္စတိုင်းပင်၊မဆင်ခြင်ဘဲ၊ ပြုလျှင်မကောင်း၊ ပျက်စီးကြောင်းတည်း၊ မိကျောင်းကြည်းတင်၊ တောဆင်ညွှန်နစ်၊ခေတ်မဟုတ်ရာ၊ မလိမ္မာဘူး၊ ဝါသနာအား၊ လေ့လာမျှား၍၊ လိုက်စားရာက၊အပြစ်ရ၏"ဟု မိန့်ဆိုခဲ့ကြ ပါသည်။

ဤဆောင်ပုဒ်နှင့်အညီအမှုမဲ့အမှုတ်မဲ့မစဉ်းမစား ပြုလုပ်နေပါက မိမိတို့၏ဝါသနာအားလျှော့စွာသာ ပြီးကြပါသည်။ ဝါသနာဟူသည်ကောင်းသောဝါသနာ မကောင်းသောဝါသနာဟု နှစ်မျိုးရှိသဖြင့် ကောင်းသော ဝါသနာအလိုက်ပြီးမြောက်လျှင် ကောင်းသော အမှုကိစ္စဖြစ်နိုင်သလို မကောင်းသော အလိုဆန္ဒလိုက်၍ ပြီးမြောက်လျှင်ကား မကောင်းသော အမှုပင် ဖြစ်ပါသည်။ သို့ပါသောကျောင့် မည်သည့် အမှုကိစ္စမဆို လေးလေးစားစားကြံကြံစည်စည် စဉ်းစဉ်းစားစား ပြုလုပ်ဆောင်ရွက်ကြမှသာ ကောင်းမြတ်သော အမှုကိစ္စများ ဖြစ်ပေါ် လာမည်ကို သတိပေးစကား ပြောကြားပါသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရားဟု မိန့်ကြားတော်မူပါသည်။

၉-၁၂-၉၂ တတိယအကြိမ် စတုတ္ထအစည်းအဝေး သြဝါဒကထာ

ဒီနေ့အစည်းအဝေး အစီအစဉ်မှာကိစ္စ၊ ကိစ္စလို့ ကိစ္စတွေများစွာ ပါပါတယ်၊ အဝယ် ကာတမ့် ကိစ္စ၊ အဝယ်-မချတ်မယှင်း၊ ကာတမ့်-

ပြုအပ်၏၊ ဤတိတ္ထသွာ-ထို့ကြောင့်၊ ကိစ္စ-ကိစ္စမည်၏၊ ကိစ္စဆိုတာ မချတ်မယှင်း ဆောင်ရွက်ရမည့်အမှုကို ကစ္စလို့ခေါ်ပါတယ်၊ ဤတရုံ ကရဏီယံ၊ ဤတရုံ-ဤမှတပါးသောအမှုသည်၊ ကရဏီယံ-ပြုအပ်သော အမှုမည်၏၊ ကိစ္စမှတပါး ကရဏီယသည်ကား အလျှင်းသင့်လျှင် ပြုရမည့် အမှုမျှားဖြစ်ပါတယ်၊ ဒီနေ့ကိစ္စမျှားဟာ မချတ်ပြုရမည့်အမှုကိစ္စမျှားသာ ဖြစ်ပါတယ်။

ရှေးပညာရှိမျှားက၊

"ကိစ္စတိုင်းပင်၊ မဆင်ခြင်ဘဲ၊ ပြုလျှင်မကောင်း၊ ပျက်စီး ကြောင်းတည်း၊ မိကျောင်းကြည်းတင်၊ တောဆင်ညှန်နစ်၊ ခေတ်မဟုတ်ထု-မလိမ္မာဘူး၊ ဝါသနာကား၊ လေ့လာမျှား၍၊ လုံ့လစားရုက၊ အပြစ်ရ၏-ဟု မိန့်ဆိုခဲ့ကြပါတယ်။

ကိစ္စတိုင်းမှာ မဆင်မခြင်ပြုလုပ်မိလျှင် ရေမှာနေသည့်မိကျောင်း သတ္တဝါသည် ကြည်းကုန်းထက် တက်မ်ပြီး ဆင်းရဲဒုက္ခရောက်ရသည့် ထုံးမျှား၊ တောင်ကျွမ်းကျင်သည့် ဆင်ကြီးသည်ပင် ရှဉ့်ညှန်နစ်၍ ဆင်းရဲ ဒုက္ခ ရောက်ရသည့်ထုံးမျှား ရှိခဲ့ပါတယ်၊ လိမ္မာပါးနပ်မှုမရှိ၊ မိမိဝါသနာ နှင့် အလေ့အလာတို့ကို ဦးစားပေး လိုက်စားမှုကြောင့် ဖြစ်ကြရသည့် အခြေအနေမျိုးဖြစ်ပါတယ်။

ကိစ္စကိုဆောင်ရွက်နေတဲ့ နေရာမှာ လောဘစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက် စသည်ဖြင့် ကိုယ့်ဝါသနာ စရိုက်အားလျှော်စွာ အတိတရုံး လိုက်စားမှုမျှား ဖြစ်တတ်ပါတယ်၊ သဒ္ဓါစရိုက်ရှိသူကလဲ သဒ္ဓါတရုံး အားကောင်းသလောက် သဒ္ဓါထက်သန်စွာ ဆောင်ရွက်တတ်ပါတယ်၊ ဇွဲကြိုးလားတဲ့အမှုကိစ္စကို စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင် ပြုလုပ်ကြ ပါရဲ့နဲ့ သတိပေးစကား ပြောကြားပါသည် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် အရှင်တို့ဘုရားဟု တိုက်တွန်းစကား မိန့်ကြားတော်မူပါ သည်။

၁၆-၁၂-၉၂ တတိယအကြိမ် ပဠမအစည်းအဝေး ဩဝါဒကထာ

ဒီနေ့အစည်းအဝေးမှာ သတိပေးစကား ပြောကြားလိုတာကတော့ ပုပ္ပရ္ရ မြင်သမျှသတ္တဝါ[1]တွေဟာ ကိုယ်စီကိုယ်စီ ကိုယ့်ကိစ္စ၊ ကိုယ့်လုပ်ငန်းမျှားလို ဆောင်ရွက်နေကြပါတယ်၊ အဲဒီလို လုပ်ကိုင်တဲ့နေရာမှာ ဖြစ်ပေါ်လာသမျှ အမှုကိစ္စတွေကို အသိဉာဏ်နှင့်ယှဉ်၍ အားထုတ်လုပ်ကိုင်မှသာ ၄နှစ်ကန်မည်ဖြစ်ပါတယ်၊ အသိဉာဏ်ဆိုတဲ့နေရာမှာ သိတိုင်း၊ အသိဉာဏ်ဟု မဆိုနိုင်ပါ၊ အကုသိုလ်မလ အလုပ်ကိစ္စတွေကို သိတဲ့အသိဟာ မောဟသာဖြစ်ပါတယ် "ပါပကြိယေသု ဥပါယစိန္တာ" ပါပကြိယေသု=မကောင်းသောနေရာတို့၌၊ ဥပါယစိန္တာ=အကြောင်းကို ကြံဆ၍သိခြင်းသည်။ မောဟော=မေဟမည်၏၊ သူခိုးသည် အိမ်တံခါး ခြံတံခါးမျှား ပွင့်အောင် ဆောင်ရွက်နိုင်သည့် အသိဉာဏ်မျှား ရှိပါတယ်၊ ထိုအသိမျှားဟာ အသိဉာဏ်ပညာ မဟုတ်ဘဲ အကုသိုလ်အရာ ဖြစ်သော ကြောင့် မောဟသာလျှင် ဖြစ်ပါတယ်၊ မကောင်းတဲ့ နေရာမှာ သိတဲ့ မောဟဟာ အဝိဇ္ဇာဘဲ ဖြစ်ပါတယ်၊ "ပညာပဒ္ဒီရူပကေန မောဟော ဝဇ္ဇေတိ" ပညာ ပဒ္ဒီရူပကေန=ပညာယောင်ဆောင်သဖြင့် မောဟသည် လှည့်ပတ်တတ်၏ ဟုဆိုခြင်း ဖြစ်ပါတယ်၊ ယခုတပည့်တော်မျှား ဆောင်ရွက်နေတဲ့ အလုပ်တွေဟာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စမျှား ဆောင်ရွက်နေတာဖြစ်လို့ ကောင်းတဲ့ ကုသိုလ်အလုပ်မျှားသာ ဖြစ်ပါတယ်။ မှားနေတာကို မှန်အောင်လုပ်ရပါမယ်၊ မှန်နေတာကို မှားအောင်ပြုလုပ်မိလျှင် ဆွမ်းဆန်ထဲ ကြွက်ချေးရော ဆိုတာဖြစ်လာပါလိမ့်မယ်၊ ဆွမ်းဆန်ထဲ ကြွက်ချေး မရောက်ပါရအောင် တိတိကျကျ မှန်မှန်ကန်ကန် သတိရှိရှိ နဲ့ ဆောင်ရွက်တော်မူကြပါရန် သတိပေးစကား ပြောကြားပါသည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အရှင်တို့ ဘုရား ဟု မိန့်ကြားတော်မူပါသည်၊

၂၃-၁၂-၉၂တတိယဘကြိမ် ဆဋ္ဌ အစည်းအဝေ. သြဝါဒကထာ

အစည်းအဝေးတိုင်းမှာ သြဝါဒကထာ မြှက်ကြားလာခဲ့တာအတော်လေး များနေပါပြီ၊ ဒီနေ့အစည်းအဝေးမှာ သြဝါဒကထာ ပြောကြားလိုတာ ကတော့ ဂ်စ်စုတစ်ခု အရေးကြုံလာတဲ့အခါမှာ စဉ်းစဉ်းစားစားနှိုင်းနှိုင်း ချိန်ချိန်ပြုလုပ်ဖို့ပါဘဲ၊ မသင့်မတင့်တဲ့အလုပ်ကိစ္စတွေကို ပြုလုပ်တာနဲ့ပတ်သက်လို့ဥပါလိသူကြွယ်က မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက "အနုဝိဇ္ဇကာရုံခေါ် ဂဟပတိ ကရောဟိ၊ အနုဝိဇ္ဇကာရော တုမှာဒိသာနံ ဥတမနုဿာနံ သာဓု ဟောတိ"

ဂဟတိ၊သူကြွယ်။အနုဝိဇ္ဇကာရုံ၊ စူးစမ်းဆင်ခြင်၍ပြုခြင်းကို၊ကရေဟိ၊ ပြုလော၊ အနုဝိဇ္ဇကာရော၊ စူးစမ်းဆင်ခြင်၍ ပြုခြင်းသည်၊တုမှာဒိသာနံ၊ သင်တို့ကဲ့သို့ သဘောရှိသော။ ဥတမနုဿာနံ၊ ထင်ရှားသော ပုဂ္ဂိုလ်တို့အား၊ သာဓု၊ ကောင်းသည်။ ဟောတိ၊ ဖြစ်၏၊ လို့ဟောကြားတော်မူခဲ့ပါတယ်။ ထင်ရှားတဲ့ ပုဂ္ဂိုလ်များနဲ့ မထင်ရှားတဲ့ ပုဂ္ဂိုလ်များရဲ့ ဆောင်ရွက်ချက်ဟာ မတူပါဘူး၊ မထင်ရှားတဲ့ပုဂ္ဂိုလ်များ အလုပ်ကိစ္စ ပြုလုပ်ရာမှာ မှားသွားသော်လည်း ထိုအမှားဟာ ထင်ရှားမှုမရှိပါ၊ ထင်ရှားတဲ့ပုဂ္ဂိုလ်များ ဆောင်ရွက်ချက် မှားသွားရင် ထိုအမှားဟာ ပိုမိုထင်ရှားသွားမှာ ဖြစ်ပါတယ်၊တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဟာ ထင်ရှားတဲ့ပုဂ္ဂိုလ်များ အဖွဲ့ဖြစ်လို့ ဒီအဖွဲ့က မှားရင်း ပိုထင်ရှားလာပါလိမ့်မယ်၊ နိုင်ငံတော်သံဃမဟာနာယကက ဆရာတော်ကြီးတွေမှားတာပေါ့ဟု ဆိုလာကြပါလိမ့်မယ်၊ အထက်ဆုံးအပိုင်းမှာ နေတဲ့ပုဂ္ဂိုလ်ဟာ စဉ်းစဉ်းစားစား နှိုင်းနှိုးချိန်ချိန် ပြုလုပ်ရပါတယ်၊ တက်လာတဲ့ အဓိကရုဏ်းကိုကြည့်ပြီး အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်၍ သေးသေးကြီးကြီးလေးလေးနက်နက် စဉ်းစဉ်းစားစား လုပ်တော်မူကြပါဟု သတိပေး စကားပြောကြားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်တို့ဘုရားဟု သြဝါဒကထာ မြှက်ကြားတော်မူပါသည်။

၂၉-၁၂-၉၂ တတိယအကြိမ် သတ္တမအစည်းအဝေး သြဝါဒကထာ

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ ဆောင်ရွက်တဲ့နေရာမှာ အဖွဲ့အစည်းအလိုက် တိုင်ပင်ညှိနှိုင်း ဆောင်ရွက်နေကြပါတယ်၊ သာသနာရေးအဖွဲ့ငယ် ဆရာတော်များက သာသနာရေးဆိုင်ရာကိစ္စများကိုလည်းကောင်း ဝိနိစ္ဆယအဖွဲ့ငယ် ဆရာတော်များက ဝိနိစ္ဆယဆိုင်ရာကိစ္စများကို လည်းကောင်း၊ ပညာရေးအဖွဲ့ငယ်ဆရာတော်များက ပညာရေးဆိုင်ရာကိစ္စများကို လည်းကောင်း တိုင်ပင်ညှိနှိုင်းဆောင်ရွက်ရုံသာမက အဖွဲ့တစ်ဖွဲ့လုံးကို ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ခြင်းသုံးဖွဲ့လုံး(၄၇)ပါးစုံညီ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်လာခဲ့ကြရာတတိယအကြိမ်၊၅-နှစ်သက်တမ်းသို့ ရောက်ခဲ့ပါပြီ၊ အဖွဲ့ခွဲတစ်ခုအတွင်းမှာရော၊တစ်ဖွဲ့နှင့်တစ်ဖွဲ့ကော၊မည်သည့်ပြဿနာမှုမရှိခဲ့ပါ။တစ်ပါးနှင့်တစ်ပါး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ညီညီညွတ်ညွတ် ကူညီ ဆောင်ရွက်ကြ၊ လေးစားကြ မေတ္တာသက်ဝင် ကြသဖြင့် ပြဿနာမပေါ်ခဲ့ခြင်း ဖြစ်ပါတယ်၊ ယခု ဆောင်ရွက်နေကြတဲ့ ဆရာတော်များဟာ အထက်ပိုင်း ကချင်ပြည်နယ်မှ စ၍ အောက်ပိုင်း ရောဝတီ အထိ တစ်နိုင်ငံလုံးက ဖြစ်ကြပါတယ်၊ တစ်ပါးနှင့် တစ်ပါး သိကျွမ်းခဲ့ခြင်း မရှိပေမယ့်၊ ဒီအဖွဲ့အစည်းထဲမှာ တွေ့ကြရ သိကြရ၊ တစ်ဦးအပေါ် တစ်ဦး မေတ္တာ သက်ဝင်ကြပြီး မှားတာတွေ့ရင်ပြင်ကြတယ်၊ ဒါဟာမိတ်ဆွေကောင်း ပီသမှုပါဘဲ၊

"မိဇ္ဈတိ တာယတိတိ မိတ္တော၊ မိတ္တသ ဘာဝေါ မေတ္တံ"
မိဇ္ဈတိ တာယတိ၊ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ မိတ္တော၊ မိတ်ဆွေမည်၏။ မိတ္တသ၊ မိတ်ဆွေ၏။ ဘာဝေါ၊ အဖြစ်တည်း။ မေတ္တံ၊ မိတ်ဆွေ၏အဖြစ်။

မိတ်ဆွေဆိုတာ အစီးအပွားဖြစ်မယ့် နေရာမှာ စောင့်ရှောက်ရတယ်၊ အစီးအပွားပျက်မယ့် နေရာအကာအကွယ် ပေးရတယ်၊ တားမြစ်ရတယ်၊ သတိပေးရတယ်၊ ဒါဟာမိတ်ဆွေ စစ်ရဲ့လက္ခဏာ ဟာ၊ ယခုခေတ်

များဟာ ဒီလက္ခဏာတွေနဲ့ ပြည့်စုံနေကြတဲ့ အတွက် အလုပ် ကိစ္စတွေ ဆောင်ရွက်တဲ့အခါ ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ကြခြင်း ဖြစ်ပါတယ်။

"သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု" ဆိုသော မေတ္တာ မျိုးထက် မိတ်ဆွေ ဖြစ်တဲ့ မေတ္တာအမျိုးက အလွန်အဖိုးတန်ပါတယ်၊ မိတ္တသာ ဘာဝေါအရ မိတ်ဆွေစစ်ရဲ့ ဂုဏ်ကိုကောက်ရပါတယ်၊ မိတ်ဆွေ သာမည ဆိုရင်ပြုပ်ကိုကောက်ရပါတယ်၊ ယခုတပည့်တော်များဟာ မိတ်ဆွေစစ်များ ဖြစ်ကြလို့ မေတ္တာဟာလည်းပဲ တစ်ပါးနှင့် တစ်ပါးရေ ယှက်ပြီး မေတ္တာ ပေါင်းကူးရှိ ဆောင်ရွက်လာခဲ့ကြတာ တတိယ ငါးနှစ် သက်တမ်း ရောက်လာပါပြီ၊ ယခုလိုဘဲ ရှေ့ဆက်ပြီးတော့ တစ်ပါးနှင့်တစ်ပါး မေတ္တာ သက်ဝင်ကြပြီး ညီညီညွတ်ညွတ်ဖြင့်သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ကိစ္စများကို ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် အရှင်ဘိုဘုရား ဟုဩဝါဒကထာ မြွက်ကြားခဲ့တော် မူပါသည်။

၆.၁ ၉၃၊ တတိယအကြိမ် အဌမအစည်းအဝေး ဩဝါဒကထာ

အလုပ်တစ်ခုလုပ်တဲ့အခါ အလုပ်လုပ်နေသည်ကိုကြည့်ရှုဝေဖန် သုံးသပ်မှု အများအပြားရှိနေကြောင်း၊ သာသနာရေးဘက်မှာလည်း သာသနာ ရေးနှင့်ပတ်သက်သည့် ပတ်ဝန်းကျင်များရှိကြောင်း၊ လူမှုရေးဘက်မှာ လည်း လူမှုရေးနှင့်ပတ်သက်သည့် ပတ်ဝန်းကျင်များရှိကြောင်း၊ နိုင်ငံရေး ဘက်မှာလည်း နိုင်ငံရေးနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်များရှိကြောင်း၊ သာသနာရေး၊လူမှုရေး၊နိုင်ငံရေးဆောင်ရွက်နေကြတဲ့ အသင်းအပင်းအဖွဲ့ အစည်းအတွင်းရှိ ပုဂ္ဂိုလ်ကနည်းပြီး ကြည့်ရှုဝေဖန် သုံးသပ်မည့်သူကသာ အများအပြားရှိကြောင်း အဖွဲ့အစည်းအတွင်းမှာ အလုပ်လုပ်တဲ့အခါ အမှားကင်းပျောက် အမှန်ရောက်အောင် ဆောင်ရွက်ဖို့သာဖြစ်ကြောင်း၊ ပုထုဇဉ်သဘာဝအလျောက် ကောင်းတာလုပ်လျှင် ချီးကျူးနိုင်ခဲပေမယ့် မကောင်းတာလုပ်မိရင်တော့ ဝေဖန်မှုဟာ မြန်မြန်ထွက်ပေါ်လာမှာ ဖြစ်

ကြောင်း၊ တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဟာ သူများဝေဖန်မှုကို ခံရတဲ့နေရာမှာ အလုပ်လုပ်နေတဲ့ အဖွဲ့အစည်းသာဖြစ်ကြောင်း၊ ကောင်းကောင်းဆုံးဆိုး ဝေဖန်မှုမှန်သမျှကိုလက်ခံရမည်သာဖြစ်ကြောင်းဝေဖန်သုံးသပ်မှုနှင့်ပတ်သက်လို—

> "မုန်းချစ်နှစ်တန်၊ လူတို့ထံဝယ်၊ အမှန်သဘော၊ မရှိသောရှင့်၊ လောကအစုပ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၏၊ ဟုတ်လုင်ပြုံ့ဆင်၊ ဟုတ်လျင်ကား၊ မုန်းထားမရှိ၊ ယောနိသောထား၊ ရန်မပွားသည်၊ ဟရားသူတော်ဥစ္စာတည်း"

ဟု ရှေးပညာရှိများက မိန့်ဆိုခဲ့ကြကြောင်း ပုထုဇဉ်သဘာဝမုန်းလျှင်လည်း မုန်းတဲ့အလျောက် အပြစ်ပြဝေဖန်ပြီး၊ ချစ်ရင်လည်းချစ်တဲ့အလျောက်အပြစ်မမြင်ဘဲ ဝေဖန်မှုပြုကြမှာဖြစ်ကြောင်း၊ ဟုတ်ဟုတ်မဟုတ်ဟုတ်ပြောကြမှာဘဲ၊ ပြောလာတဲ့စကား၊များဟာ အမှား၊ကိုအမှား ဟု ဝေဖန်ပြောကြား၊ခဲ့လျှင် မှား၊နေမှန်း၊သိမှုတော့ပြင်ဘို့သာနှိုးကြောင်း၊ မှန်တာကိုမှား၊နေကြောင်း ဝေဖန်ပြောကြား၊ခဲ့လျှင်တော့ ပြင်စရာမရှိသည့်အတွက် သည်း၊ခံဘို့သာရှိကြောင်း၊ ဤသည်း၊ခံတဲ့ အလုပ်ဟာ မိမိတို့အလုပ်ဘဲဟု သဘောထား၊ရမည်သာဖြစ်ကြောင်း၊ မလိုမုန်းထားပြောသူများမှာတော့ အကုသိုလ်တရား၊တွေ ဖြစ်ပွား၊ပေမယ့် တပည့်တော်များ မှာတော့ သည်း၊ခံခြင်း ခန္တီပါရမီ ကုသိုလ်ထူ၊တစ်ခု ဆည်း၊ပူ၊ပြီး၊သား ဖြစ်သွား၊ပါလား ဟု ဝမ်း၊မြောက်ရမည်သာဖြစ်ကြောင်း၊ ဒါကြောင့် ခန္တီဘရား၊လက်ကိုင်သား၍ ဆောင်ရွက်ဘော်မှုကြပါရန် ရှိသေစွာလျှောက်ထား၊ပါသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်တို့ဘုရား ဟု သြဝါဒကထာ မိန့်ကြား၊တော်မူပါသည်။

၁၃-၁-၉၃ တတိယအကြိမ် နဝမ အစည်း၊အဝေး သြဝါဒကထာ

တပည့်တော်များ အဖွဲ့အသီး၊သီး၊သည် အလှည့်ကျအနေဖြင့် စိတ်ထား ဖြူစင်စွာဖြင့် ယုံယုံကြည်ကြည် လေး၊လေး၊စား၊စား ဆောင်ရွက်ကြရာ၌အမြဲ

ကုသိုလ်ရနေကြပါတယ်၊ တာဝန်နှင့် ဝတ္တရားအရ ဆောင်ရွက်ကြရပေမယ်လို့ အသိဉာဏ်ရှေးရှိသော လုလ္လဝိရိယဖြင့် မိမိတို့၏အလုပ်ကိစ္စများအပေါ် ယုံကြည်ချက် သဒ္ဓါတရားရှိနေကြသဖြင့် တပည့်တော်တို့သည် ကိုယ်ကျင့်တရားများနှင့် ဓမ္မလမ်းကြောင်းအပေါ်၌ တည်ရှိမှု ဖြစ်သောကြောင့် မှန်မြတ်သော အလုပ်ကိစ္စတစ်ခုဟု မှတ်ယူကြရမှာပါ၊ သူတော်ကောင်းဖြစ်ကြကုန်သော ဟုဂ္ဂုလ်များသည် အာယုကပ်ပတ်လုံး သက်ဆုံးတိုင်တိုင် အောက်ပါတရားများကို ကျင့်သုံးရှိသွားကြတာချည်းဖြစ်ပါသည်—

ယင်းတရားတို့မှာ–

ကိုံသု ယာဝ ဇရာ သာဓု၊ ကိုံသု သာဓု ပတိဋ္ဌိတံ။

ကိုံသု နရာနံ ရတနံ၊ ကိုံသု စောဒရဟိ ဒုဟာရံ။

ယင်း ဂါထာ၏ အဖြေကား။

သီလံ ယာဝဇရာ သာဓု၊ သဒ္ဓါသာဓု ပတိဋ္ဌိတာ။

ပညာ နရာနံ ရတနံ၊ ပုညံ စောရေဟိ ဒုဟာရံ။

နှစ် ဂါထာ၏ မြန်မာပြန်မှာ—

၁။ အိုသည့်တိုင်အောင် ကောင်းသောတရားသည် အဘယ်တရားပါနည်း၊
အဖြေကား-အိုသည့်တိုင်အောင် ကောင်းသောတရားသည် သီလတရားဖြစ်ပါသည်။

၂။ အဘယ်၌ တည်နေရခြင်းသည် ကောင်းပါသနည်း။
အဖြေကား-ယုံကြည်မှု သဒ္ဓါတရား၌ တည်နေရခြင်းသည် ကောင်း၏။

၃။ အဘယ်တရားသည် သတ္တဝါတို့၏ ရတနာ မည်ပါသနည်း။
အဖြေကား-အသိဉာဏ်ပညာသည် လူတို့၏ ရတနာ ဖြစ်၍ ကောင်း၏၊

၄။ အဘယ်ပစ္စည်းကို ခိုးယူ၍ မရနိုင်ပါသနည်း။
အဖြေကား-ကုသိုလ်ကောင်းမှုကို ခိုးယူ၍ မရနိုင်ပါ။

ဟူသော ပါဠိတော်မျှားနှင့်အညီ အရှင်တို့ တပည့်တော်တို့သည် အလှည့်ကျရာတွင် နေ့စဉ်နှင့်အမျှ သီလသမ္ဒါ၊ ပညာ၊ ကုသိုလ် ကောင်းမှုတို့ကို ရနေကြသည် ဖြစ်သောကြောင့် တာဝန်ဝတ္တရားအရ ဆောင်ရွက်နေကြသောအမှုကိစ္စများကို အသိဉာဏ်ရှေထားသော လုလ္လ ဝီရိယဖြင့် မပျင်းမရိ မဆုတ်မနစ် အားသစ် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းစကားလျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်တို့ဘုရားဟု သြဝါဒကထာ မိန့်ကြားတော်မူပါသည်။

၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ–၂၀–ရက်၊ တတိယအကြိမ် ဒသမအစည်းအဝေး သြဝါဒကထာ

သဘာဝပတိမိန့်ခွန်းဆိုတဲ့အတိုင်း အပတ်စဉ်တိုင်း မိန့်ကြားခဲ့တာလည်းများပါပြီ၊ လူတုံ့ငံးလူဘိုင်း ပတ်ဝန်းကျင်ဆိုတာ ရှိကြတာချည်းဘဲ၊ ပတ်ဝန်းကျင် မရှိသောပုဂ္ဂိုလ်ဟူ၍ မရှိပါ၊ တိရစ္ဆာန်တောင် သူ့ပတ်ဝန်းကျင်နှင့်သူရှိကြပါသည်။ လူတွေဟာ အလုပ်ကိစ္စများကို ဆောင်ရွက်ကြသည့်အခါ ပတ်ဝန်းကျင်ကို သတိပြုကြရမှာပါ၊ မိမိတို့ သြဇာအာဏာ တန်ခိုးလွှမ်းမိုးတဲ့အခါ ဘေးပတ်ဝန်းကျင်ကို သတိမမူတတ်ကြပါ၊ ဘာကြောင့်လဲဆိုရင် ပစ္စည်း၊ဂုဏ် ပညာဂုဏ် စသည်တို့ကို အစဲ့ပြု၍ ထောင်လွှားတတ်သော သဘောတရား များကြောင့် ပတ်ဝန်းကျင်ကို အရေးထားလေးစားမှုမရှိကြပါ ပြောကြဆိုကြ၊လုပ်ကိုင်ကြတဲ့အခါ မေတ္တာကရုဏာကို ရှေထား မမိုက်ယိုက်ကိုရှည်း နှိမ့်ချကာ သိကြပါစေ မှတ်ကြပါစေဟူသောဆန္ဒဖြင့် ပြောဆိုကြမှုသာလျှင် ပညာရှိသူတော်ကောင်းတို့ကျင့်သုံးသောထုံးနှင့် ညီကြမည်ဖြစ်ပါသည်၊ဤကဲ့သို့ မကျင့်သုံးပါက ပတ်ဝန်းကျင်ဖြစ်သော ပုဂ္ဂိုလ်တို့၏ မေတ္တာကို မခံယူကြရဘဲ အသေဆိုးဖြင့် သေကြရပါကြောင်း အောက်ပါစကားဖြင့် သိကြရမည်ဖြစ်ပါသည်–

ယော ဣဿရောမ့ိတိ ကရောဟိ ပါပံ၊
ကတ္ဝာ စ သော နုတ္တသရေ ပရေသံ။

နတေန သော ဇိဝတိ ဒီဃမာယု၊
ဒေဝါပိ ပါပေန သမေက္ခရေနံ။

ယော၊ အကြင်သူသည်။ ဣဿရောမ့ိတိ၊ သြဇာ၊ အာဏာတန်ခိုး လွှမ်းမိုးအစိုးရခြင်းကို ဟူ၍။ပါပံ၊ မကောင်းမှုကို။ ကရောဟိ၊ ပြု၏။ ကတ္ဝာစ၊ ပြုခြင်းကြောင့်လည်း။သော၊ထိုသူသည်။ ပရေသံ၊ ပတ်ဝန်းကျင်ဖြစ်သော တစ်ပါးသော သူတို့ကို၊ နုတ္တသရေ၊ မလန့်တတ်။ ဘေန။ထို့ကြောင့်။ သော၊ ထိုသူသည်၊ ဒီဃံ၊ ရှည်သော။ အာယု၊ အသက်သည်။ နဇီဝတိ၊ အသက်မရှည်။ ဒေဝါပိ၊ နတ်ဘုံသည်လည်း။ ပါပေန၊ ယုတ်မာသော မျက်စိဖြင့်။ နံ၊ထိုသေသောသူကို။ သမေက္ခရေ၊ ကြည့်ရှုကြကုန်၏။

ဤဥမ္မာဒန္တီ ဇာတ်လာပါဠိတော်စကားတော်နှင့်အညီ ယုတ်မာသော သူကိုလည်း လည်ပင်းခွ သဲအိုးဆွဲ၍ ရေခွ မြှုပ်၍ အသတ်ခံရသည်ကို အစဲပြု၍ ဟောထားသောစကားကို သတိပြုကြပါရန် လျှောက်ထားပါ သည် နိုင်ငံတော်သံဃမဟာနာယက အမှုဝင် အရှင်တို့ ဘုရားဟု သြဝါဒ ကထာမိန့်ကြားတော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏
ဒုတိယဥက္ကဋ္ဌ သဘာပတိဆရာတော်
ဘဒ္ဒန္တသုပညိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၂၇-၁-၉၃ တတိယအကြိမ် ကောဒသမအစည်းအဝေး ဩဝါဒကထာ

တပည့်တော်များ သံဃမဟာနာယက အဖွဲ့ကြီးသည် အလှည့်ကျ တာဝန်ထမ်းဆောင်ကြရာတွင် တပည့်တော်များ ဒုတိယအဖွဲ့ခွဲ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများသည် သဘာပတိ ဩဝါဒ ပေးလေ့ရှိပါသည်။ ဆရာတော်ကြီးမှာ ခြေထောက်အကြာ ညပ်နေသဖြင့် ယခုအပတ် အစည်းအဝေး မတက်ရောက်နိုင်ပါ ဆန္ဒပေးပါသည်။

သဘာပတိ အဖြစ် ဩဝါဒပေးရမှာ ဖြစ်ပါသည်၊ အလုပ်လုပ်ကြတဲ့ အခါ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကြိုးစားလုပ်ကြစေလိုပါသည်၊ ညီနှိုင်းဆောင်ရွက်ကြရာ၌ ပညာဟာ သတိနှင့် ယှဉ်တဲ့အခါလည်း၊ သတိနှင့် မယှဉ်တဲ့အခါလည်းရှိပါသည်။ သို့ပါ၍ ပညာအသိအလိမ္မာသည် သတိနှင့်အရာရာမှာသုံးဆိုပေမယ့် သတိနှင့်ပညာဟာချိန်ခွင်လျှာလိုညီနေမှ တော်ကာကျပါသည်၊ အလုပ်ကိစ္စများကိုဆောင်ရွက်တဲ့အခါသတိနှင့်ယှဉ်သောပညာအဆင်အခြင်ဖြင့် ဝိနိစ္ဆယဘဲ့ ဖြစ်ဖြစ်၊ သာသနာရေးဘဲ့ ဖြစ်ဖြစ် နှစ်ဘက်ညီအောင်ဆောင်ရွက်ကြစေလိုပါသည်။ သို့မှသာ တပည့်တော်တို့ သာသနာတော်ကြီးပွားတိုးတက်ခိုင်မြဲ တန်ဖိုးရှိမည်ဖြစ်ပါကြောင်း ဩဝါဒကထာမိန့်ကြားတော်မူပါသည်။

ဩဝါဒကထာ ၄-ပမ:သ:စ

ပြည်ထောင်စု မြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၄၇-ပါးစုံညီ ဒသမအစည်အဝေး သဘာပတိ

အဘိဓဇမဟာရဋ္ဌဂုရု

ဥက္ကဋ္ဌ၊ ပဲခူး မြို့မဆရာတော် ဘဒ္ဒန္တဂုဏ္ဍာဘိဝံ၏

ကြေညာစာတမ်း

ယခု ၁၃၅၄-ခုနှစ်၊ တပေါင်းလဆန်း ၇-ရက်နေ့သည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ဒသမအစည်းအဝေးပွဲ ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အပိုဒ် ၆၆-အရ ကျင်းပ ပြုလုပ်သော ဤအစည်းအဝေးသို့ ကာယသာမဂ္ဂီ, စိတ္တသာမဂ္ဂီ ၂-ပါးကို အလေးအမြတ်ထားပြီး ကြွရောက်ချီးမြှောက်ခြင်း မူလာကြောင့် အထူးတလည် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း ရှေးဦးစွာ လျှောက်ထားပါဘည်ဘုရား။

တပည့်တော်တို့သည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ကျင်းပပြီး သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ "သာသနာတော် တစ်ရပ်လုံး၏ အကျိုးစီးပွားကို ဆောင်ရွက်ရန်အတွက် ဖြစ်ကြောင်း" ဆရာတော်များအားလုံး သိရှိ

တော်မူပြီး" ဖြစ်ပါသည်ဘုရား။ ထိုရည်ရွယ်ချက် အားလျော်စွာ တပည့်တော်တို့သည် ဦးဆောင် ဦးရွက်အနေဖြင့် ဆောင်ရွက်နေရပါ၍ အမှားအယွင်း ကင်းအောင် တိုးတက်ကြီးပွားအောင် ဦးဆောင်မှုပေးနိုင်အောင် အစစအရာရာ တီထွင်ခြင်း, ကြံဆခြင်း, လေ့လေ့လာခြင်းစသော တိုးတက်ကြီးပွားကြောင်း အကြံကောင်း ဉာဏ်ကောင်းများကို အမြန်လုံးသွင်းဖို့ လိုကြောင်း လျှောက်ထားလိုပါသည်ဘုရား၊ သို့မှသာလျှင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် လည်းကောင်း၊ သာသနာတော်မြတ်ကြီးသည် လည်းကောင်း အစဉ်မပြတ် ရှင်သန်ကြီးထွားနေမည် ဖြစ်ပါသည်ဘုရား။

ယခုအခါ တပည့်တော်တို့သည် နိုင်ငံတော် အစိုးရနှင့်ပြည်သူ့ပြည်သား ဒကာ ဒကာမများ၏ အားပေးကူညီမှုကို အမျှဆုံး ရရှိနေပါသဖြင့် ထိုရရှိသော အခွင့်အရေးကို သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားအတွက် အသုံးချဖို့ လိုပါသည်ဘုရား။ တပည့်တော်တို့၏ ဆောင်ရွက်မှုနှင့် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု (၂)မျိုးကို လိုက်ဖက်ညီစွာ ပေါင်းစပ် ဆောင်ရွက်တော်မူကြပါလျှင် တပည့်တော်တို့၏ ရည်ရွယ်ချက်သည် ပစ္စုပ္ပန်သာသနာနှင့် အနာဂတ်သာသနာတော်အတွက် ပစ္စုပ္ပန်အကျိုးစီးပွား အနာဂတ်အကျိုးစီးပွားအား မုချမသေ ကျေးဇူး ပြုနေမည် ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့သည် သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားအတွက် တိုးတက်ကြီးပွားရေးကို အပြောဘမ်း ရှေးရှုဆောင်ရွက်ဖို့လိုကြောင်း တိုက်တွန်း လျှောက်ထားပါသည်ဘုရား။

ယခုအချိန်အခါသည် တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးနှင့် ပတ်သက်၍ တပည့်တော်တို့၏ လုပ်ငန်းစဉ်များ ဖြစ်သော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ စသော ကိစ္စများကို ဆောင်ရွက်နေသော အချိန်အခါ ဖြစ်ပါသည်ဘုရား။ ထိုကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်များသည် မိမိတို့

ဆိုင်ရာ ဂျူရာတာဝန်များကို အချင်းချင်း ညှိနှိုင်း တိုင်ပင်တော်မူ ကြ၍ သာသနာတော် သန့်ရှင်း တည်တံ့ ထွန်းကား ပြန့်ပွားရေး ဦးတည်ချက် တစ်ခုတည်းကိုသာ အာရုံထားပြီး ဆောင်ရွက်ကြပါရန် သတိပေးစကား လျှောက်ထားပါသည်ဘုရား။ သို့ဖြစ်ပါ၍ သာသနာ တော်မြတ်ကြီးသည် မိမိ သူတစ်ပါး အကျိုးများအောင်ဆောင်ရွက်ပေး နိုင်သော သာသနာတော်မြတ်ကြီးဖြစ်၍ ဗိုလ် ၅-ပါးကို လက်ကိုင်ထားပြီး ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းရင်း တပည့်တော်၏ ဩဝါဒ ကထောကို နိဂုံးချုပ်ပါသည်။ ဆရာတော် သံဃာတော် အရှင်သူမြတ် တို့ဘုရား။

(ဘဒ္ဒန္တဥန္နာဝေါ)

အဘိဓမ္မဟာရဋ္ဌဂုရု

သာဘာပတိ၊ ဥက္ကဋ္ဌဆရာတော်

ရက်စွဲ၊ ၁၃၅၄-ခုနှစ်၊ တပေါင်းလဆန်း ၇-ရက်

(၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇-ရက်) စနေနေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုဏ္ဍအစည်းအဝေး၌

မိန့်ကြားတော်မူအပ်သော

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု၊ ပဲခူးမြို့မ ဆရာတော်ဘုရားကြီး ၏

အစည်းအဝေးအဖွင့် သြဝါဒကထာ

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား—

ယနေ့ ကျင်းပသော အစည်းအဝေးကြီးသည် တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုဏ္ဍအစည်းအဝေးပဲကြီး ဖြစ်ပါသည် ဘုရား။ ဤအစည်းအဝေးပဲကြီးသို့ နိုင်ငံတော်သြဝါဒါ၀ရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် မိမိအကျိုးစီးပွား၊ ကျောင်းတိုက် အကျိုးစီးပွားကို အလေးထားတော် မမူကြဘဲ ရှင်မဟာ ကဿပ စသော ရှေးမဟာထေရ်မြတ်များ၏ ထုံးကို နှလုံးမူကြပြီး သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွားကိုသာ ရှေးရှုတော်မူကြလျက် စုံညီစွာ ကြွရောက် ချီးမြှောက်တော်မူကြခြင်းကြောင့် တပည့်တော် အနေဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ပေါ် ပေါက်တော်မူလာခြင်းသည် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ကြပ်မတ်ကွပ်ကဲ ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် ပေါ် ပေါက်တော်မူလာခြင်း ဖြစ်ပါသည်ဘုရား။သဗ္ဗညုဘုရားရှင်သည် မိမိကိုယ်တိုင် တည်ထောင်တော်မူခဲ့သော သာသနာတော်မြတ်ကြီး၏ အနာဂတ်ရေးနှင့် ပတ်သက်၍ အဂ္ဂိတ္ထရနိကာယ်၌ ဟောကြားတော်မူသော သဒ္ဓမ္မသမ္ဘောသသုတ်များ အရ သာသနာကွယ်ခြင်း အကြောင်း (၁၅) ပါးကို မိမိ၏တပည့်သား သံဃာတော်များအား ဟောကြားတော်မူခဲ့ကြောင်း ဆရာတော် သံဃာတော်များ အားလုံး သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။ ထိုသာသနာကွယ်ခြင်းအကြောင်း (၁၅) ပါးနှင့် စပ်လျဉ်း၍ အချို့အချို့သောနေရာဌာနတို့၌ ချတ်ချော် တိမ်းပါးမှုများကို ယခုအခါ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ကိုယ်တိုင် ပေါ် ပေါက်လာသော အကြောင်းကိစ္စ အားလျော်စွာ မေ့ဝိနယနှင့်အညီ ငြိမ်းအေးသွားအောင် ဝိနိစ္ဆယရေးရာ သာသနာရေးရာ၊ ပဋိသာရေးရာဟူသော ကဏ္ဍကြီးသုံးရပ်တို့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိနေကြပြီး ဖြစ်ပါသည်ဘုရား။

တပည့်တော်တို့ ရဟန်း သံဃာတော်များသည် သာသနာတော်၌ လုပ်ငန်းတာဝန် နှစ်ရပ်ဖြင့်နေထိုင် သင်တင်းသုံးတော်မူကြသည့်အားလျော်စွာ ဂန္ထဓုရ လုပ်ငန်းတာဝန်များကို ဆောင်ရွက်တော် မူကြသော ပရိယတ္တိစာသင်ကျောင်းတိုက်များကလည်း မိမိတို့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခြင်း၊ ဝိပဿနာဓုရလုပ်ငန်း တာဝန်များကို ဆောင်ရွက်တော်မူကြသော ကမ္မဋ္ဌာန်း ကျောင်းတိုက် များကလည်း မိမိတို့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ကလည်း ထိုထိုပေါ် ပေါက်လာသော အကြောင်းကိစ္စများနှင့် ပတ်သက်၍ မိမိတို့ လုပ်ငန်းတာဝန်ကို ကျေပွန်စွာ ကြပ်မတ်ကွပ်ကဲ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြင့် သုံးပွင့်ဆိုင် ညီညီညွတ်ညွတ် ဓမ္မာနုဂ္ဂဟ ကုသိုလ်ထူးကို ဆောင်ရွက်တော် မူကြရန် လျှောက်ထားအပ်ပါသည် ဘုရား။ ထိုသို့ ဆောင်ရွက်တော်မူကြပါလျှင် ဤလောကဌ် မကြည်ညိုသေးသောသူတို့

ကြည်ညိုလာကြခြင်း၊ ကြည်ညိုပြီးသောသူတို့ ပို၍ကြည်ညိုလာကြခြင်းဖြင့် သဗ္ဗညုဘုရားရှင်၏ သာသနာတော် တည်းဟူသော အင်ကြင်းတောကြီး သည် တင့်တယ်စိုပြည် ရှဲနှီးရှဲနှီးဝေနေမည်သာ ဖြစ်ပါသည်ဘုရား။

ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား—

တပည့်တော်တို့ သံဃာထုအားလုံးသည် မိမိတို့ကိုယ်ကျင့်တရားဆိုင်ရာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃) ပါး မြင့်မားရေးနှင့် မိမိတို့လုပ်ငန်း တာဝန် အသီးသီး ကျေပွန်ရေးတို့ကို ဆောင်ရွက်တော် မူကြပါလျှင် သာသနာတော်မြတ်ကြီးသည် နှစ်ပေါင်းငါးထောင်မက တည်တံ့နေမည် ဖြစ်ပါသည်ဘုရား။ယခုအခါ နိုင်ငံတော်အစိုးရနှင့်တိုင်းသူပြည်သား ဒကာ ဒကာမများကလည်း တပည့်တော်တို့၏ ပြည်တွင်းပြည်ပ သာသနာပြု လုပ်ငန်းကိစ္စများအပေါ် ၌ လိုကွက်,ဟာကွက်မရှိအောင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆရာတော် သံဃာတော်များ အားလုံး သိရှိတော် မူကြပြီးဖြစ်ကြပါသည် ဘုရား။ ထို့ကြောင့် တပည့်တော်တို့ အားလုံးကလည်း လိုကွက်,ဟာကွက်ကို ဖြည့်စွက်ခြင်း ပြုပြင်ခြင်းနှင့် အသစ်အသစ်တိုးတက်ကြီးပွားလာစေမှုကို ဖော်ထုတ်ခြင်း၊ ကြောင့်ကြစိုက်ခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း စသည်တို့ကို သာသနာတော်အတွက် ဆောင်ရွက်တော်မူကြပါလျှင် သဗ္ဗညုဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် မြန်မာမဆံ့ ကမ္ဘာသို့ပြန့်သွားနိုင်ပါသည် ဘုရား၊ သို့ဖြစ်၍ တပည့်တော်တို့ သံဃာထုအားလုံးသည် နိုင်ငံတော် အစိုးရနှင့် ပြည်သူပြည်သား ဒကာဒကာမများ၏ပံ့ပိုးကူညီမှုကို အရယူပြီး မိမိတို့ဆိုင်ရာ တာဝန်အသီးသီးကို ညီညီညွတ်ညွတ် ဆောင်ရွက်တော်မူကြ ခြင်းဖြင့် ဆရာနှင့် ဒကာတို့သည် ပစ္စုပ္ပန် တမလွန်နှစ်ဘန်သော ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်းကို ဖော်ပြလတ္တံ့ပါ ဒေသနာတော်ဖြင့် တပည့်တော်၏ အဖွင့် သြဝါဒကထာကို နိဂုံးချုပ်ပါသည်ဘုရား—

သုခါ သံဃာ သာမဂ္ဂီ၊ သမဂ္ဂါနဉ္စ ဘနုဂ္ဂဟော။
သမဂ္ဂရတော စမ္ဘဒ္ဒေ၊ ယောဂက္ခေမာ နုပ ဓံသတိ။
သံဃံ သမဂ္ဂံ ကတ္ဝာန၊ ဂ.ပ္ပံ သဂ္ဂမ္မိ မောဒတိ။
(ဝိ၊ဂ။၃၆၉။)

သံဃာ၊ သံဃာတော် အရှင်မွန် အရှင်မြတ်အပေါင်း၏။ သာမဂ္ဂီ၊ တစ်စုတပေါင်းတည်း ဖွဲ့စည်းညီညွတ်ခြင်းသည်။ သုခါ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့အဖို့ ချမ်းသာလှပေ၏။ သမဂ္ဂါနံ၊ တစ်စုတစ်ပေါင်းတည်း ဖွဲ့စည်း ညီညွတ်ကြသော သံဃာတော် အရှင်သူမြတ်တို့အား။ အနုဂ္ဂဟော စ၊ ခြီးမြှောက်ပူဇော်သော သူသာ ဖြစ်လည်း။ သမဂ္ဂရတော၊ ညီညွတ်ပေါင်းစု ဖွဲ့စည်းမှု၌ မြေလျှော်စပျော်ပိုက် နှစ်ခြိုက်လျက်ဧမပ္ပဒွေ၊ မဂ်ဖိုလ်-နိဗ္ဗာန် ရကြောင်းမှန်သော တရားတော်၌ တည်တံ့သည်ဖြစ်၍။ ယောဂက္ခေမာ၊ ယောဂလေးပြာ ကုန်ဆုံးရာ နိဗ္ဗာန်မှ။ နုပ ဓံသတိ၊ အမှန်ပိုင်ပိုင် ရနိုင်သည်ဖြစ်၍ မပျက်စီး မဆုံးရှုံးနိုင်ချေ။ သံဃံ၊ သံဃာတော် အရှင်မွန် အရှင်မြတ် အပေါင်းကို။ သမဂ္ဂံ၊ တစ်စုတပေါင်းတည်းဖြစ်အောင်။ ကတ္ဝာန၊ ဆရာဒကာ စုပေါင်း၍ ပြုကြသော ကောင်းမှုကုသိုလ် စေတနာ-ကြောင့်။ ဂ.ပ္ပံ သဂ္ဂမ္မိ၊ နတ်ပြည်၌ဖြစ်ပြီးလျှင် ကမ္ဘာရှည်သရွေ့ တည်သရွေ့ ကာလပတ်လုံး။ မောဒတိ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေသတည်း။

နေ့စဲ၊ ၁၃၅၄-ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက် (၁၉၉၃-ခုနှစ်၊ မတ်လ ၃-ရက်) ဗုဒ္ဓဟူးနေ့

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏

ဒုတိယဥက္ကဋ္ဌ ဆရာတော်

ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာများ

၁၀-၃-၉၃-စတုတ္ထအကြိမ် ပထမ အစည်း အဝေး သြဝါဒကထာ

ယခုနေ့ ၁၃၅၄-ခုနှစ်၊ တပေါင်း လပြည့်ကျော် (၃) ရက် နေ့မှ စပြီး တတိယဒေ ဖွဲ့ခွဲ၀င် ဆရာတော်များ စတုတ္ထအကြိမ် ပထမ အစည်းအ၀ေးကို စတင်ကျင်းပခြင်း ဖြစ်ပါသည်။ယခုအချိန်မှာ မင်းကွန်းဆရာတော်ဘုရားကြီး၏ စျာပနသွားဖို့ကိစ္စများ စာမေးပွဲကြီးကြပ်ရေးကိစ္စများ စသည်ဖြင့် သာသနာရေးကိစ္စများရှိနေသဖြင့် ဆရာတော်များဟာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရုံးမှာစုံညီစွာမ၁ှိနိုင်ကြပါ၊ဒီကိစ္စများဟာလည်း ၄၇-ပါးစုံညီ ဒသမ အစည်းအ၀ေးက တာ၀န်ပေး စေခိုင်းခဲ့တဲ့ ကိစ္စများ ဖြစ်၍ တပည့်တော်များ မလွဲမသွေ ဆောင်ရွက် နေကြရပါတယ်၊ "အ၀ဆံ ဘာရေအာ၀ဟိတမ္ဘော" ဆိုတဲ့အတိုင်းမိမိတို့တာ၀နှ်ကျရာကာလအတွင်း ကျရာတာ၀နှ်များကို မချွတ်မယွင်းအောင် ဆောက်ရွက်ဖေ့ာ်မူကြပါရန် တိုက်တွန်းပါသည် နိုင်ငံ၊ေ ့ာ်သံ၊ဃမဟာနာယကအဖွဲ့၀င် အရှင်တို့ဘုရားဟု သြ၀ါဒကထာမြှက်ကြား၊တော်မူပါသည်။

၂၁-၄-၉၃-စတုတ္ထ အကြိမ် ဒုတိယ အစည်းအဝေး ပြဝါဒကထာ

သာသနယဟု စ၊ လောကဟု၊ ဝုစ္စတိ ဘဝတု သမ္ဘဒါ-ဟူသည်နှင့်အညီ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တိုင်းသည်သာသနာကြီးပွားရေး၊ လောကကြီးပွားရေး အတွက်ဆန္ဒရှိကြပါ၏ကြောင်း၊ယင်းသို့ဆန္ဒရှိကြသည့်အတွက်မြတ်စွာဘုရား၏ အဆုံးအမ ရှိပါသည်။ မြတ်စွာဘုရားသည် ပစ္စုပ္ပန် တမလွန် နှစ်ဖြာသော ဘဝတွင်အကျိုးကျေးဇူး အဆုံးအမများ ပေးခဲ့ပါသည်။ လိုက်နာကျင့်ကြံသူများ ကြီးပွား ဖိုလ်ရောက်ကြား သြဝါဒပေးခဲ့ပါသည်။ ဝိနည်း ဥပဒေပညတ်တော်မူခဲ့ပါသည်။မြတ်ဗုဒ္ဓ၏ဥပဒေတော်ကိုရဟန်းသာမဏေမည်သူတော်များကိုမဆို လေးစားလိုက်နာကြမည်ဆိုလျှင် ကြီးပွား ခိုင်ခြိုမည်ဖြစ်ပါသည်။ ဥပဒေကိုမလေးစားမလိုက်နာလျှင် သာသနာတော်ညှိုးနွမ်းမည်သာဖြစ်ပါသည်။ ယင်းသို့ သာသနာတော်ကို မးညှိုးနွမ်းစေလိုသည့် သာသနာ့ဘေးသြဇာဆရာတော်ကြီးများ၏ အားထုတ် ကြိုးပမ်းမှုကြောင့် သာသနာကောင်းဟန်ရှင်းတည်တံ့ ပြန့်ပွားခရေးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးဖြစ်လာပါသည်။ယင်းသံဃာ့အစည်းအဝေးပွဲကြီးသည်လည်း ပြည်နယ်/တိုင်း အသီးသီးမှ သံဃာတော်များ၏ စုပေါင်း ညီညွတ်မှုကြောင့် အောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ညီညွတ်ခိုမှုဖြင့် အောင်မြင်မှု မရနိုင်၊ မပြတ်စည်းဝေးမှု အောင်မြင်မှု ရမည် ဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များသည် တာဝန်ဖြင့်အနယ်နယ် အရပ်ရပ်သို့ ခရီးထွက်ခွာသွားနေကြသည့်အတွက် ယခုမှ အစုံအညီ ပြန်လည်ဆုံတွေ့ကြရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် သံဃကိစ္စများကို ဆောင်ရွက်ကြရာ၌ "တဏှာအကြောက် သူစရိုက်ကို မလိုက်မိကြား" ဟူသည့် စကားနှင့်အညီ ကိုယ့်အလိုကျ အတိုင်း မဆောင်ရွက်ဘဲ အများသဘောကျအတိုင်း ဆောင်ရွက်ကြပါရန်နှင့်

လောကသံသရာ ကြီးပွားကြောင်း စာကားကိုသာပြောဆို၍ ညီညွတ်စွာ ဖြင့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြပါရန် တိုက်တွန်းပါသည် ဘုရား။

၂၉-၄-၉၃ စတုတ္ထအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

၁၃၅၅-ခုနှစ်၊ ကဆုန်လဆန်း(၉)ရက် ကြာသပတေးနေ့တွင်တတိယ အကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ စတုတ္ထ အကြိမ် တတိယအစည်းအဝေး ဖြစ်ပါကြောင်း၊ တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ပျံ့လွန် တော်မူသဖြင့် အလုပ်ကိစ္စများလည်း များပြားနေပါသည်။ အပတ်စဉ် အစည်းအဝေးများ ကိုလည်း ရပ်နားခဲ့တာ ကြာပြီ ဖြစ်ပါကြောင်း၊ အစည်းအဝေးများကို မပြတ်စဉ်းဆင်းခြင်းသည် သာသနာနှင့် လောက ကြီးပွားခြင်းအကြောင်းဖြစ်သည်ဟု မဟာပရိနိဗ္ဗာနသုတ်၌ ဟောကြား ထားပါသည်။

ဘုရားရှင်သည် မဂဓတိုင်း၏အမတ်ကြီး ဝဿကာရ ပုဏ္ဏားဖဲသွား သည်ရှိသော် ရာဇဂြိုဟ်ပြည်ကို အမှီပြုနေထိုင်သည့် ရဟန်းတော်အားလုံး ကိုစည်းဝေးဇရပ်၌ စုဝေးစေရန်အရှင်အာနန္ဒာအား မိန့်ကြားတော်မူပြီး ထိုအစည်းအဝေးဇရပ်၌ ရဟန်းအပေါင်းကို အပရိဟာနိယ(ခေါ်) မဆုတ်ယုတ်ကြောင်း ကြီးပွားကြောင်းအကျိုးများကို ဟောတော်မူ ခဲ့ပါသည်။

ယင်းအပရိဟာနိယတရားများအနက် တစ်ခုမှာ–

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပတိတာ သန္နိပါတ ဗဟုလာ ဘဝိဿန္တိ ဝုဒ္ဓိယေव ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ရဟန်းတို့ ရဟန်းတော်တို့သည် မပြတ်စည်းဝေးနေသမျှ ကာလပတ်လုံး အစည်းအဝေးများနေသမျှ ကာလပတ်လုံးကို ရဟန်းတော်တို့သတ္တိက ပြုပွားခြင်းငှဲ့သာ ရရှိလိမ့်မည်၊ ဆုတ်ယုတ်ခြင်းကိုမမျှော်နိုင်။

အထက်ပါ ဒေသနာတော်နှင့်အညီ မပြတ်စည်းဝေးခြင်း အစည်းအဝေးများခြင်းသည် ရဟန်းတော်များ အတွက် သံဃာ့အမှုအစည်းများ အတွက်နှိုးကြိုးပွားခြင်းမကြောင်း ညီညွတ်ခြင်းအကြောင်း ဖြစ်ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည်လည်း အပရိဟာနိယဒေသနာနှင့်အညီ မပြတ်စည်းဝေးခြင်း၊ တစ်ပတ်တစ်ကြိမ် စည်းဝေးခြင်း အကြောင်းပေါ်လာလျှင် စည်းဝေးခြင်း၊ ရှေ့စဉ်စီပေါင်းရုံးထိုင်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ သို့ဖြစ်ပါ၍ ထိုဒေသနာတော်နှင့်အညီ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့သည် ပြုံးပွား တိုးတက်ခြင်း အကျိုးကို ကောင်းရရှိခံစားခွင့်ရမည် ဖြစ်ပါသည်။

သို့ပါသောကြောင့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့သည် အပရိဟာနိယဒေသနာတော်ကို အာရုံပြု၍ မပြတ်စည်းဝေးကာ သတိဝိရိယ ပညာရှေးစားလျက် ဆုံးဖြတ်ဆောင်မှုက် ကြပါရန် တိုက်တွန်းမိန့်ကြား သြဝါဒစကားပြုကြား ခဲ့ပါသည်။

၂၆-၅-၉၃ စတုတ္ထအကြိမ် စတုတ္ထအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား-

သီလ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋန္တိ။

သပညော၊ ပညာရှိလော။ နရော၊ လူသည်။ သီလေ၊ သီလ၌။ပတိ-ဋ္ဌာယ၊ တည်၍။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သောလုံ့လရှိ လျက်။ နိပကော၊ ရင့်ကျက်သော ပညာရှိသည်ဖြစ်၍၊ စိတ္တဉ္စ၊ သမာဓိကို လည်းကောင်း။ ပညဉ္စ၊ပညာကိုလည်းကောင်း။ ဘာဝယံဘာဝယန္တော၊ ပွားမစသည်ရှိသော်။ သောဘိက္ခု၊ ထိုရဟန်းသည်။ ဣမံဇဋံ၊ ဤတဏှာ အရှုပ်အထွေးကို။ ဝိဇဋယေ၊ ဖြေရှင်းနိုင်ပေ၏။ ဣတိ၊ ဤသည်လျှင် သံဝဏ္ဏေတဗ္ဗသုတ်ပုဒ် အပြီးတည်း။

အယက်ပါ ဒေသနာတော်နှင့်အညီ ရဟန်းသည် စတုပါရိသုဒ္ဓိသီလ၌ (၀၊) နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်သီလတော်၌ ရပ်တည် လျက် သမာဓိဘာဝနား ပညာတံရားကို ပွားများအားထုတ် ကြပါလျှင် ကိလေသာအရှုပ်၊ တဏှာ့အရှုပ်များကို ဖြေရှင်းဆောင်ရွက် နိုင်မည်ဖြစ်ပါ သည်။

သို့ပါသောကြောင့် နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်များ သည်လည်း အထက်ပါဒေသနာတော်မြတ်ကို အာရုံပြု၍ သီလ သမာဓိ ပညာ အကျင့်တရားများကို ကြိုးစားအားထုတ်တော်မူကြ၍ မိမိနှင့်ဆိုင် သော ကိလေသာ အရှုပ်တရား သူတစ်ပါးနှင့်ဆိုင်သော ဝိဝါဒါဓိကရဏ်း အနုဝါဒါဓိကရဏ်း အရှုပ်တရားများကို ဖြေရှင်းဆောင်ရွက်တော်မူကြပါ ရန်ရှိသေစွာ လျှောက်ထား အပ်ပါ သည်ဘုရား။

၁-၆-၉၃၊ စတုတ္ထအကြိမ် ပဉ္စမအစည်းအဝေးဩဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ပြီးခဲ့တဲ့ အပတ်က ဩဝါဒပေးခဲ့တဲ့ သီလ ပတိဋ္ဌာယ-စသော ဂါထာကိုပင် အကျယ်ချဲ့ပြီး ဩဝါဒပေးပါ့မည်။

သီလ ပတိဋ္ဌာယာတိ သီလံ ပရိပူရယမာနောယေဝ စေတ္ထ သီလေ ဌိတောတိ ဝုစ္စတိ၊ ကာယော သီလ ပရိပူရဏေန သီလေ ပတိဋ္ဌဟိတ္တာတိ အယမေတ္ထ အတ္ထော။

သီလေပတိဋ္ဌာယဟာတိ၊ သီလဋ္ဌာနည်ရှိဟူသည်၊ စ၊ ဆက်ဦးအုံ့။ ဘွား၊ ဤအရာ၌။ သီလံ၊ သီလကို။ပရိပူရယမာနောယေဝ၊ ဖြည့်ကျင့်ဆဲ ပုဂ္ဂိုလ်ကိုသာလျှင်။ သီလေ ဌိ တောဟိ၊ သီလ၌ တည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ သီလပရိပူရကေန၊ သီလကိုဖြည့်ကျင့်သော အားဖြင့်။ သီလေ ပတိဋ္ဌဟိတ္စာတိ၊သီလ၌ တည်၍ ဟူသော။အယံအတ္ထော၊ ဤအနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဟု အဋ္ဌကထာ ဖွင့်သည့်အတိုင်း သီလ၌ တည်ဟူသည် သီလကို ဖြည့်ကျင့်ဆဲ ပုဂ္ဂိုလ်ကိုသာလျှင် ဆိုလိုပါသည်။

သပညောတိ ကမ္မဇတိဟေတုကပဋိသန္ဓိပညာယ၊ သပညောတိ၊ သပညော ဟူသည်ကား။ ကမ္မဇတိဟေတုကပဋိသန္ဓိပညာယ၊ တိဟိတ်ပဋိသန္ဓေနှင့်ယှဉ်သောဂုဏ်ကြောင့် ဖြစ်သောပညာဖြင့်။

ထို့ကြောင့် သပညောအရ တိဟိတ်ပဋိသန္ဓေနှင့်ယှဉ်သော ကမ္မဇပညာကို ယူပါဟုဆိုသည်။

စိတ္တံ ပညဉ္စ ဘာဝယန္တိ သမာဓိဉ္စေဝ ဝိပဿနဉ္စ
ဘာဝယမာနော၊ စိတ္တသီသေန ဟေတ္ထ သမာဓိ
နိဒ္ဒိဋ္ဌော၊ ပညာနာမေန စ ဝိပဿနာတိ။

စိတ္တံ ပညဉ္စ ဘာဝယန္တိ၊ စိတ္တံပညဉ္စဘာဝယံဟူသည်ကား။ သမာဓိဉ္စေဝ၊ သမာဓိကိုလည်းကောင်း။ ဝိပဿနဉ္စ၊ ဝိပဿနာကိုလည်းကောင်း။ဘာဝယမာနော၊ ပွားစေသော်။ဟိ၊ မှန်၏၊ ဘွား၊ဤဂါထာ၌။ စိတ္တသီသေန၊ စိတ်ကိုပဓာနပြု၍။ သမာဓိ၊ သမာဓိကို။နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်၏၊ ပညာနာမေ နစ၊ပညာဟူသောအမည်ဖြင့်လည်း။ဝိပဿနာ၊ ဝိပဿနာကို။နိဒ္ဒိဋ္ဌော၊ညွှန်ပြအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဤဒေသနာတော်အရ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ ဟူသော သိက္ခာသုံးပါးတို့ကို အပြည့်အဝ ထိန်းသိမ်းစောင့်ရှောက်ကြပြီ

မိမိတို့၏ ဦးတည်ချက်ဖြစ်သော ဝိနိစ္ဆယ၊သာသနာရေး၊ပညာရေးဟူသော အရေးသုံးပါးတို့ကို ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်တော်မူကြပါဟုအကျဉ်းချုပ်အားဖြင့် သြဝါဒကထာကို လျှောက်ထား၊အပ်ပါသည့် သံဃာတော် အရှင်မြတ်တို့ဘုရား။

၉-၆-၉၃ စတုတ္ထအကြိမ် ဆဋ္ဌ အစည်းအဝေးသြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ယနေ့အစည်းအဝေးသည့် တပည့်တော်များအဖွဲ့၏ ဆဋ္ဌအစည်းအဝေးဖြစ်ပါသည့်။ အလုံးစုံသော ကိစ္စဟူသမျှတို့၌ ကြိုးစားအားထုတ်ရာတွင်–

"အာတာပီတိ ဝိရိယ ဝါ၊ ဝိရိယဥ္စ ကိလေသာနံ အာတာပန ပရိတာပ ဌေန အာတာပေါတိ ဝုစ္စတိ တဒဿအတ္ထိတိအာတာပီ။ နိပကောတိ နေပက္ကံ ဝုစ္စတိ ပညာ၊ တာယ သမန္နာဂတောတိ အတ္ထော။ ဣမိနာပဒေန ပါဠိဟာရိယ ပညံ ဒဿေတိ။ ·ဣမသ္မိဉ္စိပဉ္စာဗျာကရဏေ တိက္ခတ္တုံ ပညာ အာဂတာ။ တတ္ထ ပဌမာ ဇာတိပညာ ဒုတိယာ ဝိပဿနာပညာ၊တတိယာ၊ သဗ္ဗကိစ္စပရိဏာယိကာ၊ ပါဠိဟာရိယပညာ။ အာတာပီတိ၊ အာတာပီ ဟူသည်ကား။ ဝိရိယဝါ၊ဝိရိယဉ္စ ရှိလျက်။ ဟိ၊မှန်၏။ကိလေသာနံ၊ကိလေသာတို့ကို။ အာတာပနပရိတာပနဌေန၊ ရှေးရှုပူစေတတ်။ ထက်ဝန်းကျင် ပူစေတတ်သောကြောင့်။ ဝိရိယံ၊ အားထုတ်ခြင်းကို။ အာတာပေါတိ၊ အာတာပဟူ၏။ ဝုစ္စတိ၊ ဆိုအပ်၏။ အသနရသ၊ ထိုပုဂ္ဂိုလ်အား။ တံ၊ ထိုအာတာပမည်သောပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိသဒ္ဒ၊ ထို့ကြောင့်။သောနရော၊ ထိုပုဂ္ဂိုလ်သည်။ အာတာပီ၊ ပူပန်စေမှုရှိသူမည်၏။

နိပကောတိတ္ထေ၊ နိပကေ၊ဟူသော ဤစကားရေပ်၌။ ပညာ၊ပညာကို။ နေပက္ကံ၊ နေပက္ကဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ တာယ၊ ထိုရင့်ကျက်သော ပညာနှင့်။ သမန္နာဂတော၊ပြည့်စုံသည်။ ဣတိအယံ ဤသည်ကား။ အတ္ထော၊အနက်တည်း။ ဣမိနာပဒေန၊ ဤပုဒ်ဖြင့်။ ပါဠိဟာရိယံ၊

ပါဠိဟာရိယပညာကို။ ဒသေတိ၊ ပြ၏၊ ဟိ၊ မှန်၏။ ဤမသို့ ပဋ္ဌာဗျာကရဏော၊ အမေးပြဿနာ၏ အဖြေဖြစ်သော ဤဂါထာ၌။ ပညာ၊ ပညာ၊ ပညာသည်။ တိကွတ္တုံ၊ သုံးကြိမ်တိုင်တိုင်။ အာဂတာ၊ လာ၏။ (၀၊)ပါ၀င်လျက်ရှိ၏။

တတ္ထ၊ ထိုသုံးကြိမ်တွင်။ ပဌမာ၊ ပဌမအကြိမ်ပညာသည်။ ဇာတိပညာ၊ ပဋ္ဌာနေပညာတည်း။ ဒုတိယာ၊ ဒုတိယအကြိမ်ပညာသည်။ ဝိပဿနာ၊ ဝိပဿနာပညာတည်း။ တတိယာ၊ တတိယအကြိမ်ပညာသည်။ သဗ္ဗကိစ္စ ပရိဏာယိကာ၊ အလုံးစုံသောကိစ္စတို့ကို ပိုင်းခြားဆုံးဖြတ်ဆောင်ရွက် တတ်သော။ ပါဠိဟာရိကပညာ၊ ပါဠိဟာရိကပညာတည်း။

ဤဂါထာ ဒေသနာတော်လာသော ပညာသုံးမျိုးတို့ကို၊ ဦးထိပ်ရွက်ပန်ဆင်၍ တပည့်တော်များ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များသည် မိမိတို့၏ ဦးတည်ချက်ဖြစ်သော သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးနှင့် ထွန်းကားရေး ကိစ္စတို့ကို အာဘာဝီဟူသော ဝိနိယတရားဖြင့်ကြိုးစားကြပါဟူ၍ အကျဉ်းချုပ် အားဖြင့် ဇလျှာက်ထားအပ်ပါသည်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၁၆-၆-၉၃၊ ဝတုတ္ထအကြိမ် သတ္တမ အစည်းအဝေး သြ၀ါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါး ကျင့်သုံးဓသာ ပဋိပတ္တိ ဘိက္ခုမည်ကြောင်းကို-

သံသာရေ ဘယဿ ဤကွဲတိတိ ဘိက္ခု၊ သော ဤမံ ဝိဇဋ္ဌယေ ဇဋ္ဌန္တိ သော ဤမိနာစသမ်ိလေန ဤမိနာ ဂ စိတ္တသမ်ိသေန နိဗ္ဗိဇ္ဇသမာဓိနာ ဤမဘယ စ တိ၀ိ-ဓာယ ပညာယ ဤမိနာ စ အာဘာ၊ ပေနာတိ ဆဟိ ဓမ္မေဟိ သမန္နာဂတောတိ ဘိက္ခု။

သေယျထာပိနာမ ဂုရိသော ပထ၀ိယံ ပတိ၏ဌာယ သုနိသိတံ သတ္ထံ ဥက္ခိ-ပိတ္ဝာ မဟန္တံ ဝေဠုဂုမ္ဗံ ဝိဇဋ္ဌေယျ။ ဧ၀မေ၀ သီလပထ၀ိယံ ပတိ၏ဌာယ

သမာဓိသီလာယံ သုနိသိတံ ဝိပဿနာ ပညာသင်္ခါ ဝိရိယဗလပဂ္ဂဟ်တေန ပါဠိဟာရိယပညာဟတ္ထေန ဥက္ခိပိတ္ဝာ သဗ္ဗမ္ပိတံ အတ္တနော သန္တာနေ ပတိတ ' တဏှာဇဋံ ဝိဇဋေယျ သဏ္ဌိနေ့ယျ သမ္မဒါလေယျ။ မဂ္ဂကွဏ်ေ ပနေသ တံဇဋံဝိဇဋေတိနာမ ဖလကွဏ်ေ.ဝိဇဋိပ.ဇဋော သဒေဝကဿ လောကဿ အဂ္ဂဒက္ခိဏေယျော ဟောတိ။ တေနာဟ ဘဂဝါ "သီလေ ပတိဋ္ဌာယ ။ပ။ ဇဋန္တိ။"

သံသာရေ၊ သံသရာ၌။ ဘယံ၊ ကြောက်လေက်ဖွယ်သော ဘေး။ ဣကွတိ၊ ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဘိက္ခု၊ ဘိက္ခုသည်၏။ သော ဣမံ ဝိဇဋယေ ဇဋန္တိ၊ ဟူ၊ ဃည်ကား။ ဣမိနာစသီလေန၊ ဤပေါ်ခဲ့သော သီလနှင့် လည်းကောင်း။ စိတ္တသမ်သေန၊ စိတ်ကိုပမ'နပြုသဖြင့်။ ဣမိနာ စ နိဒ္ဒိဋ္ဌေ မ ဓိနာ၊ ညွှန်ပြထားသော ဤသမာဓိနှင့်လည်းကောင်း။ (ပ နည်း) ဣမိနာ စိတ္တသမ်သေန နိဒ္ဒိဋ္ဌသမာဓိနာစ၊ စိတ်ကုပမ'နပြု၍ ညွှန်ပြထ ားသော သမာဓိနှင့်လည်းကောင်း။ ဣမာယ ဇ'ဝိဓာယ ပညာ'ယ၊ သုံးပါးအပြားရှိ သော ဤပညာနှင့်လည်းကောင်း။ ဣမိနာ အ ;တာ'ပေနစ၊ ဤပူပန်စေမှု လုံ့လဝီရိယနှင့်လည်း၊ ကောင်း။ ဣတိ၊ ဤသို့။ ဆဟိ ဓမ္မေဟိ၊ ခြောက်ပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော ။ သောဘိက္ခု၊ ထိုရဟန်းသည်။ သေယျထာပိနာမ၊ ဥပမာမည်သည်ကား၊ ပုရိသော၊ ယောကျ်ားသည်။ ပထဝိယံ၊ မြေပြင်၌။ ပတိဋ္ဌာယ၊ ကြွံ့ကြွံ့ရပ်တည်၍။ သုနိသိတံ၊ ကောင်းစွာ သွေးထားသော။ သတ္ထံ၊ မီးလက်နက်ကို။ ဥက္ခိပိတ္ဝာ၊ ချီမြှောက်၍။ မဟန္တဝေဠုဂုမ္ဗံ၊ ကြီးထွားသော ဝါးရုံကို။ ဝိဇဋေယျ ယထာ၊ ခုတ်ထစ်ဖြိုရှင်း ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ သီလပထဝိယံ၊ သီလတည်းဟူသော မြေ ပြင်၌။ ပတိဋ္ဌာယ၊ ရပ်တည်၍။ သမာဓိသီလာယံ၊ သမာဓိတည်းဟူသော ကျောက်၌။ သုနိသိတံ၊ ကောင်းစွာသွေးထားသော။ ဝိ သနာပညာသတ္ထံ၊ ဝိပဿနာတည်းဟူသော ဓားလက်နက်ကို။ ဝီရိယဗလပဂ္ဂဟိတေန၊ ဝီရိယ တည်းဟူသော စွမ်းအားသည် ထောက်ပံ့အားပေးအပ်သော။ ပါဠိဟာ-ရိယဟတ္ထေန၊ ပါဠိယာရိယ ဟူသော လက်ဖြင့်။ ဥက္ခိပိတ္ဝာ၊ ချီမြှောက် ၍။ အတ္တနောသန္တာနေ ပတိတံ၊ မိဒိရုပ်နာမ် အစဉ် သန္တာန်၌

ကျရောက်လျက်ရှိသော။ တံ သင့်မှီ ဟကာ့ဇင်္ဂုံ၊ အလုံးစုံသော ထိုတကာ့ အရှုပ်အထွေးကို။ ဝိဇ္ဇေယျ၊ ပြေရှင်းနိုင်ရာ၏။ သဏ္ဌိနေ့ယျ၊ အကြွင်းမဲ့ ပိုင်းဖြတ်နိုင်ရာ၏။ သမ္မဒါလေယျ၊ ခွဲစိတ်နိုင်ရာ၏။ ပန၊ ဆက်အုံ့။ သေ-သောဘိက္ခု၊ ဤရဟန်းသည်။ မဂ္ဂကွဲကော၊ မဂ်ခေါ်၏။ တံ ဇဋံ၊ ထိုတကာ့ အရှုပ်အထွေးကို။ ဝိဇ္ဇေတိနာမ၊ ပြေရှင်းဆဲမည်၏။ ဖလကွဲကော၊ ဖိုလ်ခေါ်၏။ ဝိဇ္ဇိတဇ္ဇော၊ တကာ့အရှုပ်အထွေးကို ပြေရှင်းပြီးသည်ဖြစ်၍။ သဒေဝကဿ လောကဿ၊ နတ်နှင့်တကွသော တစ်လောကလုံး၏။ အဂ္ဂ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံတော်မူထိုက်သော ရဟန္တာအ-ရှင်မြတ်ကြီးသည်။ ဟောတိ၊ ဖြစ်သွားပေ၏။ဟေန၊ ထို့ကြောင့်။ဘဂဝါ၊ မြတ်စွာဘုရားသည်။ သိလေ။ပ။ ဇဋ္ဌန္တိ- သိလေ ။ပ။ဇဋံ- ဟူ၍။ အာဟ-ဟောတော်မူ၏။

ဤသို့ ပြဆိုအပ်ခဲ့သော သီလစသော ဖ-ပါးသော တရားတို့နှင့် ပြည့်စုံသောရဟန်းသည် ဥပမာ-မည်သည်ကား ယောက်ျားသည် ကမ္ဘာ ပြင်၌ ရင်တည်၍ ကောင်းစွာ သေးထားသော ခေါင်းလက်နက်ကို ချီမြောက်၍ ကြီးထွားသော ဝါးရုံကို ခုတ်ဖြတ် ပြေရှင်းရာ သကဲ့သို့ ဤအတူပင် သီလတည်းဟူသော မြေပြင်၌ တည်၍ သမာဓိတည်း ဟူသော ကျောက်၌ ကောင်းစွာ သေးထားသော ဝိပဿနာပညာ တည်းဟူသော မီးလက်နက်ကို ဝိရိယတည်းဟူသော ခွန်အားသည် ထောက်ပံ့ အားပေးအပ်သော ပါဠိဟာရိယ ဟူသော လက်ဖြင့် ချီ မြောက်၍ မိမိ ရှုပ်နှောမ်အစဉ် သန္တာန်၌ ကျရောက်လျက် ရှိသော အလုံးစုံသော ထိုတကာ့ အရှုပ်အထွေးကို ပြေရှင်းနိုင်ရာ၏၊ အကြွင်း မဲ့ ပိုင်းဖြတ်နိုင်ရာ၏၊ ခွဲစိတ်နိုင်ရာ၏။

ဤဒေသနာတော်လာတဲ့အတိုင်း မိမိတို့သည် သီလသိက္ခာ၊ သမာဓိ သိက္ခာ၊ ပညာသိက္ခာဆိုသော အကျင့်သိက္ခာများကို ထိန်းသိမ်းစောင့် စည်းကြ ယှက် မိမိတို့၏ ဦးတည်ချက်ဖြစ်သော သာသနာတော်သန့်ရှင်း ရေး၊ တည်တံ့ရေး၊ ထွန်းကားရေးနှင့်ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်

တေဒီမူကြပါဟု သြဝါဒကထာ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်မြတ်တို့ဘုရား ။

၂၃-၆-၉၃ ၊ စတုတ္ထအကြိမ် အဌမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား—
သိက္ခာသုံးပါးတို့တွင် သိက္ခာအရ-

ဘွဲ့ ဟိ သီလေန အဓိသီလသိက္ခာ ပကာသိတာ ဟောတိ သမာ-ဓိနာ အဓိစိတ္တသိက္ခာ၊ ပညာယ အဓိပညာသိက္ခာ၊ သီလေနစ သာ-သနဿ အာဒိကလ္ယာဏတာ ပကာသိတာ ဟောတိ၊ " ကောစာဒိ ကုသလာနံ ဓမ္မာနံ သီလဉ္စ သုဝိသုဒ္ဓန္တိ ဟိ ဝစနတော " သဗ္ဗပါပဿ အကရဏန္တိ အာဒိဝစနတောစ သီလံ သာသနဿ အာဒိ။

တံ ကလ္ယာဏံ အဝိပ္ပဋိသာရာဒိ ဂုဏာဝဟတ္တာ—

ဟိ၊ ခ့ဲ့အုံ့။ ဘွဲ့၊ ဤသီလ၊ သမာဓိ၊ ပညာ သုံးပါးတို့တွင်။ သီလေန၊ သီလဖြင့်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာကို။ ပကာသိတာ၊ ထင်ရှားပြ အပ်သည်။ ဟောတိ၊ ဖြစ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာကို။ ပကာသိတာ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပညာယ၊ ပညာဖြင့်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာကို။ ပကာသိတာ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ စ၊ ထို့တပါး။ သီလေန၊ သီလဖြင့်။ သာသနဿ၊ သာသနာတော်၏။ အာဒိကလ္ယာဏတာ၊ အစဉ်ကောင်းခြင်း ရှိသည်၏အဖြစ်ကို။ ပကာသိတာ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏ ။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ အာဒိ၊ အစကား၊ ကော၊ အဘယ်နည်း။ သုဝိသုဒ္ဓံ ၊ ကောင်းစွာစင်ကြယ်သော။ သီလဉ္စ၊ သီလ သည်လည်း။ အာဒိ၊ အစဖြစ်၏။ ဣတိ၊ ဤသို့။ ဝစနတောစ၊ ဟောတော်မူ သောကြောင့်လည်းကောင်း။ သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှုကို။ အကရဏံ၊ မပြုမခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမ

တော်တည်း။ ဣတိအာဒိဝစနတောစ၊ ဤသို့ စသည်တို့ဟောတော်မူသော ကြောင့်လည်းကောင်း။သိလ၊သိလသည်။ သာသနာ၊သာသနာတော်၏။ အာဒိ၊ အစဖြင့်၏။ တဋ္ဌ၊ထိုသိလသည်လည်း။ ကလျာဏ၊ ကောင်းပေ၏။ ကသွာ၊အဘယ်ကြောင့်ကောင်းပါသနည်းဟူမူကား။အဝိပ္ပဋိသာရာဒိ ဂုဏာဝဟတ္တာ၊ စိတ်နှလုံး၏ ကြည်သာခြင်းလန်းခြင်းအစရှိသော ဂုဏ်ကျေးဇူး တို့ကိုဆောင်ရွက်တတ်သောကြောင့်။ ကလျာဏ၊ ကောင်း၏။

ဤသို့ပြဆိုအပ်သည့်အတိုင်း၊ သိလဖြင့်အဓိသိလသိက္ခာကိုလည်းကောင်း၊ အာဒိကလျာဏ အဖြစ်ကိုလည်းကောင်း ထင်ရှားပြသည်နှင့်အညီ မိမိတို့ စောင့်ထိန်းအပ်သော သီလသိက္ခာများကို အဓိသီလ အဆင့်ရောက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြလျက် မိမိတို့ဦးတည်ချက်ဖြစ်သော သာသနာ တော် သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားရေး ကိစ္စများကို အလေးထား၍ ဆောင်ရွက်တော်မူကြပါဟု ဩဝါဒကထာကို လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

၃၀-၆—ဗုဒ္ဓ၊စတုတ္ထအာဏ်မ် နဝမ အစည်းအဝေးဩဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ သမာဓိ ဖြင့် လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရာတွင်—

သမာဓိနာ မဇ္ဈေ ကလျာဏတာ ဟကာသိတာ ဟောတိ၊ "ကုသလဿ ဥပသမ္ပဒါ"တိ အာဒိဝစနတော ဟိ သမာဓိသာသနဿ မဇ္ဈေ၊ သောစ ကလျာဏော၊ ဣဒ္ဓိဝိဓာဒိဂုဏာဝဟတ္တာ။ ပညာယ သာသနဿ ပရိယော-သာန ကလျာဏတာ ပကာသိတာ ဟောတိ "သစိတ္တပရိယောဒါပနံ၊ တော်ဗုဒ္ဓါန သာသန"န္တိ ဟိ ဝစနတော ပညာ့ဝိဇ္ဇာရတောစ သာသနဿ ပရိယော-သာနံ၊ သာစ ကလျာဏံ ဣဒ္ဓါနိဌေသု တာဒိ ဘာဝါ ဝဟနတော။

"သေလော ယထာ ဧကဃနော၊ ဝါတေန နု သမီရတိ၊
ဧवं နိန္ဒာ ပသံသာသု၊ နု သမိဉ္ဇန္တိ ပဏ္ဍိတာ " တိ ဟိ ဝုတ္တံ။

သမာဓိနှ၊ သမင်ဓိဖြင့်။ မဇ္ဈေကလျှာဏတာ၊ အလယ်၌ကောင်းခြင်း ရှိသည်၏ အဖြစ်ကို။ ပကာသိတာ၊ထင်ရှားပြအပ်သည်။ ဟောတိ၊ဖြစ်၏။ ဟိ၊ မှန်၏။ ကုသလဿ၊ ကုသိုလ်တရားကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်တည်း။ ဣတိ အာဒိဝစနတော၊ ဤသို့စသည်ကိုဟောတော်မူသောကြောင့်။ သမာဓိ၊ သမာဓိသည်။ သာသနဿ၊ သာသနာတော်၏။ မဇ္ဈေ၊ အလယ်ဖြစ်ပေ၏။ ကသ္မာ၊ အဘယ်ကြောင့် ကောင်းပါသနည်း ဟူမူကား၊ ဣဒ္ဓိဝိဓာဒိဂုဏဝဟတ္တာ၊ တန်ခိုး ဖန်ဆင်းနိုင်ခြင်းစသောဂုဏ်ကျေးဇူးတို့ကို ဆောင်တတ်သောကြောင့်။ ကလျှာဏော၊ ကောင်း၏။ ပညာယ၊ ပညာဖြင့်။ သာသနဿ၊ သာသနာ တော်၏။ ပရိယောသာနကလျှာဏတာ၊ အဆုံး၌ ကောင်းခြင်းရှိသည်၏ အဖြစ်ကို။ ပကာသိတာ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ သစိတ္တပရိယောဒါပနံ၊ မိမိစိတ်ကို ဖြူစင်စေခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်ပေတည်း။ ဣတိ၊ ဤသို့။ ဝစနတော၊ ဟောတော်မူသောကြောင့်လည်းကောင်း။ ပညုတ္တရတော စ၊ ပညာလျှင် အလွန်အကဲဆုံး အမြတ်ဆုံးဖြစ်သောကြောင့်လည်းကောင်း။ ပညာ၊ ပညာသည်။ သာသနဿ၊ သာသနာတော်၏။ ပရိယောသာနံ၊ အဆုံးဖြစ်ပေ၏။ သာစ၊ ထိုပညာသည်လည်း၊ ဣဒ္ဓာနိဌေသု၊ အကောင်းအဆုံးဟု၌။ တာဒိဘာဝါဝဟနတော၊ အလားတူ ရှုနိုင်သည်၏ အဖြစ်ဟာဒိဂုဏ်ကိုဆောင်တတ်သောကြောင့်။ ကလျှာဏာ၊ ကောင်းပေ၏။

ကေဋ္ဌနော၊ တစ်ခဲနက်သော၊ (၀ါ)တစ်လုံး တစ်ခဲတည်း ဖြစ်သော။ သေသော၊ ကျောက်စောင်သည်။ ဝါဂေန၊ အရပ်လေးမျက်နှာမှ လာသော လေကြောင့်။ နု သမိရတိယထာ၊ မတုန်လှုပ် သကဲ့သို့။ ဧवं၊ ဤအတူပင်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ နိန္ဒာပသံသာသု၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့်။ နု သမိဇ္ဇန္တိ၊ မတုန်လှုပ်ကုန်။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဤဒဿနာတော်လာသည့်အတိုင်း တပည့်တော်မျှားနှိုင်ငံတော်သံဃ မဟာနာယက ဆရာတော်များသည် ဇာစ်ခဲနက်သောကျောက်တောင်ကြီးသည် အရပ်လေးမျက်နှာမှလာသောလေတို့ကြောင့် မတုန်မလှုပ်နိုင်သကဲ့ထို့အတူပင် အကြောင်းအမျိုးမျိုးဘို့ကြောင့် တုန်လှုပ်မှုလုံးဝမရှိဘဲ မိမိတို့၏ ဦးတည်ချက်ဖြစ်သော သာသနာတော်သန့်ရှင်းရေး တည်တံ့ရေး ထွန်းကားရေးနှင့် ပြန့်ပွားရေးကိစ္စတို့ကိုသာ သမ္မပ္ပဓာန်တရား လက်ကိုင်ထားၗ် ဆောင်ရွက်တော်မူကြပါရန် သြဝါဒကထာ လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

၇-၇-၉၃၊ စတုတ္ထအကြိမ် ဒသမ အစည်းအဝေး သြဝါဒကထာ

နှိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် အရှင်မြတ်တို့ ဘုရား-သီလ သမာဓိ ပညာတို့ဖြင့် ပြည်စုံမှုသာ မိမိတို့ လုပ်ငန်းကိုစွ ပြည့်စုံမည်ဖြစ်ကြောင်းကို—

သီလေန သောတာပန္နသကဒါဂါမိဘာဝဿ ကာရဏံ ပကာသိတံ ဟောတိ၊ သမာဓိနာ အနာဂါမိဘာဝဿ၊ ပညာယ အရဟတ္တဿ၊

သောတာပန္နော ဟိ သီလေသု ပရိပူရကာရီတိ ဝုတ္တော "တထာ သကဒါဂါမိ အနာဂါမိ ပန သမာဓိသ္မိံ ပရိပူရကာရီ" တိ။ အရဟာ ပန ပညာယ ပရိပူရကာရီ"တိ။

သီလေန၊ သီလဖြင့်။ သောတာပန္နသကဒါဂါမိ ဘာဝဿ ကာရဏံ၊ သောတာပန် သကဒါဂါမ် ဖြစ်ခြင်းကိုအကြောင်းကို။ ပကာသိတံ၊ ထင်ရှား ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

သမာဓိနာ၊သမာဓိဖြင့်။ အနာဂါမိ ဘာဝဿ၊အနာဂါမ် အဖြစ်၏။ ကာရဏံ၊အကြောင်းကို။ ပကာသိတံ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပညာယ၊ပညာဖြင့်။ အရဟတ္တဿ၊ရဟန္တာ ဖြစ်ခြင်း၏။ ကာရဏံ၊ အကြောင်းကို။ ပကာသိတံ၊ပြအပ်သည်။ ဟောတိ၊ဖြစ်၏။

ဟိုးမှန်၏။ သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်ကို လည်းကောင်း။ တထာ၊ထိုအတူ။ သကဒါဂါမိ၊သကဒါဂါမိ ပုဂ္ဂိုလ်ကို လည်းကောင်း။ သီလေသုပရိပူရကာရီ ဟိ၊ သီလတို့၌အပြည့်အစုံဖြည့်ကျင့်သော သူဟူ၏။ ဝုတ္တော၊ ဆိုအပ်၏။ အနာဂါမိ ပန၊ အနာဂါမ် ကိုကား။ သမာဓိသို့ ပရိပူရကာရီတိ၊ သမာဓိ၌ အပြည့်အစုံ ကျင့်သောသူဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ အရဟာ ပန၊ ရဟန္တာကိုကား။ ပညာယပရိပူရကာရီတိ၊ ပညာ၌ အပြည့်အစုံဖြည့်ကျင့်သောသူဟူ၍။ ဝုတ္တော၊ဆိုအပ်၏။

ဤဒေသနာတော်၌ လာတော်မူသည့်အတိုင်း သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးတို့ကို အပြည့်အဝ ပြည့်စုံစေပြီး မိမိတို့၏ ဦးတည်ချက်မျှားကို ဆောင်ရွက်တော် မူကျပါဟု သြဝါဒကထာ လျှောက်ထားပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၄၇-ပါးစုံညီ ကောဒသမအစည်းအဝေး သဘာပတိ

အဂ္ဂမဟာပဏ္ဍိတ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ

၏

ကြေငြာခန်းထား

ပြည်ထောင်စု မြန်မာနိုင်ငံတော် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄۷-ပါးစုံညီ ကောဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် သံဃာတော်အရှင်သူမြတ်များ ဘုရား။

ယနေ့ကျင်းပသော အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄۷-ပါးစုံညီ ကောဒသမ အစည်းအဝေးဖြစ်ပါသည် ဘုရား။ ဤအစည်းအဝေးသို့ အပရိဟာနိယ တရားကို လက်ကိုင်ထား ပြီး စုံညီစွာ စုဝေးကြွရောက် ချီးမြှောက်တော် မူကြသောကြောင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်များအား "သံဃာ့ကံစွဲ သံဃာ ဆောင်ရွက်ရမည်"ဟူသော မူအရ တာဝန်ရှိသူ တာဝန်သိမှုနှင့် စပ်၍ တပည့်တော်အနေဖြင့် ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ပြုပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည် ဘုရား၊

မြတ်စွာဘုရားရှင်သည် လူ,နတ်,ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ အစီးအပွားအလို့ငှာ ချမ်းသာခြင်း အလို့ငှာဟူသော ရည်ရွယ်ချက်ဖြင့် ဘုရားဆုကို တောင်းတော်မူခဲ့ပြီး ဘုရားဖြစ်သောအခါတွင် ထိုရည်ရွယ်ချက်အတိုင်း သတ္တဝါအပေါင်းတို့အား သာသနာတော်တည်းဟူသော အဆုံးအမကို ပေးသနားတော်မူခဲ့ပါသည်ဘုရား။ ဘုရားရှင်၏ သားတော်များ ဖြစ်ကြသော တပည့်တော်တို့ သံဃာတော်များကလည်း ဘုရားရှင်၏ ရည်ရွယ်ချက်ကို ဦးထိပ်ထားပြီး သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားထွန်းကားရေးဟူသော ဦးတည်ချက်သုံးရပ်ဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်ကြရာတွင် ပေါ်ဂုဏ်/ကျေးရွာအဆင့်မှ နိုင်ငံတော် အဆင့်အထိ ဖြစ်ပါသည် ဘုရား။ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အားလုံးသည် ဦးတည်ချက်သုံးရပ်ကို အချိန်မရွေး လိုအပ်သလို ဆောင်ရွက်နေရမည် ဖြစ်ပါသည်ဘုရား။ ဘုရားရှင်သည် မိမိတပည့်သား သံဃာတော်အား အလုပ်လုပ်နိုင်ရေးအတွက် စွမ်းအားငါးပါးကို ပေးထားပြီး ဖြစ်ပါသည်ဘုရား။ ထိုစွမ်းအား ငါးပါးတို့မှာ–

သဒ္ဓါစွမ်းအား၊ ဝီရိယစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား ပညာစွမ်းအား–
တို့ဖြစ်ကြပါသည်ဘုရား။

ထိုစွမ်းအားငါးပါးဖြင့် ဆောင်ရွက်ပါလျှင် လုပ်ငန်းကိစ္စများ ပြီးမြောက်ကြောင်း လမ်းညွှန်ထားပြီး ဖြစ်ပါသည်ဘုရား။ထို့ကြောင့် တပည့်တော်တို့အဖွဲ့အစည်းဝင်အားလုံးတို့သည် ထိုစွမ်းအားငါးပါးကို လက်ကိုင်ထားပြီး ဆောင်ရွက်ဖို့လိုကြောင်း လျှောက်ထားပါသည် ဘုရား၊ ထိုစွမ်းအားငါးပါးဖြင့် အချိုးညီညီ ဆောင်ရွက်တော်မူကြပါလျှင်လည်း လောကသာသနာ(၂)ဖြာသော ကောင်းကျိုးသည် မုချမသေ့ ရရှိမည် ဖြစ်ပါသည် ဘုရား။

အထူးအားဖြင့် လျှောက်ထားလိုသည်မှာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင်နှင့် ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဆင့်သည် အမြင့်ဆုံးသော သံဃာ့အဖွဲ့အစည်း ဖြစ်သည်နှင့်အညီ ယင်း၏ဦးဆောင်

မှ အခန်းကဏ္ဍ သည် အဓိကကျပါသည်ဘုရား။ ထို့ကြောင့် သာသနာရေး ကိစ္စ အဝဝကို မျက်ခြည်ပြတ်မခံဘဲ အစဉ် အရာရာ ဦးဆောင်နေရမည် ဖြစ်ပါသည်ဘုရား။ သို့မဟုတ် ကုန်နှင့်ခြေပ် လိုက်ဘက်ညီစွာ ပြည့်စုံနေမည် ဖြစ်ပါသည်ဘုရား။ သာသနာ့ပြု လုပ်ငန်းဟူသည် အဋ္ဌတ္ထ သာသနာပြု ရေးနှင့် ဗဟိ၊သာသနာပြုရေး ဟူ၍(၂)မျိုးရှိရာတွင် မိမိကိုယ်တိုင်က လည်း ဘုရားရှင်အလိုကျနှင့် ညီအောင် ကျင့်ဆောင်ရမည်၊ သူတစ်ပါး တို့အားလည်း အလားတူ ကျင့်ဆောင်နိုင်အောင် တိုက်တွန်းဆောင်ရွက် ပေးရမည် ဖြစ်ပါသည်ဘုရား။ သို့မဟုတ် ဘုရားရှင်၏ ရည်ရွယ်ချက်အတိုင်း သာသနာတော် အရှည်ခံ၍ တည်ကဲ့ရာ ရောက်မည် ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ သံဃာ့အဖွဲ့အစည်းဝင် အားလုံးသည် ကိုယ်တွင်းကိုယ်ပ(၂)ဌာန တို့၌ အဆုံးအမခေါ် သာသနာတည်တံ့အောင် ပြန့်ပွားအောင်ဆောင်ရွက် တော်မူကြပါရန် တိုက်တွန်းအပ်ပါသည်ဘုရား။

ယခုအခါ နိုင်ငံတော်အစိုးရသည် သာသနာတော်ကိုအထူးချီးမြှောက် ခြင်းဖြင့်လည်းကောင်း၊ လောကီလူသား လူငယ် လူလတ်-လူကြီးတို့ ဆိုင် ရာဆိုင်ရာ အသိအလိမ္မာ ရရှိစေရန် ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း အဖက်ဖက်မှ စီစဉ်ဆောင်ရွက် ပေးလျက်ရှိကြောင်း တွေ့ရှိနေပါသည် ဘုရား။ ထိုကိစ္စနှင့်ပတ်သက်၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးကလည်း ရဟန်းကျင့်ဝတ်(၆)ပါးနှင့်အညီ ဖြည့်ဆည်းပေးဖို့လို ကြောင်း လျှောက်ထား ပါသည်ဘုရား။ သို့မှသာ တပည့်တော်တို့ သာသနာပြုနိုင်ရေးအတွက် တပည့်တော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့လျက်ရှိသော နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒကာ-ဒကာမများအား ကျေးဇူးဆပ်ရာ ရောက်မည် ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရေး ဦးတည်ချက်ကို အရှိန် အဟုန်ဖြင့် ဝိုးတက် ကြီးပွားအောင် ဆောင်ရွက်လာသည်နှင့်အမျှ ချီးမြှောက်ထောက်ပံ့လျက်ရှိသော တပည့် ဒကာ-ဒကာမအပေါင်းတို့အား

လည်း ဓမ္မဝိနယနှင့်အညီ အဆုံးအမပေးနိုင်ရေးအတွက် ကြောင့်ကြမ့ဲနေ တော်မမူကြဘဲ ဗိုလ်(၅)ပါးခေါ် စွမ်းအား(၅)ပါးဖြင့် မိမိတို့တာဝန်ကို အသီးသီး တက်ညီလက်ညီ ဆောင်ရွက်ကြပါရန် လျှောက်ကားရင်း တပည့်တော်၏သြဝါဒကထာကိုနိဂုံးချုပ်ပါ၊ ဟုတည် ဘုရား။

(ဘဒ္ဒန္တဉာဏာဘိဝံသ)
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယဥက္ကဋ္ဌ ဆရာတော်

ရက်စွဲ၊ ၁၃၅၅-ခုနှစ် ပထမဝါဆိုလပြည့်ကျော်(၁၃)ရက်
(၁၉၉၃-ခုနှစ်၊ ဇူလိုင်လ ၁၆-ရက်)

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တခေမာဘိဝံ (အဘိဝံဝေမဟာရဇဋိ) ၏

ဩဝါဒကထာများ

၂၁-၃-၉၃ စတုတ္ထအကြိမ် ပထမ အစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ ဘုရား၊ ယနေ့အစည်းအဝေးသည် တပည့်တော်များ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် ပထမ အစည်းအဝေး ဖြစ်ပါသည်။ သက်ဆိုင်ရာ လုပ်ငန်းများ အတွက် အလုပ်လုပ်ကြသောအခါ အဆင်ပြေပြေ တိုင်တိုင်ပင်ပင် ဆောင်ရွက်ကြဖို့ လိုပါသည်။ အလုပ်လုပ်ကြတဲ့အခါ ဆန္ဒ ဒေါသ ဘယာ၊ မောဟဟုဆိုသော အဂတိတရားလေးပါး မလိုက်စားဖို့နှင့် ယင်းအဂတိတရားလေးပါးတို့တွင် ဆန္ဒဆိုဒါ အနှေးညှဲဆုံးဖြစ်ပြီး ယင်းမှတစ်ဖန် ပြင်းထန်သော အာလယ၊ အနုနယ၊အဇ္ဈောသာန အဆင့်ဆင့်ဖြစ်ပါသည်။အဇ္ဈောသာနကား အလွန်ပြင်းထန်ပါကြောင်း။ "ဆန္ဒာဒိသဗ္ဗာအာဒီ" အရ တရားအားလုံးသည် တဏှာ၏ အသင်းအပင်း ဖြစ်ပါကြောင်း၊ အနှေးညှဲဆုံးဖြစ်သော ဆန္ဒာဂတိကစပြီး အာလယ၊ အနုနယ၊ အဇ္ဈောသာန တို့သို့ မလိုက်မိဖို့ အရေးကြီးပါကြောင်း၊

ထိုကြောင့် ၎င်းတရားများ နောက်သို့ တပည့်တော်များ အဖွဲ့အစည်းဝင်များသည် တစ်နိုင်ငံလုံးကိစ္စများ ဆောင်ရွက်ကြရာ၌ မိမိတပည့်၊ မိမိ

သိတင်းသုံးဖော်၊ မိမိဆရာစသည်ဖြင့် ဘက်လိုက်မှုမရှိအောင် သတိထား ဆောင်ရွက်ကြပါဟု တိုက်တွန်းစကား လျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

-၂၈-၂-၉၃-စတုတ္ထအကြိမ် ဒုတိယအစည်းအဝေး သြဝါဒကထာ
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား-

တပည့်တော်တို့ အဖွဲ့ဝင်များသည် သာသနာရေး ကိစ္စများကို ဆောင်ရွက်ရာ၌ တစ်ဦးတစ်ယောက်တည်း မလုပ်ဆောင်ကြဘဲ တစ်ပါးနှင့် တစ်ပါးညှိနှိုင်းပြီး စေတနာ သဒ္ဓါထားပြီး အရိယာ သူတော်ကောင်းတို့ ထုံးအတိုင်းလုပ်ဆောင်ကြလျှင် မှားသွားပါက မမှားအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အကယ်၍ ကျွင့်ကြံအားထုတ်မှုများ မှားယွင်းလျှင် ကဲ့ရဲ့စရာဖြစ်လာမည်။ ကံတရားဆိုသည်မှာလည်း မိမိတို့၏ လုံ့လ ဝိရိယ အကူအညီရမှ ကံအကျိုးပေးမည်ဖြစ်ပါသည်။ သူဟာသူ ကံတရားက အလိုလိုဖြစ်လာမည်မဟုတ်၊ သတ္တဝါတို့၏ ကိုယ်လုပ်တဲ့ အလုပ်တွင် ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ် ပရယောဂသမ္ဘတ္တိရှိမှသာ ကံတရားဆိုတာ ဖြစ်ပေါ်နိုင်ပါမည်၊ အလုပ်ကိစ္စဆောင်ရွက်ရာ၌ တစ်ဦးတည်း တစ်ယောက်တည်းမလုပ်ဆောင်ဘဲစုပေါင်းညှိနှိုင်းတိုင်ပင်၍ စေတနာသဒ္ဓါ ကောင်းကောင်းဖြင့် လုပ်ပါက မှားသွားတောင် သူတစ်ပါးတို့ကဲ့ရဲ့စရာ ရှိမည်မဟုတ်ပါ။ ဒီပါ၍ သူတစ်ပါး ကဲ့ရဲ့စရာမရှိအောင် ကြိုးစားအားထုတ်ကြပါဟု တိုက်တွန်းပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား ။

၄-၈-၉၃-စတုတ္ထအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ ဘုရား၊ တပည့်တော်တို့ အဖွဲ့ဝင်များသည် ဘယ်နေရာမဆို ကိစ္စများကိုဆောင်ရွက်ရာ၌ တစ်ဦးတစ်ယောက်တည်း မဆောင်ရွက်ကြဘဲ စုပေါင်း၍ဆောင်ရွက်

လျက်ရှိကြပါသည်။ အစုလိုက် အပြုံလိုက် (၃)ဖွဲ့စီခဲ့ပြီး ပညာဝေရး၊ သာသနာရေး၊ ဝိနိစ္ဆယရေးအားဖြင့် တစ်ဖွဲ့လျှင် ၅-ပါးစီ ကဏ္ဍအလိုက် ခဲ့ခြား ဆောင်ရွက်လျက် ရှိကြပါသည်။

အချို့ဆိုလျှင် သက်ဆိုင်ရာ လုပ်ငန်းများ၌ လိမ္မာကျွမ်းကျင်စွာ ညီညီ ညွတ်ညွတ်ဆောင်ရွက်နေကြသည်၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ပါးနှင့်တစ်ပါး သည်းခံပြီး ဆောင်ရွက်ကြသည့်အခါ တစ်ဦးတစ်ယောက်၏ဂုဏ်ကျေးဇူး ကို နှုတ်မှဆုတ်ခဖဝ်မပြောသော်လည်း စိတ်အတွင်းမှ ချီးမွမ်းလျက်သာ ရှိနေကြပါသည်။ ယင်းကဲ့သို့ နှစ်ရှည်လများ ဆောင်ရွက်လာကြတဲ့အခါ သာမန်အပြင်ကလေးများ တွေ့သော်လည်း အပြစ်ဟု သဘောမထား ကြပါ၊ တစ်ပါးနှင့်တစ်ပါးပြေပြစ်အောင်သာ ဆောင်ရွက်ကြမြဲပြစ်ပါသည်။

သို့ပါသောကြောင့် အစဉ်အလာအတိုင်း အနာဂါတ်ကာလ၌လည်း ဆောင်ရွက်သွားကြမည်ဆိုလျှင် အချင်းချင်းလည်း ညီညွတ်ကြ၍ လုပ် ဆောင်ချက်များသည်လည်း တရားသဖြင့် မှန်ကန်ပြတ်သားသောကိစ္စမျိုး သာ ဖြစ်ကြမည်ဟု မျှော်လင့်ဝမ်းမြောက်ရပါကြောင်း တင်ပြလျှောက် ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ ဘုရား ။

၁၁-၈-၉၃-စတုတ္ထအကြိမ် စတုတ္ထအစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ယခု— ၁၃၅၅-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၉) ရက်၊ ဗုဒ္ဓဟူးနေ့၌ ကျင်းပ သောပုံမှန်အစည်းအဝေးတွင် မိန့်ကြားတင်ပြမှာကတော့ အခြားမဟုတ် ပါ၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့နှင့်ပတ်သက်၍ မှတ်သားစရာကလေးများ အဖြစ် ဩဝါဒပေးမှာ ဖြစ်ပါသည်။

ယော နိန္ဒိယံ ပသံသတိ၊ တं ဝါ နိန္ဒတိ ယော ပသံသိယော။
ဝိစိနာတိ မုခေန သော၊ ကလိ ဘေန သုခံ နဝိန္ဒတိ။

ဤဂါထာကို ကောကာလိက အမည်ရှိသော ရဟန်းသည် ချီမွှမ်းမြောက်စား ပူဇော်ထိုက်သော အရှင်သာရိပုတ္တရာ မဏ္ဍိမြတ်ကြီးကို ကဲ့ရဲ့နှိမ်ချ အကျွောသ အမှုကိုပြု၍ မိမိ၏ဆရာ ကဲ့ရဲ့ နှိမ်ချထိုက်သော ဒေဝဒတ်ကို ချီးမွှမ်းမြောက်စားမှုပြုသဖြင့် ပစ္စုပ္ပန်ဘဝ၌ပင် ဥဿစ်သီး ခန့်ပမာဏရှိ ကိုယ်လုံးပြည့်ရောက်သော အနာရောဂါဒဏ်ဖြင့် သေလွန်၍ မြေမှိုပြီး အဝီစိငရဲ၌ ကာလရှည်ကြာ ခံနေရပေ၏။ ခံနေရဆဲဖြစ်သည်ကို အကြောင်းပြု၍ ဟောတော်မူထားပါသည်။

ယော၊ အမှတ်မထင် အကြင်သို့သောသူသည်။ နိန္ဒိယ်၊ ကဲ့ရဲ့ထိုက်သောသူကို။ ပသံသတိ၊ ချီးမွှမ်း၏။ ယော၊ အကြင်သူသည်။ ပသံသိ ယော၊ ချီးမွှမ်းခြင်းငှာထိုက်၏။ တံဝါ ထိုသူကိုမူကား။ နိန္ဒတိ၊ ကဲ့ရဲ့၏။ သော၊ ဝါ ကဲ့ရဲ့ထိုက်သူကို ချီးမွှမ်း၊ ချီးမွှမ်းထိုက်သောသူကို ကဲ့ရဲ့သော သူသည်။ မုခေန၊ ခံတွင်းဖြင့်။ ကလိ၊ ဒေါသမျက်ကြီး မကောင်းမှုကို။ ဝိစိနာတိ၊ စုဆောင်းဆည်းပူး ဆုတ်ခူးသည်မည်၏။ တေန၊ ထို့ကြောင့်။ သုခံ၊ ချမ်းသာကို။ နဝိန္ဒတိ၊ မရနိုင်တော့၏။

ဤဒေသနာတော်အတိုင်း ကဲ့ရဲ့ထိုက်သောသူကို ချီးမွှမ်းမြောက်စားခြင်း မကောင်းမှု အပြစ်ကြီးတစ်ပါး၊ ချီးမွှမ်းထိုက်သောသူကို ကဲ့ရဲ့နှိမ်ချခြင်း မကောင်းမှု အပြစ်ကြီးတစ်ပါး၊ ဤနှစ်ပါးသော အပြစ်တို့ကြောင့် မြေမျိုခြင်း၊ မဟာအဝီစိငရဲ၌ ကျက်ရခြင်းဒုက္ခကို ခံစားရလေ၏၊ ထိုနှစ်ပါးသော အပြစ်တို့၏အကျိုးကား တူမျှလေ၏၊ ထို့ကြောင့် စကားပြောကြ ဆိုကြ မိန့်ဆိုကြတဲ့အခါ သတိ ထားတော်မူကုန်ရန် တင်ပြ လျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား ။

၁၈- ၈- ၉၃-စတုတ္ထအကြိမ် ပဋ္ဌမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား—

တပည့်တော်များအဖွဲ့သည် သာသနာတော်အတွင်း ဖြစ်ပေါ်လာသော သာသနာရေး၊ ပညာရေး၊ဝိနိစ္ဆယရေးရာတို့ကို ဖြေရှင်းဆောင်ရွက်

လျက်ရှိကြာ ဝိနိစ္ဆယ မူခင်းကိစ္စများကိုသာ များများဖြေရှင်း ဆောင်-ရွက်လျက် ရှိပါသည်။ သာသနာရေး၊ ပညာရေးကိစ္စတို့မှာ များများ စားစား မရှိပါ၊နည်းလှပါတယ်၊ ဆုံးဖြတ်ချန် မျှားပြားလှားသာ ဝိနိစ္ဆယ မူခင်းများကို အမှုယ်နှင့်မပြီးနိုင်ပါ၊က စုပေါင်းဟိုင်ပင် ညှိနှိုင်းဖြေရှင်း ရပါသည်။ မူခင်းများမှာလည်း လေးမျိုးလေးစား ခွဲထားသင့်သည်၊ မူခင်းအမျိုးအစားမှာ-(၁)လွယ်မယောင်နှင့်လွယ်ဟာ၊(၂)လွယ်မယောင် နှင့်ခက်ဘာ၊(၃)ခက်မယောင်နှင့်လွယ်တာ၊(၄)ခက်မယောင်နှင့် ခက်တာ မျှား ရှိပါသည်။

ဂင်းလေးမျိုးအနက် လွယ်မရောင်နှင့်လွယ်တာကို ဖြေရှင်းပေးရတာ အကောင်းဆုံးပါ၊ ကျန်တဲ့မူခင်း ၂ခုမှာ အလွန်ခဲယဉ်းခဲ့ပါ သည်၊ မြို့နယ်/ပြည်နယ်/တိုင်း အဆင့်မှ နိုင်ငံတော်အ[illegible]သို့ [illegible] တက်ကြားတက်လာကြတာ ဖြစ်ပါသည်၊ အချို့မူခင်းကိစ္စမျိုးသည် နှစ်ဖက် တရားလိုတရားခံ(စောဒ[illegible]ကနဲ)အပြိုင်သူ[illegible]ကိုယ်[illegible]ကမျှား မျှား ဂရုနဲ့တက်လာကြသည်။ အမျှားကိုဦးစားပေးပြီး နိုင်ငံသင့်တယ် ဆိုပြီးဆုံးဖြတ်လိုလဲ မရပါ၊ဝိနည်းကြောင်း၊ဓမ္မကြောင်း ချိန်ထိုးနှိုင်းဆပြီး အမှုမှန်ဖြစ်အောင်ဆုံးဖြတ်ကြဖို့လိုပါသည်၊ ဘယ်အရာ၊ ဘယ်မူခင်းမဆို သိတဲ့လွယ်ကူလှသည်မဟုတ်ပါ၊ အကယ်၍နိုင်ငံတော်သံဃမဟာနာယကက မှားပြီးဆုံးဖြတ်ခဲ့လျှင် တစ်နိုင်ငံလုံးအတွက် အမှားဟုခြေဝစရာဖြစ်လာ မည်၊ထို့ကြောင့် အချို့မူခင်းကိစ္စများကို တပည့်-တော်များကိုယ်တိုင်နှစ်ဦး နှစ်ဖက်ပြ ဃနာမျှားကို စုံလင်စွာမသိသေးပါက [illegible]ကဆိုင်ရာ မြို့နယ်/ ပြည်နယ်/တိုင်းသံဃနာယက အဆင့်ဆင့်ထံ၊ သို့မဟုတ် သာသနာရေးမှူး များထံ အမှုမှန်ဖြစ်အောင် စုံစမ်းသင့်[illegible]င် စုံစမ်းနိုင်မည်၊ ကွင်းဆင်း သင့်လျှင် ကွင်းဆင်းလေ့လာရမည်၊ ဒါမှ နှစ်ဖက်ပုဂ္ဂိုလ်များ၏ အခြေခံမှန် မူခင်းမှန်ကို သိရှိပြီး ဆုံးဖြတ်ပေးဖို့သင့်တော်ပါ[illegible]ည်။ သို့ဖြစ်၍ မိမိ အပေါ် ကျရောက်လာသော မူခင်းများကို စဉ်းစားစားစား လေးလေး နက်နက် သတိဝိရိယထား ဆောင်ရွက်တော်မူကြပါ့ရန် တင်ပြလျှောက် ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၂၅-၈-၉၃ စတုတ္ထဓာတ်ကြီမ် ဆင္ခ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား—

တပည့်တော်များအဖွဲ့ကြီးသည် တစ်နိုင်ငံလုံးရှိ သာသနာရေးပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးရသည့် အဖွဲ့ကြီး ဖြစ်ပါသည်။ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ပြဿနာများ တက်လာတာချည်း ဖြစ်သည်။

ယင်းကဲ့သို့ တက်လာရာတွင် သူဘက် ကိုယ့်ဘက် အနိုင်လိုချင်ကြ၍ တက်လာကြခြင်းဖြစ်သည်။ နှစ်ဘက်လုံး အလျှော့မပေးကြ၊ ဒေါ်အားပြိုင်ပြီး ဗဟိုအဆင့်အထိ တက်လာခြင်းဖြစ်သည်။ တစ်ရာနှင့်တစ်ယောက် တက်လာတဲ့အခါ အများကို ဦးစားပေးပြီး အနိုင်ဆုံးဖြတ်ပေးလို့ မရပါ။ မှုခင်းအခြေအနေကို အမှန်သိအောင် ဇလုလာဆန်းစစ်ဖို့ လိုပါသည်။ သူတို့၏ အခြေခံအကြောင်းကိုရှာ၊ လူ အများအနည်းကိုလိုက်ပြီး ဒေါ်ရှုံးအနိုင် အဆုံးအဖြတ်ပေးလို့ မရပါ။ စောဒက, စုဒိတက ဝေစ်ဘက်က တစ်ယောင်း ကျန်တစ်ဖက်က တစ်ရာ တက်လာသော်လည်း အများဘက်ကိုလိုက်ပြီး ဆုံးဖြတ်လိုက်ပါက အမှန်အတိုင်းဖြစ်လာမည် မဟုတ်ပါ။

ထို့ကြောင့် ရှေးပညာရှိကြီးများ၏ ဆိုရိုးစကားအတိုင်း—

ယောင်းနှင့်တစ်ရာ၊ ရာနှင့်တစ်ယောက်၊
မှုမလောက်ဟု၊ မအောက်မေ့သာ၊
ရေးအရာကို၊ လွန်စွာဉာဏ်ရှိ၊
ဆင်ခြင်ဘိလော့၊ သတိမမှု၊
ဂူကိုမမြင်၊ အကြင်ရှေးက၊
ပေါရာဏတို့၊ ဆိုကြစကားလော
မှန်လှစွာတည်း

အထက်ပါ ဆိုရိုးအတိုင်း အမျှားကိုလိုက်၍ ဆုံးဖြတ်မည်ဆိုပါက "သက်လိုက် ဆုံးဖြတ်သည်"ဟု စွပ်စွဲကြမည်။ ထို့ကြောင့် အမှားမရှိအောင် သာသနာတော်၏အသက် ဝိနည်း၀မ္မက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှန်ဆုံးဖြစ်အောင် အမှား နည်းနိုင်သလောက် နည်းအောင် သတိဝိရိယဖြင့် ဆောင်ရွက်တော်မူကြပါရန် တင်ပြလျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၂-၉-၉၃ စတုတ္ထအကြိမ် သတ္တမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား—

တပည့်ခံတော်များသည် သာသနာရေး ကိစ္စမျှစားနှင့် ပတ်သက်၍ တစ်ပါးနှင့်တစ်ပါး သဘောတူ ဆုံးဖြတ်ရန် ဆွေးနွေးကြ၊ ပြောဆိုညှိနှိုင်းကြတဲ့အခါ တည်ငြိမ်သော ကိုယ်အမူအရာ တည်ငြိမ်သော နှုတ်အမူအရာ၊ တည်ငြိမ်သောစိတ် ထားရှိကြဖို့ လိုပါသည်။ ပုထုဇဉ်တို့သဘာ၀ တုန်လှုပ်မှုများ ရှိတတ်ကြပါသည်။ ရှေးသူတော်ကောင်းကြီးများ ကတော့ တည်ငြိမ်အေးချမ်းသော ကာယိန္ဒြေ စသည်တို့နှင့် ပြည့်စုံတော်မူကြကြောင်းကို—

သန္တကာယော သန္တ၀ါစော၊ သန္တ၀ါ သုသမာဟိတော။
၀န္တော လောကာမိသော ဘိက္ခု၊ ဥပသန္တောတိ ၀ုစ္စတိ။

သန္တကာယော၊ သမဏအသွင် ထင်သော ကိုယ် ရှိထသော။ သန္တ-၀ါစော၊ တည်ငြိမ်ခံ့ညား မှန်ကန်သောစကားလည်း ရှိထသော။ သန္တ၀ါ သုသမာဟိတော၊ ခိုင်ခိုင်မတ်မတ် တန်ရပ်တည်ငြိမ် ကောင်းမြတ်သော သမာဓိနှင့်လည်းရှိထသော။ ၀န္တော လောကာမိသော၊ မက်မောတဏှာ အာမိသဟုစာကို လွန်စွာတွန်းလှန် ပျို့အန်တော်မူပြီးထသော။ ဘိက္ခု၊ ရဟန်းကို။ ဥပသန္တောတိ၊ တည်ငြိမ်အေးချမ်း ငြိမ်သက်သောရဟန်း ဟူ၍။ ၀ုစ္စတိ၊ ဆိုအပ်ပါပေ၏။

သြဝါဒကထာ

ထိုအရိယာသခင် အရှင်မြတ်ကြီးတို့၏ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာတို့ တည်ငြိမ်တော်မူကြသကဲ့သို့၊ တပည့်တော်တို့ ပုထုဇဉ်များ၊ တော့ အထိုက်အလျောက် အရှုရာ၌ကိုယ်၏တည်ငြိမ်မှု၊ နှုတ်၏တည်ငြိမ်မှု၊ စိတ်၏ တည်ငြိမ်မှုတို့ကို တစ်ဘဝထက် တစ်ဘဝ ရင့်ကျက်ဘော်မူကြ အောင် ယခုဘဝ၊ ယခုအချိန်မှစ၍ ဆည်းပူး ကြိုးစား အားထုတ်တော်မူ ကြပါရန် တိုက်တွန်းအပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

၈-၉-၉၃ စတုတ္ထအကြိမ် အဌမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော့် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား-

တပည့်တော် သြဝါဒကိုပေးရမည်ဆိုတော့ တခြားမဟုတ်ပါ ညီညွတ်ခြင်းသည် ချမ်းသာပါကြောင်းကို သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ၊ သုခါ သံဃသာ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ၊ ဤဒေသနာတော်ကို မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သံဃာငါးရာတို့ကို အကြောင်းပြု၍ ဟောကြားခြင်း ဖြစ်ပါသည်။ စည်းဝေးညီမှုရာဖြစ်သော အသောက်အဉီအနီးသို့ ရောက်တော်မူသောအခါ ဘုရားရှင်ကိုယ်တော်မြတ်က ထိုသံဃာငါးရာတို့အား ပုစ္ဆာပြုသနာကို "အာဝုသော ကိ ံ နု ခေါ ဣမသ္မိ ံ လောကေ သုခန္တိ" ငါရှင်တို့ဤလောကဌ် ဘယ်အရာသည် အချမ်းသာဆုံး ဖြစ်သနည်းဟု မေးတော်မူသောအခါ တပည့်သာဝကတို့အား ဤစကားကို ဖြစ်စေကုန်၏။ "ရဇ္ဇသုခသဒိသံ သုခံ နာမ နတ္ထိ" အချို့ကုန်သော ရဟန်းတို့က ဘုရင်များ စည်းစိမ်လောက် ချမ်းသာ မည်သည် မရှိဟူ၍ လည်းကောင်း၊ အချို့သောရဟန်းတို့က "ကာမသုခ သဒိသံ သုခံနာမ နတ္ထိ" ကာမဂုဏ် ချမ်းသာနှင့် တူသော ချမ်းသာမည်သည်မရှိဟူ၍ လည်းကောင်း၊ အချို့သော ရဟန်းတို့က "သာလိမံသဘောဇနာဒိသဒိသံ သုခံနာမ နတ္ထိ" ဆာလေးထိမင်း အမဲဟင်းလျှာကို စားရခြင်းနှင့်တူမသာ ချမ်းသာမည်သည် မရှိဟု အသီးသီး ပြောဆိုနေကြရာ မြတ်စွာဘုရားရှင် ဇေတဝနာရုံကြီးပြီး ပြန်

ဝေထုက်သောအခါ မိမိမိန့်ခဲ့သော စကားဏအဖြေကို မေးမြန်းတော်မူသဖြင့် တပည့်သား သာဝကများက မိမိ, မိမိတို့ဏာဉ်ထောက်၍ သဘောပေါက်ကြသည့်အတိုင်း အသီးသီး လျှောက်ထားကြရာ မြတ်စွာဘုရားရှင်က "ဣဒဉ္စိ သဗ္ဗမ္ပိ သုခံ ဝဋ္ဋဒုက္ခပရိယာပန္နမေဝ" ရဟန်းတို့ အလုံးစုံလည်း ဖြစ်ကြကုန်သော သင်တို့ လျှောက်ထားကြသော ဤချမ်းသာတို့သည် ဝဋ်ဆင်းရဲ၌ ဆက်ကျုံးဝင်သည်သာလျှင် ဖြစ်ကုန်၏။ ချမ်းသာစစ်မှ ဘုတ်ပေ၊ တကယ်ချမ်းသာအစစ်မှာ ၄-မျိုးရှိပါသည်။ ယင်း ၄-မျိုးဟူသည် "သုခါ ဗုဒ္ဓါနံ မုပ္ပါဒေါ" လောကဌ် ဘုရားရှင်ပွင့်ထွန်းလာခြင်းသည် ချမ်းသာခြင်းကို ရခြင်းဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် မျှားစွာသော သတ္တဝါတို့သည် ရာဂတည်းဟူသော ခရီးခဲမှ လွန်မြောက်စေတတ်သောကြောင့် ဘုရားပွင့်ခြင်းသည် ချမ်းသာ၏။

"သုခါသဒ္ဓမ္မ ဒေသနာ" သူ့တော်ကောင်းတရားကို ဟောကြားသဖြင့် ချမ်းသာ၏၊ အဘယ်ကြောင့်နည်းဟူမူကား ထိုဟောကြားသောတရားကို အစဲ့ပြု၍ ဇာတိသဘောရှိကုန်သော သတ္တဝါတို့သည် ဇာတိစသည်တို့မှ လွတ်မြောက်ကုန်၏၊ ထို့ကြောင့် သူတော်ကောင်းတရား ဟောကြားခြင်းသည် ချမ်းသာ၏။

"သုခါ သံဃသာ သာမဂ္ဂီ" သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာ၏" ဟူဆုဌ် တစ်ဦးနှင့်တစ်ဦး တစ်ပါးနှင့်တစ်ပါး အချင်းချင်း သမစိတ္တတာ တိ သုခါ ဝေ တူမျှသောစိတ်ထား ရှိကြသည်၏အဖြစ်သည်ပင် ချမ်းသာ၏။

" ထမဂ္ဂါနံ တပေါ သုခေါ " ညီညွတ်သောပုဂ္ဂိုလ်များ၏ အကျင့်သည် ချမ်းသာ၏ဟူဆုဌ် "ဗုဒ္ဓဝစနံ ဝါ ဥဂ္ဂဏှိတုံ၊ ဓုတင်္ဂါနိ ဝါ ပရိဟရိတုံ၊ သမ္ဘာဝေမဲ့ ဝါ ဘာတုံ သက္ကာ " တရားစကားကို သင်ယူခြင်းငှာလည်းကောင်း ဓုတင်တို့ကို ဆောင်ခြင်းငှာလည်းကောင်း၊ ရဟန်းတရားကို အားထုတ်ခြင်းငှာလည်းကောင်း၊ ပြုမူကျင့်သုံး ကြသည့်အခါ တူညီခြင်းကို " ထမဂ္ဂါနံ တပေါ သုခေါ "ဟု ဆိုပါသည်။

ထို့ကြောင့် ညီညွတ်ကြကုန်သော ပုဂ္ဂိုလ်တို့၏ အပြုအမူ အားလုံးအကျင့်စသည်တို့ကို တတ်အားသမျှ နည်းယူ၍ တပည့်တော်တို့သည်လည်း ဤသူတော်ကောင်းတို့ ကျင့်ကြံကြသည့်အတိုင်း ကျင့်ကြံတော်မူကြပါလျှင် (ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခုနံ ပါဋိကင်္ခါ၊ နော၊ ပရိဟာနိ)ဟူသည်နှင့်အညီ ကောင်းသော ကြီးပွားမှုကိုသာလျှင် အလိုရှိအပ်သည်အတိုင်းပြီးမြောက်ကုန်၍ ဆုတ်ယုတ်နိုင်ဖွယ်ရာ 'မရှိနိုင်ကြောင်းကို ယုံကြည်လေးစား၍ ညီညွတ်မှုတရားကို အလေးထားတော်မူကြပါ၏နော် တင်ပြလျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား

၁၆-၉-၉၃-စတုတ္ထအကြိမ် နဝမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား-

အပတ်စဉ်(၇)ရက်တစ်ပတ် အဖွင့်မိန့်ခွန်းကိုပြောဆိုနေရတာထုံးတမ်းစဉ်လာလိုဖြစ်နေသည်။ ပုဂ္ဂိုလ်သတ္တဝါတိုင်း ဖြစ်လာတယ်ဆိုရင် လုပ်ငန်းကိစ္စများကို လုပ်ကြ ဆောင်ရွက်ကြရပါသည်။ အချို့ကလည်း ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ကြသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ အလုပ်ရှင်က ခိုင်းဒါမျိုး ရှိချင်ရှိမည်၊ တပည့်တော်တို့လို စုပေါင်းလုပ်ကိုင်တဲ့ အဖွဲ့မျိုးမှာတော့ အလုပ်ရှင်ရဲ့ စေခိုင်းတဲ့ သဘောမျိုးမရှိဘဲ ဓမ္မလမ်းကြောင်းအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်သည်၊ဓမ္မလမ်းကြောင်းဆိုသည်မှာ အခြားမဟုတ်ပါ၊ ဝိနိစ္ဆယလုပ်ငန်းဆိုင်ရာကိစ္စဆိုလျှင်ဝိနည်းဓမ္မကိုလုပ်ထုံးလုပ်နည်းစည်းမျဉ်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။ပညာရေးကိစ္စ ဆိုလျှင်လည်းပညာရေးစည်းမျဉ်းများနှင့် အညီ၊ သာသနာရေး ကိစ္စဆိုလျှင်လည်း သံဃာ့အဖွဲ့အစည်းစည်းမျဉ်းနှင့်အညီလုပ်ကိုင်ဆောင်ရွက်ခြင်းကိုပင်ဓမ္မလမ်းကြောင်းဆိုပါသည်။ဓမ္မလမ်းကြောင်းအတိုင်းလုပ်ဆောင်မှုသာတပည့်တော်တို့၏-လုပ်ငန်းများသည် မတိမ်းမစောင်းဘဲ နည်းမှန်သမ်းကျဖြစ်မှာ ဖြစ်ပါ၏။ ဒီလိုလုပ်ခြင်းသည် သာမည လုပ်ငန်းမဟုတ်ပါ။ တစ်နိုင်ငံလုံးနှင့်ဆက်စပ်နေသည့် လုပ်ငန်းများသာ ဖြစ်ပါသည်။ အကျယ်၍ သတိလက်လွှတ်

တိမ်းစောင်းသွားပါက အမျှားသူငါတို့၏ ကဲ့ရဲ့ပြစ်တင်မှုသာ ခံရမည်ဖြစ်သည်။ မည်သူမျှကိုယ်ချင်းစာ၍ ခွင့်လွှတ်ကြမည် မဟုတ်ပါ၊ အမှုကိစ္စတို့ကို ဆောင်ရွက်ထုတ်ခဲ့မှုလမ်းကြောင်းကျရန် အလွန်အရေးကြီးပါသည်။ သို့ပါသောကြောင့်(ဓမ္မလမ်းကြောင်း၊မတိမ်းစောင်းဘဲ၊အပေါင်းလူဗိုလ်၊ နာလိုခံသာ၊ ကျင့်တတ်စွာမှ၊ ပညာသားတို၊ နှစ်ပါးရှိကို၊ မျှားဘိသူငါ၊ ချီးမှမ်းရာ၏)ဟု ပေါရာဏာကပဏ္ဍိတ ဖြစ်တော်မူကြကုန်သော ရှေးပညာရှိကြီးများ မှာကြားသွားကြပါသည်။

သို့ပါသောကြောင့် တစ်ပါးသူတို့ကဲ့ရဲ့ပြစ်တင်မှုမရှိကြရအောင် ပညာ၊ သဘိရှေဆောင်ရှိမိမို,မိမိတို့၏တာဝန်ကျရာအမှုကိစ္စမျှားဆောင်ရွက်တော်မူကြပါရန် တင်ပြလျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်ဘို့ဘုရား။

၂၂-၉-၉၃ စတုတ္ထအကြိမ် ဒသမအစည်းအဝေးသြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား—

ယနေ့ အစည်းအဝေးတင်ပေးမည့် သြဝါဒမှာ အထူးတောဝမဟုတ်ပါ၊ ယနေ့အစည်း အဝေးသည်(၇ ရက်တစ်ကြိမ် ပြုလုပ်သော အစည်းအဝေးဖြစ်ရဲ့ ထူးထူးဆန်းဆန်းမဟုတ်ပါ၊သို့သော် လုပ်ဆောင်ရသည့်ကိစ္စမျှားမှာ တစ်နိုင်ငံလုံးမှာသော ကိစ္စမျှားပြစ်၍ သေးသေးကွေးကွေး ကိစ္စမျှားလည်းမဟုတ်ပါ၊ယင်း ကိစ္စမျှ ားဆောင်ရွက်ရာ၌ အသိဉာဏ်ရှိရန် လိုပါသည်။ အသိဉာဏ်ရှေထားရ၍ ဆောင်ရွက်ပါက မှားလျှင်လည်း-ကိစ္စမရှိပါ၊ ဆုံးရှုံးမှုလည်းနည်းပါသည်၊ စေတနာမပါဘဲ မှားယွင်းဆောင်ရွက်မိပါက ယင်းအမှား၊ကို သည်းခံခွင့်လွှတ်နိုင်ကြပါသည်၊ စေတနာဖြင့် မှားယွင်းပြုလုပ်ဆောင်ရွက်မိပါက ယင်းအမှားကို သည်းခံခွင့်လွှတ်နိုင်ကြမည် မဟုတ်ပါ။

လောကဋ္ဌ သိပ္ပံပညာနှင့်ဝိဇ္ဇာပညာဟု နှစ်မျိုးရှိရာ ခွဲခြားကြည့်လျှင်—

"ပရူပဒေါသဝဇ္ဇိတံ အကုသလဝဇ္ဇိတံ သိပ္ပံနာမ "သူတစ်ပါး အပြစ်တင်မှုမှကင်းလွတ်သော၊ အကုသိုလ်ကင်းလွတ်သော အမှုမျိုးကို သိပ္ပံပညာဟု ခေါ်ပါသည်။

သီ/ကြံ/အံ/ပြန်ခြင်းကြောင့် ရလာသောပညာမှာ ဝိဇ္ဇာပညာဖြစ်ပ[1]သည်။

သီပ်ပညာထက် ဝိဇ္ဇာပညာမှာ အထက်တန်းကျပါသည်။ ယခုနေ့ ဆောင်ရွက်နေရသော အလုပ်များမှာလည်း သိခြင်း/ကြံခြင်းဖြင့် ဆောင်ရွက်ရသည့်ကိစ္စများဖြစ်၍ ဝိဇ္ဇာပညာဟု ဆိုနိုင်ပါသည်။ ဝိဇ္ဇာဆိုလျှင် ဝိဇ္ဇာဖြစ်မှ ကောင်းပါသည်၊ အဝိဇ္ဇာဖြစ်သွားပါက လူပညာရှင်များနှင့် ရောသွားမည်၊ သို့ပါသောကြောင့် အမှုကိစ္စမှန်သမျှ အသိဉာဏ်ပညာ ရှေထားဆောင်ရွက်ကြရန် တိုက်တွန်းစကားလျှောက်ထားပါသည် မဟာနာယက အဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

၂၉-၉-၉၃ စတုတ္ထဘကြိမ် ကောဒသပဘာစည်းအဝေးသြဝါဒကထာ
နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား—

ဒီအပတ်အဖွင့်မိန့်ခွန်းသည် ယခင်ပြောနေကျသြဝါဒများနှင့် သဘောသွား အတူပါပဲ၊ ရှေးရှေးရဟန္တာကြီးများက ဒီလမ်းစဉ်ကို ကျင့်သုံးခဲ့ကြပါတယ်၊ တပည့်တော်တို့လည်း ဒီလမ်းစဉ်ကို အတုယူကျင့်ဖို့ဖြစ်ပါတယ်၊ အဲဒီလမ်းစဉ်ကဘာလဲဆိုဟော့စေတောဝိမုတ္တိနှင့်ပညာဝိမုတ္တိပဲ ဖြစ်ပါတယ်။ စေတောဝိမုတ္တိနှင့် ပညာဝိမုတ္တိ ဟာ ဘုရား ရဟန္တာတို့၏ သန္တာန်မှာ အမြဲဖြစ်တတ်တယ်၊ ပုထုဇဉ်တို့၏ သန္တာန်မှာ အမြဲဖြစ်ခဲပါတယ်၊ စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိဆိုတာ—

"စေတောဝိမုတ္တိ ပညာဝိမုတ္တိန္တိ ဇတ္ထ စေတောဝစနေန
အရဟတ္တဖလသမ္မယုတ္တောဝ သမာဓိ၊
ပညာဝစနေန တံသမ္မယုတ္တာ ပညာဝ ဝုတ္တာ"

စေတော-သဒ္ဒါဖြင့် အရဟတ္တဖိုလ်၌ ယှဉ်သော သမာဓိကို အရကောက်ပါတယ်၊ ပညာ-သဒ္ဒါဖြင့် ထိုအရဟတ္တဖိုလ်၌ ယှဉ်သော ပညာကို အရကောက်ပါတယ်၊ ထိုကြောင့် စေတောဝိမုတ္တိနှင့် ပညာ ဝိမုတ္တိသည်

ဘုရား ရဟန္တာတို့၏ သန္တာန်၌ အမြဲပြတ်၍၊ ပုထုဇဉ်တို့၏ သန္တာန်၌ အမြဲမပြတ်ဟု ဆိုခြင်းမြစ်ပါတယ်။ ဤကဲ့သို့သော သမာဓိ ပညာမျိုးသည် ပုထုဇဉ်တို့၏သန္တာန်၌ အမြဲမရှိတတ်ပါ၊ သို့ရာတွင် ယင်းသို့သော သမာဓိ ပညာမြဲကြောင်း အသေးစိတ်အပ် ဖြစ်ကောင် ပုထုဇဉ်များက ဝေတ်အားသမျှ မိမိတို့၏ သမာဓိပညာဖြင့် ကျင့်ကြရမှာ ဖြစ်ပါတယ်။

"သမာဓိ ရဂတော ဝိမုတ္တတ္တာ စေတောဝိမုတ္တိတိ ဝုစ္စတိ"

ဟုဆိုသောကြောင့် တပည့်တော်တို့ ပုထုဇဉ်များ အနေဖြင့် ဖြစ်ပေါ်လာသော ပြဿနာများကို ပူဂ္ဂိုလ်တို့၏ အပေါ်၌ မိမိတို့၏ ရင်းနှီးချစ်ခင် တွယ်တာခြင်း တည်းဟူသော ရာဂမှ လွတ်မြောက်နိုင်သမျှ လွတ်မြောက်အောင် အားထုတ်ခြင်းသည် စေတောဝိမုတ္တိ မည်ပါသည်။

"ပညာ အဝိဇ္ဇာယ ဝိမုတ္တတ္တာ ပညာဝိမုတ္တိတိ ဝေဒိတဗ္ဗာ"ဟု ဆိုသောကြောင့် မိမိတို့၏သန္တာန်၌ ရှိသော အသိဉာဏ်ဖြင့် အမှားကို သိကြသော အဝိဇ္ဇာမှ လွတ်နိုင်သမျှ လွတ်အောင် စဉ်းစားဆင်ခြင်သော အသိဉာဏ်ဖြင့် အားထုတ်ခြင်းသည် ပညာဝိမုတ္တိ မည်ပါသည်။

အခင်း ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်တို့၏ အပေါ်၌ ရာဂဆိုတဲ့ စွဲလမ်းချက် မထားမူ၍ ကိစ္စကြုံတဲ့အခါ သူ့တပည့် ကိုယ့်ဆရာလို့ အစဉ်အလမ်း မသားဘဲ တဒဂ် ပဟာန အခိုက်အတန့်အားဖြင့် ဆောင်ရွက်တော်မူခြင်းသည် ပုထုဇဉ်၏ စေတောဝိမုတ္တိ ပါတဲ့။

ပုထုဇဉ်၏ ပညာဝိမုတ္တိကလည်း ဖြစ်ပေါ်လာသော ပြဿနာများ အပေါ်၌ မှန်ကန်နိုင်သမျှ မှန်ကန်အောင် ပြဿနာ ဖြစ်ထွန်းနေသို့ သွားရှိ လည်းကောင်း၊ ပြဿနာ ဖြစ်သော ပုဂ္ဂိုလ်များကို ခေါ်ရှိလည်းကောင်း၊ သိုဝှေ့သောအချက် များကို စုံစမ်း မေးမြန်းစီစစ်ခြင်းပြု၍ မိမိတို့၏ အသိဉာဏ်ဖြင့် ဆောင်ရွက်လိုက်ခြင်းသည် ပညာဝိမုတ္တိ ဖြစ်တယ်လို့ ဆိုနိုင်တာပါဘဲ။

သို့ပါသောကြောင့် ဘုရားရှင်စွဲကိုးကိုး ဗုဒ္ဓါ အရိယာ အရှင်မြတ်ကြီး တို့၏ သွားရောလမ်းကြောင်း မတိမ်းစောင်းရအောင် ပုတုဇဉ်ဖြစ်သော တပည့်တော်တို့ကလည်း တတ်အားသမျှ သမာဓိခွန်အားပညာ ခွန်အားတို့ဖြင့် ကြိုးစားပြီး ဆောင်ရွက်တော်မူကြပါရန် ပင်ပြ လျှောက်ထားပါသည် စဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၆-၁၀ ၉၃ စတုတ္ထအကြိမ် ဒုါဒသမ အစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဒေါက်တိုရ်ဘုရား—

ကမ္ဘာလောကဌ သတ္တဝါတွေဟာ မိမိ မိမိတို့နှင့်သက်ဆိုင်ရာသက်ဆိုင်ရာ အမှုကိစ္စတွေကိုအား ထုတ်လုပ်ကိုင်နေကြရပါတယ်၊ တစ်ဦးချင်းလည်း တစ်ဦးချင်းအလိုက်၊အဖွဲ့အသင်းများလည်း အဖွဲ့အသင်းအလိုက် အမှုကိစ္စတွေကိုပြုလုပ် အားထုတ်တဲ့နေ့ဆဲမှာ စိတ်ပါဝင်စားဖို့ ကိုယ့်အမှု ကိစ္စတွေ ကိုမြတ်မြတ်နိုးနိုး ဆောင်ရွက်ဖို့လိုပါတယ်၊ ဆောင်ရွက်သည့် နေရာမှာ လည်း အပြစ်ကင်းဆောင် ဆောင်ရွက်နိုင်ဖို့က ပိုရှေ့ဆုံးအရေးကြီးပါတယ်၊ မိမိတို့ ဆောင်ရွက်သည့် အမှုကိစ္စကို မှာ အပြစ်ကင်းရေး အတွက် သတိတရားကို ရှေတန်းထားရှေ့ ဆောင်ရွက်ဖို့ဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။

ဒါကြောင့်—

သတိ ပန သပ္ပဇဉ္ဇ ဗလဝတိ ဝဋ္ဋ တိ လို့ဆိုပါတယ်၊ သပ္ပဇဉ္ဇ အလုံးစုံသောအမှုကိစ္စတို့ဌ။ သတိပန၊ သတိတရာ.သည်ကား။ ဗလဝတိ၊ အားရှိသည်။ ဝတ္တတိ၊ ဖြစ်၏။ သတိဟူသောဟာ အခြေခံတရားဖြစ်ရ ကိုယ်ပိုင်ကိစ္စဖြစ်စေ၊ အများနှင့်ဆိုင်သော ကိစ္စဖြစ်စေ သတိပေးလုံး လက်ကိုင်ထားရ ဆောင်ရွက်ကြဖို့လိုပါတယ်၊ တပည့်တော်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဟာ အဆင့်အမြင့်ဆုံး အဖွဲ့အစည်းဖြစ်ရ ဆောင်ရွက်သည့်ကိစ္စတိုင်းမှာ အမှားအယွင်း မရှိဖို့ အထူးအရေးကြီး ပါတယ်၊ ဒါကြောင့် ဆောင်ရွက်သည့် ကိစ္စတိုင်းမှာ သတိတရား လက်ကိုင်ထားရ တိတိကျကျ ဆောင်ရွက်ရုပ်ကိုင် တော်မူကြပါရန် တိုက်တွန်း စကား

ပြောကြားပါသည် နိုင်ငံတော်သံဃမဟာနာယက အမှုဝင် ဦးရှင်မြတ်တို့ ဘုရား။

၁၃-၁၀-၉၃ စတုတ္ထအကြိမ် တေရသမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃာမဟာနာယက ဆရာတော် အရှင်မြတ်ဟု ဘုရား-

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် အလုပ်အမျိုးမျိုးရှိပါသည်။ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့တွင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်နေ၍ ဓမ္မဝိနည်းနည်းကမ္မကိစ္စများ ပညာ်းများလုပါသည်။ အဘယ်အလုပ်ပဲ ဖြစ်ဖြစ် ကျရာတာဝန်ကဲ့ ဆောင်ရွက်ရမည်သာ ဖြစ်ပါသည်။ အလုပ်ကိစ္စတစ်ခု ရောက်လာလျှင် မိမိတို့အဖွဲ့ လက်ထက်၌ ရောက်လာသည် ဖြစ်ကောကြောင့် အားလုံးနှင့် သက်ဆိုင်သော သဘောရှိသည်။ သာသနာရေး၊ ပညာရေး၊ ဝိနိစ္ဆယ လုပ်ငန်းခွဲခြားထားသော်လည်း အဖွဲ့ငယ်တစ်ခုက တိုင်ပင်ဆွေးနွေးလျှင် ကျန်အဖွဲ့ငယ် နှစ်ခုကလည်း ကူညီဝိုင်းဝန်း ဆောင်ရွက်မှု၊ အကြံပေးမှုများ လိုအပ်ပါသည်။ ဒီလိုမှုမကူညီ မဝိုင်းဝန်းလျှင် အဖွဲ့ငယ် တစ်ခုခုက ချုတ်ယှင်းခဲ့သော(ဒုတိယအဖွဲ့ခဲ့) တစ်ခုလုံး ထိခိုက်ရာ အကြောင်းရှိသည့်အတွက် ဒီအကြံဉာဏ်ကို တင်ပြခြင်းဖြစ်ပါသည်။

ထို့အပြင် အဖွဲ့ဝင်များသည် ဖေရေးအရာကို သိအောင် လေ့လာထားရမှာဖြစ်ပါသည်။

ပဿတိ ပဿော ပဿန္တံ၊ အပဿန္တဉ္စ ပဿတိ။
အပဿန္တော အပဿန္တံ၊ ပဿန္တဉ္စ နပဿတိ။

ပဿတိ ပဿော ပဿန္တံ၊ အပဿန္တဉ္စ ပဿတိ- မြင်တတ်သော သူသည် မြင်တတ်သော သူကိုလည်း မြင်၏၊ မမြင်တတ်သော သူကိုလည်း မြင်၏။ အပဿန္တော အပဿန္တံ၊ ပဿန္တဉ္စ နပဿတိ၊ မမြင်တတ်သော သူသည် မမြင်တတ်သော သူကိုလည်းမမြင်၊ မြင်တတ်သောသူကိုလည်း မမြင်။

အထက်ပါဒေသနာအားတိုင်း မိမိတို့သည် မြင်တတ်သူဖြစ်ပါမူ မြင်တတ်သူ/မမြင်တတ်သူတို့ကို မြင်မည်ဖြစ်၍ အရေးအရာ ကိစ္စ မှန်သမျှ၌ မဆိုင်ဘူး၊ မသိဘူး၊ မဖြစ်ရလောင်အောင် အရာပ်သိမ်းသော ကိစ္စ၌ အရေးအရာတို့ကို သိအောင် လေ့လာထားကြရန်လည်း လိုပါသည်။ ထို့ကြောင့် တာဝန်ကိစ္စမှန်၊ မျှကို ပေးလုံးဝိုင်းဝန်း ဆောင်ရွက်ကြပါဟု တိုက်တွန်းစကား လျှောက်ထားပါသည် မဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၂၀-၁၀-၉၃ စတုတ္ထအကြိမ် စုဒ္ဓသမယစည်းဘဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ ဘုရား—

ယနေ့အစည်းအဝေးတွင် အထူးပြောရန်မရှိပါ၊ သတ္တဝါများသည် မိမိကိစ္စနှင့် မိမိနေထိုင်ဆောင်ရွက်ကြပါသည်။ မိမိတို့စားသည်နေရာ၊ သွားသည့်နေရာ လုပ်သည့်နေရာများမှာ ဒေါဝါ၊ နခန္ဓီ သည်းခံမှု ရှိရန်လိုပါသည်။ အဝိုဝါသနခန္ဓီရှိမှ ကြီးပွားမှာကေန်ဖြစ်ပါသည်။ အဝိုဝါသနခန္ဓီ ဆိုသည်မှာ ဒေါ-အလွန်အကျူး အထူးအားဖြင့်၊ ဝါသန-နေခြင်း။ ထို့ကြောင့် အဝိုဝါသ နဆိုသည်မှာ အလွန်အကျူး အထူးအားဖြင့် နေခြင်းဖြစ်၍ ယင်းကဲ့သို့ နေခြင်းကိုပင် ခန္ဓီဟုခေါ်ခြင်း ဖြစ်ပါသည်။

"အတ္တနော ဥပရိ အာရောပေတွာ ပရေသံ ဒုရ္ဘတ္တဉ္ဆ ဒုရ္ဘတ္တ-ကရဏဉ္ဆ ဝသနတော အဝိုဝါသန ခန္ဓီတိ ဝုစ္စတိ"

ပရေသံ၊ သူတစ်ပါးတို့၏။ ဒုရ္ဘတ္တဉ္ဆ။ မကောင်းသဖြင့် ပြောဆိုအပ်သော စကားကိုလည်းကောင်း။ ဒုရ္ဘတ္တကရဏဉ္ဆ၊ မကောင်းသဖြင့် ပြုသောအပြုအမူကိုလည်းကောင်း။ အတ္တနော၊ မိမိ၏။ ဥပရိ၊အထက်၌။ အာရောပေတွာ၊တင်၍။ ဝသနတော၊နေခြင်းကြောင့်။အဝိုဝါသန ခန္ဓီတိ၊ အဝိုဝါသနခန္ဓီဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ သူတစ်ပါးတို့ မကောင်းကဲ့ရဲ့ ပြုမှု ပြောမှု မှန်ကာမျှကို မိမိ အပေါ် တင်၍ ထားခြင်း။ ဘယ်သူတွေ ဘာဘဲမကောင်းကဲ့ရဲ့ ပြောပြော ဘာမှုပြန်မပြောဘဲ ဘာမှ

မတုံ့ပြန်ဘဲ မိမိအပေါ် တင်ထားခြင်း၊ အတင်ခံပြီး နေခြင်းကိုပင် အဓိ ဝါသနခန္ဓာဟုခေါ်ပါသည်၊ အဓိဝါသနခန္ဓာက ဟုတ်တာလဲပြန်မပြောဘူး၊ မဟုတ်တာလဲပြန်မပြောဘူးဘက်မပြန်ဘူး၊မတုံ့ပြန်ဘူး၊အာဃာတမထားဘူး၊ မတေးမှတ်ထားဘူး၊ (အဝိရောဝေကရဏတော) ဆန့်ကျင်ဘက်မပြုမူတတ်ဘူး၊ တစ်နေ့မှန်တဲ့ တရားမှန်သလိုဖြစ်မှာဘဲလို့ ယောနိသောမနသိကာရ ထားတတ်တယ်၊စားရေး၊ ဝတ်ရေး၊နေရေးအရာရာ၌ ယောနိသောမနသိကာရ ဦးစီး၍ အသင့်အတင့် နေထိုင်သော-ပုဂ္ဂိုလ်သည် ကုသိုလ်ရပါသည်၊ ကုသိုလ်တိုးပွားပါသည်၊ အကု သိုလ်မ ဖြစ်ခတ္တပါ ကိုယ့်အခပါ်ပြောလွန်ပြုလွန်ရှိသော်လည်း ဘာမှပြန်မပြော ပြန်မလုပ်ဘဲ သည်းခံတတ်ပါတယ်။

ထို့ကြောင့် ရှေးသူတော်ကောင်းကြီးများ ကျင့်သုံးခဲ့သည့် အဓိဝါသနခန္ဓာကို နမူနာယူ၍ လေ့ကျင့်နေထိုင်ကြပါရန် တိုက်တွန်းစကား လျှောက်ထားပါသည် မဟာနာယက ဒေ့ဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၂၀-၁၀-၉၃ စတုတ္ထအကြိမ် ပန္နရသမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား—

ဒီနေ့အစည်းအဝေးတွင်သြဝါဒပေးမည့်အကြောင်းအရာမှာ အခြားမဟုတ်ပါ၊ ပုဂ္ဂိုလ်သတ္တဝါတို့သည် ကိုယ့်အလုပ်နှင့်ကိုပဲ၊ သူ့အလုပ်နှင့်သူရှိကြပါသည်။ မိမိအပေါ် ကျရောက်လာသည့် အလုပ်များကို ရဲဝံ့စွာဆောင်ရွက်တတ်ဖို့ လိုပါသည်၊ အလုပ်ပြီးစီးအောင်မြင်ရေးအတွက် အလုပ်မလုပ်မီ လုပ်ငန်း၏ အခြေအနေကို သိရှိထားနိုင်လည်းလိုပါသည်။ သူများအကူအညီရယူဆောင်ရွက်သင့်သည့် ကိစ္စကိုလည်း ရယူဆောင်ရွက်ရမည်ဖြစ်ပါသည်၊ ကိစ္စများအပေါ် သို့လော-သို့လောဇဝေဇဝါ မဖြစ်ရန်လိုပါသည်။ ဇဝေဇဝါဖြစ်နေကဒီဠ်၊ ဝိစိကိစ္ဆာတွေ ဖြစ်နေရပါမည် စိတ်ပျံ့လွင့်နေကဉ္ဇဒ္ဒစ္စတွေ ဖြစ်နေရပါမည် ဒီဠ်၊ ဇ်စိ ကိစ္ဆာတွေမရှိပါမှ ဝိစာရဏာဉာဏ် ဖြစ်ပါမည်၊ ထို့ကြောင့်ပင် ဒီဠ် ဝိစိက်စ္ဆာနဲ့ ပဟာနာယဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒီဋ္ဌိ ဝိစိကိစ္ဆာတရားတွေကင်းကွာပြီး ကိုယ့်အပေါ် ကျလာသည့် ကိစ္စကို တိတိကျကျ မှန်မှန်ကန်ကန် ရဲဝံ့စွာ ဆောင်ရွက်ကြပါဟု တိုက်တွန်းစကား လျှောက်ထားပါသည် မဟာနာယက အဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

၁၀-၁၁-၉၃ စတုတ္ထအကြိမ် သောဋ္ဌသမအစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား—

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် အဖွဲ့ဝယ်(၃)ခုရှိသည့်အနက် ဝိနိစ္ဆယအဖွဲ့ဝယ်တွင် အမှုကိစ္စ အများဆုံး ဖြစ်နေတာကိုတွေ့ရပါသည်။ ဝိနိစ္ဆယလုပ်ငန်းများသည် ကြာလေရှ'ရှည်ပ,ပ,ပ,ဖြစ်လေဖြစ်တာကို တွေ့ရပါသည်။ ဤမှုခင်းများသည် ဝိဝါဒါဓိကရဏ်းမှုခင်းများ ဖြစ်ပါသည်။ ဝိဝါဒါဓိကရဏ်း ဖြစ်ခြင်းအကြောင်းခံကို မသိမမြင်ကြသည့်အတွက် ဤမှုခင်းများဖြစ်လာပါက ညှိရှုမရ ပြေရှင်းရှုမရ၊ မခံချင်တာတစ်ခုရှိတုံး၊ တိုင်တောနေကြ၍ တိုင်မဆုံးဖြစ်နေသည်၊ အပြီးမသတ်နိုင်ကြ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် မှုခင်းများနည်းအောင် ဆောင်ရွက်နေသော်လည်း ယနေ့အထိမနည်းနိုင်၊ စင်စစ်အမှုနည်းခြင်း မနည်းခြင်းသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် မသက်ဆိုင်ဘဲ မှုခင်းဖြစ်နေသည့် အမှုသည်တို့၏စိတ်နေ စိတ်ထားနှင့်သာ သက်ဆိုင်ပါသည်။ တစ်ခါက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသက "ဆရာတော်တို့ အမှုများ နည်းသွားပါသလား" ဟု မေးလျှောက်လာရာ "မနည်းကြောင်း၊ များလာကြောင်း" ပြန်ပြော၍ ဆရာတော် ဦးဝိစိတ္တသာရာ-ဘိဝံသက "ဆရာတော်တို့က ကုန်ရုံဖွင့်ထားတာကို ကုန်တွေလိုမ့်ဝင်လာတာပေါ့" ဟု လျှောက်ပူးကြောင်း၊ ဒါလေးဟုတ်တာပါပဲ၊ သို့ဖြစ်ပါ၍ အမှုနည်းခဏာင် လုပ်နိုင်တဲ့အကြံဉာဏ်များရှိရင် ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါသည် မဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၄၇-ပါးစုံညီဒွါဒသမ အစည်းအဝေး သဘာပတိ

အဘိဝံဃမဟာရဋ္ဌဂုရု

ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တခမဝုဝ

၏

ပြဝါဒကထာ

ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား-

ယနေ့ကျင်းပသော အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့၄၇-ပါးစုံညီ ဒွါဒသမ အစည်းအဝေးဖြစ်ပါသည်ဘုရား။ သံဃာတော်များ ညီညွတ်ခြင်းဟူသော အကြောင်းတရားကြောင့် ပိမိသူတစ်ပါး ချမ်းသာစီးပွား အကျိုးတရားဖြစ်ပွား၏-ဟူသောဦးတည်ချက်ဖြင့် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များ စုံညီစွာ ဤအစည်းအဝေးသို့ ကြွရောက် ချီးမြှောက်တော်မူ လာကြခြင်းကြောင့် "သုခါ သံဃာ သဟမဂ္ဂိ"ဟူသော ဒေသနာတော်နှင့် ညီညွတ်ပါ၍ တပည့်တော် အနေဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ပြုပါကြောင်း ရှေးဦးစွာ လျှောက်ထားဖေါ်ပါသည်ဘုရား။

မြန်မာနိုင်ငံ သာသနာတော်နှင့် ပတ်သက်၍ လျှစက်ထားရပါလျှင် ရှေးရှေးသော ပဝေဏီကာလက ဆရာတော် သံဃာတော် များသည်

သာသနာတော်သန့်ရှင်းတည်တံ့, ပြန့်ပွား, ထွန်းကားရေး ကိစ္စကြီးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စွမ်းစွမ်းတမ်းဆောင်ရွက် ပြုစုခဲ့ကြသော်လည်း မိမိတို့ ဌာန မိမိဘို ဒေသအတွင် ဖွဲ့သာ စည်းလုံးညီညွတ်မှုနှင့် အောင်မြင်တိုးတက်မှုကို ဖြစ်စေနိုင်ခဲ့ကြပါသည်ဘုရား။ ယခုအခါတွင်မူကိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင်များသည် စုပေါင်း ညီညာ ဆောင်ရွက်တော်မူကြခြင်းကြောင့် စည်းလုံးညီညွတ်မှုနှင့် အောင်မြင်တိုးတက်မှုကို ပြည်တွင်းဌာသာမက ပြည်ပတို့ဌာပါ ဖြစ်စေနိုင်ခဲ့ကြပါသည် ဘုရား။ အမှန်အားဖြင့် သာသနာတော်သန့်ရှင်း,တည်တံ့, ပြန့်ပွား ထွန်းကားရေး ကိစ္စကြီးသည် အများဆိုင်လုပ်ငန်းကြီးဖြစ်ပါ၍အားလုံးကပင် ဝိုင်းဝန်းဆောင်ရွက်ရမည့် ကိစ္စကြီးဖြစ်ပါသည်ဘုရား။ဤသို့စုပေါင်းညီညာ ဆောင်ရွက်ကြမှသာလျှင် ရှင်မဟာကဿပ မဟာထေရ်မြတ်ကြီး၏ ဦးတည်ချက် အောင်မြင်နိုင်မည် ဖြစ်ပါသည်ဘုရား။ထိုဦးတည်ချက်နှင့် ပတ်သက်၍သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ စာမျက်နှာ ၂၆-၌ ဖော်ပြပတ်တော်ပါအတိုင်း ပြဆိုထားပါသည် ဘုရား-

"ဣဒံ မဟာကဿပတ္ထေရေန ဒသဗလဿ သာသနံ။
ပဋ္ဌဝဿသဟဿပရိမာဏာကာလံ ပဝတ္တနသမတ္ထံ ကတံ။

"ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် သမ္ဗုဒ္ဓဘုရားရှင်၏ဤ သာသနာတော်မြတ်ကို အနှစ်ငါးထောင် အတိုင်း အရှည်ရှိသော ကာလပတ်လုံး ဖြစ်ထွန်းတည်တံ့ စေခြင်းငှာ စွမ်းနိုင်ခြင်းကို ပြုတော်မူခဲ့လေပြီ"-

ဟူသော ဦးတည်ချက်ကို တပည့်တော်တို့ ကိုဏ်းပေါင်းစုံ သံဃာ့ အဖွဲ့အစည်းဝင်များသည် စုပေါင်းညီညာ ဆောင်ရွက်နိုင်မှသာ အနာဂတ် သာသနာကို လက်ဆင့်ကမ်းနိုင်ပြီး သာသနာတော် မြတ်ကြီးလည်း အရှည်ခံ၍ တည်တံ့နိုင်မည် ဖြစ်ပါသည်ဘုရား။

ဆရာတော် သံဃာတော် အရှင်သူပြတ်တို့ဘုရား-

တပည့်တော်တို့သည် ယခုကဲ့သို့ စုပေါင်းညီညာ ဆောင်ရွက်နေချိန်မှာပင် သက်တော်ထင်ရှား ဘုရားရှင်လက်ဆက်က ဆဗ္ဗဂ္ဂိရဟန်းများကဲ့သို့ အဲ့ရှိသောရဟန်းသာမဏေများ သည် မသင့်လျော်သော အထာဌာနတို့၌ မအပ်မရာ အလှူခံခြင်း၊ အချိန်အခါမဲ့ သွားလာ အလှူခံခြင်း စသော သမဏသာရူပမဖြစ်သော ကိုယ်မှုနှုတ်မှု ဆောင်ရွက်ချက် များသည် သာသနာတော်နှင့် မသင့်လျော်သော အမှုကိစ္စ ဖြစ်နေပါသည် ဘုရား။ ထိုကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် (၁၄-၁၀-၄၃)နေ့တွင်ကျင်းပသော အစည်းအဝေး၌ ရန်ကုန်တိုင်းအတွင်းရှိ ဂိုဏ်းပေါင်းစုံ တိုင်းနှင့် မြို့နယ် သံဃနာယက အဖွဲ့များအား ကြပ်မတ်ထိန်းသိမ်းကြစေရန် ညွှန်ကြားဆောင်ရွက် ခဲ့ပါသည်ဘုရား။ ထိုအစည်းအဝေး၌သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကလည်းဖော်ပြခဲ့ပြီး အလှူခံမှုမျိုးများသည် မသင့်လျော်သောက်စွဲများဖြစ်ကြောင်းကို လျှောက်ထားခဲ့ပြီးဖြစ်ပါသည် ဘုရား။ ထို့ကြောင့် ကိုးကွယ်ခံ ဘာသာ၊ကပ်ခံ အခြေအနေတွင် ပါဝင်သော ပုဂ္ဂိုလ်များ၏ မသင့်လျော်မှုသည် သာသနာတော်နှင့် တိုင်းပြည်အတွက်ပါ ဂုဏ်ငယ်စေထတ်ပါသည် ဘုရား။

သာသနာ့ဘဘာင်သို့ ဝင်ရောက်လာကြသော ရဟန်းသာမဏေတိုင်းသည်နိဿရည်း ခံယူမှုနှင့် ပတ်သက်၍ နိဿရည်းဆရာ၏ မိန့်ကြားချက်ကို လျှောက်ထားရပါလျှင် "ပါသာဒိကနေ၊ လူနှုတ်အများ၏ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ၊နှုတ်အမူအရာဖြင့်။ တိစီဝသိုက်၊ သိလ,သမာဓိ,ပညာ သိက္ခာသုံးရပ်၊သာသနာတော်မြတ်ကို။ သမ္မာဒေဟိ၊ ပြီးစီးပြည့်စုံ ပါစေလော့' ဟူသော မိန့်ကြားချက်ကို ရဟန်း သာမဏေတိုင်းက "အာမဘာဒန္တ" ဟု ဝန်ခံချက်ကို ခံယူခဲ့ပြီးဖြစ်၍ ယင်းဝန်ခံချက်ကို နှလုံးအိမ်၌ အစဉ်ကံန်းဟောင်း နေဆောင့် ဆတ်တရား ပြုရှောန်းပြီး နေထိုင်ဖို့လိုကြောင်း ထင်ဆင့်မှာကြား လိုပါသည် ဘုရား။ ဤသို့နိဿရည်းဆရာ၏ မိန့်ကြားချက်နှင့် မိမိ၏ဝန်ခံချက်ကို မိမိတို့နှလုံးထဲမ်၌ အစဉ်ထားပြဲ

ကိုယ်အမူအရာ၊ နှုတ်အမူအရေးမျှားသည် ဖြစ်ပွားလာဖွယ် မရှိကြောင်း လျှောက်ထားလိုပါသည်ဘုရား။

အကယ်၍မလိုက်နာဘဲ ပြုမူဆောင်ရွက် နေကြပါလျှင်သက်ဆိုင်ရာတို့ အနေဖြင့် အရေးယူခြင်းပြုပါက မိမိသာလျှင် နစ်နာဆုံးရှုံးမည်ဖြစ်ကြောင်း သတိပေးစကား လျှောက်ထားပါသည် ဘုရား။ ထို့ကြောင့် ရဟန်းသာမဏေတိုင်းသည် မိမိ မိမိတို့ အကြောင်းကြောင့် သာသနာတော်ကြီး မည်သို့မှိန်ရအောင် ထိန်းသိမ်း စောင့်ရှောက်ကြပြီး သာသနာတော်ကြီး ဂုဏ်တက်အောင် နေထိုင်ကြပါရန် [illegible] ကိုက်တွန်း လျှောက်ထားပါသည် ဘုရား။

ယခုအခါ သာသနာတော်မြတ်ကြီးကို နိုင်ငံတော် အဖိုးရှိရှင်ဟိုင်းပ ပြည်သားဒကာ-ဒကာမမျှားဘက်က အတိုင်းတက်အလွန် ပြည့်စုံကောင် အားပေးကူညီယောက်ပံ့နေချိန်တွင် တပည့်တော်တို့ သံဃာတော်မျှား ဘက်ကလည်း ဓမ္မာနုဂူဟအဖြစ်ဖြင့် သာသနာတော် သန့်ရှင်းတည်ပဲ့ ပြန့်ပွားထွန်းကားရေး ဦးတည်ချက်ကို မျက်ခြည်ပြတ်မခံဘဲ ဆောင်ရွက် နိုင်ကြပါလျှင် "ရေမြင့်က-ကြာတင့်" သကဲ့သို့ သာသနာတော်မြတ်ကြီး တိုးတက် ကြီးပွားနေပါက လောကကြီးသည်လည်း သုစရိုက် တရားကို အခြေခံပြီး တိုးတက် ကြီးပွားနေမည်သာ ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ တပည့်တော်တို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းဝင် အားလုံးသည် မိမိဆိုင်ရာ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက် ကြခြင်းဖြင့် သာသနာတော်နှင့် လောကကြီးအား အကျင့်သိက္ခာမြင့်မားလာအောင် အားထုတ်တော် မူကြပါရန် လျှောက်ထားရင်းဖြင့် တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် ဘုရာတော် သံဃာတော်အရှင်သူမြတ် ဘိုးဘုရား။

(ဘဒ္ဒန္တ ဓမ္မာဝုဓ)
အဘိဓဇမဟာရဋ္ဌဂုရု
ဒုတိယ ဥက္ကဋ္ဌဆရာတော်
ရက်စွဲ၊ ၁၃၅၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၅)ရက်
(၁၉၉၃-ခုနှစ်၊ ဒီဇင်ဘာလ ၃-ရက်)

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၉-၁၂-၁၃-ပဋ္ဌမအကြိမ် ပထမအစည်းအဝေးဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)က ဩဝါဒကထာ မိန့်ကြားတော်မူရာတွင်-

ယနေ့ ၁၃၇၅-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၁၁)ရက်နေ့မှစပြီး တတိယအဖွဲ့ခွဲဝင် ဆရာတော်များ ပဋ္ဌမအကြိမ် ပထမ အစည်းအဝေးကို စတင်ကျင်းပခြင်းဖြစ်ပါသည်။

မိမိတို့ အလှည့်ပြန်လည် ကျရောက်လာပြီ ဖြစ်သဖြင့် "ဆာဂတော ဘာရောအာသံ အာဝဟိတဗ္ဗော" ဟူသည်နှင့်အညီ၊ အာဂတော၊ ကျရောက်လာသော၊ ဘာရော၊ တာဝန်ကို။ အဝဲသံ၊ မချွတ်မယွင်း။ အာဝဟိတဗ္ဗော၊ ဆောင်ရွက်ရမည်ဟုဆိုသည့်အတိုင်း မိမိ၌ထိုကျရောက်လာသော တာဝန်ဝတ္တရားမှန်သမျှကို မချွတ်မယွင်း ဆောင်ရွက်ကြရမည်ကိုအစဉ်နှလုံးသွင်းကြပြီး သာသနာ့ဟောင်းသန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး ကိစ္စဟူသမျှတို့ကို အမှုဆောင်(၃)ဖွဲ့စီခွဲ၍ ပံ့နိုစ္ဆယရေးရာ၊ သာသနာ့ရေးရာနှင့် ပညာရေး၊ ပြည်သူ့ကိစ္စများတို့ကို မချွတ် မယွင်း ကြိုးစားပြီး ကျေပွန်စွာဆောင်ရွက်ကြပါရန်တိုက်တွန်းပါသည်နိုင်ငံတော် သံဃာမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရားဟု -ဩဝါဒကထာမြွက်ကြားတော်မူပါသည်။

တတိယစာကြွေး

နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၁၅-၁၂-၉၃-ပဋ္ဌမအကြိမ်၊ဒုတိယအစည်းကဝေးဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒန္တဉာဏာဘိဝံသ (အဂ္ဂ-မဟာပဏ္ဍိတ)က ဩဝါဒကထာ မိန့်ကြားတော်မူထုတ်ဖော်—

ခန္တျာ ဘိယျော နဝိဇ္ဇတိ၊

ခန္တျာ၊သည်းခံခြင်းဟက်။ ဘိယျော၊မြတ်သောတရားသည်။ နဝိဇ္ဇတိ၊ မရှိ။

သည်းခံခြင်းထက် မြတ်သောတရားမရှိသည်၏အဖြစ်ကို ဘုရားရှင်ကိုယ်တော်တိုင် အောက်ပါဂါထာကိုဟောခဲ့တော်မူပါသည်။

သီလ သမာဓိ ပညာနံ၊ ခန္တီ ပဓာနကာရဏံ။

သဗ္ဗေပိ ကုသလာဓမ္မာ၊ ခန္တျာယတ္တာဝ ဝဏ္ဏရေ။

သီလသမာဓိပညာနံ၊ သီလသမာဓိပညာတို့ထက်။ ခန္တီ၊ သည်းခံခြင်းသည်။ ပဓာနကာရဏံ၊ပြဋ္ဌာန်းသောအကြောင်းဖြစ်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ကုသလာဓမ္မာ၊ကုသိုလ်တရားတို့သည်။ခန္တျာယတ္တာဝ၊ သည်းခံခြင်း ခန္တီတရားနှင့် စပ်သော်သာလျှင်။ ဝဏ္ဏရေ၊တိုးပွားကြီးပွားကုန်၏။

သီလသမာဓိပညာတို့ထက် သည်းခံခြင်း ခန္တီတရားက ပဓာနကျပါသည်။ မှန်ပါသည်။ ကုသိုလ်တရားအားလုံးကိုသည် သည်းခံခြင်း ခန္တီတရား၊ပါမှသာ ကြီးပွားကိုးပွားကြပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ သဘာပတိဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၂၂-၁၂-၉၃-ပဏ္ဍမအကြိမ် တတိယအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုဘိယဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) က ဩဝါဒကတာ မြွက်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဇရာပြလတ္တံပါအတိုင်း ဖြစ်ပါသည်-

ဟိဘ္ဘာ မာနုသကံ ယောဂံ၊ ဒိဗ္ဗံ ယောဂံ ဥပဋ္ဌဂါ။
သဗ္ဗယောဂဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယော၊အကြင်ပုဂ္ဂိုလ်သည်။ မာနုသကံ၊လူ၌ဖြစ်သော။ ယောဂံ၊ အစီးအပွားကို။ ဟိတ္ဘာ၊ ပယ်စွန့်၍။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ယောဂံ၊ အစီးအပွားကို။ ဥပဋ္ဌဂါ၊ လွန်မြောက်၏။ သဗ္ဗယောဂဝိသံယုတ္တံ၊ အလုံးစုံသော စီးပွားနှင့်မယှဉ်သော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ !ဗြာဟ္မဏံ၊ ဗြာဟ္မဏာ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

လူ၌ဖြစ်သောအစီးအပွား စည်းစိမ်ကို ပယ်စွန့်၍ နတ်၌ဖြစ်သော အစီးအပွား စည်းစိမ်ကို လွန်မြောက်၍ စီးပွားစည်းစိမ်အားလုံးနှင့်မယှဉ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏခေါ်သည်ဟု ဘုရားရှင်ဓမ္မပဒပါဠိတော်၌ဟော တော်မူခဲ့ပါသည်။

ယင်းဒေသနာတော်အတိုင်း နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တတိယအဖွဲ့ခွဲဝင် ဆရာတော်တို့သည် လွှ နှတ် စီးပွားစည်းစိမ်ကို ရှောင်ခွာ၍ စီးပွားစည်းစိမ်အားလုံးနှင့် မဆက်ဆံဘဲကျရာတာဝန်ကိုထမ်းဆောင်ခဲ့သည်မှာ ယနေ့ တတိယအစည်းအဝေးသို့ ရောက်ရှိလာပြီး ဖြစ်ပါသည်။ မိမိတို့သည် ဆောင်ရွက်မြဲ အတိုင်း သာသနာတော် သန့်ရှင်းရေး သာသနာတော် ဟည်တံ့ရေး၊ သာသနာတော် ဖြန့်ပွားရေးအတွက် မိမိတာဝန်ကျရာ ကိစ္စတို့ကို မသုတ်မနစ် ကြိုးစားမှုထုတ်ဟော်မူကြပါရန် တိုက်တွန်းစကားလျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ဘုရား ။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏

သဘာဝပတိ-ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၂၄-၁၂-၉၃၊ ပဋ္ဌမာကြိမ် စတုတ္ထအစည်းအဝေးဩဝါဒကထာ

သဘာဝပတိ ဒုတိယဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာ-ပဏ္ဍိတ)က ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။ ဩဝါဒကထာအားပြည့်စုံမှာ ပေါ်ပြလတ္တံ့. ပါအာဘိုင်းဖြစ်ပါသည်-

ကောသင္ဗံ ဘယတော ဒိသ္မာ၊ဝိရိယာရမ္ဘဋ္ဌ ခေမတော။

အာရဒ္ဓ ဝိရိယာ ဟောထ၊ သော ဗုဒ္ဓါနု သာသနီ။

ကောသင်္ဗီ၊ယျင်းရိခြင်းကို။ ဘယတော၊ ဘေးအားဖြင့်။ ဒိသ္မာ၊ သိမြင်ကုန်၍။ ဝိရိယာ ရမ္ဘဋ္ဌ၊ အားထုတ်ခြင်း ဝီရိယကိုလည်း။ ခေမတော၊ ငြိမ်းအေးသောအားဖြင့်။ ဒိသ္မာ၊ သိမြင်ကြကုန်၍။ အာရဒ္ဓဝိရိယာ၊ အားထုတ်အပ်သော ဝီရိယရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သော၊ ဤသည်ကား။ ဗုဒ္ဓါနံ၊သူရှင်းရှင်တို့၏။ အနုသာသနီ၊အဆို အဆုံးမတည်း။

ပျင်းရိခြင်းကို ဘေးအားဖြင့် သိမြင်ကြကုန်ပြီး အားထုတ်ခြင်း၊ဝီရိယကို ငြိမ်းအေးသောအားဖြင့် သိမြင်ကြပြီးလျှင် အားထုတ်အပ်ပြီးသော ဝီရိယရှိကြကုန်လော့၊ ဤကား ဘုရားရှင်တို့၏ အဆုံးအမတည်း။

အထက်ပါဒေသနာတော်အတိုင်း တပည့်တော်မျှား(နိုင်ငံတော်သံဃ-မဟာနာယက အဖွဲ့ဝင်ဆရာတော်တို့သည် မိမိတို့၏ လုပ်ငန်းဖြစ်သော-သာသနာတော်သန့်ရှင်းရေး၊သာသနာတော်တည်တံ့ရေး၊သာသနာတော်ပြန့်ပွားရေးတို့၌ ပျင်းရိခြင်းကိုဝေးအာဖြင့်သိမြင်ပြီး၊ကြိုးစားအားထုတ်ခြင်းကို ဘေးကင်းသောအားဖြင့်သိမြင်ပြီး မဆုတ်မနစ် ကြိုးစားအားထုတ်ကြပါရန် တိုက်တွန်းစကား လျှောက်ထားပါသည် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

တတိယအကြိမ်

နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၆-၁-၉۷၊ပဋ္ဌမအကြိမ် ပဏ္ဍိတအစည်းအဝေးဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်ဘဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာ-ပဏ္ဍိတ)ကဩဝါဒကထာမိန့်ကြားတော် မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ပေါ်ပြလတ္တံ့ ပါအတိုင်း ဖြစ်ပါသည်—

အဘိတ္ထ ရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရော တော ပုညံ၊ ပါပသ္မိ ရမတိ မနော။

မနော၊ စိတ်သည်။ ပါပသ္မိ၊မကောင်းမှု၌။ ရမတိ၊ မွေ့လျော်၏။ ပုညံ၊ ကောင်းမှုကို။ ကရော တော၊ ပြုသောသူအား။ ဒန္ဓံ၊ နှေးနှေးတတ်၏။ ပါပါ၊ မကောင်းမှုမှ။ စိတ္တံ၊ စိတ်ကို။ နိဝါရယေ၊ တားမြစ်ရာ၏။ ကလျာဏေ၊ ကုသိုလ်ကောင်းမှုတို့ကို။ အဘိတ္ထရေထ၊ လျင်မြန်စွာပြုရာ၏။

စိတ်ဟူသည် မကောင်းမှုပြုရန် မွေ့လျော်တတ်သောကြောင့် မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏။

ကောင်းမှုပြုရန် အားထေးနှေးကန်သောကြောင့် ကောင်းမှုကို လျင်မြန်စွာ ပြုရာ၏။

အယက်ပါ ဒေသနာတော်အတိုင်း တပည့်တော်များ နိုင်ငံတော် သံဃမဟာနာယကဘုရားမှ ဝင် ဆရာတော်များသည် မိမိ မိမိတို့၏ စိတ်ကို မကောင်းမှုကို မမြေမလျော်ဘဲ ကောင်းမှုလုပ်ငန်းများဖြစ်သော သာသနာ့တော် သန့်ရှင်းရေး၊ သာသနာတော်တည်တံ့ရေး၊ သာသနာတော် ပြန့်ပွားရေးတို့၌ ယျင်မြန်စွာ ပြုလုပ်ဆောင်ရွက် အားထုတ်ကြပါရန် တိုက်တွန်းစကား လျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တ ဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၁၃-၁-၉၄ ပဋ္ဌမအကြိမ် ဆဋ္ဌအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာ မြွတ်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဖေါ်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်–

ပါပဉ္စေ ပုရိသော ကယိရာ၊ နု နံ ကယိရာ ပုနပ္ပုနံ။
နု တမ္မိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော။

ပုရိသော၊ ယောကျားသည်။ ပါပံ၊ မကောင်းမှုကို။ စေ ကယိရာ၊ အကယ်၍ပြုမိပြီးအုံ့။ နံ၊ ထိုမကောင်းမှုကို။ ပုနပ္ပုနံ၊ ထပ်ကာထပ်ကာ။ နကယိရာ၊ မပြုမိစေရာ။ တမ္မိ၊ ထိုမကောင်းမှု၌။ ဆန္ဒံ၊ စိတ်အလိုဆန္ဒကို။ နကယိရာထ၊ မပြုရာ။ ပါပဿ၊ မကောင်းမှုကို။ ဥစ္စယော၊ ပွားစေခြင်းသည်။ ဒုက္ခော၊ ဆင်းရဲခြင်း၏ အကြောင်းတည်း။ တစ်စုံတစ်ယောက်သည် မကောင်းမှုကို ပြုမိပြီးအုံ့၊ ထိုမကောင်းမှုကို ထပ်ကာထပ်ကာ မပြုမိစေရာ၊ မကောင်းမှုကိုပွားစေသည့် ဆင်းရဲခြင်းအကြောင်းဖြစ်သောကြောင့် မကောင်းမှု၌ စိတ်အလိုဆန္ဒမပြုရာ၊ မကောင်းမှုကို ပြုမိလျှင် နောက်ထပ် မဖြစ်အောင် ရှောင်ကြဉ်ရမည်။

အထက်ပါဓမ္မပဒပါဠိတော် ဒေသနာတော်နှင့်အညီ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်များသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ဖြင့် မိမိတို့တာဝန်ကျရာ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စများကို ဆောင်ရွက်ရာ၌ သတိချုတ်ချော်မှားယွင်းဆောင်ရွက်မှုမျိုး အလျှဉ်းမရှိအောင် သတိ၊ဝီရိယ၊ဉာဏ၊ ပညာရှေထား ဆောင်ရွက်တော်မူကြပါမှန် တိုက်တွန်းစကားလျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

၀ေတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ) ၏ သဘာဝပတိဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒဒေသနာ

---

၁၉ ၁.၉၇၊ ပဌမအကြိမ် သတ္တမအစည်းအဝေး သြဝါဒကထာ

သဘာဝပတိဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကအစည်းအဝေး ဖွင့်သြဝါဒကထာမြွက်ကြား တော်မူပါသည်၊ သြဝါဒကထာ အပြည့်အစုံမှာဖော်ပြလတ္တံ့ပါအတိုင်းဖြစ်ပါသည်–

ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ။
တမ္ဟိ ဆန္ဒံ ကယိရာထ၊သုခေါ ပုညဿ ဥစ္စယော။

ပုရိသော၊ ယောကျွဲးသည်။ပုညံ၊ကောင်းမှုကို။စေကယိရာ၊ အကယ်၍ပြုပြုပြီးအုံ့။နံ၊ ထိုကောင်းမှုကို။ ပုနပ္ပုနံ၊ထပ်ကဲ့ထပ်ကဲ့။ ကယိရာ၊ ပြုရာ၏။တမ္ဟိ၊ထိုကောင်းမှု၌။ ဆန္ဒံ၊ စိတ်အလိုဆန္ဒကို။ ကယိရာ၊ပြုရာ၏။ ပုညဿ၊ကောင်းမှုကို။ဥစ္စယော၊ ပွားစေခြင်းသည်။ သုခေါ၊ချမ်းသာခြင်း၏အကြောင်းတည်း။

ဤဒေသနာတော်သည် မြတ်စွာဘုရားရှင်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် လယ်စောင့်ဗမျိုးသမီးတစ်ဦးသည်,အရှင်ဟားဂသပေါဟားထေရ်ကြီးအား ပေါ်ကပေါ်က လှူဒါန်း

ခဲ့သောဒကာင်းမှုကြောင့် သေလွန်သောအခါ တာဝတိ သာနတ်ပြည်တွင် လာဇာနတ်သမီးဟု အမည်တွင်သောနတ်သမီးဖြစ်ရပြီး မထေရ်မြတ်အား ဝတ်ကြီးဝတ်ငယ်ပြုသောအခါ ငေါက်ငမ်းခံရသောကြောင့် ငိုယိုနေသော နတ်သမီးကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်ဟောတော်မူခဲ့သည်။

တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်ကောင်းမှုကိုပြုမိလျှင် ထိုကုသိုလ်ကောင်းမှုကိုယုတ်ကာထပ်ကာပြုမိအောင်လုံ့လပြုရမည်၊ကုသိုလ်ကောင်းမှုကို တိုးပွားစေခြင်းငှာသည်၊ချမ်းသာခြင်း၏အကြောင်းဖြစ်၏၊ ထို့ကြောင့် တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်တို့သည် မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီးဘန့်ရှင်း တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နေကြသဖြင့်မိမိတို့၏ သန္တာန်ဝယ်ကုသိုလ်တရားများ ထာဝစဉ်တိုးပွားလျက်ရှိပါသည်ဘုရား။ ကုသိုလ်တရားတိုးပွား အောင် ဆောင်ရွက်ရာတွင်သတိချုတ်ချော်မှု မရှိစေဘဲသတိ၊ ဝီရိယ၊ ဉာဏ်ပညာ ရှေးသွားပြု၍ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းစကားလျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အရှင်တို့ဘုရား။

တေဘိယအကြောင်း

နိုင်ငံတော်သံလ မဟာနာယကအပ္ပဲ (တတိယအပ္ပဲခဲ့) ၏
သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၂၃-၁-၉၄၊ ပဋ္ဌမအကြိမ် အဋ္ဌမအစည်းအဝေးဩဝါဒကထာ

သဘာပတိဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာ မြွက်ကြားတော်မူပါသည်၊ ဩဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအဘိုင်း ဖြစ်ပါသည်–

အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ နမိယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းသည်။ အမတံ ပဒံ၊သေခြင်းကင်းရာနိဗ္ဗာန်၏အကြောင်းဘည်း။ ပမာဒေါ၊ မေ့မလျော့ခြင်းသည်။ မစ္စုနော၊ သေခြင်း၏။ ပဒံ၊အကြောင်းတည်း။ အပ္ပမတ္တာ၊ မမေ့မလျော့သောသူတို့သည်။ နမိယန္တိ၊သေခြင်းမမည်ကုန်။ ယေ၊ အကြင်သူတို့သည်။ ပမတ္တာ၊ မေ့လျော့ ကုန်၏။ တေ၊ ထိုသူတို့သည်။ မတာယထာ၊ သေသူတို့ကဲ့သို့တည်း။(၀၊)သေသူနှင့်တူကုန်၏

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာနိဗ္ဗာန်သို့ ဆောက်ကြောင်းဖြစ်၏၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်းဖြစ်၏၊ မမေ့မလျော့သူတို့သည် ဇာတိစသည်မှလွတ်၍

ဝဋ္ဌဆင်းရဲပြတ်သောကြောင့် သေသည် မမည်ကုန်၊ မေ့လျော့သောသူ တို့ကား ဇာတိစသည်မှ မလွတ်၍ ဝဋ္ဌဆင်းရဲ မပြတ်သောကြောင့် သေ သည် မည်ကုန်၏၊

အထက်ပါဓမ္မပဒေသနာတော်နှင့်အညီ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် မမေ့မလျော့ခြင်းသည်မသေခြင်း၏အကြောင်းဖြစ် ၏ မမေ့မလျော့သူသည် သေသူမမည်၊ မေ့လျော့သူသာ သေသူမည်၏– ဟုမြန်မြန်စွာနှလုံးသွင်းကြကုန်လျက် မမြ မိမိ ဘို၏ ဆောင်ရွက်ရမည့်ဝံ့နိုစ္ဆယ ရေး၊ သာသနာရေး၊ ပညာရေးကိစ္စမှန်သမျှနှင့် အရာရာသောကိစ္စတို့၌ မမေ့မလျော့ခြင်း အပ္ပမာဒတရားကို လက်ကိုင်ထား၍ သတိဝီရိယဉာဏ် ရှေထား ဆောင်ရွက်တော်မူကြပါရန်–တိုက်တွန်းဧကား လျှောက်ထား အပ်ပါသည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏
သဘာဝတိဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၂-၂-၉၄၊ပဋ္ဌမအကြိမ် နဝမအစည်းအဝေး ဩဝါဒကထာ

သဘာဝတိဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒဂါထာမြွက်ကြားတော်မူပါသည်။ ဩဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတံ့ပါအတိုင်း ဖြစ်ပါသည်-

ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟာဒ္ဓနော။
ဝိသံ ဧိဝိတုကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ။

အပ္ပသတ္ထော၊အဖော်နည်းသော။ မဟဒ္ဓနော၊ မျိုးသောဥစ္စာရှိသော။ ဝါဏိဇော၊ကုန်သည်ကြီးသည်။ ဘယံ၊ဘေးအန္တရာယ်ရှိသော။ မဂ္ဂံ၊ခရီးကို။ ပရိဝဇ္ဇတိဗျာဝ၊ ရှောင်ကြဉ်သကဲ့သို့လည်းကောင်း။ ဧိဝိတုကာမော၊ အသက်ရှင်လိုသော သူသည်။ ဝိသံ၊လတ်တလော သေစေတတ်သော အဆိပ်ကို။ ပရိဝဇ္ဇတိဗျာဝ၊ရှောင်ကြဉ်သကဲ့သို့လည်းကောင်း။ ပဏ္ဍိတော ဘိက္ခု၊ပညာရှိသောရဟန်းသည်။ ပါပါနိ၊မကောင်းမှုတို့ကို၊ ပရိဝဇ္ဇယေ၊ ရှောင်ကြဉ်ရာ၏။

အဖေ၏နည်း မျှားသောဥစ္စာရှိသောကုန်သည်ကြီးသည် ဘေးအန္တ-ရာယ်ရှိသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်မှင်လို သောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကို ရှောင်ကြဉ် သကဲ့သို့လည်းကောင်း၊ ပညာရှိရဟန်းသည် ဘုံသုံးပါးတည်းဟူသော သံသရာခရီးဝယ် မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏။

အထက်ပါဒေသနာတော်နှင့်အညီ သံသရာခရီးသွားဖြစ်ကြကုန်သော တပည့်တော်တို့သည် မိမိတို့၏လုပ်ငန်းတာဝန်အရ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တာဝန်မျှားကိုဆောင်ရွက်ကြရာ၌ မကောင်းမှုအကုသိုလ်ကို ရှောင်ကြဉ်၍ ကြိုးစားဆောင်ရွက်ကြပါရန် တိုက်တွန်းစကားလျှောက် ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

သြဝါဒကျမ်း ဂ...ပဉ္စမ

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏
သဘာဝတိဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)
၏

သြဝါဒကထာ

၉-၂-၉၄ ပဋ္ဌမအကြိမ်ဒသမအစည်းအဝေး သြဝါဒကထာ

သဘာဝတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာ-ပဏ္ဍိတ)က အစည်းအဝေးဖွင့် သြဝါဒကထာ မြွက်ကြားတော်မူပါသည်။ သြဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်။

ပါဏိမှိ ဝေ ဝဏ္ဏော နာသ၊ ဟ ရေယ္ယ ပါဏိနာ ဝိသံ။
နာဘ္ဘဏံ ဝိသမန္ဒေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။

ပါဏိမှိ-လက်၌။ ဝဏ္ဏော၊အနာသည်။ ဝေ နု အသ၊အကယ်၍မရှိခြား-အံ့။ ပါဏိနာ၊လက်ဖြင့်။ ဝိသံ၊အဆိပ်ကို။ ဟရေယ္ယ၊ကိုင်ဆောင်နိုင်၏။ ဝိသံ၊အဆိပ်သည်။ အဗ္ဘဏံ၊အနာမရှိသော လက်သို့။ နအန္ဒေတိ-အစဉ်မလိုက်။ အကုဗ္ဗတော၊ အကုသိုလ်စေတနာ မရှိဘဲပြုသူအား။ ပါပံ၊ မကောင်းမှုကံသည်၊ နတ္ထိ၊မရှိ။

လက်မှာ အနာမရှိလျှင်- လက်ဖြင့် အဆိပ်ကို ကိုင်ဆောင်နိုင်၏၊ အကုသိုလ်စေတနာမရှိဘဲ မကပ်ရောက်နိုင်၊ အကုသိုလ်စေတနာမရှိဘဲပြုသူ

အားမကောင်းမှုမရှိနိုင်ပေ။စေတနာမပါလျှင် အကျိုးမပေးနိုင်၊အကုသိုလ် စေတနာမရှိသော ပုဂ္ဂိုလ်၏စိတ်သို့မကောင်းမှုသည် အစဉ်မလိုက်။

သောတာပန်ဇနီး–အိမ်ရှင် မုဆိုး၏ ခိုင်းစေမှုကို ပြုလုပ်အံ့ ဟူသော နှလုံးသွင်းဖြင့် လက်နက်များကို ယူပေးသည်၊ ယူပေးသည့် လက်နက်-ဖြင့် သူတစ်ပါးအသက်ကို သတ်စေလိုသောစိတ်၊ သောတာပန် ဇနီး၌ မဖြစ်ပေ။

ထို့ကြောင့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များသည် အထက်ပါ ဒေသနာအတိုင်း အကုသိုလ် အညစ်အကြေးများ မရှိအောင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် ထွန်းကားရေးတို့ကို အလေးပြု ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းစကားလျှောက်ထားပါ သည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ သဘာပတိ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၁၆-၂-၉၄ ပဋ္ဌမအကြိမ် ကောဒသမ အစ်ည်းအဝေး ဩဝါဒကထာ

သဘာပတိ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ (အဂ္ဂမဟာပဏ္ဍိတ)က ဩဝါဒကထာ မြွတ်ကြားတော် မူပါသည်။ ဩဝါဒကထာအပြည့်အစုံမှာဖော်ပြလတ္တံ့ ပါ အတိုင်းဖြစ်ပါသည်—

ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်များသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားစေရေးကို ကျွင်ကြံ့အားထုတ် ကြိုးစားကြသည့် ပုဂ္ဂိုလ်များဖြစ်ပါသည်။ တပည့်တော် တို့ လုပ်ငန်းများ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ တို့ကိုမေ့ဝိနယနှင့်အညီပြုလုပ်ဆောင်ရွက်ကြပါသည်။အကယ်၍အတိတ်က ဓမ္မဝိနယနှင့်မညီဘဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါက ယခုပစ္စုပ္ပန် လောလောဆယ်တွင် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လုပ်ငန်းကို-ဓမ္မဝိနယနှင့်လျော်ညီအောင်ဆောင်ရွက်ရန်လိုပါသည်၊ ဆောင်ရွက်ရမည့် တာဝန်သည်လည်း တပည့်တော်များတာဝန်ပင် ဖြစ်ပါသည်။ အကယ်၍ ချွတ်ချော်တိမ်းပါး မှားသွားပါက အနာဂတ်ကာလတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏တာဝန်ပင်ဖြစ်ပါမည်။ တပည့်တော်များ အနာဂတ်အတွက်လည်း ဓမ္မဝိနယနှင့်အညီ လုပ်ဆောင်ကြပါမည်ဟု အင်္ဂြေဇာန်ပြုပြီး ကြိုးစားဆောင်ရွက်ကြပါဟုတိုက်တွန်းပါ၏ကြောင်းဩဝါဒကထာလျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာမြတ်တို့ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၄၇-ပါးစုံညီ တေရသမ အစည်းအဝေး သဘာပတိ

အဂ္ဂမဟာပဏ္ဍိတ

ဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ

၏

ပြဝေါဒကထာ

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား—

ယနေ့ကျင်းပသော အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ တေရသမ အစည်းအဝေးဖြစ်ပါသည် ဘုရား။ "ဤအချိန် ဤကာလ၌ သာသနာပြုရေး အစည်းအဝေးကို စုပေါင်းညီညာ ဆောင်ရွက်ကြရမည်"ဟူသော စိတ်စေတနာ ထက်သန်စွာဖြင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များသည် ဤအစည်းအဝေးသို့ စုံညီစွာ ကြွရောက် ချီးမြှောက်တော်မူလာကြခြင်းကြောင့် တပည့်တော်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ယခုအခါ တပည့်တော်တို့ ဆောင်ရွက်ရမည့် လုပ်ငန်းများသည် ပုဂ္ဂလိက အကျိုးစီးပွားကို ဆောင်ရွက်တော်မူကြရန် မဟုတ်ပါဘဲ သဗ္ဗညူဘုရားရှင် တည်ထောင်တော်မူခဲ့သော သာသနာတော်၏ အကျိုးစီးပွား

ကို ဆောင်ရွက်တော်မူကြရန် ဤအစည်းအဝေးသို့ ရောက်ရှိလာကြခြင်း ဖြစ်ပါသည်ဘုရား။ ယခု တပည့်တော်တို့၏ လုပ်ဆောင်ချက်များသည် စုပေါင်းညီညာဆောင်ရွက်နေရခြင်း ဖြစ်ပါ၍ကလျားဏပုထုဇဉ်ပုဂ္ဂိုလ်များ ဖြစ်ကြသည့် အားလျော်စွာ အချို့အချို့သောကိစ္စများ၌ နာနတ္တာသယ, နာနာရုစိအားဖြင့် အသူးထူးသောသဘောထားမှ၊အထူးထူးသောနှစ်ခြိုက်လိုလားမှုများအရ ရံခါဖြစ်ပေါ်လာတတ်ကြပါသည်ဘုရား။ထိုအခါတစ်ဦးအပေါ် တစ်ဦးက ခန္ဓီတရားပြဋ္ဌာန်းသော မေတ္တာကာယကံ, မေတ္တာဝစီကံ, မေ ဘ္ဂာမနောကံတရား(၃)ပါးကို ရှေရှုတော်မူကြပါလျှင် နာနာတ္တာသယ, နာနာရုစိ-စသော မတူညီသောအချက်များသည် ဖြစ်ပေါ်မလာတော့ဘဲ တပည့်တော်တို့၏ အားလုံးသော လိုလားချက်သည် ဧကတ္တာသယ တစ်သဘောဘက်သို့ အဖြစ်ကို ရရှိစေနိုင်ပါသည် ဘုရား။ ထို့ကြောင့် တပည့်ထောတ်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးသည် ခန္ဓီတရားပြဋ္ဌာန်း သော မေတ္တာတရားဖြင့် ဆောင်ရွက်တော်မူကြပါလျှင်တပည့်တော်တို့၏ စုပေါင်းညီညာဆောင်ရွက်ချက်သည် အမြဲတမ်း ဇောင်မြင်ပြီး တိုးတက်ကြီးပွားနေမည်သာ ဖြစ်ပါသည်ဘုရား။

တပည့်ထောတ်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် သက်တမ်းအားဖြင့် (၁၅)နှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်၍ လုပ်ငန်းကျွမ်းကျင်မှုအသားကျလာမှုရှိနေကြပြီး ဖြစ်ပါသည်ဘုရား။ ထိုသို့ အရည်အချင်းပြည့်ဝလာသည်နှင့်အမျှ တပည့်ခဟာတ်တို့၏ ဆောင်ရွက်ချက် လုပ်ငန်းများသည် ရှေးယခင်ကနှင့်မတူဘဲ ပြည်တွင်းသာမက ပြည်ပအထိ ကျယ်ပြန့်လာပြီ ဖြစ်ပါသည်ဘုရား။ ထိုကဲ့သို့ပြန့်လာမှုကို ကြောင့်ကြမဲ့ နေတော့်မမှုကြဘဲ မျက်ခြည်မပြတ် အမြဲတမ်း မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတိတရားရှေရှုပြီး အာရုံပြု လုပ်ဆောင်ရမည်ဖြစ်ပါသည်ဘုရား။တပည့်တော်တို့သည်တာဝန်ယူလုပ်ကိုင်နေကြပြီ ရှည်မှန်းချက်များ မအောင်မြင်ပါက ပရူပဝါဒသဘော ဖြစ်နိုင်ကြောင်း သတိပေးစကားလျှောက်ထားပါသည်ဘုရား။ထို့ကြောင့် တပည့်တော့်တို့၏ သံဃာ့အဖွဲ့

အစည်းဝင် အားလုံးသည် ညီညီညွတ်ညွတ် မိမိတို့ကျရာ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ဖို့လိုကြောင်း အလေးအနက် လျှောက်ထားပါသည် ဘုရား။

ယခုအခါ တပည့်တော်တို့သည် သာသနာအကျိုးဆောင်ရွက်ရာတွင် အစိုးရနှင့် ပြည်သူတို့က ကြည်ဖြူစွာ ပံ့ပိုးကူညီနေပါ သောကြောင့် ကြောင့်ကြမှုမရှိဘဲ ချမ်းချမ်းသာသာ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ကြပါသည်ဘုရား။ ထို အခါကောင်း အခွင့်ကောင်းကြီးကို အရယူပြီး တစ်လောကလုံးအား ကျေးဇူးပြုနေသော သာသနာတော်၏ သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ကို အလေးအမြတ် ထားတော်မူပြီး ဆောင်ရွက်တော်မူကြရန် တိုက်တွန်းအပ်ပါသည်ဘုရား။

တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များသည် ဤ၄၇-ပါးစုံညီ အစည်းအဝေးအပြင်၀ တိယ အကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးပွဲကြီးအတွက် ပြုဖွယ်ကိစ္စအ၀ကိုလည်း အချိန်ပြည့်ဆောင်ရွက်နေကြပါသည်ဘုရား။ ထိုအစည်းအဝေးပွဲကြီးကိစ္စကိုလည်း ပျော့ကွက်, ဟာကွက်, ချွတ်ယွင်းချက် မရှိစေဘဲ အချိန်မီ ပြီးစီးအောင် ညီညီညွတ်ညွတ် ဆောင်ရွက်ဖို့ လိုကြောင်း ထပ်လောင်းရှေ့ လျှောက်ထားအပ်ပါသည် ဘုရား။ သို့ဖြစ်ပါရှိ သာသနာတော် အကျိုးစီးပွားနှင့် စပ်ပြီး မိမိတို့ တာဝန်ယူဆောင်ရွက်နေရသော ကိစ္စများစွာတို့ကို ဗိုလ်ငါးပါး တဆုံး လက်ကိုင်ထားပြီး ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

ရက်စွဲ၊၁၃၅၅-ခုနှစ်၊တပေါင်းလဆန်း(၇)ရက်
(၁၉၉၄-ခုနှစ် မတ်လ ၁၈-ရက်)

(ဘဒ္ဒန္တဉာဏာဘိဝံသ)
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယဥက္ကဋ္ဌဆရာတော်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
တတိယအကြိမ်
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
ပဋ္ဌမအစည်းအဝေးခွဲ မိန့်ကြားတော်မူအပ်သော
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
ဒုတိယ ဥက္ကဋ္ဌဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တဉာဏာ ဘိဝံသ ၏
အစည်းအဝေးအဖွင့် သြဝါဒကထာ

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား—

ယနေ့ ၁၃၇၅- ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်၊ မင်္ဂလာ အခါသမယ၌ ကျင်းပအပ်သော အစည်းအဝေးပွဲကြီးသည် တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးပွဲကြီး ဖြစ်ပါသည်ဘုရား။ ဤအစည်းအဝေးပွဲကြီးသို့ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် "ယော စ အာဂတံ ဘာရံ ဝဟတိ" ဟူသော အဂ္ဂိတ္တရနိကာယ ဒေသနာတော်အရ၊ "အကြင် ပုဂ္ဂိုလ်မြတ်သည် ရောက်လာ,ကျလာသောတာဝန်ကို ဆောင်ရွက်ရခြေ၏" ဟူသော နှလုံးသွင်းစိတ်ထားဖြင့် ကြွရောက် ချီးမြှောက်တော်မူလာကြခြင်းကြောင့် တာဝန်ကိုယ်စီခံကြသည့် သဘောထား ပေါ်လွင်နေပါ၍

တပည့်တော်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာပြုပါ ကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ယခုအခါ တပည့်တော်တို့သည် တစ်နှစ်လျှင် တစ်ကြိမ်ကျအားဖြင့် ဤအစည်းအဝေးသို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အဆင့်ရှိ တစ်နှစ် ပတ်လည် ဆောင်ရွက်ချက်များကို စုပေါင်းညီညာ ဆောင်ရွက်တော်မူ ကြရန် ဖြစ်ပါသည်ဘုရား။ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဦးတည်ချက်ကို ဆောင်ရွက်ရန် နိုင်ငံတော်အဆင့်မှ ရပ်ကွက်-ကျေးရွာ အဆင့်အထိ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ဆောင်ရွက် နေကြပါသည်ဘုရား။ အဖွဲ့အစည်းအနေဖြင့် စုပေါင်းညီညာ ဆောင်ရွက် တော်မူခြင်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက် ခြင်းထက် လုပ်ငန်းပမာဏအားဖြင့် လည်းကောင်း၊ ကြီးပွားတိုးတက်မှု အားဖြင့်လည်းကောင်း အတိုင်းမသိသာလွန်ပါသည်ဘုရား။ ထိုအချက်ကို သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့် အားလုံးတို့သည် အပြန်ပြန်နှလုံးသွင်း တော်မူကြပြီး သာသနာတော် သန့်ရှင်း တည်ဘုံ ပြန့်ပွားရေး ဦးတည် ချက်နှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့၏ တိုးတက်ရာ တိုးတက် ကြောင်း, ကြီးပွားရာ ကြီးပွားကြောင်း ဦးတည်ချက် (၂) မျိုးနှင့် ပတ်သက်၍ အစဉ်မပြတ် နှလုံးသွင်းတော်မူကြပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှသာ တပည့်တော်တို့၏ မျှော်မှန်းချက်များ အောင်မြင် ကြမည် ဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်မြတ်များသည် သဗ္ဗညူဘုရားရှင်၏၊ တပည့်သားသံဃာတော်များ ဖြစ်ကြသည့် အားလျော်စွာ သီလ၊ သမာဓိ ပညာ သီကွာသုံးရပ် အကျင့်မြတ်များကို ဖြည့်ကျင့်တော်မူကြသော သုပ္ပ ဋိပန္နပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါသည်ဘုရား။ ထိုသို့ဖြည့်ကျင့်သော တပည့် သား သံဃာတော်များ ရှိနေကြခြင်းကြောင့် သာသနာတော်

မြတ်ကြီးသည် ကေဝလဝဝရိပုဏ္ဏ ဓကာလပနိသုဒ္ဓ ဖြစ်တော်မူပြီး ယခုတိုင် တည်တံ့ တော်မူနေရခြင်း ဖြစ်ပါသည်ဘုရား။ သို့နှင့် သိက္ခာသုံးရပ် အကျင့်မြတ်ကို ပြည့်ကျင့်ဆောင်ရွက်မှုနှင့် ပတ်သက်၍ အချို့သော ရဟန်း သာမဏေများသည် အခလေးအမြတ် ထားတော်မမူဘဲ သမဏသာရုပ်မဖြစ်သော နေထုံ ဌာနတို့၌မအပ်မထုံဖြင့်သော အမှုကိစ္စများကို ဆောင်ရွက်နေကြသဖြင့် သာသနာတော်ကို ညစ်နွမ်း ညှိုးမှိန်စေပါသည် ဘုရား။ ၎င်းနေထုံ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထမအုပ်၊ စာမျက်နှာ ၄၅-၄၆ ၌ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားချက်ကို လိုရင်း အစိပ်ပြုယဉ် သဘောအနေဖြင့် ဖေါ်ပြပါအတိုင်း လျှောက်ထားလိုပါသည်ဘုရား—

- သီလ သိက္ခာပြည့်စုံပြီး ပရိယတ် မပြည့်စုံသူကို ချီးမွမ်းအပ်၏၊
- သီလ သိက္ခာ မပြည့်စုံပြီး ပရိယတ် ပြည့်စုံသူကို ကဲ့ရဲ့အပ်၏၊
- သီလ သိက္ခာနှင့် ပရိယတ် (၂)ပါးစုံ မပြည့်စုံသူကို ကဲ့ရဲ့အပ်၏၊
- သီလ သိက္ခာနှင့် ပရိယတ် (၂)ပါးစုံ ပြည့်စုံသူကို ရှေစင်တုံးကဲ့သို့ လူသာမက နတ်ဗြဟ္မာများပင် ချီးမွမ်းအပ်ကုန်၏။

အဆက်ဖော်ပြပါ ဒေသနာအရကို လေ့လာကြည့်ပါလျှင် သီလသိက္ခာနှင့်ပြည့်စုံမှုသည် ပဓာန အဓိက ကျကြောင်း သိရှိရပါသည်ဘုရား။ ထို့ဆက် ပဓာနကျလိုပါ်လျှင် သီလသိက္ခာနှင့် ပရိယတ် (၂)ပါးစုံ ပြည့်စုံဖို့ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးတို့သည် မိမိတို့အတွက် သီလ သိက္ခာကို အခလေးအမြတ်ကားပြီး ပြည့်ကျင့်တော်မူကြပါလျှင် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးသည် အထူးကြောင့်ကြစိုက်ဖွယ် မရှိသည့်အပြင် "အပ္ပသန္နာနံ ဝါ ပသာဒါယ ပသန္နာနံ ဝါ ဘိယ္ယောဘावाယ" ဒေသနာတော်အတိုင်း မကြည်ညိုသေးသူများ ကြည်ညိုပါပြီး၊ ကြည်ညိုပြီးသူများ ပိုမို ကြည်ညိုလာပါမည်ဘုရား။ ထို့ကြည်ညိုလာမှုသည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး၏ အဓိကအကြောင်းရင်း ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ယခု တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များသည် ဓမ္မကို ဦးဆောင်မူပြုပြီး သာသနာ၏ လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ပြည်တွင်းခ္ဍသာမက ပြည်ပသို့ပါ လုပ်ငန်းပမာဏသည် တပည့်တော်တို့ အပေါ်၌ တစိမ့်စိမ့် ကျယ်ပြန့်လာပါသည်ဘုရား။ ထိုကြောင့် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင်အားလုံးတို့သည် သာသနာပြုလုပ်ငန်းနှင့် ပတ်သက်၍ ဆောင်ရွက်ကြရန် ဤသို့ပြဆိုတော်မူထားပါသည်ဘုရား—

ဘိက္ခု။ ဗဟုဇနဟိတာယ ပဋိပန္နာ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ဗဟုဇ္ဇ တေ ဘိက္ခဝေ ဘိက္ခု။ ပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ ဌပေန္တိ။ (အံ၊၁၊၁၉)

အထက်ဖော်ပြပါ ဒေသနာတော်အရ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးတို့သည် နတ်လူအပေါင်းတို့၏ အကျိုးစီးပွားချမ်းသာခြင်း အလို့ငှာ သာသနာပြုကုသိုလ်ထူးကို ဆည်းပူး ပွားများ အားထုတ်တော်မူကြပါလျှင် သာသနာတော်ကို တည်တံ့ထွန်းလင်းစေခြင်းပင် ဖြစ်ပါသည်ဘုရား။ ထိုကြောင့် လောကီလူအပေါင်းတို့၏ အသိအလိမ္မာ ပညာကျေးမှု တိုးတက်မြင့်မားရေးအတွက် ဓမ္မာနုဂ္ဂဟ ဆောင်ရွက်ချက်များကို ပြုလုပ်မှသာလျှင် တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးတို့သည်တာဝန်ကျေမည် ဖြစ်ကြပါသည်ဘုရား။ လောကနှင့် သာသနာ (၂)ဖြာသော အကျိုးစီးပွားကို ဆောင်ရွက်တော် မူကြမှ သာလျှင် တပည့်တော်တို့၏ ဓမ္မာနုဂ္ဂဟ ဆောင်ရွက်ချက်သည် ပြီးပြည့်စုံမည် ဖြစ်ပါသည်ဘုရား။

ယခုအခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီး(၂)ပါးတို့သည် ဘဝနတ်ထံ ပျံလွန်တော်မူကြပြီး ဖြစ်၍ ထိုဆရာတော်ကြီး(၂)ပါးတို့၏ နေရာသည် လစ်လပ်လျက်ရှိနေပါသည်ဘုရား။ ထိုလစ်လပ်လျက်ရှိသောနေရာ၌ အစားထိုးဆောင်ရွက်ရန် လိုအပ်နေပါ၍ ထိုကိစ္စကို ဤအစည်းအဝေး၌ ဆောင်ရွက်ရဦးမည် ဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။

သို့ျဖစ်ပါ၍ ယခုအခါ နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သား ဒကာ ဒကာမများသည် သာသနာတော်ကို အဘက်ဘက်မှ ချီးမြှောက်ပံ့ပိုးနေ ကြသဖြင့် ထိုချီးမြှောက်ပံ့ပိုးမှုကို အမှီပြုပြီး သာသနာတော်အကျိုးစီးပွား နှင့် လောကအကျိုးစီးပွားများကို တပည့်တော်တို့ သံဃာ့အမွှဲအစည်းဝင် အားလုံးတို့က ကြောင့်ကြမဲ့ နေတော်မမူကြဘဲ ဗိုလ်ဝါးပါးကို လက်ကိုင် ထားပြီး ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြပါရန် အလေးအမြတ် တိုက်တွန်းလျှောက်ထားရင်း တပည့်တော်၏ အစည်းအဝေးအဖွင့် ဩဝါဒကထာကို နိဂုံးချုပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ် တို့ဘုရား။

နေ့စွဲ၊ ၁၃၇၅-ခုနှစ်၊ တပေါင်းလဆန်း(၁၁)ရက်

(၁၉၉၄-ခုနှစ်၊ မတ်လ ၂၂-ရက်) အင်္ဂါနေ

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏
သဘာပတိဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု)၏

ဩဝါဒကထာ

၃၀-၃-၉၄၊ ပဋ္ဌမအကြိမ် ပထမအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု)က အစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူရာတွင်–

ယနေ့အစည်းအဝေးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပဋ္ဌမအကြိမ် ပထမအစည်းအဝေး ဖြစ်ကြောင်း လုပ်ရိုးလုပ်စဉ် အစဉ်အလာအရ ဝိနိစ္ဆယ၊ သာသနာရေး၊ ပညာရေးဆိုင်ရာကိစ္စများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ထံ တင်ပြ၍ အဆုံးအဖြတ်ရယူပြီးမှ ဆောင်ရွက်နေကြောင်း သာသနာတော် ထွန်းကားပြန့်ပွားရေးအနေဖြင့် တောင်တန်းသာသနာပြု ကိစ္စများ ဆောင်ရွက်ရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြခြင်းမပြုဘဲ တောင်တန်းသာသနာပြုဩဝါဒါစရိယ အမှု၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်နေသည်ကများကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့လည်း တင်ပြစေလိုကြောင်း၊သို့မှသာ လိုအပ်သည်များကို လမ်းညွှန်မှုပေးနိုင်မှာဖြစ်ကြောင်း၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများနှင့် ပတ်သက်၍ စာရင်းဇယားတိတိကျကျ ပြုစုထားရှိပြီး လက်ရှိအခြေအနေထက် တိုးတက်အောင်တွန်းအားပေး ဆောင်ရွက်ပို့လိုကြောင်း၊ ညွှန်ကြားလွှာများ အမိန့်ပြန်တမ်းများနှင့်

ပတ်သက်၍ထွက်စာများ အမြန်ရောက်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများကအလေးထား ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်းနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန အနေဖြင့်လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အပတ်စဉ်အစည်းအဝေးများသို့ မိမိတို့ ဌာနမှ ဆောင်ရွက်ဘည့် သာသနာပြုကိစ္စများကိုပြည့်ပြည့်စုံစုံတင်ပြပေးရန်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း လိုအပ်သလိုညွှန်ကြား ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းကြောင်းဖြင့် ဥယျောဇနကထာ မိန့်ကြားတော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ၏ သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကိုတ္တိ (အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၆-၄-၉၄၊ပဋ္ဌမအကြိမ် ဒုတိယအစည်းအဝေးသြဝါဒကထာ

သဘာပတိ၊ ဒုတိယဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တကိုတ္တိ (အဂ္ဂမဟာပဏ္ဍိတ) က အစည်းအဝေးဖွင့် သြဝါဒကထာ မိန့်ကြားတော်မူပါသည်။ သြဝါဒကထာအပြည့်အစုံမှာ ကြွရောက်လာကြသော ၊ မဟာနာယကဆရာတော်များနှင့် ဥပတ္ထမ္ဘက တပည့်ဒကာအပေါင်းတို့၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ သက်တမ်းသည် ယနေ့အထိဆိုလျှင် အကြမ်းဖျင်းအားဖြင့် (၁၅)နှစ်မျှ ရောက်လာပါပြီ။ ဤအဝတာအတွင်းခဏ သံဃာ့အဖွဲ့အစည်းကြီးများ ပေါ်စမှယနေ့အထိ အသက်ရှင်စွာ သာသနာ့တာဝန်များကို မဟာနာယကဖြစ်ပြင့် တာဝန်ယူ ထမ်းဆောင်နေကြသော ဆရာတော်များရှိသလို မဟာနာယက အဖွဲ့ခွဲ အသီးသီးခွဲ အစားထိုး၍ တက်ရောက်လာကြသော ဆရာတော်များလည်း ပါဝင်ကြပါသည်။ မည်သို့ပင်ဖြစ်စေ၊ မဟာနာယကအဖွဲ့ခွဲများသည် ပိုင်းခြားသတ်မှတ်ထားသည့်ဆောင်တိုင်း ကျရာအချိန်အခါ ရာသီတို့မှာ ကိုယ်နေရာမှာကိုယ်နေ၍ ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

သို့သော် "သံယောဇဉ်ဟု၊ ဆယ်စဉ်တံမှ၊ ဤပါပကား၊ ဘဝကိုးလီ၊ အသည်းနှင့်၊ သည်းနော၀၊ ဖြစ်သမျှ၌၊ မြဲလှုပတ်နှောင်၊ ကြိုးသဲလျောင်သို့၊ မချောင်ကြပ်တင်း၊ ပွဲချည်ပြင်းခဲ့၊ စသည်ဖြင့် ဆရာတော်ကြီးများသြ၀ါဒ ရှိသောအတိုင်း ပုထုဇဉ်ပုဂ္ဂိုလ် မျှားသည် "သံယောဇဉ်ခေတ် မကင်းပြတ်ကြသေးသဖြင့် မလိုက်သင့်သော ဘက်သို့ သံယောဇဉ်အရ လိုက်ပါသွားတတ်ကြသည်မျိုးဖြစ်ကြပါသဖြင့် သံယောဇဉ်ခေတ်ကင်းပြတ်သန့်ရှင်းနိုင်သမျှ သန့်ရှင်းစွာဖြင့် လုပ်ကိုင် ဆောင်ရွက်တော် မူနိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်ပါသည်ဘုရား။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ သဘာပတိဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု)၏

ဩဝါဒကထာ

၂၂-၄-၉၄-ပဋ္ဌမအကြိမ် တတိယအစည်းအဝေးဩဝါဒကထာ

သဘာပတိ၊ ဥက္ကဋ္ဌ မြင်းခြံဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု)က အစည်းအဝေးဖွင့်ဩဝါဒကထာမိန့်ကြားတော်မူပါသည်။

ဩဝါဒကထာအပြည့်အစုံမှာ-

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ယနေ့အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဋ္ဌမအကြိမ်တတိယအစည်းအဝေးဖြစ်ပါသည်။ အစည်းအဝေးတွင် မိမိတို့ဆောင်ရွက်နေကျ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စများကို ဆောင်ရွက်ကြတာဖြစ်ပါသည်။ယင်း ကိစ္စများကို ဆောင်ရွက်ရာ၌ တိတိကျကျမှန်မှန်ကန်ကန် ဆောင်ရွက်တော်မူကြရန် တိုက်တွန်းမိန့်ကြားတော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ သံဘာဝပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၂၇-၄-၉၄-ပဋ္ဌမအကြိမ်စတုတ္ထအစည်းအဝေးဩဝါဒကထာ

သဘာဝတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တက်တ်(အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာကိုမိန့်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ပဋ္ဌမအကြိမ်စတုတ္ထ အစည်းအဝေးသို့ ကြွရောက်လာကြသော မဟာနာယကဆရာတော်များနှင့် ဥပတ္ထမ္ဘက တပည့်ဒကာအပေါင်းတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၃)ဖွဲ့မှ အလှည့်ကျတာဝန်ကို ဆောင်ရွက်ကြသော အဖွဲ့ခွဲများ၏ ဒုတိယဥက္ကဋ္ဌ ဆရာတော်များသည် မိမိတို့တာဝန်ကျရာ နေ့တို့၌ ဥက္ကဋ္ဌ သဘာဝတိ အနှင့်မိန့်ခွန်းများကို မိန့်ကြားလာကြသည်မှာ အကြိမ်ပေါင်းများစွာ ရှိနေပါပြီ၊ ထိုသဘာဝတိဥက္ကဋ္ဌ ဆရာကော်တို့သည် မိမိနှစ်သက်ရာ ရည်ရွယ်ချက်ရာ သ သနာရေး၊ပညာရေး၊ ဝိနိစ္ဆယရေးတို့နှင့် ပတ်သက်၍ ကောင်းနိုးထုထုတို့ကို ဩဝါဒကထာဖြင့် ပြောဆို မိန့်ကြားကြပါသည်။

သြဝါဒကိစ္စာ ၁၃၁

အမှန်အားဖြင့် မဟာနာယကအဖွဲ့ဝင်ဆရာတော်များနှင့် ဥပတ္ထမ္ဘကပုဂ္ဂိုလ်တို့သည် လောကသံသရာ နှစ်ပြားလုံးတို့ဌာနားဝေးကြသူများမဟုတ်ပါ၊ မဟာနာယက ဆရာတော်တို့ပင် မိမိတို့၏တိုက်တာတွင် အခြေအရံပရိသတ်တို့အား ဆုံးမသြဝါဒ ပေးနေကြသော ဆရာတော်များဖြစ်ရုံမျှမက ဂန္ထနှင့်ရဗဟုသုတပြည့်စုံကြွယ်ဝကြသော ဆရာတော်များသာ ဖြစ်ကြပါသည်။ သို့သော်–

"ဒုန္ဒိဂ္ဂဟာသာ လဟုနော၊ ယတ္ထကာမ နိပါတိနော။
စိတ္တာသာ ဒမထော သာဓု။

စသောဒေသနာတော်အတိုင်း မိမိစိတ်ကိုနှိုင်နင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရင်းကျရာတာဝန်များကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မြတ်ဗုဒ္ဓ၏ (အပ္ပမာဒေန သမ္ပာဒေထ) ဟူသောသြဝါဒကြီးအတိုင်း လုပ်ကိုင်ဆောင်ရွက်ကြပါရန်တိုက်တွန်းလျက် နိဂုံးချုပ်ပါသည် အရှင်မြတ်တို့ဘုရား။

ဝေါဟာရကြိုး

နိုင်ငံတော်သံဃမဟာနာယကဓမ္ဓ (ပထမအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဉာဏ္ဍိုဆရာတော်
ဘဒန္တကိတ္တိ (အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၄-၅-၉۷-ပဌမအကြိမ် ပဌမအစည်းအဝေး ဩဝါဒကထာ

သဘာပတိဒုတိယ ဉာဏ္ဍိုဆရာတော် ဘဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတက အစည်းအဝေးဖွင့် ဩဝါဒကထ ပြန်ကြား တော်မူပါသည်။ ဩဝါဒကထာ အညွှန်းထင်ရှားမှာ-

ယနေ့မေလ(၄)ရက်အစည်းအဝေးသို့ တက်ရောက်လာကြသောနိုင်ငံတော်သံဃမဟာ နာယကဆရာတော်များနှင့် ဥပတ္ထမ္ဘကတပည့်ဒကာ/ဒကာမ-အမပါင်းတို့၏ ယနေ့အစည်းအဝေးတွင် မကြားမီသံဝေဂဉာဏ်ပွားကြတော့မည်ဖြစ်သော နိုင်ငံတော် သံဃမဟာ နာယကအပေါ်ကြီး၏ အာကျိုးဆောင် (ဘဒန္တဝဏ္ဏသိရိ)သည်(မည်သူကချင်း၊ မည်သူမင်းဟု၊ မည်ခေါ်ဆန်သော၊ ဂေါတရရဟန်)ဟုဆိုသောစကားအတိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် အမြင့်ဆုံးဖြစ်သော အဆင့်သို့ ရောက်နေသူ ဖြစ်ပါလျက်(၂-၅-၉۷)နေ့တွင် ဒေသမင်းဇေ၊ ဒေခြင်းတရားကို မပြင်းဆန်နိုင်သဖြင့် ၁၂လွန်ခဲ့သောရက်ပေါ်ပြီ။ကျန်သောပုဂ္ဂိုလ်များသည်လည်း(မသေအုံ့သို့၊ ရွှေဥဒေါက်ရေး၊ မတွေ့မဆု၊ ခေါင်းဖြူဆွဲအောင်၊ ပျော်ရပြီးစေ၊ ဘဝနဝနဖြင့်)မနေကြဘဲ"သဗ္ဗတ္တ ဝေသပ္ပုရိသာ စဇန္တိ နကာမ

ကာမာ လပယန္တီသန္ရော”စသောဒေသနာတော်အရမိမိကိုယ်အစရှိသော တည်ရာဌာန အားလုံးတို့၌ အမှန်စင်စစ်အားဖြင့် သူတော်ကောင်းများ ပီပီ တုယ်တာ ညိုကင်းမှုများကို ပယ်စွန့်သင့်ကြပါသည်။ ဤမျှမက သူတော်ကောင်းများပီပီ လိုလားအပ်သော ကာမဝတ္ထုများကို မပြောဆို မတောင့်တကြဘဲ ကျူရာတာဝန်များကိုသာ စင်ကြယ်သော စိတ်ကောင်း စိတ်မြတ်များဖြင့် (မရဏာသတိ) ဘာဝနာ တရားကို ပွားများရင်း ဆောင်ရွက် လုပ်ကိုင်တော် မူကြပါဟု အသိပေး တိုက်တွန်းရင်း နိဂုံးချုပ်ပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ သဘာပတိဒုတိယဉာဏ္ဍာဆရာတော် ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၁၁-၅-၉၄ ပဋ္ဌမအကြိမ် ဆဋ္ဌအဝည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဉာဏ္ဍာဆရာတော်ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။ ဩဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်–

မေလ(၁၁)ရက်၊ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော အရှင်မြတ်များနှင့်တကွ ဥပတ္ထမ္ဘကတပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့ တပည့်တော်တို့သည် ကိုယ့်ကျောင်း ကိုယ့်ကန်ကိုယ့်ဗိမာန်ခိုနေကြသူများ မဟုတ်ကြဘဲ နိုင်ငံတော်အစိုးရနှင့် အဆင်ပြေအခွင့်သာသဖြင့် သာသနာတော်ကြီးနှင့် ပတ်သက်၍ ကောင်းရာကောင်းကြောင်း လုပ်ကိုင်ဆောင်ရွက်ရန် အလှည့်ကျသဖြင့် လာရောက် နေထိုင်ကြရသူများ ဖြစ်သည့် အားလျော်စွာ (သုဝေနဖုဋ္ဌာ၊ အထဝါ–ဒုနေ နဒီစွာဝစ်ပဏ္ဍိတာ ဒဿယန္တီ)ဟူသော မြတ်ဗုဒ္ဓ၏ဆုံးမချက်ကိုဦးထိပ်ထက်ပန်ဆင်၍ တစ်ခါတစ်ရံ အကောင်းတွေ့သလို တစ်ခါတစ်ရံ စိတ်အခန့်မသင့် အဆိုးများလည်း တွေ့ကြုံကြရပါလိမ့်မည်၊ယင်းသို့ တွေ့ကြုံရာ၌ ဗုဒ္ဓသာဝကပီပီတစ်စုံတစ်ရာ ပြောဆိုခြင်းခံခြင်း မပြုကြဘဲ ကိုယ့်တာဝန်ကိုယ်၊ ကိုယ်ကိုယ်တိုင် ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်တော် မူကြပါ။

ထိုပြင် ဥပတ္ထမ္ဘကဒါယကာ၊ ဒါယိကာမများအတွက် (မြောက်စား ဆင့်ဆင့်၊ ကူညီပင့်လျက်၊ ချီးမြှင့်ကြည်ဖြူ၊ ခံယူသူလည်း၊ တစ်မူပညာ၊ မလိမ္မာက၊ ဂုဏ်ဝါမလုန်း၊ ကျေးဇူးကန်း၏၊)ကို ဟူသောဒသကနိပါတ်၊ နိဂြောဓောတ်လာ စကားအတိုင်း သင်တို့၏ ကျေးဇူးရှင်များသည် မည်သူများဖြစ်ကြသနည်း၊ မိမိ၏ ကျေးဇူးရှင်များကို ပေါ်လွင်ထောင်တင်တိကျကျ တွေးတောကြပြီးလျှင် ထိုကျေးဇူးရှင်များအား ကျေးဇူးမကန်းကြရန် အထူးသတိပေးပါသည်၊ အားလုံးသော ပုဂ္ဂိုလ်တို့သည် (သုခကမ္မာနိဘူတာနို)ဟူသောဧကာအတိုင်း ကိုယ်ချမ်းသာမှုကိုလိုလားတတ်ကြပါသည်၊ ဤသို့ကိုယ်ချမ်းသာမှုကိုလိုလားကြသဖြင့် ကျေးဇူးရှင်များအား မေ့လျော့ပြစ်မှားကြသော် ဒဏ်ထိတတ်သဖြင့် ကျေးဇူးရှင်များအား မပြစ်မှားမိစေရန် သတိပေးရင်း နိဂုံးချုပ်ပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၁၃-၅-၉၄ ပဉ္စမအကြိမ် သတ္တမအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌ စလင်းဆရာတော် ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ) ကအစည်းအဝေးဖွင့် ဩဝါဒကထာ မြွက်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါ အတိုင်း ဖြစ်ပါသည်။

မေလ(၁၃)ရက် သတ္တမအကြိမ်အဝေးသို့ ကြွရောက်တော်မူလာကြသော အလှည့်ကျ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်များနှင့် ဥပတ္ထမ္ဘကတာပည့် ဒကာအပေါင်းတို့ ယနေ့ အစည်းအဝေးသည် ပုံမှန် အစည်းအဝေးထက် တစ်ရက်စောလျှင် ကျင်းပသော အစည်းအဝေးဖြစ်ပါသည်။ပုံမှန်အစည်းအဝေးနေ့တွင် အနေ့ရှေ့တောင်တိုင်းဒေသနခေါ်တိုင်းမှူးဗိုလ်ချုပ်ကက်စိန်၏ ပင့်လျှောက်ချက်အရ ရဟန်းခံ ရှင်ပြုကံကြီးဆောင်ကိစ္စအတွက် ဥက္ကဋ္ဌ မြင်းခြံ ဆရာတော်ကြီးနှင့် ပထမ အဖွဲ့ခဲ့မှ အကျိုးတော်ဆောင် ဆရာတော်(၂)နှင့်အဖွဲ့ဝင်ဆရာတော်အချို့ ကြွကြရမည်ဖြစ်သည့်အတွက် တစ်ရက်စောလျှင် စည်းဝေးရခြင်း ဖြစ်ပါသည်။

ဤ"ကောခံ ဝဒိတ္ဝာ နသောစတိ၊ မဂ္ဂဃဟာနံ ဣသယော ဝဏ္ဏယန္တီ" စသည်ဖြင့် မြတ်စွာဘုရား မိန့်မှာခဲ့ကြောင်းအရ အစစအရာရာမှာ မိမိစိတ်ဓာတ်နှင့် မသင်္ကာဆိုင်သည့်အတွက် စိတ်ဆိုး ဒေါသဖြစ်ခဲ့ပါမူ ယင်း

စိတ်ဆိုးမှုကို မေတ္တာစိတ်ဖြင့် လွှမ်းမိုးပယ်ချလိုက်သော် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နှစ်ဖြာစလုံးကို ဒေါဝင်မြင်စွာ ရရှိပါလိမ့်မည်။ ထို့အပြင် မိမိအပေါ်၌ တစ်ခါမဟုတ်တစ်ခါ ကျေးဇူး ပြုမှုးသော ဟုဂ္ဂိုလ်တို့၏ ကျေးဇူးပယ်ဖျက်လိုသော ကျေးဇူးကန်းလိုသော စိတ်မေတ္တာကိုနှိုင်နှင်းအောင် ပယ်ရှားလိုက်ခြင်းကို မြတ်စွာဘုရားမှအစ သူတော်စင် သူတော်ကောင်း များ ချီးမွမ်းကြပါသည်။

သို့ဖြစ်၍ (ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ပြုသောနှလုံး၊ သူတော်ထုံးကို၊ စဲသုံးသောထွေ၊ မှန်လှစေ) ဟူသော ရှေးပညာရှိကြီးများ သြဝါဒအတိုင်း လိုက်နာဆောင်ရွက် နိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်ပါသည်။

ဇာတိယအကြေမ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(ပထမအဖွဲ့ခွဲ)၏ သာဝပတိဒုတိယဉာဏ္ဍဆရာတော် ဘဒ္ဒန္တကိဿိ (အဂ္ဂမဟာပဏ္ဍိတ) ၏

သြဝါဒကထာ

၂၆-၅-၉၄- ပဋ္ဌမအကြိမ် အဋ္ဌမအစည်းအဝေး သြဝါဒကထာ

သဘာပတိ ဒုတိယဉာဏ္ဍဆရာတော် ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ) ကအစည်းအဝေးဖွင့် သြဝါဒကထာ မြွက်ကြားတော်မူပါသည်။ သြဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါ အတိုင်း ဖြစ်ပါသည်။

၂၆-၅-၉၄-နေ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ပဋ္ဌမအကြိမ် အဋ္ဌမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက အရှင်တို့နှင့်တကွ သက်ဆိုင်ရာဥပတ္ထမ္ဘကကာယ နှုန်အဝေါင်းကို ယခုနေ့ အစည်းအဝေးသည်လည်း အကြောင်းအမျိုးမျိုးကြောင့် စည်းဝေးနေကျ ဗုဒ္ဓဟူးနေ့ထက် တစ်ရက် နောက်ကျ၍ ကြာသပတေးနေ့မှာ စည်းဝေးသော ပထမအဖွဲ့ခွဲ၏ လုပ်ငန်း (၂) လမြောက် အစည်းအဝေး ဖြစ်ပါသည်။

"လူသတင်း လူချင်းဆောင်၊ ပန်သတင်း လေညှင်းဆောင်" ဆိုသကဲ့သို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် လူဥပတ္ထမ္ဘကဒါယကာများ၏ ကောင်းသတင်းများကို မြန်မာပြည်အရပ်ရပ်သို့ ရောက်ရှိသောအခါများ၌ ကြားရတတ်ပါသည်။

သို့သော် မည်သူတို့က မည်သို့ပင် ပြောဆိုကြစေကာမူ(ကိုယ်ကောင်း ခေါင်း ဘယ်မှုမရှေ့) ဆိုသကဲ့သို့လည်းကောင်း၊ (ဓမ္မာပထော မဟာ ရာဇာ၊ အဓမ္မော နိရယံနေတိ၊ဓမ္မောပါပေတိသုဂတိ) ဟူသော ဒေသနာ တော်အရ သာသနာရေး တာဝန်မျှားကို လုပ်ကိုင်ဆောင်ရွက်နေကြ သော ရဟန်းရှင်လူ - မည်သူမဆို သတိထားလျက် အမှားမပါစေရန် ဆောင်ရွက်လုပ်ကိုင်ကြမှသာ လမ်းဖြောင့် လမ်းမှန်သို့ အစဉ်ရောက်မည် ဖြစ်သောကြောင့် အရာရာတိုင်းဌ ဓမ္မပထ ဖြစ်အောင် ဆောင်ရွက် ကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

ထင်ယဆရာကြီး

နိုင်ငံခြားသံသမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၁-၆-၉၄ ပဋ္ဌမအကြိမ် နဝမအစည်းအဝေး ဩဝါဒကထာ

သဘာပတိ၊ ဒုတိယဥက္ကဋ္ဌဆရာမြတ် ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူပါသည်၊ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရားတပည့်တော်တို့ ပထမအဖွဲ့ခွဲဝင် ဆရာတော်များသည် ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စများကို အပြီးအစီး တာဝန်ယူဆောင်ရွက်နေပါသည်၊ ယင်းကဲ့သို့ ဆောင်ရွက်ရာ၌ တိတိကျကျ မှန်မှန်ကန်ကန် ဖြစ်ရန်လိုအပ်ပါသည်၊ ချစ်ခြင်းကြောင့် ဆောင်ရွက်ခြင်းဟူသော ဆန္ဒာဂတိ၊ မုန်းခြင်းကြောင့် ဆောင်ရွက်ခြင်း ဟူသော ဒေါသာဂတိ၊ ကြောက်ခြင်းကြောင့် ဆောင်ရွက်ခြင်းဟူသော ဘယာဂတိ၊ မသိခြင်းကြောင့် ဆောင်ရွက်ခြင်းဟူသော မောဟ ဂတိတရားတို့ကို လိုက်စားပြီး ဆောင်ရွက်ကြမည်ဆိုလျှင်-

ဆန္ဒာဒေါသာ ဘယာ မောဟာ၊ ယောဓမ္မံ အတိဝတ္တတိ။
နိဟီယတိ ယသော တဿ၊ ကာဠပက္ခေ ဣဒိမာ-ဟူသည်

အတိုင်း တပည့်တော်တို့၏ ဂုဏ်သတင်းကျော်စောခြင်းသည် လဆုတိ ပက္ခ လက္ခဏာ ဆုတ်ယုတ်ကြမည် ဖြစ်ပါသည်။

ထိုအဂတိတရားလေးပါးတို့ကိုဖယ်ရှားရှောင်ဖယ်၍ ကင်းကွာအောင် ဆောင်ရွက်ကြမည်ဆိုလျှင်—

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယောမဗ္ဗံနာတိဝတ္တတိ။
အာပူရတိ ယသော တဿ၊ သုက္ကပက္ခေဝ စန္ဒိမာ–ဟူသည့်

အတိုင်း တပည့်တော်တို့ ဂုဏ်သတင်း ကျော်စောခြင်းသည် လဆန်း ပက္ခ လက္ခဏာ တဖြည်းဖြည်း တိုးတက်ထွန်းလင်းမည် ဖြစ်ပါသည်။ ထို့ကြောင့် အဂတိကရားလေးပါးရှောင်ရှား ဆောင်ရွက်ကြရန် တိုက်တွန်း ပါသည်ဘုရား။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒန္တကိတ္တိ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၈.၆-၉၄–ပဋ္ဌမအကြိမ် ဒသမအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်ဘဒန္တကိတ္တိ (အဂ္ဂမဟာပဏ္ဍိတ)က ဆစည်းအဝေးမှင့် ဩဝါဒဏထာမိန့်ကြားတော်မူပါသည်။ ဩဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်။

(၈-၆-၉၄)နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ပဋ္ဌမအကြိမ် ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအရှင်တို့နှင့် ဥပတ္ထမ္ဘကတပည့်အပေါင်းတို့ (ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟက္ကနာ)ဟူသော စကားအတိုင်း အချိန်ဟူသောကာလ၊ကာလဟူသောအချိန်သည် ဘူတဟူသော ထင်ရှားရှိနေသောအရာတို့ကို သူနှင့်အတူ မထောက်မညှာ မအားမလပ် မျိုသုံးစားသောက်နေပါသောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များသည် (၂)လကျော်ကမြောက်(၃)လအတွင်းသို့ ရောက်သည်အထိ အချိန်ကာလ၏မျိုသုံးစားသောက်ခြင်းကို ခံခဲ့ကြရပြီးယင်းသို့ မျိုသုံးစားသောက်ခြင်းကို ခံနေရစဉ်ကာလအတွင်းမှာ (ဒုက္ခ၊ ပနိတော နရော သပ္ပညော)ဟူသော စကားအတိုင်း ပညာရေးရာ၊ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ သုံးခုတို့အနက် များသောအားဖြင့်

ဝိနိစ္ဆယရေးရာအဖွဲ့ဝင်များသည် အလုံမကျမှုစသော ဒုက္ခများနှင့် တွေ့ကြုံ ရင်ဆိုင်ရတတ်ပါသည်။ သို့သော်ဗုဒ္ဓသာဝကဖြစ်ကြသည် အလျှောက် အပြော်အမြင်ကြီးစွာဖြင့် (အာသံ နဆိန္ဒေယျ သုခါဂမာယ) ဟူသော စကားတော်အတိုင်းရည်ရွယ်ချက်အဓိကဖြစ်သောသာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးတည်းဟူသော ဗုဒ္ဓအလိုတော်ကျ အောင်မြင်မှုကို ရရှိစေရမည်ဟူသော အလိုဆန္ဒကို အပြော်အမြင်ကြီးကြသော အောင်မြင်မှုကိုရရှိစေမည်ဟူသောအပြော်အမြင်ကြီးကဲသော ဟင်္ဂါလ်မူးပ်ပိ ပိမ်၏ ရည်ရွယ်ချက်ကို မပျက်ကြေ အောင်ဆောင်ရွက်တတ်အောင်ဖြင့်လိုပါသည်။ ဤစကား သည်မှန်ပါ၏။ လောကဓမ္မ(ဗဟုတိ စသ အဟ်တာစ ဟိတာစ) ဟူသော စကားအတိုင်း လောကမှာ အကျိုးမရှိသောအရာ၊ အကျိုးရှိသော အရာများတို့သည် လွန်စွာ တွေ့ကြုံတတ်ပါသည်။ ယင်းသို့ကျိုးမဲ့ကျိုးရှိ လာသောအခါ ကျိုးမဲ့ကိုပယ်၍ ကျိုးရှိတုယ်ထားကာ အကြံအစည်ဟူသ မျှ အောင်မြင်အောင် ဆောင်ရွက်ကြဖို့လိုပါသည်။ ယင်းသို့အောင်မြင် အောင် ကြိုးစားလျင် (အဝိကတ္ထိကာ မစ္စု၊ မုပဗ္ဗဇန္တိ) ဟူသော စကား တော်အတိုင်း သေမင်းခံတွင်းသို့ အကျိုးမဲ့ အကြိမ်ကြိမ် အထင်ထပ် ဝင်ရောက်သွားသည်နှင့် တူကြမှာ ဖြစ်ကြသည့်အတွက် မိမိတို့၏သာသနာ တော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော အရေးကြီးများကို ဆင်းရဲ ချမ်းသာ မင်ညှာဘဲအောင်မြင်အောင် ကြိုးစားတော်မူကြပါဟု တိုက် တွန်းအပ်ပါသည်။

၀.တိယအကြိမ်

နိုင်ငံတော် သံလမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ၏ သဘာပတိ ဥက္ကဋ္ဌ ဆရာတော် ဘဒန္တ သောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု) ၏

သြဝါဒကထာ

၁၅-၆-၉၄–ပဋ္ဌမအကြိမ် ကောဒသမ အစည်းအဝေး သြဝါဒကထာ

သဘာပတိဥက္ကဋ္ဌဆရာတော် ဘဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု) က အစည်းအဝေးဖွင့် သြဝါဒကထာ မိန့်ကြားတော်မူပါသည်၊ သြဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်။

နိုင်ငံတော် သံလမဟာနာယက အဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ ဘုရား—အချိန်တိုင်း ဘခ်ိန်တိုင်း အခါတိုင်း အခါတိုင်း အပတ်စဉ် အစည်းအဝေးများမှာ လမ်းညွှန်ချက်အနေဖြင့် သြဝါဒကထာမိန့်ကြား လာခဲ့ပါတယ်။ ရှေးတုန်းက အလှည့်ကျ ဒုတိယဥက္ကဋ္ဌဆရာတော် အနေဖြင့် လမ်းညွှန်ချက်များ မိန့်ကြား.ခဲ့သော်လည်း မအောင်မြင်တာတွေ တွေ့ရှိခဲ့ရပါတယ်၊ဘာကြောင့် မအောင်မြင်တာလဲ ဘုံတော့ အဖွဲ့(၃)ဖွဲ့မှာ အစ်ဒွဲ့ပြီ.တစ်ခုံ့ အလှည့်ပြောင်း.သွား.သည့်အခါ မိမိတို့အဖွဲ့လက်ထက် ဆောင်ရွက်ခဲ့သည်များကို မျှားသောအားဖြင့် သတိမရရှိခဲ့ကြတာ ကြောင့် သာသနာတော် ဘန့်ရှင်းကည့်ဘုံပြန့်ပွားး ဂုန်းကား.ရေး ကိစ္စတွေ ဆောင်မြင်သင့်သလောက် မဆောင်မြင်ခဲ့ခြင်း ဖြစ်ပါတယ်။

သာသနာရေးဌာန၊ ဝိနိစ္ဆယဌာန၊ ပညာရေးဌာန အဖွဲ့အသီးသီးတို့အနေဖြင့် မိမိတို့လုပ်ကိုင်ရမည့် တာဝန်အသီးသီးကို မိမိအလှည့်တာဝန်ပြီးလျှင် မေ့လျော့မသွားကြဘဲ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်၊ ဆုံးဖြတ်ချက်တွေ လမ်းညွှန်ချက်တွေဟာ မှတ်တမ်းထဲမှာရှိနေရုံနှင့် ပြီးမည်မဟုတ်ပါ၊ ဆုံးဖြတ်ချက်၊ လမ်းညွှန်ချက် အတိုင်း အကောင်အထည်ပေါ် အောင် ဆောင်ရွက်ကြဖို့ လိုပါတယ်။

' ယခုအခါမှာလည်း ဥက္ကဋ္ဌက အမြဲရှိနေလေတော့ ဝိနိစ္ဆယ၊ သာသနာရေး၊ ပညာရေးဌာနနဲ့အသီးသီးမှာ ဂိုဏ်းပေါ်င်းစုံ သံဃာ့အစည်းအဝေးကြီး ပေါ်ပေါက်ပြီးနောက် လုပ်ဆောင်ခဲ့တဲ့ ဆောင်ရွက်ချက်တွေကို ကြည့်ရှုစိစစ်သွားမည် ဖြစ်ပါတယ်၊ ဝိနိစ္ဆယဌာနမှာ မြို့နယ်မှ ပြည်နယ်/တိုင်း နိုင်ငံတော် အဆင့်အထိ အဆင့်ဆင့် ဆောင်ရွက်ခဲ့သည့် အမှုတွဲဖိုင်ကြီးများကိုလည်းကောင်း၊ သာသနာရေးဌာနမှ သံဃနာယကအဖွဲ့ အဆင့်ဆင့်၊ ဝါဆိုသံဃာစာရင်းဇယား ဖိုင်တွဲကြီးများကို လည်းကောင်း၊ ပညာရေးဌာနမှ စာမေးပွဲဆိုင်ရာ စာရင်းဇယား ဖိုင်ကြီးများကို လည်းကောင်း၊ ကိုယ်တိုင် လိုက်လံ ကြည့်ရှုသွားမည် ဖြစ်ပါတယ်၊ ပုံနှိပ်တိုက်အနေနှင့်လည်း ကျမ်းစာအုပ်၊ ဆုစာအုပ်၊ ညွှန်ကြားလွှာများ စသည်ဖြင့် မိမိတို့ဌာန ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို စာရင်းဇယား အတိအကျ ပြုစုထားဖို့ လိုအပ်ပါတယ်၊

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့အနေဖြင့် လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်ရေးအတွက် ဥပတ္ထမ္ဘက ဒကာများအနေဖြင့်လည်း မိမိတို့၏ ကျရာတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြဖို့ လိုပါတယ်။

ဆရာတော် ဥက္ကဋ္ဌတာဝန်ယူပြီးသည့် အချိန်မှစ၍ ဇမ္ဗုဒီပကျောင်းဆောင်မှာနေပြီး သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဆောင်ရွက်သွားမည်ဆိုသည့်အကြောင်း မိန့်ကြားရာ ဗိုလ်ချုပ်မှူးကြီး

ကလဲ ဆရာတော် သာသနာပြုပါ သာသနာအတွက် လိုအပ်ချက်များကို သာသနာရေးဝန်ကြီးကို အမိန့်ရှိပါ၊ ဝန်ကြီးက ဆောင်ရွက်ပေးပါလိမ့်မယ်၊ ဝန်ကြီးအနေဖြင့် မပြီးနိုင်တဲ့ကိစ္စဆိုလျှင် တပည့်တော်များထံ တင်ပြပါလိမ့်မယ်၊ တပည့်တော်များ အစိုးရအဖွဲ့အနေဖြင့် လိုအပ်သော သာသနာရေးကိစ္စများကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လျှောက်ထားသားပါတယ်။

ဆရာတော်ကလဲ နိုင်ငံတော်အစိုးရက သာသနာရေးအားပေးနေတဲ့ အချိန်မှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ရဲ့ ဥက္ကဋ္ဌတာဝန်ဆောင်ရွက်ရသည့်အတွက် ဒီမှာနေပြီး သာသနာရေးကိစ္စများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ အထက်က ဆရာတော်ပြောခဲ့သလိုပဲ တစ်နေ့နေ့မှာ ဆရာတော်ကိုယ်တိုင်ဆင်းပြီး ဌာနအသီးသီးက ဆောင်ရွက်ချက်ဖိုင်တွေကို လေ့လေ့ကြည့်ရှု စိစစ်သွားမည် ဖြစ်ပါတယ်၊ ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များကလဲ မိမိတို့ရဲ့ တာဝန်များကို လေးလေး နက်နက် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း ဆရာတော်ရဲ့ ဩဝါဒကထာကို နိဂုံးချုပ်ပါတယ်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏
သဘာပတိ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု) ၏

သြဝါဒကထာ

၂၂-၆-၉၇ ပဋ္ဌမအကြိမ် ဒုါဒသမအစည်းအဝေး သြဝါဒကထာ

သဘာပတိ ဥက္ကဋ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု) မြင်းခြံဆရာတော် ဘဒ္ဒန္တ-သောဘိတက အစည်းအဝေးဖွင့် သြဝါဒကထာ မိန့်ကြားတော်မူပါသည်။ သြဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်-

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ယခု အစည်းအဝေးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဋ္ဌမအကြိမ် ဒုါဒသမ အစည်းအဝေး ဖြစ်ပါသည်။ ပထမအဖွဲ့ခွဲ၏ တာဝန်ကာလသည် (၁)လမျှသာ ကျန်ပါတော့သည်၊ တာဝန်ကျအဖွဲ့ခွဲသည် သုံးဖွဲ့စလုံး၏ကိုယ်စား တာဝန်ကို ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ တပည့်တော်သည် သုံးဖွဲ့စလုံးမှာ တာဝန်ရှိ ဥက္ကဋ္ဌဖြစ်သည်နှင့်အညီ သာသနာရေးကိစ္စများကို မိမိဉာဏ်မီသလောက် လမ်းညွှန်နေခြင်း ဖြစ်ပါ့သည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားထွန်းကားခြင်း၏အကြောင်းအရင်းမှာ ပရိယတ္တိ ဖြစ်ပါသည်။ထိုအကြောင်းကို အဂုံတို့ရ်ပါဋ္ဌတော်တွင် ဟောကြားထားပါသည်။ထိုပါဋ္ဌတော်တွင် ပရိယတ္တိကိုရှိသေစွာလေးလေး

စားစား နာယူခြင်း၊ သင်ယူခြင်း၊ မိမိသိသည့်ဈာတိုင်း ကျင့်ခြင်းသည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး၏ မူလအကြောင်းဖြစ်သည်ဟု ဘုရားရှင် မိန့်ကြားတော်မူခဲ့ပါသည်။ သာသနာတော်ကို တိုးတက်အောင်၊ ပြန့်ပွားအောင် ဆောင်ရွက်ရန်အရေးကြီးပါသည်၊ ရဟန်းတော်များ၏ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိုစွ ဆောင်ရွက်ရန် လုပ်ငန်းမှာ ဂန္ထဓုရနှင့် ဝိပဿနာဓုရ နှစ်ပါးပင် ဖြစ်ပါသည်။ ရဟန်းတော်များ ထိုဓုရ နှစ်ပါးကို ဆောင်ရွက်သည်နှင့်အမျှ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားလာမည် ဖြစ်ပါသည်။

သာသနာတော်နှင့် ဒါယိကာများ ဆက်စပ်မှု ရှိနေသည်၊ သာသနာ-တော်သည် လောကကျိုး တမလွန်ကျိုး အားလုံးကို ပေးစွမ်းနိုင်ပါသည်။ ထိုကြောင့်ပင် ရှေးဆရာတော်ကြီးများက "သာသနာကြည်လင်မှ ဒါယကာစည်ပင်မည်" ဟု မိန့်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ဒါယကာများသာသနာတော်ကို မည်သို့ပင်အားပေးနေသော်လည်း ထိုသာသနာတော်သည်ပရိယတ္တိကွယ်က ကွယ်ရမည်သာဖြစ်ပါသည်။ သာသနာကွယ်ပါကဒုစရိုက်မှုများပေါများလာမည်၊ ဒုစရိုက်မှုများ ပေါများက လူအများ ဒုက္ခများမည်သာဖြစ်ပါသည်။ ပြည်သူများနှင့် ပြည်ထောင်မင်းတို့ တရားမစောင့်လျှင်အချိန်မသင့်ဘဲ မိုးရွာခြင်း၊ ရေကြီးခြင်း၊ အချိန်သင့်လျက် မိုးမရွာခြင်း၊ မိုးခေါင်ခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ကြုံတွေ့ရတတ်ပါသည်။ ထိုဘေးအန္တရာယ်၊ ဘေးဒုက္ခများ ကင်းဝေးစေရေးအတွက် သာသနာကြည်လင်ထွန်းကားအောင် ဆောင်ရွက်ရမည်၊ သာသနာ ကြည်လင်ထွန်းကားရေးအတွက်ပရိယတ္တိတို့မကွယ်မပျောက်ရှင်သန်ထွန်းကားအောင် ဆောင်ရွက်ရမည်၊ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကိုဆောင်သူများအောင်ကြိုးပမ်းရမည်။ ဘုရားရှင်သည် သံဃာတော်များ ကောင်းမွန်သန့်ရှင်းစေရန်၊ ချမ်းသာစေရန်၊ ဒုဿီလရဟန်းများကိုနှိပ်ကွပ်ရန်၊ သီလဝန္တရဟန်းများချမ်းသာစွာနေထိုင်ရန် သဒ္ဓမ္မသုံးပြာ သာသနာကို တည်တံ့စေရန်စသည့်အကျိုးကိုမျှော်လင့်၍ သိက္ခာပုဒ်တော်ကို ပညတ်တော်မူခြင်း ဖြစ်ပါသည်။ ယထာပရာ

သာသနာ, ယထာဓမ္မသာသနာ ဟူသည်နှင့်အညီ သာသနာတော်တွင် ဘုရားရှင်၏ အဆုံးအမကိုသိ၍လိုက်နာသူ, မသိ၍မလိုက်နာသူ၊မသိလျက် မလိုက်နာသူများ ရှိသည့်အတွက် ဘုရားရှင်က အာဏာပါတိမောက်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ တပည့်ဟော်တို့လည်း သံဃာထုကို ထိန်းသိမ်းရာ၌ အာဏာရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် တပည့်တော် တင်ပြထားသည့် စည်းမျဉ်းကို အတည်ပြုပြီး ထိုစည်းမျဉ်းပေါ်လာအောင် ဆောင်ရွက်တော်မူကြပါသည်ဘုရား။

ပြီးခဲ့သည့်အစည်းအဝေးတွင် ဥပတ္ထမ္ဘကအဖွဲ့များ ဖိုင်တွေအဆင်သင့် ထားဖို့ မှာကြားခဲ့ပါသည်။ သာသနာ့ရေး ဥပတ္ထမ္ဘက အဖွဲ့ဝင်များသည် ထိုဖိုင်စာရင်းများထဲမှ ပရိယတ္တိစာသင်တိုက်များစာရင်း၊ ပဋိပတ္တိ ကမ္မဋ္ဌာန်းတိုက်များစာရင်း၊ သာသနာ့ပြုကျောင်းစာရင်းကို ကြိုတင် ပြုစုထား၊ ထိုဟုတ်လည်း နိုင်ငံတော်အစိုးရက ဆက်ကပ်သည့် ဘွဲ့တံဆိပ် တော်ရဟုဂ္ဂိုလ်များကို ခွဲခြားစာရင်းယူပေးပါ၊ သာသနာနှယ်ဝင် သီလရှင် ကျောင်းပေါင်း၊ မည်မျှရှိသည်ကိုလည်း စာရင်းပြုစုပေးပါ၊ ထိုတုဟုတ်လည်း ပရိယတ္တိကျောင်းပေါင်းမည်မျှ၊ ပဋိပတ္တိကမ္မဋ္ဌာန်း တိုက်ပေါင်းမည်မျှ၊ ဘွဲ့ရသူမည်မျှရှိသည်ကို ခွဲခြားပေးပါရန် မေတ္တာရပ်ခံပါသည်။

ဝိနိစ္ဆယရေးရာ ဥပတ္ထမ္ဘကအဖွဲ့ကလည်း ယခု တတိယအကြိမ် သက်တမ်းတွင် ပြီးပြတ်သွားသော အမှုပေါင်း၊ မပြီးပြတ်သေးသော အမှုပေါင်း အကောင်အထည်ဖော်ပြီးသောအမှုပေါင်း၊ အကောင်အထည် မဖော်ရသေးသော အမှုပေါင်း တို့ကို အဓိကရဏ်းအလိုက် စာရင်းပြုစု ပေးပါ၊ ဒုတိယအကြိမ် သက်တမ်းတွင် မှုခင်းမည်မျှ နည်းသွားသည်၊ မည်မျှ ကျန်ရှိတော့သည်ကို နှိုင်းယှဉ်ပေးပါ၊ ထိုအပြင် နိုင်ငံတော်သို့ လွှဲအပ်လျှောဒါန်းခဲ့သော ကျောင်းပေါင်း၊ သိမ်တော်ကြီး၊ အလယ်တောရ၊ သာဓုကျောင်းတိုက်ကဲ့သို့ နိုင်ငံတော် လက်ဝယ်ရှိကျောင်း ပြန်လည် ပေးအပ်ခဲ့ပြီးသော ကျောင်းပေါင်းတို့ကို စာရင်းပြုစုပေးပါ။

ပညာရေး ဥပတ္ထမ္ဘက အဖွဲ့ကလည်း ငယ်၊ လတ်၊ ကြီး အတန်းများ အတွက် ပြဋ္ဌာန်းကျမ်းစာအုပ်များကို ရိုက်ပြီး၊ရိုက်ဆဲ၊ ရိုက်လတ္တံ့ စာအုပ်များမည်မျှရှိသည်ကို စာရင်းပြုစုပေးပါ၊ ပိဋကတ်သုံးပုံ စာအုပ်များတွင်လည်း ရိုက်ပြီး၊ ရိုက်ဆဲ၊ ရိုက်လတ္တံ့ စာအုပ်များမည်မျှ ရှိသည်ကို ပြုစုပေးပါ။

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန အနေဖြင့်လည်း ပြည်တွင်းသာသနာပြု ကျောင်းပေါင်း မည်မျှရှိသည့် သာသနာပြု ရဟန်းတော်များ မည်မျှ၊ သာသနာပြုပုဂ္ဂိုလ်များ မည်မျှ၊ ကျောင်းမရှိသေးသည့်အရပ် မည်မျှရှိသည်ကို စာရင်းပြုစုပေးပါ။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ သာသနာတော်သန့်ရှင်းမှ လောကအန္တရာယ် ကင်းမည် ဖြစ်သည့်အတွက် သာသနာတော်သန့်ရှင်းအောင် ဆောင်ရွက်ရန် သာသနာတော် သန့်ရှင်းရေးအတွက် ပရိယတ္တိ အခြေခံအောင် ကြိုးစားကြရန်၊ အချို့သော ရဟန်းတော်များက ထုတ်ပြန် ထားသော ညွှန်ကြားလွှာကိုလည်း လိုက်နာခြင်း မရှိသည်ကို တွေ့ရသည့်အတွက် နှင်ငံတော်အစိုးရက အားပေးနေသည့် အချိန်တွင် ဝိနည်းကိုပဲ စည်းမျဉ်းဥပဒေ အနေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ယင်းစည်းမျဉ်း ဥပဒေကို ၄၇-ပါးစုံညီ အစည်းအဝေးသို့ တင်ပြပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပါသည်ဘုရား။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒန္တနန္ဒကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၃၀-၆-၉၄ ပဋ္ဌမအကြိမ် တေရသမအစည်းအဝေးဩဝါကထာ

သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒန္တနန္ဒကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာမိန့်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဖေါ်ပြလတ္တံ့ပါအတိုင်းဖြစ်ပါသည်-

တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဋ္ဌမအကြိမ် တေရသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဘုရားတော်များနှင့် ဥပတ္ထမ္ဘကဒါယကာတို့-

ယနေ့ အစည်းအဝေးသည် နောက်ဆုံးအစည်းအဝေး၏ ရှေ့ပြေး အစည်းအဝေးဖြစ်ပါသည်၊ ဤအစည်းအဝေး၌အကျဉ်းချုပ်လျှောက်ထား ပြောကြားပါရစေ။

လောက၌"လူသတင်းလူချင်းဆောင်၊ပန်းသတင်း လေညင်းဆောင်" ဟူသော ရှေးစကားရှိသကဲ့သို့ မြတ်ဗုဒ္ဓ၏-

အတ္တာ နံ ကုရုတေ လက္ခိံ၊ အလက္ခိမ္ပိ ကုရုတ္တာနံ။
နဟိ လက္ခိံ အလက္ခိံ ဝါ၊ အညော အညဿ ကာရကော။

ဟူသော စကားတော်အတိုင်း မိမိဆောင်ရွက်သော လုပ်ငန်းနှင့် ပတ်သက်၍ လက္ခီ–အလက္ခီဟူသော ချီးမွမ်းမှု၊ အပြစ်တင်မှုများကို တပါးတခြားသော ပုဂ္ဂိုလ်များက ဝင်ရောက်လုပ်ကိုင်၍ မဖြစ်ပါ၊ မိမိ ကိုယ်တိုင်လုပ်ဆောင်ချက်ကြောင့်သာ လက္ခီ၊ အလက္ခီ ဟူသောချီးမွမ်းမှု ကဲ့ရဲ့မှု ပေါ်ပေါက်လာတတ်ပါသည်။

သို့ဖြစ်၍ ရဟန်း–ရှင်–လူ မည်သူမဆို မိမိလုပ်ငန်းကို မိမိကိုယ်တိုင် လုပ်ဆောင်ရသည့်အတွက် ချီးမွမ်းကဲ့ရဲ့မှု ပေါ်ပေါက်လာတတ်ပါသဖြင့် မြတ်ဗုဒ္ဓ၏ အမိန့်တော်မြက်အတိုင်း အလက္ခီဟူသောကဲ့ရဲ့မှုမှ လွတ်ကင်းရအောင် သန့်ရှင်းစင်ကြယ်စွာ သာသနာရေး၊ ပညာရေး၊ ဝိနိစ္ဆယရေး တို့၌ ဆောင်ရွက်တော် မူကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏
သဘာပတိဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု)၏

ဩဝါဒကထာ

၆-၇-၉၄ ပဏ္ဍမအကြိမ် စုဒ္ဒသမ အစည်းအဝေး ဩဝါဒကထာ

သဘာပတိဥက္ကဋ္ဌ မြင်းခြံကိုးဆောင်တိုက် ဆရာတော် ဘုရားကြီး ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု)က ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။ ဩဝါဒကထ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်းဖြစ်ပါသည်-

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ယနေ့အစည်းအဝေးသည် ပထမအဖွဲ့ခွဲ၏ ပဏ္ဍမအကြိမ် ၁၄-ကြိမ်မြောက် ရောက်ရှိ ခဲ့ပါသည်။ တပည့်ဒတော်များအဖွဲ့ခွဲဝင် ဆရာတော်များ၏ သာသနာ့ရေးရာ ဝိနိစ္ဆယရေးရာနှင့် ပညာရေးရာကိစ္စများ ဆောင်ရွက်ချက်သည် ထမြောက်အောင်မြင်သည်ကို တွေ့ရှိရ၍ ဝမ်းသာမိပါသည်၊ ဤကဲ့သို့သော အခြေအနေမျိုးကို တပည့်တော်များအား ဂုဏ်းပေါင်းစုံသက်တမ်းပြည့်အစည်းအဝေးကြီးက ဗဟိုဝန်ဆောင် အစည်းအဝေးမှ စာစ်ဆင့် တာဝန်ပေးသည့်လုပ်ငန်း အသီးသီးကိုအောင်မြင်စွာဆောင်ရွက်ခဲ့ပါခြင်း၊ ယခု ၁၅-နှစ်ပြည့်ခါနီး စတုတ္ထအကြိမ် ဂုဏ်းပေါင်းစုံသံဃာအစည်းအဝေးကြီး၏ လုပ်ကိုင်မဆောင်ရွက်ချက် အခြေအနေကို ပြီးစီးအောင် ယာခုကပင် လုပ်ထုံး လုပ်နည်းများကို ပြင်ဆင်ဖြည့်စွက်

ရေးဆွဲရန်ကိုလည်းကောင်း၊ ရဟန်းဇတာ်များ လိုက်နာရန် စည်းမျဉ်ဥပဒေ ရှေးတုန်းက သာသနာပိုင် စည်းမျဉ်းများ ရှိခဲ့ပါသည်။ သွန်ကြာလွှာများ ရှိပါသည်။ ယင်းတို့ကို ပေါင်းစပ်ထုတ်နုတ်ပြီး တစ်သာသနာလုံး လိုက်နာကြရန် ရေးဆွဲတင်ပြပါဟု ပိန့်ကြားပါသည်။

ထို့ပြင် ပရိယတ္တိ ပဋိပတ္တိနှင့် သာသနာပြုကျောင်းများအတွက် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲထားဖါကြောင်း၊ ယင်းစည်းမျဉ်းဥပဒေများ အဘိုင်း စာအုပ်ထဲတွင်သာရှိမနေသင့်ဘဲ လက်ဆွဲလုပ်ဆောင် ကြစေလိုပါသည်။

ပရိယတ္တိကျောင်းတိုက်များအတွက် စာမေးပွဲများ အခြေအနေကြည့်မည်ဆိုပါက ဓမ္မာစရိယ၊ ပထမပြန်၊အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်၊တိပိဋကဓရစ်ာမေးပွဲများကို ကျင်းပပြုလုပ်ရန် သာသနာရေး ဦးစီးဌာနက စည်းမျဉ်းစည်းကမ်းများ ရေးဆွဲခဲ့ပါသည်၊ တပည့်တော်များ လက်ထက် ရောက်လာကြသည့်အခါ ပြုပြင်ရေးဆွဲခဲ့သည် များလည်း ရှိပါသည်။ ဘယ်လိုအခြေအနေလုပ်ရင် ကောင်းမလဲ၊ ကောင်းသည်ထက် ကောင်းအောင် ဆောင်ရွက်ကြဖို့ လိုပါသည်။

ယခုအခါ ဘုန်းတော်ကြီး သင်ပညာရေး ကျောင်း၊ သာသနာပြုကျောင်း၊ နိုင်ငံတော်သို့ လျှောဒါန်းထားတဲ့ ကျောင်းများ တက်တက်ကြွကြွစိတ်ဝင်စားလာအောင် တိုက်တွန်းကြဖို့လိုပါသည်။ စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေးအတွက် ဝါဆိုသံဃာစာရင်းကောက်ယူဆုဌ် သာသနာဝင်မှတ်တမ်း မရရှိသေးသော ရဟန်းသာမဏေများအား သာသနာဝင်မှတ်တမ်းများ အမြန်ဆက်ကပ်နိုင်အောင် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးမှတစ်ဆင့် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ မေတ္တာရပ်ခံပေးရမည်ဖြစ်ပါသည်။

ပထမအကြိမ်တွင် ရွေးချယ်ဆုဌ် သံဃာညီညွတ်ရေးကို ဦးတည်ဆောင်ရွက်ခဲ့သော်လည်း စတုတ္ထအကြိမ်ဌ် လုပ်ထုံးလုပ်နည်းများ၊ အခြေခံစည်းမျဉ်းများအတိုင်း ရွေးချယ်ရန်၊ စည်းရုံးရေးလည်း ပြည့်ပြည့်ဝဝဖြစ်အောင် သာသနာတိုးတက်အောင် ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

သာသနာ့ဇယ်ဝင် သီလရှင်စာရင်းများကိုလည်း တိကျစွာ ဆောင်ရွက်နိုင်ရန် စာရင်းဇယားများကောက်ယူရမည် ဖြစ်ပါသည်။ လုပ်ငန်းများ အဆင်ပြေပြေ ဆောင်ရွက်နိုင်အောင် သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် သာသနာရေးဝန်ကြီးတို့ အချိန်အားလပ်သည့်အခါ စုပေါင်းညှိနှိုင်းဆွေးနွေးကြပြီး စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြစ်အောင် အားထုတ်ကြိုးစားကြပါဟု သြဝါဒကထာ မိန့်ကြားတော်မူပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့

၄၇-ပါးစုံညီ စုဒ္ဓသမ အစည်းအဝေး သဘာပတိ

အဘိဓဇမဟာရဋ္ဌဂုရု

ဥက္ကဋ္ဌ မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ၏

သြဝါဒကထာ

ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား—

ယနေ့ ၁၃၅၆-ခုနှစ်၊ ဝါဆိုလဆန်း (၇)ရက်နေ့သည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ စုဒ္ဓသမ အစည်းအဝေး ဖြစ်ပါသည်ဘုရား။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကို အာရုံရှေးရှု အလေးအမြတ် ထားတော်မူကြပြီး နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ ဤအစည်းအဝေးသို့ စုံညီစွာ ကြွရောက် ချီးမြှောက်တော်မူ လာကြခြင်းကြောင့် "အာဂတောဘာရော အဝဿံ အာဝဟိတမ္ဘော"ဟု မိန့်ဆိုချက်အရ မိမိတို့အပေါ်၌ ကျရောက်လာသော တာဝန်ကို မခွတ်ကေန် ကျေပွန်စွာ ဆောင်ရွက်ရာ ရောက်ပါ၍ တပည့်တော်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

တပည့်တော်တို့သည် သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ ပြန့်ပွားစေခြင်းငှာ ဘစ်ပြည်လုံးရှိသံဃာတော်အရှင်မြတ်များကို စည်းဝေး

စေပြီး သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို'တည်ထောင်တော် မူခဲ့ပါသည်ဘုရား။ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဦးတည်ချက်သုံးရပ်ကိုလည်း ချမှတ်ဆောင်ရွက်တော်မူခဲ့ပါသည်ဘုရား။ ထိုဦးတည်ချက်သုံးရပ်ကို အဓိကထားပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းမှာ လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာဖြစ်ကြောင်း အဂ်ုတ္တိရ၊ သုဂတဝိနယသုတ်၌ သမ္မည္ မြတ်စွာဘုရားရှင်သည် ဤသို့ ဟောတော်မူထားပါ၊သည်ဘုရား—

> ရဟန်းတို့ မြတ်စွာဘုရားဖြစ်စေ, မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်စေ လောကဓ္ဓတည်လတ်သော် ထိုသို့တည်ခြင်းသည်လူအများ၏ အစီးအပွားအလို့ငှာ လူအများ၏ ချမ်းသာအလို့ငှာ သတ္တဝါအပေါင်းကို အစဉ်စောင့်ရှောက်ခြင်းငှာ နတ်လူတို့၏ အကျိုးငှာ အစီးအပွားရှိခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ရာ၏။

ယခု ဖော်ပြခဲ့ပြီးသော ဒေသနာတော်အရ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းဝင် အားလုံးတို့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် သာသနာပြုလုပ်ငန်း အသီးသီးကို ဆောင်ရွက်တော်မူကြရာတွင် မိမိအကျိုးစီးပွား ဖြစ်ပွားရုံသာမကဘဲ တစ်လောကလုံးရှိ လူ,နတ်,ဗြဟ္မာသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းကိုလည်း ဆောင်ရွက်ကြရာ ရောက်ပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့အားလုံးသည် သမ္မည္ မြတ်စွာဘုရားရှင်၏ တပည့်သား သံဃာတော်များဖြစ်သည့် အားလျော်စွာ သာသနာတော် မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ရမည်မှာ မလွဲကင်း အမှန်ပင်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ မိမိတို့နှင့်တကွ တပည့်ရဟန်း သာမဏေတို့အား သိက္ခာသုံးရပ် မြင့်မားရေးနှင့် မိမိတို့ဒေသဆိုင်ရာ တပည့်ဒကာ-ဒကာမ အပေါင်းတို့အားလည်း အသိအလိမ္မာ ယဉ်ကျေး သိမ်မွေ့ပြီး အကျင့်စာရိတ္တ မြင့်မားရေးအလို့ငှာ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြပါလျှင်

သမ္ဘည္ျမြတ်စ္စာဘုရားရွင်၏ အလိုေတာ်ကျ ေဆာင်ရွက်ေတာ်မူခြင်းပင် ျဖစ်ပါသည်ဘုရား။ ထိုေဆာင်ရွက်ချက်များကို လူသာမက နတ်ျပဟြာများကပင် ျမတ်နိုးကော်ရော် လိုလားချီးမွမ်းကြပါသည်ဘုရား။

ယခုအခါ တပည့်တော်တို့ သံဃာ့အပ္ပမာဏအစည်း အဆင့်ဆင့်များ၏ ေဆာင်ရွက်ချက်များကို နိုင်ငံေတာ်အစိုးရနှင့် တိုင်းသူျပည်သား ဒကာ၊ ဒကာမများကလည်း ပံ့ပိုးကူညီေဆာင်ရွက်ေပးနေသော အခါအခွင့်ကို အရယူျပီး သာသနာေတာ်၏ အခြေခံအုတ်ျမစ်ျဖစ်သော ဘုန်းေတာ်ကြီးသင် ပညာေရးကျောင်းများ အရှည်ခံ၍ တည်တံ့ ခိုင်မြဲျပီး တိုးတက်ျပန့်ပွားေစရန် နိုင်ငံေတာ် သံဃမဟာနာယက ဆရာေတာ်များ အေစရှိသော သံဃာ့အပ္ပမာဏအစည်းအဆင့်ဆင့်တို့သည် ကြောင့်ကြမဲ့ နေေတာ်မမူကြဘဲ မိမိတို့ ေတာ်ဝန်ေတာ်ရပ်အနေျဖင့် လုံလစိုက်ထုတ်ေတာ်မူကြရန် လျှောက်ထားအပ်ပါသည် ဘုရား။ ထိုမှတပါး နိုင်ငံေတာ် သံဃမဟာနာယက ဆရာေတာ်များသည် ပထမျပန်၊ ဓမ္မာစရိယစသော စာမေးပွဲများတွင် လိုအပ်သည့်ကိစ္စ အရပ်ရပ်နှင့် ပတ်သက်၍ ျပင်ဆင်ျခည့်စွက်ရန် အတွက် အထူးစည်းစားေတာ်မူကြျပီး စတုတ္ထအကြိမ် ဂိုဏ်းေပါင်းစုံ သံဃာ့အစည်းအေဝးပွဲကြီး၌ တင်ျပနိုင်ရန်ကိုလည်း ကြိုတင် နှလုံးသွင်းထားရန် လျှောက်ထားလိုပါသည်ဘုရား။

ထို့ကြောင့် တပည့်တော်တို့ သံဃာ့အပ္ပမာဏအစည်း အဆင့်ဆင့်တို့သည် ေဖာ်ျပခဲ့ျပီးသော ဒေသနာေတာ်အတိုင်း၊ တိုင်းသူျပည်သား ကမ္ဘာသူ ကမ္ဘာသားတို့၏ လူ,နတ်,နိဗ္ဗာန် သုံးတန်သော အကျိုးစီးပွားအလို့ငှာ ျပည်တွင်းျပည်ပ သာသနာျပုရေး ကိစ္စများကို အားသွန် ခွန်စိုက် ေဆာင်ရွက်ကြဖို့လိုကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ သို့မဟုတ်လျှင် သမ္ဘည္ျမြတ်စ္စာဘုရားရွင်၏ အလိုေတာ်ကျ တာဝန်ကျေပွန်ကြမည် ျဖစ်ပါသည်ဘုရား။ သို့ျဖစ်ပါ၍ မိမိသူတစ်ပါး အကျိုးများလှသော သာသနာျပု လုပ်ငန်းများကို ကပည့်တော်တို့ သံဃာ့အပ္ပမာဏအစည်း အဆင့်ဆင့်အားလုံးတို့သည် ကြောင့်ကြမဲ့နေေတာ်မမူကြဘဲ ဗိုလ်င/ားပါး

တရားကို လက်ကိုင်ထားတော်မူကြပြီး ညီညီညွတ်ညွတ် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

(ဘဒ္ဒန္တသောဘိတ)
အဘိဓဇမဟာရဋ္ဌဂုရု
သဘာပတိ၊ဥက္ကဋ္ဌဆရာတော်

ရက်စွဲ၊ ၁၃၅၆-ခုနှစ်၊ ဝါဆိုလဆန်း (၇)ရက်
(၁၉၉၄-ခုနှစ်၊ ဇူလိုင်လ ၁၄-ရက်)ကြာသပတေးနေ့

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏
သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၂၃-၂-၉၄ ဆဋ္ဌအကြိမ် ပထမအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာ-ပဏ္ဍိတ) က အစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်–

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ၊
သုခါ သံဃသ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဥပ္ပါဒေါ၊ ပွင့်ထွန်းပေါ်ပေါက်တော် မူလာခြင်းသည်။ သုခေါ၊ ချမ်းသာလှပေ၏။ သဒ္ဓမ္မ ဒေသနာ၊ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည်။ သုခါ၊ ချမ်းသာလှပါပေ၏။ သံဃဿ၊ သံဃာတော်၏။ သာမဂ္ဂီ၊ ညီညွတ်စည်းလုံးတော် မူခြင်းသည်။ သုခါ၊ ချမ်းသာလှပေ၏။ သမဂ္ဂါနံ၊ ညီညွတ်သော သံဃာတော်တို့၏။ တပေါ၊ အကျင့်သည်။ သုခေါ၊ ချမ်းသာလှပေ၏။

အထက် တတိယပါဒလာ ဒေသနာတော်အတိုင်း တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များလည်း အစစအရာရာ

ညီညီညွတ်ညွတ်ဖြင့် သာသနာ့ကိစ္စအဝဝကို ဦးခဲ့ပေပြီး ဆောင်ရွက်ခဲ့ကြ သောကြောင့် အောင်မြင်မှု အပြည့်အဝရရှိခဲ့ကြပါသည်။

ဤကဲ့သို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုကို ရရှိလျက် သံဃကိစ္စအဝဝတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် သာသနာ့ကိစ္စ အဝဝကို ပြီးစီးအောင်မြင်ခဲ့ပါသည်။

အထက်ပါဒေသနာတော်အတိုင်း တပည့်တော်တို့ နိုင်ငံတော်သံဃ-မဟာနာယကအဖွဲ့ဝင် ဆရာတော်များလည်း မိမိတို့တာဝန်ကျရာ သာသနာ့ကိစ္စ အဝဝတို့ကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ပါက သာသနာ့ကိစ္စအဝဝတို့ကို ဖြေရှင်းနိုင်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာ ရှိကြမည်ဟု ယုံကြည်သည့်အတွက် ဓမ္မဝိနယနှင့်အညီ ညီညွတ်စွာ ဆောင်ရွက်ကြပါရန် သြဝါဒကထာ မိန့်ကြားအပ်ပါသည် ဘုရားဗ

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏
သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၃-၈-၉၄ ဆဋ္ဌအကြိမ် ဒုတိယအစည်းအဝေးဩဝါဒကထာ

သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ(အဂ္ဂမဟာ-ပဏ္ဍိတ) က အစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဖေါ်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်–

ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်၌ နေတော်မူသော အခါ ကိဋ္ဌာဂိရိဇနပုဒ်၌ အဃဋိ ပုန္ဗဿုကတို့၏ ကုလဒူသက – အနေသန အမှုကို ပြုကြကုန်၍ နေကြကြောင်းကို ကြားသိတော်မူလျှင် ရှင်သာရိ-ပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ကို ခေါ်ယူပြီး သင်တို့ သဒ္ဓိဝိဟာရိက အန္တေ-ဝါသိက တပည့်တို့ကို ဆုံးမကြချေလောဟု စေလွှတ်တော်မူ၍–

ဩဝါဒေယျာ နုသာသေယျ၊ အသဗ္ဗာစ နိဝါရယေ၊

သတ္ထိ သော ပိယော ဟောတိ၊ အသတ် ဟောတို့ အပ္ပိယော-ကို ဟောတော်မူသည်။

ဩဝါဒေယျ၊ အမှုရောက်သောအခါ ဆုံးမရာ၏။ အနုသာသေယျ၊ အမှုမရောက်မီ ကံပြစ်ရာ၏၊ (ဝါ) ဩဝါဒေယျ၊ မျက်မှောက်ဆုံးမရာ၏။

အနုသာသေယျ၊ အဖန်တလဲလဲ'ဆုံးမရာ၏။ အသဇ္ဇာဝစ၊ မကောင်းသော အမှုအရာမှလည်း။ နိဝါရယေ၊ တားမြစ်ရာ၏။ သော၊ ထိုဆုံးမတားမြစ်သော သူကို။ သတံ၊ သူတော်ကောင်းတို့သည်။ ပိယော၊ ချစ်မြတ်နိုးအပ်သည်။ ဟောတိ၊ ဖြစ်၏၊ အသတံ၊ သူတော်မဟုတ် သူယုတ်မာတို့သည်။ အပ္ပိယော၊ မချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤဒေသနာတော် လာသည့်အတိုင်း ဆုံးမမှုကို ကံမြစ်မှု ပြုသော သူကို သူတော်ကောင်းတို့သည် ချစ်မြတ်နိုးအပ်၏။ သူတော်မဟုတ်သော သူယုတ်မာတို့သည် မချစ်မြတ်နိုးအပ်ပေ ဟူသည့်အတိုင်း တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက အရှင်မြတ်တို့သည်လည်း၊ သူတော်ကောင်းတို့ချစ်မြတ်နိုးအပ်သော မိမိတို့ တာဝန်ကျရာ သာသနာ့ကိစ္စ အဝဝတို့ကို အားကြိုးမာန်တက်' ဆက်လက်ဆောင်ရွက်ကြပါဟု တိုက်တွန်းမှု ဩဝါဒစကား ၎ဏ္ဍာက်ထား အပ်ပါသည်ဘုရား။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၁၉-၈-၉၄ ဆဋ္ဌအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာ-ပဏ္ဍိတ) က အစည်းအဝေးဖွင့် သြဝါဒကထာ မိန့်ကြားတော်မူပါသည်။ သြဝါဒကထာဏာပြည့်အစုံမှာ ဖော်ပြလတ္တံ့ ပါအတိုင်း ဖြစ်ပါသည်။

> နာ ဘဒေ ပါပကေ မိတ္တေ၊ နာ ဘဒေ ပုရိသာဓမေ၊
> ဘဒေထ မိတ္တေ ကလ္လာဏေ၊ ဘဒေထ ပုရိသုတ္တမေ။

ပါပကေ၊ ယုတ်မာကုန်သော။ မိတ္တေ၊ မိတ်ဆွေတို့ကို။ နာ ဘဒေ၊ မဆည်းကပ်ရာ။ ပုရိသာဓမေ၊ ယုတ်မာသော အမှုတို့ကို တိုက်တွန်းသော ပုဂ္ဂိုလ်တို့ကို။ နာ ဘဒေ၊ မဆည်းကပ်ရာ။ ကလ္လာဏေ၊ ကောင်းကုန်သော။ မိတ္တေ၊ မိတ်ဆွေတို့ကို။ ဘဒေထ၊ ဆည်းကပ်ရာ၏။ ပုရိသုတ္တမေ၊ ယောကျ်ားမြတ်တို့ကို။ ဘဒေထ၊ ဆည်းကပ်ရာ၏။

ယုတ်မာကုန်သော မိတ်ဆွေတို့ကို မဆည်းကပ်ရာ၊ ယုတ်မာသော အမှုကို တိုက်တွန်းသော ပုဂ္ဂိုလ်တို့ကို မဆည်းကပ်ရာ၊ ကောင်းသော မိတ်ဆွေတို့ကို ဆည်းကပ်ရာ၏၊ ယောကျ်ားမြတ်တို့ကို ဆည်းကပ်ရာ၏။

ဤဂါထာ လာရှိသည့်အတိုင်း တပည့်တော်များ နိုင်ငံတော်သံဃမဟာ နံ့ဝယက ဆ ရာ တော် များ လည်း ယုတ်မာသော မိတ် ဆွေတို့ ကို လည်းကောင်း၊ ယုတ်မာဘော အမှုတို့ကိုတိုက်တွန်းသော ပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ မဆည်း ကပ်မှု၍ ကောင်းသော မိတ် ဆွေတို့ ကို လည်းကောင်း၊ ယောကျ်ားမြတ်တို့ကို လည်းကောင်း ဆဉ်းကပ်ရာ၏-ဟု သည့်အတိုင်း မဆည်းကပ်သင့်/ဆည်းကပ်သင့်သူများ ခွဲခြားဆည်းကပ် ကြပြီး မိမိတို့၏ တာဝန်ကျရာ သာသနာတော် သန့်ရှင်းဗဟုတ်ပြန့်ပွားရေးအလုပ်ကိစ္စများကို ကြိုးစားကြပါဟု အကူညီးချုပ်အားဖြင့် တိုက်တွန်းခြင်း သြဝါဒကို လျှောက်ထားပါသည်ဘုရား ။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၁၇-၈-၉၄ ဆဋ္ဌအကြိမ် စတုတ္ထအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ) က အစည်းအဝေး ဖွင့်ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ ပါအတိုင်း ဖြစ်ပါသည်-

ယနေ့ ၁၃၅၆-ခုနှစ်၊ ဝါခေါင်လဆန်း ၁၁-ရက် (၁၉၉၄-ခုနှစ်၊ ဩဂုတ်လ ၁၇-ရက်)နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌကြိမ် စတုတ္ထအစည်းအဝေးဖြစ်ပါတယ်၊ တပည့်တော်များ တာဝန်ကျရာ လုပ်ငန်းများသည် သုံးသိန်းကျော်သံဃာများ၏ ကိုယ်စား သံဃသမူဟတိရ သံဃာ့ကိုယ်စား လှယ်ရွေးချယ်လိုက်သော ဗဟို သံ ဃာ့ဝန် ဆောင် သံဃာသုံးရာ တို့မှ ဆုပ်နှင်းခံရသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးတို့က သံဒိဋ္ဌအားဖြင့် ဆောင်ရွက်ရတာဖြစ်ပါသည်။ သမ္မတ္တအားဖြင့် ဆောင်ရွက်ရသည်မှာ ၄၇-ပါး ဖြစ်ပါသည်။ တစ်ဖွဲ့လျှင် ၁၅-ပါးကျဆောင်ရွက်နေရခြင်းသည် ပို၍ သမ္မတ္တဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းသည် ရင်းရင်းနှီးနှီး ဆောင်ရွက်ခွင့်ရကြောင်း၊ ခက်ခဲသော အမှုကိစ္စများကို

တစ်ဖွဲ့နှင့် ဖြေရှင်း၍ မရပါက အဖွဲ့အားလုံး ညှိနှိုင်းဆောင်ရွက်ရပ်ကြောင်း။ ထိုကြောင့် ဆောင်ရွက်နိုင်ခဲသောအရာ ၃-ခုကို ဆောင်ရွက်ရပါကြောင်း။

(၁) ဒုက္ခရီ ဒဒါတိ ပေးရခဲသောအရာ၀တ္ထုကို ပေးလှူကြရခွင့်ရရှိခြင်း၊ သံဃာတော်အား ပူဇော်ခွင့်၊လှူဒါန်းခွင့်ရရှိခြင်းပင် ဖြစ်ပါသည်။တစ်ပါးစီ တစ်ပါးစီ လိုက်လှူဖို့ဆိုတာ မလွယ်ကူပါကြောင်း၊စုံစုံစည်းစည်း တစ်နေရာတည်းဆုံနေ၍ လှူဒါန်းခွင့် ရရှိခြင်းသည် ပေးရခဲသောအရာဖြစ်ပါသည်။

(၂) ဒုက္ခရံ ခမတိ–သည်းခံနိုင်ခဲသောအရာကိုသည်းခံနိုင်ခြင်း၊ (၁၅)ပါးလုံးသည် တစ်နေရာ–တစ်မြို့နယ်တည်း မဟုတ်၊ တစ်နယ်စီ–ဖြစ်ကြသည်၊ ပုဂ္ဂိုလ်အချင်းချင်း ဆန္ဒတူဖို့ဆိုတာခဲယဉ်းပါကြောင်း၊ အမျှားနှင့်နေသည့်အခါ ကိုယ့်အလိုကို ရှေတန်းမတင်ဘဲ သံဃာ့အဖွဲ့အစည်း၏ရခဲသောအခွင့်ကို သည်းခံပြီး ရရှိခြင်းဖြစ်ပါသည်။

(၃) ဒုက္ခရံ ကရောတိ–ပြုနိုင်ခဲသောအရာကိုလည်း ပြုနိုင်ခြင်းဖြစ်ပါသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောဆန္ဒရယူလုပ်ကြရ၊ ဥပမာ–သာသနာရေး အဖွဲ့ငယ်က တစ်ပါးနှင့် တစ်ပါး ညှိနှိုင်းဆောင်ရွက်ကြရသလို ဝိနိစ္ဆယနှင့်ပညာရေးအဖွဲ့ငယ်တို့ကလည်း ထိုနည်းတူစွာ ဆောင်ရွက်ကြရခြင်းသည် ပြုနိုင်ခဲသော အရာကို ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ပြုနိုင်ခဲသောအရာများကို ဆောင်ရွက်ရခြင်းသည် ဖမ်းစားတတ်သော တဏှာ မာန ဒိဋ္ဌိများသို့ မလိုက်ဖို့လိုပါသည်။ အယူ၀ါဒမကွဲပြားဘဲ အလုပ်၀တ္တရားဆောင်ရွက်ရာ၌ ဖမ်းစားတတ်သော တရားများကို ဖယ်ရှားပြီး သာသနာတော် သန့်ရှင်း တည့်တံ့ ပြန့်ပွားရေးကို ဦးတည်ဆောင်ရွက်ကြပါ့ဟု သြဝါဒစကား မိန့်ကြားတော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော်
ဘဒ္ဒန္တကုသလသာမိ(အဂ္ဂမဟာပဏ္ဍိတ)၏
ဩဝါဒကထာ

၂၄-၈-၉၄ ဆဋ္ဌအကြိမ် ပဋ္ဌမအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူပါသည်၊ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့. ပါဏာတိုင်းဖြစ်ပါသည်။

၁၃၅၆-ခုနှစ်၊ဝါခေါင်လပြည့်ကျော် (၄)ရက်(၁၉၉၄-ခုနှစ်၊ ဩဂုတ်လ ၂၄-ရက်) ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယ၊ဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် ပဋ္ဌမအစည်းအဝေး၌ ဩဝါဒစကား ပြောကြားလိုတာ ကတော့ တပည့်တော်မျှား နိုင်ငံတော် သံဃမဟာနာယက ဆရာတော်မျှားသည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ရာမှာ ဖမ်းစားတတ်တဲ့ တရားများကို သတိပညာဖြင့် မဖယ်ရှားနိုင်က ရန်သူမာရ် နတ်မင်း၏ ဘေးရန်အတွင်းသို့ သက်ဆင်းကျရောက် နိုင်ကြောင်း ပြောကြားလိုပါတယ်။

လာဘော သိလောကော သက္ကာရော၊ မိစ္ဆာလဒ္ဓေါ စ သော ယသော။
ယော စတ္တာနံ သမုက္ကံသေ၊ ပရေ စ အဝဇာနတိ။

ဆိုတဲ့ ၁၀-ပါးထဲက ချုတ်ယှင်းဖောက်ပြန် မမှန်စိတ်ထား ကိုယ်နှုတ်များဖြင့်ရအပ်သောလတ်ပေါ်များမှု၊ ချုတ်ယှင်းဖောက်ပြန်မမှန်စိတ်ထား ကိုယ်နှုတ်များဖြင့် ရအပ်သော နာမည်သတင်း ကျော်ကြားမှု၊ ချုတ်ယှင်းဖောက်ပြန် မမှန်စိတ်ထား ကိုယ်နှုတ်များဖြင့် ရအပ်သော အရိုအသေ ပြုကာ ပူဇော်မှု၊ ချုတ်ယှင်းဖောက်ပြန် မမှန်စိတ်ထား ကိုယ်နှုတ်များ ဖြင့် ရအပ်သောအခြေအရံပေါ်များမှု၊ချုတ်ယှင်းဖောက်ပြန်မမှန်စိတ်ထား ကိုယ်နှုတ်များဖြင့် ရအပ်သော ချီးမွမ်းအုံ့သြမှုဆိုတဲ့ ဘေးရန်အတွင်း ကျွဆင်းသွားနိုင်ပါတယ်။

လာဘသက္ကာရ သိလောက တရားဟာ လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ အကျင့်စာရိတ္တကို ပျက်စီးအောင် ဖျက်ဆီးရာ၌ အစွမ်းထက်လှပါတယ်။ တပည့်တော်တို့လို ပုထုဇဉ် ရဟန်းများကို မဆိုထားနှင့် ရဟန္တာပုဂ္ဂိုလ်များ၏ ပစ္စုပ္ပန် ချမ်းသာကိုပင် အန္တရာယ်ပြုတတ်ပါတယ်၊ ပင်ကိုယ် သဘောအရ မလိမ်တတ်သူပင် လာဘ သက္ကာရ သိလောက တရားနှင့် ကြုံလာရလျှင် လိမ်တတ် လာပါတယ်၊ ယုတ်မာမှုကို မပြုတတ်သူပင် ယုတ်မာမှုကို ပြုတတ်လာပါတယ်။

သက္ကာရံ နာဘိနန္ဒေယျ။

ချုတ်ယှင်းဖောက်ပြန် မမှန်စိတ်ထား ကိုယ်နှုတ်များဖြင့် ရအပ်သော လာဘ်ပေါ်များမှု၊ နာမည်သတင်း ကျော်ကြားမှု၊ အရိုအသေ ပြုကာ ပူဇော်မှု၊ အခြေအရံပေါ်များမှု၊ ချီမွမ်းအုံ့သြမှုတို့ကို မနှစ်သက်ပါနှင့် ဆိုသည့် မြတ်စွာဘုရားရှင်၏ အမိန့်တော်အတိုင်း လိုက်နာပြီး ဖမ်းစားတတ်တဲ့ တရားများကို ရှောင်ရှားကြမည်ဆိုလျှင် သာသနာတော်မှာ စူးဝင်မှု ဘေးရန်မရှိဘဲ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ကိစ္စများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဇာဂုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၃၁-၈-၉၄ ဆဋ္ဌအကြိမ် ဆဋ္ဌ အစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇာဂုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူပါသည်၊ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်။

၁၃၅၆-ခုနှစ်၊ဝါဆခေါင်လပြည့်ကျော် ၁၀-ရက်(၁၉၉၄-ခုနှစ်၊ သြဂုတ်လ ၃၁-ရက်) ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃ-မဟာနာယကအဖွဲ့(တတိယအအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် ဆဋ္ဌအစည်းအဝေး ဖွင့်၌ ဩဝါဒကထာ ပြောကြားလိုတာကတော့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအကူက် အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဆန္ဒဂဏတိ၊ ဇေါသဂဏတိ၊ မောဟဂဏတိ၊ ဘယဂဏတိဟူသော အဂတိ(၄)ပါး ဖြစ်ပွားဖွယ်ရာအကြောင်းတို့နှင့် မျှားစွာ တွေ့ကြုံရတတ်ပါတယ်ဘုရား။ ဒီလိုတွေ့ကြုံတဲ့အခါ "သတိတမံ၊ ဉာဏ်မြေကဝုတ်၊ ပညာစွမ်းခွန်းကဲ့သို့အုပ်" ဆိုတဲ့စကားအတိုင်းအရာရာတို့၌ သတိမူရှိဆောင်ကာ နှစ်သက်စရာလောဘဖမ်းချုံ၊ စိတ်ပျက်စရာဒေါသအားချုံ၊ တွေဝေစရာ မောဟအာရုံတို့ကို ပညာဖြင့်သိမ်းဆည်းနိုင်ပါမှ အတ္တဟိတနဝါဒဘေး၊ ပရ-

နုဝါဒဘေးတို့မှ လွတ်ကင်းရ၍ ချမ်းသာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်ဘုရား။

ဒါကြောင့်-

သတိဆိုတာ၊ ကိုယ့်ဥစ္စာပို့ ၊ လိုရာအမှေ၊ ပေးတတ်ချေ၏။
မိတ်ဆွေမိတ်ဟောင်း၊ သုံးနှစ်ပေါင်းသော်၊ အကြောင်းမှန်စွာ
သိရမှာပေါ့-

ဆိုတဲ့ ဆောင်ပုဒ်အရ အကြောင်းမှန်ကို သိနိုင်သော နိသမ္မကာရီဉာဏ်ကို ရှေသွားပြုရှိ ဆောင်ရွက်တော်မူကြပါစို့ဟု ပြောကြားရင်း တပည့်တော်၏ သြဝါဒကို နိဂုံးချုပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏
သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ၏

သြဝါဒကထာ

၇-၉-၉၄ ဆဋ္ဌအကြိမ် သတ္တမအစည်းအဝေး , သြဝါဒကထာ

သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် သြဝါဒကထာ မိန့်ကြားတော်မူပါသည်။ သြဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ ပါအတိုင်း ဖြစ်ပါသည်။

၁၃၅၆-ခုနှစ်- ထေဝ၇သလင်းလဆန်း ၃-ရက် (၁၉၉၄-ခုနှစ်၊ စက်တင်ဘာလ ၇-ရက်) ဗုဒ္ဓဟူးနေ့တွင် ဇမ्बူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(တတိယအဖွဲ့ခွဲ)၏ သတ္တမအစည်းအဝေး ဖြစ်ပါသည်။

သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော၊
အတ္တာနံ ဥပမံ ကတ္ဝာ၊ နဟနေယ္ယ နဃာတယေ။

သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ ထိတ်လန့်ကုန်၏။ သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကြောက်ကုန်၏။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥပမံ ကတ္ဝာ၊

ဥပမာပြု၍။အညေ၊တပါးသောသတ္တဝါတို့ကို။နှ ဟနေဃ္ယ၊ မသတ်မဖြတ်ရာ။ နှ ဃာတယေ၊မညှဉ်းဆဲရာ။

သတ္တဝါမှန်သမျှ ဒဏ်နှင့်သေခြင်းမှ ထိတ်လန့်ကြောက်ရွံ့ကုန်၏။ မိမိကိုယ်ကို ဥပမာထားပြီးလျှင် အခြားသော သတ္တဝါတို့ကိုလည်း မသတ်ဖြတ်၊ မညှဉ်းဆဲရာ။

ဤဒေသနာတော် လာရှိသည့်အတိုင်း မိမိကိုယ်ကို ဥပမာထားပြီးလျှင် မိမိတို့၏ဦးတည်ချက် ၃–ရပ်ဖြစ်သော သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး၊ ထွန်းကားရေး ကိစ္စတို့ကို အမြဲမပြတ် အားထုတ်ကြပါဟု သြဝါဒကထာ မိန့်ကြားတော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုသလသာမိ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၁၄-၉-၉၄ ဆဋ္ဌအကြိမ် အဋ္ဌမအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလသာမိ (အဂ္ဂမဟာပဏ္ဍိ)က အစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။ ဩဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်-

၁၃၅၆-ခုနှစ်၊ တော်သလင်းလဆန်း ၁၀-ရက် (၁၉၉၄-ခုနှစ်၊ စက်တင်ဘာလ ၁၄-ရက်) ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် အဋ္ဌမဆစည်းအဝေး ဖြစ်ပါသည်။

ဥ ဋ္ဌာနဝတော ဆတိမတော၊ သုစိကမ္မာ နိသမ္မကာရိနော။
သညတဿ စ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော အဘိဝဍ္ဎတိ-

ဟူသော ဤဒေသနာတော်အရ-

(၁) အရာရာ၌ ထကြွလုံ့လရှိခြင်း၊

(၂) အကျိုးစီးပွား ဖြစ်ထွန်းနိုင်သော သတ္တိရှိရခြင်း၊

(၃) အပြစ်လွတ်ကင်းသန့်ရှင်းစင်ကြယ်သော အမှုလုပ်ငန်းရှိရခြင်း၊

(၄) မိမိလုပ်ငန်းကိုစွဲ အဝဝကို စူးစမ်းလေ့လာမှုရှိရခြင်း၊

(၅) ကိုယ်နှုတ်နှလုံး (၃)ပါးလုံးကို စောင့်သုံးရှိသော ဂုဏ်ရှေရစ္စာ ကောင်းစွာစောင့်ရှောက်ခြင်း၊

(၆) တရားနှင့်အညီ အသက်မွေးဝမ်းကျောင်းရှိအောင် ဆောင်ရွက်ရခြင်း၊

(၇) မမေ့မလျော့မပေါ့မတန် မှန်ကန်တည့်မတ်မှု ရှိရခြင်း။

အထက်(၇)ပါးနှင့်အညီ မိမိတို့၏လုပ်ငန်းကို လုပ်မှသာလျှင် ရာထူးဂုဏ်သိန်တိုးတက်မည်ဖြစ်သ လို အဆိုပါ(၇)ပါးနှင့် သာသနာတော်သန့်ရှင်းဘည့်တုံ့ပြန်ပွားထွန်းကားရေး ဦးတည်ချက် (၃)ရပ်ကို ကြိုးစားဆောင်ရွက်ကြပါရန် တိုက်တွန်းသြဝါဒကထာ မိန့်ကြားပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တကုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၂၁-၉-၉၄ ဆဋ္ဌအကြိမ် နဝမအစည်းအဝေး ဩဝါဒကထာ

သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလသာမိ(အဂ္ဂမဟာ ပဏ္ဍိတ)က ဤစည်းအဝေးဖွင့် ဩဝါဒကထာ မိန့်ကြားတော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါဟုတိုင်း ဖြစ်ပါသည်။

ယနေ့ ၁၃၅၆-ခုနှစ်၊တော်သလင်း လပြည့်ကျော် ၂-ရက် (၁၉၉၄-ခုနှစ်၊ စက်တင်ဘာလ ၂၁-ရက်) ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် နဝမအစည်းအဝေး ဖြစ်ပါသည်။

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကိုဆောင်ရွက်ရခြင်းသည် မြတ်စွာဘုရားရှင် လက်ထက်မှစ၍ အရှင်မဟာကဿပ မထေရ်မြတ်များ လက်ထက်တော်အထိ အဆင့်ဆင့်ထမ်းဆောင်လာခဲ့ကြသည်။ ယခုအချိန်အခါ မြန်မာနိုင်ငံအတွင်းရှိ ဂိုဏ်းပေါင်းစုံသံဃာတော်များ၏ အင်အားကို ယူပြီး သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဦးတည်ချက်

(၃)ရပ်ကို ဆောင်ရွက်လာကြသည်မှာ ၁၅-နှစ် သက်တမ်းပြည့် တော့မည် ဖြစ်ပါသည်။

"ဝိဝါဒံ ဘယတော ဒိသ္ဝာ၊ အဝိဝါဒဉ္စ ခေမတော"

သမဂ္ဂါ သခိလာ ဟောထ၊ သော ဗုဒ္ဓါနုသာသနံ။

ဟူသော ဒေသနာတော်လာရှိသည့်အတိုင်း လုပ်ငန်းကိစ္စ အဝဝကို တပည့်တော်များအခြင်းမပွား, ဘေးကင်းသောအားဖြင့် ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဆောင်ရွက်တော်မူကြရန်တိုက်တွန်းစကား မိန့်ကြားတော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ သဘာပတိဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု)၏

ဩဝါဒကထာ

၂၀-၉-၉၄ ဆဋ္ဌအကြိမ် ဒသမအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဥက္ကဋ္ဌ မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ (အဘိဓဇ မဟာရဋ္ဌဂုရု)က ဩဝါဒကထာမိန့်ကြားတော်မူပါသည်၊ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါ အတိုင်းဖြစ်ပါသည်-

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား၊ ယနေ့အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် ဒသမ အစည်းအဝေး ဖြစ်ပါသည်။ ယင်းအစည်းအဝေးမှာ လုပ်ရိုးလုပ်စဉ်အားဖြင့် ဝိနိစ္ဆယ၊ သာသနာရေး နှင့်ပညာရေးကိစ္စတို့ကို ထိုက်သင့်သည့် အားလျော်စွာ ပြီးမြောက်ခဲ့ပြီး ဖြစ်ပါသည်။ အထူးပြောလိုသည်မှာ စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ အစည်း အဝေးကြီး ပြုလုပ်သောအခါ ဝါဆိုသံဃာစာရင်း တိတ်ကျကျလုပ်ကြဖို့ လိုပါသည်။ ပို့ရမည့်အချိန်လည်း ကုန်လွန်လာမည်ဖြစ်သည်။ မြန်မာ နိုင်ငံဆတွင်းရှိ မြေပြန့်တောင်ပေါ် ကျောင်းစာရင်း သိရှိအောင်၊ ကျောင်းအတွင်း ကျောင်းထိုင်ဘုန်းကြီး ရဟန်းမည်မျှ၊ သာမဏေမည်မျှ၊ ကျောင်းသားမည်မျှ ရှိသည်တို့ကို တိတိကျကျလုပ်ထား စေလိုပါသည်။

ဒါကိုလည်း စိစစ်ရေးအဖွဲ့ ဖွဲ့ထားပြီးဖြစ်၍ ယင်းအဖွဲ့က တိတိကျကျ ဖြစ်အောင် ဆောင်ရွက်ကြရန်ဖြစ်သည်။

ထို့ပြင် ကျောင်းထိုင်ဘုန်းကြီးများ ဘွဲ့အမည်၊ အသက်၊ သိက္ခာ ရပ်ဂုဏ်/ကျေးရွာမှသည် မြို့နယ်အထိ အသီးသီးရင့်ပြီး ဖြစ်လျှင် ဗုဒ္ဓ ဘာသာတရားဟော (အခြေခံအဆင့်) စာအုပ်များကို တစ်ကျောင်းလျှင် တစ်အုပ် ပေးလှူနိုင်အောင် စီစဉ်ထားပါသည်။ သီလရှင်စာရင်းများ လည်း တိကျဖို့ လိုပါသည်။ ရွေးချယ်ပွဲသွားသည့်အခါ ပြီးအောင် ရိုက်ပေး ပါဟုလည်း တိုက်တွန်း ထားသည်။ သာသနာတော်မှာ ကျေးလက်များနှင့် မြို့နယ်တို့တွင် ဘယ်လိုအခြေအနေများ ရှိသည် ကိုလည်း သိဖို့ လိုပါသည်။

သံဃနာယကအဖွဲ့ အသီးသီးသည် တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာတော်များ အကျိုးကျေးဇူးကြောင့် အရှိန်အဝါယူပြီး ဆောင်ရွက် လာကြခြင်း ဖြစ်ပါသည် တပည့်တော်များ ညွှန်ကြားလွှာများကို ထုတ်ပြန်ခဲ့သော်လည်း အချို့ အချို့သံဃာတော်များသည် ယခုတိုင် မသိရှိသေးတာလည်း ရှိ၏။ ကျောင်းထိုင်ဘုန်းကြီး အသီးသီးတို့အတွက် အုပ်ချုပ်ရေး စည်းမျဉ်းကို နိုင်ငံတော်မှမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီး သီးရှိ သံဃာတော်များ ပါသာဒိကဂုဏ်ရှိအောင် ညွှန်ကြားနိုင်လျှင် ကောင်းပါကြောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် မည်သည့်ခေတ်နှင့်မျှ မတူအောင် သာသနာတော် အတွက်မည်သည့်ဘာသာကိုမဆို ကူညီပံ့ပိုးပေးနေသည်ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာကို သူမတူအောင် ကျောင်းကန် ဘုရား ဘက်စုံမှ ကူညီပံ့ပိုး လှူဒါန်း နေသည်ကို လည်းကောင်း အရှင်ဘုရားများ အသိပင် ဖြစ်ပါသည်။

ရဟန်း သာမဏေများ လိုက်နာဖို့ စည်းမျဉ်းများ၊ ပထမပြန်စာမေး ပွဲဆိုင်ရာစည်းမျဉ်းများကို စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးသို့

တင်နိုင်အောင်၊ ၅-နှစ်အတွင်း လုပ်ငန်း ဆောင်ရွက်ချက်မျှားကို အတည်ပြုချက် ရယူမည် ဖြစ်သည်။

အတိုချုပ် ပြောရလျှင်–

–စတုတ္ထအကြိမ် ရွေးချယ်ခဲ့တဲ့အခါ ယခုပြင်ဆင် ဖြည့်စွက်ချက်မျှား ကို အတည်ပြုချက် ရယူနိုင်အောင် ကြိုးစား ဆောင်ရွက်ကြရန်၊

–ဝါဆိုသံဃာ စာရင်းကိုလည်း တိတိကျကျ စိစစ်ဆောင်ရွက်ရန်၊

–ကျောင်းစာရင်း၊ ကျောင်းထိုင်ဘုန်းကြီး စာရင်းမျှားကိစ္စ တိကျစွာ တင်ပြရန်၊

–တတိယအကြိမ်မှ စတုတ္ထအကြိမ် အသစ်ပြန်လည်ရွေးချယ်သည့် အခါ လုပ်ငန်းစီမံချက်ပါအတိုင်း တာဝန်ကို ဆက်လက် ယူဆောင်ကြမည့် ပုဂ္ဂိုလ်မျှားကို စည်းမျဉ်းနှင့်အညီ နောက် ဆက်လက်လုပ်ကိုင်နိုင်ဖို့၊ တပည့်တော်မျှားကလည်းရှုသက်ပန် မဟုတ်ကြပါ၊ အရှင်တို့ တပည့်တော်တို့နောင်ဆက်လက်တာဝန် ထမ်းဆောင်ကြမည့်ပုဂ္ဂိုလ်မျှားအား လုပ်နိုင်အောင်ကူညီပံ့ပိုး နိုင်ဖို့ လိုပါသည်။

ယခု အစိုးရလက်ထက် သာသနာ့ဝန်ကို ကြည်ညိုလေးစားသူမျှား မျှားပြားလာ အစိုးရကလည်း အခွင့်တူအခါပေး၊ဗုဒ္ဓဘာသာယဉ်ကျေးမှု ကို တစ်ယောက်ဘဲရှိစေ သင်ကြားခွင့်ပေးထား၊နဂိုကသြကာသကန်တော့ ခန်းမရကြသောကလေးသူငယ်၊ ကျောင်းသူကျောင်းသားမျှား ယခုအခါ တိုးတက်လာ့နေတာတွေ့ရပါသည်။မြတ်စွာဘုရား၏အဆုံးအမကို လူတိုင်း လူတိုင်း သိလာနိုင်အောင်သက်ဆိုင်ရာမျှားကို တပည့်တော်မျှားက အရှိန် မြင့်တက်လာအောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းစကား မိန့်ကြား တော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုသိုလသာမိ(အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၅-၁၀-၉၄ ဆဋ္ဌအကြိမ်ကောဒသမ အစည်းအဝေး သြဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တကုသလသာမိ (အဂ္ဂမဟာ-ပဏ္ဍိတ)က သြဝါဒကထာ မိန့်ကြားတော်မူပါသည်၊ သြဝါဒကထာအပြည့် အစုံမှာ ဖော်ပြလတ္တံ့ပါ အတိုင်းဖြစ်ပါသည်။

၁၃၅၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁) ရက် (၁၉၉၄-ခုနှစ်၊ အောက်တိုဘာလ ၅-ရက်) ဗုဒ္ဓဟူးနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် ဧကာဒသမ အစည်းအဝေးဖြစ်ပါသည်။

တပည့်တော်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်ကြရာ၌ မိမိတို့၏ ကိုယ်အားဖြင့်သော် လည်းကောင်း၊ နှုတ်အားဖြင့်သော်လည်းကောင်း၊ စိတ်အားဖြင့်သော် လည်းကောင်း သိမ်သိမ်မွေ့မွေ့ ဆောင်ရွက်ကြရခြင်း ဖြစ်ပါသည်။ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ စိတ်ကြမ်း၊ အားဖြင့် ဆောင်ရွက်ကြလျှင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများအား မြင်စွာ ဆောင်ရွက်နိုင်ကြမည်မဟုတ်ပေ။

အပ္ပမတ္တော သတိမန္တော၊ သုသီလော ဟောထ ဘိက္ခဝေါ။
သုသမာဟိတ သက်ပွါ၊ သစိတ္တ မနုရက္ခ ထ။

မိမိတို့၏ ကိုယ်နှုတ်စိတ်သုံးပါးလုံးတွင် မကင်းသောသတိ တရားရှိပြီး ဆောင်ရွက်နိုင်ကြဖို့ လိုပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည်လည်း ကာယကံ,၀စီကံနှင့်မနောကံဟူသော သီလကိုစောင့်ထိန်းသောသီလသည်လည်း ကာယကံ,၀စီကံနှင့်မနောကံနောက်သို့ ကြမ်းတမ်းသောအမှုအရာ မပါဘဲ သိမ်သိမ်မွေ့မွေ့. ရှိမှုလာ လုပ်ငန်းကိစ္စမျှား ပြီးမြောက်ခဲအောင်မြင်မည် ဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့၏ လုပ်ငန်းကိစ္စ အ၀၀တို့ကို မကင်းသော သတိတရားနှင့် သိမ်သိမ် မွေ့.မွေ့. ဆောင်ရွက်ကြပါ.ဟု တိုက်တွန်း စကားသြ၀ါဒကထာ မိန့်ကြားတော် မူပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (တတိယအဖွဲ့ခွဲ) ၏
သဘာပတိ ဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တကုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၁၁-၁၀-၉၄ ဆဋ္ဌအကြိမ် ဒွါဒသမ အစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကုသလသာမိ(အဂ္ဂမဟာ-ပဏ္ဍိတ)က ဩဝါဒကထာ မိန့်ကြားတော်မူပါသည်၊ဩဝါဒကထာအပြည့် အစုံမှာ ဖော်ပြလတ္တံ့ပါ အတိုင်းဖြစ်ပါသည်–

၁၃၅၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇)ရက်) (၁၉၉၄-ခုနှစ်၊အောက်တိုဘာလ၁၁-ရက်)အင်္ဂါနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် ဒွါဒသမအစည်းအဝေးတွင် တပည့်တော်လျှောက်ထားလိုသည်မှာ တပည့်တော်များ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် တစ်နိုင်ငံလုံးအတွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး၏ ပြုဖွယ်ကိစ္စအဝဝတို့ကို ညီညီညွတ်ညွတ်တိုင်ပင်ပင်ပြုလုပ်ဆောင်ရွက်သည့်အတွက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများ တိုးတက် အောင်မြင်လာခြင်း ဖြစ်ပါသည်။

အပတ်စဉ် အစည်းအဝေး တိုင်းတွင် သဘာပတိအဖြစ် ဩဝါဒကထာများကိုလည်း မိန့်ကြားရပါသည်။ ယင်းကဲ့သို့ ညီညီ ညွတ်ညွတ် စည်းဝေးကြခြင်းသည် ကြီးပွားခြင်း၏ အကြောင်း ဖြစ်ပါကြောင်းကို–

ယာဝကိဝဉ္စ ဘိက္ခဝေ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သန္နိ ပတိဿန္တိ ဝုစ္စိုယေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ဒေသနာတော်တွင် လာရှိသည့်အတိုင်း အကြင်မျှလောက် ညီညီညွတ်ညွတ် ထကြွကုန်၏၊ ညီညီညွတ်ညွတ် စည်းဝေးကြကုန်၏၊ ထိုသို့ ညီညီညွတ်ညွတ် စည်းဝေးတိုင်ပင်ကြခြင်းသည် ရဟန်းတို့ကြီးပွားခြင်းကို အလိုရှိအပ်၏။ ဆုတ်ယုတ်ခြင်းကို အလိုမရှိအပ်ဟု မိန့်ကြားတော်မူခဲ့ပါကြောင်း။

တပည့်တော်များ အပတ်စဉ် ဗုဒ္ဓဟူးနေ့ သို့မဟုတ် အင်္ဂါနေ့များ၌ စည်းဝေးပွဲများပြုလုပ်တဲ့အခါတစ်ပါးနှင့်တစ်ပါးညီညီညွတ်ညွတ်စည်းဝေးတိုင်ပင်ကြမှသာ ကြီးပွား တိုးတက်မှု ရှိမည်ဖြစ်ပါသည်။ ပုဂ္ဂိုလ်သတ္တဝါဟု ဖြစ်လာလျှင် တစ်ဦးနှင့်တစ်ဦး အဇ္ဈာသယမတူတဲ့အတွက် ညီညွတ်ဖို့ခဲယဉ်းပါကြောင်း၊ မြတ်စွာဘုရားရှင် သာသနာတော်တွင် မည်သည့်ပုဂ္ဂိုလ်ဘဲ ဝင်လာလာ သံဃာ့အဖွဲ့အစည်းအနေနှင့် ဝိနည်းတရားတော်ကို အလေးအနက် ကျင့်ကြခြင်းသည် တူမျှသော အကျင့်ပင်ဖြစ်ပါသည်။ ဒုဗ္ဗစပုဂ္ဂိုလ်များ ရှိနေလျှင်လည်း ဝိနည်းတရားတော်နှင့်အညီ ဆုံးမရမည်ဖြစ်ပါသည်။ လူတိုင်းလူတိုင်း လောကခံတရားနှင့် တွေ့ကြုံရမည်ဖြစ်သည်။ သံဃာ့အဖွဲ့အစည်းနှင့် ပတ်သက်သော လုပ်ငန်းများကို–

တရားစရိုက် သူအကြိုက်ကို မလိုက်ဘဲ၊ သာသနာတော်ရဲ့ အသက်ဖြစ်သော ဝိနည်းတရားတော်နှင့်အညီ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာအသီးသီး ခွဲခြားပြီး ညီညီညွတ်ညွတ် အယူသီလတူမျှစွာ ဆောင်ရွက်ကြပါရန် ညီညွတ်ခြင်းကိုရှေးရှု၍ မြတ်စွာဘုရား၏ သာသနာတော် အရှည်ခန့်၍တည်တံ့အောင် ဆောင်ရွက်ကြပါဟု တိုက်တွန်းစကားကို မိန့်ကြားခဲ့တော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏
သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တကုသလသာမိ(အဂ္ဂမဟာပဏ္ဍိတ)
၏

ဩဝါဒကထာ

၁-၁၁-၉၄ ဆဋ္ဌအကြိမ် စတုတ္ထအထူးအစည်းအဝေး ဩဝါဒထာ

သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုသလသာမိ(အဂ္ဂမဟာပဏ္ဍိတ)က ဩဝါဒကထာ မိန့်ကြားတော်မူပါသည်၊ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါ အတိုင်းဖြစ်ပါသည်။

၁၃၅၆-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်(၁၉၉၄-ခုနှစ်၊နိုဝင်ဘာလ ၁-ရက်) အင်္ဂါနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် စတုတ္ထအထူးအစည်းအဝေးဌာ တပည့်တော်လျှောက်ထားလိုသည်မှာ–

သဗ္ဗပါပဿ အကရဏံ၊ကုသလဿူပသမ္ပဒံ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း အကုသိုလ်ကိုမပြုလုပ်ခြင်း၊ ကုသိုလ်ပြည့်စုံစေခြင်း၊ မိမိစိတ်ကိုဖြူစင်စေခြင်း ဤ(၃)ပါးနှင့် လျှော်ညီစွာ ကျင့်ကြံကြိုးကုတ်အားထုတ်၍ လောဘ၊ဒေါသ၊မောဟတရားများ မိမိတို့၏ရည်ရွယ်ချက်ဖြစ်သော သာသနာတော်သန့်ရှင်းတက်တုံ့ပြန်ပွားရေးလုပ်ငန်းတို့၌ အုပ်စိုးမသွားရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု တိုက်တွန်းစကားမိန့်ကြားတော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒန္တကုသလသာမိ(အဂ္ဂမဟာပဏ္ဍိတ) ၏

သြဝါဒကထာ

၂၀-၁၁-၉၄ သင္ဘအကြိမ် တရားသမအစည်းအဝေး သြဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒန္တကုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ)က သြဝါဒကထ ပြန်ကြားတော်မူပါသည်၊ သြဝါဒကထာအပြည့် အာဝုံမှာ ဖော်ပြလတ္တံ့ ပါအပ်ပြီးဖြစ်ပါသည် —

၁၃၅၆-ခုနှစ်၊ သီတင်း လွတ် လပြည့်ကျော် ၁-ရက် (၁၉၉၄ ခုနှစ်၊ အောက်တိုဘာ လ ၂၀-ရက်) ကြာသပတေးနေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ သင္ဘအကြိမ် တရားသမ အစည်းအဝေး၌ တပည့်တော်လျှောက်ထားလို သည်မှာ—

တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့ အဖွဲ့အစည်းများ၏ ကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် ဆုံးဖြတ်ကြ၊ ဆွေးနွေးကြ မပြတ်အစည်းအဝေး ပြုလုပ်ခဲ့ကြပါသည်၊ မြတ်ဗုဒ္ဓဘုရား ရှင်က –

(၁) အစည်းအဝေးကို မပြတ်ပြုလုပ်ကြရမည်။

(၂) အစည်းအဝေးပြုလုပ်ဘည့်အခါ တစ်ပါးနှင့်တစ်ပါး ဝိဝါဒမကွဲ ပြားဘဲညီညီညွတ်ညွတ် စည်းဝေးကျိန်းခြင်း ဆောင်ရွက်ခြင်းသည် ကြီးပွားခြင်း အကြောင်းဖြစ်ပါသည်။

(၃) မည်သည့်အစီအစဉ်လုပ်လုပ်, ဘုရားရှင်၏စည်းမျဉ်းဥပဒေအတိုင်း ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမည်၊ စည်းမျဉ်းဥပဒေကို ဖယ်ရှားပြီး ဆောင်ရွက်ပါက ဘုရားရှင်၏ ဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။

(၄) အဖွဲ့စည်းများအနေဖြင့် မိမိထက် ဂုဏ်သိက္ခာကြီးမားသော မထေရ်ကြီးများထံ အမြဲတမ်း ချဉ်းကပ်ဆောင်ရွက်ကြရမည်။

(၅) မိမိတို့သည် ပုဂ္ဂိုလ်သာတ္တဝါတိုင်းမှာ ရှိသော ဂဏာ၏ စေခိုင်းချက်ကို မလိုက်နာဘဲ ဗုဒ္ဓ၏ ဝိနည်းတော်အတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်။

(၆) တပည့်တော်တို့အားလုံးသည် 'မြတ်စွာဘုရားရှင်၏ တပည့်သာဝကများ ဖြစ်သည့်အားလျှော်စွာ မိမိတို့မှာရှိသော လောဘ, ဒေါသ, မောဟများကို ပယ်ရှားပြီး အပြစ်ကင်းနိုင်သမျှကင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

(၇) မိမိတို့သည် မိမိတို့ဂုဏ် အသက်သိက္ခာ ဂုဏ်ကြီးသော မထေရ်ကြီးများကို အမြဲကြိုဆိုနေကြရမည်။ အဂ ကပါ(၇)ချက် နှင့်အညီလိုက်နာကျင့်သုံး ဆောင်ရွက်ကြပါလျှင်မြတ်စွာဘုရား၏ သာသနာတော်သည် သန့်ရှင်းစင်ကြယ်ပြီး အနှစ်ငါးထောင်မကရှင်သန်နေမည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏ လုပ်ငန်းမှန်သမျှ ကျုဆင်းမသွားစေဘဲ အချက် (၇)ချက်နှင့် အညီ ဆောင်ရွက်ပါက တိုးတက်ကြီးပွားမည့် အကြောင်းတိုက်တွန်းစကား မိန့်ကြားတော်မူပါသည်။

ပြည်ထောင်စုပြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့

၄၇-ပါစုံညီ ပန္နရသမ အစည်းအဝေးသဘာပတိ

အဘိဓမ္မဟာရဋ္ဌဂုရု

ဥက္ကဋ္ဌ၊ မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ

၈

သြဝါဒကထာ

ဆရာတော် သံလ တော်အရှင်သူမြတ်တို့ဘုရား—

ယနေ့ ၁၃၅၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၉)ရက်နေ့ သည် တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယ ကအဖွဲ့၊ ၄၇ ပါးစုံညီ ပန္နရသမ အစည်းအဝေး ဖြစ်ပါသည်ဘုရား။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များသည် "ပဿနော့ဇုဒ္ဓသာသနေ" ဟူသောဒေသနာ တော်နှင့် အညီ သဗ္ဗညူမြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးအပေါ် ၌ကြည်ညိုသော သဒ္ဓာသာဝကဖြင့် ဤအစည်းအဝေးသို့ စုံညီစွာ ကြွရောက် ချီးမြှောက်ဟော် မူလာကြွေးငင်းကြောင့်တ ည့်တော် အနေဖြင့် ဝမ် မြောက် ဝမ်းသာ သာဓုအနုမောဒနာ ပြုပ ကြောင်းရှေးဦးစွာ လျှောက်ထား အပ်ပါသည်ဘုရား။

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် သဗ္ဗညူမြတ်စွာဘုရား၏ သာသနာတော် သန့် င်းတည်တံ့ခိုန်ပွားများ ရေးဦး တည်ချက်နှင့်ပတ်သတ်၍ အမိုဂဆောင်ရွက်ရမည့် အခန်းကဏ္ဍ၌ပါဝင်

နေကြပါသည်ဘုရား။ ထိုဦးတည်ချက်သုံးရပ်သည် သာသနာတော်၏ အကျိုးစီးပွားမိမိ၏အကျိုးစီးပွား၊တပည့်ရဟန်းသာမဏေများ၏ အကျိုးစီးပွား၊တပည့် ဒကာ ဒကာမများ၏ အကျိုးစီးပွား၊ တစ်လောကလုံး၏ အကျိုးစီးပွားများအတွက်လည်းဖြစ်ပါသည်ဘုရား။ထိုအကျိုးစီးပွားများ အပေါ်၌ အချိုးညီညီ ဆောင်ရွက်ရေးနှင့် ပတ်သက်၍ အဓိကအားဖြင့် တပည့်တော်တို့ နိုင်ငံတော်သံဃာမဟာနာယက ဆရာတော်များကိုယ်တိုင်က သိက္ခာ သုံးရပ်အားလုံးမြတ်ကိုအလေးအမြတ်ထားရှိ လိုက်နာကျင့်သုံးတော်မူကြပြီး တပည့်ရဟန်းသာမဏေများကိုလည်း လိုက်နာကျင့်သုံးကြစေရန် ဆောင်ရွက်ကြမည်ဖြစ်ပါသည်ဘုရား။ ထိုသို့ ဖြည့်ကျင့်တော်မူကြရာတွင် တပည့်သား သာဝကသံဃာတော်များနှင့် ပတ်သက်၍သဗ္ဗညုမြတ်စွာဘုရားသည် ဣတိဝုတ်ပ ဋ္ဌိတော်၊ ကုဟသုတ်၌ဤကျိုးဟောတော်မူထားပါသည်ဘုရား။

- ရဟန်းတို့ အုံ့ဩဖုယ်ပြုတတ်သူ, ခတ်ထန်သူ,ဖြားယောင်းပြောဆိုတတ်သူ,ကိုယ်လေသာဦးချိုရှိကြသူ,သွေးကြီးကြသူ,မတည်ကြည်သူ ရဟန်းဟူသမျှတို့သည် ငါဘုရားသားတော် ရဟန်းတို့မဟုတ်ကုန်၊ ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ "သာသနာတော်"မှ ကင်းဝေးကုန်၏၊ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ "သာသနာတော်"၌ ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ မရောက်ကြကုန်။

- ရဟန်းတို့ အုံ့ဩဖွယ် မပြုတတ်ကြသူ, မဖြားယောင်းတတ်ကြသူ ပညာရှိသူ,မခတ်ထန်သူ ကောင်းစွာ တည်ကြည်ကြသူ,ရဟန်းဟူသမျှတို့သည် ငါဘုရားသားတော် ရဟန်းတို့ဖြစ်ကုန်၏၊ရဟန်းတို့ ထိုရဟန်းတို့သည်ဤဓမ္မဝိနယ"သာသနာတော်မှ မကင်းဝေးကုန်၊ ရဟန်းတို့ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ"သာသနာတော်၌ ကြီးပွားခြင်း,စည်ပင်ခြင်း,ပြန့်ပြောခြင်းသို့ ရောက်ကုန်၏။

နာခံလိုက်နာခြင်းသည် သာသနာတော်၏ ကြီးပွားတိုးတက်ကြောင်း တရားဖြစ်သည်ဟု ဆရာတော် သံဃာတော်များအားလုံး သိရှိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ယခုအခါဟာစ်လောကလုံး၏ အားထားရာဖြစ်သာသာသနာတော်မြတ်ကြီးကို တပည့်တော်တို့ သံဃာတော်များ ဂကဲက ပြည်တွင်းပြည်ပ နှစ်ဌာနအားဖြင့် အဖက်ဖက်မှ ဆောင်ရွက်နေသည့်နည်းတူ နိုင်ငံတော်အစိုးရနှင့် ဝှိုင်းသူပြည်သ း ဒကာ-ဒကာမမျ ားဘ... ...ဖ...ဖက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည့်မပြင် နိုင်ငံခြားပိုင်းပြည်များကသည်း သာသနာတော်မြတ်ကြီးအပေါ် အာရုံစိုက်လာကြောင်း အသိးသိးတွေ့မြင်နိုင်သိရှိကြပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်ဘို သံဃာတော်မြတ်အပေါင်းသည် လကၡာသုံးရပ်အကျင့်မြတ်ကိုအလေးအမြတ်ထားပြီး အဖက်ဖက်မှ မတိမ်းမစောင်းရမေ အောင် သတိပညာဦးစီး၍ လောကနှင့်သာသနာ (၂)ဖြာသော အကျိုးစီးပွားကို အမ်ကထားပြီး ကြောင့်ကြမ့်နေတော်မမူကြဘဲ အဓိပတိ(၄)ပါး လက်ကိုင်ထားလျက် စိတ်တူကိုယ်မျှဆောင်ရွက်တော်ကြရန် လျှောက်ထားရင်း တပည့်တော်၏ဩဝါဒကထာကို ဖော်ပြပါဂါထာဖြင့် နိဂုံးချုပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား—

> ဩဝဒေယျာ နုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ။
> သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော။

ဩဝဒေယျ၊ အမှုရောက်ခါ မျက်မှောက်သာလျှင် ကောင်းစွာညွှန်ပြဆိုဆုံးမရာ၏။ အနုသာသေယျ၊ အမှုမရောက်မီကြောင်းကျိုးချီလျက် အလီလီအသွယ်သွယ် မျက်ကွယ်ညွှန်ပြဆိုဆုံးမရာ၏။ အသဗ္ဘာ စ၊ သူတော်မဟုတ် သူယုတ်ကျင့်ကြံ မကောင်းသောကံမှလည်း။ နိဝါရယေ၊ ပြောဆိုညွှန်းထား အကြောင်းအားဖြင့်တားမြစ်ရာ၏။ သော၊ ထိုသို့ဆုံးမညွှန်ပြပြောဆိုတတ်သော သူကို။ သတံ၊ သူတော်ကောင်းတို့သည်။ ပိယော၊

ခင်မင်တပ်မက် နှစ်သက်မြတ်နိုးသည်။ ဟောတိ၊ ဖြစ်၏။ အသတ်၊ သူတော်မဟုတ် သူယုတ်တို့သည်။ အပ္ပိယော၊ ရန်သူစာရင်းသွင်း၍ ချစ်ခင်ခြင်းကင်းသည်။ ဟောတိ၊ စင်စစ်မသေ ဖြစ်ပါပေသတည်း။

(ဘဒ္ဒန္တသောဘိတ)
အဘိဓေမဟာရဋ္ဌဂုရု
သဘာပတိ၊ ဥက္ကဋ္ဌ ဆရာတော်

ရက်စွဲ။ ၁၃၅၆-ခုနှစ်၊ တန်ခေါင်မုန်း လပြည့်ကျော်(၉)ရက်
(၁၉၉၄-ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ) ၏
သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော်
ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ၏

သြဝါဒကထာ

၃၀-၁၁-၄၆၊ ဆဋ္ဌအကြိမ် ပထမအစည်းအဝေး သြဝါဒကထာ။

သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဂ္ဂ-မဟာပဏ္ဍိတ) က အစည်းအဝေးဖွင့် သြဝါဒကထာ မိန့်ကြားတော်မူပါသည်။ သြဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလင့်ပါအံ့တိုင်း ဖြစ်ပါသည်။

ဟပည့်တောများ(ပထမအဖွဲ့ခွဲ)ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား၊ ပထမအဖွဲ့ခွဲသည် ဇာတုတ္ထအကြိမ် သက်တမ်းဖြစ်သော ရွှေးကောက်ပဲကြီးနှင့် ကြုံကြုံကိုက်နေပါသည်။ ယခုလို ကြုံကြိုက်သောအခါ မှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်ကြရန် တာဝန်ရှိနေပါသည်၊ တစ်စုံတစ်ယောက်သောသူအတွက် မဟုတ်ဘဲ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အောင်အေး ငြိမ်ငြိုင် ရှေးရယ်နှိုင်ကြရန် ဖြစ်သည်။ မြတ်စွာဘုရားရှင်ပေး ကြားကော်မူသော

ဥဒ္ဓာနဝတော သတိမတော ၊ သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော ၊ အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ–

ဟူသော ဒေသနာတော်နှင့်အညီ ဝိရိယ ရမ္ဘ(၇)ပါး လက်ကိုင်ထား၍ သတိပညာရှေသွားပြုပြီး စင်ကြယ်သော အသက်မွေးဝမ်းကြောင်းပြုမှု၌

တဲန်စိုး လက်ဆောင်စားခြင်း မပြုဘဲ ဆောင်ရွက်ပါက မမေ့မလျော့ မပေါ့သောသူအား အခြေအရံအသင်းအပင်း တိုးတက်လာပါသည်။

ဤသို့တကြွ လုံ့လရှိသောသူသည် ပညာသတိဖြင့် စောင့်စည်းအပ်သော ကာယကံမှု၊ ဝစီကံမှုနှင့် မနောကံမှု ပြုလုပ်ပါက စတုတ္ထအကြိမ် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သက်တမ်း ရှေးချယ်ပွဲကြီး အောင်မြင်မည်ဖြစ်ပါသည်။ နိုင်ငံတော် သံဃာမဟာနာယက အဖွဲ့ဝင် ဆရာတော်ဘုရားတို့သည် သတိ၊ ပညာ၊ ဝီရိယ ရှေ့ဆောင်ပြုကြပါ ဟု တိုက်တွန်းစကား မိန့်ကြားတော်မူပါသည်။

ဒုတိယအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာ

၃.၁၂.၉၄ ဆဋ္ဌ အကြိမ် ဒုတိယအစည်းအဝေး ဩဝါဒကထာ

သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂ-မဟာပဏ္ဍိတ)က အစည်းအဝေးဖွင့် ဩဝါဒကထာ မြွက်ကြား-တော်မူပါသည်။ ဩဝါဒကထာ အပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်ပါသည်။

တပည့်တော်တို့များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ဝင် အရှင်သူမြတ်တို့ဘုရား- တပည့်တော်များသည် သာသနာရေး၊ ပညာရေး၊ ဝိနိစ္ဆယရေး ဟူသော အရေးသုံးပါး ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်၊ ထိုအရေးသုံးပါးဆိုဒါ ပရဟိတ သူတစ်ပါး အကျိုးစီးပွား၊ သ သန တော်၏ တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပါသည်၊ ပရဟိတကို ဆောင်ရွက်ရာတွင် ထွန်နောက်ရေပါ ဘိုသလို အတ္တဟိတ မိမိအကျိုး စီးပွားကို ဆောင်ရွက်-ရာလည်း ရောက်ပါကြောင်း၊ မြတ်စွာဘုရားက လောကဌ အတ္တဟိတ ကိုဆောင်ရွက်သူ၊အတ္တဟိတကိုသာဆောင်ရွက် ပရဟိတကိုမဆောင်ရွက်သူ ပရဟိတကို ဆောင်ရွက်ပြီးအတ္တဟိတကို မဆောင်ရွက်သူ၊ အတ္တဟိတကို

ဆောင်ရွက်သူ၊အတ္တဟိတ၊ပရဟိတနှစ်မျိုးလုံး မဆောင်ရွက်သူဟူ၍ ၄-မျိုး ရှိရာအတ္တဟိတ၊ ပရဟိတ ၂-မျိုးလုံး ဆောင်ရွက်သူကို အလွန်အကျူး ချီးမွမ်းတော်မူပါသည်။

ထိုကြောင့်ပရဟိတ သူတစ်ပါးအကျိုးစီးပွားကို ဆောင်ရွက်ရင်း အတ္တဟိတ မိမိအကျိုးစီးပွားကိုလည်း ဆောင်ရွက်ရာ ရောက်ပါကြောင်းကို မိန့်ကြားတော်မူချက်အရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့သည် အတ္တဟိတ ပရဟိတ သာသနာအကျိုးကို ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းစကား မိန့်ကြားတော်မူပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (ပထမအဖွဲ့ခွဲ) ၏
သဘာပတိဒုတိယဉက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ၏

သြဝါဒကထာ

၁၄-၁၂-၉۷၊ ဆဋ္ဌအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

သဘာပတိ ဒုတိယဉက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) က အစည်းအဝေးမှာ သြဝါဒကထာ မိန့်ကြားတော်မူပါသည်။ သြဝါဒကထာ အပြည့်အစုံမှာ ပေါ်ပြလတ္တံ့ပါအံ့တိုင်း ဖြစ်ပါသည်—

ပထမအဖွဲ့ခွဲဝင် ဆရာတော် အရှင်သူမြတ်တို့ဘုရား၊ ယခုအခါနိုင်သည် စတုတ္ထအကြိမ်သက်တမ်း၏ အစဖြစ်သော ရွေးချယ်ပွဲများကို တာဝန်ယူရမည့်ကိစ္စ တစ်ပြေးပြေး နီးကပ်လာပြီဖြစ်ပါသည်။ စတုတ္ထအကြိမ်သက်တမ်းအတွက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ရွေးချယ်တင်မြှောက်ကြသည့် အခါမှာလည်း ကိတိကျကျ မှန်မှန်ကန်ကန်ဖြစ်ဖို့လိုပါသည်။ သံဃဆန္ဒအရ ရွေးချယ်တင်မြှောက်ခြင်းဖြစ်သဖြင့် တပည့်တော် မျှားမှာ ကြီးကြပ်ရုံသာ တာဝန်ရှိသည်ဟု ယူဆတတ်ပါသည်ဘုရား။ တရားသဖြင့် သံဃဆန္ဒအရ ရွေးချယ်တင်မြှောက်ကြသော်လည်း တစ်ခါ တစ်ခါအခက်အခဲ တွေ့ကြုံရတတ်ပါသည်။ တပည့်တော်၏အတွေ့အကြုံ တခုကိုသာ ပြောပြတော်ထားပါရစေဘုရား။ မြို့နယ်တစ်ခုမှာ ကျောင်းတစ်ကျောင်းဟာ ဒိုသန္တကဖြစ်နေပါတယ်။ တစ်ပါးက ကျောင်းပိုင်ဖြစ်ပြီး

တစ်ပါးက ကျောင်းပိုင် ကျောင်းထိုင်ဖြစ်ပါတယ်။ ၂-ပါးစလုံးဟာ မြို့နယ်နာယကာ ဖြစ်ချင်သဖြင့် မည်သို့မည်တင်ဖြစ်ကြပြီး ရွေးချယ်ပွဲဟာ မအောင်မြင်ခဲ့ပါဘုရား။ ကြီးကြပ်ရေးဆရာတော် ၃-ပါး ရှိသည့်အနက် ၂-ပါးကတဖက် (၁)ပါးကတဖက် ဖြစ်နေပါတယ်။ ၂-ပါးအဖွဲ့ထဲမှာ ဆရာတော်ကြီးတစ်ပါး၏ သြဇာအာဏာ သက်ရောက်နေပါတယ်လို့ ယူဆရပါတယ်ဘုရား။

ယင်းကိစ္စကို ဗဟိုသို့အဆုံးအဖြတ်ခံယူရာ ဗဟိုအဖွဲ့က ကျောင်းထိုင် ကျောင်းပိုင်ပုဂ္ဂိုလ်ကို မြို့နယ်နာယကအဖွဲ့ဥက္ကဋ္ဌအဖြစ် အဆုံးအဖြတ်ပေးခဲ့ပါတယ်။ ဒါကြောင့် ဆရာတော်များ ကြီးကြပ် ဆောင်ရွက်ကြတဲ့အခါမှာ အဂတိတရားကင်းရှင်း မှန်မှန် ကန်ကန် တိတိ ကျကျ ဆောင်ရွက် နှိုင်ကြပါစေဟု တိုက်တွန်းရှိ တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်ပါတယ်ဘုရား။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏
သဘာပတိဒုတိယ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တပညိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၁၉-၁၂-၉၄၊ ဆဋ္ဌအကြိမ် ပထမအထူးအစည်းအဝေး ဩဝါဒကထာ

သဘာပတိဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂမဟာ-ပဏ္ဍိတ)ကဩဝါဒကထာ မိန့်ကြားတော်မူပါသည်၊ ဩဝါဒကထာအပြည့်အစုံမှာဖေါ်ပြ လတ္တံ့ပါအတိုင်းဖြစ်ပါသည်-

ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား။ ဒီယနေ့အစည်းဆဝေးဟာ ပထမအဖွဲ့ခွဲ၏ ပထမအထူး အစည်းအဝေး ဖြစ်ပါသည်ဘုရား။ အထူးအစည်းအဝေး ဆိုပေမဲ့လဲ ဆုံးဖြတ်စရာကိစ္စများအထွေအထူးရှိ၍ စည်းဝေးသည့်-အစည်းအဝေးမဟုတ်ဘဲ ပုံမှန်ပြုလုပ်နေကြ အပတ်စဉ် ဗုဒ္ဓဟူးနေ့အစား-တနလ်ာနေ့တွင် ပြုလုပ်သည့်အစည်းအဝေး ဖြစ်သည့်အတွက် အထူးအစည်းအဝေးဟု ခေါ်ဆိုထားခြင်း ဖြစ်ပါသည်ဘုရား။

ယခုလို ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်များသည် ဆွေးနွေးတိုင်ပင်စရာ ရှိသည်များကိုအချိန်ဆဲမနေဘဲ အလျင်အမြန် ဆောင်ရွက်နေတယ်ဆိုတာကို သိစေချင်လို့ ဖြစ်ပါတယ်ဘုရား။ဒီလိုဆောင်ရွက်ပေးခြင်းဖြင့် သက်ဆိုင်ရာ အမှုသည်များအနေဖြင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်စေလိုပါသည်ဘုရား၊ နောင်ကိုလည်းယခုကဲ့သို့ လျှင်လျှင်မြန်မြန် ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ပေးတော်မူပါရန် တိုက်တွန်းပါတယ်ဘုရားဟု လျှောက်ထားပါသည်။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌဘုရားတော်
ဘဒန္တနေပညိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၂၅-၁-၉၅၊ ဆဋ္ဌအကြိမ် စတုတ္ထအစည်းအဝေးဩဝါဒကထာ

သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒန္တနေပညိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)က ဩဝါဒကထာ မိန့်ကြားတော်မူပါသည်၊ ဩဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်းဖြစ်ပါသည်-

ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်သူမြတ်တို့ဘုရား-တပည့်တော်များ ပထမအဖွဲ့ခွဲဝင်ဆရာတော်များဟာ မိမိတို့အပေါ် တာဝန်တစ်ရပ်အနေဖြင့် ကျရောက်နေတဲ့သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ရှေးချယ်ပွဲများကို ကိုယ်၏ပင်ပန်းနွမ်းနယ်မှု အသက်အရွယ်ကြီးရင့်မှုတို့ကို ဂရုပြုတော်မမူဘဲ အနယ်နယ် အရပ်ရပ်သို့လှည့်လည်၍ ဆောင်ရွက်ခဲ့ကြသည်မှာ ယခုအချိန်ပြီးစီးလုနီးနေပြီဖြစ်ပါသည်ဘုရား။

တပည့်တော်များဟာ ဆန္ဒဂဂတိ၊ဒေါသဂဂတိ၊မောဟဂဂတိ၊ဘယာဂတိဟူသောအဂတိ ၄-ပါး မလိုက်စားဘဲ ဗျတ္တပဋိဗလဂုဏ် သီလဝန္တသိက္ခာကာမဂုဏ် စသောဂုဏ်တို့နှင့်ပြည့်စုံ၍ တာဝန်ကိုအမှန်တကယ် ဆောင်ရွက်လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကို ရွေးချယ်ခဲ့ကြပါသည်ဘုရား။

သံယဝ့အဖွဲ့ဖစည်းအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ အလို မကျသဖြင့်စာတို စာရှည်တိုင်တန်းစာများ၊ တင်လာလိမ့်မည်ဟု မျှော်လင့် ရပါသည်ဘုရား၊ အဲဒီလိုတင်လာသည့်အခါ စိတ်ရှည်လက်ရှည်ထားပြီး ဇီစစ်သုံးသပ်ဆုံးဖြတ် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရင်း နိဂုံး ချုပ်ပါသည်ဘုရား။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၁.၂.၉၅၊ဆဋ္ဌအကြိမ် ပဋ္ဌမအစည်းအဝေးဩဝါဒကထာ

သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂမဟာ-ပဏ္ဍိတ)က ဩဝါဒကထာမိန့်ကြားတော်မူပါသည်။ ဩဝါဒကထာအပြည့်အစုံမှာ ဖော်ပြလတ္တံ့ပါအတိုင်းဖြစ်ပါသည်-

ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဝင်ဆရာတော် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်များ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ကြရာဝယ် ပုဂ္ဂိုလ်ပေါင်းစုံတို့၏ ပြဿနာပေါင်းစုံတို့ကို ဖြေရှင်းပေးနေရပါသည်ဘုရား၊ ပြဿနာပိုင်ရှင်များအနေဖြင့်လည်း အချို့အပြောရလွယ်ကူပြီး အချို့အပြောခက် အဆိုခက်ရှိသည်ကို တွေ့ရှိရပါသည်ဘုရား။သာဓကအားဖြင့်ပြောရပါလျှင် စတုတ္ထအကြိမ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ရွေးချယ်ပွဲများတွင် မိမိတို့၏ မကျေနပ်ချက်ကိုဖွင့်ဟပြောဆိုခြင်း မရှိဆိတ်ဆိတ်နေကြပြီး၊ ရွေးချယ်ပွဲများပြီးမှ မကျေနပ်ချက်များကို ပြောလာကြသည်များကို တွေ့ရှိရပါသည်ဘုရား။

မည်သို့ပင်ဖြစ်စေ ပြဿနာရှင်များအပေါ် ချစ်ခင်ခြင်း မေတ္တာ-တရား၊ ပြဿနာရှင်များအပေါ် သနားခြင်း ကရုဏာတရား၊ ထိုထိုကိစ္စ

တို့တွင် အောင်မြင်မှုရရှိသော ပုဂ္ဂိုလ်တို့အပေါ် ဝမ်းမြောက်ခြင်း မုဒိတာ တရား၊ ပြဿနာရှင် ပုဂ္ဂိုလ်မျှား အပေါ် အဂတိတရား လိုက်စားခြင်းမရှိ အညီအမျှထား လျစ်လျူရှုခြင်းဥပေက္ခာတရားတို့ကို လက်ကိုင်ထားကာ ဆောင်ရွက်ထော် မှုကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား။

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ သဘာပတိဦးကဋ္ဌ မြင်းခြံဆရာတော်

ဘဒ္ဒန္တ သာဝိတ (အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

ဩဝါဒကထာ

၁၅–၂–၉၅၊ဆဋ္ဌအကြိမ်၊ဆဋ္ဌအစည်းအဝေးဩဝါဒကထာ

သဘာပတိ၊ ဦးကဋ္ဌ မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ (အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) က ဩဝါဒကထာမိန့်ကြားတော်မူပါသည်၊ဩဝါဒကထာအပြည့်အစုံမှာ ဖေါ်ပြလတ္တံ့ပါအတိုင်းဖြစ်ပါသည်–

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ယခု အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် ဆဋ္ဌအစည်းအဝေး ဖြစ်သည်၊ ဒီ အစည်းအဝေးမှာ လုပ်ဆောင်ခဲ့သော လုပ်ငန်းများသာ တင်ပြခြင်းဖြစ်ပါသည်၊ စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီး အတွက် ပြည်နယ်/တိုင်း/မြို့နယ်အဆင့်ဆင့်ကိုရွေးချယ်ပြီး ဖြစ်ပါသည်၊သာသနာတော်သန့်ရှင်းတည့်တံ ပြန့်ပွားရေး လုပ်ငန်းများလည်း အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ပါသည်၊ အဆင့်ဆင့်ဆောင်ရွက်တဲ့အခါ ပရိယတ္တိသာသနာတော်လုပ်ငန်းတိုးတတ်အောင်ဆောင်ရွက်ကြဘို့ဖြစ်ပါသည်။

တပည့်တော်တို့ အထူးအားဖြင့် ဘုရားရှင်၏ သာသနာတော်သန့်ရှင်း တည့်တံ့ပြန့်ပွားအောင် ပရိယတ္တိသာသနာတော် အဓိကဖြစ်သည်၊ ၁၅-နှစ်အတွင်း စာပေပရိယတ္တိကို အလေးပေး ဆောင်ရွက်ခဲ့ပါသည်၊ အချို့အချို့နေရာများတွင် စာပေ ပရိယတ္တိ တတ်ကျွမ်းမှု နည်းပါးနေသေးပါသည်၊ယခု စတုတ္ထ အကြိမ်တွင် ယေလတ်ကြီး ပြဋ္ဌာန်း ကျမ်းစာများကို ရှေးရှေးအစဉ်အလာအတိုင်း ပြဋ္ဌာန်းသင့်ပါသည်၊ပထမအကြိမ်မှတတိယ အကြိမ်အထိ ပြဋ္ဌာန်း ကျမ်းစာများကို အသစ် ပြဋ္ဌာန်း ခဲ့သော်လည်း အောင်မြင်မှုနဲ့ပါးခဲ့ပါသည်။

ဇာစ်ဖန် သာသနာရေးနှင့် စပ်လျဉ်းမှု ညွှန်ကြားလွှာများ ထုတ်ပြန်ခဲ့သော်လည်း ဘာမြို့နယ်များအသီ နည်းပါးခဲ့ကြသည်၊ ယင်းအင်္ဂါအခဲများ ပပျောက်အောင်ဆောင်ရွက်သင့်ပါသည်။ သာသနာတော်သန့်ရှင်းအောင် မမွဝိနယနှင့် အညီ အုပ်ချုပ်ရေးစည်းမျဉ်းများ ရေးဆွဲတင်ပြကြဖို့လိုပါသည်။ ယင်းစည်းမျဉ်း ဥပဒေရှိပါက အဖွဲ့အစည်း အဆင့်ဆင့် လွယ်လွယ်ကူကူဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ရှိ ပါဝင်တာဝန် ဆောင်ရွက်ကြသော ဟုဂ္ဂိုလ်များသည် အောက်ခြေအဆင့်မှ နိုင်ငံတော်အဆင့်အထိ စာသင်တိုက်များမှဆရာတော်များ ပါဝင်နိုင်လျှင်အကောင်းဆုံးဖြစ်သည်၊ သားသမီးရှိသောမိဘများသည် သားချင်းသမီးချင်းစာနာ၍ စောင့်ရှောက်နိုင်ကြသလို သံဃာပရိသတ်ရှိသော ဆရာတော်များသည်လည်း တပည့်ချင်းစာနာ၍သံဃာထုကို စောင့်ရှောက် အုပ်ချုပ်နိုင်ကြမည် ဖြစ်သည်။

စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး၌ အုပ်ချုပ်ရေး-စည်းမျဉ်းကိုဓမ္မဝိနယနှင့်အညီ ရေးဆွဲဆောင်ရွက်ကြပါရန်နှင့် နိုင်ငံတော်အစိုးရကလည်း ယင်းစည်းမျဉ်းအရ လိုအပ်သောအကူအညီ ပေးကြရန် တိုက်တွန်းလိုပါသည်။ သို့ပါ၍ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကို အတက်နိုင်ဆုံး ရေးဆွဲကြပါ။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို အကူးဆောင်ရွက်ကြပါဟု တိုက်တွန်းလိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ (၄၇) ပါးစုံညီ သောဋ္ဌသမအစည်းအဝေး သဘာပတိ ဟာဝိဓေဘဟာရဂုဏ္ဌ ပဒေသိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြင်းခြံဆရာတော် ဘဒန္တသောဘိတ၏

သြဝါဒကထာ

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား—

ယနေ့ ကျင်းပသော အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ သောဋ္ဌသမ အစည်းအဝေး ဖြစ်ပါသည် ဘုရား။ ဆရာတော်များသည် သံဃာ့ညီညွတ်ရေးကို အလေးအမြတ် ထား၍ ဤအစည်းအဝေးသို့ စုံညီစွာ ကြွရောက်ချီးမြှောက်တော်မူကြသောကြောင့် တပည့်တော် အနေဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုပါကြောင်း ရှေးဦးစွာ လျှောက်ထားပါသည် ဘုရား။

တပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် တတိယအကြိမ်မှ စတုတ္ထအကြိမ်သို့ ရောက်ရှိတော့မည် ဖြစ်ပါသည်ဘုရား။ ဤတတိယအကြိမ် (၅)နှစ် သက်တမ်းတွင် ဆောင်ရွက်ပြီးခဲ့သော သာသနာတော်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစီရင်ခံစာများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဤအစည်းအဝေးမှတဆင့် တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ တင်သွင်းရမည် ဖြစ်ပါသည်ဘုရား။ ထိုတင်သွင်းသော အစီရင်ခံစာကို စတုတ္ထအကြိမ်

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ ဆက်လက်တင်သွင်းရဦးမည် ဖြစ်ပါသည်ဘုရား။ အဆိုပါ(၅)နှစ်တာ ဆောင်ရွက်ချက် သာသနာတော် ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ အစစအရာရာ၌ အဖုအထစ်မရှိဘဲ ပြေပြစ်ချောမွေ့ ပြီးစီးအောင် ဆောင်ရွက်တော်မူကြရန် အထူးလိုအပ်ပါသည်ဘုရား။

ထိုပြုဖွယ်ကိစ္စအရပ်ရပ်များပြေပြစ်ချောမွေ့စေရေးအတွက်တပည့်တော်ကိုသည်းမခံဘာတရား ရှေထား၍ အချင်းချင်း ကိုင်ပင်ညီနှိုင်းကြပြီး ပည်းလုံးညီညွတ်မှုကို အခြေခံ၍ ပိုလင်ပါးပါးကို လက်ကိုင်ထားလျက် ဆောင်ရွက်တော်မူကြရန် တိုက်ဘွန်း လျှောက်ထား အပ်ပါသည်ဘုရား။ သာသနာတော်ဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ မူချမှတ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း စသည့်ကိစ္စများကို ဆောင်ရွက်ရာတွင်လည်း ဓမ္မဝိနယနှင့် အညီ ဖြစ်စေရန် အထူးလိုအပ်ကြောင်း သတင်းပေး လျှောက်ထားလိုပါသည်ဘုရား။

သို့ဖြစ်ပါ၍ မိမိတို့ဆောင်ရွက်ချက် များသည် ပရိယတ္တိဒကင်းပြီး ယထာဓမ္မယထာဝိနယကျသော ဆောင်ရွက်ချက် ဖြစ်အောင် အထူးကြိုးစား ဆောင်ရွက်တော်မူ ကြပါရန် လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား၊

(ဘဒ္ဒန္တသောဘိတ
ဗဟုဇနဟိတ ရဋ္ဌဂုရု
ဗဟုဇနဟိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက
သဗ္ဗဒေဝတာ ဥက္ကဋ္ဌ အလုတော်

ရက်စွဲ၊ ၁၃၇၆-ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်
၁၉၆၅-ခုနှစ်၊ မတ်လ(၆)ရက်၊ တနလင်္နေ

ပြည်မထောင်စု မြန်မာနိုင်ငံတော်

တတိယအကြိမ်

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး

နိုင်ငံတော့် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ

အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက

မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ ၏

အစည်းအဝေးမှတ် သြဝါဒကထာ

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား

ယနေ့ကျင်းပသော အစည်းအဝေးသည် တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၂၃)၊ အပိုဒ်-၁၈ဖြင့် "သံဃာ့ဝန်ဆောင် အဆင့်ဆင့်၏ သာမန်အစည်းအဝေးကို သက်ဆိုင်ရာသံဃနာယကအဖွဲ့ကဦးဆောင်မှု အနည်းဆုံး(၁)နှစ်(၁)ကြိမ် ကျင်းပရမည်" ဟု ပြဋ္ဌာန်းသည်နှင့်အညီ ဤအစည်းအဝေးကို ကျင်းပဆောင်ရွက်ခြင်း ဖြစ်ပါသည်ဘုရား။ ဤအစည်းအဝေးသို့ ဆရာတော်များသည် မိမိအကျိုးစီးပွားထက် သာသနာတော်၏ ဝတ်ရုပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုပြီးကြွရောက် ချီးမြှောက်တော်မူလာကြသောကြောင့်တပည့်တော်အနေဖြင့် ဝမ်းမြောက် ပါကြောင်း ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

ဤတတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသည် စာတွဲတွဲအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးနှင့်

ဆက်သွယ်နေပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် ၈ ခန်း(၂၂)၊ အပိုဒ်-၁၇၉(က)အရ "နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် (၅)နှစ်အတွင်း ဆောင်ရွက်ခဲ့သော သာသနာတော်ဆိုင်ရာ လုပ်ငန်းများ နှင့် ပေါ်လျှင်းသည့် အစီရင်ခံစာကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တင်သွင်းရမည်ဟု ပြဋ္ဌာန်း ထားပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့၏ (၅)နှစ်တာဆောင်ရွက်ချက် အစီရင်ခံစာကို စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တင်သွင်းနိုင်ရေးအတွက် ဤအစည်းအဝေးသို့ တင်ပြရခြင်း ဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ ပြင်ဆင် ဖြည့်စွက်ချက် အခန်း(၂၇)၊ အပိုဒ်-၂၂၂အရ "နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က တင်ပြသော ပြင်ဆင် ဖြည့်စွက် နုတ်ပယ်ထားသည့် အခြေခံစည်းမျဉ်းမူကြမ်းကို ဝေဖန်သုံးသပ် ဆွေးနွေးပြီး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို လိုအပ်သလို ပြုလုပ်လျက် လက်ခံအတည်ပြုပြီးနောက် အနီးကပ်ဆုံး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးသို့ တင်ပြရမည်"ဟု ပြဋ္ဌာန်း ထားပါသည်ဘုရား။ ထို့ကြောင့် တပည့်တော်တို့သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးသို့ တင်သွင်းရန် အတွက် ဤအစည်းအဝေးသို့ တင်ပြရခြင်း ဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၂၈)အပိုဒ်-၂၂၆အရ "နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က တင်ပြသော ရေးဆွဲ ပြင်ဆင် ဖြည့်စွက် နုတ်ပယ်ထားသည့် လုပ်ထုံးလုပ်နည်းများ မူကြမ်းကို ဝေဖန်သုံးသပ် ဆွေးနွေးပြီး ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို လိုအပ်သလို ပြုလုပ်ဆောင်ရွက်လျက် အတည်ပြုပေးရမည်"ဟု ပြဋ္ဌာန်း ထားပါသည်ဘုရား။

ထိုကြောင့်တံပည့်တော်တို့သည် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း မျှားပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လျက် ဤအစည်းအဝေးသို့ တင်သွင်းအတည်ပြုချက် ရယူမည်ဖြစ်ပါသည်ဘုရား။

ဤသို့ အခြေခံစည်းမျဉ်း လုပ်ထုံး လုပ်နည်းမျှားနှင့် ပတ်သက်၍ အချိန်အခါနှင့် အခြေအနေအရ အကြောင်းအား လျော်စွာ ပြင်ဆင်ဖြည့်စွက်ခြင်း စသည်တို့ကို ဓမ္မဝိနယနှင့်အညီ အဆင့်ဆင့် အသီးသီး တင်ပြဆောင်ရွက်တော်မူကြရာတွင် "သုခါ သံဃသ သာမဂ္ဂီ" ဟူသော ဒေသနာတော်ကို နှလုံးသွင်းတော်မူကြပြီး တပည့်တော်တို့သည် တစ်ပါး အပေါ် တစ်ပါးက မေတ္တာရှေထား၍ ဆောင်ရွက်တော် မူကြပါရန် အထူးသဖြင့် လျှောက်ထားပါသည်ဘုရား။ ထိုသို့ မေတ္တာရှေထားပြီး ညီညီညွတ်ညွတ်ဆောင်ရွက်တော်မူကြမှသာ အဆင့်ဆင့် ဆောင်ရွက်နေရသော ပြုဖွယ်ကိစ္စ မှန်သမျှသည် ချောမွေအောင်မြင် ပြီးမြောက်မည် ဖြစ်ပါသည်ဘုရား။

ဤဓမ္မအစည်းအဝေးသည် ကချိန်အားဖြင့် (၁)ရက်ထည်းနှင့် အပြီးဆောင်ရွက်ရသော အစည်းအဝေးဖြစ်သောကြောင့် ဤအစည်းအဝေးနှင့်ဆိုင်သော ပြုဖွယ်ကိစ္စများနှင့် စတုတ္ထအကြိမ် ဂုဏ်းဝေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးနှင့် ဆိုင်သော ပြုဖွယ်ကိစ္စများကို ချောမွေပြီးမြောက်အောင် စိတ်ဘုရားကိုယ်တော် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်ပါသည် ဆရာတော် သံဃာကော်အရှင်သူမြတ်တို့ဘုရာ ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

စတုဋ္ဌအကြိမ်

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
ပထမအစည်းအဝေးကြီး၌
သမ္မာသမ္ဗုဒ္ဓတော်ဘုရားကြီး ၏

သြဝါဒကထာ

[၁၃၅၆-ခုနှစ်၊ တပေါင်းလဆန်း၁၂-ရက်(၁၉၉၅-ခုနှစ်၊ မတ်လ ၁၂-ရက်) ဒုတိယပိုင်း]

စတုဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား—

ယခုကျင်းပသော အစည်းအဝေးကြီးသည် စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ပထမအစည်းအဝေး ဖြစ်ပါသည်ဘုရား။ ဤအစည်းအဝေးနှင့်ပတ်သက်၍ အဓိကလိုချင်းအချုပ်ကို လျှောက်ထားရပါလျှင် ယမန်နှစ် ၁၃၅၆-ခုနှစ်၊ တပေါင်းလဆန်း ၁၁-ရက်က ဤမဟာပါသာကလိုဏ်ဂူတော်ကြီး၌ကျင်းပပြုလုပ်သောစတုတ္ထအကြိမ်ဂိုဏ်းပေါင်း စုံသံဃာ့အစည်းအဝေးပွဲကြီးတွင် သံဃသမ္မုတိ ရ သံဃာ့ကိုယ်စားလှယ် ဆရာတော်(၁၄၁၉)ပါးတို့က စတုတ္ထအကြိမ်(၅)နှစ်တာ ကာလဆက်တိုက် ဆက်လက် ဆောင်ရွက်တော်မူကြမည့် ဆရာတော် (၃၀၀) ပါးတို့ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အဖြစ် ရွေးချယ်တင်မြှောက်ကာ(၅)နှစ်တာ သက်တမ်းကာလအတွင်း ဆောင်ရွက်ရမည့်

သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားထွန်းကားရေး တာဝန်တို့ကို ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်ဘုရား။

တပည့်တော်တို့သည် ပြီးခဲ့သော တတိယအကြိမ် (၅)နှစ်သက်ဘမ်း ကာလအဘွင်းကာကျန်ရှိနေသေးသောသာသနာ့ကိစ္စများကိုလည်းကောင်း မူလရည်ရွယ်ချက်ဖြစ်သော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွား ထွန်းကားရေး ကိစ္စများကိုလည်းကောင်း၊ ရှေလုပ်ငန်းစဉ် စီမံချက်များ ရေးဆွဲလျက်အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက် သွားကြရန် အထူးလိုအပ်ကြောင်း လျှောက်ထားပါသည်ဘုရား။

သို့ဖြစ်ပါ၍ စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာ တော်များသည် အရှင်မဟာကဿပ စသော ရှေးရှေးသာသနာပြု အရှင် မြတ်များကဲ့သို့ အစဉ်ထာဝရ သာသနာပြုစိတ်ခေါတ် အပြည့်အဝထားကာ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြရန် စုပေါင်း ဆောင်ရွက်ရခြင်း ဖြစ်၍ ညီညွတ်မှုကို အလေးအမြတ်ထား ဆောင်ရွက်တော် မူကြရန်နှင့် ယင်းသို့ ဆောင်ရွက်တော် မူကြရာတွင် အကြောင်းတစ်ခုခုကြောင့် ချွတ်ချော်မှု ရှိခဲ့ပါလျှင်လည်း "ပုထုဇဉ်တို့ သဘာဝ တစ်ခါတစ်ရံ မှားတတ်ကြပါပေသည်တကား"ဟု ယောနိသော မနသိ ဘာရထား၍ ခန္တီတရားဖြင့် သည်းခံခွင့်လွှတ်တော်မူကြရန် အလေး အနက် တိုက်တွန်း လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်ပါသည် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား။

စာဌာနကြီး

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့
၄၇-ပါးစုံညီ ပထမ အစည်းအဝေး၌
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တသောဘိတ
(အဘိဓေမဟာ:ရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက) ၏

ဩဝါဒကထာ

၁၃-၃-၉၅ စတုတ္ထအကြိမ်(၄၇)ပါးစုံညီ ပထမအစည်းအဝေးဩဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ ဘုရား၊ တပည့်တော်များ:သည် သံဃသမ္မုတိ.ရ သံဃာ့ကိုယ်စား:လှယ် ဆရာတော်များ:က ဆန္ဒပေး:ရွေး:ချယ်လိုက်သည့်အတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ:က ဆန္ဒပေး:ရွေး:ချယ်လိုက်သည့်အတွက် စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာ:ယက အဖြစ် ရောက်ရှိလာ:ကြပါပြီဘုရား၊ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွား:ရေး:ဆောင်ရွက်တော်မူကြရန် နိုင်ငံ:တော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က တာဝန်ပေး:အပ်လိုက်သည့်အတွက် မိမိတို့အပါ ကျွေးထောက်လာ:တဲ့ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်တော်မူကြရတော့:မည် ဖြစ်ပါသည် ဘုရား။

ဆောင်ရွက်တဲ့နေရာမှာ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုး:တော်ဆောင်ဆရာတော်(၂)ပါ:က အဖွဲ့ခွဲအား:လုံ:တွင် တာဝန်ရှိပြီ: ကျန်ဆရာတော်(၄၅)ပါ:ကို တစ်ဖွဲ့လျှင်(၁၅)ပါ:စီ (၃)ဖွဲ့ခွဲ၍ ဆောင်ရွက် သွား:ကြရမည် ဖြစ်ပါသည်ဘုရား၊ သို့ပါ၍ ဆရာတော်များ: အား:လုံ: ညီညီညွတ်ညွတ်

သဘောဆန္ဒတူမျှစ္စာ ခွဲဝေသတ်မှတ်တော် မူကြပြီး သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေး ကြီး၏ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း တပည့်တော်၏ သြဝါဒကထာကိုနိဂုံးချုပ်အပ်ပါသည် ဆရာတော် အရှင် သူမြတ်တို့ဘုရား။

ဧကုဗ္ဗကြောင်

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တခေမာဘိဝံ(အဘိဓေမဟာဇုဋ္ဌဂုရု)၏

သြဝါဒကထာများ

၁۷-၃-၉၅ ပထမအကြိမ် ပထမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ဘုရားတပည့်တော်များ ဒီမှာလာဝေးကြရဟု ဟာ တာဝန်အရ လာရောက်ကြရခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ တာဝန်နှင့် ဝတ္တရားကျေပြီးသိုဖို့ လိုအပ်ပါတယ်။ တာဝန်ဆိုတာ ကိုယ့်အပေါ်မှာ တစ်စုံတစ်ယောက်က ညွှန်ချေပေးလိုက်တာ ဖြစ်ပြီး ဒီတာဝန်အရဆောင်ရွက်ကြရတာကိုတော့ဝတ္တရားလို့ခေါ်ရပါတယ်။

တာဝန်ဝတ္တရားယောင်ရွက်ကြတဲ့ နေရာမှာ မြန်မြန်ဆန်ဆန်လုပ်ရတဲ့ ကိစ္စတွေလဲရှိတယ်၊ ကိစ္စလို ပြောပြန်တော့လဲ ကိစ္စ ၂-မျိုးရှိတယ်၊ ကိစ္စတဲ့ ကရဏီယတဲ့-

အဝဿံ ကာတဗ္ဗံ ကိစ္စံ၊

ဣတရံ ကာဝဇ္ဇံ ကရဏီယံ။

အဝဿံ၊ မချတ်မယွင်း။ **ကာတဗ္ဗံ**၊ ပြုအပ်၏။ **ဣတိ**၊ (တသ္မာ) ထိုကြောင့်။ **ကိစ္စံ**၊ ကိစ္စမည်၏။ **မ**ချတ်မယွင်း၊ မဖြစ်မနေပြုလုပ်ရမည့် လုပ်ငန်းများကို ကိစ္စလို့ခေါ်ပြီး ကိစ္စမှတပါး ပြုလုပ်ဖွယ်ရာများကိုတော့ ကရဏီယလို့

ခေါ်ပါတယ်။ ကိစ္စပါဖြစ်ဖြစ် ကရဏီယပါဖြစ်ဖြစ် ကိုယ့်အပေါ် ကျရောက်လာတဲ့တာဝန်တွေကိုတော့ မလွဲမသွေ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊ အဲဒီလိုကိစ္စ၊ ကရဏီယတွေကို ဆောင်ရွက်တဲ့ နေရာမှာ အမှားအယွင်းကင်းအောင်ဆောင်ရွက်တော်မူကြပါဟုတိုက်တွန်းရင်း တပည့်တော်၏ သြဝါဒကထာ နိဂုံးချုပ်ပါတယ် ဆရာတော်အရှင်မြတ်တို့ဘုရား။

၂၉-၃-၉၅ ပထမအကြိမ် ဒုတိယ အစည်းအဝေး သြဝါဒကထာ

တပည့်တော်တို့သည် အစည်းအဝေးကိစ္စများ၊ လုပ်ငန်းကိစ္စများ၊ များပြားပါသည်၊အဖွဲ့ငယ်များ ဖွဲ့စည်းပြီးလုပ်ငန်း တာဝန်များကိုလည်း ကဏ္ဍအလိုက် ဝိနိစ္ဆယရေးရာလုပ်ငန်း၊သာသနာရေးရာလုပ်ငန်း၊ပညာရေးရာ လုပ်ငန်းဟူ၍ ခွဲခြားထားသလို အဖွဲ့ငယ်များ စီမံဆောင်ရွက်ကြရန် ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ကြရာ၌ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ကြဖို့လိုပါတယ်၊မှားသွားပါက ဘယ်အဖွဲ့ကဆောင်ရွက်တာဟု တပည့်တော်များအား အပြစ်ဖာင် ဝေဖန် ပြောဆိုကြမည်ဖြစ်ပါသည်။ အမှားများမရှိရအောင် အရာရာကို ဆောင်ရွက်ရာ၌ သတိရှေ့သွားပြုပြီး လုပ်ကြဖို့လိုပါသည်။သို့ပါ၍ ဘုရားရှင်က –

သတိ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိဟု။ ဟောကြား ထားပါသော ကြောင်း၊အရာရာမှာ သတိရှေ့ဆောင် ဆောင်ရွက်လျှင် ကိစ္စအားလုံး ပြီးမြောက်နိုင်ပါကြောင်း၊ ရှေးဆရာကြီးများက အမြဲသတိ၊ သတိရှေ့ထား၊ လုံ့လအားဖြင့် ဉာဏ်သွားမပေ၊ ထက်မြက်စေလော့၊ ပြုလေသမျှ ကိုးစ္ဓမျှား မြောင်၊ ဆောင်တိုင်းအောင်လိမ့်ဟု မှာထားတော် မူခဲ့ကြပါသည်။

သို့ပါသောကြောင့် တပည့်တော်တို့ကလည်း ရှေးဆရာသမားကြီးများ၏ မှာထားချက်ကို ဦးထိပ်ရွက်ပန်ဆင်၍ ကျလာသော်တာဝန်များကို ဆောင်ရွက်တော်မူကြပါ၊နော် သတိပေး တိုက်တွန်း အပ်ပါသည်အရှင်မြတ်တို့ဘုရား။

၅-၄-၉၅ ပထမအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

သြဝါဒ၊ သြ ါဒမိန့်ခွန်းဟု အပတ်စဉ် အစည်းအဝေးတိုင်း ပါနေတ ်မို့ တပည့်တော်များ အလုပ်ကိုလုပ်ကိုင်ဆော င်ရွက်ရာ၌ အစုလိုက်အစုလိုက်စု၍ တိုင်ပင်ညှိနှိုင်း ဆော င်ရွက်ရတာဖြစ်သည်၊ တစ်ဦးတစ်ယောက်သ ောဘာမျိုးမဟုတ် တစ်ပါ နှင့်တစ်ပါး အယူအဆအမျိုးမျိုးကို နှိုးဆော် ညှိနှိုင်း တိုင်ပင်ပြော ဆိုကြရတာ ဖြစ်သည်။ တစ်ပါးရဲ့သဘောတစ်ပါးကမလိုက်လျောပါက စိတ်ဝမ်းကွဲ၊ ရုန်းကုန်းမျိုး ဖြစ်တတ်သ ည်၊ တစ်ပါးနှင့်တစ်ပါး စိတ်ဘူကိုယ်မျှ အရှုံးရှုံးကို သည်းခံ ဆော င်ရွက်ပါက နိဗ္ဗာန်ရောက်ကြော င်း သူတော်ကော င်း သဘော ောမျိုး ဖြစ်ပါသည်။

"တယောဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဗ္ဗတိ။
ကုဒ္ဓံ အပဋိကုဗ္ဗန္တော၊ သဂ်ါမ် ဧတိ ဒုဇ္ဇယံ။

ယော၊ အကြင်သူသည်၊ တယ ်ထိုအမျက်ထွက်သော သူအား။ ပဋိကုဗ္ဗတိ၊ တစ်ဖန်ပြန်၍ အမျက်ထွက်၏။ တယော၊ ထိုအမျက်ထွက်သော သူ၏သာလျှင်။ တေန၊ ထိုတစ်ဖန်ပြန်၍ အမျက်ထွက်ခြင်းကြောင့်။ ပါပိယော၊ ယုတ်မာသည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ အပဋိကုဗ္ဗန္တော၊ တစ်ဖန်ပြန်၍ အမျက်မထွက်။ သော၊ ထိုသူသည်၊ ဒုဇ္ဇယံ၊ အောင်နိုင်ခဲလှစွာသော။ သင်္ဂါမံ၊ စစ်ပွဲကို။ ဧတိ၊ အောင်သည်မည်၏။

ထို့ကြောင့် ဤဒေသနာ ဟောကြားသလို လုပ်ငန်းကိစ္စအဝဝကို တစ်ပါးနှင့်တစ်ပါးသည်းခံ ညှိနှိုင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်အရှင်မြတ်တို့ဘုရား။

၁၉-၄-၉၅ ပထမအကြိမ်စတုတ္ထအစည်းဒေါ်ဝေး သြဝါဒကထာ

အဖွင့် မိန့်ခွန်းကို အပတ်စဉ် ပြောနေကြမို့ လုပ်ငန်းကိစ္စများကို ဆောင်ရွက်ကြရာတွင် အရေးကြီ.ဆုံးမှာ သတိတရားပင် ဖြစ်ပါသည်

ဘုရားရှင်က "သတိ ခ္ခာဟံ ဘိက္ခဝေ သမ္ဘတ္ထိကံ ဝဒါမိ" ဟုဟောထား ပါကြောင်း၊ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာတွင် သတ်တရား မလစ်ဟင်းရ၊ အရာရာမှာ သတိရှေသွား လုပ်ဆောင်ပါက ကိစ္စအားလုံး အောင်မြင်ပြီးဆုံး နိုင်ပါသည်၊ ရှေးပညာ ရှိများက "အမြဲသတိ၊ အသိ ရှေထား၊ လုံ့လအားဖြင့်၊ ဉာဏ်သွားမပေ၊ ထက်မြက်စေလော့၊ ပြုလေ သမျှ၊ ကိစ္စများမြောင်၊ အောင်တိုင်းအောင်လိမ့်" ဟုဆိုထား ခဲ့ပါသည်။

ထို့ကြောင့် သတိဝိရိယတရားများကို ရှေသွားပြုပြီး ကြိုးစားဆောင်ရွက် ကြပါဟု သတိပေးတိုက်တွန်းအပ်ပါသည် အရှင်မြတ်တို့ဘုရား။

၂၅-၄-၉၅ ပထမအကြိမ် ပဋ္ဌမအစည်းအဝေး သြဝါဒကထာ

ယနေ့ အစည်းအဝေးလည် ခါတိုင်းကျင်းပသလို ပုံမှန်ကျင်းပသော ၁၅-ပါးအစည်းအဝေးပင် ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ တစ်ပါးနှင့်တစ်ပါးတိုင်ပင်ညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်ပါသည်။ယင်းကဲ့သို့ တစ်ပါးနှင့်တစ်ပါး ညှိနှိုင်းဆွေးနွေးပြောဆိုကြတဲ့အခါ စကားအရာအင်္ဂါ လေးတန်တည်းမှ တစ်ခုခုနှင့် ပြည့်စုံဖို့လိုပါသည်။

စကားအရာ အင်္ဂါလေးတန်ဟူသည်မှာ—

သုဘာသိတဝါစာ၊ ပိယဝါစာ

ဓမ္မဝါစာ သစ္စာဝါစာ ဟူ၍ဖြစ်ပါသည်။

သုဘာသိတဝါစာ– ပြောနည်းဆိုနည်း ကောင်းသော စကားကို ပြောဆိုခြင်း၊ ပိယဝါစာ–ပိသုဏာဝါစာမဖြစ်အောင်၊ သူတစ်ပါးအတင်း အဖျင်းကိုမပြောဆိုရခြင်းဖြစ်သည်။ဖရုသဝါစာ ကြမ်းတမ်းသော စကား၊ သမ္ဘပ္ပလာပဝါစာ၊သိမ်ဖျင်းသောစကားကိုရှောင်ပါက ဓမ္မဝါစာ တရားနှင့်

အညီပြောဆိုသော စကားဖြစ်သည်၊ သစ္စာဝါစာ- မှန်မှန်ကန်ကန်ပြောဆိုသော စကား၊ အထက်ပါအင်္ဂါလေးတန်နှင့်ညီသော စကားမျိုးပါအောင် ညှိနှိုင်းသွေးနှောဆခြင်င်ပြောဆိုကြပါ၊ ဟု တိုက်တွန်းစကားမိန့်ကြားတော်မူပါသည်။

၃-၅-၉၅ ပထမအကြိမ် ဆဋ္ဌအစည်းအဝေးသြဝါဒကထာ

ကိစ္စတစ်ခုကို ဆောင်ရွက်ကြကဲ့အခါမှာ အတ္တာဓိပတေယျ-မိမိကိုယ်ကို အကြီးအမှူးပြု၍ ဆောင်ရွက်ခြင်း၊ မမ္မာဓိပတေယျ- တရားတော်ကို အကြီးအမှူးပြု၍ ဆောင်ရွက်ခြင်း၊ လောကာဓိပတေယျ- ပတ်ဝန်းကျင်ဟူကြီးလိုမျိုးကို ဆင်ခြင်ဉာဏ်ထားက ဆား၍ ဆောင်ရွက်ခြင်းဟူ၍ (၃) မျိုးရှိပါသည်။ ထို(၃)မျိုးထဲတွင်ဆောင်ရွက်မည့်ကိစ္စကို ဆင်ခြင်၍ တစ်ခုခုသောအဓိပတေယျကိုအကြီးအမှူးပြု၍ ဆောင်ရွက်ကြရပါသည်။ ဤကဲ့သို့ အခြေခံနေအရ ဆောင်ရွက်ကြမှ မိမိတို့ဆောင်ရွက်သော အမှုသည် ပြေပြေလည်လည် အေးအေးချမ်းချမ်းဖြင့် အပြစ်မရှိသောပြီးဆုံးမှုမျိုးဖြင့် ပြီးဆုံးသောအမှုကိစ္စမျိုးဖြစ်ပါသည်။

သို့ပါသောကြောင့်တပည့်တော်တို့သာသနာရေးရာကိစ္စကိုဆောင်ရွက်တော်မူကြရာ၌လည်း ယခုတင်ပြသော အဓိပတေယျမျိုးနှင့်လျော်ညီအောင် ဆောင်ရွက်တော်မူကြပါရန် အသိပေးစကား ပြောကြားအပ်ပါသည်၊ မဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

၁၀-၅-၉၅-ပထမအကြိမ် သတ္တမအစည်း အဝေး သြဝါဒကထာ

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးစတင် ဆောင်ရွက်သည့် ၁၃၄၂-ခုနှစ်မှ ၀ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိစ္စ အတွက်ဆောင်ရွက်တော်မူကြရာပထမနှစ်ဟု တစ်ဖွဲ့ဝ၁-ပါးစီပြင့် ၄၃-ပါးဖွဲ့၍ ဆောင်ရွက်ခဲ့ကြပါသည်။ မနှိုင်မနင်းဖြင့်၍ ၁-နှစ်အကြာတွင် တစ်ဖွဲ့လျှင်

၁၅-ပါးစီ တိုးခဲ့၍ ဖွဲ့စည်း၍ ၄၅-ပါး ဖြစ်လာခဲ့ပါသည်။၁၅-ပါး တစ်ဖွဲ့လျှင် ၄-လတာစီ တာဝန်ယူ၍ အစဉ်အတိုင်း ဆောင်ရွက်ကြရာ ယနေ့အထိပင် ဖြစ်ပါသည်။ ဤဆောင်ရွက်လာခဲ့သော အချိန်ကာလအတွင်း၌ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊တစ်ပါးနှင့်တစ်ပါး မည်သည့်လိုလားအပ်သောကိစ္စများတစ်စုံတစ်ခု မျှမတွေ့ခဲ့ရ၊မကြုံခဲ့ရပါ၊ဤကဲ့သို့အညီအညွတ်အသင့်အတင့်ရှက်ဆောင်နေကြသော ဝိနိစ္ဆယအဖွဲ့၊သာသနာရေးအဖွဲ့၊ပညာရေး အဖွဲ့ဟူသည်တစ်ဖွဲ့နှင့်တစ်ဖွဲ့၊တစ်ဦးနှင့်တစ်ဦး အားကျမခံသော စိတ်မထားကြဘဲ ဆောင်ရွက်တော်မူကြခြင်း၊တိုင်းပြည်ကြီးတစ်ခုလုံးကြားဆိုကြားနာ၌လည်းပြေပြစ်သော သန္တာရဟရုံးလက်ကိုင်ထားကြခြင်းရှိနေသဖြင့်ပြေပြစ်ညီညွတ်ခြင်းပင် ဖြစ်ကြပေသည်။

ထို့ကြောင့်—

ခိုလ ဗန္ဓေန ပါသာ ဒေါ၊ ကုလ္လော ယောတ္တေန သုဠုနာ။
သန္ဌာရာ သမဂ္ဂါ သံသော၊ စိရံ တိဋ္ဌတိ နိစ္စလော။

ပါသာဒေါ၊ပြာသာဒ်သည်၊ခိုလဗန္ဓေန၊မြေမြှုပ်ကျောက်နှောင်ထားသ ဖြင့် စိရံ၊ ကြာမြင့်စွာ။ နိစ္စလော၊ မတုန်လှုပ်ဘဲ မြဲမြဲမြန် ခိုင်ခန့် သည်ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။ ယောတ္တေနသုဠုနာ၊ ကြိုးဖြင့် ကောင်းစွာချည်နှောင်ထားအပ်သော။ ကုလ္လော၊ ဖောင်သည်။ နိစ္စလော၊ မတုန်လှုပ်ဘဲ မြဲမြဲမြန် ခိုင်ခန့်သည်ဖြစ်၍၊ တိဋ္ဌတိ၊ တည်၏။သန္ဌာရာ–သန္ဌာရေန၊ မေတ္တာပုဗ္ဗဂ်မ ပဋိသန္ထာရဖြင့်။သမဂ္ဂါ၊ ညီညွတ်သော။ သံဃော၊ သံဃာတော်သည်။ စိရံ၊ ကြာမြင့်စွာ။ နိစ္စလော၊ မတုန်လှုပ်ဘဲမြဲမြဲမြန် ခိုန်ခန့်သည်ဖြစ်၍။ ကိဋ္ဌတိ၊ တည်၏။ ဟု ကျမ်းဂန်များ၌ ဆိုထားသောကြောင့် ဝေပုလ္လတော်ဟူသည်လည်းတစ်ပါးနှင့် တစ်ပါး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မေတ္တာပုဗ္ဗဂ်မပြေပြစ်လှစွာသော ပဋိသန္ထာရဖြင့် ရပြာဆိုပြုမှု ဆောင်ရွက်တော်မူကြပါလျှင် ဤညီညွတ်မှုသည် ကာလရှည်ကြာစွာ ခိုင်ခိုင်ခန့်ခန့် ဘန္ဓရပ်တည်နေသော သမဂ္ဂသမောဒါနုချည်း ဖြစ်လာပါလိမ့်မည်ဟု ယုံကြည်စွာ ဝင်ပြောလျှောက်ထားပါသည် နိုင်ငံတော် သံဃာမဟာ နာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၁၃-၅-၉၅ ပထမအကြိမ် အဌမ အစည်းအဝေး သြဝါဒကထာ

အစည်းအဝေးဖစ်အစဉ်အရ သဘာဝတိအဖွင့် မိန့်ခွန်းပြောခဲ့တာတွေလဲအတော်များခဲ့ပါပြီဒီနေ့ပြောချင်တာကတော့သတ္တလောကကြီးအတွင်းမှာ သတ္တဝါတွေအမျိုးမျိုးအစားစား မျိုးပြားစွာပဲ ရှိနေကြပုတယ်၊ သတ္တဝါတိုင်းဟာ မိမိတို့ရဲ့အလေ့အကျင့်စရိုက် ဝါသနာအရါသွားလာနေထိုင် လုပ်ကိုင်ကြပါတယ်၊ အဲဒီသတ္တဝါအမျိုးမျိုးအစားစားတွင်ပါဝင်တဲ့ တပည့်တော်များဟာ မနုဿဆိုတဲ့ ပုဒ်ကလာသူများဖြစ်ကြပါတယ်၊

မြတ်စွာဘုရားက မနုဿဆိုတဲ့ပုဒ်မှာ မနုပုဒ်နှင့် ဥဿပုဒ်ကိုတွဲစပ်ဟောခဲ့ခြင်းဖြစ်ပါတယ်၊ မနုဿ-စိတ်နှလုံး၏၊ ဥဿနှတယ်၊ မြင့်မြတ်သည်၏အဖြစ်ကြောင့်၊ မနုဿော-မနုဿမည်တယ်တဲ့- စိတ်နှလုံး၏မြင့်မြတ်သည်၏အဖြစ်ကြောင့် မနုဿဟုခေါ်ဆိုရပါတယ်၊ တပည့်တော်များဟာ သာသနာ့ဘာဝင် ဝင်ရောက်စဉ်ကပင် မနုဿော သိ-လူသားစင်စစ်ဟုတ်ရဲ့လားဟု ဉာတ်ကမ္မဝါ မဟတ်မီ စိစစ်ခြင်းခံခဲ့ကြရပါတယ်,

လူသားတိုင်းဟာ စိတ်နှလုံးမြင့်မြတ်ရပါတယ်။ စိတ်နှလုံးမြင့်မြတ်တဲ့ မနုဿ-လူသားဘဝကနေပြီး ဘုရား၊ရဟန္တာ၊စကြဝဠာ၊ မန္တတ်မင်းကြီးစသည်ဖြစ်ခဲ့ကြပါတယ်။ ရဟန္တာစသည်များသည် စိတ်နှလုံးမြင့်မြတ်သူများပင်ဖြစ်ကြပါတယ်။ ပညတ်သွားရာ ခရီးသက်ပါဆိုတဲ့အတိုင်း မြင့်မြတ်တဲ့စိတ်နှလုံးရှိတဲ့ မနုဿကလာတဲ့ တပည့်တော်များဟာ မြင့်မြတ်တဲ့ စိတ်နှလုံးရှိနေကြရမှာဖြစ်ပါတယ်။

သူရ၊သတိ၊ဗြဟ္မ စရိယာ ဝါသ-ဆိုတဲ့ အင်္ဂါ ၃-ရပ်ပြည့်စုံမှသာလျှင် မြင့်မြတ်သောအဖြစ်ဟု ဆိုရပါတယ်၊ သူရသတ္တိနှင့် ပြည့်စုံခြင်း၊ သတိ-ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံခြင်း၊ မြင့်မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ခြင်း ဆိုတဲ့ အင်္ဂါ ၃-ရပ် သည် မနုဿဆိုတဲ့ ဟုဂ္ဂိုလ်များမှာဘဲ ရှိရပါတယ်၊ အခြား ဘယ်သတ္တဝါ များမှာ မှ ဒီ အင်္ဂါလက္ခဏာတွေ မရှိကြပါဘူး။

မြင့်မြတ်သော စိတ်နှလုံးရှိတဲ့အတွက်မနုဿဇာတ်မှ မြတ်စွာဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်များ၊ အေရိယာပုဂ္ဂိုလ်များ စသည်တို့ ဖြစ်ကြပါတယ်။ မြင့်မြတ်ပဲ့ စိတ်နှလုံးရှိတဲ့ မနုဿကနေပြီး သာသနာ့နယ်သဲ ရောက်လာကြတဲ့ ဘုရားတော်များဟာ ဗြဟ္မဏေရိယဝေါသကို လက်တွေ့ကျင့်သုံးနေကြသူတွေလဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် မနုဿဟုဒ်နှင့် လိုက်လျောအောင် သဒ္ဓါတရားထားပြီး လုပ်ငန်းကိစ္စအဝဝကို ကြိုးစား အားထုတ်တော်မူကြပါ့။ တိုက်တွန်းရင်း ဘုရားတော်၏ သြဝါဒ ... ... နှင့်ကိုးကားတဲ့အဆုံးသတ်ပါသည် နိုင်ငံဟော်သံ့ဟောနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား။

၂၄-၅-၉၅ ပထမအကြိမ် နဝမအစည်းအဝေး သြဝါဒကထာ

ယနေ့မျက်မှောက်ကာလမှာတော့ ဒေသဒကာမမျိုးရော သံဃာတော်များပါ ပရိယတ္တိ သာသနာတော်ကို အားတက် သရော ချီးမြှောက်ထောက်ပံ့နေကြတာကို တွေ့ရ၍ မျှားစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်၊ သာသနာတော်သုံးရပ်မှာ ပရိယတ္တိ သာသနာကတော်သည် အလွန်အရေးကြီးသည့်အတွက် ပရိယတ္တိသာသနာဟော့ မကွယ်ပျောက်ရေး၊ သာသနာတော်ကြီး တည်တံ့ခိုင်မြဲရေး ဆရာဒကာ လက်တွဲညီညီဖြင့် ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ထောက်ပံ့ နေကြတာဖြစ်ပါတယ်။

သာသနာတော် သက်တမ်း တစ်ဝက်မှာ ရှင်ရဟန်း ဖြစ်လာကြရတဲ့ တပည့်ကောင်များဟာ မိမိကိုယ်တိုင် အားမထုတ်နိုင်သည့် တိုင်အောင် ပရိယတ္တိဝန်ဆောင် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်များ ပေါ်ထွန်းလာရေးအတွက် နည်းလမ်းရှာ၍ အားပေးချီးမြှောက်ကြပါမှ အာယုကပ်ပတ်လုံး သက်ဆုံ တိုင်အောင် အားထုတ်မည့် တပည့်သားတွေ ထွက်ပေါ်လာပြီး သာသနာတော်ကြီး ကြီးပွားတိုးတက် လာမှာဖြစ်ပါတယ်။

သာသနာ့တော်ကို ကွယ်ပျောက်မည့်အချိန် ရောက်လာရင် ဗုဒ္ဓံသရဏံ ဂစ္ဆာမိဟုဆိုနိုင်မည့်ပုဂ္ဂိုလ်ပင်မရှိဘဲဖြစ်လာမည်ဖြစ်ပါတယ် ယခုအချိန်မှာ ပရိယတ္တိဝန်ဆောင် ဟုဂ္ဂိုလ်ထူးများ ထွက်ပေါ်လျက်ရှိသဖြင့် သာသနာတော်အတွက် အားတက်ဖွယ်ပင်ဖြစ်ပါတယ်။

ပရိယတ္တိဝန်ဆောင် ဟုဂ္ဂိုလ်ထူးများကို ဆရာဒကာ ပိုင်းဝန်းပြီး-ချီးမွမ်းဂုဏ်ပြုကြရာမှာ ချီးမွမ်းခြင်းက ၂-မျိုးရှိပါတယ်၊ မျက်မှောက်ချီးမွမ်းခြင်းကို "ပသံသ"၊ မျက်ကွယ်ချီးမွမ်းခြင်းကိုကော "ထောမန" ဟုခေါ်ပါတယ်၊ ချီးကျူးဂုဏ်ပြုပွဲတွေမှာ မျက်မှောက် ချီးမွမ်းကြခြင်းသည် "ပသံသ" တစ်မျိုးတစ်ရာက ဆရာသမားများက စာရေးပြီးချီးမွမ်းကြတာကိုတော့ "ကောမန"ဟု ခေါ်ဆိုရပါတယ်။

သမ္မုခေါ်တော ပသံသန - ဟုဖွင့်ဆိုထားသဖြင့် မျက်မှောက် ချီးမွမ်းခြင်းကို "ပသံသ"ပေ ရမ္မုခေါ်တော ထုတိ-ဟု ဆိုပြန်သဖြင့် မျက်ကွယ်ချီးမွမ်းခြင်းကိုတော့ "ထုတိ" ဟုဆိုရပြန်ပါတယ်၊ သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် ဂုဏ်ထူးဝိသေသရှိလာရင် မျက်မှောက်မှာရော မျက်ကွယ်မှာပါ ချီးမွမ်းသင့်ပါတယ်၊ ပေါ်ထွက်လာသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးများကို အားပေးချီးမြှောက်တော်မူကြပါရန်နှင့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရေးကိစ္စများ ဆောင်ရွက်သည့်နေရာမှာလည်း တိတိကျကျမှန်မှန်ကန်ကန် ဖြစ်အောင် အားထုတ်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် နိဗ္ဗာန်တော်သံဃမဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

စာရေးသူအကြောင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏
ဒုတိယဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တဝမာဝုဓ(အဘိဓဇမဟာရဋ္ဌဂုရု)
၏

သြဝါဒကထာ

၃၁-၅-၉၅၊ ပထမအကြိမ် ဒသမအစည်းအဝေး သြဝါဒကထာ

အပတ်စဉ်ပြောဆိုနေကြမို့ အဟူးပရိပါ၊ ယခုအခါသံဃာ့အဖွဲ့အစည်း အတည်ပြုပြန်တမ်းများကို နေရာတိုင်းသို့ပေးပို့နေပြီဖြစ်ပါသည်။ အပတ်စဉ်တိုင်း ချီးမွမ်းဂုဏ်ပြုနေကြသည်ကို ကြားနေမြင်နေကြမှပါသည်။ ချီးမွမ်းခြင်း၂-မျိုးရှိပါ၊ကြောင်း၊မျက်မှောက်ချီးမွမ်းခြင်းကို"ပသံသ"ဟုခေါ်ဆို၍၊ သမ္မုခတော ပသံသနံ-ဟုဖွင့်ဆိုထားပါသည်။မျက်ကွယ်ချီးမွမ်းခြင်းကို "ဓဏာမန"ဟုခေါ်ဆို၍၊ ပရိမုခတော ထုတိ-ဟု ဖွင့်ဆိုထားပါသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဂုဏ်ထူးဝိသေသရှိလာပါက ယခုအခါ မျက်မှောက် မျက်ကွယ်(၂)မျိုးလုံး ချီးမွမ်းနေကြပါသည်။ တပည့်တော်များ အဖွဲ့သည် သံဃာ့အဖွဲ့အစည်း အနေဖြင့် နိုင်ငံတော်မှာအထွတ်အဖီပ်ဖြစ်နေပါသည်။နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ချီးမွမ်းခြင်းမခံရစေကာမူ ကဲ့ရဲ့စရာမရှိအောင် အစစအရာရာ သတိပညာရှေထား ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းစကားလျှောက်ထားပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၃-၆-၉၅ မထမအကြိမ် ကောဒသမ္ပ အစည်းအဝေး သြဝါဒကထာ

သာသနာတော်သည် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီးကို ၁၃၇၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပါတယ်၊ ဒီအဖွဲ့ကြီး ပေါ်ပေါက်လာပြီးနောက် ဆရာတော်များရော၊ ဥပတ္ထမ္ဘက ဒကာများပါ ၁၅-နှစ်သက်တမ်းကာလမှာ အဖွဲ့အစည်းအတွင်း တစ်ဦးနှင့် တစ်ဦး ရှေ့သနားတစ်စုံတစ်ရာ မရှိဘဲ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီတို့ ပြင့် ညီညီညွတ်ညွတ် မိမိတို့ကျရာတာဝန် ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်လာနိုင်ခဲ့ကြပါတယ်။

ဒီအဖွဲ့ကြီး ကာလရှည်ကြာစွာ တည်တံ့ခိုင်မြဲနေတာဟာ သန္ဓာရရှိနေလို့ပင်ဖြစ်ပါတယ်။ မေတ္တာရှေ့သား ရှိသောကြောင့် ဘယ်နေရာမဆို တစ်ဦးနှင့်တစ်ဦး အကျိုးအပြစ် ဆက်စပ်မှု ရှိနေကြပါတယ်၊သန္ဓာရဆိုတာ အစေ့ အစပ် အညှိ အညွှတ် ပျူပျူငှာငှာ ပြေပြေ ပြစ်ပြစ် ဆက်စပ်နေခြင်း ဖြစ်ပါတယ်။ ဒီ သန္ဓာရ တရားကို ပညာနဲ့ထားပြီး ဆောင်ရွက်လာခဲ့ကြလို့ ဒီအဖွဲ့ကြီး ဤမျှညီညွတ်စွာ သက်တမ်းရှည်လာခဲ့ခြင်း ဖြစ်ပါတယ်။

ခိုလေပန္နေန ပါသာဒေါ၊ ကုလ္လော ယောတ္တေန သုဗ္ဗုနာ။
သန္ဓာရာ သမဂ္ဂါ သံဃော၊ စိရံ တိဋ္ဌတိ နိစ္စလော။

မြန်မြန်စွာ တုပ်နှောင်ထားတဲ့ ဖောင်ကြီးပြာသာဒ်ကြီးသည် အရပ်လေးမျက်နှာမှ လာတဲ့ လေဒဏ် မိုးဒဏ်များကို ခံနိုင်ရည်ရှိပြီး မပျက်စီးသလိုဘဲ၊ တပည့်တော်တို့ အဖွဲ့ကြီးသည်လည်း မေတ္တာပုဗ္ဗင်္ဂမ ရှိသော သန္ဓာရဖြင့် မလဲမပြိုအောင် တုပ်နှောင် ထားနိုင်သည့်အတွက် ညီညီညွတ်ညွတ် ရေရှည်တည်တံ့နေခြင်း ဖြစ်ပါတယ်။ ဒီအဖွဲ့ကြီး စတင်ဆောင်ရွက် ချိန်ကဆိုရင် ဘာသာဝါဒတွေကလည်းများပြား၊ အဓမ္မဝါဒတွေကလဲ အမျိုးမျိုး ရှိနေခဲ့ကြသော်လဲ ဘုရားရှင်၏ စစ်မှန်သောဝါဒထောက်ခြင့် ဆန့်ကျင်ဘက်တွေကို နှိမ်နင်းနိုင်ခဲ့ကြပါတယ်။

ယခုလိုဆောင်ရွက်နိုင်ခဲ့ကြတာဟာ ဂိုဏ်းပေါင်းစုံ သံဃာတော်များ၏ ညီညွတ်မှု၊ နိုင်ငံတော် အစိုးရ၏ အားပေး ကူညီမှုများကြောင့်ပင် ဖြစ်ပါတယ်၊ ဒါကြောင့်—

" ဘုရားသို့သော်၊ ပညာရှိလည်း၊ ဂုဏရိယ၊ အစိုးရသည့်၊ မင်းမှမှီရာ၊ မရပါသော်၊ ထိုပညာရောင်၊ မထွန်းပြောင်ဘူး "

ဟု ရှေးပညာရှိများက စပ်ဆိုဆုံးမခဲ့ကြပါတယ်။

သံဃာတော်များက ဘယ်လောက်ပင် ညီညွတ်သော်လည်း နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုကို မရခဲ့ပါလျှင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပါဘူး။ ဟိုယခင်က ကိုယ်နိုင်ငံ ကိုယ်လူမျိုး၊ စိုးမိုး အုပ်ချုပ်တာမဟုတ်တော့ သာသနာရေးကိစ္စကို လူမှုရေးတွင် ရောထည့် ဆောင်ရွက်လာခဲ့ပါတယ်။ ကိုယ်နိုင်ငံ ကိုယ်လူမျိုး အုပ်ချုပ်ခွင့်ရတဲ့ အချိန်ကစပြီး သာသနာရေးကိစ္စများကို သီးခြား ဌာနကြီးတစ်ခု ဖွင့်၍ ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ ယခုဆိုရင် ကမ္ဘာအေးကုန်းမြေကြီးဟာ သာသနာရေးကိစ္စများကို ဆောင်ရွက်ရာ နေရာကြီး ဖြစ်လာခဲ့ပါတယ်။ သံဃာတော်များကရော ဒကာ ဒကာမများကပါ ပရိယတ် ဝဋ္ဌိပတ်နှစ်ရပ်သော သာသနာတော်တို့ကို အားပေးချီးမြှောက် ထောက်ပံ့လာခဲ့ကြတာ တွေ့ရတော့ များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်၊ သာသနာ ပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာ သဒ္ဓါတရားရှိဖို့ အထူးလိုအပ်တာကြောင့် ဆရာတော်များရော ဥပတ္ထမ္ဘကဒကာများပါ သဒ္ဓါတရားကြီးစွာ ထားပြီး မိမိတို့ကျရောတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းစကား ပြောကြားပါသည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

၁၄-၆-၉၅ ပထမအကြိမ် ဒွါဒသမအစည်းအဝေးသြဝါဒကထာ

ယနေ့အသူးအထေ့ ပြောစရာမရှိပါ၊ ဒါပေမဲ့ နည်းနည်းပါးပါးပြောပါဦးမယ်၊ တပည့်တော်တို့သည် သတ္တလောကမှာ ဖြစ်လာတဲ့ပုဂ္ဂိုလ်အမျိုး

အစားကို့တွင် တစ်မျိုးအပါအဝင်ဖြစ်ကြပါတယ်၊ အဲဒီလိုပါဝင်တဲ့ အမျိုး အစားကလည်း ဘုရားကိုယုံကြည်၊ တရားကိုယုံကြည်၊ သံဃာကိုယုံကြည် သော အမျိုးအစားတို့တွင် ပါဝင်၍နေကြပါတယ်။ အဲဒီလိုပါဝင်နေပေမဲ့ ဘုရားတပည့်တော်ဝိုဏက် မြင့်မြတ်သော အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ရှိသောယုံကြည်ချက် သဒ္ဓါတရားကိုမမီနိုင်ကြသေးပါ။ သို့ရာတွင် တပည့် တော်ဝို့ဘဝသည် ပဋ္ဌိရူပဒေသဝါသ၊ ပုဗ္ဗေစကတ ပုညတာ၊ အတ္တသမ္မာ ပဏိမိ၊ သပ္ပုရိသူပနိဿယဟူသော စက်လေးပါးနှင့် ပြည့်စုံလျက်ရှိနေပါ သည်။ စက်လေးပါးဆိုသည်မှာ လည်တတ်သောသဘောတရား ရှိသည် ဖြစ်သောကြောင့် ဘဝအဆက်ဆက် ပြည့်စုံဘို့ လိုအပ်လှပါသည်၊ တပည့် တော်တို့သည် ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရဖြင့်လည်းကောင်း၊ ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရဖြင့်လည်းကောင်း၊ စိတ်ဟုဆိုအပ်သော မနောဒွါရဖြင့်လည်းကောင်း လှုပ်ရှားတိုင်း လှုပ်ရှားတိုင်း သတိသမ္ပဇဉ် တရား (၂)ပါး ရှေ့ဆောင်ရှိသော လှုပ်ရှားမှုမျိုးဖြစ်ဖို့ရန် အရေးကြီးပါ သဖြင့် တပည့်တော်တို့ အားဘုတ်ဆောင်ရွက်နေကြသောသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဟူသော ကြေးကြော်သံဖြင့် ဆောင်ရွက် ကြရာ၌လည်း သတိသမ္ပဇဉ် ရှေ့ဆွားရှိသောလှုပ်ရှားမှုသုံးခုဖြင့်လှုပ်ရှား နိုင်ကြပါစေရန် သတိပေးစကား တင်ပြတိုက်တွန်းအပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

စတုတ္ထအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၄၇-ပါးစုံညီ ဒုတိယအစည်းအဝေး၌

မိန့်ကြား တော်မူအပ်သော

အဘိဓမ္မဟာရဋ္ဌဂုရု၊ အဘိဓမ္မအဂ္ဂမဟာသဒ္ဓမ္မဇောတိက

သဘာပတိ၊ ဦးဣန္ဒဇဆရာတော် ဘဒ္ဒန္တသောဘိတ၏

အစည်းအဝေးဖွင့်လှစ်ပြောကြားချက်

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား-

ဆရာတော်ဘုရားများ ကိုယ်၏ ပင်ပန်းနွမ်းနယ်မှု၊ စိတ်၏ပင်ပန်းနွမ်းနယ်မှုတို့ကို ဂရုမထား မိမိတို့ကျောင်းတိုက်၏ သာသနာ့ရေးကိစ္စ စသည်များကို စွန့်ထားခဲ့၍ နိုင်ငံတော်တစ်ဝန်းလုံး၏ သာသနာတော်အရေးကို အလေးပေးကာ စုံစုံညီညီ ကြွရောက်တော် မူလာကြသည်ကို တွေ့ရပါသဖြင့် လွန်စွာဝမ်းမြောက်ရပါသည်ဘုရား ။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဘုရားတပည့်တော်တို့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်း၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်လာခဲ့ကြ

သည်မှာ ပထမကြိမ် သက်တမ်းငါးနှစ်၊ ဒုတိယအကြိမ်သက်တမ်း၅ါးနှစ်၊ တတိယအကြိမ်သက်တမ်းငါးနှစ် တို့ကို ကျော်လွန်၍ ယခု စတုတ္ထအကြိမ် သက်တမ်းသို့ပင် ဆိုက်ရောက်လာခဲ့ပါ၏ပြီဘုရား ။

ယင်းသို့ သက်တမ်းသုံးကြိမ် ကျော်လွန်အောင် ဆောင်ရွက်ခဲ့ကြရာ အချို့သော သာသနာတော်ဆိုင်ရာကိစ္စများ ထိုက်သင့်သလောက် အောင်မြင်ခဲ့သော်လည်း တပည့်တော်တို့ မျှော်မှန်းထားသလောက် အပြည့်အဝ မအောင်မြင်သေးသည်ကို ဆရာတော်ဘုရားများ သိတော်မူကြပြီးဖြစ်ပါသည်ဘုရား ။ ယင်းသို့မျှော်မှန်းထားသလောက် အပြည့်အဝ မအောင်မြင်ခြင်းသည် တပည့်တော်တို့၏ သံဃာ့ဇမ္ဗူအစည်း အဆင့်ဆင့်တို့၌ ပျော့ကွက်ဟာကွက် ချွတ်ယွင်းချက်များ ရှိနေသောကြောင့်သာဖြစ်ပါသည် ဘုရား ။ သို့ဖြစ်၍ ယခု စတုတ္ထအကြိမ် သက်တမ်းအတွင်း၌ ထို ပျော့ကွက်ဟာကွက် ချွတ်ယွင်းချက်များကို လေ့လာစိစစ်၍ ပြုပြင်ပြီး လုပ်ဆောင်သင့်သော လုပ်ငန်းကိစ္စအဝဝတို့ကိုအားသွန်ခွန်စိုက်အောင်မြင် အောင်ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းပါသည်ဘုရား။

ရှေးယခင် သက်တမ်းသုံးဆက်အတွင်းက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါလျက် အကောင်အထည် မပေါ်သေးသော ကိစ္စများကို ပြန်လည်စိစစ်ပြီးလျှင် မည်သို့မည်ပုံ အကောင်အထည် ဖော်သင့်သည်ကို လေ့လာဆွေးနွေးတော်မူကြ၍ ယခု စတုတ္ထအကြိမ်အတွင်း၌ အကောင်အထည်ပေါ်အောင် ဆောင်ရွက်သင့်ပါသည်ဘုရား ။

ဥပမာပြုရလျှင် (၈တိယအကြိမ်) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ (စတုတ္ထ) အစည်းအဝေးကြီးက အချို့သော ကျောင်းထိုင်ဘုန်းကြီးများ အဓိဋ္ဌာန်တင်မှု၊ ဝိကပ္ပနာပြုမှု၊ ပစ္စုဒ္ဓိရ်ပြုမှု၊ ကထိန်ခင်းမှု၊ ကပ္ပိယမှုစသည်ကိုမျှ မပြုတတ်ကြသဖြင့် ကျောင်းထိုင်ဘုန်းကြီးရက်တို့ သင်တန်းပေးရန်ကိစ္စကို ဆုံးဖြတ်ခဲ့ပါသည်ဘုရား။ ယင်းဆုံးဖြတ်ချက်ကို ယခုတိုင် မည်သို့မျှ အကောင်အထည်ဖော်သည်ကို မကြားသိရပါ၏ဘုရား။ ယင်းကိစ္စသည် သာသနာ့ဝန်ထမ်းရဟန်းတော်များ အတွက်

အမှန်တကယ် လိုအပ်သော ကိစ္စဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို မည်သို့ မည်ပုံ အကောင်အထည် ဖော်သင့်သည်ဟုပြန်လည် ဆွေးနွေး၍ မဖြစ်မနေ အကောင်အထည် ဖော်သင့်ပါသည်ဘုရား ။

ဆရာတော်အရှင်မြတ်တို့ဘုရား–

နောက်တစ်ခု တင်ပြရပါလျှင် (တတိယအကြိမ်) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ (ပဏ္ဍိတ) အစည်းအဝေးက "နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် မိမိတို့ ဦးဆောင်တည်ထောင် ဖွင့်လှစ်ထားသည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် များ၊ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းများ၊ နီးစပ်ရာ ဓမ္မာစရိယနှင့် ပထမပြန်စာဖြေဌာနများသို့နီးစပ်ရာဒေသမှ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကသင့်လျော်သလိုကြွရောက် သြဝါဒပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ယင်းတို့၏ အကြံပြုချက်များ၊ လိုအပ်ချက် များ၊ အ ခက် အခဲများ ကို မှတ်သား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့တင်ပြခြင်းဖြင့်အားပေး ခြီးမြှောက်တော်မူကြရန်"ဟု ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်ကို လည်း လိုက်နာဆောင်ရွက်မှုမပြုနိုင်ကြသေးပါဘုရား။ နိုင်ငံတော် သံဃ မဟာနာယက အစည်းအဝေးကဖြစ်စေ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးကဖြစ်စေ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ပြီးလျှင် ထိုဆုံး ဖြတ်ချက်ကို လေးလေးစားစားလိုက်နာ ဆောင်ရွက်သင့်ကြပါသည်။ မလိုက်နာမဆောင်ရွက်ကြလျှင် ပျော့ကွက်ဟာကွက်ချတ်ယှင်းချက်တစ်ခု ဖြစ်ပါတော့သည်ဘုရား။

ယခုတင်ပြခဲ့သည်မှာ နမူနာမျှသာ ဖြစ်ပါသည်ဘုရား။ ယခုတင်ပြချက် များနှင့် အလားတူ အခြားအကောင်အထည် မပေါ်သေးသော ဆုံးဖြတ် ချက်များကိုလည်း ရှာဖွေစိစစ်ပြီးအကောင်အထည် ပေါ်အောင် ဆောင် ရွက်တော်မူကြပါဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ယခုအခါ မြို့ရွာ ဒေသအများစု၌ ရဟန်း သာမဏေ အချို့တို့သည် သာသနာတော်နှင့်မသင့်မတော်မလျော်သောအမှုများပြုလုပ်နေကြသည်ကို တွေ့မြင်နေကြရသဖြင့်ဒါယကာ- ဒါယိကာမများသဒ္ဓါတရားပျက်ပြား၍ သာသနာတော်အတွက် ရင်လေး စိတ်ပျက်နေကြပါသည်၊ လာမည့်မြန်မာ့ခရီးသွားနှစ်၌ နိုင်ငံခြားသားများ တွေ့မြင်သွားပါက သာသနာတော်၏ အရိုန်အဝါ ညှိုးမှိန်ဖွယ်ရာ ဖြစ်ပါလိမ့်မည် ဘုရား။ သို့ဖြစ်၍ စတုဿအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့သော "ရဟန်းသာမဏေများ လိုက်နာရန်စည်းမျဉ်းဥပဒေ"ကို ရဟန်း သာမဏေများ လေးလေးစားစား လိုက်နာကြစေရန် နိုင်ငံတော်အစိုးရထံ မေတ္တာရပ်ခံ၍ အလျင်အမြန် အကောင်အထည် ပေါ်အောင် ဆောင်ရွက်တော်မူကြရန် လေးလေးနက်နက် တိုက်တွန်း ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား—

နောက်တစ်ခုလျှောက်ထားလိုသည်မှာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် နှစ်ပရိဝေဏ ကြာသောင်းလာသောအခါ မိမိတို့တာဝန်အသီးသီး အပေါ်၌ စိတ်ဝင်စားမှုနည်းပါးလာကြပြီး အချို့သံဃာ့ အဖွဲ့အစည်းများသည်အပတ်စဉ်အစည်းအဝေးများကို မကျင်းပ ကြတော့ဘဲနှစ်ပတ်လည် အစည်းအဝေး မျှလောက်သာ ကျင်းပကြသည်ဟု ကြားသိရပါသည်။ အချို့ သံဃာ့ အဖွဲ့အစည်းများကမူ နှစ်ပတ်လည် အစည်းအဝေးကိုပင် မကျင်းပကြတော့ဘဲ မိမိတို့တာဝန်ကို လျစ်လျူ၊ရှု ထားကြသကဲ့သို့ ဖြစ်နေကြပြီဟု ကြားသိရပါသည် ဘုရား။ သို့ဖြစ်၍ သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့်တို့ လုပ်ထုံးလုပ်နည်းများနှင့်အညီမိမိတို့ တာဝန်ဝတ္တရားများကို တိတိကျကျ လေးလေးစားစား လိုက်နာဆောင်ရွက်ကြစေရန် တင်းတင်းကြပ်ကြပ်ညွှန်ကြားပေးသင့်ပါသည် ဘုရား။

ပထမအကြိမ် သက်တမ်းအတွင်းက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးများ၌ တစ်လကြိုတင်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်

ဆရာတော်များ၏ တင်ပြလိုသော အကြံဉာဏ်များကို ဖောင်းခံ၍ အကြံဉာဏ်များကိုလိုအပ်သလို လိုက်နေလျှော ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်အောင် ဆရာတော်များသည် မဟာနာယက အဖွဲ့၏ လုပ်ဆောင်ချက်များကို စိတ်ပါဝင်စား ခဲ့ကြပါသည်။ မိမိတို့တာဝန်ကို လည်း တာဝန်တက်ကြွကြွဆောင်ရွက်ခဲ့ကြပါသည်။ဒုတိယအကြိမ် တတိယအကြိမ်သက်ဟမ်းတို့၌ အကြံဉာဏ်များကောင်းပံ့ခြင်းမရှိသဖြင့်တင်ပြလိုသောအချက်များရှိပါလျှက်ပင်ပြုခွင့် မရသည့်အတွက်အခွင့်အရေးကိုပိတ်ပင်ထားသလိုဖြစ်နေသောကြောင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ လုပ်ဆောင်ချက်များအပေါ်၌ စိတ်ဝင်စားမှု မရှိကြသည်ကို တွေ့မြင် နေရပါသည်။ မိမိတာဝန်များအပေါ်မှာလည်း ဝတ်ကျေတမ်းကျေမျှသာဖြစ်နေကြပါဟု သည်။ သို့ဖြစ်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ စိတ်ပါဝင်စား၍ ကက်တက်ကြွကြွရှိလာအောင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးများ၌ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကြံဉာဏ်များကို ပထမကကြိမ်ကကဲ့သို့ပင် ဟောင်းခံ၍ ထိုအကြံဉာဏ်များကို လိုအပ်သလို လိုက်နေလျှောဆောင်ရွက် ပေးလင့်ပါသည် ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်အောင်ဆရာတော်များကလည်း နှစ်ပတ်လည် အစည်းအဝေး ပြီးသည့်အခါဟိုင်း မိမိတို့ သက်ဆိုင်ရာပြည်နယ်/တိုင်း သံဃနာယကများ မြို့နယ်သံဃနာယကများအား အစည်းအဝေး အခင်းတွေ့အကြုံများကို ထပ်ဆင့် ရှင်းလင်းကြေညာ လိုအပ်သည် များကို ညွှန်ကြားကာပြည်နယ်/တိုင်းသံဃနာယကများ၊မြို့နယ်သံဃနာယကများ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏လုပ်ငန်းတာဝန်များ၌ စိတ်ပါ ဝင်စားမှုရှိလာအောင် တက်ဘက်ကြွကြွဆောင်ရွက်ချင်လာအောင် လှုံ့ဆော် တိုက်တွန်းပေးကြရန်လိုအပ်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား-

မြန်မာ့ယဉ်ကျေးမှုသည် မြတ်စွာဘုရား၏ အဆုံးအမတော် များနှင့် မျှားစွာဆက်နွယ်နေပါသည်။ မြတ်စွာဘုရား၏အဆုံးအမတော်နှင့်ကင်းကွာ နေလျှင် မြန်မာ့ယဉ်ကျေးမှုလည်း ဆုတ်ယုတ် သွားမည်မှာ ဧကန် ဖြစ်ပါသည်။ သို့ဖြစ်၍ နောင်လာနောင်သား ကလေးသူငယ်များ မြတ်စွာဘုရား၏ အဆုံးအမကိုနှင့် မကင်းကွာစေရန် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများ ပေါ်ပေါက် လာအောင် သာသနာရေးအနေနှင့်ကြိုးမှ တစ်ဆင့် ပညာရေးဝန်ကြီးထံ မေတ္တာရပ်ခံခဲ့ရာ ယခုအခါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အထိုက်အလျောက် ပေါ်ပေါက် လာခဲ့ပါပြီ ဘုရား။ ယင်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ခိုင်ခိုင်မာမာနှင့် ပီပီပြင်ပြင်စနစ်တကျဖြစ်စေရေးအတွက် စီစစ်ရေးအဖွဲ့များ ပဲ့စည်းစစ်ဆေးခြင်း၊ လိုအပ်သည့်မျှားကို ကူညီပံ့ပိုး ပေးခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာကို ထိရောက်စွာ သင်ကြားနိုင်အောင် စီမံပေးခြင်းများကို ပြုလုပ်ကြစေလိုပါသည်ဘုရား။ ယင်းကျောင်းများ၌ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ သင်ကြားရေး ပိုမိုထိရောက်အောင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ အစီအစဉ်ဖြင့် ဖြစ်စေ၊ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး ဗဟိုအဖွဲ့၏အစီအစဉ်ဖြင့် ပြုစုစေ ဗုဒ္ဓဘာသာအခြေခံစာမေးပွဲကျင်းပ၍ ယင်းစာမေးပွဲအောင်မြင်မှ အတန်းတင်ပေးသည့်စနစ်ကို ကျင့်သုံးရန် စီမံရလျှင် ပို၍ သင့်လျော်မည် ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

တပည့်တော်အထူးလျှောက်ထားလိုသည်မှာ ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်ကိုပထမပြန် စာမေးပွဲ၌ ပြဋ္ဌာန်းကျမ်းစာအဖြစ်ထည့်သွင်းပေးရန် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇) ဦးစုံညီ အစည်းအဝေးတစ်ခု၌ တပည့်တော် လျှောက်ထားခဲ့ရာ ယင်းအစည်းအဝေးကထည့်သွင်းပြဋ္ဌာန်းရန် သဘောတူခဲ့ပါသည်။ ယခုပထမပြန်စာမေးပွဲပြဋ္ဌာန်းကျမ်းစာပြင်ဆင်မသောအခါ ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်ကျမ်းစာ

ပြဋ္ဌာန်းချက်တွင် ပါလာသည်ကို မတွေ့ရပါဘုရား။ ဗုဒ္ဓဘာသာတရား ကောင်အခြေခံအဆင့်ကျမ်းစာသည် ရဟန်းငယ်, သာမဏေငယ်များ သိသင့်သိထိုက်သည့် ဗုဒ္ဓပညာသာအတွက် တကယ့် အခြေခံကျသော အချက်များကိုဖော်ပြထားသော ကျမ်းစာဖြစ်၍ ရဟန်းသာမဏေများ လည်းလေ့လာသင်ယူသင့်ပါသည်။ရဟန်းသာမဏေများမှ တစ်ဆင့်ဒကာ, ဒကာမများအား ဟောပြောခြင်း၊ ကလေးယူငယ်များအားသင်ပြခြင်း ဖြင့် သာသနာတော်အတွက်များစွာအကျိုးရှိနိုင်ပါသည်ဘုရား။ သို့ဖြစ်၍ ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်ကျမ်းစာကို ပဏာမပြန်စာမေးပွဲ၌ ပြဋ္ဌာန်းပေးတော်မူရန် တပည့်တော် လေးလေးနက်နက် တိုက်တွန်း ဟောင်းပန်ပါသည်ဘုရား။

ဆရာဟောင်အရှင်မြတ်တို့ဘုရား-

ဆက်လက်၍ လျှောက်ထားလိုသည်မှာ ဤဗုဒ္ဓဘာသာ တရားတော် အခြေခံအဆင့်ကို တစ်နိုင်ငံလုံးရှိ ကျောင်းထိုင်ဘုန်းကြီးများက မိမိတို့၏ ဒကာ, ဒကာမများအား သင်ကြားပြသပေးကြလျှင် ဗုဒ္ဓဘာသာဝင် ဒကာ, ဒကာမများသည်မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များမဟုတ်ကြတော့ဘဲ၊ တကဲ့စစ်မှန်သော ဗုဒ္ဓဘာသာဝင်များဖြစ်လာကြမည်ဖြစ်၍ သာသနာ ကော် အတွက်ရော လောကအတွက်ပါ လုံ့နန်စွာ အကျိုးများနိုင်ပါသည်။ သို့ဖြစ်၍တစ်နိုင်ငံလုံးရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများက မိမိ၏ဒကာ၊ ဒကာမများအား ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်ကို သင်ကြား ပြသပေးစေရန် သက်ဆိုင်ရာ သံဃနာယကအဖွဲ့များက ကြပ်မတ်ကွပ်ကဲ ပေးသင့်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား

တပည့်တော်တို့၏ မြန်မာနိုင်ငံ၌ခရီးပုဂ်ခေတ်အခါမှ၍ ယနေ့အချိန် အခါကိုင်အောင် ဘာသာရေးသာသနာခရီးကိစ္စအာဝဝတို့ကို ဆောင်ရွက် ကြရာအခါတိုင်းမှာ ပရိတ်ကြီးသုတ်စတော်များကို ရွတ်ပွားသရဇ္ဈာယ်မှုပြု

ကာ မဂ််လာယူနေကြပါသည်ဘုရား။ ထို၊ ရိတ်ကြီးသုတ်တော်များသည် အများအားဖြင့် ဈေးရဝါဒပိဋ္ဌကတ်တော်များမှ ထုတ်ယူထားသော သုတ်တော်များသာဖြစ်ပါသည်။ ထိုဈေးရဝါဒပိဋ္ဌကတ်တော်လာ သုတ်တော်များကို ကျွန်ုပ်တို့ သောရဝါဒသာသနာတော်အထွန်းကားဆုံး ဖြစ်သော မြန်မာနိုင်ငံရှိ သာသနာ့ဝန်ထမ်းရဟန်းတော်များ စုပေါင်း၍ ရှုတ်ပွားသရဇ္ဈာယပ္ပ ပြုကြသောအခါ ဘုတစ်မျိုး ငါတစ်ဖုံ ဖြတ်တောက်ပုံ အနည်းနည်းမျှင့် မညီမညာ နာယူသူတို့ နားငြီးဖွယ်ရာ ဖြစ်နေသည်မှာ လွန်စွာရှက်စရာ ကောင်းလှပါသည်ဘုရား။

ယခုအခါ ကျမ်းတော်တို့၏ သံဃာ့အဖွဲ့အစည်းများသည် ကြည်နယ်တိုင်း မြို့နယ်နယ်ကွက်၊ ခရိုင်ရပ်တိုင်း အဆင့် နေရာဒေသတိုင်းဌာနအပြန့်အနှံ့ ရှိနေကြပါသည်။ ထိုသံဃာ့အဖွဲ့အစည်းအသီးသီးတို့၏ဆံသို့ ရှုတ်ဖတ်ပုံ, ရပ်တန့်ပုံ, သတ်မှတ်ထားသောပရိတ်ကြီး ပါဠိတော်စာအုပ်များကိုနမူနာ အဖြစ်ခေါ်ယူလျက်နိုးစပ်ရာ ပုဂ္ဂိုလ်အချင်းချင်း ညှိနှိုင်းတိုက်ဆိုင်၍ ရှုတ်ဖတ်လေ့ကျင့်မှုပြုစေရလျှင် ရှုတ်ဖတ်ပုံ, ရပ်တန့်ပုံများ ညီညာလျက် ကြည်ညိုဖွယ်ရာ ဖြစ်လာလိမ့်မည်။ ယင်းသို့ရှုတ်ဖတ်ပုံ, ရပ်တန့်ပုံညီညာ၍ ကြည်ညိုဖွယ်နှင့် ဖြစ်လာအောင် ဆောင်ရွက်တော်မူကြပါရန်တိုက်တွန်းပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

နိုင်ငံတော် သံဃမဟာနာယကဆရာတော်များနှင့် သာသနာရေးဦးစီးဌာန၊ သာသနာတော်သွန်းကားပြန့်ပွားရေးဦးစီးဌာနရှိ ဥပဒေဌာနမှကမျှားသည်ဘစ်နိုင်ငံလုံးရှိ ပရိယတ္တိစာသင်တိုက်များနှင့် ပဋိပတ္တိဌာနများ၏ အခြေအနေကို ဝိုဝိုကျကျသိထားသင့်ကြပါသည်။ ထိုသို့သိထားကြမှ သာ တိုးတက်လာအောင်ဆောင်ရွက်ခဲ့ရန် မည့်အပြင် ဘဲ့တံဆိပ်တော် ဆက်ကပ်မှုစသော ချီးမြှောက်မဲထောက်ပံ့မှုပြုရာ အခါများ၌ မှန်ကန်စွာ

ချီးမြှောက်ထောက်ပံ့နိုင်ကြမည် ဖြစ်ပါသည်။ အခြေအနေမှန်ကိုမသိပါက မချီးမြှောက်သင့်သော ပုဂ္ဂိုလ်ကို ချီးမြှောက်မိ၍ ချီးမြှောက်သင့်သော ပုဂ္ဂိုလ်များကို မချီးမြှောက်မိခြင်းစသော မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်၍ ပရိယတ္တိစာသင်တိုက်များနှင့် ပဋိပတ္တိဌာနများကိုလည်း စိစစ်ရေးအဖွဲ့များဖွဲ့စည်း၍ အခြေအနေမှန်ကို စိစစ်တင်ပြ စေသင့်ပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

နောက်ဘစ်ခု လျှောက်ထားလိုသည်မှာ နိကာယ်စာမေးပွဲမှ ဝိနယ ဝိဒူဘွဲ့ ရရှိသော ပုဂ္ဂိုလ်များကို ဓမ္မာစရိယ စာချတန်းခ၌ ဝင်ရောက်ဖြေဆိုခွင့်ပြုရန် စဉ်းစားတော်မူကြစေလိုပါသည် ဘုရား။ ပထမကြီးတန်းအောင်မြင်မှ ဓမ္မာစရိယစာချတန်း ဝင်ရောက်ဖြေဆိုခွင့်ပြုသည့် စည်းမျဉ်းသတ်မှတ်ထားသည်မှာ မှန်ပါသည်။ ဝိနယဝိဒူဘွဲ့ရ အချို့ပုဂ္ဂိုလ်များသည် ပရိယတ် အခြေခံနည်းကြသော်လည်း အချို့ပုဂ္ဂိုလ်များသည် ပထမကြီးမအောင်စေကာမူ ပရိယတ်အခြေခံ မနည်းကြပါ။ ပရိယတ်အခြေခံမနည်းသော ပုဂ္ဂိုလ်များအဖို့ ကြိုးစားလေ့လာလျှင် ဓမ္မာစရိယတန်း ဖြေနိုင်သည့်အရည်အချင်း ရှိလာနိုင်ပါမည်။ အခြေခံနည်းသောပုဂ္ဂိုလ်များသည် မည်မျှပင် လေ့လာသော်လည်း ဓမ္မာစရိယတန်း ဖြေနိုင်ရန် အရည်အချင်းရှိလာမည် မဟုတ်သဖြင့် ဖြေဆိုလည်း ဖြေဆိုကြမည်မဟုတ်ပါ။ သို့ဖြစ်၍ ပရိယတ်အခြေခံရှိပြီး ပထမကြီးတန်းမအောင်သေးသော ဝိနယဝိဒူဘွဲ့ရ-ပုဂ္ဂိုလ်များကို ဓမ္မာစရိယစာချတန်း ဖြေဆိုခွင့်ပေးလိုက်လျှင် ဝိနည်းသင်ယူသူ တိုးပွားရန်၊ ပရိယတ္တိသာသနာတော် တိုးတက်သွားနိုင်မည်ဖြစ်ပါသည် ယင်းကိစ္စကိုလည်း စဉ်းစားတော်မူကြစေလိုပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

ယခုစတုတ္ထအကြိမ် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ပြန်လည်ဖွဲ့စည်းပြီးဖြစ်၍ ပြန်တမ်းများကိုပင် ထုတ်ပြန်နေပြီဖြစ်ပါသည်။ သာသနာ့ဦးစီးဝင်

သီလရှင်အဖွဲ့အစည်းများကိုလည်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ပြန်လည်ဖွဲ့စည်းသကဲ့သို့ ပြန်လည်ဖွဲ့စည်းပေးနိုင်ပါသည်။ သို့ဖြစ်၍ သာသနာ့နှုယ်ဝင် သီလရှင်အဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းရေးအတွက် ညွှန်ကြားဆောင်ရွက်ကြရန်နှင့် သီလရှင်ကျောင်းစာရင်းများ၊ ပရိယတ်ပဋိပတ်လုပ်ငန်းဆောင်ရွက်မှု အခြေခြေအနေများ၊သာသနာ့ပြုလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စုံစမ်းလေ့လာ၍ အဂ္ဂါဘာသာဝင်များက သူတို့၏သီလရှင်များကို သာသနပြုလုပ်ငန်းများ၌ တာဝန်ပေး ဆောင်ရွက်စေသကဲ့သို့၊ တပည့်တော်တို့၏ သာသနာ့နှုယ်ဝင် သီလရှင်များကိုလည်း သာသနာ့ပြုလုပ်ငန်းများ၌ တာဝန်ပေး ဆောင်ရွက်စေသင့်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဟုရား-

တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဟု အဖွဲ့သုံးဖွဲ့ခဲ့လျက် တစ်ဖွဲ့တစ်ဖွဲ့အတွင်းနှင့်လည်း သာသနာရေးအဖွဲ့ဝယ်၊ ပညာရေးအဖွဲ့ဝယ်၊ ဝိနိစ္ဆယအဖွဲ့ဝယ်ဟူ၍ အဖွဲ့ဝယ်သုံးဖွဲ့ထပ်မံဖွဲ့စည်းကာ သာသနာ့ကိစ္စအာဝဝကို ဆောင်ရွက်နေကြပါသည်။ ယင်းအဖွဲ့ဝယ်များသည် မိမိတို့လုပ်ငန်းတာဝန်များကို လေ့လာ၍ ကုန်းဆက်မပြတ်အောင် အထူးကြောင့်ကျစိုက်၍ ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။ အသေးအဖွဲ့ကိစ္စမှစ၍ မလစ်ဟင်းအောင် အထူးအာရုံစိုက်ဖို့ လိုအပ်ပါသည်။ (ဥပမာအားဖြင့်) ကမ္ဘာအေးကုန်းမြေ၌ ကျောင်းဆောင်ကြီး လေးဆောင်နေ ပုဂ္ဂိုလ်များ လိုက်နာရန်စည်းမျဉ်းများကို မဟာနာယကအဖွဲ့က ပြဋ္ဌာန်းထားပြီး ဖြစ်သော်လည်း ယခုအခါ ထိုစည်းမျဉ်းများမှာ အသက်မဝင်တော့သလိုဖြစ်နေပါသည်။ ယင်းစည်းမျဉ်းများကိုလည်း ပြန်လည် အသက်ဝင်အောင် ဆောင်ရွက်သင့်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

နိုဂုံးချုပ်လျှောက်ထားလိုသည်မှာ- လုပ်ငန်းကိစ္စများကို လမ်းညွှန်မှုပြုထုတ်၍ ဖြစ်စေချင်သောကိစ္စ၊ ဖြစ်သင့်ဖြစ်ထိုက်သောကိစ္စ၊ ဖြစ်နိုင်သောကိစ္စဟု စိစစ်ပြီးလျှင် ဖြစ်သင့်ဖြစ်ထိုက်၍ ဖြစ်နိုင်သော ကိစ္စမျိုးကိုသာ

လမ်းညွှန်သင့်သည်ကို တပည့်တော်စဉ်းစားပြီး ဖြစ်ပါသည်။ ယခု-တပည့်တော်ဖြစ်စေချင်၍ တင်ပြထားသော ကိစ္စရပ်များသည် ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စများ ဖြစ်သည်ဟု တပည့်တော် ယုံကြည်ပါသည်။ ဖြစ်နိုင်မဖြစ်နိုင်စိစစ်ကြည့်လျှင်လည်း အခ္ခါကိစ္စများသည် လွယ်ကူသဖြင့် လျင်မြန်စွာဆောင်ရွက်၍ ဖြတ်နိုင်ပါသည်။ အခ္ခါကိစ္စများသည်ခက်ခဲသဖြင့် အလျင်အမြန်ဆောင်ရွက်၍ မဖြစ်နိုင်သော်လည်း နည်းလမ်းရှာကြံ၍ဖြည်းဖြည်းဆောင်ရွက်လျှင်မဖြစ်နိုင်ဖွယ်မရှိဟုယူဆပါသည်။ ထို့ကြောင့် လည်းတင်ပြခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ တပည့်တော်၏တင်ပြချက်များကို လုပ်ငန်းလမ်းညွှန်မှ အဖြစ်ခံယူကြ၍အကောင်အထည်ပေါ်အောင် ဆောင်ရွက်တော်မူကြပါဟု လေးလေးနက်နက်တိုက်တွန်းလျက် တပည့်တော်၏ သြဝါဒကထာကို နိဂုံးကမ္မတ်အဆုံးသတ်ပါသည်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ ဘုရား။

ဘဒ္ဒန္တသောဘိတ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
သဘာပတိ၊ ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ရက်စွဲ။ ၁၃၅၂-ခုနှစ်၊ ဝါဆိုလဆန်း (၇) ရက်
(၁၉၉၁-ခုနှစ်၊ ဇူလိုင် ၃ရက်)

စတုဏ္ဍအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏
သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၁၃-၂-၉၅=ပထမအကြိမ် ပထမအစည်းအဝေး သြဝါဒကထာ

ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(ပထမအဖွဲ့ခွဲ)ဝင် ဆရာတော်အရှင်တို့ဘုရား၊ ဤနေ့သည် စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ပထမအဖွဲ့ခွဲ ပထမအကြိမ်၊ ပထမအစည်းအဝေးဖြစ်ပါသည်ဘုရား၊ ဤအစည်းအဝေးသည် အလွန်အရေးကြီးသော အစည်းအဝေး မဟုတ်သေးပါ လုပ်ငန်းဆိုင်ရာတာဝန်များ ခွဲဝေသတ်မှတ်ခြင်း စသော လုပ်ငန်းပိုင်းဆိုင်ရာ စသည်တို့ကိုသေချာအောင် ခွဲဝေခြင်းမျှသာဖြစ်ပါသည်။

ဤအကြိမ် ၊ စည်းအဝေးခွဲ တပည့်တော်များ ပထမအဖွဲ့ခွဲတွင် မဟာနာယက အသစ်များလည်း အနည်းငယ် ပါလာပါသည်၊ အသစ် မဟာနာယကများနှင့် တကွ အဟောင်းများကိုပါ (သမ္ဘံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ)စသည်ဖြင့် မြတ်ဗုဒ္ဓမိန့်ကြားဟော်မူသည့်အတိုင်းကာယကံမူ၊ ဝစီကံမူ၊ မနောကံမူတို့ ဉာဏ်ကိုဦးစီး ရှေသွားပြုရမည်ဟု မိန့်မှာချက်အရ မိမိတို့၏ ကျေးဇူးလုပ်ငန်း တာဝန်များကို ဉာဏ်ဖြင့် စဉ်းစား နှိုင်းချိန်ရှု လုပ်ကိုင်ခဲ့ပါသော် များပေသောအားဖြင့် လွဲမှားတိမ်းစောင်းမှုမရှိနိုင်သဖြင့်

(အဂတိလေးပါး)မလိုက်စားဘဲ တိကျမှန်ကန်သော သတိ သမ္မာဇဉ် ဉာဏ် အမြင်တို့ဖြင့်သာ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်တို့ဘုရား။

စာတူညွှန်ကြေး

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့(ပထမဒုတိယ)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော်
ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

ညြှိုပါဒကထာများ

၂၀-၃-၉၅ ပထမအကြိမ် ဒုတိယဒေ စည်းဘဝေးညြှိုပါဒကထာ ကြွရောက်တော်မူလာ ကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ တပည့်တော်များ ပထမအဖွဲ့ခွဲဝင် ဆရာတော်များသည် ဝံနီစ္ဆယရေးရာ သာသနာ့ရေးရာ၊ ပညာရေးရာ၊ အရေးသုံးပါးကို အသီးသီး တာဝန်ခံ၍ ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်ဘုရား၊ ထိုသို့ တာဝန်ထမ်းဆောင်ရာ တွင် ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ အမှုကိစ္စအမျိုးမျိုးတို့ကို ဆောင်ရွက်ပေးနေရသဖြင့် အကော်အခဲမျိုးမျိုး ရှိနိုင်ပါသည်ဘုရား။ သို့ပါသော်လည်း—

အကျော်ခေန ဇိနေ ကောဓံ၊ အသာဓု သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိက ဝါဒိနံ။

ဟူသော ဒေသနာတော်နှင့်အညီ အမျက်ထွက်တတ်တဲ့ပုဂ္ဂိုလ်များနှင့် တွေ့ကြုံလာလျှင် တပည့်တော်တို့က အမျက်မထွက်ဘဲ၊ စိတ်ထားမကောင်းသော ပုဂ္ဂိုလ်များနှင့် တွေ့ကြုံလာလျှင် တပည့်တော်တို့ကသူတော်ကောင်းနှလုံးစဲ့သုံးပြီး၊ နှမြှောတွန့်တို့သော ပုဂ္ဂိုလ်များနှင့်တွေ့ကြုံလာလျှင် တပည့်တော်တို့က စွန့်ကြဲပေးကမ်းလှူ၊ ဒါန်းခြင်းဖြင့်၊ မမှန်စကားပြောကြား

တတ်သော ပုဂ္ဂိုလ်မျှားနှင့်တွေ့ကြုံလာလျှင် တပည့်တော်တို့က မှန်သော စကားပြောကြားခြင်းဖြင့် အနိုင်ယူကာ မိမိတို့၏ လုပ်ငန်းကိစ္စအဝဝကို အောင်မြင်အောင် ဆောင်ရွက်ကော်မူကြပါ" ဟု တိုက်တွန်းစကားပြောကြားရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၂၇-၂-၉၅ ပထမအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်မျှားသည် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းမျှားကို နေ့စဉ်နှင့် အမျှ ဆောင်ရွက်နေကြရပါသည်ဘုရား၊ ယင်းသို့ ဆောင်ရွက်ရာတွင် အပြောနှင့်အလုပ်ညီညွတ်ရန် အထူးပင်လိုအပ်ပါသည်ဘုရား။

ဂဇ္ဇီတာ နော ဝဿိတာ၊ ဝဿိတာ နော ဂဇ္ဇီတာ၊
နေဝ ဂဇ္ဇီတာ နောဝဿိတာ၊ ဂဇ္ဇီတာ စ ဝဿိတာ စ။

ဟူ၍မြတ်စွာဘုရားရှင်ကပုဂ္ဂိုလ်(၄)မျိုး ဟောကြားတော်မူခဲ့ပါသည်၊

(၁) ချုန်းသာချုန်း၍ မရှာသောမိုးကဲ့သို့ ပြောသလောက် မလုပ်သော ပုဂ္ဂိုလ်၊
(၂) ရှာသာရှာ၍ မချုန်းသောမိုးကဲ့သို့ လုပ်သလောက် မပြောသော ပုဂ္ဂိုလ်၊
(၃) ချုန်းလည်းမချုန်း ရှာလည်းမရှာသော မိုးကဲ့သို့ ပြောလည်း မပြော လုပ်လည်း မလုပ်သောပုဂ္ဂိုလ်၊
(၄) ချုန်းလည်းချုန်း ရှာလည်းရှာသော မိုးကဲ့သို့ ပြောလည်းပြော လုပ်လည်း လုပ်သောပုဂ္ဂိုလ်–

ဟူသော ပုဂ္ဂိုလ်(၄)မျိုးအနက် နောက်ဆုံးပုဂ္ဂိုလ်သည်သာ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း မြတ်စွာဘုရားရှင် မိန့်ကြားတော်မူခဲ့ပါသည် ဘုရား၊

တပည့်တော်များသည် ပုဂ္ဂိုလ်(၄)မျိုးအနက် နောက်ဆုံးပုဂ္ဂိုလ် အမျိုးအစားတွင် ပါဝင်အောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းစကားပြောကြားရင်း တပည့်တော်၏ ဩဝါဒဂ္ဂထာကို နိဂုံးချုပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၂-ဂ-၉၅ ပထမအကြိမ် ဝတ္ထုတ္ထအစည်းအဝေးဩဝါဒဂ္ဂထာ

ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအပေါင်း ဆရာတော်အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်များ နေ့စဉ်ဆောင်ရွက်နေရသော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဆိုသည်မှာ—

ဧကော ဓမ္မော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ကတမော ဧကောဓမ္မော သံဃသာမဂ္ဂီ-

ဟူ၍ ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ သံဃာတော်၏ ညီညွတ်ခြင်းပင် ဖြစ်ပါသည်။

သံဃာတော်၏ ညီညွတ်ခြင်းဆိုသည်မှာလည်း " ဧကောဓမ္မောတိ၊ ဧကော ကုသလဓမ္မော အနဝဇ္ဇဓမ္မော (ပ)ဧဝံ ဝုပ သမေန္တဿ ယော သံဃသာမဂ္ဂီ ကရော ကုသလဓမ္မော အယာမေတ္တ ဧကောဓမ္မောတိ အဓိပ္ပေတော"

ဟူ၍ အဋ္ဌကထာဆရာမြတ် မိန့်အပ်သည်နှင့်အညီ—

ဓမ္မ-အမ္မေ စသည်ဖြင့် သံဃာ၌ခြင်းခုံမှုဖြစ်ပြားအံ့၊ ထိုခြင်းခုံမှုကို တားဆီးကို အလိုရှိသော ဓမ္မကာမပုဂ္ဂိုလ်သည် အကယ်၍ ခြင်းခုံမှုတိုးပွားလာပြားအံ့၊သံဃရာဇိသည်လည်းကောင်း၊ သံဃဘေဒသည်လည်းကောင်း ဖြစ်ပေါ်လာရာ၏ဟု ဆင်ခြင်တွေးတောပြီး သကာလ ဝေးသောအရပ် သို့ပင်သွားရောက်၍ ငြိမ်းပျောက်စေရမည်၊ ဤသို့ ငြိမ်းပျောက်စေသော

ပုဂ္ဂိုလ်၏ အကြင် ညီညွတ်ခြင်းကို ဖြစ်စေတတ်သော ကာမဝ်ဝစရမဟာ ကုသိုလ်တရားသည်ရှိ၏၊ ထို ကာမဝ်ဝစရ မဟာကုသိုလ် တရားသည် ဧက ဓမ္မပင်ဖြစ်၏ ဟူ၍လည်းကောင်း၊ ထိုဧကဓမ္မသည် ငြင်းခုံသောရဟန်း ၂-ပါးနှင့် ထိုရဟန်း ၂-ပါးတို့၏ နောက်လိုက် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ၎င်းတို့ကိုစောင့်ရှောက်သော နတ်၊ ဗြဟ္မာ အပေါင်းတို့အားဖြစ်ပေါ်ပည့် အစီးအပွားမဲ့ကို ပယ်ဖျောက်၍ စီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်၏ဟူ၍လည်းကောင်း၊ အဋ္ဌကထာ ဆရာမြတ် မိန့်မှာတော်မူရာ တပည့်တော်မျှားသည် ထိုဧကဓမ္မမည်သော ကာမဝ်ဝစရ ကုသိုလ် တရားကို ပွားများအားထုတ်နေရသည်ဟု နှလုံး သွင်းပြီး သာသနာတော် သန့်ရှင်းပ ည်တော်ပြန့်ပွားရေးကို အားကြိုး ပမ်းနှိုတက် ဆောင်ရွက်တော်မူကြပါဟု တို က်တွန်းအပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၉-၈-၉၅ ပထမအကြိမ် ပဋ္ဌမအစည်းအဝေး သြဝါဒကထာ

ကြွရောက်တော် မူလာကြကုန်သော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် အရှင်သူမြတ်တို့ဘုရား၊ မြတ်စွာဘုရားလက်ထက်တော် အခါက ရဟန်းတစ်ပါးသည် အခြားသော ရဟန်းများကို ဤရဟန်းသည် ဤသို့ သင်းပိုင်ကိုဝတ်၏။ဤရဟန်းသည် ဤသို့ အပေါ်ရုံ ရုံ၏ စသည်ဖြင့် ရဟန်းတို့၏အပေါ် ၌ ကဲ့ရဲ့ဖွယ် အကြားအပေါက်တို့ကို သ ာလျှင် ရှာဖွေ ပြောကြား၍ နေပါသည်၊ ထိုအကြောင်းကို မြတ်စွ ာဘုရားကြားသိတော် မူသောအခါ–

ပရဝဇ္ဇာနုပယသိဿ၊နိစ္စံ ဥဇ္ဈာနသညိနော။

အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။

ဟူသောဒေသနာတော်ကို ဟောတော်မူပါသည်။

ပရဝဇ္ဇာနုပဿီသ၊ သူတစ်ပါးတို့၏အပြစ်ကို စိစစ်မျှော်ကြည့်အဖန်ဖန် ရှုလေ့ရှိထသော။ နိစ္စံ၊ အမြဲ။ ဥဒ္ဓာနသညိနော၊ ကဲ့ရဲ့ရွံ့ချလိုသော အမှတ်ရှိသော။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ အာသဝါ၊ ကာမာသဝ စသည်အပြား အာသဝတရားတို့သည်။ ဝဍ္ဎန္တိ၊ တစ်ဆင့်တစ်ဆင့်ကြီးမြင့် တိုးပွားကုန်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ အာသဝက္ခယာ၊ အာသဝေါကုန်ပြတ်အရဟတ္တမဂ်မှ။ အာ ရာ၊ ဝေးခြင်းကြီးဝေးရလေ၏။

ဆရာတော် အရှင်သူမြတ်တို့ ဘုရား၊ တပည့်တော် မျှားသည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်ကြရာ၌ သူဘစ်ပါးတို့၏ အပြစ်နှင့်ဂုဏ် အလုံးစုံတို့ကို ကြည့်ရှုဖော်ပြ၍ဆောင်ရွက် နေကြရလေရာ ပရဝဇ္ဇာနုပဿီ–ဥဒ္ဓာနသညီ ပုဂ္ဂိုလ်မျှား မဖြစ်ကြရန် လိုအပ်လှပါသည်ဘုရား။

သို့ဖြစ်ပါ၍ မြတ်စွာဘုရား တစ်ဆင့်တက်ဟောကြားတော်မူအပ်သော "ဘိက္ခဝေ ဝတ္တံ သိသေ ဌတ္ဝာ ဝေဝံ သြဝဒေ္ဓာ အနနုပဝါဒေါ" ဟူသော ဒေသနာတော်ကို ဦးထိပ်ရွက် ပန်ဆင်လျက် ဝတ္တသီသဋ္ဌ ကည်ကြပြီးလျှင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းအပ်ပါသည် အရှင်မြတ်တို့ဘုရား။

၁၆-၈-၉၅ ပထမအကြိမ် ဆဋ္ဌအစည်းဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်မျှားသည် သာသနာရေး၊ ပညာရေး၊ ဝိနိစ္ဆယရေး ကိစ္စမျှားကို ဆောင်ရွက်နေကြရပါသည်၊ ထိုသာသနာရေး၊ ပညာရေး၊ ဝိနိစ္ဆယရေး ကိစ္စမျှားဆိုသည်မှာ အတ္တဟိတ၊ ပရဟိတနှစ်မျိုးတို့တွင် သူတစ်ပါးတို့၏ အကျိုးစီးပွား ပရဟိတမျှားသာ ဖြစ်ရာ တပည့်တော်မျှားသည် ပရဟိတ သူတစ်ပါးတို့၏ အကျိုးစီးပွား ကို ဆောင်ရွက်နေသူမျှားဟု ဆိုနိုင်ပါသည် ဘုရား။

ထိုသူများကို မြတ်စွာဘုရားက–

> တတြ ဘိက္ခဝေ ယွာယံ ပုဂ္ဂလော ပရဟိတာယ ပဋိပန္နော နော အတ္တဟိတာယ၊ အယံ ဣမေသံ ဒ္ဝိန္နံ ပုဂ္ဂလာနံ အဘိက္ကန္တတရော စ ပဏီတ တရော စ။

ဟူ၍ ဂုဏ်ပုဒ်နှစ်ခုဖြင့်ချီးကျူးတော်မူရာ တပည့်တော်များသည် အဘိက္ကန္တ တရပုဂ္ဂိုလ် ပဏီတတရပုဂ္ဂိုလ်များ ဖြစ်ကြပါသည်ဘုရား။

ထိုပြင်လည်း အများအကျိုးဆောင် ကိုယ်အကျိုးအောင်ဟူသော စကားပုံအရ လည်းကောင်း၊ "ထွန်နောက်ရေပါ"ဟူသော စကားပုံအရ လည်းကောင်း၊ တပည့်တော်များသည် ပရဟိတ သူတစ်ပါးအကျိုး ဆောင်ရွက်နေရင်းယောနိသောမနသိကာရရှေထားလျှင် –"ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ သံဝတ္တန္တိ"ဟူသော ဒေသနာတော်နှင့်အညီ အတ္တဟိတ အကြောင်းဖြစ်တဲ့ ကာမာဝစရမဟာ ကုသိုလ်တရားတို့ကိုပွားစည်းနေသူများလည်းဖြစ်သောကြောင့်အတ္တဟိတ ပရဟိတ နှစ်မျိုးကို ဆောင်ရွက်နေသူများ အဖြစ်၌ တည်ရှိနေပြန်ရာ မြတ်စွာဘုရားရှင် တစ်ဆင့်တက်ဟောကြားတော်မူအပ်သော—

> အယံ ဣမေသံ ပုဂ္ဂလာနံ အဂ္ဂါစ သေဋ္ဌောစ ပါမောက္ခောစ ဥတ္တမောစ ပဝရောစ–

ဟူသောဒေသနာတော်နှင့်အညီ တပည့်တော်များသည်အဂ္ဂ,သေဋ္ဌ, ပါမောက္ခ,ဥတ္တမ,ပဝရ ပုဂ္ဂိုလ်များလည်း ဖြစ်ကြပါသည်ဘုရား၊သို့ဖြစ်ပါ၍ ယောနိသောမနသိကာရ ရှေသွားပြုပြီး သာသနာရေး၊ပညာရေး၊ ဝိနိစ္ဆယရေး ကိစ္စများကို ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းအပ်ပါ သည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၂၃-၈-၉၅ ပဌမအကြိမ် သတ္တမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက၊ အမှဲ့ဝင် ဆရာတော်များ ဘုရား၊ တပည့်တော်များသည် သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးဟူသော အရေးသုံးပါးကို သာသနာရေး၊ ပညာရေး၊ ဝိနိစ္ဆယရေးဟူသော အရေးသုံးပါးတို့ဖြင့် ခွဲဝေကာ ဆောင်ရွက် နေကြရပါသည် ဘုရား။

ထိုတွင် သာသနာတော် သန့်ရှင်းတည်တံ့ရေးကို ဆောင်ရွက်ရာ၌ "ယာဝတိဋ္ဌန္တိ သုဘာန္တာ ဝိနယော ယာဝဒီပ္ပတိ" စသောဒေသနာတော်အရ ပရိယတ္တိသည် သာသနာတော် တည်ခြင်း၏ အကြောင်း ဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ကြသည့်အတွက် ပရိယတ္တိ တည်တံ့အောင် ဆောင်ရွက်လျှင် သာသနာတည်တံ့အောင် ဆောင်ရွက်သည် မည်ပါသည်ဘုရား။

ထို့ပြင်လဲပဲ "ဣဒ ကိမိလ တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခု ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော သတ္ထုရိ အဂါရဝါ ဝိဟရန္တိ။ လ။ ယေန တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော စိရဋ္ဌိတိကော ဟောတိ" ဟူသော ဒေသနာတော်အရ ဤသာသနာတော်၌ ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာယောကျ်ား၊ ဥပါသိကာမိန်းမ တို့သည် ဘုရား, တရား, သံဃာ, သိက္ခာ, အပ္ပမာဒ, ပဋိသန္ထာရ ဟူသော ဤခြောက်ဌာန တို့၌ ရိုသေတုပ်ဝပ်မှု ရှိနေလျှင် ဘုရားရှင် ပရိနိဗ္ဗာန် စံလွန် ပြီးနောက် ၌လည်း သာသနာတော် အရှည်ခံ၍ တည်တံ့နေမည်ဟု မြတ်စွာဘုရား မိန့်ကြား တော်မူခဲ့ပါသည်ဘုရား။

သာသနာတော်အရှည်ခံ၍ တည်တံ့ခြင်း၏အကြောင်းနှင့် ပတ်သက်၍ ပစ္စည်းလေးပါး မရှိလျှင် သာသနာတော် တည်တံ့ရန် ခက်ခဲမည်ဖြစ်သော်လည်း ပစ္စည်းလေးပါးသည် သာသနာတော် တည်တံ့ခြင်း၏ အကြောင်း ဖြစ်သည်ဟူ၍ တိုက်ရိုက်ဟောတော် မူထားချက်ကိုကား မတွေ့ရှိဘူးပါဘုရား။

သို့ရာတွင်– "သာဂါရာ အနာဂါရာစ ဥဘော အညောညနိဿိတာ" အစရှိသော ဒေသနာ၌ အညောည နိဿိတာဆိုသည်မှာ-ဒကာ ဒကာမ တို့အား တရားဒေသနာ ဟောကြားခြင်း တည်းဟူသော အပြန်အလှန် အညောညနိဿိတ ဖြစ်နေလျှင် သူတော်ကောင်းတရား မပျောက်မပျက် တိုးတက် ဖြစ်ထွန်းနိုင်၏ဟု ဟောတော် မူသည်ကို ထောက်ဆ၍ ပစ္စည်း လေးပါးသည်လည်း သာသနာတော်တည်ခြင်း၏ မူလအကြောင်း မဟုတ် သော်လည်း အကူအညီအကြောင်းကား ဖြစ်နိုင်သည်ဟု ယူဆရပါမည် ဘုရား။

ထိုစကား မှန်ပါသည်၊ တပည့်တော်များသည် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့လှူဒါန်းမှုကြောင့် ပစ္စည်းလေးပါးနှင့် ပတ်သက်၍ ကြောင့်ကြ မှုမရှိဘဲ ချမ်းချမ်းသာသာဖြင့် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွား ရေးကို ဆောင်ရွက်နိုင်ကြပါသည်ဘုရား။

ပစ္စည်းလေးပါးနှင့် ပက်သက်၍ ယခုတလော နိုင်ငံတော်အစိုးရ ဦးဆောင်သော ကြည်း၊ ရေ၊ လေ တပ်မတော်သားများက ရဟန်းတော် များစာသင်တိုက် သီလရှင်စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများအား ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းနေကြောင်း ရေဒီယို သတင်းစာစသည်များတွင်ကြားသိတွေ့မြင်နေရရာသာသနာတော်အတွက် အားတက်ဖွယ်ဖြစ်ရုံမက နိုင်ငံတော်အစိုးရ အတွက်လဲ "ယမ္မိ သီဟ ဒါယကော ဒါနပ္ပတိ ဗဟုနော ဇနဿ ပိယော ဟောတိ မနာပေါ၊ ကွဒမ္မိ သီဟ သန္ဒိဋ္ဌိကံ ဒါနပ္ဖလံ" ဟူ၍ သီဟစစ်သူကြီးအား မြတ်စွာဘုရား ဟောတော်မူအပ်သော ဒေသနာတော်အရ နိုင်ငံတော်အစိုးရတို့သည် (၁) ရဟန်းရှင်လူပြည်သူ အပေါင်း ချစ်ခင်ကြည်ညိုခြင်း၊ ထိုပါဒ္ဌိ၌အပ်သဒ္ဓါ ဖြင့်ပြအပ်သော (၂) ကောင်းသော ဂုဏ်သတင်းကျော်စောခြင်း၊ (၃) သူတော်ကောင်းတို့ မှီဝဲဆည်းကပ်ခြင်း၊ (၄) ပရိသတ်အလယ် တင့်တယ်ခြင်းဆိုတဲ့ "သန္ဒိဋ္ဌိက ဒါနပ္ဖလ" (၀၊)ကိုယ်တိုင်မျက်မှောက် မြင်တွေ့ခံစားရသော ဒါနအကျိုးပေးကို ရရှိနေရာ ကောင်းမြတ်သော

အလုပ်ဖြစ်၍ ဆတက်ထမ်းပိုး တိုးမ၍တိုးမ၍ သာ သနာပြုနိုင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သကြ၊ ဂါရန် တိုက်ဘွန်းအပ်ပါသည် အရှင်မြတ်တို့ ဘုရား။

၃၀-၈-၉၅ ပဌမအကြိမ် အဋ္ဌမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်သူမြတ်တို့ ဘုရား၊ တပည့်တော်များသည် သာသနာတော်၌ ကျောင်း ကန် ဘုရား စသည်တို့ စနစ်ဘကျစည်ပင်ပြန့်ပွားလာအောင် ညွှန်ကြားလွှာအမျိုးမျိုး ထုတ်၍ လည်း ကောင်း၊ ပရိယတ္တိသာသနာတော်ကြီး တိုးတက်ပြန့်ပွားအောင် တက္ကသိုလ် တည်ထောင်၍လည်းကောင်း၊ စာမေးပွဲ အမျိုးမျိုးတို့ကို တိုးခဲ့၍လည်းကောင်း၊ ဆောင်ရွက်နေခြင်းကို ပညာရေး ဆောင်ရွက်ချက်ဟူ၍လည်းကောင်း၊ ဝိဝါဒါဓိကရဏ်းစသည်တို့ကို ဝိနိစ္ဆယ အမျိုးမျိုးပွဲ၍ စစ်ဆေးစေခြင်းကို ဝိနိစ္ဆယ ဆောင်ရွက်ချက်ဟူ၍ လည်းကောင်းသတ်မှတ်ပြီးသာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်နေကြပါသည်ဘုရား။

ယင်းသို့ ဆောင်ရွက်နာ၌ ထိုအရေးသုံးပါးတို့သည် အဆင်ပြေချောမောပြီး အပြီးသို့ရောက်ရန် မလွယ်ကူလှပါဘုရား သာသနာရေး ဆောင်ရွက်ချက်ကြောင့် ကျောင်းကန်ဘုရားစသည်တို့ တိုးပွားလာသည့် အခါ—

ထိုကျောင်းကုန်ဘုရားတို့၌ တပ်မက်မှုကြောင့် ဝိနိစ္ဆယရေး ဆိုတာ ပေါ်ပေါက်လာရပါသည် ဘုရား။ ပညာရေး ဆောင်ရွက်ချက်ကြောင့် စာမေးပွဲတွေ တိုးပွားလာလည့် အခါ မသမာမှုကြောင့် ဝိနိစ္ဆယရေး ဆိုတာ ပေါ်ပေါက် လာရပြန်ပါသည် ဘုရား။ ဝိနိစ္ဆယရေးမှာ အဂတိလိုက်စားမှုများကြောင့် မသန့်ရှင်းမှုများ ဖြစ်ပေါ်လာတတ်ပြန်ရာ အရေးသုံးပါးသည် သံသရာလည်လျက် ရှိနေတတ်ပါသည် ဘုရား။

ထိုတပည့်တော်များ ဆောင်ရွက်နေသော အရေးသုံးပါး ဟူသည် မြတ်စွာဘုရား ဟောကြားတော်မူသော အမွေ နှစ်မျိုးအနက် အာမိသ အမွေမျှသာ ဖြစ်၍ ထာဝရ မသန့်ရှင်းနိုင်သော သဘောတံထွာ ဓမ္မတာ တရားများသာ ဖြစ်ပါသည် ဘုရား။

ဘုရားရှင်သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားနိုင်ရေး အတွက် "ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာ အာမိသ ဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ၊ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါ" ဟူ၍ ဟော တော်မူပါသည်။

ဤဒေသနာတော်အရ–

သာသနာ့ဝန်ထမ်း အားလုံးတို့သည် ဓမ္မဒါယာဒ စစ်စစ်များ ဖြစ်ကြ ပါလျှင် သာသနာတော်ကို အရေးသုံးပါးဖြင့် ဆောင်ရွက်နေရန် မလိုရုံ မက အရေးသုံးပါးလည်း သံသရာလည်တော့မည် မဟုတ်ပါဘုရား။

သို့ဖြစ်၍ သံသရာလည်နေသော အရေးသုံးပါးကို သည်းခံပြီး ဆောင် ရွက်တော်မူ ကြပါလို့ တိုက်တွန်းအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။

၆-၉-၉၅ ပထမအကြိမ် နဝမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား။ တပည့်တော်များသည် ဇမ္ဗုဒီပ ကျောင်းဆောင်၌ အလှည့်ကျ သီတင်း သုံးပြီး အပတ်စဉ် စည်းဝေးကာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက် နေကြရပါသည်။ ယင်းသို့ ဆောင်ရွက် နေခြင်းသည်–

ယာဝ ကိဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ
သန္နိပါတာ ဘဝိဿန္တိ သန္နိပါတဗဟုလာ၊
ဝုဒ္ဓိယေव ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊
နော ပရိဟာနိ။

အစရှိသည်ဖြင့် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ရဟန်းတို့အတွက် မဆုတ်ယုတ်ကြောင်း ဘိက္ခုအပရိဟာနိယတရားခုနစ်ပါး အနက် ပထမဆုံးဖြစ်သော ဘိက္ခုအပရိဟာနိယတရားနှင့် အညီဆောင်ရွက်နေခြင်းဖြစ်သောကြောင့် မြတ်စွာဘုရား၏အလိုတော်ကျပင် ဖြစ်ပါသည်ဘုရား၊ ယင်းသို့ မြတ်စွာဘုရား၏အလိုတော်ကျဖြစ်အောင်ဆောင်ရွက်နိုင်ခြင်းမှာ လည်း--

"ကိန္နို ဘေ အာနန္ဒ သုတံ၊ဝဇ္ဇနံ အရဟန္တေသု ခမ္မိကာ ရက္ခာဝရဏဂုတ္တိ သုသံဝိဟိတာ၊ ကိန္နို အနာဂတာစ အရဟန္တော ဝိဇိတံ အာဂ ဆ္ဆယျု၊ အာဂတာစ အရဟန္တော ဝိဇိတေ ဖာသုဝိဟရေယျု" ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူအပ်သော သဟွာမမြောက် ရာဇအပရိဟာနိယတရားနှင့် အညီနိုင်ငံတော်အစိုးရတို့သံမှအကူအညီအယောက်အပ် ရရှိသောကြောင့် သာ ဖြစ်ပါသည်ဘုရား။

သို့ဖြစ်၍ နိုင်ငံတော် အစိုးရတို့သည် (ရာဇအပရိဟာနိယ) မင်းတို့အတွက်မဆုတ်ယုတ်ကြောင်းတရားခုနစ်ပါးနှင့်အညီ ရဟန်းရှင်လူ ပြည်သူတို့အပေါ် ထာဝရ အုပ်ချုပ် စောင့်ရှောက် နိုင်ကြပါစေဟု ဆုတောင်းပတ္ထနာ ပြုကြပါရန် တိုက်တွန်းအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၁၃-၉-၉၅-ပ ဦးမအကြိမ် ဒသမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ တပည့်တော်များသည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို ဘုရားရှင်လက်ထက်တော် အခါနှင့်မဟူဘဲ ပြောင်းလဲနေသော ခေတ်ကာလအားလျော်စွာ သာသနာရေး၊ ပညာရေး၊ ဝိနိစ္ဆယရေးတို့ဖြင့် ဆောင်ရွက်နေကြပါသည်ဘုရား။

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဆိုသည်မှာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ရှိ သံဃာ့ပရိသတ်အားလုံး သမဂ္ဂသမ္မောဒမာန ဖြစ်ကြပါမှ လွယ်ကူစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်ဘုရား။

ဘုရားရှင်သည် ပါဠိတော်တို့၌ သံဃာစည်းလုံးညီညွတ်ခြင်းနှင့်စည်းလုံးညီညွတ်ခြင်းကြောင့်ရရှိအပ်သောအကျိုးတရားများသည်သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးတို့ပင် ဖြစ်ပါသည်ဘုရား။

ထိုသို့ ဟောတော်မူခဲ့သော ပါဠိတော်များအနက် တစ်ခုအပါဝင်ဖြစ်သော ပါဠိတော်မှာ—

တိသော ဣမာ ဘိက္ခဝေ ပရိသာ၊ကတမာ တိသော
အဂ္ဂဝတီ ပရိသာ ဝဂ္ဂါပရိသာ သမဂ္ဂါပရိသာ–

ဟူသော ပါဠိတော်ပင် ဖြစ်ပါသည်။

ထိုပါဠိတော်၌ "အဂ္ဂဝတီပရိသာ" ကို "အဂ္ဂပုဂ္ဂလဝတီပရိသာ" ဟု အဋ္ဌကထာ ဖွင့်သောကြောင့် ထိုပရိသတ်သည် အမြတ်ဆုံးအသန့်ရှင်းဆုံးပရိသတ်ဖြစ်ရာ ထိုပရိသတ်ကို အကြောင်းပြု၍ သာသနာတော်သည် အထွတ်အထိပ်သို့ ရောက်အောင် သန့်ရှင်း တည်တံ့ပြန့်ပွားနေပြီဟုဆိုရမည်ဖြစ်ပါသည် ဘုရား။

ကတမာ စ ဘိက္ခဝေ ဝဂ္ဂါပရိသာ၊ ဣဓ ဘိက္ခဝေ ယဿ
ပရိသာယံ ဘိက္ခူ ဘဏ္ဍနကာတာ-လ-အယံ ဝုစ္စတိ ဘိက္ခဝေ
ဝဂ္ဂါပရိသာ--

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ အကြင်ပရိသတ်၌ ရဟန်းတို့သည် ခိုက်ရန်ဖြစ်ခြင်း ရှိကုန်၏ – လ – ထို ပရိသတ်ကို ဝဂ္ဂါပရိသတ်ဟူ၍ ဆိုအပ်၏ဟု ဟော တော်မူရာ ထိုမညီညွတ်သောပရိသတ်ကို အကြောင်းပြု၍ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးသည် ဆုတ်ယုတ်နေပြီဟူ၍ ဆိုရမည် ဖြစ်ပါသည်ဘုရား။

ကတမာ စ ဘိက္ခဝေ သမဂ္ဂါ ပရိသာ၊ ဣဓ ဘိက္ခဝေ
ယဿ ပရိသာယံ ဘိက္ခူ သမဂ္ဂါ သမ္မောဒမာနာ–လ–အယံ
ဝုစ္စတိ ဘိက္ခဝေ သမဂ္ဂါပရိသာ–

ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်အရ အကြင်ပရိသတ်၌ ရဟန်းတို့သည် ညီညွတ်ဝမ်းမြောက်ခြင်း ရှိကုန်၏ဟု ဟောတော်မူရာ ထို

ပရိသတ်ကို အကြောင်းပြု၍ သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားနေပြီဟု ဆိုရမည်ဖြစ် စ်ပါသည်ဘုရား။

ထို့ကြောင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ကြရာ၌ မြတ်စွာဘုရားက ဟောတော်မူအပ်သော အခြေခံ အကျဆုံးဖြစ်သော အဂ္ဂဝတ်ပရိသတ်ဖြစ်ရေး သမဂ္ဂါပရိသတ်ဖြစ်ရေး တို့ကိုလည်း ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၂၀-၉-၉၅ ပ်ထမအကြိမ် ကောဇသမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်ဘို့ဘုရား တပည့်တော်မျှားသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရာ၌ သာသနာ့ဝန်ထမ်း ရဟန်းသံဃာမကြီးများနှင့် သာသနာကို ကြည်ညှာကိုးကွယ်သော ဒကာ/ဒကာမတို့ကို ဆုံးမသြဝါဒပေးခြင်းဖြင့် လည်းကောင်း၊ ညွှန်ကြားပေးခြင်းဖြင့် လည်းကောင်း ပြီးပြည့်အောင် ဆောင်ရွက်ကြပါသည်ဘုရား။

ထိုသို့ ဆောင်ရွက်ကြရာ၌ မိမိတို့ဆောင်ရွက်ချက်များ မပင်မပန်း ချမ်းချမ်းသာသာအောင်မြင်စေရန်အတွက်-

> အတ္တာန မေဝ ပထမံ၊ ပတိရူပေ နိဝေသယေ။
> အထညေ မနုသာသေယျ၊ နကိလိသေယျ ပဏ္ဍိတော။

ဟူသော ဒေသနာတော်နှင့်အညီ မိမိကိုယ်ကို ပတိရူပနိဝေသဖြစ်အောင် ရှေးဦးစွာ ဆောင်ရွက်ထားရန် လိုအပ်ပါသည်ဘုရား။

ပတိရူပေ နိဝေသယေတိ အနုစ္ဆဝိကေ ဂုဏေ ပတိဋ္ဌာပေ ယျ ဟုအဋ္ဌကထာဖွင့်ဆိုသောကြောင့်မိမိ၏ကိုယ်ကို ပတိရူပနိဝေသဖြစ်အောင်ဆောင်ရွက်ရန်ကိစ္စမှာ အလွန်ကျယ်ဝန်းမည် ဖြစ်ပါသည်ဘုရား။ သို့သော်လည်း အောက်ပါ ထေရဝါဒ အဋ္ဌကထာလာ ကျင့်ဝတ်များနှင့် ပြည့်စုံနေပါက

တစ်စိတ်တစ်ဒေသအားဖြင့် မိမိကိုယ်ကို ပတိရူပနိဝေသဖြစ်အောင် ဆောင်ရွက်ပြီးပြီဟု ဆိုထိုက်ပါသည်ဘုရား၊

ပိယော ဂရု ဘာဝနိယောဝတ္တာ စ ဝစနက္ခမော၊
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစ ဌာနေ နိယောဇယေ။

ပိယော=မေတ္တာ ကရုဏာနှင့်ယှဉ်၍ ချစ်ဖွယ်ရှိခြင်း၊

ဂရု=ကျေကျေက်ထိုးတန္တုအလေးပြုအပ်ခြင်း၊

ဘာဝနိယ =သီလ သမာဓိနှင့် ပြည့်စုံ၍ ရှိသေဖွယ် တိုးပွားစေခြင်း၊

ဝတ္တာ =ကရုဏာရှေထား၍ ပြောဆိုဆုံးမတတ်ခြင်း၊

ဝစနက္ခမ=သူတစ်ပါးတို့က ဆုံးမလာသည်ကို နားဝယ်မည်း သည်းခံတတ်ခြင်း၊

ဂမ္ဘီရဉ္စကထံကတ္တာ=နက်နဲသော သိက္ခာသုံးပါးနှင့်စပ်သောစကားကို ဟောပြောပေးတတ်ခြင်း၊

ယောစဌာနေနိယောဇယေ= ကျက်စီးကြောင်းဖြစ်သော အပါယမုခ ပရာဘဝမုခ စသော မသင့်လျော်သောအရာ ဌာနတို့၌ မတိုက်တွန်းတတ်ခြင်း၊

ဟူသော ဤထေရဝါဒအဌကထာလာစကားနှင့်အညီ မိမိကိုယ်ကို ပိယ၊ဂရု ဘာဝနိယစသည်ဖြစ်အောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းအပ်ပါသည် အရှင်မြတ်တို့ဘုရား။

၂၇-၉-၉၅ ပထမအကြိမ် ဒုတိယသမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား တပည့်တော်များသည် သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေးပြန့်ပွားရေး

ဟူသော ခေါင်းစဉ်သုံးခုဖြင့် ခွဲဝေကာ သာသနာတော် တစ်ရပ်လုံး၏ ကိစ္စများကို ဆောင်ရွက်နေကြရပါသည်ဘုရား။

ယင်း ကိစ္စများသည် သာသနာတစ်ရပ်လုံးနှင့် ပတ်သက်နေသည်ဖြစ်သောကြောင့် ဆောင်ရွက်ဖွယ်ရာအနေအားဖြင့် ကျယ်ဝန်းများပြားလှပါသည်ဘုရား။

သာသနာဝင်ဟုဂ္ဂိုလ်အမျိုးမျိုးတို့နှင့်လည်းကောင်း၊ သာသနာ့နယ်ဝင် ပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့်လည်းကောင်း အကြောင်းအားလျော်စွာ ဗုဒ္ဓဘာသာဝင်မဟုတ်သူ ပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့်လည်းကောင်း ဆက်သွယ်ထိတွေ့လျက် ဆောင်ရွက်ကြရသည်ဖြစ်ရာ ထိုပုဂ္ဂိုလ်အမျိုးမျိုးတို့၏ နာနာဆန္ဒ နာနာဗျာသယတို့ကို မမှီဝဲနယနှင့်အညီ စိတ်ရှည်ရှည်ထားကာ ဆောင်ရွက်ရန် လိုအပ်သည်ဖြစ်ရာ တပည့်တော်တို့သည် ထိန်းသိမ်းစောင့်ရှောက်အပ်သော ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် အဆင်ပြေအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်ဘုရား။

> စိဇ္ဇတ္တ ဂဟပတိ ရက္ခိတေ ကာယကမ္မမ္ပိ ရက္ခိတံ
> ဟောတိ ဝစီကမ္မမ္ပိရက္ခိတံ ဟောတိ မနောကမ္မမ္ပိ
> ရက္ခိတံ ဟောတိ–

ဟူသော ဒေသနာတော်နှင့်အညီစိတ်ကို ထိန်းသိမ်းစောင့်ရှောက်လျှင် ကံသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်၍ ဆောင်ရွက်တော့ မှုကြပါရန် တိုက်တွန်းအပ်ပါသည် အရှင်မြတ်တို့ဘုရား။

၃-၁၀-၉၅ ပထမအကြိမ်တေရံသမအစည်းအဝေး
သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဇရှင်မြတ်တို့ဘုရား၊ တပည့်တော်များသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးတာဝန်ကြီးကို ထက်သန်သော သဒ္ဓါ ဝီရိယ ပညာတို့ဖြင့် အဖက်ဖက်မှမလစ်ဟင်းရအောင်ဆောင်ရွက်လျက် ရှိနေကြပါသည်ဘုရား။

ယနေ့အစည်းအဝေးဟာလဲ မနက်ဖြန် ဂျပန်နိုင်ငံသို့ခရီးရှည်သွားကြရမည်ဖြစ်သောကြောင့် များပြားလှစွာသောခရီးသွား ပုဗ္ဗကိစ္စများ ရှုပ်ထွေးနေသည့် အကြားမှ ဒီစည်းဒေါ်ဝေးရက်ကို ရွှေတိုးပြီး မဖြစ်ဖြစ်အောင် ပြုလုပ်နေသော အစည်အဝေး ဖြစ်ပါသည်ဘုရား။

ဤသို့ ခရီးသွားခါနီး အလုပ်ကိစ္စများပြီးစီးအောင် ဆောင်ရွက်နေခြင်းသည်-

မဂ္ဂေါ မေ ဂန္ဓဗ္ဗော ဘဝိဿတိ
မဂ္ဂံ ခေါပန မေ ဂစ္ဆန္တိသ ကာယော
ကိလမိဿတိ၊ ဟန္ဒါဟံ နိပ္ပဇ္ဇာမိ၊

ဟူသောဒေသနာတော်လာ ကုသိတဝတ္ထုကို ရှောင်ရှား၍-

မဂ္ဂေါ ခေါ့ မေ ဂန္ဓဗ္ဗော ဘဝိဿတိ-လ-ဟန္ဒါဟံ ဝီရိယံ အာရဘာမိ-ဟူသော ဒေသနာတော်လာ အာရမ္ဘ ဝတ္ထုကို ရှေတန်းတင်ကာ ဆောင်ရွက်နေခြင်းဖြစ်ရာ လူသာခုခေါ်၊နတ်သာခုံခေါ်ဖြစ်ရပါကြောင်း လျှောက်ထားအပ်ပါသည် ဒေါ်ရှင်မြတ်တို့ဘုရား။

၁၂-၁၀-၉၅ ပထမအကြိမ် စုဒ္ဒသမအစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ဘုရား တပည့်တော်များသည် ယခင်အပတ်စဉ် အစည်းအဝေးကို အများစုဖြစ်သော အဖွဲ့ဝင်ဆရာတော်များ ဂျပန်နိုင်ငံသို့ ခရီးမသွားမီ ဇန်နဝါရီကြိုတင်၍ စည်းဝေးသကဲ့သို့ ယနေ့အစည်းဝေးကိုလည်း အများစုဖြစ်သော ဆရာတော်များ ဂျပန်နိုင်ငံမှပြန်ရောက်ပြီး နောက်တစ်ရက်တွင် ခရီးပန်းမှုကို ပဓာနမထားဘဲ ကျင်းပ ပြုလုပ်နေခြင်းဖြစ်ရာ-

အဟံ ခေါ် မဂ္ဂံ အဂမာသိ၊ မဂ္ဂံ ခေါ် ပနာဟံ
ဂစ္ဆန္တော နာသက္ခိံ ဗုဒ္ဓါနံ သာသနံ မနသိကာတုံ။
ဟန္ဒာဟံ ဝိရိယံ အာရဘာမိ-

ဟူသော ဒေသနာတော်နှင့်အညီ ဝိရိယရှေထားပြီး ကြိုးစားအားထုတ်ဆောင်ရွက်နေခြင်းဖြစ်၍ ချီးမွမ်းဖွယ်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

၁၈-၁၀-၉၅ ပထမအကြိမ် ပန္နရသမှအစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အရှင်မြတ်တို့ဘုရား၊ တပည့်တော်များ ပထမအဖွဲ့ခွဲဝင်ဆရာတော်များသည် မိမိတို့ လက်ထက်တွင် ဖြစ်ပေါ်လာမြဲဖြစ်သော တာဝန်ကိစ္စများနှင့် အထူးတလည်ဖြစ်ပေါ်လာသော ဂျပန်နိုင်ငံသို့ ခရီးရှည်သွား၍ သာသနာပြုခြင်း ကိစ္စများကို ချောမောစွာ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်ဘုရား။

ထို့ပြင်လဲပဲ ပရိတ်တော်စိစစ်ရေး အဖွဲ့က တစ်နိုင်ငံလုံးရှိ ရဟန်းသံဃာတော်များ ပရိတ်ရွတ်ဖတ်ရာ၌ မည်မည္ဘတ် တစ်ယောက်တစ်မျိုး ဖြစ်နေသည်များကို ပြုပြင်ရန်အတွက် ပရိတ်ကြီးပါဠိတော်ကို အဖြတ်အတောက်

အချိုအချပြင်ဆင်ပြီးလျှင် တစ်ပြည်လုံးသို့ ဖြန့်ရန်အတွက် ပုံနှိပ်စေခဲ့ရာ တပည့်တော်များ ပထမအဖွဲ့ခဲ့ လက်ထက်တွင် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပါသည်ဘုရား။

ထိုပြင်လပဲ ပရိယတ္တိစာပေ ကျမ်းကျင်မှုအားနည်းသော အချို့သော ကျောင်းထိုင်ဘုန်းကြီးများကို ရက်တိုသင်တန်း ပို့ချပေးရန်အတွက် အဓိဋ္ဌာန်တင်နည်း, ပိဂဏ္ဍနာပြုနည်း အစရှိသော ဝိနည်းကံများကို ဖေါ်ပြသည့် စာမူများကိုလည်း တပည့်တော်တို့ ပထမအဖွဲ့ခဲ့၏ လက်ထက်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်ဘုရား။

အရှင်မြတ်တို့ဘုရား–

ယင်းသို့အောင်မြင်ပြီးစီးအောင် ဆောင်ရွက်နိုင်သည့် အမှုကိစ္စများ ရှိသလို အကြောင်းအမျိုးမျိုးကြောင့် ပြီးစီးအောင် မဆောင်ရွက်နိုင်သေးသည့် အမှုကိစ္စအနည်းငယ်လဲရှိနေသေးရာ ထိုအမှုကိစ္စအနည်းငယ်ကိုလဲတပည့်တော်တို့လက်ထက်တွင်ပြီးစီးအောင်ဆောင်ရွက်ပေးခဲ့ကြပါရန် ဥပတ္ထမ္ဘကများနှင့် ဆရာတော်ကြီးတို့အား တိုက်တွန်းနှိုးဆော် အပ်ပါသည် အရှင်မြတ်တို့ဘုရား။

၂၅-၁၀-၉၅ ပထမအကြိမ် သောဋ္ဌသမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များဘုရား–

တပည့်တော်တို့၏ ယနေ့အစည်းအဝေးသည် သောဋ္ဌသမ နောက်ဆုံး အစည်းအဝေးဖြစ်ပါသည်ဘုရား၊ တပည့်တော်များ ပထမအဖွဲ့ခဲ့သည် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ဖွယ်ရာ ကဲစွာအဝဝတို့ကို အဂတိလေးပါး မလိုက်စားဘဲ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ခဲ့ကြ၍ မည်သို့သော ဖရှုပဝါဒမျိုးမျှ မရှိခဲ့ကြပါဘုရား။

ထို့အပြင်လဲ အမှုသည်တို့အပေါ် ၌ ထကြွနိုးကြားသနားသည်းခံအစ ရှိသောနာယကဂုဏ်ခြောက်ပါးနှင့်အညီ ပြုမူဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်မှုများလည်း ရရှိခဲ့ကြပါသည်ဘုရား။

သို့ဖြစ်ပါ၍ တပည့်တော်များ ဆောင်ရွက်ချက်အားလုံးတို့ကို ပြန်လည် သုံးသပ်လိုက်သည့်အခါ တစ်စုံတစ်ရာ ဝိပွဋ္ဌိသာရဖြစ်စရာမရှိ ကြည်နူး ဝမ်းမြောက်ဖွယ်ရာ အတိသာ ဖြစ်ပါသည်ဘုရား။

ထို့နည်းတူစွာပင် နောင်အလှည့်ကျသောအခါ၌လည်း ပြုစင်သန့်ရှင်း ပရုပဝါဒကင်းအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းအပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

စတုတ္ထအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

၄၇-ပါးစုံညီတတိယအစည်းအဝေး၌

မိန့်ကြားတော်မူအပ်သော

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ်၏အစည်းအဝေးဖွင့်

သြဝါဒကထာ

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ တတိယ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား၊

ဆရာတော်ဘုရားများနှင့် ယခုလို (၄)လလျှင်တစ်ကြိမ်ကျ မျက်နှာစုံညီတွေ့ဆုံရ၍ သာသနာတော် ကိစ္စအဝဝတို့ကို လျှောက်ထားတင်ပြ ဆွေးနွေးခွင့်ရသည့်အတွက် နှစ်ထောင်းအားရ ဝမ်းမြောက်လှပါသည် ဘုရား။

ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား-

၄၇- ပါးစုံညီ ဒုတိယ အစည်းအဝေး၌ သာသနာတော်အတွက် ဆောင်ရွက်ဖွယ် ကိစ္စများကို တပည့်တော် လျှောက်ထားခဲ့ရာ ယင်း

အစည်းအဝေးကပင် တပည့်တော်၏ လျှောက်ထားချက်များကို လုပ်ငန်းလမ်းညွှန်ချက် အဖြစ် ခံယူ၍ အကောင် အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်တော်မူကြသဖြင့် သာသနာတော်အတွက် အထူးပင်အား တက်မိပါသည်ဘုရား။

၁၃၅၂–ခုနှစ်၊ တော်သလင်းလဆန်း(၁) ရက် (၂) ရက်၊ ၁၉၉၅၊ ခုနှစ်၊ သြဂုတ်လ(၂၅) ရက်၊ (၂၆) ရက် နေ့များ၌ ပြည်နယ်/ တိုင်းဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော်များနှင့် ပြည်နယ်/တိုင်း သီလရှင် အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သီလရှင်-ဆရာကြီးများကို ဤ ကမ္ဘာအေးကုန်းမြေ ဝိဇယမဂ်လာ ဓမ္မသဘင်၌ ပင့်ဖိတ်၍ တပည့်တော်၏ လုပ်ငန်းလမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်ဘုရား။

ယင်း ရှင်းလင်းချက်များကို ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့များက အောက်ခြေအထိ ဆင်းရှိ ရှင်းလင်းခြင်း၊ သံဃာ့အဖွဲ့ဆစည်းလုပ်ထုံးလုပ်နည်းများ ဝိနည်းခမ္မဂါ် အဓိကဂုဏ်းမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သင်တန်းပေးခြင်း ကျောင်းထိုင်ဘုန်းကြီးများ ရက်တိုသင်တန်း ပို့ချခြင်း ဗုဒ္ဓဘာသာ တရားတော်(အခြေခံအဆင့်)ကို ကျောင်းထိုင်ဘုန်းတော်ကြီးများကမိမိတို့ဒကာ ဒကာမများအား ဟောပြောခြင်း သင်တန်းပို့ချခြင်းစသည့် လုပ်ငန်း ကိစ္စများကို တက်တက်ကြွကြွ လိုက်နာ ဆောင်ရွက်ကြစေရန် တာဝန်ကျ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့က ဆက်လက်ညွှန်ကြား ဆောင်ရွက်သွားကြပါရန် လျှောက်ထား တိုက်တွန်းပါသည်ဘုရား။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟို ကြီးကြပ်ရေးအဖွဲ့ ပြည်နယ်/တိုင်း ကြီးကြပ်ရေးအဖွဲ့ မြို့နယ်ကြီးကြပ်ရေး အဖွဲ့များသည် ဘုန်းတော်ကြီးသင် ပညာ ရေး ကျောင်းများ သို့ အခါအားလျော်စွာ သွားရောက် စစ်ဆေး ညွှန်ကြားကြရမည့် တာဝန်ဝတ္တရားရှိကြပါသည်။

သွားရောက်စစ်ဆေး ကြေမှသာလျှင် အခြေအနေမှန်ကို၊တိတိကျကျသိနိုင်ကြ၍ လိုအပ်သည်များကိုလမ်းညွှန်မှ ပံ့ပိုးကူညီမှုပြုနိုင်ကြပါမည်။ သို့ဖြစ်၍ ယင်းတာဝန်ဝတ္တရားများကိုလည်း တိတိကျကျလိုက်နာ ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား—

တိပိဋကဓရ ရှေးချယ်ရေးစာမေးပွဲသည် မြန်မာနိုင်ငံတော်မှာ အဆင့်အမြင့်ဆုံး စာမေးပွဲကြီးဖြစ်ပါသည်။ ယင်းစာမေးပွဲကြီးကို အလွန်အလွန် ပါရမီထူးချွန်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန်များသာ ဝင်ရောက်ဖြေဆိုနိုင်ကြပါသည်။ ဓမ္မာစရိယစာမေးပွဲသည်လည်း အဆင့်မြင့် စာမေးပွဲပင်ဖြစ်၍ ပုဂ္ဂိုလ်တိုင်း ဝင်ရောက်ဖြေဆိုရန် မလွယ်ကူပါဘုရား။

သို့ဖြစ်၍ပုဂ္ဂိုလ်တိုင်းလိုလို ဘုရားဟောပါဠိတော်ကြီးများကိုသင်ကြား ပေါက်ရောက်နိုင်ကြစေရန် ရည်သန်လျက် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးက နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကို ကျင်းပပေးခဲ့ပါသည်ဘုရား။

ယင်းနိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကို စတင် ကျင်းပစဉ်အခါက စာသင်သားများ အားတက်သရော ဝင်ရောက်ဖြေဆိုကြစေရန် မေးခွန်း ပုစ္ဆာများကို ကျမ်းရင်းအဓိပ္ပါယ် သက်သက်မျှကိုသာ ထုတ်ဆင့်မေးမြန်းရန် ပြဋ္ဌာန်းပေးခဲ့ပါသည်ဘုရား။

ယခုအခါ စာမေးပွဲကျင်းပခဲ့သည်မှာ (၄)နှစ်ရှိပြီဖြစ်၍ စာမေးပွဲ၏ အခြေအနေမှာ အသားကျပြီ ဖြစ်သည့်အပြင် စာဖြေပုဂ္ဂိုလ်များလည်း တစ်နှင်ထက် တစ်နှစ် တိုးတက်လာနေပြီဖြစ်သဖြင့် မေးခွန်း ပုစ္ဆာများကို အဆင့်မြင့်ပေးရန် သင့်လျော်သောအချိန် ကျရောက်ပြီဟု ထင်မြင်ယူဆပါသည်။ သို့ဖြစ်၍ နိကာယ်ငါးရပ် စာမေးပွဲ ပုစ္ဆာထုတ် စည်းမျဉ်းပြင်ဆင်ရန်ကိုလည်း စဉ်းစားတော်မူကြရန် လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဘုရား တပည့် တော်တို့ သံ ဃ အဖွဲ့ အစည်း အ ဆင့် ဆင့်ဖွဲ့ စည်း တည်ဆောင်ခဲ့ကြခြင်း၏ ရည်ရွယ်ချက်မျှားမှာ-(က) သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရန် ဖြစ်သည် စသည်ဖြင့် (က) မှ(ဆ)အ ထိ (၇)ချက်ပြဆိုထားပါသည်။ ယင်း သာသနာတော် သန့် ရှင်း တည်တံ့ ပြန့်ပွားရေးစသော ရည်ရွယ်ချက်မျှား ပြီးစီးပြည့်စုံရေးအတွက် အထူး လိုအပ်ချက်ကို လျှောက်ထားရပါလျှင်-

ဘုရားရှင်လက်ထက်တော်အခါက အရှင်ကိမိလမထေရ်သည် မြတ်စွာ ဘုရားထံသို့ချဉ်းကပ်၍ "ရှင်တော်မြတ်ဘုရား-မြတ် စွာဘုရားပရိနိဗ္ဗာန် ဝင် စံတော်မူသည်ရှိသော် သဒ္ဓမ္မသုံးပြာ ၁သနာတော်ကာလ အရှည်မတည် တံ့ ခြင်း ကာလအရှည် ၀ ည်တံ့ခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း" ဟုလျှောက်ထားရာ ဘုရားရှင် ကိုယ်တော်မြတ်က "ချစ်သားကိမိလ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင် စံတော်မူသည်ရှိသော် ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ ပရိသတ်လေးဖြာတို့-

(၁) မြတ်စွာဘုရား၌ မရိုသေမတုပ်ဝပ်ခြင်း
(၂) တရားတော်၌ မရိုသေမတုပ်ဝပ်ခြင်း
(၃) သံဃာတော်၌ မရိုသေမတုပ်ဝပ်ခြင်း
(၄) အကျင့်သိက္ခာ၌ မရိုသေမတုပ်ဝပ်ခြင်း
(၅) ပိမိတို့အချင်းချင်း အပေါ်၌ မရိုသေမတုပ်ဝပ်ခြင်း
(၆) ဘာဝနာ၌ မရိုသေ မတုပ်ဝပ်ခြင်း
(၇) မဂေမ့မလျော့မပေါ့မဆ အပွမာဒတရား၌ မရိုသေ မတုပ်ဝပ်ခြင်း
(၈) ဓမ္မပဋိသန္ဓာရအာမိသပဋိသန္ဓာရ၌ မရိုသေမတုပ်ဝပ်ခြင်း

ဤတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလအရှည် မတည်တံ့ခြင်း၏ အကြောင်းဆယောက်အပုံများ ဖြစ်ကြကုန်၏။

(၁) မြတ်စွာဘုရား၌ ရှိသေတုပ်ဝပ်ခြင်း,
(၂) တရားတော်၌ ရှိသေတုပ်ဝပ်ခြင်း,
(၃) သံဃာတော်၌ ရှိသေတုပ်ဝပ်ခြင်း,
(၄) အကျင့်သိက္ခာ၌ ရှိသေတုပ်ဝပ်ခြင်း,
(၅) မိမိတို့ အချင်းချင်းအပေါ်၌ ရှိသေတုပ်စပ်ခြင်း,
(၆) သမာဓိ၌ ရှိသေတုပ်ဝပ်ခြင်း,
(၇) မမေ့မလျော့ မပေါ့မဆ အပွမာဒတရား၌ ရှိသေတုပ်ဝပ်ခြင်း,
(၈) ဓမ္မပဋိသန္ဓာရ, အာမိသပဋိသန္ဓာရ၌ ရှိသေတုပ်ဝပ်ခြင်း–

ဤတရားတို့သည် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလအရှည်တည်တံ့ခြင်း၏ အကြောင်းအထောက်အပုံများ ဖြစ်ကြကုန်၏" ဟု ဟောတော်မူခဲ့သည်ကို အဂုံတွေ့ရပါဋ္ဌ ပဋ္ဌက ဆက္က, သတ္တကနိပါတ်တို့၌ သင်္ဂါယနာတင် ထေရ်တို့ သင်္ဂါယနာတင်တော်မူခဲ့ကြပါသည်ဘုရား။

ဤသို့ဖြစ်၍ သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလအရှည် တည်တံ့အောင် ဘိက္ခု, ဘိက္ခုနီ, ဥပါသက, ဥပါသိကာ=လေးဖြာသော ပရိသတ်တို့ ဤဂါရဝတရားများနှင့် ပြည့်စုံလျက်နေကြရန် လွန်စွာလိုအပ်လှပါသည်ဘုရား။ လေးဖြာသော ပရိသတ်တို့ ဤဂါရဝတရားများနှင့် ပြည့်စုံလျက် နေကြပါလျှင် သာသနာတော် ကာလအရှည် တည်တံ့ရုံမျှမက သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွံ့စည်းရခြင်း ရည်ရွယ်ချက် အားလုံး ကောင်မှုချ ပြီးစီးပြည့်စုံကြမည်သာ ဖြစ်ပါသည်ဘုရား။

လေးပါးသော ပရိသတ်တို့တွင်လည်း တပည့်တော်တို့ ရဟန်းပရိသတ်သည် ပဓာနအကျဆုံးဖြစ်သဖြင့် ဥပါသကာ ဥပါသိကာပရိသတ်

တို့ ဤဂါရဝတရားတို့နှင့် ပြည့်စုံလျက် နေကြရန်ကို တပည့်တော်တို့ ရဟန်းတော်များက ဟောကြား ညွှန်ပြကြရမည်ဖြစ်ရာ-

အတ္တာန မေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ။
အထညမနုသာသေယ္ယ၊ နကိလိဿေယ္ယ ပဏ္ဍိတော-

ဟူသော ဒေသနာတော်နှင့်အညီ တပည့်တော်တို့ ရဟန်းတော်များက စံပြအပြစ်ပြင့် ဂါရဝတရားများနှင့် ပြည့်စုံစွာနေကြ၍ သဒ္ဓမ္မသုံးပြီ၊ သာသနာသန့်ရှင်း တည်တံ့ပြန့်ပွားရေး စသောသံဃာ့အမှုအစည်း အခင်ဆင့်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များ ပြီးစီးပြည့်စုံအောင် အားထုတ်တော်မူကြပါရန် တိုက်တွန်းစကား လျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာကြီး သံဃာတော် ဗဟုဿုတတိုဘုရား။

ဘဒ္ဒန္တသောဘိတ
ကျောင်းဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇဗဟုတမဟာသဒ္ဓမ္မဇောတိက

ရက်စွဲ။ ၁၃၇၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄) ရက်
၁၉၉၅-ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်

စဝေဒနာကြီး

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော်
ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၁၃-၁၁-၉၅-ဒုတိယအကြိမ် ပထမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။ ဘဒ္ဒန္တခမာဝုဓ (အဂ္ဂမဟာရဋ္ဌဂုရု) ဟသ်ာတ ဆရာတော် ဘုရားကြီးနှင့် ဘဒ္ဒန္တဂိမ္ဘလာဘိဝံသ ရွှေဘိုဆရာတော်တို့မှတပါး ဒုတိယအဖွဲ့ခွဲဝင်ဆရာတော်တို့ကို ပြည့်ပြည့်စုံစုံ တွေ့ရသည့်အခါ တွက် ဝမ်းမြောက်မိပါသည်ဘုရား။ ပထမအဖွဲ့ခွဲ၏တာဝန်ပြီးဆုံး၍ ကပည့်တော်တို့ ဒုတိယအဖွဲ့ခွဲ၏ တာဝန်ယူရသောကာလ ပထမအစည်းအဝေးဟာ လုပ်ငန်းတာဝန်များခဲ့ဝေယတ်မှတ်ကြဖို့ဖြစ်ပါတယ်။

တပည့်တော်တို့ဒုတိယအဖွဲ့ခွဲ အနေဖြင့်ဆောင်ရွက်ကြ ရမည့်တာဝန်ပိုင်း ဆိုင်ရာများကိုဆောင်ရွက်ကြရာမှာ ကျရောက်လာသည့် တာဝန်များကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ည့ီနှင်းတိုင်ပင် ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ်။

တပည့်တော်တို့ ဆရာတော် သံဃာတော်များ ဥပတ္ထမ္ဘကဝန်ထမ်းပါဝင်ကာများအားလုံးဟာ ပုထုဇဉ်တွေဖြစ်ကြတယ်၊ ပုထုဇဉ်တွေဖြစ်ကြတော့(ပုထု နာ နာသတ္တာရာနံ မုခမုလ္လောကိကာ တိ ပုထုဇ္ဇနာ)စသည်ဖြင့်

ဗုဒ္ဓမတည့် ကျမ်းပြုလိမ္မာ အဋ္ဌကထာဆရာများ ပိန့်ဆိုထားသည့်နှင့်အညီ ဆရာအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေရသည့်အတွက် ပုထုဇဉ်လို့ ခေါ်ပါတယ်၊ ဒီလိုဆရာ အမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေရသည့် အတွက် အာဘိဓမ္မာကို လိုက်စားမိတတ်ပါတယ်၊ ဒါအရေးကြီးပါတယ်၊ အဂတိတရား ကင်းရှင်းကြဖို့လိုပါတယ်၊ ပုဂ္ဂိုလ်တစ်ဦးအပေါ် မှန်းလို့ အမျက်ဆွက်လို့ မပြောသင့်၊ မလုပ်သင့်တာတွေ့မပြုရပါဘူး၊ ဒီအတိုင်းဘဲ မောဟ၊ ဘယ၊ ဂတိများနောက်လိုက်ပြီးလဲ မလုပ်သင့်ပါဘူး၊တပည့်တော်တို့ဟာ ဘုရားသားတော်များ ဖြစ်ကြသည့်အသးလျှော်စွာ ဘုရားမျက်နှာတော်ကိုထောက်ထားပြီး လုပ်သင့်လုပ်ထိုက် ပြောသင့်ပြောထိုက်သည်များကို မှန်မှန်ကန်ကန် ပြောဆို လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပါတယ်။

ဒီအတိုင်းပဲ ဥပတ္ထမ္ဘကဝန်ထမ်းများ ဇနေဖြင့် အပိုအလို မသင်းမနှတ်ဘဲ မိမိတို့ အထက်က တာဝန်ပေးတဲ့အတိုင်း ဆောင်ရွက်ကြမည်ဆိုလျှင် လပ်ပည့်လကဲ့သို့ ကျက်သရေတိုးပွာမှာဖြစ်ပြီး အဂတိတရားလိုက်စားလျှင် လဆုတ် လာ့ပ်လကဲ့သို့ မိမိတို့ဂုဏ်သရေ ဆုတ်ယုတ်သွားမည် ဖြစ်ပါတယ်။ တို့ကြောင့် အဂတိဘေးကင်းရှင်းအောင် ဆောင်ရွက်ကြဖို့ အလေးအနက် တိုက်တွန်းအပ်ပါတယ်။ ဘုရားရှင်၏ တားဖြစ်ချက်မရှိသောကြောင့် လာဘာဂတိကိုလည်း ထည့်သွင်း သင့်တယ်လို့ယူဆပါတယ်။ ငွေကြေး ပစ္စည်းလာဘ်လာဘမရလျှင်မဆောင်ရွက်ဘဲ ပစ္စည်းလာဘ်လာဘရမှဆောင်ရွက်ကြတာမျိုးလည်းမဖြစ်သင့်ပါဘူး။ ဆရာတော်သံဃာတော်များသာမက ဆရာထမ်း အမှုထမ်း ရုံးလုလင် တံခါးစောင့်ရဲပါ မကျန် ငွေကြေးပစ္စည်းလာဘ်လာဘကိုမမျှော်ကိုးဘဲ ဂုဏ်ယ်တာဝန်ကို ကျေပွန်စွာ အဂတိတရားငါးပါး ကင်းရှင်းစွာပြောဆိုလုပ်ကိုင် ဆောင်ရွက်ကြမည် ဆိုလျှင် ဘုရားရှင်၏ကျေးဇူးသိပြီး ဆောင်ရွက်ရာရောက်မည်ဖြစ်ကြောင်း ဇလျှာက်ထားရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် ဆရာတော်သံဃာတော့် အရှင်သူမြတ်တို့ ဘုရား။

ဇာတုဏ္ဍာအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တခမာဝုဓ (အဘိဓဇ-မဟာရဋ္ဌဂုရု) ၏

ဩဝါဒကထာများ

၂၂-၁၁-၉၅ ဒုတိယအကြိမ် ဒုတိယအစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ စည်းဝေးသည့်အခါတိုင်း မိန့်ခွန်းပြောနေကျ ဖြစ်ပါသည်။ ယခုလည်း လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်ကြရာတွင် သတိတရားသည် အရေးကြီးဆုံးဖြစ်ပါသည်။ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ သတိတရားမလစ်ဟင်းစေဘဲ၊ အရာရာမှာ သတိရှေ့သွားလုပ်ဆောင်ပါက ကိစ္စအားလုံး အောင်မြင် ပြီးဆုံးနိုင်ပါသည်။

ရှေးပညာရှိများက "အမြဲသတိ၊ အသိရှေထား လုံ့လအားဖြင့်၊ ဉာဏ်သွားမပေ၊ ထက်မြက်စေလော့၊ ပြုလေသမျှ၊ ကိစ္စမြားမြောင်း၊ ဆောင်တိုင်းအောင်လိမ့်" ဟု ဆိုထားခဲ့ပါသည်။

ထို့ကြောင့် ရှေးပညာရှိတို့ ဆိုသည့်အတိုင်း အမှုကိစ္စအားလုံးကို ဆောင်ရွက်ရာ၌ သတိဝိရိယပညာ ရှေ့သွားပြုပြီး ကြိုးစားဆောင်ရွက်ကြပါဟု အသိပေးတိုက်တွန်းစကား ပြောကြားအပ်ပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၁၃-၁၂-၉၅ ဒုတိယအကြိမ် တတိယအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကဘဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား သြဝါဒကတော့ အထူးမဟုတ်ပါ၊ တပည့်တော်များ နိုင်ငံတော် သံဃ-မဟာနာယကအဖွဲ့သည် ဆောင်ရွက်ရမည့် သံဃာ့ကိစ္စများကို ဆောင်ရွက်နေရတာဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာ၌ တစ်ပါးနှင့်တစ်ပါး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ တိုင်ပင်ညှိနှိုင်း ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ တစ်ပါးနှင့် တစ်ပါး အလိုအဇ္ဈာသယမတူကြခဲသော်လည်း ဟိုဟာတစ်မျိုး၊ ဒီဟာ တစ်မျိုး တွေ့ကြုံလာသည့်ဝိုင်အောင် အကျိုးမခံလိုသောစိတ်ထားမျိုးကို ဖယ်ရှားပြီး သည်းခံဆောင်ရွက်ကြရပါမည်။ ဤကဲ့သို့ မဆောင်ရွက်ပါက အငြင်းပွားမှုများ ဖြစ်လာနိုင်ပါသည်။ အားလုံးမျက်နှာလိုက်ခြင်း အကတိတရားများ ဖြစ်ပွားနိုင်ပါသည်။ တပည့်တော်များအဖွဲ့ထံ ရောက်ရှိလာသည့် အမှုများသည် အယူခံ (သို့မဟုတ်) အသနားခံအဖြစ် နောက်ဆုံးရောက်လာခြင်း ဖြစ်ကြပါသည်။ အမှုကို သေသေချာချာ စိစိစစ်စစ် ဆောင်ရွက်ကြပါဟု တိုက်တွန်းစကား ပြောကြားအပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၂၀-၁၂-၉၅၊ ဒုတိယအကြိမ် စတုတ္ထအစည်းအဝေးသြဝါဒကထာ

သတ္တလောကကြီး တစ်ခုလုံးမှာ အမှုကိစ္စတွေ ကိုယ်စီ ရှိနေကြပြီး သူ့အမှုသူ့ကိစ္စ၊ ကိုယ့်အမှု ကိုယ့်ကိစ္စဆိုတဲ့ အမှုကိစ္စတွေကို သတ္တဝါတိုင်း၊ သတ္တဝါတိုင်း ဆောင်ရွက်နေကြရတာဘဲ၊ ယခုတပည့်တော်များ ဆောင်ရွက် နေရတဲ့ ကိစ္စတွေက သာသနာရေးကိစ္စများဖြစ်တော့ မတိမ်းမစောင်းအောင် ဆောင်ရွက်မိဖို့အရေးကြီးပါတယ်၊ သာသနာရေးကိစ္စ တွေကို ဆောင်ရွက်တဲ့နေရာမှာ ရပ်/ကျေးအဆင့်မှမြို့နယ်၊ မြို့နယ်အဆင့် မှ ပြည်နယ်/တိုင်း၊ပြည်နယ်/တိုင်း၊အဆင့်မှ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ထံ ရောက်လာတဲ့အမှုကိစ္စတွေဖြစ်ခဲတော့ လွဲမှားမှုမရှိစေရန် အထပ်ထပ် စိစစ်သုံးသပ်ပြီး ဆောင်ရွက်နေကြရပါတယ်၊ အောက် အဖွဲ့အစည်း

အဆင့်ဆင့်က ဆောင်ရွက်ချက် အစီရင်ခံချက်တွေကို အသနားခံ တင်ပြ လာတာတွေလဲရှိခဲ့တာ့ ဆောင်ရွက်နေရတဲ့ အမှုကိစ္စတွေက သိပ်မသေး လှပါဘူး၊ သာမာန် အားဖြင့် ကြည့်ရင် သာယနာရေးဌာနဘာအလုပ်မှ မရှိဘူးဟု ထင်ရသော်လည်း လက်တွေ့ကြတော့ အလုပ်တွေက မနည်း လှပါဘူး တစ်နှစ်ထက် တစ်နှစ်ပို၍ မျှားလာသလားဟု တောင် ထင်နေ ရပါတယ်၊

အလုပ်ကိစ္စတွေဘယ်လိုပင်မျှားမျှား အသိဉာဏ် သမ္မာဒိဋ္ဌိနှင့်ယုံကြည် ချက်သဒ္ဓါတရား ဒီတရား ၂-ပါး အခြေခံ၍ ဆောင်ရွက်ရင် အောက်အဖွဲ့ အစည်းအဆင့်ဆင့်က ဒေါပြစ်တင်စရာမရှိ လက်ခံနိုင်ကြမည်သာ ဖြစ်ပါ တယ်။ အမှုကိစ္စတွေကို ကိုင်တွယ်ဆုံးဖြတ်ရာမှာ မလွဲမှား ရအောင် ရှေးပညာရှိမျှားက လက်ဝစာသားမျှားနှင့်ဆုံးမခဲ့ကြပါတယ်။

ပြုသင့် ပြုအပ် ကိုစွမ်းပိုဒ် ပြုလတ်သောအခါ၊
သမ္မာရှေထား သဒ္ဓါပွါးလော့၊

အမှားမိစ္ဆာ သဒ္ဓါမရှိ ငုံးတိတိဖြင့်
ပြုဘိဒေ လို တောင်းဆိုကာလ ဖြစ်သမျှ၌
ဘဝမပြုတ် ယုတ်မာတတ်၏။
လူနတ်ချမ်းသာ မရရာဘူး။
ဟူ၍လည်းကောင်း၊

ကြံစည်တွေးဆ ရေးမလှက
ဖေးမမျှော်ကြည့် ရှေသိနောက်မြင်
ပညာရှင်နှင့် တိုင်ပင်အပ်စာ မပြုတ်ရာဘူး-

ဟူ၍လည်းကောင်း ရေးသားဆုံးမခဲ့သည့် လက်ဝဲစာသားသြဝါဒ စကား မျှားနှင့်အညီ အသိဉာဏ်သမ္မာဒိဋ္ဌိ၊ ယုံကြည်ချက်သဒ္ဓါတရား အခြေခံ ထားပြီး သံဃာအများစုက တင်မြှောက်ခဲ့ကြသည့် ဆရာတော်ကြီးများ ဖြစ်သော်လည်း ကိုယ့်သဘောနှင့် ကိုယ် မဆောင်ရွက်ကြဘဲ အများနှင့် တိုင်ပင်၍ ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းစကား ပြောကြားရင်း တပည့်တော်၏သြဝါဒကထာကိုနိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာ-ယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့ဘုရား။

၂၀-၁၂-၉၅ ဒုတိယအကြိမ် ပဋ္ဌမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ သြဝါဒ ကထာကတော့ အထူးမဟုတ်ပါ၊ လုပ်ငန်းကိစ္စများကိုလုပ်ကိုင်ဆောင်ရွက် ကြရာ၌တစ်ဦး တစ်ယောက်တည်း ဆောင်ရွက်ရုံနှင့် မပြီးပါ၊ အများ စုပေါင်းပြီး တစ်ပါးနှင့် တစ်ပါး၊ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ညှိနှိုင်း၍ အများသဘောတူ ဆုံးဖြတ်ဆောင်ရွက်ကြရတာဖြစ်သည်။ လောကတွင် တစ်ဦးနှင့်တစ်ဦးအလိုအဇ္ဈာသယမတူကြောင်း-

"ဒေါ်ပိ နာမ သတ္တာ ကေဗျာသယာ ဒုလ္လဘာ လောကသ္မိ"-ဟု မိန့်ဆို ထားသည်နှင့်အညီ အလုံးဆန္ဒဟူမျှဘို့ရန် ခဲရင်းပါ၏။ သို့သော်လည်း တစ်ဦး၏ အလိုကို တစ်ဦးကလိုက်လျောပြီးဆောင်ရွက်ကြပါကသူတစ်ပါး ၏ စွပ်စွဲပြောဆိုမှုမှ ကင်းလွတ်နိုင်ပါသည်။ တဝဝန်ယူရသည့် ကိစ္စများ သည်လည်း ပေါ့ပေါ့တန်တန် မဟုတ်ပါ၊ သာသနာရေးကိစ္စကို တစ် နေရာမှသိခဲ့ရလျှင် တစ်ဦးတင်ယောက်တည်း မဆောင်ရွက်ဘဲ အများ တင်ပြဆွေးနွေးကြစေလိုကြောင်း ကျရောက်လာသည့် သာသနာဇရေး ဝိနိစ္ဆယရေး၊ ပညာရေးကိစ္စများကို စဉ်းစဉ်းစားစား၊ နှိုင်းနှိုင်းချိန်ခြိန် ဆောင်ရွက်ကြပါဟု တိုက်တွန်းစကား လျှောက်ထားပါသည် မဟာ နာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၃-၁-၉၆ ဒုတိယအကြိမ် ဆဋ္ဌအစည်းအဝေးသြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား-

တပည့်တော်တို့ မဟာနာယကအဖွဲ့ဆရာတော်များသည် သာသနာတော်နှင့်ပတ်သက်သော အရေးကိစ္စတို့ကို စုပေါင်းပြီးဖြေရှင်းဆောင်ရွက်နေကြရတာဖြစ်တော့ အပြောဆိုမှုစပြီး သတိထားဖို့လိုအပ်ပါတယ်၊ လုပ်ငန်းကိစ္စနှင့်ပတ်သက်ပြီး ညှိနှိုင်းပြောဆိုကြတဲ့အခါမှာ စကားအရာ အင်္ဂါလေးတန်နှင့် ပြည့်စုံဖို့လိုအပ်ပါတယ်၊

- သုဘာသိတ, ပိယဝါစာ၊ ဓမ္မပါ, သစ္စဝါစာဖြစ်။
- ပိသု,ဖရု,သမ္ဖသ်ရှ၊ မုသာဝါဒဖြစ်။
- အထက် ၄-ချက်, အောက် ၄-ချက်၊ ယထာဂ္ဂမဖြစ်။

သုဘာသိတဝါစာ=ပိသုဏဝါစာကိုကြဉ်ပြီး ကောင်းသောစကားကို ပြောဆိုခြင်း၊ ပိယဝါစာ= ဖရုသဝါစာကိုကြဉ်ပြီး သူတစ်ပါးအတင်းအဖျင်းနှင့် ကြမ်းတမ်းသော စကားကိုမပြောဆိုခြင်း၊ ဓမ္မဝါစာ=သမ္ဖပ္ပလာပဝါစာကိုကြဉ်ပြီး ပြိန်ဖျင်းသောစကားကိုမပြောဆိုခြင်း၊သစ္စဝါစာ= မုသာဝါဒကိုကြဉ်ပြီး မှန်ကန်သောစကားကို ပြောဆိုခြင်းဆိုတဲ့ အင်္ဂါ ၄-တန်နှင့်ညီညွတ်သောစကားကို ပြောဆိုမိကြဖို့ လိုအပ်ပါတယ်။

အမျှားနှင့်စုပေါင်း ဆောင်ရွက်ရာမှာ သူ့အသိကတစ်မျိုးကိုယ့်အသိကတစ်မျိုး တစ်ဦးနှင့်တစ်ဦး သဘောထားချင်း တူချင်မှတူနိုင်မည်ဖြစ်သော်လည်းသူတော်ကောင်းများ ဖြစ်ကြသည် အားလျော်စွာ ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်စုပေါင်း ဆောင်ရွက်ခဲတာ်မူကြပါရန် တိုက်တွန်းစကားပြောကြားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၁၀.၁.၉ဖ ဒုတိယအကြိမ် သတ္တမအစည်းအဝေး ဩဝါဒကထာ

သတ္တလောကကြီးတစ်ခုလုံးမှာ သတ္တဝါတိုင်း၊ သတ္တဝါတိုင်း သူ့အမှု သူ့ကိစ္စ၊ ကိုယ့်အမှု ကိုယ့်ကိစ္စဆိုတဲ့ အမှုကိစ္စတွေကို ပြုလုပ်နေကြရပါတယ်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များမှာတော့ သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်တဲ့ သာသနာရေးအမှုကိစ္စတွေကို ဆောင်ရွက်နေကြရပါတယ်။

အမှုကိစ္စရယ်လို့ပြောဆိုတဲ့နေရာမှာ ကိစ္စရယ်၊ ကရဏီယရယ်လို့ ၂-မျိုးရှိပါတယ်၊ "အဝဿံ ကာတဗ္ဗံ ကိစ္စံ"=မချုတ်ကေန်အမှုန်ပင် မလွဲမသွေ ဆောင်ရွက်ပြုလုပ်ရမယ့်အမှုကို ကိစ္စဟုခေါ်ရပါတယ်၊ "ဣတရံ ကရဏီယံ" မပြုမလုပ်မဆောင်ရွက်ရင်လဲဖြစ်နိုင်တဲ့ သေးသေးမွှားမွှားပြုဖွယ်များကိုတော့ ကရဏီယဟု ခေါ်ရပါတယ်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံ ရောက်လာတဲ့ အမှုကိစ္စတွေက ရပ်/ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်တို့မှ မပြီးပြတ်သေးတာတွေကို တင်ပြလာတာဖြစ်တော့ မချုတ်ကေန်အမှုန်ပင် ပြုလုပ်ဆောင်ရွက်ကြရမယ့်ကိစ္စ ဖြစ်ပါတယ်၊ သူ့နေရာနှင့် သူ့ပညာရှင်တွေ ဆောင်ရွက်ကြတာဘဲ၊ ပညာရှင်တွေပင်ဖြစ်သော်လည်း အယူအဆခံယူချက် ဆုံးဖြတ်ချက်မတူညီကြတဲ့အခါ အောက်အဖွဲ့အစည်းဆုံးဖြတ်ချက်နှင့် အထက်အဖွဲ့အစည်း ဆုံးဖြတ်ချက်ကွဲလွဲတာမျိုး ရှိတတ်ပါတယ်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် အမှုကိစ္စဆောင်ရွက်တဲ့နေရာမှာ ဇာတ်စွဲဘဲဖြစ်ဖြစ်၊ ကရဏီယဘဲဖြစ်ဖြစ် မမှားယွင်းရအောင် လေးလေးနက်နက် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊ တိမ်းစောင်းသွားခဲ့ရင် ဗုဒ္ဓသာသနာတို့ရဲ့ ကဲ့ရဲ့သင်္ကြာဟ်စကားတင်းဆိုမှုကို ခံကြရမှာဖြစ်ပါတယ်၊ ဘုရားရှင်လက်ထက်တော်က သေဝတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ မဂ္ဂဇ္ဈာဝပုဂ္ဂိုလ်များ သာသနာပြုကြတော့ ယခုလိုကိစ္စ

ကရဏီယတွေမမျှားပါဘူး၊ ယခုခေတ်သာသနာတော်၌ ပုထုဇဉ်ပုဂ္ဂိုလ်မျှား သာသနာပြုကြရာမှာ ပုဂ္ဂိုလ်သန္တာန်ချင်း၊ အသိဉာဏ်စိတ်ဓာတ်ချင်း မတူညီကြတော့ ပြဿနာတွေ အမှုကိစ္စကရဏီယတွေ မျှားလာပါကယ်၊ ဒီကိစ္စတွေဘယ်တော့ကုန်မလဲ၊ သာသနာတော် တည်နေသရွေ့ သာသနာ့ကိစ္စတွေရှိနေမှာပဲ၊ ခေတ်ကလဲဆုတ်၊ လူကလဲဆုတ်၊ အသိဉာဏ်တွေကလဲဆုတ်လာပြီဖြစ်တော့ ရှေးခေတ်ပညာရှိကြီးတွေလို မဟုတ်ပေမယ့် တွေ့ရတဲ့အမှုကိစ္စတွေကို ကိုယ်ရှိတဲ့အသိဉာဏ်နဲ့ မမှားရအောင် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းစကားပြောကြားရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးကမ္မတ်အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

စတုဏ္ဍအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၁၇.၁.၉۷ ဒုတိယအကြိမ်အဋ္ဌမအစည်းအဝေးသြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား ဘုရားတော်များ အလှည့်ကျ ဒုတိယအဖွဲ့ခွဲ၏ အပတ်စဉ်အစည်းအဝေးကို အပတ်စဉ်လုပ်နေကျ၊ ပြောနေကျမို့ အထူးပြောစရာမရှိပါ၊ အစည်းအဝေးအချိန်နောက်ကျနေပြီဖြစ်၍ မြတ်စွာဘုရား၏ သားတော်များဖြစ်ကျသည့် အလျောက် လုပ်ငန်းကိစ္စများကို အမှားနည်း အောင်ဆောင်ရွက်နိုင်ခဲ့ကြပြီး ;ဖြစ်ပါသည်၊ ရှေးလည်းထိုနည်းအတူ တိုင်တိုင်ပင်ပင်ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်ကြရန် တိုက်တွန်းစကားမိန့်ကြားတော်မူပါ၏သည်။

ဓေတုဇူဆရာကြီး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ သဘာပတိဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တခေမာဝုဓ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ၏

သြဝါဒကထာ

၂၅-၁-၉၆ ဒုတိယအကြိမ်နဝမ အစည်းအဝေး သြဝါဒကထာ

အစည်းအဝေး ဆိုတော့ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြ ရတဲ့ အခမ်းအနားဖြစ်တာကြောင့် ပြောကြ ဆိုကြတဲ့အခါ စကားအရာ အင်္ဂါလေးတန်နှင့် ညီညွတ်တဲ့စကားများကို ပြောဆိုကြဖို့လိုအပ်ပါသည်။

"သုဘာသိတ, ပိယဝမ္မာ၊ မှန်သစ္စာ၊ လေးဖြာစကားအင်" ဆိုတဲ့ အတိုင်း စကားအရာ အင်္ဂါလေးတန်ရှိပါတယ်၊ သုဘာသိတဝါစာဖြစ်အောင် သူတော်ကောင်းများ နှစ်သက်တဲ့စကားမျိုး ဖြစ်ရပါမယ်၊ ပိယဝါစာဖြစ်အောင် ပြေပြေပြစ်ပြစ်ဖြစ်တဲ့ စကားမျိုး ဖြစ်ရပါမယ်– ဝမ္မဝါစာဖြစ်အောင် ဝမ္မလမ်းကြောင်း မတိမ်းစောင်းတဲ့ စကားမျိုးဖြင့်ရ ပါမယ်၊ သစ္စဝါစာဖြစ်အောင် မုသာဝါဒမှ ကင်းရှောင်ပြီးပြောဆိုတဲ့ စကားမျိုးဖြစ်ရပါမယ်၊ အဲဒီလိုအင်္ဂါလေးပါးနှင့် ပြည့်စုံတဲ့ စကားမျိုးဖြင့် ပြောကြ ဆိုကြ ဆွေးနွေးကြပြီး အချင်းချင်း ညီညွတ်ကြကာ သူတော်ကောင်းများ ဖြစ်ကြသည်အား လျှော် စ့ာ နှိုင်းနှိုင်း ခါန် ချိန် ပြေပြေပြစ်ပြစ် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းစကား ပြောကြား ပါသည် မဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

စကုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မှ
၄၇-ပါးစုံညီ စတုတ္ထ ကစည်းအဝေးဌာ မိန့်ကြားတော်မူအပ်သော
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဝံသအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ပြင်းခြံမြို့၊ ကိုးဆောင်ကျောင်းတိုက် ဆရာတော် ဘုရားကြီး၏
အစည်းအဝေးဖွင့်
သာရကိယ သြဝါဒကထာ

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား-

ဆရာတော်ဘုရားများကို ယခုလို ကျွန်းမာစွာဖြင့် သာသနာတော် အရေး အလေးပေးလာ ကြွရောက်တော် မူလာကြသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ မုဒိဘာတရား ပွားများရပါသည် ဘုရား။

ဆရာတော် အရှင်မြတ်တို့ ဘုရား-

ယခု စတုတ္ထအစည်းအဝေးမှာ တပည့်တော် သြဝါဒပေးလိုတာ ဟုတော့ စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယ အစည်းအဝေးဌာ တပည့်တော် ညွှန်ကြားခဲ့သည့် သြဝါဒများကို ယင်းအစည်းအဝေးကပင် လုပ်ငန်း လမ်းညွှန်ချက်အဖြစ် ခံယူ၍ တာဝန်ကျ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်ဘုရား။ ယင်းလမ်းညွှန်

ချက်များအနက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးသော လမ်းညွှန်ချက်နှင့် အကောင်အထည် မဖော်ရသေး မဆောင်ရွက် ရသေးသော လမ်းညွှန်ချက်များကို ပြန်လည် စိစစ်ပြီး အကောင်အထည် မဖော်ရသေး = မဆောင်ရွက်ရသေးသော လမ်းညွှန်ချက်များကို အကောင်အထည် ပေါ်အောင် ဆက်လက် ဆောင်ရွက်တော် မူကြပါရန် သတိပေးတိုက်တွန်းပါသည် ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား-

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓသာသနာတော် အခြေခိုင်အောင် ရည်ရွယ်၍ ဖွင့်လှစ် သင်ကြားစေခဲ့သော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုလည်း လျစ်လျူရှုမထားဘဲ ဖွင့်ပြီးကျောင်းများ တိုးတက်လာအောင်, မဖွင့်ရသေးသော ဒေသများ၌ အသစ်ထပ်မံ ဖွင့်လှစ် နိုင်အောင်, ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားပေးနေကြသော ဘုန်းတော်ကြီးများ စိတ်ဓာတ်မကျအောင် တွန်းအားပေးကာ ချီးမြှောက် စောင့်ရှောက်တော် မူကြရန်လည်း တိုက်တွန်းပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ ဘုရား-

ထို့ပြင် ဗုဒ္ဓသာသနာနှယ်ဝင် သီလရှင် အဖွဲ့အစည်း အခြေခံစည်းမျဉ်း ပြင်ဆင်ရန်နှင့် လုပ်ထုံးလုပ်နည်း ရေးဆွဲရန် ကိစ္စများကိုလည်း ပြင်ဆင်ရေးဆွဲပြီးပါက ဗုဒ္ဓသာသနာနှယ်ဝင် သီလရှင် အဖွဲ့အစည်းများကို အလျင်အမြန် စနစ်တကျ ပြန်လည် ဖွဲ့စည်းရေးကိုလည်း ကြောင့်ကြစိုက် ဟော်မူကြစေလိုပါသည် ဘုရား။

ဆရာတော် အရှင်မြတ်တို့ ဘုရား-

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ တတိယအစည်းအဝေး၌ နိုကာယ်ငါးရပ်ပါဠိတော်စာမေးပွဲ မေးခွန်းထုတ်

စည်းမျဉ်း ပြင်ဆင်ရန်ကိစ္စကို စဉ်းစားတော်မူကြပါဟု တပည့်တော် တိုက်တွန်းခဲ့ပါသည် ဘုရား၊ ဤကိစ္စကိုလည်း လျစ်လျူရှုတော်မမူကြဘဲ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲ မေးခွန်းထုတ်စည်းမျဉ်း ပြင်ဆင်ရေးကိစ္စ အလျင်အမြန် အကောင်အထည် ပေါ်အောင် ညွှန်ကြားဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းပါသည် ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား။

နိကာယ်ငါးရပ် ပါဠိတော် စ မေးပွဲ မေးခွန်းထုတ် စည်းမျဉ်းကို ပြင်ဆင်သတ်မှတ်၍ တစ်စတစ်စ အဆင့်အတန်း မြှင့်တင်ပေးပြီး အဆင့်အတန်း ပြည့်မီလာသည့်အခါ ယင်ကဲ့သို့ ကပည့်တော် တိုက်တွန်းခဲ့ဖူးတဲ့ ဝိနယပိဋကတ်ရဲ့ ပုဂ္ဂိုလ်မျိုးကို ဓမ္မ စရိယ စာချတန်း ဝင်ရောက် ဖြေဆိုခွင့်ပြုရေးကိုလည်း စဉ်းစား ပေးတော်မူကြရန် ဘာင်းပန်လျှောက်ထားပါသည် ဘုရား။

ဆရာတော် အရှင်မြတ်တို့ ဘုရား-

တပည့်တော် နိုဂုံးချုပ် လျှောက်ထား လိုသည်မှာ – တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးသည် ဝိနိစ္ဆယဇရေးရာ သာသနာရေးရာ ပညာရေးရာဆိုတဲ့ သာသနာ့ရေးရာ သာသနာ့ကိစ္စအဝဝတို့ကို နောက်ဆုံး အဆင့်အနေဖြင့် အပြီးသတ် ဆောင်ရွက်ပေးရသည့် အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့ ဧစည်းကြီး ဖြစ်ပါသည် ဘုရား။ ယင်းသို့ အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီး ဖြစ်သည့်အားလျှော်စွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက ဝိနိစ္ဆယရေး, သာသနာရေး, ပညာရေး ဆိုတဲ့ သာသနာ့ရေးရာ သာသနာ့ကိစ္စအဝဝတို့ကိုအမှန်ဆုံးနှင့်အကောင်းဆုံးဖြစ်အောင် ဆောင်ရွက် ပေးနိုင်လိမ့်မည်ဟု ရဟန်းရှင်လူ ပြည်သူအားလုံးတို့က တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို အားကိုးတကြီးဖြင့် မျှော်လင့်အားထား နေကြတယ်ဆိုတာကို ဆရာတော်များ သိတော်မူကြပြီး ဖြစ်ပါသည် ဘုရား။

ရဟန်း ရှင် လူ ပြည်သူအားလုံးတို့ မျှော်လင့် အားထားသည့်အတိုင်း တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးကလည်း သာသနာ့ရေးရာ သာသနာ့ကိစ္စအဝဝတို့ကို ချုတ်ယှင်း တိမ်းပါးမှုနည်း နှိုင်သမျှနည်း၍ ကောင်းသည်ထက် ကောင်းအောင် ဆောင်ရွက်နှိုင်မှသာ တာဝန် ကျေပွန်မည် ဖြစ်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား-

သစ်ပင်စသည်တို့မှ လိမ့်ကျသူတို့အနက် နိမ့်ရာအရပ်မှ ကျသော သူထက် မြင့်ရာ အရပ်မှ ကျသောသူက များသောအားဖြင့် ပို၍ အကျနာ သကဲ့သို့ အောက်အောက် သံဃာ့အဖွဲ့အစည်းများ မှားယွင်းဆောင်ရွက် မိသည်ထက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက မှားယွင်း ဆောင်ရွက်မိပါလျှင် "ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ" ဆိုသကဲ့သို့ ပရိယတ္တိဝေးကြီး သင်ရောက်၍ဝိပဿနာသာရအဖြစ်ကြီးဖြစ်ကာတစ်သက်တာ သာမက အနာဂတ်ဘဝများပါ နစ်နာသွားမည့် အရေးကို ဆင်ခြင် စဉ်းစား နှလုံးထားတော်မူကြလျက် ချုတ်ယှင်းတိမ်းပါးမှု နည်းနှိုင်သမျှ နည်းအောင် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-ဗိုလ်ငါးဖြာကို ထက်သန်စွာ ပြုတော်မူကြ၍ ကြိုးစား ဆောင်ရွက်တော် မူကြပါဟု တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယ သြဝါဒကထာကို ဤမှာပင် ကမ္ပတ်ဖုံး၍ နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ ဘုရား။

ဘဒ္ဒန္တသောဘိတ
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

ရက်စွဲ။ ၁၃၅၇-ခုနှစ်၊ တပေါင်းလဆန်း (၇) ရက်
၁၉၉၆-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့
ဒုတိယ အစည်းအဝေး သဘာပတိ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဧာတကမြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏
–အစည်းအဝေးဖွင့်

သာရကိယ ဩဝါဒကထာ

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ ကာယစိတ္တ နှစ်ဝသော သာမဂ္ဂီ အယ်အညွှတ်ပေးကာ ကြွရောက်လာတော် မူလာကြွသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးရှိသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်သူမြတ်တို့ဘုရား–

ကိုယ်၏ ပင်ပန်းနှမ်းနယ်မှုကို ဂရုမထားဘဲ သာသနာတော်အရေးကို အလေးပေးကာကြွရောက်တော်မူလာကြသော ဆရာတော်များကို ယခုလို ရှင်လန်းကျန်းမာစွာ တွေ့မြင်ရပါသဖြင့် တပည့်တော်မှာနှစ်သက်ရှင်လန်းဝမ်းမြောက်မှု ပီဟိသောမနဿများ တန့်ဖိုး ဖြစ်ရပါသည် ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား—

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ လွန်ခဲ့သော ၁၃၇၂-ခုနှစ် နယုန်လဆန်း(၁၁)ရက်မှ(၁၄)ရက်ထိ (၄)ရက်တိုင်တိုင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်း အဝေးကြီးကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်း အဝေးကြီးက–

– သံဃာ့အဖွဲ့ကစည်း အခြေခံစည်းမျဉ်း၊

– သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊

ဝိနည်းဓမ္မကံ အမိုက္ခရုဏ်းမှုခင်းများ ပေါ်ရှင်း သုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို အတည်ပြု ပြဋ္ဌာန်းလျက် ယင်းအတည်ပြု ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းပြီးလျှင် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်လာခဲ့ကြသည်မှာ (၅)နှစ်သက်တမ်း (၃)ကြိမ် ကျော်လွန်၍ ယခု စတုတ္ထသက်တမ်းမှာပင် တစ်နှစ်တင်းတင်း ပြည့်ခဲ့ပါပြီဘုရား။

ထိုစတုတ္ထသက်တမ်း တစ်နှစ်ကာ ကာလအဘွင်း၌ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် အဖွဲ့၏ တာဝန်ပေးချက်အရ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ၊ သာသနာရေးရာ ဆောင်ရွက်ချက်များ ပရိယတ္တိ ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း၁၇၊ အပိုဒ်-၁၂၀-အရ သီးခြားအစီရင်ခံစာဖြင့်ဆရာတော်များ၏လက်တွင်းသို့ အပ်နှင်းဆက်ကပ် ထားပြီးဖြစ်ရာ ယင်းအစီရင်ခံစာပါ ဆောင်ရွက်ချက်များကို ဆရာတော် များကသံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း-၁၆၊ အပိုဒ် ၁၀၀၊ အပိုဒ်ခွဲ(၃)အရ အကြံသဘောဖြင့် ဝေဖန် ဆွေးနွေးတော်မူကြပြီးလျှင် ပြင်ဆင်ဖွယ်ရှိသည်များကိုပြင်ဆင်, ဖြုတ်ပယ် သင့်သည်များကို ဖြုတ်ပယ်အကြံပြုသင့်သည်များကို အကြံပြုတော် မူကြလျက် အတည်ပြုပေးတော်မူကြရန် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား–

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆိုသည်မှာ- နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့က [သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း-အခန်း

(၃)၊အပိုဒ် ၂၀၊ ၂၁၊ ၂၂၊သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ(ပြင်ဆင်ပြည့်စုတ်ချက်)အခန်း ၅၊ အပိုဒ်. ၂၅နှင့် အခန်း(၁၆)အပိုဒ်၁၀၀၊ အပိုဒ်ခွဲ(၈)တို့အရ]ဂိုဏ်းပေါင်းစုံ သံဃာ့အာညီးအဝေးကြီးမှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် သာသနာ့ဂေါ်စီများကို အဂေါ်ဘဏ္ဍာပြုပြီး ဆောင်ရွက်ရန် ပွဲစည်းတာဝန်ပေးကားသော အဖွဲ့အစည်းပင် ဖြစ်ပါသည်ဘုရား။

သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များပင် ဖြစ်ရက ; နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့၏ ဆောင်ရွက်ချက်များကိုနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များဟု သတ်ပေါက် သိမြင်တော်မူကြကာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးများ၌ အကြံကောင်းဉာဏ်ကောင်း များပေးရ၍ အထောက်အကူပြုတော်မူကြပါရန် လေးလေးနက်နက် ကိုးကွယ်တိုက်တွန်းပါသည်ဘုရား။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဝိုင်းဝန်းကူညီမှုကိုရခဲ့ပါလျှင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဘက်မှ၏ ကာဝန်ပေးချက်အရ ဆောင်ရွက်နေရသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ချက်များ အထူး ဟိုးတက်ကောင်းမွန်လာနိုင်ပါသည် ဘုရား။

ဆရာတော် အရှင်ပြက်တို့ဘုရား—

ယခု စတုတ္ထသက်တမ်းမှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ချက်များသည် ယခင် ပထမ ဒုတိယ တတိယ သက်တမ်းများမှာ သက် အထူးတိုးတက်ကောင်းမွန်လာလိမ့်မည်ဟု သံဃာထုအများစုက မျှော်လင့်နေကြသည်ကို ဆရာတော်များ သင်တော်မူကြပါလိမ့်မည် ဘုရား။

ယင်းသံဃာထုအများစု၏ မျှော်လင့်ချက် ပြည့်ဝအောင် ဆောင်ရွက်ဖို့ အရေးမှာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကိုခ ညီးလုံးဝပုံ၍ အားကိုးနေခြင်းဖြင့် ဖြစ်လာနိုင်မည်မဟုတ်ပါ"တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်း အားဖြင့် ယူသော်ရ၏"ဟူသော ဆိုရိုးစကားနှင့် အညီ

နိုင်ငံတော်ဗုဒ္ဓဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ, ပြည်နယ်/တိုင်းမြို့နယ် သံဃနာယကအဖွဲ့များ အားလုံး တက်တက်ကြွကြွ အဓိပတိတပ်သော လုံ့လဝီရိယဖြင့် တက်ညီလက်ညီ ဂိုဏ်းဝန်းဆောင်ရွက်ကြမှသာ ဖြစ်လာနိုင်ပါမည်ဘုရား။ သို့မှသာလျှင် "စုပေါင်းဆောင်ရွက်ခြင်း စုပေါင်းဦးဆောင်ခြင်း စုပေါင်းဆုံးဖြတ်ခြင်း" ဆိုတဲ့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါအခြေခံမူများနှင့် ကိုက်ညီမည် ဖြစ်ပါသည်ဘုရား။

ဤအချက်နှင့်စပ်လျဉ်း၍ အနည်းငယ် ဆက်လက် တင်ပြလိုပါသည်ဘုရား၊[သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ(ပြင်ဆင်ဖြည့်စွက်ချက်) အခန်း(၁၇)အပိုဒ်၁၁၀၊ အပိုဒ်ခွဲ(စျ)ဖြင့် ပေးအပ်ထားသော လုပ်ပိုင်ခွင့် တာဝန်အရ] နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က နိုင်ငံတော်သီးခြားဝိနည်းဓိမ္မ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ထိုနိုင်ငံတော် သီးခြားဝိနည်းဓိရ်အဖွဲ့များက အဓမ္မဟု ဆုံးဖြတ်ထားသော ဝါဒများယခုအခါ ပြန်လည်ခေါင်းထောင်လာနေသည်ဟု ကြားသိနေရပါသည်ဘုရား။ ယင်းအဓမ္မဝါဒများကို အချို့က ကျိတ်ဝိုင်းဖွင့်၍ ဟောပြောနေကြကြောင်း၊ အချို့ကပိဋကတ်တော်နှင့်ညီညွတ်သော အကြောင်းအရာများကို ဟောပြောလျက် မိမိတို့၏အဓမ္မဝါဒကို အနည်းငယ် အနည်းငယ်ကြားညှပ်၍ ဟောနေကြကြောင်း,ကြားသိနေရပါသည်ဘုရား။ အချို့ကမူ အင့်, အရယ် တရားများကိုပင် ခပ်ပြောင်ပြောင် ဟောပြောပြသနေကြသည်ဟု ကြားသိနေရပါသည်ဘုရား။ သံဃဝိနိစ္ဆယအဖွဲ့များက"အသုဒ္ဓ"၊"နေဝသုဒ္ဓနာသုဒ္ဓ"ဟု အဆုံးအဖြတ်ခံထားရသော ပုဂ္ဂိုလ်အချို့ပင် သက်နှံးဝတ်ဖြင့် ဒေသပြောင်းရွှေ့၍ နေကြသည်လည်း မနည်းလှပါဘုရား။ ဤကိစ္စမျိုးကို "ဆန်စင်ရာ ကျည်ပွေ့မလိုက်နိုင်" ဆိုသလို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က နေရာအနှံ့ လိုက်လံ၍ သီနိုင်,ဆောင်ရွက်နိုင်မည် မဟုတ်ပါဘုရား။ ရပ်/ကျေး, မြို့နယ် ပြည်နယ်/တိုင်း သံဃနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗုဒ္ဓဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအားလုံး ညီညီညွတ်ညွတ်

ဝိုင်းဝန်းဆောင်ရွက်မှုသာ ဤသို့သော မလိုလားအပ်သော သာသနာ့ရန်စွယ်များ ကင်းရှင်းပယျောက် သွားနိုင်မည်ဖြစ်ပါသည် ဘုရား။

ဆရာပေါ်အရှင်မြတ်တို့ဘုရား-

အရှင်မြတ်တို့ကို တိုက်တွန်းလိုသည်မှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဗုဒ္ဓဘာသာဝင် ဒကာ-ဒကာမတို့၏ သားငယ် သမီးငယ်များ မြတ်စွာဘုရား၏ အဆုံးအမတော်နှင့် မကင်းဝေးရေးအတွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ပေါ်ပေါက်လာအောင် သာသနာရေးဝန်ကြီးမှ တာဝန်ဆင့် ပညာရေးဝန်ကြီးထံ မေတ္တာရပ်ခံခဲ့ရာ ယခုအခါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အထိုက်အလျောက် ပေါ်ပေါက်လာခဲ့ပါပြီဘုရား။ ယင်းပေါ်ပေါက်ပြီးကျောင်းများ တည်တံ့ခိုင်မြဲ၍ တိုးတက်လဲ့အောင်,မပေါ်ပေါက်သေးသောဒေသများမှာပေါ်ပေါက်လာအောင်,ကျောင်းဖွင့်သင်ကြားပေးနေသော ရဟန်းတော်များ စိတ်ဓာတ်မကျအောင် တွန်းအားပေးလျက် အဖက်ဖက်မှ ကူညီစောင့်ရှောက်တော်မူကြပါရန်ကိုလည်း တိုက်တွန်းပါသည်ဘုရား။

နောက်တစ်ခု လျှောက်ထားလိုသည်မှာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးပြီးသည့်အခါတိုင်း မိမိတို့သက်ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကများနှင့်မြို့နယ်သံဃနာယကများအား အစည်းအဝေးအတွေ့အကြုံများကို ထပ်ဆင့် ရှင်းလင်းကြလျက် ထိုသံဃနာယကအဖွဲ့အစည်းများ မိမိတို့တာဝန်များ၌ စိတ်ပါဝင်စားလျက် တက်တက်ကြွကြွ ဆောင်ရွက်ချင်လာအောင် လှုံ့ဆော်တိုက်တွန်း ပေးကြ စေလိုပါသည်ဘုရား။ အစည်းအဝေးခေါ်ယူ၍ ရှင်းလင်းရန်မဟုတ်ပါ၊ ပြည်နယ်/တိုင်း မြို့နယ်သံဃနာယကအဖွဲ့ ပုံမှန်အစည်းအဝေးများ၌ ကြုံရောက်၍ ရှင်းလင်းရန်,လှုံ့ဆော် တိုက်တွန်းပေးကြရန်သာ ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

နိုဂ္ဂုံးချုပ်လျှောက်ထား လိုသည်မှာ-[သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ(ပြင်ဆင်ဖြည့်စွက်ချက်)အခန်း(၁၆)အပိုဒ်·၁၀၇နှင့်၁၀၈၊ အပိုဒ်ခွဲ(က)တို့အရ] မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသာမဏေ အားလုံးကို တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းကိုစု သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်မှုကို တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စဟူသမျှသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဖြစ်ကြသည့် တပည့်တော်တို့,အရှင်ဘုရားတို့ အားလုံး၏ တာဝန်ကြီး ဖြစ်သည်ဟု သဘောပေါက် သိမြင်တော်မူကြကာ-

(က) သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန်၊

(ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး နေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်၊

(ဂ) ပရိယတ္တိသာသနာတော် တိုးတက်စည်ပင်ပြန့်ပွားစေရန် ကူညီ, ထောက်မ၍ ပိဋကတ်တော်နှင့်မည်သော ရေးသားခြင်း ဟောပြောခြင်း,ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်၊

(ဃ) ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်၊

(c) သံဃာတော်များသည် ဂန္ဓဓုရ ဝိပဿနာဓုရ ၂-ပါးလုံးကိုသော်လည်းကောင်း,အနည်းဆုံး ဓုရတစ်ပါးကိုသော် လည်းကောင်း ဆောင်ရွက်စေရန်၊

(စ) သာသနာတော်ဒကျိုး သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြွေးသည်ယော်သည်မဟု စည်းလုံးညီညွတ်မှုကိုရှေး

ရှေ့၌ ဆောင်ရွက်ကြရန်ဟူသော သံဃာ့အမှုအစည်း အဆင့်ဆင့် ပွဲစည်းမှု၏ ရည်ရွယ်ချက်မျှား ပြည့်ဝအောင်မြင်အောင် ယောနိ-သောမနသိကာရ လက်ကိုင်ထားကြလျက် အားထုတ်ဆောင်ရွက်တော် မူကြပါရန် တိုက်တွန်းလျက် တပည့်တော်၏ သာဂရဏီယ ဩဝါဒကထားကို ဤမှာပင် ကမ္ဘတ်ဖုံးရှိ နိဂုံးချုပ် အပ်ပါဘည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

စာတွဲအကြီး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏
ဒုတိယဥက္ကဋ္ဌဓမ္မာစရိယတော်
ဘဒ္ဒန္တကုသလသာမိ (အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာများ

၆.၃.၉۶ ပဏမအကြိမ်ပထမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ တပည့်တော် လျှောက်ထားလိုသည်မှာ အရှင်မြတ်များနှင့် တပည့်တော်များသည် မြတ်စွာဘုရားသခင်အလိုကျ နေထိုင်ကျင့်ကြံသွားကြဖို့ လိုအပ်လိမ့်မည်ဟု လျှောက်ထားလိုပါသည်ဘုရား၊ ပုဂ္ဂိုလ်ကြီးငယ်တစ်ဦးနှင့် တစ်ဦး ပြောဆိုလုပ်ကိုင်ဆက်ဆံကြရာမှာ ပေးနိုင်ခဲတဲ့အရာကို ပေးမှ ဒုဒ္ဒဒံ ဒဒါတိ,ဆိုတာ ဖြစ်ပါတယ်၊ မိမိတို့သမ္ဘတ္တဖြစ်တဲ့ အခြားပုဂ္ဂိုလ်တစ်ပါးမှာ အရေးတကြီးလိုအပ်နေရင် ပေးနိုင်ရမယ်၊ နောက်တစ်ခုက ဒုက္ခမံ ခမတိ,သည်းခံနိုင်ရန် ခက်ခဲတဲ့အရာမှာ သည်းခံနိုင်ဖို့ အလေ့အကျင့်ရှိရမယ်၊ အခု တပည့်တော် တို့အရင် ရှေက ဆရာတော်များ ဆောင်ရွက်ပြီးလို့ အနားယူသွားကြတော့ တပည့်တော်တို့မှာ အလိုလို တာဝန်ကျလာပြန်ပါတယ်၊ ဒီလိုတာဝန်ကျလို့ဆောင်ရွက်ကြရတဲ့နေရာမှာ ဒုက္ခရုံ ကုထောတို,ပြုနိုင်ခဲတဲ့အမှုတွေကို တွေ့ကြုံလာတဲ့ကိစ္စအားလျော်စွာ ပြုကြရပါမယ်၊ပြုလုပ်ကြရတဲ့အခါမှာ ဥက္ကဋ္ဌနှင့်အကျိုးဆောင်ဆရာတော်လုပ်ရင်လဲပြီးတာပဲဆိုပြီး နေရန်မဟုတ်ပါဘူး၊ အရာရာတိုင်းမှာအတူတက္ခ ဝိုင်းဝန်းကူညီပြီး လုပ်ကြရမှာဘဲဖြစ်ပါတယ်။ တစ်ပါးတည်းလုပ်၍မဖြစ်၊ ဥက္ကဋ္ဌနှင့်အကျိုးဆောင်ချည်းလုပ်၍မဖြစ်၊ အားလုံးသိပြီးမှလုပ်ရ

မှာတွေ့လဲရှိမှာပါဘဲ သို့အတူက် ဒုက္ခရုံကရောတို့ ပြုနိုင်ခဲတဲ့ ကိစ္စတွေကို ကိစ္စအားလျော်စွာ ပြုလုပ်ဆောင်ရွက်ကြတဲ့အခါမှာ အားလုံးဝိုင်းဝန်း ကူညီဆောင်ရွက်ပါလို့ တိုက်တွန်းရင်း တပည့်တော်၏ ဩဝါဒကထာ ကို နိဂုံးချုပ်ပါသည်ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား။

၁၃-၃-၉၆၊ ပထမအကြိမ် ဒုတိယအစည်းအဝေး ဩဝါဒကထာ

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော် မျှားသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကိုယ်စား တတိယအဖွဲ့ခဲ့ အနေဖြင့် ဝိနိစ္ဆယရေး၊သာသနာရေး၊ပညာရေး လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက် လုပ်ကိုင်ဆောင်ရွက်နေကြပါပြီ ဘုရား၊ ထိုကဲ့သို့ ဆောင်ရွက်တဲ့ အခါ သတိသမ္ပဇဉ် ရှိဖို့လိုပါသည် ဘုရား၊ လုပ်ငန်းအဖေါ်ဌ မမေ့သော သတိနှင့်သိတဲ့ပညာ အနေအားဖြင့် သမ္ပဇဉ်လေးပါး လက်ကိုင်ထားပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း သမ္ပဇဉ်လေးပါးမှာ—

(၁) သတ္ထကသမ္ပဇဉ်–အကျိုးရှိ-မရှိ ကြိုတင်သိခြင်းကိုသတ္ထကသမ္ပဇဉ် လို့ ခေါ်ပါသည်။

(၂) သပ္ပါယသမ္ပဇဉ်–အကျိုးရှိတဲ့ ကိုစ္စပင် ဖြစ်စေကာမူ တော်၏ မတော်၏ မျှော်ကြည့်ပြီး ထပ်ဆင့်ကြိုတင် ဆင်ခြင်သိမြင် တာကို သပ္ပာယသမ္ပဇဉ်လို့ခေါ်ပါသည်။

(၃) ဂေါစရသမ္ပဇဉ်–ရှုမှတ်စရာကို အစဉ်မပြတ် ရှုမှတ် နေတာကို ဂေါစရသမ္ပဇဉ်ဟု ခေါ်ပါသည်။

(၄) အသမ္မောဟသမ္ပဇဉ်–သိစရာ ရှုမှတ်စရာ၏ မမြဲခြင်း စသော သဘောကို ဆင်ခြင် သိမြင်တာကို အသမ္မောဟ သမ္ပဇဉ်လို့ ခေါ်ပါသည်။

အထက်ပါ သမ္ပဇဉ်(၄)ပါးကို လက်ကိုင်ထားပြီး လုပ်ငန်းခွင်၌ မမှား မယွင်းရအောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ် ပါစေယ်ဘုရား။

စတုတ္ထအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယကဖွဲ့ခဲ့)၏
သဘာပတိအကျိုးဆောင်ဆရာတော်
ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ)၏

ဩဝါဒကထာ

၂၂-၃-၉၆၊ ပထမအကြိမ် တတိယ အစည်းအဝေး ဩဝါဒကထာ

ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရား၊ အခါတိုင်း အပတ်စဉ် အစည်းအဝေးများ၌ ဥက္ကဋ္ဌဆရာတော်များ သဘာပတိအဖြစ် ဆောင်ရွက်၍ ဩဝါဒပေးကြသည့် ဒုတိယဥက္ကဋ္ဌ ဆရာတော်များ ခရီးလွန်နေသဖြင့် တပည့်တော်က သဘာပတိ ဥက္ကဋ္ဌဆရာတော်များ၏ ကိုယ်စား ဩဝါဒကထာ မိန့်ကြားရမှာ ဖြစ်ပါသည်။

အပတ်စဉ်တိုင်း ဆရာတော်များ အဖွဲ့သည် ဝိနိစ္ဆယအရေး သာသနာရေး၊ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ထုတ် ညှိနှိုင်းတိုင်ပင်ဆောင်ရွက် နေတာ ဖြစ်သည်၊ မဆောင်ရွက်ရသေးသော အမှုများကို ပြီးအောင် ဆောင်ရွက်ကြဖို့၊ မှတ်တမ်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်ကြရန်ဖြစ်ပါသည်ဘုရား။

ဝိနိစ္ဆယလုပ်ငန်းများနှင့် ပတ်သက်၍ ဝိနည်းဓိုရ် ဆရာတော်များ ပင့်ဆောင်ပြီး အပရဂေါယာန ကျောင်းဆောင်၌ သီတင်းသုံး၍ လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါသည်၊လုပ်ငန်းများ ကြာရှည်စွာလုပ်ကိုင်လာကြရသောကြောင့်ရိုးလာပြီး ပေါ့ပေါ့တန်တန်ထားတတ်ကြပါသည်၊ဆရာ

တော်ရှိများ၏ လိုအပ်ချက်များကို ဂရုစိုက်ကြ၍၊ ဥပတ္တမ္ဘကများကလည်း ဝေယျာဝစ္စများကို လိုအပ်သလို ကူညီဆောင်ရွက်ကြ၍၊ တာဝန်မဲ့သလို ဖြစ်မနေကြစေလိုကြောင်း၊ ဆောင်ရွက်စရာကိစ္စများကို ဆောင်ရွက်ပေးကြ၍ ဖြစ်ပါသည်။

ပရူပဝါဒဘေးကိုဥက္ကဋ္ဌ၊အကျိုးတော်ဆောင်ဆရာတော်မျိုးကအတတ်နိုင်ဆုံး ပြေရှင်းစိစစ် ဆောင်ရွက်ကြ၍လိုပါသည်။

ဝိနိစ္ဆယနှင့် ပတ်သက်လာလျှင် ဆရာတော်များ အားလုံး ဝိုင်းပြီး ဆောင်ရွက်ကြလျှင် ပြည့်စုံပါကြောင်း အရေးကြီးသည်မှာ ဝိနိစ္ဆယရှုံးပြီး နိုင်ငံတော်သို့ အသနားခံ တက်လာသည့်အခါ ယင်းမှုခင်းကို ၁၅-ပါးလုံး သိတာ ပိုကောင်းပါသည်။ သို့မဟုတ် ၅၆(ဂ)ဖြင့် ဆောင်ရွက်တဲ့အခါ အားလုံးအမှားအမှန်ကိုမြင်ပြီး အကောင်းဆုံး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကိစ္စများကို အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြပါဟု နိုးဆော်ချက်စကားမိန့်ကြားတော်မူပါသည်။

စတုတ္ထအကြိမ်

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏
သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တကုသလသာမိ(အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာများ

၂၀-၃-၉၆ ပထမအကြိမ် စတုတ္ထအစည်းအဝေး သြဝါဒကထာ

၁၃၅၇–ခုနှစ်၊တန်ခူးလဆန်း(၁၀)ရက်ကြာသပတေးနေ့တွင် ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် စတုတ္ထအစည်းအဝေး၌ တပည့်တော်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အပက်စဉ် အစည်းအဝေးဆွေးနွေးကြသောအခါ ဘုရားရှင်အလိုတော်ကျ ရိုးသားဖြောင့်စင်းသော စကားကို ပြောဆိုကြရမည့်အပြင် ဟုတ်မှန်ထောစကားဖြစ်ဖို့ လိုမည်ထင်ပါတယ်ဘုရား၊ တပည့်တော်တို့သည် ဟုတ်မှန်သောစကား ဖြစ်သည့်တိုင် အောင်ပြောသင့်–မပြောသင့် ချိန်ဆရမည်ဖြစ်ပါသည်၊ ပြောခွင့်ကြုံသော်လည်း ပြောသင့်မှပြောရမည်၊ ပြောဖို့ရန် အချိန်ကျမကျ ချိန်ဆဖို့ လိုမည်ဖြစ်ပါတယ်ဘုရား၊ မိမိပြောသောစကား၊ တရားနည်းလမ်းကျသော စကားဖြစ်ဖို့လည်းလိုမည်ဖြစ်ပါတယ်ဘုရား။ ဒါအပြင်မိမိပြောသောစကားသည် အကျိုးရှိသော စကားလည်း ဖြစ်ဖို့လိုပါကြောင်း လျှောက်ထားရင်း တပည့်တော်စကားကို နိဂုံးချုပ်ပါသည်ဘုရား။

၇-၄-၉၆ ပထမအကြိမ် ပဉ္စမအစည်းအဝေး သြဝါဒကထာ

ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲဝင် တပည့်တော်များဆောင်ရွက်ရမည့် ၄-လ တာကာလအတွင်း ပေါ်ပေါက်လာမည့် ခက်ခဲရှုပ်ထွေးသော သာသနာ့အခရေးအခင်းများနှင့် စပ်လျဉ်း၍ အလွန်ကျဉ်းမြောင်းသော ဟူကိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ စိတ်မထားဘဲမြတ်စွာဘုရား၏ တရားတော်နှင့် သာသနာတော်ကိုသာ အခြေပြုသော ယူဆတော်ကောင်းစိတ်ဖြင့် ပြုစင်ဖြောင့်မတ်သောစိတ်ဖြင့် ကြည့်မြင်သုံးသပ် နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည် အရှင်မြတ်တို့ဘုရား၊ မိမိဂုဏ်ယိုတိုင် ညီညွတ်ချမ်းသာမှု တကယ်တမ်းလေးစားခြင်း လက်တွေ့ကျင့်သုံးရန် ပြစ်ပါတယ်ဘုရား၊ အခွဲခြားနေရာများ၌ အမိုဝါသန် ခန္ဓီတရားလက်ကိုင်ထားရန် လိုမှာပါဘုရား၊ သည်းခံမှုထားရှိရန် လိုအပ်သောအခါမျိုး၌ ဘုရားသားတော်များပီပီ သည်းခံနိုင်စွမ်းရှိရမှာပြစ်ပါတယ်ဘုရား၊ အဖွဲ့အစည်းအနေဖြင့် အများနှင့်စုပေါင်း၍ လုပ်ကိုင်ကြရသောအခါ မမှီစိတ်ဆန္ဒ သဘောထားနှင့် မကိုက်ညီသော အချက်များလည်း ရှိမှာပါဘုရား ရှိပင် ရှိသော်လည်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဟု ဆိုအပ်သော တပည့်တော်တို့၏ ရည်ရွယ်ချက်ကို ထိခိုက်စေမည်မဟုတ်ပါက သည်းခံကျေနပ် ကြရမည်ဖြစ်ပါတယ် အဲဒီလိုမိမိစိတ်ဆန္ဒကို ရှေတန်းမတင်ဘဲ တစ်ပါးနှင့်တစ်ပါးလေးစားလျက် တစ်ဖွဲ့၏ဆုံးဖြတ်ချက်များကို တစ်ဖွဲ့က ရိုသေလေးစားစွာ လက်ဆင့်ကမ်းဆောင်ရွက် သွားကြပါလျှင် အောင်မြင်မှာဖြစ်ကြောင်း လျှောက်ထားရင်း နိဂုံးချုပ်ပါတယ် အရှင်တို့ဘုရား။

၁၁-၄-၉၆ ပထမအကြိမ် ဆဋ္ဌအစည်းအဝေး သြဝါဒကထာ

ဆဋ္ဌအစည်းအဝေး၌ လျှောက်ထားအပ်သော အဖွင့်မိန့်ခွန်းပါဘုရား၊ နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ခွဲ အရှင်မြတ်တို့ဘုရား။ တပည့်တော် အဖွင့်စကား လျှောက်ထား လိုတာကတော့ ပြည်နယ်/တိုင်း/မြို့နယ်/

ရပ်ကွက်/ ကျေးရွာအသီးသီးတို့မှ ဖြစ်ပေါ်လာသော သာသနာ့ အရေး အခင်း အမှုကိစ္စအဝဝတို့မှာ လွန်စွာသိမ်မွေ့ နက်နဲလှခြင်းတို့ကြောင့် ရဟန်းတော်များနှင့်ဥပါသကာတို့၌ စေတနာမပါဘဲ'လျှက်လူအချင်းချင်း မကျေနပ်ဖွယ် အားမရဖွယ်ဖြစ်ရသည့် အခက်အခဲ ကိစ္စများလည်းရှိကြ မည်သာဖြစ်ပါသည်ဘုရား၊ အကယ်၍ အခက်အခဲများနှင့် ရင်ဆိုင်တွေ့ ကြုံလာပါလျှင် သာသနာ့ကိစ္စ ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တိုင်း၊ ခန္ဓီဆိုတဲ့ သည်းခံခြင်း တရားကို လက်နက်သဖွယ် ကိုင်ထားပြီး ဖြေရှင်း မှုသာလျှင် အောင်မြင်မှုရနိုင်မည်ဖြစ်ကြောင်း ထပ်လောင်း၍ လျှောက် ထားပါသည်ဘုရား၊ သဗ္ဗညု ဘုရားရှင်၏ အဆုံးအမသာသနာတော်မြတ် ကြီး အနှစ်ငါးထောင်မက သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဓမ္မဃက် အာဏာစက်တို့ဖြင့် ဆရာဒကာလက်တွဲ၍ အချက်ကျကျလုပ်ဆောင်ကြရာ တွင် မည်သို့သော အခက်အခဲများနှင့် တွေ့ကြုံကြရစေကာမူ ယဉ်ကျေး ညင်သာ၍ လွန်စွာထက်မြက်လှသော သည်းခံခြင်း ခန္ဓီလက်နက်ကို မတုန်မလှုပ်ယုံကြည်မှု သဒ္ဓါတည်းဟူသော လက်ဖြင့် ခိုင်ခိုင် မြဲမြဲအချက် ကျကျကိုင်စွဲတော်မူကြလျှက်ကိုယ့်အမှုကိုယ့်ကိစ္စဖြစ်သောသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ပြီးစီးအောင်မြင်သည်အထိ ကြိုးစား ရွက်ဆောင်တော်မူကြပါရန် လေးစားစွာ တိုက်တွန်းရင်း နိဂုံးချုပ် ပါသည် အရှင်မြတ်တို့ဘုရား။

၁၉-၄-၉၆ ပထမအကြိမ် သတ္တမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ယနေ့ အဖွင့်မိန့်ခွန်းကတော့–

"အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တမနုရက္ခထ။

ဘိက္ခဝေါ=ရဟန်းတို့၊ တုမ္မေ-သင်တို့သည်၊ အပ္ပမတ္တာ-မမေ့မလျော့ကြကုန်သည်ဖြစ်၍၊ သတိမန္တော-သတိရှိကြကုန်သည်၊ ဟောထ၊ ဖြစ်ကြကုန်လော့၊ သုသီလာ-ကောင်းသော သီလရှိကြကုန်သည်၊ သုသီလာ-ကြီးစင်သန့်ရှင်း အပြစ်ကင်းသော သီလရှိကြကုန်သည်၊ ဟောထ-ဖြစ်ကြကုန်လော့၊ ဘိက္ခဝေါ=ငါ၏ချစ်သား ရဟန်းများတို့၊ တုမ္မေ-သင်တို့သည်၊ သုသမ ဟိတ သက်ပွါ-ကောင်းသော တည်ကြည်ခြင်း၊ ကောင်းသောအကြံရှိကြကုန်သည်ဖြစ်၍၊ သစိတ္တံ-မိမိ၏ကရုဏာ မေတ္တာ ခန္တီကင်းတတ်သောစိတ်ကို၊ အနုရက္ခထ-မကင်းရအောင် စောင့်ရှောက်ကြကုန်လော့ဟု ဆိုဆုံးမခဲ့ပါသည်။

အဟက်ပါမြတ်စွာဘုရား၏ အဆုံးအမ ဒေသနာတော်၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟု ဆိုအပ်သော သီလကွန်မဂ္ဂင်(၃)ပါး၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟု ဆိုအပ်သော သမာဓိကွန်မဂ္ဂင်သုံးပါး သမ္မာဒိट्ठि သမ္မာသင်္ကပ္ပဟု ဆိုအပ်သော ပညာကွန်တို့နှင့် ပြည့်စုံစွာ ရှိကြကုန်၍ ရှိအောင်ကျင့်ကြံကုန်၍ မိမိတို့၏ မေတ္တာကရုဏာ ခန္တီကင်းသော စိတ်ယုတ်စိတ်ညံ့ကို စောင့်ရှောက်ကြရမည်ဟု ဆိုထားသည့်အတွက်ကြောင့် တပည့်တော်တို့သည် သီလသမာဓိပညာပြည့်စုံစွာဖြင့် မိမိတို့ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ဖြစ်သော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအလုပ်များကို မိမိတို့အချင်းချင်းညီညွတ်စွာဖြင့် ဓမ္မဝိနယအတွင်း၌ တည်ရှိကြစေကာ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ် ဆရာတော် အရှင်မြတ်တို့ဘုရား။

၂၄-၄-၉၆၊ ပထမအကြိမ် အဌမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား၊ တပည့်တော်များ သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နေရသော သာသနာ့ပိုင်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တရားတော်ကိုသာ အလေးထားဂရုပြု၍နေကြောင်း(ဓမ္မဂရုဇနာ ဟိ ဗုဒ္ဓါ ဓမ္မဂါရဝါ)ဟိသစ္စံ၊

ထိုစကားသည်မှန်၏။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဓမ္မဂရုနှော၊ တရားကို အလေးဂရုပြုကြကုန်၏။ ဓမ္မဂါရဝါ၊ တရားကို ရိုသေကြကုန်၏ဟု ဖွင့်ဆိုကြသည်ကို သိရှိတော်မူကြသည့်အတိုင်း မြတ်စွာဘုရား၏ တပည့်သား အဆက်ဆက်တို့သည် ဆရာဘုရား၏ စံနမူနာကိုယူ၍ တရားတော်ကို အလေးဂရုပြုခြင်း၊ တရာ·တော်ကို ရိုသေခြင်းမျှားမပြတ်ရှိခဲ့ကြပါသည်၊ တရားတော်ကို အလေးဂရုပြု၍ နေလျှင် ဘုရား မကြိုက်တဲ့ လာဘသိလောကကို ပယ်ခွာနိုင်မှာဖြစ်ပါတယ်၊ တရားသည် လူကိုချမ်းသာရာသို့ ဆောင်၏၊ မတရားသည်လူကို ဆင်းရဲသို့ဆောင်၏၊ တရားနှင့်မတရား ဤကဲ့သို့ အကျိုးအပြစ်ကွာခြားမှုရှိသည်ကို သိရပေသည်၊ လက်တွေ့အားဖြင့် တရားကိုလေးစားသူမျှားသည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းကို ရရှိနေကြပါတယ်၊ တရားကို မရှိသေမလေးစားပဲ သွေဖယ်သွားလျှင် စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းမျှားနှင့် တွေ့ကြုံရသည်ကို သိသာလှပါတယ်၊ ရဟန်းတော်မျှားအတွက်မှာ ဝိနည်းကျင့်ဝတ်စည်းမျဉ်းကိုလည်း အလေးဂရုပြုကြရပေသည်၊ ဒါကြောင့် သာသနာတွင် ရှင်ရဟန်းမျှား အလေးဂရုပြုရမည့်အရာမှာ ဓမ္မနှင့်ဝိနယသာလျှင်ဖြစ်ကြောင်း ဓမ္မဝိနယမှတစ်ပါး အခြား မည်သည့်အရာကိုမျှ အလေးဂရုပြုဖွယ်မရှိကြောင်း ထင်ရှားလှပါသည်။ လူဝတ်ကြောင်ဒကာ/ဒကာမမျှားအနေနှင့်လည်း ငါးပါးသီလအစရှိသော လူကျင့်ဝတ်မျှားနှင့် ကုသိုလ်တရားတို့ကို လေးစားရိုသေစွာ လိုက်နာ၍ ကျင့်ကြံနေထိုင်သွားရန်လိုအပ်ပါသည်။ ဤကဲ့သို့ တရားကို အလေးဂရုပြု၍ နေသွားလျှင် ဘေးအန္တရာယ်ကင်းရှင်းရုံမျှမက ကြီးပွားချမ်းသာမည်သာဖြစ်ပါ၍ ဘုရားကြိုက်သော တရားလမ်းစဉ်ကိုလိုက်၍ ကျင့်သုံးကာ ချမ်းသာစွာဖြင့် မြတ်စွာဘုရား၏သာသနာကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်ပါသည် အရှင်မြတ်တို့ဘုရား။

၃-၅-၉၆ ပထမအကြိမ် နဝမအစည်းအဝေး သြဝါဒကထာ

ယနေ့တပည့်တော်တို့ သာသနာသန့်ရှင်း တည်တံ့ ပြန့်ပွားရေး ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ကြရန် "ပုညဝဘာ ပဏ္ဍိတပုရိသေန ကတံ မနာပမေဝ ဟောတိ" ဖွင့်ဆိုကြပါတယ်၊ ပုညဝတာ–ဘုန်းကံ ရှိသော၊ ပဏ္ဍိတပုရိသေန၊ ပညာရှိသော ယောကျ်ားသည်။ ကတံ၊ ပြုအပ်သောအမှုသည် (၀၊) ပြုအပ်သောအမှုကို။ မနာပမေဝ၊ စိတ်နှလုံးကို ပွားစေတတ်သည်သာလျှင်၊ (၀၊) နှစ်သက်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ထိုကဲ့သို့ဖွင့်ဆိုကြပါသော်လည်း "ဘုန်းနှင့်သမ္ဘာ၊ ထပ်ချပ်ပါလည်း၊ ကြမ္မာဆောင်နှင်း၊ သတိယွင်းက၊ ခြေသေ့မင်းပင်၊ ဂူမမြင်တည်း" ဟု ရှေးဆရာမြတ်တို့ စပ်ဆိုကြပါသည်။ သတိတရားကား အထူးပင် အရေးကြီးလှပါသည်။ အသက်အရွယ်ကြီးရင့်လေ သတိတရားက လိုလေ၊ ယေဘုယျအားဖြင့် ဖြစ်တတ်လှပါသည်၊ ဒေရာရာ၌ သတိတရား အကျိုးမျှားကြောင်းကိုလည်း ဘုရားရှင်သည် "သတိဉ္စ ခဝါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ"ဟု သတိပဋ္ဌာန်ဝိဘင် ဒေသနာတော်၌ ဟောတော်မူပါသည်။ သတိတရား အမြဲတန်းထားနိုင်ဖို့ရာကား မြတ်စွာဘုရားမှတပါး အခြားပုဂ္ဂိုလ်မျှား မဖြစ်နိုင်ပါကြောင်း ဆိုထားပါ၍ ကြီးမားသောပညာ ထင်စွာသောသတိ၊ တည်ကြည်သောသမာဓိဖြင့် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ် ဘုရား။

စဝေးဆုံးကြေမ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယ အဖွဲ့ခွဲ)၏
သဘာပတိအကျိုးဆောင်ဆရာတော်
ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၈-၅-၉၆ ပထမအကြိမ် ဒသမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား—

ကိစ္စာကိစ္စေ သုဘာဘိစ္ဆိတံ၊
နာယကဂဏေ သု ဣဒ္ဓဏံ။

အနုရုပ်ဝ အညေပိ၊
ဂဏရေယျုံ ဥဒု စေတသာ။

ကိစ္စာကိစ္စေသု၊ ကိစ္စကြီးငယ်အသီးသီးတို့၌။ နာယကဂဏ်သု၊ နာယကဂုဏ်အင်္ဂါ (၆)ပါးတို့တွင်။ ဣဒ္ဓဏံ၊ တောင်ထိပ်နေသူသည် တောင်ထိပ်ရှိသော အရာဝတ္ထုတို့ကို စေ့စေ့စပ်စပ် ကြည့်ရှုခြင်းဟူသော အင်္ဂါကို။ အဘိစ္ဆိတံ၊ အင်္ဂါ(၆)ပါးထက် သာလွန်၍ အလိုရှိအပ်၏။ အညေပိ၊ နာယကမှတစ်ပါး အခြားသူတို့သည်လည်း။ အနုရုပ်ဝ၊ လျော်စွာ သာလျှင်။ ဥဒုစေတသာ၊ ဖြောင့်မတ်သောစိတ်ဖြင့်။ ဂဏရေယျုံ၊ ပြုကျင့်ကုန်ရာ၏။ ဟူသည်နှင့်အညီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နာယကဂုဏ်အင်္ဂါ(၆) ပါးတို့တွင်၊ ဣဒ္ဓဏံ – ရှေဆုံးကဂုဏ်အင်္ဂါနှင့် ပြည့်စုံကြွဖိုလိုပါသည်၊ အသက်အဖွဲ့အစည်းများတွင် ထိပ်ဆုံးမှ ဖြစ်နေ

ပါကြောင်း၊ အောက်ခြေအဆင့်မှ အထက်အဆင့်အထိ လုပ်ငန်းကိစ္စ မျှားကို စေ့စေ့စပ်စပ် သိကြွဖို့လိုပါကြောင်း မိမိတို့အချင်းချင်း ဆောင်ရွက်ရမည့်ကိစ္စမျှား၊ စီမံချက်ချမှုဆောင်ရွက်ရမည့် လုပ်ငန်း ပြီးစီး အောင်မြင်အောင် ဆောင်ရွက်ကြဖို့၊ ဥပတ္ထမ္ဘ ကဒါယကာ မျှားက ဆောင်ရွက်ရန်ကိစ္စမျှားကို ထပ်မပြန်အောင် ဆောင်ရွက် ကြဖို့၊လုပ်ငန်းမျှားအောင်မြင်မှု၌/မရှိအား လုံးစုံ အကုန်အစင်သိအောင်၊ ပေါက်အဖွဲ့အစည်းမျှား ဖြစ်သောပြည်နယ်/တိုင်း၊ မြို့နယ်အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းမျှားစီမံချက်ပါလုပ်ငန်းမျှား ဘယ်နေရာကဖြင့် ဆောင်ရွက်ပြီး၊ ဘယ်နေရာကဖြင့် မဆောင်ရွက်ရသေး၊ ဘာကြောင့် မဆောင်ရွက်ရသေးသလဲ စသည်ဖြင့် သယ်နေရာမျှ မလစ်ဟင်းစေဘဲ (ဂ္ဂကဏ)နာယကဂုဏ်အင်္ဂါနှင့် ပြည့်စုံပြီး၊ နှံ့နှံ့စပ်စပ် စိစိစပ်စပ်သိအောင် လုပ်ကြဖို့အောင်မြင်အောင် ဆောင်ရွက်ကြဖို့ ဖြစ်ပါကြောင်း၊

ထို့ကြောင့် ဆရာတော်မျှားက အောက်ခြေမှအထက် အဆင့်အထိ ပြည်နယ်/တိုင်း မြို့နယ်သံဃနာယက အဖွဲ့စသည်ဘို့ကို ဆောင်ရွက်စေဖို့၊ ဆောင်ရွက်ပြီး၊ မပြီးကိုလည်းသိအောင် လုပ်ကြဖို့ စိစိစပ်စပ်အောင်မြင် အောင်ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းရင်းနိုဂုံးချုပ်အပ်ပါသည်။

စာတူးအကြောင်း

နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏
ဒုတိယဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တကုသလသာမိ(အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာများ

၁၅-၅-၉၆ ပထမအကြိမ် ကောဒသမအစည်းအဝေးသြဝါဒကထာ

ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား၊ ထိုထိုအမှုကိစ္စများကို ဆောင်ရွက်တော်မူသည့်အခါများဟူ၍ နာနာဆန္ဒ-နာနာရစ်ရှိတတ်ကြောင်း သော်လည်း သာသနာတော်ကြီး၏ သန့်ရှင်း၊ တည်တံ့ပြန့်ပွားမှု၊ တစ်ခုတည်းသောအကျိုးကိုသာ ရှေရှုဆင်ခြင်တော်မူကြပြီး၊ တစ်ဦးနှင့်တစ်ဦး တစ်ဖိုဏ်းနှင့် တစ်ဖိုဏ်း ငြင်းခုံပြောဆိုခြင်းသည် ကြီးမားသော ဘေးဒုက္ခရာယ်ပင်တည်းဟု အမှန်ကိုရှုဆင်ခြင်တော်မူနိုင်ကြ၍ငြင်းခုံခြင်းအမှုများကို အထူးသဖြင့်ရှောင်ရှားတော်မူကြပြီးလျှင် ကျိုးရှိ-မှန်ကန်၊မျက်မာန်ကင်း စင်၊နှားဝင် ချိုသာ၊ ပြစ်ဆာမရှိ၊ ပကတိ-ကောင်းမြတ်သော စကားဖြင့် အချင်းချင်း ပြေပြေပြစ်ပြစ်ပြောဆို ဆွေးနွေးတိုင်ပင် နှီးနှောတော်မူကြ၍ သာသနာတော် အကျိုး ဖွံ့ဖြိုးတိုးတက်ရန် ရည်သန်ခြင်းရှိသည့် အားလျော်စွာ လုန်စွာကြီးမားသော သာသနာအစီးအပွားကို ကုသိုလ်သမ္မာဆန္ဒဖြင့် ညီညီညွတ်ညွတ် အားထုတ် ဆောင်ရွက်တော်မူမိရန် လျှောက်ထားအပ်ပါသည် အရှင်မြတ်တို့ဘုရား။

၂၂-၅-၉၆ ပထမအကြိမ် ဒုတိယသမ အစည်းအဝေး ခြေဝါဒ ကထာ

ဆရာတော်အရှင်မြတ်တို့ဘုရား၊ တပည့်တော်များ စုပေါင်းအားနှင့် ဆောင်ရွက်ကြမှသာ ဘုရားရှင် သတ်မှတ်ထားခဲ့သော သာသနာတော် သုံးရပ်တွင် ကန်ဘောင်ရိုးနှင့်တူသော ပရိယတ္တိသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားနိုင်ပါမည်၊ ပရိယတ္တိ သန့်ရှင်းတည်တံ့ ပြန့်ပွားမှုလည်း ရေနှင့်တူသော ပဋိပတ္တိသာသနာတော်လည်း သန့်ရှင်းပြန့်ပွားနိုင်ပါမည်။ ကန်ဘောင်ကန်ရိုး ရေ ပရိယတ် ပဋိပတ် သန့်ရှင်းတည်တံ့ပါက ကြာနှင့်တူသော ပဋိဝေဓ မဂ္ဂဖလ နိဗ္ဗာနသာသနာတော် မြတ်လည်း သန့်ရှင်းတည်တံ့လျက် မဆိတ်မသုဉ်းဘဲတည်ရှိနေပါမည် အရှင်မြတ်တို့ဘုရား။

သို့ပါသောကြောင့် ဂိုဏ်းစုံ ဒေသစုံ အတွင်းမပါဝင်ဘဲဘုရားသားတော် ဆရာတော်အရှင်မြတ်တို့သည် သာသနာတော် သုံးရပ် အတွင်းဌာပိဋကတ်နှင့်မညီသော ဟောပြောရေးသား ပြောဆိုမှု တွေ့ကိုလည်း မျက်ခြည်မပြတ်စောင့်ရှောက်ကြပြီး ပိဋကတ်နှင့် ညီညွတ်စေရန်ကိုလည်းကောင်း၊ အချို့သော အသက္ကဟုတ္တတွေကိုလည်းပယ်ချက်စေ၍ သက္ကဟုတ္တများသာ ဖြစ်စေရန်ကို လည်းကောင်း၊ ပရိယတ္တိစာပြန်ပွဲများကိုလည်း မသမာမပါ သန့်ရှင်းစွာဖြင့် အောင်မြင်စေရန်ကို လည်းကောင်း၊ စုပေါင်း ဉာဏ်ဖြင့် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူနိုင်ကြပါစေဟု ပတ္ထနာပြုရင်း နိဂုံးချုပ်ပါသည် အရှင်မြတ်တို့ဘုရား။

၂၉-၅-၉၆ ပထမအကြိမ် တေရသမအစည်းအဝေး
သြဝါဒကထာ

ဆရာတော်အရှင်မြတ်တို့ဘုရား၊ ညီညွတ်စုပေါင်းအားဖြင့် ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာသုံးပါး ကြီးပွားအောင် အားလုံးဆောင်ရွက်ကြသော တပည့်တော်တို့သည်–

"သုခါ သံဃသ သာမဂ္ဂီ၊ သမဂ္ဂါနဉ္စ အနုဂ္ဂဟော၊
သမဂ္ဂရတော ဓမ္မဋ္ဌော၊ ယောဂက္ခေမာ နုပ္ပတိ။
သံဃံ သမဂ္ဂံ ကတ္ဝာန၊ ကပ္ပံ သဂ္ဂမ္မိ မောဒတိ။

သံဃသ။ သံဃာတော်၏။ သာမဂ္ဂီ၊ညီညွတ်သည်၏အဖြစ်သည် (ဝါ) ညီညွတ်ခြင်းသည်။ သုခါ၊ချမ်းသာ၏ (ဝါ) ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။သမဂ္ဂါနဉ္စ၊ညီညွတ်သောရဟန်းတို့ကိုလည်း။အနုဂ္ဂဟော၊ချီးမြှောက်တတ်သောရဟန်းသည်။ သမဂ္ဂရတော၊ သံဃာတော်တို့၏ ညီညွတ်ခြင်းဌာ မွေ့လျော်သည်ဖြစ်၍။ ဓမ္မဋ္ဌော၊ တရားဌာ တည်သည်ဖြစ်၍။ယောဂက္ခေမာ၊ ယောဂ ၄-ပြာကုန်ရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာမှ။ နပ္ပတိ၊ မပျက်စီးနိုင်မဆုတ်ယုတ်နိုင်၊ ဘိန္နံ။ ကွဲလေပြီးသော။ သံဃံ၊ သံဃာတော်ကို။ သမဂ္ဂံ၊ ညီညွတ်သည်ကို။ ကတ္ဝာန၊ ပြုခြင်းကြောင့်။ ကပ္ပံ။ အာယုကပ် ပတ်လုံး သဂ္ဂမ္မိ၊ နတ်ရွာ၌။မောဒတိ၊ဝမ်းသာရွှင်ပြမွေ့လျော်၏။ ဤဒေသနာအရ အကျိုးတွေ့ ရမှာ ဖြစ်သောကြောင့် ထက်သန်စေတနာဖြင့် ဆောင်ရွက်ကြပါရန် တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

၆.၆.၉၆ ပထမအကြိမ် စုဒ္ဒသမအစည်းအဝေးသြဝါဒကထာ

ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား တပည့်တော်မျှားသည်–

"သြဝါဒေယျာ နုသာသေယျ၊ အသဇ္ဇာ စ နိဝါရယေ၊
သတံ ဟိ သော ပိဃယာ ဟောတိ၊ အသတံ ဟောတိ အပ္ပိယောဟု

သြဝါဒေယျ၊

အမှုရောက်လာ မျက်မှောက်ဖွဲ့ သာလျှင် ကောင်းစွာ ညွှန်ပြဆုံးမရာ၏။ အနုသာသေယျ၊အမှုမရောက်မီကြောင်း ကျိုးချီလျက်အလိလိအသွယ်သွယ် မျက်ကွယ်ညွှန်ပြ ဆိုဆုံးမ ရာ၏။ အသဇ္ဇာ စ၊ သူတော် မဟုတ်သူယုတ်ကျင့်ကြံ မကောင်းကံမှလည်း။ နိဝါရယေ၊ ပြောဆိုညွှန်ကြားသဘောအား၊ဖြင့် မြစ်ရာ၏။ သော၊ ထိုသို့ညွှန်ပြဆိုဆုံးမတတ်သောသူကို။ သတံ၊ သူတော်ကောင်းတို့သည်၊ ပိယော၊ ချစ်ခင်ပေတတ် မြတ်နိုးအပ်သည်၊ ဟောတိ၊ ဖြစ်၏၊ အသတံ၊ သူတော်မဟုတ် လူသူယုတ်တို့သည်။ အပ္ပိယော၊ မချစ်ခင်တတ် မမြတ်နိုးအပ်သည်။ ဟောတိ၊ ဖြစ်ပါပေ၏။

ဤဒေသနာတော်အရ သင့်လျော်လျောက်ပတ်သောသြဝါဒအနုသာသနကထာတို့ဖြင့်လည်းကောင်း၊ ဒုစရိုက် ဒုရာဇိဝအကုလကမ္မပထတို့မှ တားမြစ်ခြင်းဖြင့်လည်းကောင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားလာသည့်တိုင်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်တောင့်တရင်းနိဂုံးချုပ်ပါတယ်။

၁၂-ဖ-၉၆ ပထမအကြိမ် ပန္နရသမ အစည်းအဝေးသြဝါဒကထာ

ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား၊ တပည့်တော် လျှောက်ထား လိုတာကတော့ –

"ပဠု ခေါ် မေ ကာယပ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရာယ သံဝတ္တန္တိ"

ကာယပ၊ ချစ်သားကာယပ။ ခေါ်၊ စင်စစ်။ ပဠု၊ ငါးပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ သဒ္ဓမ္မဿ၊ သာသနာတော်၏။ ဌိတိယာ၊ တည်ခြင်းငှာ။ အသမ္မောသာယ၊ မပျောက်ပျက်ခြင်းငှာ။ အနန္တရာယ၊ မကွယ်ပခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏ – အစရှိသောအားဖြင့် ဟောကြားတော်မူပါသည်။ ဤသြဝါဒဒေသနာတော်၌ မြတ်စွာဘုရား၏ အလိုတော်မှာ အကျည်းအားဖြင့် ငါဘုရားသာသနာတော်၌ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာဟု ဆိုအပ်သော(၄)မျိုးသော ပုဂ္ဂိုလ်တို့သည် ရတနာသုံးပါး၊ သိက္ခာသုံးပါး၊ သမာဓိတရားတို့၌ ရှိသေစွာကျင့်သုံးကြပါလျှင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်ပါသည်ဟု ဟောလိုရင်းဖြစ်ပါ၍ သာသနာတော်၏ သန့်ရှင်းတည်တံ့ပြန့်ပွားခြင်းအကျိုးငှာ မြတ်စွာဘုရား ကောင်းစွာ ဟောကြားဆုံးမ သြဝါဒ ဒေသနာတော်ကို သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားခြင်းငှာ အလိုရှိကြကုန်သော ရဟန်း ရှင် လူ မည်သူမဆို လိုထိုအမျိုးကောင်းသားတို့သည် ဆိုဆုံးမ လွယ်သော စကားရှိကြကုန်သည်ဖြစ်၍သာလျှင် လိုက်နာအသင့်ပြုနိုင်ကြပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

၂၀-ဖ-၉၆ ပထမအကြိမ် သောဋ္ဌသမ အစည်းအဝေးသြဝါဒကထာ

တပည့်တော်၏ အဖွင့်မိန့်ခွန်း လျှောက်ထားလိုသည်မှာ-"ယ ဝကိဝဏ္ဏ ဘိက္ခဝေ ဘိက္ခု အာဘိက္ခဏ် သန္ဒိပါတာ ဘဝိဿန္တိ" "အစရှိသော ပါဠိတော်အရ

ချစ်သားတို့ သမာနစိတ်ထားဖြင့် အချင်းချင်း မပြတ်မလပ် စည်းဝေးဆွေးနွေး တိုင်ပင်ကြခြင်းသည် အပရိဟာနိယ-တရားဖြစ်၍ ငါဘုရား၏ အဆုံးအမလိုခေါ်တဲ့ ငါဘုရား၏ သာသနာတော်သည် ချစ်သားတို့၏ သန္တာန်၌ ကြီးပွားတိုးတက်မည်၊ သန့်ရှင်း-တည်တံ့ပြန့်ပွားမည်မှာ ကောင်းပင်ဖြစ်၏၊ ငါဘုရား၏အဆုံးအမ သာသနာတော်သည် သင်ချစ်သားတို့သန္တာန်၌ ညစ်နွမ်းမှု ဆုတ်ယုတ်မှု ပျက်ပြားမှုသည် ဘယ်သောအခါမှ ဖြစ်တော့မည် မဟုတ်ကုသော လိုရင်းကိုချက်နှစ်ခုပင် ဖြစ်ပါသည်ဘုရား။

ယခုအခါ နိုင်ငံတော် သံဃမဟာနာယကဘုရားပွဲဝင် ဆရာတော်များသည် သာသနာတော်ကြီး ကြီးပွားရာကြီးပွားကြောင်း မိမိတို့အချင်းချင်း သမာနစိတ်ထားဖြင့် မကြာခဏ တိုင်ပင်စည်းဝေးဆွေးနွေးတော်မူကြရပေမည်၊ သာသနာတော်ကြီး၏ သန့်ရှင်းတည်တံ့ ပြန့်ပွားခြင်း၏ အကြောင်းဖြစ်သော အဆိုလွှာ၊ တင်လွှာများကိုလည်းတင်သွင်းဆုံးဖြတ်တော်မူကြရပေမည်၊ ထိုကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် ဆုံးဖြတ်မှု အဝဝကိုလည်း သာသနာ့ဝန်ကြီး ရှင်ရဟန်းတို့ ကျွန်သေချာလိုက်နာကြခြင်းဖြင့် သာသနာတော်ကြီး၏ သန့်ရှင်းတည်တံ့ ပြန့်ပွားမှုကား ကောင်းဖြစ်ပေမည်၊ ညစ်နွမ်းမှု ဆုတ်ယုတ်မှု ပျက်ပြားမှုကို ဘယ်သောအခါမှ ဖြစ်မည်မဟုတ်ပါ၊ကြောင်း လျှောက်ထားရင်း နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

(၄၇)ပါးစုံညီ ပဋ္ဌမအစည်းအဝေးဌာန် မိန့်ကြားတော်မူအပ်သော

သဘာပတိ-ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊

အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက

မြင့်ခြုံမြို့၊ကိုးဆောင်ကျောင်းတိုက် ဆရာတော်ဘုရား၊ကြီးဇ၊

အစည်းအဝေးမှတ်သားရေးကိုယ်တိုင်ပါဝင်ကူးထား

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဋ္ဌမအစည်းအဝေးသို့ သာမဂ္ဂီရေး ကိုယ်စိတ်ပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-

ဆရာတော် ဘုရားများ သက်ဒေတာ် ဆုကျော် ရှည်ဒေတာ် မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရှင်လန်း ချမ်းမြေ့စွာဖြင့် သာသနာ့ကိစ္စအဝဝ ဘို့ကို လုံ့လမသတ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ကြပါစေ ဟု မေတ္တာပဋ္ဌာန်မ ဘာဝနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ယခု စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ပဋ္ဌမ အစည်းအဝေးဌာန် တပည့်တော်တော် ပြဝါဒပေးလိုသောအကြောင်းအရာ မျှားမှာ(၅)မျိုးမျှရှိပါသည်ဘုရား။

(၁)ယင်း(၅)မျိုးတို့အနက် ပထမအကြောင်းအရာမှာ စတုတ္ထအစည်း အဝေးတုန်းက တပည့်တော် သတိပေးတိုက်တွန်းပြီးသော အကြောင်း အရာပင် ဖြစ်ပါသည်ဘုရား။

"၄၇-ပါးစုံညီ ဒုတိယ အစည်းအဝေး၌ တပည့်တော်သြဝါဒပေးခဲ့တဲ့ လုပ်ငန်းလမ်းညွှန်ချက်များအနက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးသော လမ်းညွှန်ချက်နှင့် အကောင်အထည်မဖော်ရသေး မဆောင်ရွက်ရသေးသော လမ်းညွှန်ချက်များကို ပြန်လည်စိစစ်ပြီး အကောင်အထည် မဖော်ရသေး, မဆောင်ရွက်ရသေးသော လမ်းညွှန်ချက်များကို အကောင် အထည်ပေါ်အောင် ဆက်လက်ဆောင်ရွက်တော်မူကြပါ"ဟု စတုတ္ထ အစည်းအဝေးမှာ တပည့်တော် တိုက်တွန်းခဲ့ပါသည်ဘုရား။

ယင်းသို့ပင် တိုက်တွန်းခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ယခုထက်တိုင် အကောင်အထည် မပေါ်လာသေးသော လမ်းညွှန်ချက်များ ရှိနေသေးပါသည်ဘုရား။ နမူနာပြရပါလျှင်—

(က) ပရိတ်တော်ရွတ်ဖတ်ရာ၌ နိုင်ငံတစ်ဝန်းလုံး အချိုအချ, အပြတ် အတောက် ညီညီ ညာညာ တပြေးညီဖြစ်စေရန် မြို့နယ်သံဃ နာယကအဖွဲ့များက မိမိအုပ်ချုပ်ရာ ဦးဆောင်၍ သက်ဆိုင်ရာ ရပ်/ကျေး သံဃနာယက အဖွဲ့များဖြင့် ရင်ကွက်တိုင်း, ကျေးရွာတိုင်း ပရိတ်ရွတ်ပွဲများ ပြုလုပ်ကျင်းပရန် ညွှန်ကြားဖို့ ကိစ္စကို ညွှန်ကြားလွှာ ထုတ်သားပါသည် ဆိုသော်လည်း ယခု ထက်တိုင် မည်သည့် မြို့နယ်ကမျှ အကောင်းအထည်ဖော် ဆောင်ရွက်သည်ကို မတွေ့ရသေးပါဘုရား။ တပည့်တော်များ မြို့ရွာအနှံ့အပြား ရောက်ခဲ့ရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က သတ်မှတ်ထားသောမူအတိုင်း ရွတ်ဖတ်သော မြို့ရွာမှာ မရှိသလောက်ပင် ဖြစ်ပါသည်ဘုရား။

မန္တလေးမြို့ မဟာမြတ်မုနိ ရုပ်ရှင်တော်ကြီးအား မျက်နှာသစ်တော် ရွှေဖလားနှင့် ရွှေကလပ်, ရွှေသပိတ် စသည်ရေစက်ချပွဲ၌ ပရိတ်ရွတ် ကြရာဝယ် အချို့က ဘုရားဂုဏ်တော်ပင် မပြီးဆုံးသေး, အချို့က တရား ဂုဏ်တော် ပြီးဆုံးနေသည်အထိ တစ်ယောက်တစ်ပေါက် ဖြစ်နေပါသည်။ ယင်းအခမ်းအနားသည် နိုင်ငံတော် အကြီးအကဲများနှင့် နိုင်ငံခြားမှ သံဃာတော်များ ညီသည်တော်များ တက်ရောက်သော အခမ်းအနား ဖြစ်၍ ပရိတ်ရွတ်ပုံစည်းကမ်းမဲ့လှသဖြင့်လွန်စွာရှက်ဖွယ်ကောင်းလှပါသည် ဘုရား။ သို့ဖြင့်၍ နိုင်ငံတစ်ဝန်းလုံး တရေးညီဖြစ်၍ ကြည်ညိုဖွယ်ကို ဆောင်သည့် ပရိတ်ရွတ်ပုံ အကောင်အထည် ပေါ်အောင် ဆောင်ရွက်ပုံ နည်းလမ်းကိုပါဖော်ပြ၍ ထပ်မံ ညွှန်ကြားသင့်ပါသည်ဘုရား။

(ခ) ထို့ပြင် အရှင်အချင်းမပြည့်မီသော ကျောင်းထိုင်ဘုန်းကြီး များအား ရက်တို သင်တန်းပေးရန် သင်တန်းစာအုပ်များ ရိုက်နှိပ် ပြီးစီးနေပြီ ဖြစ်သော်လည်း သင်တန်းများ ဖွင့်လှစ် သင်ကြားပို့ချသော မြို့နယ်များမှာ မရှိသေးဟုဆိုရမလော်က် ဖြစ်ပါသည် ဘုရား။ ၁၃၅၇-ခုနှစ်၊ နယုန်လဆန်း ၇-ရက်၊ (၁၉၉၆-ခုနှစ်၊ မေလ ၂၄-ရက်)နေ့ထုတ် မြန်မာ့ အလင်း သတင်းစာ၌ "ဓကာလင်းမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်း အမှတ်စဉ် (၂/၉၆) ဖွင့်ပွဲကို မေလ(၁၇)ရက်က ဖွင့်လှစ်ကြောင်း၊ အဆိုပါ သင်တန်းကို ရက်သတ္တတစ်ပတ်ကြာ ပို့ချကြောင်း ဖတ်ရှုရသ ဖြင့် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်မိပါရသည်ဘုရား။

သို့သော်လည်း ယင်းသင်တန်းသည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့က ပြဋ္ဌာန်းထားသော သင်တန်းစာအုပ်အတိုင်း ပို့ချသောသင်တန်း ဟုတ်, မဟုတ်ကိုမူမသိရပါဘုရား၊ မည်သို့ ဝင်ဖြစ်စေ ဦးဦးဖျားဖျားသင်တန်း ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်သော မြို့နယ် သံဃနာယက အဖွဲ့ကိုမူ မှတ်တမ်းတင် ဂုဏ်ပြုချီးကျူးထိုက်လှပါသည်ဘုရား။

အခြားမြို့နယ် သံဃနာယကအဖွဲ့များ ကိုလည်း ကောလင်းမြို့နယ် သံဃနာယကအဖွဲ့ကဲ့သို့ပင် ကျောင်းထိုင်ဘုန်းကြီးရက်တိုသင်တန်းဖွင့်လှစ်ပို့ချရန်နှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ပြဋ္ဌာန်းထားသော သင်တန်းစာအုပ်ပါ အကြောင်းအချက်အလက်များ အစုံအလင်ပါဝင်သည့် စနစ်တကျ သင်တန်းများ ဖြစ်စေရန် ကိုတိကျကျ ညွှန်ကြားသင့်ပါသည်။

(ဂ) နမူနာတစ်ခုနောက်ထပ်လျှောက်ထားလိုပါသည်ဟုဆိုးနိုကားယ် ငါးရပ် ပါဠိတော်စာမေးပွဲ အမေးခွန်းထုတ်စည်းမျဉ်း ပြင်ဆင်ရန် ကိစ္စကို တပည့်တော် တိုက်တွန်းခဲ့သည်မှာ (၂) ကြိမ်တိုင်တိုင် ရှိသွားပြီဖြစ်သော်လည်း မည်သို့မျှ အကောင်အထည်ပေါ် မလာ သဖြင့်တပည့်တော်ကပင် စိတ်ပါဝင်စား၍ ဧမ်းဆောင်နိုင်သော ဆရာတော်များကို ပြင်ဆင်ရေးဆွဲရေ၌ ယင်းမူကြမ်းကိုလာမည့် (၇၃)ပါးစုံညီ(ဆဋ္ဌ)အစည်းအဝေး၌ ဆရာတော် ဘုရားများထံ တင်ပြပါမည်၊ ဆရာတော်တို့က စိစစ်သုံးသပ်၍ အဆုံးအဖြတ် ပေးတော်မူပါရန် ကြိုတင်အသိပေးစကားလျှောက်ထားပါသည် ဘုရား။

(၂) ဒုတိယ အကြောင်းအရာမှာ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများမှ အခြေခံပညာ အလယ်တန်းအဆင့် သင်ကြားခွင့်ရရန် ကိစ္စဖြစ်ပါသည်ဘုရား။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု စည်းမျဉ်း (ပြင်ဆင် ဖြည့်စွက်ချက်)အခန်း(၃)အပိုဒ်(၂၆)အပိုဒ်ခွဲ(ဃ)၌-

"ဗုဒ္ဓဘာသာ သင်ခန်းစာမှတပါး ကျန်ဘာသာရပ်များကို အခြေခံ ညာ မူလတန်းနှင့် အလယ်တန်းအဆင့် သင်ရိုးညွှန်းတန်းများနှင့် အညီ သင်ကြားစေရေးအတွက် ကြိုးကြပ်ခြင်း" ဟူ၍ လည်းကောင်း၊ အပိုဒ်ခွဲ (ဈ)၌-

"စတုတ္ထတန်းနှင့် အဌမတန်း ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများ၏ စာရင်းကို သက်ဆိုင်ရာ မြို့နယ် ပညာရေးမှူးရုံးသို့ ထောက်ခံတင်ပို့ခြင်း" ဟူ၍လည်းကောင်း၊ အပိုဒ်(၃)၊ အပိုဒ်ခွဲ(၃)၌-

"စတုတ္ထတန်းနှင့် အဌမတန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများ ဖြေဆိုခွင့်ရရှိရေးနှင့် အောင်လက်မှတ် ရနိုင်ရေးအတွက် အတွင်းရေးမှူးက မြို့နယ်ပညာရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း" ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

ယင်းစည်းမျဉ်းကို ရေးဆွဲစဉ်အခါက ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများလည်း ပါဝင်ပါသည်။

သို့ဖြစ်၍ ဘုန်းတော်ကြီးကျောင်းများမှ အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့်တို့ကိုသင်ကြားခွင့်ရှိသည်ဟုဆရာတော်များ မှတ်ထင်ယူဆခဲ့သည့်အလျောက် ပြည်နယ်/တိုင်း မြို့နယ်များ၌ ဝိနိစ္ဆယရေး, သာသနာရေး, ပညာရေး ရှင်းလင်းပွဲများမှာ "ဘုန်းတော်ကြီးကျောင်းများမှ အခြေခံပညာ မူလတန်းနှင့် အလယ်တန်း အဆင့်တို့ကို သင်ကြားခွင့်ရှိသည်" ဟု ဆရာတော်များ ရှင်းလင်း ခဲ့ကြပါသည်။ ယင်းရှင်းလင်းချက်အရ ဘုန်းတော်ကြီးကျောင်းများမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့်အားတက်သရော သင်ကြားပို့ချပေးခဲ့ကြရာ များစွာအောင်မြင်မှုရရှိခဲ့ပါသည်။

သို့ရာတွင် ပညာရေးဝန်ကြီးဌာနအခြေခံ ပညာဦးစီးဌာနမှစာအမှတ်၊ ဌာနစု(၁၉)/၇၂၂၁/၂-ဆ(၂-သ)၉၆။ ၁၉၉၆-ခုနှစ်၊ ဧပြီလ(၂၀)ရက်ရက်စွဲပါစာဖြင့် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများတွင် မူလတန်းအဆင့် (သူငယ်တန်းမှ စတုတ္ထတန်းအထိ)သာ သင်ကြားရန် ညွှန်းကြားလာသဖြင့် အလယ်တန်းပညာ သင်ကြားခွင့်ရရန် အနယ်နယ် အရပ်ရပ်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှစာဖြင့် လျှောက်ထား တင်ပြလာကြပါသည်။

ဘုန်းတော်ကြီးကျောင်းများမှ အခြေခံပညာ၊ အလယ်တန်းအဆင့်ကို သင်ကြားပေးခြင်းကြောင့် အစိုးရနှင့် ကျောင်းသား၊ မိဘ ပြည်သူများ စရိတ်ကုန်ကျမှု သက်သာခြင်း, ကလေးသူငယ်များ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံများ ရရှိခြင်းစသော အကျိုးသာဝင်၍ အပြစ်မမြင်သည့်အတွက် အခြေခံပညာ အလယ်တန်းအဆင့် သင်ကြားခွင့် မပြုနိုင်စရာအကြောင်း မရှိဟု ထင်မြင်ပါသည်။ သို့ဖြစ်၍ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများမှ အခြေခံပညာအလယ်တန်းအဆင့် သင်ကြားခွင့် ရရှိရေး ကိုလည်း အလေးအနက်ထားကာ ဆောင်ရွက်တော် မူကြရန် တိုက်တွန်း ပါသည်ဘုရား။

(၃) တတိယအကြောင်းအရာမှာ—ဝိနိစ္ဆယများကို(၅၆) (ဂ)အရ ဆောင်ရွက်သည့်ကိစ္စ ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား—

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို အဖွဲ့ငယ် (၃)ဖွဲ့ခွဲ၍ တစ်ဖွဲ့လျှင် (၄)လစီတာဝန်ယူကာ သာသနာ့ကိစ္စအဝဝတို့ကို ဆောင်ရွက်ကြရာ၌ တာဝန်ကျအဖွဲ့ငယ်သည် မဟာနာယကအဖွဲ့ တစ်ဖွဲ့လုံးကို တာဝန်ခံ၍ ဆောင်ရွက်ရခြင်းကြောင့် အဖွဲ့ငယ် တစ်ဖွဲ့၏ ဆောင်ရွက်ချက်သည် ကျန်အဖွဲ့ငယ်(၂)ဖွဲ့၏ ဆောင်ရွက်ချက်လည်း ဖြစ်ပါသည်။

ဝိနိစ္ဆယတစ်ခုကို(၅၆) (ဂ)ဖြင့် ဆောင်ရွက်သင့်သည်ဟု အဖွဲ့ငယ် တစ်ဖွဲ့မှ တင်ပြလာလျှင် ယင်းတင်ပြချက်ကို ကျန်အဖွဲ့ငယ်(၂)ဖွဲ့က ပွင့်ပွင့် လင်းလင်း ဆွေးနွေးသင့်ပါသည်။ အဘယ်ကြောင့် ဖျက်သင့်သည်၊ အဘယ်ကြောင့် မဖျက်သင့်သည်တို့ကို အကျေအလည် ဆွေးနွေးပြီးမှ ဖျက်သင့်လျှင်လည်း တစ်သဘောတည်း, မဖျက်သင့်လျှင်လည်း တစ်သဘောတည်းသာ ဖြစ်သင့်ပါသည်။

တာဝန်ကျအဖွဲ့က ပယ်ဖျက်သင့်သည်ဟု ထင်မြင်ယူဆ၍ ခိုင်လုံသော အကြောင်းပြလျှက်(၅၆) (ဂ)အရ ဆောင်ရွက်ရန် တင်ပြသည့်အခါ အချို့က ပွင့်ပွင့်လင်းလင်း မဆွေးနွေးဘဲ ကန့်ကွက်မဲပေးကြသည့်အတွက် စိတ်ဝမ်းကွဲပြားဖွယ်ရာ ဖြစ်ရပါသည်ဟုရား၊ သို့ဖြစ်၍ သဘောကွဲမှုမျိုး မဖြစ်အောင် နည်းလမ်းရှာကြံ၍ ဆောင်ရွက်သင့်ကြောင်း လျှောက်ထားပါသည် ဘုရား။

(၄) စတုတ္ထအကြောင်းအရာမှာ-ပထဝေပြန်စာမေးပွဲ ပြဋ္ဌာန်းကျမ်းစာ ပြင်ဆင်ရန် ကိစ္စဖြစ်ပါသည်ဘုရား။ "မကောင်းလျှင် ပြင်ရမည်" ဆိုသော်လည်း ခဏခဏ ပြင်ဆင်နေရလျှင် မကောင်းပါဘုရား။ သို့ဖြစ်၍ ယင်းကိစ္စကို အဆောတလျင် အလျင်စလိုမဆုံးဖြတ်ဘဲ ပြဋ္ဌာန်းကျမ်းစာ ပြင်ဆင်ရေးအဖွဲ့ဝင် ဆရာတော်များ၏ တင်ပြချက်များ, ဗဟိုဝန်ဆောင် ဆရာတော်များနှင့် စာသင်တိုက်များမှ ဆရာတော်များ၏ အကြံပြုချက်များကို စေ့စေ့စပ်စပ်ဆင်ခြင်တော်မူကြကာ ပရိယတ္တိပညာရေးဆိုင်ရာ မူလေးရပ်နှင့်မဆန့်ကျင်ဘဲ ပိဋကတ်တော်တော်တက္ကမ်းမှု၏ အခြေခံကောင်းရနိုင်သည့် စာမေးပွဲဖြစ်အောင် ဆောင်ရွက်တော်မူကြပါရန် သတိပေးစကား လျှောက်ထားပါသည်ဘုရား။

(၅) ပဉ္စမအကြောင်းအရာမှာ-သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်သော ပုဂ္ဂိုလ်တို့ စောင့်စည်းရမည့် ဝတ္တရားနှင့် စင်လျှဉ်းသည့်ကိစ္စ ဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်သော ပုဂ္ဂိုလ်များသည် ကြီးကျယ်သောမှုခင်းများ သေးငယ်အောင်, သေးငယ်သောမှုခင်းများ ငြိမ်းအေး ပပျောက်အောင်သာ ပြုမူ ဆောင်ရွက်သင့်ပါသည် ဘုရား။ သို့ရာတွင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင်ပါဝင်သော အချို့ပုဂ္ဂိုလ်များသည် မဖြစ်သေးသော မှုခင်းများ ဖြစ်ပေါ်လာအောင်, ဖြစ်ပေါ်ပြီးသော မှုခင်းများ ကြီးထွားအောင် ပြုမူဆောင်ရွက်နေသလို ဖြစ်နေကြပါသည် ဘုရား။ ဗဟိုဝန်ဆောင်တစ်ပါး၏ အထံမှာ အမှုတွဲပေါင်း

မြောက်မြားစွာတွေ့ရသည်ဟုပင်ကြားသိရပါသည်ဘုရား။ ဤသို့သော ပြုမူဆောင်ရွက်ချက်များသည် သံဃာ့အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များအတွက် မသင့်လျော်သော ပြုမူဆောင်ရွက်ချက်များဖြစ်၍ ယင်းသို့သော ပြုမူဆောင်ရွက်ချက်များကို မိမိ၏ဂုဏ်သိက္ခာကို ငဲ့ကွက် ထောက်ထားပြီး ရှောင်ရှားကြစေလိုခြင်း, ဆုံးမခြင်းပြုတော် မူကြပါရန် လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ ဘုရား။ တပည့်တော်နိုဂုံးချုပ်လျှောက်ထားလိုသည်မှာ—

နာဟံ ဘိက္ခဝေ အညံ ကေဝမ္မမ္ပိ သမနုပဿာမိ၊ ယော ဝေ သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရဝါနာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ ယောနိသောမနသိကာရော။ ယောနိသော မနသိကာရော ဘိက္ခဝေ သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရဝါနာယ သံဝတ္တတိ။ ။(အံ၊ ၁၊ ၁၈)

ရဟန်းတို့ ဤသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း ယောနိသောမနသိကာရသည် သဒ္ဓမ္မသုံးဖြာသာသနာတော်၏ကြာမြင့်စွာ တည်ခြင်း, မပျက်စီးခြင်း, မကွယ်ပျောက်ခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူ သဒ္ဓမ္မသုံးဖြာ သာသနာတော်၏ ကြာမြင့်စွာတည်ခြင်း, မပျက်စီးခြင်း, မကွယ်ပျောက်ခြင်းငှာဖြစ်သောတစ်ခုသောတရားကို မျှ ငါဘုရားမြင်တော်မမူ။ ရဟန်းတို့ယောနိသောမနသိကာရသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်၏ ကြာမြင့်စွာတည်ခြင်း, မပျက်စီးခြင်း, မကွယ်ပျောက်ခြင်းငှာ ဖြစ်၏ ဟု မြတ်စွာဘုရား ဟောမိန့်တော်မူအပ်သော ဒေသနာတော်ကို ဦးထိပ်ရွက် ပန်ဆင်၍ "ယောနိသော မနသိကာရ"သည် သာသနာတော် အရှည်တည်တံ့ရေး, မပျက်စီးရေး, မကွယ်ပျောက်ရေးနှင့် လေးလေးစားစား လိုက်နာကျင့်သုံးရမည့် တရားဖြစ်သည်ကို ညွှန်ပြင့်သက်ဝင် သိမြင်တော်မူကြ၍ သာသနာ့ကိုယ်စား အဝဝတို့ကို ဆောင်ရွက်ကြရာ၌ "ယောနိသော

မနသိကာရတရား"လက်ကိုင်ယူပုံကာ တစ်ပါးနှင့်တစ်ပါး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြေပြစ်ချောမော သဘောညီမျှ ဆွေးနွေး ညှိနှိုင်းတော် မူကြလျက် တိုးတက်အောင်မြင်အောင် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျက် တပည့်တော်၏သာရဏီယ သြဝါဒကထာကို ဤမှာပင်ကမ္ဘတ်ဖုံး၍ နိဂုံး ချုပ်အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ဘဒ္ဒန္တ သောဘိတ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက

စတုဋ္ဌမအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့)၏
သဘာပတိဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တသုရိယာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ၏

ဩဝါဒကထာများ

၁၄-၂ ဖြစ်တတိယအကြိမ်ပထမအစည်းအဝေးဩဝါဒကတာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်တို့၏ဒုတိယအဖွဲ့ခွဲမှာအားလုံးညီအစ်ကိုအရင်းချာများပမာ ဝိနိစ္ဆယရေး၊သာသနာရေး၊ပညာရေးကိစ္စများကို ဆောင်ရွက်ကြရာမှာ စိတ်တူကိုယ်တူပြောမနာဆိုမနာတိုင်တိုင်ငင်ပင် ညီညီညွတ်ညွတ်ဆောင်ရွက်ခဲ့ကြပါတယ်ဘုရား ။

ရှေကိုလဲပဲ ထိုနည်းတူစွာညီညီညွတ်ညွတ်ဖြင့် ဖြစ်ပေါ်လာသည့်အကျိုးအကြောင်းအားလျော်စွာစုပေါင်းညှိနှိုင်း၍ ချင့်ချင့်ချိန်ချိန် ဆောင်ရွက်ရမည့်ကိစ္စများကိုတပည့်တော်တို့ (ဒုတိယအဖွဲ့ခွဲ) အနေဖြင့် ဆောင်ရွက်ကြရန် ဖြစ်ပါတယ်ဘုရား၊ ယခုလို ဆောင်ရွက်ကြရသည့် ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စများနှင့်ပတ်သက်၍ တပည့်တော်မဟာနာယကအဖွဲ့နှင့်ဥပဒေပညတ်ဗဟုသုတများမှာမျှားစွာစုပ်စဲ့ပြောဆိုမှုကိုခံခဲ့ကြရပါတယ်ဘုရား၊ အချို့လဲဟုတ်၍ပြောဆိုခံရတာရှိပြီး အချို့မှာမဟုတ်ဘဲ စွပ်စဲ့ပြောဆိုခံကြရပါတယ်။

အထူးသဖြင့် ဝိနိစ္ဆယရေးရာမှာ အမှု ဖြစ်လာရင် မှားမှားမှန်မှန် နှိုင်ချင်ကြတယ်၊ တချိန်နှိုင်ချင်ကြ၍ ပါရိသုဒ္ဓိသီလကိုပင် လက်လွှတ်၍

နှိုင်အောင်ကြိုးစားကြတာကိုတွေ့ရှိရပါတယ်၊ မဟာနာယကအဖွဲ့ဝင်ထဲက ဘယ်ဆရာတော်ကိုဘာလုပ်ပေးရသည်ဟုပြောရှုပ်စုံခံရသလို ဥပတ္ထမ္ဘက ဒါယကာမျှားလည်း ထိုနည်းတူပြောဆိုစွပ်စွဲမှုကို ခံရပါတယ်၊လာပေးရင်တော့ ယူကြမှာဘဲ ဖြစ်ပါဘယ်၊ယူသာယူ၍မလုပ်ပေးရင် ပြောဆိုခံရသော်လည်း ကိုယ့်မှာအပြစ်မရှိပါ၊လာပေး၍ယူပြီး အမှန်အကန်အတိုင်း ဆောင်ရွက်ပေးရင် သူဘုရားတာဝန် ကျေပွန်ပြီဟု ဆိုနိုင်ပါတယ်၊ဒါ့ကြောင့် ဆရာဒကာမျှားအနေနဲ့အမျှားနှင့်စွပ်စွဲခံရတာကို ဟောနမထားဘဲ ရှေးကကဲ့သို့ စုပေါင်း၍မှန်းနှိုက်ကန်ကန် ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဆောင်ရွက်ကြဖို့ပဲ ဖြစ်ပါတယ်ဘုရား။

(တတိယအဖွဲ့ခွဲ)မှာ ဝိနိစ္ဆယရေး၊သာသနာရေး၊ ပညာရေးသုံးဖွဲ့စလုံး ငါးပါးစီ တာဝန်ခွဲဝေချထားသော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုင်တိုင်ပင်ပင် ညှိနှိုင်းဆောင်ရွက်ခြင်းကူညီဆောင်ရွက်ခြင်းမျှားပြုသွားကြသလို တပည့်တော်တို့(ဒုတိယအဖွဲ့ခွဲ)ဝင်ဆရာတော် မျှားကိုတာဝန်ချထားရာမှာလည်း ထိုနည်းတူဆောင်ရွက်ကြဖို့ပဲ ဖြစ်ပါတယ်၊ ရုံးထိုင်ကြရင် မိမိ၁ဝန်ပြီးပြီဆိုပြီး ပြန်ထွက်မသွားကြပါနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုင်ပင်၍လုပ်ကြပြီး မေ့လျှော့သော်သတိပေးနိုင်ကြပါတယ်၊ အရေးကြီးသော်လည်း သိထားသင့်သည်ကို ပြောဆိုခြင်း အသိပေးခြင်းမျှားပြုလုပ်၍ ကူညီဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်ဘုရား။

ဝိနိစ္ဆယရေး၊သာသနာရေး၊ ပညာရေးမှာ အရုထမ်း၊ အမှုထမ်းမျှားစာလက်ခံထားတာ အရေးကြီးပါတယ်၊တာဝန်ဆောင်ရွက်ရမည့် ကာလထက် နောက်ကျပြီး အမှုလာသည်ဟုပြောကြပါတယ်၊ မှတ်ပုံတင်စာမျှားကို အစီအစဉ်အတိုင်း ရွေးနောက်ခွဲ၍ ရက်စွဲအစီအစဉ်အတိုင်းပေးပါ၊ကြိုးစား၍ ကျေကျေပွန်ပွန်ဆောင်ရွက်ကြရန် ပြောလိုပါတယ်၊ နိဂုံးချုပ်အနေဖြင့် ဆရာဒကာ တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် တစ်ကိုယ်ကောင်းမလုပ်ဘဲ သာသနာရေးကိစ္စမျှားကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက် သွားကြရန်ဖြစ်ပါတယ်၊

ယခုလိုတာဝန်ကျရာလုပ်ငန်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားကြရင် စုပ်စဲ့ခံအပြစ်များ ပပျောက်သွားမှာဖြစ်တဲ့အတွက် ဆရာဒကာလက်တွဲ၍ ညီညီနှင်းနှင်း တိုင်တိုင်ပင်ပင် သမာသမတ်ကျကျ ဆောင်ရွက်သွားကြပါမှန်လျှောက်ထားပါသည်ဘုရား။

---

၁၇ ၇-၉၆ တတိယအကြိမ်ဒုတိယအဝည်းအဝေး သြဝါဒကထာ

နှင်းတော်သံလာမဟာနာယက အမှုဝင်ဆရာတော် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်တို့ ဒုတိယအမှုခွဲ၏ ပ.တိယအကြိမ် ဒုတိယအစည်းအဝေးမှာ အခွဲကြီးဆရာတော်များ မမာမကျန်းသောကြောင့်လည်းကောင်း အခွဲကြီးဆရာတော်များမှာ အခြားသာသနာရေးကို ဆောင်ရွက်နေသောကြောင့်လည်းကောင်း၊ အမျိုးမျိုးသော အကြောင်းကြောင့် မစုံညီကြဘဲသော်လည်း ဆောင်ရွက်ကြရမည့် ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စတို့မှာ မျှားစွာရှိနေပါမျှ ဆောင်ရွက်ကြရမည့် လုပ်ငန်းများပြီးတန်သမျှ ပြီးအောင် ယခုလို အစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ပါသည်ဘုရား။

အမှုအခင်းများမှာ လွန်စွာရှုတ်ထွေးလှပါသည်ဘုရား၊ ယင်းသို့ရှုတ်ထွေးလှသဖြင့်ဆိုင်ရာဆိုင်ရာ ဆောင်ရွက်လုပ်ကိုင်ကြရာမှာ တစ်ဦးကောင်း တစ်ယောက်ကောင်း တစ်ပါးကောင်းဆိုသလိုလုပ်ဆောင်၍မရပါကြောင်း ဝိနိစ္ဆယဆိုင်ရာ မှုခင်းများကို မဆောင်ရွက်ရန်မှာ အမှုငယ် ဖွဲထားသော်လည်း ၁၅-ပါး စုံညီလို့ယူဆပြီး ဆုံးဖြတ်ပါမည်၊ ထို့အတူ အခြားသာသနာရေး၊ ပညာရေးအခန်းကဏ္ဍများကို ဆုံးဖြတ်ကြရာမှာလည်း ၁၅-ပါးစုံညီ ဆုံးဖြတ်သည်ဟုသာ ယူဆတော်မူကြရမှာဖြစ်ပါတယ်၊အကယ်၍ ရှုပ်ထွေးခက်ခဲမှုရှိလာပါက ပထမအစည်းအဝေးမှ မပြတ်လျှင် ဒုတိယအစည်း-အဝေး တတိယအမည်းအဝေး စသည်ဖြင့် ကျေကျေလည်လည် ဆွေးနွေး၍ ဆုံးဖြတ်ကောင်မှကြပါဘုရား။

အရာထမ်းအမှုထမ်းများမှာလည်း အသစ်ပြောင်းရွှေ့ တာဝန်ချထား ခြင်း ခံရသူများပါရှိနေသဖြင့် လုပ်ငန်းမကျွမ်းကျင်သေးခြင်းများ ရှိနိုင်ပါတယ်။ အမှားကင်းစင်အောင် သတိထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊ နိဂုံးချုပ်အားဖြင့် ဆရာဒကာ ပူးပေါင်း၍ မမှားရအောင် မှန်မှန်ကန်ကန်ဖြစ်အောင် လုပ်ထုံးလုပ်နည်းများ စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ချက်များကို ကြည့်ရှုလေ့လာ ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်ပါသည် ဒုတိယအဖဲ့ခွဲဝင် နိုင်ငံတော် သံဃမဟာ နာယက ဆရာတော် အရှင်သူမြတ်တို့ဘုရား။

၂၄-၂-၉၆ တတိယအကြိမ် တတိယ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့ဘုရား၊ ယခုနှစ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးသည် ဒဂုံမြို့သစ်တောင်ပိုင်း နိဗ္ဗာန်ယင်းရပ် ပဋ္ဌာန်တော်သုံးပုံ စာသင်တိုက်ကြီးတွင် ဝါကပ်မည်ဟု သိရသောကြောင့် လည်းကောင်း၊ တပည့်တော်တို့ အဖွဲ့မှ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဓမ္မာဝုဓ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) သည် ကျန်းမာရေးအရ ကြွရောက် မလာသေးသောကြောင့် လည်းကောင်း၊ တပည့်တော်များမှာ အင်အားယုတ်လျော့မှုဖြစ်ရပါသည်ဘုရား၊အကယ်၍ ဆရာတော်ဘုရားကြီးများ အနားမှာ ရှိနေပါလျှင် လွန်စွာပင် အင်အားရှိပြီး ဆောင်ရွက်ဖွယ်များကို ကျမ်းဂန် စာပေများနှင့် လေ့လာ ညှိနှိုင်းတင်ပြခွင့် ရရှိကြမည် ဖြစ်ပါသည်။ ယခုဆရာတော် ဘုရားကြီးများ အနားမှာမရှိသဖြင့် တာဝန်မို့ ဆောင်ရွက်ပင် ဆောင်ရွက်ရခြားသော် လည်း အားနည်းသည့်သဘော ရှိနေပါ၍ ကျရောက်လာသည့် တာဝန်များကို ပိုမိုအလေးတား ကြိုးကြိုးစားစား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်ဘုရား။

အောင်မြေဘုံစံဆရာတော် ဦးဗုဒ်ဝ အမိန့်ရှိခဲ့ဖူးသည်မှာ "ဒို့ စာသင်ကြားခဲ့ရာ၊ ယခုအချိန်ထောက်မှ ပိဋကတ်ကျမ်းဂန်များ ခက်မှန်းသိရှိမျှ ရှိသည်။ ပို့ချပေးမည့် ဆရာသမားကောင်းများ ရှိလျှင် ထပ်မံသင်ကြားလိုပါသည်။" လို့အမိန့်ရှိခဲ့ဖူးပါတယ်၊ ထို့အတူ တပည့်တော်တို့အဖွဲ့ကို အပေါ်ကနေ ညွှန်ကြားပြသနေမည့် ဆရာတော်များ ရှိနေသည်ကို လွန်စွာ နှစ်ခြိုက်မိပါသည် ဘုရား။

တပည့်တော်တို့ အဖွဲ့အား လွှဲအပ်ခဲ့သော ဝိနိစ္ဆယမှခင်း (၃)မှ ပြန်လှန်လေ့လာရန်ထားခဲ့သော အမှုတွဲ(၇)မှရှိပါတယ်၊ သ ၊သနာရေး လုပ်ငန်းများ ဘဏ္ဍာဖြင့် မူလဘန်း၊ ပဏာပြန်၊ ဓမ္မာစရိယ၊ နိကာယ်ငါးရပ် စာမေးပွဲ စသည်များကို ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး သြဝါဒကထာလမ်းညွှန်ချက်တို့ကို တိတိကျကျ ဆောင်ရွက်ဖို့လိုအပ်ပါသည်၊ ၄၇-ပါး အစည်းအဝေး ပြီးစလည်းဖြစ်၊ ဝါဆိုဦးကာလ ရက်လည်း ဖြစ်၍ အပင့် အဖိတ်များကို ကြွရခြင်း စသော အကြောင်းများကြောင့် သံဃာမပြည့်စုံ၍ လုပ်ငန်းများ ရပ်ဆိုင်းမသွားရအောင် အမှုတွဲ (၇)တွဲယူပြီး အားလပ်ချိန်မှာ ကြိုတင်ကြည့်ထားဖို့ လိုပါတယ်၊ ပညာရေး မူလတန်းကျမ်းစာ ပြဋ္ဌာန်းမှုသည် အဃယ်တန်း အဆင့်နှင့် မဟာပ်မိ၍ ကျမ်းစာတိုးမြှင့်ရေး မေးခွန်းတိုးမြှင့်ရေး ကိစ္စများ၊ မူလတန်းစာမေးပွဲ မဖျက်သိမ်းရေး ကျင်းပသည့်အခါ လုံလုံခြုံခြုံ မှန်မှန်ကန်ကန် ဖြေနိုင်အောင် ဘယ်လိုကျင်းပ ဘယ်လိုနဲ့စည်းမည် ကြိုးကြပ်ရေး အုပ်ချုပ်ရေး စစ်ဆေးရေး ကိစ္စများကို မိမိတို့ထင်မြင်ချက် သုံးသပ်ချက်များ ရေးပြီး တာဝန်ကျသည့် အဖွဲ့က စုစည်းရေးသား စိစစ်ကာ လာမည့် ၄၇-ပါး အစည်းအဝေး တင်ပြကြဖို့ ဖြစ်ပါကယ်ဘုရား။

နိကာယ်ငါးရပ် စာမေးပွဲကျတော့ လက်ရှိ အနေအထား မှာပင် စာမေးပွဲဝင်မည့်ဘုန်း နည်းပါးနေသေး၍ ထာဆင့်မြှင့်သင့် မမြှင့်သင့်၊ မြှင့်လိုက်လျှင် ဝင်မည့်သူ ရှိနိုင်ပါဦး မည်လား၊ မေးခွန်းလွှာများ တောင်းပြီးလေ့လာချိန်ဆကြတို့ လိုကြောင်း မဆောင်ရွက်လျှင်မဖြစ်သည့်

လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ကြဖို့ လိုပါတယ်၊ ပညာရေးအပ်ဆွဲတစ်ဖွဲ့တည်းသာမဟုတ်ဘဲ (၃)ဖွဲ့စ်လုံး အကြံဉာဏ်များ စုစည်းပြီး ရေးကြဖို့ လိုပါတယ်၊ တာဝန်ယူမည့် အဖွဲ့ငယ်က ရှေးချယ်စုပေါင်းပြီး တင်ပြကြဖို့ ဘဲဖြစ်ပါတယ်။

ဥက္ကဋ္ဌဆရာတော် ဘုရားကြီး၏ လွှန်ခဲ့သည်နှစ်က သြဝါဒကထာကို လုပ်ငန်း **လမ်း**ညွှန်ချက်အဖြစ် သတ်မှတ်ဆောင်ရွက်ကြသလို ဒီနှစ်သြဝါဒကထာကိုလည်း လုပ်ငန်းလမ်းညွှန်ချက်အဖြစ် သတ်မှတ်ပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်၊ လမ်းညွှန်ချက်များထဲက ဆောင်ရွက် ပြီးပြတ်တာက ဘယ်၍၊ မပြီးပြတ်သေးတာ ဘယ်လောက်၊ ကျန်နေတာ ဘယ်လောက် ဆိုတာကိုလဲ စိစစ်ပြီး ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ကြပြီး ကျန်တာကို လာမည့်၄၇-ပါးစုံညီကို တင်ပြရပါမယ်။

ဝိနည်းဓိုရ်ပင့်ဆောင် တာဝန်ပေးရေးမှာ ရုံးဥပဒ္ဌာန်ကများက အမှုအစဉ်အတိုင်း၆-တဲ့လောက်ရွေးထားတာကို အားလပ်ချိန်မှာ ဖတ်ရှုကြပြီး အဖွဲ့အနေနဲ့ ဘယ်လို သဘော သက်ရောက်သည်ကို မှတ်ထားပြီး အပ်ကြဖို့ဖြစ်ပါတယ်, နောက်တစ်ခုက ဝါဆိုဦးကာလ ဆွမ်းစားပင့်မှု များလှသဖြင့် ဥပဒ္ဌာန်ကများ အနေနှင့် ပင့်ဆောင်ရာမှာ ဥက္ကဋ္ဌ, အကျိုးတော်ဆောင်များသာမပင့်ဘဲ တာဝန်ကျမဟာ နာယက ဆရာတော်များသည် အားလုံး မိမိတို့ မြို့ရွာကျောင်းတိုက် များမှာ ဦးစီးပခဏနနာယက ပုဂ္ဂိုလ်များသာဖြစ်ကြလို့ ဟောရေးပြောရေးကအစ စွမ်းဆောင်နိုင်သူချည်းသာဖြစ်လို့ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်မပါလျှင်လည်း ဖြစ်ပါတယ်၊ အကြီးဆုံးများ ပါဝင်နေမှ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ပါသင့်သည်လို့ ဆုံးဖြတ်ပြီး ပင့်ပါ၊ ကျန်သောဆွမ်းစား ကိစ္စများကို မဟာနာယက အဖွဲ့ဝင် ဆရာတော်များအား အလှည့်ကျ ပင့်ဆောင်ကြဖို့၊ ပင့်လာလျှင်လည်း ကြွတော်မူကြဖို့၊ လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကထာကို နိုဂုံးချုပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

သြဝါဒကထာ ၂၁-ပ-မ-သ-၀(၄၇)

၁၈-၉၆ တတိယအကြိမ် စတုတ္ထအပည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဘုရားတော် အရှင်သူမြတ်တို့ ဘုရား—

မဘဝေဘဝတွေကတဲ့ ပါပ်၊ သိဿပါပ် ကရုဏာတော။

ဆုဘဝရဲ့ ကသိုလ် ပါပ်၊ ရုဏပါပ် ပုရောဟိတော။

သာသနမိ.များ၊ပြုလုပ်သည့်ဆိုးသွမ်းမှု မကောင်းမှုတို့သည် မိဘပြုလုပ်သလိုပင်ဖြစ်ပါတယ်။ မိဘဘို့ခေါင်းပေါ်ကို ကျရောက်ပါတယ်။ ဒီအတိုင်းပါပဲ သိဿပါပ်-တပည့်များ၊ မကောင်းမှုပြုလုပ်ပါက ဆရာ့မကောင်းမှု ပြုလုပ်ရာရောက်ပါတယ်၊ တပည့်မကောင်းဆရာ့ခေါင်းအပေါ် ကျရောက်မှာ ဖြစ်ပါတယ်၊ ဒါကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆောင်ရွက်ကြရာမှာ မှားယွင်းဆောင်ရွက်ပါက လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်မရှိဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ခေါင်းပေါ်ရောက်လာမှ ဖြစ်ပါတယ်၊ ဆောင်ရွက်ရန် ညွှန်ကြားပြန်တော့လည်း လောကနီတိ အဆိုအတိုင်း အထက်အောက်နှစ်ဘက်ညှပ်ပြီး တောင်းခံရပြန်တယ်၊ ပညာရေးဆိုင်ရာ လုပ်ငန်းများမှာ အလွယ်ပြုလုပ်ဆောင်ရွက်၍ ဖြစ်သော်လည်း သာသနာ့ရေး၊ ဝိနိစ္ဆယရေးကိစ္စတို့မှာ အလွယ်ပြုလုပ်ဆောင်ရွက်၍ မဖြစ်၊ တော်ဘော်ကို ယောနိသောမနသိကာရအဖွဲ့သွင်းနိုင်မှုဖြစ်ပါတယ်၊ အငြင်းအခုံအမှု တစ်ခုဖြစ်လာရင် သူ့ဘက်ကိုယ့်ဘက် အထောက်အထားများ ရှာဖွေ၍ တစ်ဘက်နှင့်တစ်ဘက် မိမိဘက်ကမှန်ကြောင်း တင်ပြကြမှာပါပဲ၊ တပည့်တော်တို့က စိတ်ဘေးရောက်သွားရင်အတွေးချော်သွားရင်မှားတတ်တဲ့ကိစ္စများလဲကြုံရတတ်ပါတယ်၊ ကြွရောက်လာကြတဲ့ နိုင်ငံတော်ဝိနည်းဝိုရ ဆရာတော်များသည်လည်း ကရားသူကြီးများကဲ့သို့ ကိုင်တွယ်ကြရပြီး တပည့်တော်တို့ကလည်း ရောက်လာတဲ့ ဒေါ်မှုကိုမှတ်သားဂဏေ သဘောသားမှတ်ချက်ပြုထားရမှာဖြစ်ပါတယ်။ မှားသွားရင်လဲ ပြင်ပကဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်များ တာဝန်သာဖြစ်ပါတယ်၊ ကြည့်မြင်တိုင်သာမှ

ကျောင်းတိုက် အခမ်းအနားတစ်ခုခု ဆရာတော်တစ်ပါးက နိုင်ငံတော် သံဃမဟာနာယကကို အပြစ်ပြောပါတယ်၊ နိုင်ငံတော် သံဃမဟာ နာယကကိုချည်း အပြစ်တင်ပါတယ်၊ ထိုအခါ နိုင်ငံတော် သံဃမဟာ နာယက ဆရာတော်တစ်ပါးက နိုင်ငံတော် သံဃမဟာနာယကဆိုတာ စိမ်ခန့်ခွဲမှုအပိုင်းမှာသာ ရှိပါတယ်၊ တပည့်တော်များကို အပြစ်မတင် သင့်ပါဘူး–စသည်ဖြင့် ပြန်လည်မိန့်ကြား ရှင်းပြခဲ့ရပါတယ်။ ဝိနည်း ဝမ္မကံ လုပ်ထုံးလုပ်နည်း ၅၆ (ဂ) (ဃ)တို့သည် နိုင်ငံတော် သံဃမဟာ နာယကဆုံးဖြတ်ရတဲ့ အမှုတော်ပါ၊ နိုင်ငံတော်ရောက်မှ တိမ်းပါးသွားရင် မကောင်းပါ၊ နိုင်ငံတော် သံဃမဟာယနာယကသည် အောက်ခြေမှ နိုင်ငံတော်အတိ လုပ်ပိုင်ခွင့် ရှိနေပါတယ်။ ဒါကြောင့် တပည့်တော်တို့ အနေဖြင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နံ့ည်းများ ပြန်ဖတ်ရန် လိုအပ်ပါတယ်၊ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၊ များများဖတ်နိုင်မှ လက်တွေ့ဆောင်ရွက်ရာမှာ အတော်ပဲ ဖြစ်ပါတယ်၊ မှားယွင်းဆုံးဖြတ်မှုမျိုး မဖြစ်သင့်အောင် သတိထားရပါတယ်။ အမှုသည်နှင့် ဆုံးဖြတ်ဘုန့်စစ်ဘက်ကြားထဲမှာ လျှောက်တွေးရင်း အိပ်ပျော်စရာမရှိ စားဝင်စရာ မကောင်း ဖြစ်ရပါတယ်၊ ဆူးနှင့်ဖက်ပမာ သဘောထား၍ သတိကြီးစွာ ဖြင့် ဆောင်ရွက်ပြီး အမှုများချတ်ချေ့ာ်တိမ်းပါးမှုမရှိရအောင် ပြည့်ပြည့်စုံစုံ ဆောင်ရွက်ကြပါ၊ မော်ကွန်းမှတ်တမ်း မကျန်ရအောင် အမဲစွန်း မထင်ရအောင် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်ကြပါ့ရန်နှင့် ရှင်သာရိပုတ္တရာသည် ကိုရင်ငယ်ကအစ ဆုံးမမှုကို နာယူသလို တပည့်တော်များ မဟာနာယက အဖွဲ့ဝင်တို့သည်လည်း တစ်ပါးနှင့်တစ်ပါး ပြောမနာ ဆိုမနာ ဆောင်ရွက်သွားကြပါရန် တိုက်တွန်းရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်ဘုရှင်သူမြတ်တို့ဘုရား။

၈-၈-၉၆ တတိယအကြိမ် ပဋ္ဌမဘာဏပေး သြဝါဒကထာ

နိုင်ငံတော်သံဃာ မဟာနာဂကာဇွဲဝင် အရှင်မြတ်တို့ဘုရား

တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အမြင့်ဆုံးအဖွဲ့အစည်း တစ်ရပ်ဖြစ်ပါသည်ဘုရား၊ သို့ဖြစ်၍ လုပ်ငန်းကိစ္စအပေါက်ကို ဆောင်ရွက်ကြသည့် အခါ မတိမ်းမစောင်း ရလေအောင် သတိကြီးစွာကားရ၏ ဆောင်ရွက်ကြဖို့လိုပါသည်ဘုရား။

မဆုတ်ယုတ်ကြောင်း၊ ကြီးပွား တိုးတက်ကြောင်း အပရိဟာနိယတရား (၇) ပါးကို မြတ်စွာဘုရား အဂုတ္တရနိကာယ် သတ္တကနိပါတ် ၌ အလင်အရှား ဟောပြောခဲ့ပါ လမ်းညွှန်ပြခဲ့တာ ရှိပါသည်ဘုရား။ အခါတပါးညဉ့်ခေါင်ယံအချိန် နက်သားဂန္ဓာဟာက် မြတ်စွာဘုရားထံ-မှောက်ရောက်ရှိလာပြီး ဗဆုတ်ယုတ်ကြောင်း၊ ကြီးပွားတိုးတက်ကြောင်း တရားများကို လျှောက်ထားပါသည် ဘုရား။ တိုမဆုတ်ယုတ်ကြောင်း၊ ကြီးပွားတိုးတက်ကြောင်းတရား(၇)ပါးတို့မှာ-(၁)သတ္တဂါရဝ-မြတ်စွာဘုရားရှင်၌ ရိုသေလေးစားမှု၊(၂)ဓမ္မဂါရဝ-မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်၌ ရိုသေလေးစားမှု၊ (၃) သံဃဂါရဝ-သံဃာ (၄) ရပ်အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြသော သံဃာတော်၌ ရိုသေလေးစားမှု၊(၄)သိက္ခာဂါရဝ-မိမိတို့ကျင့်ကြံကြိုးကုတ်အားတုတ်အပ်သော သီလ-သမာဓိ-ပညာ သိက္ခာ (၃)ရပ် အကျင့်မြတ်တို့၌ ရိုသေလေးစားမှု၊(၅) သမ ၎ဂါရဝ-ဥပစာရသမာဓိ, အပွဿနာသမာဓိရှိလျှင် ထိုသမာဓိတရား၌ ရိုသေလေးစားမှု၊ ထိုဥပစာရသမာဓိ, အပွဿနာသမာဓိမရှိလျှင် ခဏိကသမာဓိတရား၌ ရိုသေလေးစားမှု၊ (၆)-အပွဿနာဂါရဝ- မမေ့လျော့ခြင်း၌ ရိုသေလေးစားမှု၊ (၇)ပဋိသန္ထာရဂါရဝ-အာမိသပဋိသန္ထာရ မေမှပဋိသန္ထာရတို့ဖြင့် အစေ့အစပ်ပြုမှု၌ ရိုသေလေးစားမှုဆိုတဲ့ တရားများပင် ဖြစ်ပါသည်။ ထိုတရား (၇) ပါးနှင့်ပြည့်စုံလျှင် ဆုတ်ယုတ်မှုမရှိ၊ ကြီးပွားတိုးတက်ဖို့သာ ဖြစ်ကြောင်း၊ နက်သားက လျှောက်သွားပါတယ်။ နတ်သား၏ လျှောက်ထား

ချက်ကို လက်ခံတော်မူကာ ငါဘုရားရှင် ဟောကြားတော် မူလျှင်လည်း ထိုအတိုင်းပင် ဟောကြားမည် ဖြစ်ကြောင်း ထပ်လောင်း အတည်ပြု ဟောကြားတော်မူပါတယ်၊

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အစရှိသော ရဟန္တာမထေရ်ကြီးများအပြင် ပုထုဇဉ် သေက္ခ ရဟန်းတော်တော်လေ စုံလင်စွာရှိတဲ့ ဓမ္မသဘင်မှာ မြတ်စွာဘုရားရှင်က ထိုအကြောင်းကို မိန့်ကြားတော်မူရာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက နတ်သား၏ အကျိုးအားဖြင့် လျှောက်ထားချက်ကို အကျယ်ဝေဖန် လျှောက်ထားခွင့်ပြုပါရန် မြတ်စွာဘုရားထံခွင့်ပန်သဖြင့် မြတ်စွာဘုရား၏ ခွင့်ပြုချက်အရ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ဂါရဝတစ်မျိုးကို လေးမျိုးစီပြုပြီး အကျယ်အားဖြင့် ခွဲခြားဝေဖန် လျှောက်ထားခဲ့ပြန်ပါတယ်။ ယင်းလျှောက်ထားချက်ကို မြတ်စွာဘုရားက လက်ခံတော်မူပြီး ငါဘုရားရှင်ဟောကြားလျှင်လည်း အရှင်သာရိပုတ္တရာ လျှောက်ထားသည့် အတိုင်းပင် ဟောကြားမည် ဖြစ်ကြောင်း ထပ်လောင်းမိန့်ကြား တော်မူပြန်ပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ အကျယ်အားဖြင့် ဝေဖန်လျှောက်ထားချက်ကတော့ နံပါတ်(၁)သတ္တုဂါရဝ–မြတ်စွာဘုရားရှင်၏ ရှိသေလေးစားမှု ဆိုသည်ကို(၁)ကိုယ်တိုင်လေးစားခြင်း၊ (၂)မြတ်စွာဘုရားရှင်၌ ရှိသေလေးစားခြင်းကြောင့် ရဟန်းပယောဂအကျိုးကို သူတစ်ပါးတို့အား ပြောကြားလေ့ရှိခြင်း၊(၃)မြတ်စွာဘုရားရှင်၌ ရှိသောလေးစားမှု မရှိသူကို ရှိလာအောင် ရှိသေမှုနည်းပါးသူကို များလာအောင်တိုက်တွန်းခြင်း၊(၄)မြတ်စွာဘုရား၌ ရှိသေလေးစားမှုရှိတဲ့ ပုဂ္ဂိုလ်များရဲ့ အကြောင်းဂုဏ်ကျေးဇူးများကို အခါအခွင့်သင့်တိုင်း ပုတ်တိုင်းမှန်စွာ ကျေးဇူးစကားထုတ်ဖော်ပြောကြားလေ့ရှိခြင်း၊အဲဒီလိုဟစ်မျိုးတစ်မျိုးမှာ (၄)ခုစီ (၄)ခုစီ အကျယ်ပွားလိုက်တော့ အပရိဟာနိယာတရား(၂၀)ပါးဖြစ်လာပါတယ်။

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များဟာ နံပါတ်(၁)အပ္ပဲအစည်းမှာ ဆောင်ရွက်နေရတဲ့ ဆရာတော်များဖြစ်လို့ အထူးထပ်ပြီး တိုက်တွန်းရန် မလိုအပ်သော်လည်း ဒီတာရား(၇)ပါးအနက် သမာဓိဂါရဝ၊ အပ္ပမာဒဂါရဝ၊ ပဋိသန္ထာရဂါရဝဆိုတဲ့ ဒီဂါရဝ ၃-ပါးကို အထူးသတိပြု လိုက်နာရန် လိုအပ်ပါကြောင်း လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကလာကို နိဂုံးချုပ်ပါသည်ဆရာတော်အရှင်မြတ်တို့ဘုရား။

၁၅-ဂ-၉၆ တတိယအကြိမ် ဆဋ္ဌ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ဝင်အရှင်သူမြတ်တို့ဟုရား။ မြတ်စွာဘုရားရှင်သည် အဂ်ုတ္တိုရ်ပါဠိတော်စတုက္ကနိပါတ် ဗြာဟ္မဏာဝဂ်၌ဟောကြားတော်မူခဲ့သော တရားကို လျှောက်ထားလိုပါသည်။ ဟောကြားတော်မူသော တရားမှာ ဝဿကာရပုဏ္ဏား၏ လျှောက်ထားချက်ကိုအခြေခံ၍ ဘုရားရှင်က ပြန်လည်ဖြေကြား မိန့်ကြားခဲ့သော တရားတော်ဖြစ်ပြီး လုပ်ငန်းကိစ္စ ဆောင်ရွက်ကြသူများ မှတ်သားလိုက်နာဖွယ်စကားတစ်ရပ်လည်း ဖြစ်ပါသည်။

တပည့်တော်တို့၏ သမ္မည္ဘုရားရှင်သည် မဟာဓတိုင်း၊ ဗိမ္ဗိသာရမင်း၏ နယ်မြေဖြစ်သော ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ ဗိမ္ဗိသာရမင်း၏ မင်းတိုင်ပင်အမတ်ဖြစ်သော ဝဿကာရပုဏ္ဏားသည် ဟစ်နေ့သင်္ဘ မြတ်စွာဘုရား ထံတော်သို့ ရောက်ရှိလာပြီးမြတ်စွာဘုရားနှင့် သာရဏီယသမ္မောဒနီယကထာ စကားများပြောဆို လျှောက်ထားပြီးနောက် မိမိ၏ ပြောဆိုခင့်ဟု သတ်မှတ်ယူဆသော အယူဝါဒတစ်ရပ်ကို လျှောက်ထားပါသည်။

မြတ်စွာဘုရား တပည့်တော် အမြဲတမ်း ပြောလေ့ရှိပြီး စဲ့ယူထားတဲ့ အယူဝါဒတစ်ရပ်ရှိပါတယ်၊ ပြောလေ့ရှိတိုင်း စဲ့ယူထားခြင်းကြောင့်အပြစ်မရှိ ဟု လည်း အယူရှိပါတယ်၊ အဲဒီ အယူကတော့ (၁) ဒိဋ္ဌ–မျက်စိမှာ မြင်သမျှ အခြား တပါးသော ပုဂ္ဂိုလ်တွေကို ငါဒီအတိုင်း မြင်တယ်လို့ ပြောခြင်းကြောင့် ပြောတဲ့ ပုဂ္ဂိုလ်မှာ အပြစ်မရှိ။ (၂) သုတ–နားမှာ ကြားသမျှ ငါဖြင့် ဒီလိုကြားမိတယ်လို့ ကြားတိုင်း ပြောခြင်းကြောင့် ပြောတဲ့ပုဂ္ဂိုလ်မှာ အပြစ်မရှိ။ (၃) မုတ–တွေ့ဖူးစဲ့ အာရုံ တွေ့ရတဲ့အမှုတွေကို ငါဒီလိုတွေ့တယ်လို့ တွေ့တိုင်း ပြောခြင်းကြောင့် အပြစ်မရှိ။ (၄) ဝိညာတ-သိတဲ့ နေရာမှန်သမျှ ငါဒီအတိုင်း သိတယ်လို့ သိတိုင်း ပြောဆိုခဲ့ခြင်း ကြောင့်လည်း အပြစ် မရှိဟု ယူဆ ပါသည့် ဘုရား။

တပည့်တော်၏အမြင်၊ အကြား၊ အတွေ့၊ အသိအတိုင်းပြောဆိုတာအပြစ်မရှိဘူး ဟု ယူဆတော်မှန်ပါသလား ဘုရားလို့ မေးလျှောက်ပါတယ်။

မြတ်စွာဘုရားက–အသင်ပုဏ္ဏား ငါဘုရားလဲ မြင်တဲ့ အရာ မှန်သမျှ ငါမြင်တယ်လို့ မပြောဆိုရဘူးလို့ ငါမခိုင်း၊ မြင်တိုင်း ပြောပါ လို့လည်း ငါမခိုင်း၊ မြင်တာကို ပြောလိုက်တဲ့ နေရာမှာ၊ ငါမြင်တာကို ငါပြော လိုက်ရင် အကုသိုလ်ပွားမလား၊ ကုသိုလ်ဆုတ်ယုတ်မလား၊ မိမိ အတွက် ပြောလိုက်ခြင်းကြောင့် အကုသိုလ်ပွားပြီး ကုသိုလ် ဆုတ်ယုတ်မယ်ဆိုရင် မပြောအပ်လို့ ငါဘုရား ဟောတယ်၊ အကယ်၍ မပြောဘဲ နေလိုက်ခြင်းကြောင့် အကုသိုလ်ပွားပြီး ကုသိုလ် ဆုတ်ယုတ်မယ်ဆိုရင် ပြောခြင်းကြောင့် ကုသိုလ်တွေပွားပြီး အကုသိုလ်တွေ ဆုတ်ယုတ် ကုန်မယ် ဆိုရင် မပြောလို့ မတော်၊ ပြောကိုပြောရမယ်လို့ ငါဘုရား ဟောကြားတော်မူတယ်၊ ဒီအတိုင်းကြားမှသုတ၊ တွေ့မှမှတ် သိမှုဝိညာဏ် တို့ကို လည်း မှတ်ယူရမယ်ဆို ဟောကြား တော်မူ တဲ့အခါ ဝဿကာရ ပုဏ္ဏား က "အရှင်ဘုရား တပည့်တော်၏အယူအဆသည် တစ်ယူသန် ဖြစ်နေပါတယ်၊ ပြောသင့် ပြောဆိုက်တာကို ခွဲခြမ်းဝေဖန် ပြုတော်မူသည့်အတွက် မှန်လှ ပါတယ်ဘုရားလို့ဝမ်းမြောက်စကား လျှောက်ထား ခဲ့ပါတယ် ဘုရား။

ထို့အတူ တပည့်တော်တို့ မဟာနာယက အဖွဲ့ဝင် မျှားသည်လည်း လုပ်ငန်းကိစ္စ ဆောင်ရွက်ကြတဲ့နေရာမှာ မမှတ်ဉာဏ်က ရှုံးနိမ့်ခြင်းရောက် မည်ဆိုလျှင် ပြောကိုပြောရပါမည်။ မပြောဘဲ မနေပါနှင့် ပြောဆိုခြင်းကြောင့် ဓမ္မဘက်က အားကောင်း လာမည်ဆိုလျှင် ပြောကို ပြောပါ မပြောဘဲမနေပါနှင့်ဘုရား ဆောင်ရွက်ကြရာမှာ ကုသိုလ် အကုသိုလ် ပုညပါပ၊ ပဏိတ–ဟီန၊ သာဝဇ္ဇ–အနဝဇ္ဇ၊ ဓမ္မ–အဓမ္မ၊ ခွဲခြားမှု ဓမ္မဘက်က ဆုတ်ယုတ်နစ်နာမည်ဆိုလျှင်မပြောဘဲ့ကြောင်းနှင့် ပြောရလုပ်ရ မည့်အပြောမျိုး အလုပ်မျိုးကို ဝေဖန် တင်ပြ လျှောက်ထားရင်း တပည့်တော်၏ ဘဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် မဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဗုဒ္ဓား။

၂၁-၈-၉၆၊ တတိယအကြိမ် သတ္တမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ တပည့်-တော်တို့ ရဟန်းသံဃာတော်များမှာ ဝိနိစ္ဆယရေး၊ သာသနာရေးများ နှင့် ပတ်သက်ပြီး ငြင်းခုံမှု ဝိဝါဒများ ဖြစ်ကြပါတယ်၊ အဲဒီလိုဖြစ်ကြတဲ့ နေရာမှာ များစသောအားဖြင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ငြင်းခုံမှုတွေ များပါတယ်၊ တစ်ဘက်နှင့်တစ်ဘက် အလျှော့အတင်း မရှိကြလို့ဘဲဖြစ်ပါတယ်လို့ ပြောရမှာဘဲ၊ တစ်ဘက်က လျှော့ပြီး လိုက်လျှော့မယ် ဆိုရင် ပြေလည်အေးငြိမ်းမှုကို ရကြမှာအမှန်ဘဲ၊ ဒါပေမဲ့ တပည့်တော်တို့ ဒုတိယ အဖွဲ့ခွဲအလှည့်မှာ သူနိုင်ကိုယ်နိုင် ဝိဝါဒအမှုတွေ ပိုပြီးများပြားလာသလား အောက်မေ့ရပါတယ်၊ ညှိနှိုင်းပင် ညှိနှိုင်းရပါသော်လည်း ဆယ်-ရေးတရေး ကိုးရေးတရာ ဆိုသလိုသာ အေးငြိမ်းမှုရပြီး ပြန်တက်လာတဲ့အမှုတွေများပါတယ်၊ ဒါကြောင့် ဝိနိစ္ဆယအဖြစ် မရောက်လျှင်မရ ဝိနိစ္ဆယနှင့် မဆုံးဖြတ်လျှင် မရတဲ့အခြေအနေများ တွေ့ရပါတယ်။

ငြင်းခုံမှုနှင့် ပတ်သက်ပြီးတော့ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိ-ပြည် ဇေတဝန်ကျောင်းမှာ ရဟန်းနှစ်ပါး ချစ်ချင်ခင်ခင် အတူနေ-ကြတဲ့အခါမှာ တစ်ပါးသောရဟန်းယဉ်က မိမိနှင့်အတူနေ ကြီးသော ရဟန်းကို နှုတ်လှန် ပြောကြားမိပါဘယ်၊ ငယ်သောရဟန်းက လေး-ငါး ရက်လောက်နေမှ ပြန်သတိရပြီး တောင်းပန်ပါတယ်၊ ကြီးသောရဟန်း-က သည်းခံ ခွင့်လွှတ်ခြင်း မရှိပါဘူး၊ ဒီသတင်းကို အခြားရဟန်းတွေ-ကကြားတော့၊ ရဟန်းယဉ်က တောင်းပန်ပါလျက် ရဟန်းကြီးက ဘာ-ကြောင့် လက်မခံနိုင် ခွင့်မလွှတ်နိုင် ဖြစ်ရသလဲဆိုပြီး မြတ်စွာဘုရား-ထံ လျှောက်ထားကြပါတယ်၊ မြတ်စွာဘုရားက– ထိုရဟန်းနှစ်ပါးကို ခေါ်ယူတော်မူပြီး ရဟန်းငယ်က ရဟန်းကြီးကို နှုတ်ဖြင့် လွှန်ကျူးပြော-ဆိုတယ်ဆိုတာ မှန်သလား၊ ရဟန်းကြီးက ရဟန်းငယ်တောင်းပန်တာ-ကိုလက်မခံဘူးဆိုတာ မှန်ပါသလားလို့ မေးစိစစ်တော့ မှန်ကန်ပါကြောင်း-လျှောက်ထားကြပါတယ်၊ ဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့

လောကမှာ လူမိုက်နှစ်ယောက်ရှိတယ်၊(၁)ရှေးဦးစွာအပြစ်ရှိပြီးမတောင်းပန် မကန်တော့တဲ့သူဟာ လူမိုက်၊ (၂)အပြစ်ရှိမှန်းသိ၍ တောင်းပန်တာကို မခံကျေနပ် လက်မခံတဲ့သူဟာလည်း လူမိုက်ပဲဖြစ်တယ်၊ ဒီရဟန်းနှစ်ပါးဟာ ပျက်မှောက်ဘဝ ပီပီသန္တာန်၌ ဒေါသ မာန်မာနတွေ ပွားများနေသည့်အတွက်ကြောင့် လသုတ်လဲကဲ့သို့ အဆင်းအရောင် အလုံးအဝန်းမတ်ုးတက် ဆုတ်ယုတ် ပျက်စီးဖို့သာရှိတယ်၊ ငါဘုရားသာသနာ အရိယာနယ်ပယ်မှ အပြစ်ရှိရင် တောင်းပန်ရမယ်၊ တောင်းပန်ရင် ကျေနပ်ရမှာဖြစ်တယ်လို့ မိန့်ကြား်တော်မူခဲ့ပါတယ်။

ဒါခြင်းကြောင့် အားလုံးသော ရဟန်း,ရှင်,လူ, ပြည်သူအပေါင်းတို့သည် အပြစ်ရှိလျှင် တောင်းပန်ကြပြီး တောင်းပန်လာလျှင်လည်း ခွင့်လွှတ်ကြပါမှ သမဂ္ဂသမောဒါနဖြစ်၍ ကိုယ်ဖြင့်သီညီတ်ခြင်း စိတ်ဖြင့်ညီညွတ်ခြင်းဖြစ်လျက် ဖာသုဝိဟာရ၊ ချမ်းချမ်းသာသာ နေထိုင်နိုင်ကြပါလိမ့်မယ်၊ တပည့်ခင်ဗျာ်များ အရှာသမ်းအမှုထမ်း ဘုရားသားတော်အပေါင်းသူတော်ကောင်းတို့သည်လည်း အပြစ်ရှိလျှင် တောင်းပန်၍၊ တောင်း-ပန်လျှင် ခွင့်လွှတ်နေထိုင်ကြမှ ချမ်းသာကြမှာ ဖြစ်သလို ဒီအတိုင်းပဲ အမှုသည်များ ငြင်းခုံတဲ့ ပုဂ္ဂိုလ်များကိုလည်း ဟောပြော ပြသရင်း ကျေနပ်အောင် ပြုလုပ်ကြဖို့ တင်ပြလျှောက်ထားရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် မဟာနာယကအဖွဲ့ဝင် အရှင်-မြတ်တို့ဘုရား။

၂၀-၇-၉၆ တတိယအကြိမ် အဌမအဝည်းအဝေး သြဝါဒကထာ

ဦးဇင်တော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ သုတ္တန်ပိဋကတ်အဂုံတို့ရှိပါဦးတော် ပဋ္ဌာန်းပါတ်မှာ မြတ်စွာဘုရားရှင်က ဒုက္ခထာဟု ဆိုအပ်သော မဂ္ဂင်းခုနှစ်ပါးတို့(၅)ပျိုးကို ဟောကြားတော်မူပါတယ်။

(၁) အသဒ္ဓဿ သဒ္ဓါဂုဏသ ဒုက္ကထာ၊ သဒ္ဓါတရား မရှိသော ပုဂ္ဂိုလ်အား သဒ္ဓါတရားနှင့်စပ်သောစကားသည် စကားကောင်းမဟုတ်၊

(၂) ဒုဿီလဿ သီလဂုဏသ ဒုက္ကထာ၊ သီလမရှိသောပုဂ္ဂိုလ်အား သီလနှင့်စပ်သောစကားသည် စကားကောင်းမဟုတ်၊

(၃) မစ္ဆရိဿ စာဂဂုဏသ ဒုက္ကထာ၊ ဝန်တိုသောပုဂ္ဂိုလ်အား စွန့်ကြဲခြင်းနှင့် စပ်လျဉ်းသောစကားသည် စကားကောင်းမဟုတ်၊

(၄) အပ္ပသုတဿ ဗဟုဿုတဂုဏသ ဒုက္ကထာ၊ အကြားအမြင်နည်းသော ပုဂ္ဂိုလ်အား အကြားအမြင်များခြင်းနှင့် စပ်သော စကားသည် စကားကောင်းမဟုတ်၊

(၅) ဒုပ္ပညဿ ပညာ ဂုဏသ ဒုက္ကထာ၊ ပညာမရှိသော ပုဂ္ဂိုလ်အား ပညာနှင့်စပ်သောစကားသည် စကားကောင်းမဟုတ်။
လို ဟောကြားတော်မူပါတယ်။

သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်အား သဒ္ဓါနှင့်စပ်ပြီးပြောကတည်းကိုက သူ့နားမှာမကြားလို၊ မနှစ်သက်ဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ သူမှာ သဒ္ဓါတရားမရှိတဲ့အတွက် နာလိုခြင်းမရှိပါဘူး၊ ဒီအတိုင်းပဲ သီလ,သုတ, စာဂ, ပညာနှင့်စပ်သော ကျန်စကားလေးရပ်တို့ကိုလည်း အဝေးတူမှတ်ရပါတယ်၊ ထိုနည်းတူစွာ တပည့်တော်တို့ပြောကြတဲ့ စကားသည် အမှု သည်ဘက်ကကြည့်ရင် စကားကောင်းဖြစ်ချင်မှဖြစ်မယ်၊မဖြစ်သော်လည်း သဒ္ဓါ, သီလ,သုတ, စာဂ, ပညာသူတော်ကောင်းတရား လက်ကိုင်ထားရင် လူ့ရပ်နတ်ထံနိဗ္ဗာန်အထိ သုဂတိသို့ရောက်ကြောင်း ဖြစ်တဲ့အတွက် သဒ္ဓါမရှိသူကို သဒ္ဓါတရားရှိလာအောင် သိမ်းသွင်းပြောဆိုကြဖို့ ဆက်ဆံကြဖို့ အာမိသပဋိသန္ထာရကို မရသည့်တိုင် ဓမ္မပဋိသန္ထာရတရားအားဖြင့် ဆက်စပ်ပြေပြစ်မှုဖြစ်ပြီး၊ လုံးဝနီးပါးလက်မခံသည့်တိုင်အောင် ကျေနပ်

လေ.က်သည့်အခြေအနေရောက်အောင် သဒ္ဓါ, သီလ, သုတ်, စာဂ,ပညာ တို့နှင့် ပြည့်စုံလာအောင် ဆွဲဆောင်တော်မူကြဖို့ လျှောက်ထားရင်း တပည့်တော်၏ သြဝါဒကလေးကို နိုဂုံးချုပ်အပ်ပါသည် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင်အရှင်မြတ်တို့ဘုရား။

၄-၉-၉၆ တတိယအကြိမ် နဝမ အစည်းအဝေး သြဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ဝိနိစ္ဆယရေး၊ သာသနာ့ရေး၊ ပညာရေး အမှုကိစ္စများ ဆောင်ရွက်ကြရာမှာ တဘိယအကြိမ် ဆောင်ရွက်ခဲ့စဉ်ကာလထက် ယခု စတုတ္ထအကြိမ် ဆောင်ရွက်ကျရာမှာ အမှုများ လျှော့နည်း သွားလိမ့်မယ်လို့ တပည့်တော်များ မျှော်လင့်ခဲ့ကြပါပေ.ယင်ဘုရား။ မျှော်လင့်ပင်မျှော်လင့်ခြား သော်လည်း ယခင်ကထက်ပိုမိုများပြားလာသည်ကို ထင်ရပါသည်ဘုရား၊ ယခုလို များပြားလာသည့်အမှုဝေဒနာကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုင်တိုင်ပင်ပင်ညီညီ ညွှတ်ညွှတ်ညီနှင်း ဆောင်ရွက်ကြဖို့ပင် ဖြစ်သော်လည်း ကိုယ့်မှာလည်း ကိုယ့်အလုပ်နှင့်ကိုယ် သူ့မှာလည်း သူ့အလုပ်နှင့်သူ ရှုပ်ထွေးနေကြသည့် အတွက်ကြောင့် တစ်ပါးနှင့်တစ်ပါ မကူညီနိုင်ဖြစ်ကြရပါတယ်။

ဒီနေရာမှာ အပြေးလဲပြေ ဆိုလိုတဲ့သဘော လည်းပေါ်အောင် ပုံပြင်လေးတစ်ခုပြောပြလိုပါတယ်၊ တပါးခါက အညာကျေးလက်တောရွာတစ်ရွာမှာ သားအဖနှစ်ယောက်ရှိကြတယ်၊ လယ်ယာစပါးမှာ လုပ်ကိုင်ချိန် သားဖနှစ်ယောက် ခိုင်းနှောက်ငယ်ညှဉ်းနှင့် နွားသိုးကြီးတင်ကောင်ပေါင်း နှားသုံးကောင် ဆွဲပြီး မှာ ဖြေနုံးအပါးမြက်ရေစာပေါ်တဲ့နေရာမှာ နှားတွေကို လွှတ်ကျောင်းထားသတဲ့ နှားသုံးကောင်ဟာ ဖမ်းရခက်လို့ ကြိုးရှည်ရှည်နဲ့ လှန်သားသတဲ့၊ အဲဒီတော့ "သားရေ၊ ငါအိပ်ပျော်သွားရင် နှားတွေကြည့်ထားနော်" လို့ ပြောပြီးသင်ပင်ကောက်မှာ လဲအိပ်ရင်း တောင်တွေ့ မြောက်ကြည့်နဲ့ တွေးပေါ်ရေးယမ်း၊ ဒီအချိန်မှာ ဇရားသံပေါ်လာလို့ နှားတောင်ကြည့်လိုက်တော့ ပေါ်ဘက်ရွာက တရားဟောနေတာကို

ကြားရတယ်၊ ဒါနဲ့"သားရေ နွားတွေကြည့်ထား ငါတောင်ရွာသွား တရားနာလိုက်ဦးမယ်"ဆိုပြီး တောင်ဘက်ရွာကို သွားလိုက်တော့ ထင်တဲ့ အတိုင်း အလှူပြိန်လေးတစ်ခုမှာ ဘုန်းကြီးတစ်ပါး တရားဟောနေတာကို တွေ့ရလို့ ထိုင်ပြီးတရားနာနေလိုက်တာ ညနေသုံးနာရီနှင့်လည်း မပြီးဘူး ဘုန်းကြီးကျောင်း တစ်ကျောင်းက(၄)နာရီထိုးလို့ တုံးခေါက်သော်လည်း မပြီးသေးဘူးတဲ့၊နွားသိုင်းချိန်ကလည်းရောက်နေ အဖေ့ကောင်းနဲ့လည်း အတူပြန်လိုက်ချင်ဖြစ်ရော့တာပဲ၊ဒီအချိန်မှာ သားကလည်း နွားတွေကို မနိုင် ချည်ထ ားတဲ့နွားသိုးကလည်း မှန်းဆိုတော့ အဖေတရားနာနေတဲ့ ရွာနားရောက်အောင်သွားပြီး "အဖေရေ နွားတွေရှုန်းကုန်ပြီ၊ မနိုင်တော့ ဘူး၊ မြန်မြန်ပြန်ခဲ့ပါလို့ အော်ခေါ်သတဲ့၊ ဒါကို အဖေကကြားတော့ ဘုန်းကြီးကလည်းဟရုးကမပြီးသေး၊ပြန်ကလည်းပြန်ချင်နဲ့သားကို လှမ်း ပြီးတော့"သားရေမင်းလည်း၊ မင်းဒုက္ခနဲ့မင်းဆက်လုပ်၊ ငါလည်း ငါ့ဒုက္ခနဲ့ ငါ တရားဆက်နာလိုက်မယ်ဟေ့ "လို့ပြောသတဲ့။

ထို့အတူ ဝိနိစ္ဆယရေး၊ သာသနာ့ရေး၊ ပညာရေး ဆောင်ရွက်နေကြ တဲ့ ဆရာတော်များ၊ဘက်ကလဲ ကိုယ့်ဒုက္ခနဲ့ကိုယ် ဥပတ္ထမ္ဘကဒါယကာများ ဘက်ကလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်မို့အမှား၊အယွင်းမရှိရအောင် သတိထား၊ပြီး ဆောင်ရွက်သွားကြဖို့တိုက်တွန်းရင်း တပည့်တော်၏ သြဝါဒကထာကိုနိဂုံး ချုပ်အပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင် မြတ်တို့ဘုရား

၁၁-၉-၉၆ တတိယအကြိမ် ဒသမဘာစည်းဘဲ့ သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား မြတ်စွာ ဘုရားရှင်က "အဂ္ဂိဘာရနိကာယ်စတုက္ကနိပါတ်မှာ "သံဝါသေန ဘိက္ခဝေ သီလံ ဝေဒိတဗ္ဗံ သံဝေါဟာရေန သောစေယျံ ဝေဒိတဗ္ဗံ အာပဒါသု ထာမော ဝေဒိတဗ္ဗော၊ သာကစ္ဆာယ ပညာ ဝေဒိတဗ္ဗာ"လို့ ဟောကြား တော်မူပါတယ်။

(က) သံဝါသေန ဘိက္ခေ သိလံ ဝေဒိတဗ္ဗံဆိုတာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို သိလရှိမရှိ၊ လွယ်လွယ်နဲ့မသိနိုင်ဘူး၊ အချိန်ယူပြီး ခပ်ကြာကြာ ပေါင်းပြီး ယောနိသောမနသိကာရထားပြီး အသိဉာဏ်ပညာနှင့် ကြည့်ရှုမယ်ဆိုရင် ဒီပုဂ္ဂိုလ်သည် အကျင့်စာရိတ္တကောင်း,မကောင်း သိရတယ်၊ ပေါင်းသင်းလာတာ ကြာလေလေ အသွားအလာ အနေအထိုင် အစားအသောက် အပြောအဆိုကိုကြည့်ပြီး သိလကျင့်သုံးတဲ့နေရာမှာ အကျိုးအပေါက် အပြောက်အကြားကဲ့သို့ သိရတယ် သိလကို အရေးစိုက်မစိုက် သိရပါတယ်။

(ခ) သံဝေါဟာရေန ယောစေယျံ ဝေဒိတဗ္ဗံဆိုတာ ပုဂ္ဂိုလ်တစ်ဦး-တစ်ယောက်နှင့် စကားအတူတကွ ပြောဘူးမှ ကြာကြာပြောဆိုဘူးမှ စင်ကြယ်မှုရှိမရှိ သိရပါတယ်၊ ကြာရှည်ပြောဆိုလာတဲ့ အခါကျတော့ တစ်ယောက်ချင်းပြောစဉ်ကတစ်မျိုး၊ နှစ်ယောက်သုံးယောက်နှင့်ပြောပြန်တော့တစ်မျိုး၊ အများနှင့်ပြောပြန်တော့တစ်မျိုးဆိုတာ သိလာရတတ်ပါတယ်၊ တချို့ကျပြန်တော့ တစ်ယောက်ချင်းပြောပြော၊ အများနှင့်ပြော-ပြော တစ်မျိုးတည်း တစ်သံတည်း အတူတူပြောကြားတာကို တွေ့ရတတ်တယ်၊ ဒါကြောင့် အပြောအဆိုကိုကောက်ပြီး ဒီပုဂ္ဂိုလ်ဖြောင့်မတ်မှု ရှိမရှိ စင်ကြယ်မှု ရှိမရှိသိရပြန်ပါတယ်။

(ဂ) အာပဒါသု ထာမော ဝေဒိတဗ္ဗော ဆိုတာက ဥပမာ-ဆွေမျိုးဉာတိများ အတီဒုက္ခရောက်တဲ့ဉာတိဗျသန၊ ရောဂါဆိုးနှိပ်စက်ခံရတဲ့ရောဂ-ဗျသန၊ စည်းစိမ်ဥစ္စာပျက်စီးတဲ့ဘောဂဗျသနစသည့်အခက်အခဲကြုံလာတဲ့ အခါ ပူပန်ကြတယ်၊ အဖေကယ်ပါ အမေကယ်ပါနှင့် ကိုးကွယ်ရာရှာတတ်ကြတယ်၊ အစွမ်းသတ္တိရှိသူတွေကတော့ ငါတို့ဟာအကောင်းချည်းလမ်းကြုံရ အဆိုးလဲကြုံရတတ်တယ်၊ ခြိုးမှမ်းကဲ့ရဲ့စသော လောကဓံသည် သတ္တဝါနှောက်အစဉ်လိုက်သလို၊ သတ္တဝါကလည်း လောကဓံနှောက်ကို လိုက်ရှာ-တုန်လှုပ်ရန်မလိုဟုနှလုံးသွင်းပြီးကြံ့ကြံ့ခိုင်ခိုင်ခံနိုင်ကြတယ်၊အဲဒီလိုဘေးရန်ဒုက္ခနှင့် ကြုံတွေ့မှု ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အစွမ်းအစ ရှိမရှိကို သိရပါတယ်။

(ဃ) သာကစ္စာယ ပညာ ဝေဒိတမ္ဘာ၊ ဆိုတာဟာ ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦး ဆွေးနွေးပြောဆိုမှု ပြုပင်ပြုကြသော်လည်း အခက်အခဲကြုံလာတဲ့ အခါ ဖြေရှင်းနိုင်ဖို့ရာ မလွယ်ပါဘူး၊ ပြဿနာတစ်ခုကို အာဂမယုတ္တိ၊ သဘာဝယုတ္တိ၊ လောကယုတ္တိမျှားနှင့်ညီပြီး အရေးကြီးလျှင် ကြီးသလို ဂမ္ဘီရလေးနက်တဲ့ အတွေးအခေါ်လည်းရှိရပါတယ်၊ ဒါကြောင့် မြတ်စွာ-ဘုရားက "ရေကြည်အိုင်တစ်အိုင်ကို မျက်စိ၃.မြင်ရှိသူသည် သွားကြည့်ပြီး ရေပွက်အဟုန်သေးလျှင် ငါးသေးမည်၊ ရေပွက်အဟုန်ကြီးလျှင် ငါးကြီး မည်ဟု ဆင်ခြင်သိရသလို သီလရှိမရှိ စင်ကြယ်မှုရှိမရှိ စွမ်းရည်သတ္တိရှိမရှိ၊ ပညာရှိမရှိကို ပညာနှင့်စပ်တဲ့ ပြဿနာတစ်ရင်ရပ်ကို ဆွေးနွေးကြည့်မှ အဲဒီပုဂ္ဂိုလ်ရဲ့ အခြေအနေကို သိနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အရှင်ဘုရားမျှားအနေဖြင့် ဤအစည်းအဝေး အပြီး မကြာခင်ပြုလုပ်မည့် ညီနှိုင်းပွဲမှာ ဒီပုဂ္ဂိုလ်မျှား ပညာရှိမရှိ ညီနှိုင်းရမရ ချင့်ချင့်ချိန်ချိန် ပြောဆိုညီနှိုင်းသွားကြဖို့ တိုက်တွန်းရင်း တပည့်တော်၏ သြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက အမှုဝင် အရှင်သူမြတ်တို့ဘုရား။

စာရှုတွေ့ကြုံခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တခမ္မာဝုဓ(အဘိဓေးမဟာရဋ္ဌဂုရု၊အဘိဓေဇာဓိဂုဏမဟာသဒ္ဓမ္မဇောတိက)၏

ဩဝါဒကထာ

၁၈-၉-၉၆ တတိယဆင်္ကြိမ် ကောဒသမဟာစည်းဝေးဩဝါဒကထာ

နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား- သာသနာရေးကိစ္စကိုဆောင်ရွက်တော်မူကြတဲ့သံဃာတော်အရှင်မြတ်များ နှင့်အမှုဆောင်ဒါယကာများ နှလုံးသွင်းကြရမှာက ကိုယ်လုပ်တဲ့အမှု- ကိစ္စသည် သာသနာတော်အတွက် ဆောင်ရွက်ကြရတာ ဖြစ်လို့ အကောင်း ဆုံးဖြစ်အောင် အမှုကိစ္စများကို စေတနာသဒ္ဓါတရားထားပြီး ဆောင် ရွက်တော်မူကြပါ၊ ကုသိုလ်လည်း၊ ဝမ်းလည်းဝ ဆိုသလို အမှုကိစ္စများ နှင့် ကြုံတွေ့လို့ လုပ်ကြရတဲ့အခါတိုင်း သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဆိုတဲ့မူနှင့် ကိုယ့်အလုပ်နှင့် ကိုက်ညီပြီးတော့ ဆောင်ရွက်ကြ ရမှာဖြစ်ပါတယ်။

တပည့်တော်တို့၏ (ဒုတိယအဖွဲ့ခွဲ)အဂနေဖြင့် ယခင်က တည်တည် တံ့တံ့နှင့် တည့်တည့်မတ်မတ် ဆောင်ရွက်တော်မူလာခဲ့ကြသလို ယခုလည်း သာသနာရေးကိစ္စ ဆောင်ရွက်ကြဖို့ အလှည့်ကျ ရောက်လာပြန်တဲ့ အခါမှာ အရာရောက်သတိထားပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမဖြစ် ရအောင် လေးလေးနက်နက် စဉ်းစားလုပ်ကိုင်ကြဖို့ တိုက်တွန်းနှိုးဆော် ရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၂၅-၉-၉၆ တတိယအကြိမ် ဒုါဒသမဇာစည်းအဝေးသြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ အရှင်-မြတ်များအနေဖြင့် သာသနာရေးအလုပ်ကိစ္စများကို ပြောဆိုလုပ်ကိုင်ခြင်းနှင့် ပတ်သက်ပြီး ပြောဆိုလုပ်ကိုင်ကြတဲ့အခါမှာ ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား လုပ်ကိုင်နေကြတာကို တွေ့ရသဖြင့် ဝမ်းမြောက်မိပါတယ်၊ ယခုလိုပြောဆို လုပ်ကိုင်ကြတဲ့အခါမှာ အရှင်ဘုရားများ သတိထားတော်မူကြရမှာက "စကားဟောရာ၊ အင်္ဂါလေးတန်၊ ဖြစ်ဖို့ရန် အမှန်သတိထား" ဆိုသလို စကားအရာ အင်္ဂါလေးတန်နှင့် ညီညွတ်အောင် ပြောဆိုလုပ်ကိုင်ကြရန် ဖြစ်ပါတယ်၊ သိတော့သိနေကြတာပါဘဲ၊ သိနေပေမဲ့ အမှုမဲ့အမှတ်မဲ့ မပြောဆိုမိအောင် သတိပေးရခြင်း ဖြစ်ပါတယ်။

"သုဘာသိတ၊ ပိယ, ဓမ္မာ–မှန်သစ္စာ၊ လေးဖြာစကားအင်" တဲ့၊ သုဘာသိတဝါစာ၊ ပိယာဝါစာ၊ ဓမ္မဝါစာ၊ သစ္စဝါစာဆိုတဲ့ အင်္ဂါလေးချက်နှင့် ညီညွတ်အောင် ပြောဆိုလုပ်ကိုင်ကြရမှာ ဖြစ်ပါတယ်၊ သုဘာသိတဝါစာစသည် အင်္ဂါညီအောင် ဘယ်လိုပြောဆိုရမလဲဆိုရင် "ပိသု, ဖရု, သမ္ဖပ်ရှ– မုသာဝါဒကြဉ်၊ အထက်လေးချက်၊ အောက်လေးချက်၊ ယထာဂ္ဂမစဉ်" ဆိုတဲ့အတိုင်း ပိသုဏဝါစာကို ကြဉ်ရှောင်လိုက်ခင် သုဘာသိတဝါစာဖြစ်သွားပါတယ်၊ ထို့အတူ ဖရုသဝါစာကို ကြဉ်ရှောင်လျှင် ပိယဝါစာ၊ သမ္ဖပ္ပလာပဝါစာကို ကြဉ်ရှောင်လျှင် ဓမ္မဝါစာ၊ မုသာဝါဒကို ကြဉ်ရှောင်လျှင် သစ္စဝါစာဖြစ်သွားတာပါပဲ၊

အဲဒီလို အစဉ်အတိုင်း ကြဉ်ရှောင်ရမည့်စကားကို ကြဉ်ရှောင်ပြီး ပြောဆိုလုပ်ကိုင် သွားကြမည်ဆိုပါလျှင် "စကားအရာအင်္ဂါလေးတန်၊ အမှန်ပြည့်ဝသွားသည်ပင်"လို့ ဆိုတဲ့အတိုင်း စကားအင်္ဂါလေးပါးနှင့် ညီညွတ်စွာ ပြောဆိုလုပ်ကိုင်ခြင်း ဖြစ်သွားပါတယ်၊ မိမိတို့စပ်ရာစပ်ရာ အလုပ်ကိစ္စတွေနှင့် ပတ်သက်ပြီး အထစ်အငေါ့အဆစ်အဖု မရှိရလေအောင် သန္ဌာရဆိုတဲ့ စေ့စပ်ပြေပြစ်မှုကိုရအောင် ပြောဆိုလုပ်ကိုင်

ကြရမှာဖြစ်ပါတယ်၊ မေတ္တာကရုဏာဝန္ဓနုပြီး ပြေပြေပြစ်ပြစ် ၊ သန္ဌာဝရ ဖြစ်မှုလည်း အထစ်အငေါ့ အဖုအဆစ်မရှိမှာဖြစ်ပါတယ်၊ လုပ်ငန်းကိစ္စ များနှင့်ပတ်သက်ပြီး တွေးရ၊ ကြံရ၊ စဉ်းစားရ၊ အာဏာပေးရ၊ အကြံဉာဏ်ပေးရတဲ့ အလုပ်များကို လုပ်ကိုင် ပြောဆိုကြတဲ့အခါမှာ စကားအရာ အင်္ဂါလေးတန်နှင့် ပြည့်စုံအောင် ပြောကြဆိုကြ အလုပ် လုပ်ကြပါလို့ တပည့်တော်အနေဖြင့် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါ သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား။

၂-၁၀-၉၆ တတိယအကြိမ်တရသမ အစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ ယခုလို သာသနာရေး ကိစ္စများကို ဆောင်ရွက်ကြတဲ့ အခါမှာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း တစ်ပါးကောင်း ပြုလုပ်ဆောင်ရွက်၍ မရနိုင်ပါ ဘုရား၊ စုပေါင်းပြီး လုပ်ဆောင် ကြမှသာလျှင် ပြီးစီး အောင်မြင်မှု ဖြစ်ပါတယ်၊ ဘာလို့စုပေါင်း လုပ်ဆောင်ကြရသလဲ ဆိုရင် တစ်ပါးနှင့် တစ်ပါးညှိညှိနှိုင်းနှိုင်း အများစုပေါင်း ဟိုင်ပင်ဆောင်ရွက်ကြမှ သန္ဌာဝရ ဆိုတဲ့ ပြေပြစ်မှုရှိမှာဖြစ်ပါတယ်၊ ဒါကြောင့် မေတ္တာရှေထားပြီး သန္ဌာဝရ ဖြစ်အောင် ဆောင်ရွက်ကြရန် ဖြစ်ပါတယ်ဘုရား။

ဒီလိုဆောင်ရွက်ကြရာမှာ သန္ဌာဝရနှင့် သန္ဓာဝရလို့ နှစ်မျိုးရှိပါတယ်၊ ပြောဆိုတဲ့စကားရပ်တစ်ခုနှင့်တစ်ခုစေ့စပ်မှုရှိတာကိုသန္ဓာဝရလို့ဆိုရပါတယ်၊ ပြေပြစ်မှုရှိတာကိုတော့ သန္ဌာဝရလို့ ခေါ်ပါတယ်၊ ခုပြောလိုတာကတော့ စုပေါင်းပြော စုပေါင်းလုပ်၊ စုပေါင်းကြံစည် စိတ်ကူးကြပြီး တစ်ယောက် စကားတစ်ယောက်နားမှာ ပြေပြေ ပြစ်ပြစ် သန္ဌာဝရ ဖြစ်ဖို့ပါပဲ၊ သန္ဌာဝရ ဖြစ်မှုလည်း သူတော်ကောင်းများ ကြိုက်နှစ်သက် ကြပါတယ်။

ဒါကြောင့် ပြင်ဆင်စရာရှိပေါ်ပြင်၊ ပြည့်စုံစရာရှိတာ ပြည့်စုံကြပြီး ဆောင်ရွက်တော်မူကြပါ၊ သာသနာရေး အလုပ်ဆိုတာ ကုသိုလ်ရတဲ့ အလုပ်၊ ကောင်းတာကြီး လုပ်ရတဲ့ အလုပ်ဖြစ်ပါတယ်။ သာသနာရေး

အလုပ်ဆိုတာ သိကြတဲ့အတိုင်း ဘုရားရှင်ရဲ့ အဆုံးအမတော် အတိုင်း ဖြစ်အောင် လမ်းညွှန်ပေးရတဲ့ အမှုကိစ္စမျိုးဖြစ်လို့ အရှင်ဘုရားများ အနေဖြင့် ဆောင်ရွက်တော်မူကြတဲ့အခါမှာ ပြေပြေပြစ်ပြစ် ဖြစ်အောင် လုပ်ဆောင်တော်မူကြပါလို့ တိုက်တွန်းရင်း တပည့်တော်၏သြဝါဒကထာ ကို နိဂုံးချုပ်အပ်ပါသည်။ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် အရှင် မြတ်တို့ဘုရား။

၉–၁၀–၉၆. တတိယအကြိမ် စုန္ဒသမအစည်းအဝေးသြဝါဒကထာ

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် အရှင်မြတ်တို့ဘုရား၊ လုပ်ရိုး လုပ်စဉ် လုပ်နေကျသာသနာရေးကိစ္စများကို ဆောင်ရွက်ကြခြင်း ဖြစ် သည့်အတွက် အထူးတလည် ပြောဆိုရန် မရှိပါဘုရား၊သာသနာရေးကိစ္စ များကို ဆောင်ရွက်ကြရာမှာ တစ်ဦးတည်း တစ်ယောက်တည်း ဆောင်ရွက် ၍မပြီး၊ အများစုပေါင်းပြီး ဆောင်ရွက်ကြမှ ပြီးမှာဖြစ်ပါတယ်၊နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆိုသည်မှာ တစ်နိုင်ငံလုံးမှာ ရှိကြသည့် နယ်ပယ် အလိုက် ထိုက်သည့် အာဇလျော်စာ ရှေးချယ် တင်မြှောက်ထားသော ဆရာတော်ကြီးများဖြင့် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်၊ဒါကြောင့် တစ်နိုင်ငံ လုံးက ဆရာတော်ကြီးတွေနှင့် တိုင်ပင်ပြီး ညှိညှိနှိုင်းနှိုင်းနှင့် မပြီးပြတ်သေး သောအမှုများကိုပြီးပြတ်အောင် စုပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်၊

အဲဒီလို ဆောင်ရွက် ပြောဆိုကြရာမှာ သတိထားဖို့တော့ လိုပါတယ်၊ ပြေပြေပြစ်ပြစ်ဖြစ်ဖို့၊စကားကိုအတင်မခံမိဖို့ပါပဲ၊စကားတစ်လုံးတင်မိလျှင် ပြောမိတဲ့စကား တစ်လုံးနှစ်လုံးကြောင့် ဆောင်ရွက်တဲ့ အမှုကိစ္စပျက်စီး သွားနိုင်တယ်၊ ပျက်စီးသွားမည်ဆိုလျှင် နှစ်ဦးနှစ်ယောက်စလုံး နစ်နာပါ တယ်၊ မိတ်ဆွေသင်္ဃာပမာ တစ်ယောက်နှင့် တစ်ယောက် မေတ္တာခြင်း ပေါင်းကူးလို့ရခဲ့တဲ့မေတ္တာကိုပျက်စီးအောင်မလုပ်မိကြဖို့အရေးကြီးပါတယ် တစ်ဦးနှင့်တစ်ဦး အတင်းအချ၊အကျော်အလွှားမရှိကြဘဲ၊သည်းခံခွင့်လွှတ် ဆောင်ရွက်ကြပါ၊ဒီ လို ဆောင်ရွက်ကြတဲ့အခါ ဘာပြဿနာမှ မဖြစ်သော်

လည်း လောကဝတ် အနေအထားဖြင့် ပြေပြေပြစ်ပြစ် ပဋိသန္ဓာရဖြစ်အောင် ပြောဆိုကြပြီး တစ်ဘက်နှင့် တစ်ဘက် မသင့်မမြတ် ဖြစ်နေလျှင် စိတ်ခုနေလျှင်လည်း ကြားထဲကဝင်ပြီး စေ့စပ်ခြင်း ပဋိသန္ဓာရကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။

အဲဒီလို တစ်ပါးနှင့်တစ်ပါး သင့်မြတ်အောင် စေ့စပ်တဲ့ ပဋိသန္ဓာရဟာ လဲ ကောင်းမြတ်တဲ့ တန်ဖိုးရှိတဲ့ ကိစ္စဖြစ်ပါတယ်၊ မသင့်မြတ်ကြလို့မှုခင်း ဖြစ်သွားရင်မကောင်းပါဘူး၊ စေ့စပ်လိုက်လို့သင့်မြတ်သွားပြီး မှုခင်းဖြစ်မလာတော့ဘူးဆိုလျှင် အလွန်ပဲကောင်းပါတယ်၊ ဒါကြောင့် စုပေါင်းပြီး ဆောင်ရွက်ကြရာမှာအဆွယ်အပွား၊အကျေအလွှား၊တွေ့မရှိ၊အတင်အချ တွေ့မရှိ၊တစ်ဦးနှင့်တစ်ဦးယုံကြည်ပြီးတော့ ယနေ့အထိ တစ်ဦးနှင့်တစ်ဦး တစ်ပါးနှင့်တစ်ပါး ဘာ ပြဿနာမှုမရှိ၊ဒီအဖွဲ့အစည်းကြီးဟာ သာသနာ့အဖွဲ့အစည်းဖြစ်လို့ကွဲမည့်ပြိုမည့်အဖွဲ့အစည်းလဲမဟုတ်ကြတဲ့အတွက်မေတ္တာကရုဏာရှေ့ထားပြီး စုပေါင်းညှိနှိုင်းတိုင်ပင် ဆောင်ရွက်တော် မူကြပါလို့ တိုက်တွန်းရင်း တပည့်တော် ၏ ဩဝါဒကထားကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အရှင်သူမြတ်တို့ဘုရား။

၁၆.၁၀.၉၆–တတိယအကြိမ် ပန္နရသမအစည်းအဝေး ဩဝါဒကထာ

နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား-တပည့်တော်တို့သည် သာသနာတော်တစ်ရပ်လုံး၏ အကျိုးစီးပွားကို စုပေါင်းညီညီးဆောင်ရွက်တော် မူလျက်ရှိရာ တစ်ပါးနှင့်တစ်ပါး၊ တစ်ပါးနှင့် အမျှားဆက်ဆံပြောဆိုကြရာဝယ် စကားခြောက်ခွန်းရှိပါသည်ဘုရား၊

(၁)မှန်လည်းမမှန် အကျိုးလည်းမရှိ သူတစ်ပါးလည်းမချစ်အပ်သော စကားမျိုး၊

(၂)မှန်ပင်မှန်သော်လည်း အကျိုးမရှိဘဲ သူတစ်ပါးလည်း မချစ်အပ်သော စကားမျိုး၊

(၃)မှန်လည်းမှန်၍ အကျိုးရှိပြီးလျှင် အပြောခံရသူ- သူတစ်ပါး မချစ်အပ်သော စကားမျိုး၊

(၄)မှန်လည်းမမှန် အကျိုးလည်း မရှိဘဲလျက် သူတစ်ပါးတို့ ချစ်နှစ်သက်အပ်သော စကားမျိုး၊

(၅)မှန်ပင်မှန်သော်လည်း အကျိုးမရှိဘဲ သူတစ်ပါးတို့ ချစ်နှစ်သက်သော စကားမျိုး၊

(၆)မှန်လည်းမှန် အကျိုးလည်းရှိ၍ သူတစ်ပါးတို့လည်း ချစ်နှစ်သက်သော စကားမျိုး၊

ထိုစကားခြောက်မျိုးထဲတွင် အမှတ်စဉ် (၁၊၂၊၄၊၅) စကား(၄)မျိုးသည် လောကဝယ်စကားပြောဆိုရာ၌ ပယ်သင့်ပယ်ထိုက်သော စကားမျိုးဖြစ်ပါသည်ဘုရား။ အကြောင်းမှာ–အကျိုးမရှိ–သူတစ်ပါး မချစ်မနှစ်သက်ဘဲ ဆန့်ကျင်ဘက်ဖြစ်သွားနိုင်သောကြောင့် ပယ်သင့်ပယ်ထိုက်သော စကားမျိုးဖြစ်ပါသည်ဘုရား။ အမှတ်စဉ်(၃နှင့်၆)စကား(၂)မျိုးသည် လောကဝယ်အကျိုးစီးပွားနှင့် စပ်ယှဉ်သော စကားမျိုးဖြစ်၍ အခါအခွင့် အကြောင်းတရား ကို ရှေရှုပြီး ပြောဆိုရပါသည် ဘုရား။ ထို့ကြောင့် ပညာရှိများက "စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်း ပယ်ခွာ၊ နှစ်ခွန်းသာ၊ စဉ်လာပဏ္ဍိ၊ ပြောဆိုစေ"ဟူသော ရှေးဆရာသမားကြီးများ အမှတ်အသားထားခဲ့သည့်အတိုင်း တပည့်တော်များ လိုက်နာကြရမည် ဖြစ်ပါသည်ဘုရား။

သို့ဖြစ်၍ ရှေးသူတော်ကောင်းတို့၏ ထုံးကို နှလုံးမူပြီး တစ်ပါးနှင့် တစ်ပါး တစ်ပါးနှင့်အများ–ပြောဆိုဆက်ဆံကြရာဝယ်၊ အကျိုးစီးပွားနှင့် စပ်ယှဉ်သော စကား(၂)မျိုးကို နှလုံးသွင်းတော်မူကြပြီး ကျင့်ကြံအားထုတ်တော်မူကြပါရန် လျှောက်ထားရင်း တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော်သံဃမဟာနာယကဆရာတော်အရှင်မြတ်တို့ဘုရား။

စာတူးအကြိမ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏
သဘာပတိ ဒုတိယဉာဏဂဋ္ဌဆရာတော်
ဘဒ္ဒန္တသုရိယာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၂၁-၁၀-၉၆ တတိယအကြိမ် ဒုတိယညီနှိုင်း အစည်းအဝေး သြဝါဒကထာ

ဆရာတော်အရှင်သူမြတ်တို့ဘုရား၊ မြတ်စွာဘုရားသာသနာတော်မှာ အခွင့် အားလျော်စွာ ကျွန်တော်ဘဝန်ကို စွမ်းအားရှိသရွေ့ ဆောင်ရွက်တော်မူလျက်ရှိကြသော ဆရာတော်များနှင့် ဥပတ္ထမ္ဘက ဒါယကာများကို စုံစုံညီညီ တွေ့ခွင့်ရသဖြင့် ဉာဏဂဋ္ဌ ဆရာတော်ဘုရားကြီးနှင့်တကွ တပည့်တော်တို့ အဖွဲ့ဝင်များ ကိုယ်စား ဝမ်းမြောက်မိပါကြောင်း ရှေးဦးစွာ လျှောက်ထားလိုပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် သာသနာတော်ကို ပြုစုစောင့်ရှောက် ဟောက်ပုံ့လျက် အုတ်အရောရော၊ ကျောက်အရောရော မဖြစ်ရအောင် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အားပေးရှိ ဖြစ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိတာကို အရှင်ဘုရားများ တွေ့မြင်ကြပါလိမ့်မည်ဘုရား၊ နိုင်ငံတွင်းသာမက နိုင်ငံခြားမှာပါ ထွန်းကားလာအောင် အခြေအနေရသလောက် ဆောင်ရွက်လျက် ရှိကြပါသည်။ ပြည်တွင်းသာသနာသည် ပုဂံခေတ်မတိုင်မီ နှစ်ပေါင်းတစ်ထောင်ကျော် နီးပါး သာသနာတည်ထွန်းခဲ့ရာမှာ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ ခေါက်ရှာငုက် ပျံသည့်ပမာ-နိမ့်လိုက်မြင့်လိုက်ဖြစ်ခဲ့ပါတယ်၊ သာသနာကို ချီးမြှောက်တဲ့မင်းကောင်းမင်းမြတ်ကို မရတဲ့အခါ ကိုယ်ထူကိုယ်ထ

သာသနာပြုခဲ့ကြရပြီး အခွင့်ရတဲ့အခါကျတော့ မင်းကောင်း မင်းမြတ်တို့ရဲ့ ထောက်ပံ့မှုခံယူပြီး သာသနာပြုခဲ့ကြရပါတယ်။

မင်းကောင်း မင်းမြတ်တို့လက်ထက် သာသနာကို ချီးမြှောက်မှုရသဖြင့် သမဂ္ဂဖြစ်တဲ့ သီတင်းသုံးဘော်ယို ဆောင်ရွက်နေကြသလို ကွမ်းခြံကုန်းမြို့နယ် သံဃနာယကအဖွဲ့အနေဖြင့် ဆရာတော်များ နယ်ပယ်မှာ သာသနာတော်ဆန့်ရှင်းတည်ဖော်ပြန့်ပွားရေး ကိစ္စများကို ကျရာတာဝန်ကလမ်းဆောင်လျက်ရှိကြတာကိုတာပည့်တော်များတွေ့မြင် သိရှိကြရပါတယ်။

ထိုသို့ပင်ဖြစ်သော် ငြားလည်း အရှင်ဘုရားများနှင့် ပစ္စယာနုဂ္ဂဟဒကာများကို ခေါ်ဆောင်ညီနှိုင်းပေးရခြင်းမှာ ဆရာနှင့် ဒကာတို့သည် ပုထုဇဉ်များ ဖြစ်ကြသည့်အတွက် အမှားအယွင်းများ ရှိနိုင်ပါတယ်၊ မြတ်စွာဘုရား သာသနာအကျိုးအတွက် အမှားအယွင်းမရှိရလေအောင် ကျင့်ဝတ်ပိုင်းအနေဖြင့် ဝိနည်းပညတ်ရှိသလို ရှေးရှေးမင်းများလက်ထက်ကနေ ထုတ်ပြန်ခဲ့တဲ့ စည်းကမ်းကျင့်ဝတ်များလည်း ရှိပါတယ်၊ ကပည့်တော်တို့လက်သက် သာသနာဝင်မှတ်တမ်း ကိုင်ဆောင်မှုကစပြီး ခြေခြေမြစ်မြစ် လုပ်ဆောင်လာခဲ့လို့ အမမှတ်ဝါဒ၊ မိစ္ဆာအယူအဆတွေဟာ ပပျောက်သင့်သလောက်ပပျောက်ကုန်တာကို ဆရာတော်များအသိပင်ဖြစ်ပါတယ်။ နိုင်ငံတာန်းမြို့ရှာကျေးလက်/ရပ်ကွက်အနီးသီးမှာ ပိဝါဒဆိုတာ ဖြစ်တတ်ကြပါတယ်။ ယနေ့မျက်မှောက်လောကမှာ ငါချမ်းသာ၊ ရင် ပြီးရောဆိုပြီး ရှာကြံနေချိန်မှာ ဗုဒ္ဓဘာသာ ဒကာဒကာ ပတွေဟာ အစားအဝတ် အနေခိုးခြံပြီး သာသနာကို ထောက်ပံ့လျက် ရှိကြသလို ဆရာတော်များ ကလည်း ဓမ္မဖြင့်ချီးမြှောက်လျက်ရှိကြပါတယ်။ ကပည့်တော်တို့က ဒကာ ဒကာမများသည် ကျေးဇူး ရှိပေတယ်လို့ ဓမ္မဖြင့် ကျေးဇူးဆပ်ကြရ၊ ဒကာ ဒကာမများကလည်း ဆရာတော်များသည် ဓမ္မဖြင့်ချီးမြှောက်သည့် ကျေးဇူးရှင်တွေပဲလို့ ရှာခြီးရှာထိပ်မှာ ကိုးကွယ်ထားကြပါတယ်။

ယနေ့ဖြစ်ပေါ်နေပဲ့ ကိစ္စယာဝဖြင့် ချွတ်ချော်မှု ရှိနေသည်ဟု ယူဆပါက နိုင်ကြားစေအောင် ဆောင်ရွက်ခြင်းဖြင့်ပါတယ်၊ မိမိတို့အချင်း

ချင်းသွေးကွဲနေကြလို့ မတော်ပါဘူး၊ အုပ်ချုပ်သူအစိုးရများ အနေဖြင့် နိုင်ငံကို ကြီးပွားတိုးတက်အောင် ထူထောင်ဖို့လုပ်နေကြရာမှာ နိုင်ငံနှင့် သာသနာ၊ သာသနာကိုဦးစားပေး ဆောင်ရွက်နေကြတဲ့ အချိန်လဲ ဖြစ်လို့ ဘုရားအဆုံးအမ ထင်ရှားပြပြီး ကိုယ်တိုင်ကိုယ်ကျည်ညီညွှတ်ညွှတ် ဆောင်ရွက် သွားကြမယ်ဆိုရင် ဗုဒ္ဓဘာသာဆိုတာ ကမ္ဘာ့အလယ်မှာ ကမ္ဘာရဲ့ကိုးစားရာ ဖြစ်လာမှာအမှန်ပါပဲ၊ ဒါကြောင့် လျှောက်ထားချင်တာက ဆရာတော်များက မပြေလည်မှုကို ပြေလည်အောင် ဒကာများဟာလဲ မှားယွင်းမှုရှိက တောင်းပန်ပြီး နှစ်ဦးနှစ်ဘက် ညှိနှိုင်းကြမယ်ဆိုရင်မပြေလည်ရာမရှိပါဘူး၊ ဆရာတော်များကလဲ ဒို့လုပ်တာမှ မှန်တယ်လို့မယူဆပါနှင့်၊ ဒကာများကလဲမမ်းနည်းမှုမဖြစ်ကြဘဲ၊ လောဘဒေါသ မောဟ မာန်မာနတရားတွေ ဖယ်ရှားလျက် သဒ္ဓါစေတနာ ပြဋ္ဌာန်းပြီး ဆောင်ရွက်ရမည့် ကိစ္စအရပ်ရပ်ကို ဆက်လက်ညှိနှိုင်းတော် မူကြပါလို့ လျှောက်ထားရင်း နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

စာတူညွှန်ကြားချက်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယဒေါ်ဖွဲ့ခဲ့)၏
သဘာပတိ ဒုတိယဥက္ကဋ္ဌ ဆရာတော်
ဘဒ္ဒန္တခေမာဘိဝံ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
၏

သြဝါဒကထာ

၂၄-၁၀-၉၆ တတိယအကြိမ် သောဋ္ဌသမအစည်းအဝေး သြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်တို့ သာသနာရေးကိစ္စများကို ဆောင်ရွက်ကြတဲ့အခါမှာ ဆွေးနွေးကြရ၊ စကားပြောကြရတဲ့စကားဖြင့် အလုပ်လုပ်ကြရတဲ့ အဖွဲ့ဖြစ်ပါတယ်၊ စကားဖြင့် အလုပ်လုပ်ကြရတဲ့ အဖွဲ့ဖြစ်လို့ စကားပြောဆင်ကြတဲ့အခါမှာ အရေးကြီးတဲ့ လိုက်နာရမည့် အချက်ကတော့—

"စကားခြောက်ခွန်း၊ လှုဋ္ဌထွန်း၊ လေးခွန်းပယ်ခဲ့၊ နှစ်ခွန်းသာ စဉ်လာပဏ္ဍိ ပြောဆို၏"—

ဆိုတဲ့အတိုင်း လေးခွန်းကိုမပြော၊ နှစ်ခွန်းကိုသာ ပညာရှိသူတော်ကောင်းများ ပြောဆိုကြပါတယ်၊ မပြောအပ်တဲ့ စကားလေးခွန်း၊ ပြောအပ်တဲ့စကားနှစ်ခွန်း၊ ပေါင်းစကားခြောက်ခွန်းလို့ မှတ်သားကြရပါတယ်၊ အဲဒီစကားခြောက်ခွန်းကတော့—

(၁) မဟုတ်မမှန် အကျိုးနှင့်မစပ် သူတစ်ပါး မကြားနာလိုသော စကား၊

(၂) မဟုတ်မမှန် အကျိုးနှင့်မစပ် သူတစ်ပါး ကြားနာလိုသော စကား၊

(၃) ဟုတ်မှန် အကျိုးနှင့်မစပ် သူတစ်ပါး မကြားနာလိုသောစကား၊

(၄) ဟုတ်မှန်အကျိုးနှင့်မစပ် သူတစ်ပါး ကြားနာလိုသောစကား၊ ဒီလေးခွန်းကို ပညာရှိသူတော်ကောင်းများ မပြောကြပါဘူး။

(၅) ဟုတ်မှန် အကျိုးနှင့်စပ် သူတစ်ပါး မကြားနာလိုသောစကား။

(၆) ဟုတ်မှန် အကျိုးနှင့်စပ် သူတစ်ပါးကြားနာလိုသောစကား။

ဒီ ငါးနှင့်ခြောက် စကားနှစ်ခွန်းကိုသာ ပညာရှိသူတော်ကောင်းများ ပြောဆိုကြပါတယ်၊ ဒီနေရာမှာ စကားပြောဆိုခြင်းနှင့်စပ်လို့ သူတစ်ပါး ကြားနာလိုခြင်း၊ မကြားနာလိုခြင်းသည် ပဓာနမဟုတ်၊ ဟုတ်မှန်ဖို့ အကျိုးရှိဖို့က ပဓာနဖြစ်သည်။

ဒီတော့ စကားပြောတဲ့အခါမှာ နာယူလိုခြင်း၊ မနာယူလိုခြင်းက နားသောင်တဲ့ပုဂ္ဂိုလ်ရဲ့တာဝန်ပဲ၊ ကိုယ်တာဝန်က "ကျိုးကြောင်းဟုတ်မှန်၊ ဤနှစ်တန် ထားလိုဆိုတဲ့အတိုင်း အကျိုးရှိဖို့ ဟုတ်မှန်ဖို့သာဖြစ်ပါတယ်"။

ဒါကြောင့် ခုလဲဒီလိုပေါ့ စကားပြောကြရတဲ့ အဖွဲ့အစည်းဖြစ်တော့ ကိုယ်ပြောတဲ့စကားကို ဟုတ်မှန်ဖို့ အကျိုးရှိဖို့ သတိထားပြီးတော့ ပြောကြဆိုကြပါလို့ တိုက်တွန်းရင်း တပည့်တော်၏သြဝါဒကို နိဂုံးချုပ် အဆုံးသတ်ပါတယ် မဟာနာယကအဖွဲ့ဝင် အရှင်သူမြတ်တို့ဘုရား။

၁တူဦးအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယ) အဖွဲ့ခွဲ၏ သဘာပတိ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏

သြဝါဒကထာ

၂၉.၁၀.၉၆ တတိယအကြိမ် တတိယညီနှိုင်း အစည်းအဝေးသြဝါဒကထာ

ဆရာတော်အရှင်သူမြတ်ဝို့ဘုရား၊ ဆရာတော်ဘုရားကြီး အမိန့်ရှိတဲ့အတိုင်း ညီနှိုင်းတယ်ဆိုတာ ဝိနည်းဓမ္မကဲ့ဖြင့်သွားလျှင် ရှည်လည်းရှည်လျားမည်၊ နိုင်လိုပါလျက် အနိုင်မရသည့်အတွက် ဆရာနှင့်တပည့် အသက်သီကွာဂုဏ်ဝါမထောက်ဘဲ၊ မသင့်မမြတ်ဖြင့်ကြ လောဘ, ဒေါသ, မောဟ, မာန်မာနတွေ ဖြစ်ပေါ်ကြပါလိမ့်မည်၊ ဘုရားသာသနာတော်မှာ ပရိယတ်ကိုသင်ယူလျက် တတ်နိုင်သည့်အခါ ပဋိပတ္တိကို စွမ်းသလောက် ကျင့်မယ်ဆိုပြီး နေလာခဲ့ကြပြီး ပုထုဇဉ်များ ဖြစ်သည်အားလျှော်စွာ လောဘ, ဒေါသ, မာန်မာနကို မသိမ်းဆည်းနိုင်ကြလို့ ဝိနိစ္ဆယရေးသားမက သာသနာရေးပါ၊ ဖြစ်ပွားခဲ့ခြင်းဖြစ်တယ်လို့ လျှောက်ထားလိုပါတယ်၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးမှာ အရဟံဆိုတဲ့ဂုဏ်ပုဒ်ကို အရှင်မဟာဗုဒ္ဓ ဃောသက ဒုရန္တိ ကတ္ထ ဒူရာ၊ အာရာ အာရကာ ဝေးတဲ့အနက်ဟောလို့ ဖွင့်ပြပါတယ်၊ ဘယ်မှဝေးသလဲဆိုရင် အာရကာ ကိလေသေဟိ၊ အကြောင်းဖြစ်တဲ့ကိလေသာ ထိုကိလေသာကို အမှီပြုတဲ့ အကုသိုလ်စိတ်နှင့် စေတသိက်များ၊ ထိုစိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်များမှ ဝေးတော်မူသော မြတ်စွာဘုရားလို့ အနက်ရပါတယ်၊ ဓမ္မမိဠာန် အရ ကိလေသာတို့မှ ဝေးတယ်လို့ဖွင့်ရ၊ အာရကာအရ ကိုလေသေဟိ-

ဒုဏ္ဍာလျှိုနှင့်ရသလို၊ အာရဏ-အဲသနှာ အာရဏာ ဆိုပြီးနီးခြင်း အနှီက အနက်ကိုပယ်း ဟောလျှောက်ပါသည်၊ ဒါက တိန်မြေပ်အနက်ဖြစ်သည်၊ နီးဘယ်ဆိုသော သာနှင့်နီးသလဲဆိုလျှင် ဌီကာကျမ်းပြုဆရာ အရှင်ဝမ္မပါလက အသေဝနာစ ဗဟုသုတနှင့် ပရိတ္တိတာနဋ္ဌသေဝနာ-ကိုကြည့်ပြီး လူလိမ္မာ ပညာရှိသူတော်ကောင်းတို့နှင့် နီးဘော်မူသော မြတ်စွာဘုရား၊ ဝေးတဲ့ဘက်သာကြည့်ခင် လူဆိုးလူမိုက် လူယုတ်မာတွေနှင့် ဝေးတော်မူသော မြတ်စွာဘုရားလို့ ပြောရမှာဖြစ်ပါတယ်၊ တပည့်ဘော်တို့တတွေဟာ မြတ်စွာဘုရားရဲ့ တပည့်သားများဖြစ်ကြလို့ မြတ်စွာဘုရားရှင်ရဲ့ ကိုယ်လေသာတို့မှ ဝေးကွာတော်မူသောဂုဏ်၊ လူမိုက် လူဆိုးတို့မှ ဝေးတော်မူသောဂုဏ်း လူလိမ္မာ ပညာရှိ သူတော်ကောင်းတို့နှင့် နီးကပ်တော်မူသော ဂုဏ်တို့ကို အာရုံပြုနှလုံးသွင်း ရှိခိုးကြပြီး ဆရာနှင့်တပည့် နီးနီးကပ်ကပ် ဆောင်ရွက်တော်မူကြတဲ့အခါ မကြာပယ်လောက်တဲ့ကိစ္စလေးနဲ့ တပည့်ဖြစ်သူက နှုတ်လှန်ထိုး ဆန့်ကျင်ခဲ့လျှင် တို့တပည့်များဟာ လည်း တို့ကိုပြန်လည်၍ နှုတ်လှန်ထိုးကြလိမ့်မယ်လို့ နှလုံးသွင်းရမှာ ဖြစ်ပါတယ်။ ဆရာတော်များဘက်ကလဲ တို့တပည့်လေးတွေတို့စောင့်ရှောက်ရမည်၊ တစ်တိုက်ဘည်း သတင်းသုံးနေဆိုင်တဲ့ ဘုရားသားတော်သံဃာတော်တွေပဲလို့ သဒ္ဓေတရားကြီးပြီး၊ လူငယ်ဆိုတော့ ကိုယ်အားစိတ်အား ထက်သန်တုံ့ ဒေါသရယ်ဖြစ်လို့ ယင်းကိုယ်စိတ်အားလျော့စွာ ပြုလုပ်မိတတ်ကြဘာကို သည်းခံပြီး ပြေးပြေးလည်လည် သီတင်းသုံးနေထိုင်တော်မူကြရမှာ ဖြစ်ပါတယ်။ တိုက်အုပ်ဆရာတော်များကလည်း ခန္ဓီပရမံတပေါ် တိတိကွာ'အကျင့်ဖြင့် ညှိနှိုင်းဘာကိုပြေလည်မှုရအောင် "ငယ်တာ်မှကြီး သူယ်ဘတ်မှစီး" ဆိုသလို စေ့စပ်တာကို လက်ခံတော်မူကြ၍ ပြီးပြတ်ပြေလည်သွားလိမ့်မည်ဟု မျှော်လင့်သည့်အားလျော့စွာ ပြီးငြိမ်းအောင် ဆောင်ရွက်သွားတော် မူကြပါလို့ တိုက်ဘုန်းရင်းတပည့်တော်၏ ဩဝါဒကဆာကို နိုဂုံးချုပ်အပ်ပါသည် အရှင်မြတ်တို့ ဘုရား။

စာရှုရှုအကြိမ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏
သာဘာဝတိ ဒုတိယဥက္ကဋ္ဌ ဆရာတော်
ဘဒ္ဒန္တခေမာဝုဓ
(အဘိဓမ္မဟာရဋ္ဌဂုရု၊ အဘိဓမ္မအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ၏

သြဝါဒကထာ

၆.၁၁-၉၆ တဲတိယအကြိမ် သတ္တရသမအစည်းအဝေးသြဝါဒကထာ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့ ဘုရား၊ ဆောင်ရွက်နေကျ ပုံမှန် အစည်းအဝေး ဖြစ်တဲ့ အတွက် အထူး ပြောစရာမရှိပါ၊ အလုပ် လုပ်ကြတဲ့အခါမှာ ဘယ်အလုပ်ပဲ ဖြစ်ဖြစ်အလုပ် သည် တာဝန်အရ လုပ်ရတဲ့ အလုပ်နှင့် ကိုယ်ပိုင် အနေဖြင့် လုပ်ရတဲ့ အလုပ်လို နှစ်မျိုးရှိပါတယ်၊ တာဝန်အရ လုပ်လျှင် တာဝန် ကျေမှု ဖြစ်ပါမည်၊ ကိုယ့်အလုပ် ကိုယ်လုပ်ရတာကျတော့ ကိုယ့်သဘော၊ ကိုယ် လုပ်ချင်မှ လုပ်လို့ရပါတယ်၊ ခုအလုင်းက ကိုယ်ပိုင် အလုပ် မဟုတ်၊ သာသနာရေးနှင့် ပတ်သက်ပြီး တာဝန်အရ လုပ်ရတဲ့ အလုပ် ဖြစ်လို့ တာဝန်ကျေမှု ဖြစ်ပါမယ်၊ တာဝန်ကျေအောင် လုပ်မယ်လို့ဆိုလျှင် ဥဒ္ဒေသဝိဓိယရှိမှ ဖြစ်မယ်၊ ဥဒ္ဒေသက တစ်ခု ဝိဓိယကတစ်ခုလို့ နှစ်မျိုးခွဲပါ၊

"ဥဒ္ဒေသန္တိ ကာယိကဝိဓိယံ"လို့ ဖွင့်တဲ့အတိုင်း ကိုယ်ခွဲဖြစ်သော ဝိဓိယ ကို ဥဒ္ဒေသလို့ဆိုရပါတယ်၊ " ဝိဓိယန္တိ စေတသိကန္တိဝဒန္တိ " လို့ ဖွင့်ဆိုတဲ့ အတိုင်း စိတ်မှာဖြစ်တဲ့ဝိဓိယကိုတော့ ဝိဓိယလို့ ခေါ်ကြပါတယ်၊ဒါကြောင့် ကိုယ်အပေါ်မှာလည်း ထကြွမှု၊ စိတ်မှာလည်း ထကြွမှု–ဒီနှစ်ခုနှင့် ပြည့်စုံမှု တာဝန်ကျေပါမယ်။ အတိုချုပ်ကတော့ ကိုယ်ပျင်း–စိတ်ပျင်း ဆိုတဲ့

အပျင်းနှစ်မျိုးကိုကာကွယ်နိုင်ရင် ဥဒ္ဌာနဝိရိယနှင့် ပြည့်စုံ တော့တာပါပဲ၊ "ကိုယ်ပျင်းစိတ်ပျင်း၊ နှစ်ပျင်းကင်းပ၊ ဥဒ္ဌာနနှင့်ဝိရိယတရား၊ စွယ်စုံထား လုပ်အားပြည့်ဝ ရကြမည်"လို့ ဆိုတဲ့အတိုင်း အပျင်းနှစ်မျိုးကို ကာကွယ်၍ လုပ်အားအပြည့်အဝရပြီး ချောမောအောင်မြင်ရန် ဥဒ္ဌာနဝိရိယ ရှိတော်မူကြရန် လျှောက်ထားလိုပါသည်။

တပည့်တော် တို့က အလုပ်သမားတွေ ဖြစ်သည့် အားလျှော်စာ ဒိဥဒ္ဌာန၊ ဝိရိယ နှစ်ပါးနှင့် ပြည့်ဝကြမှ ဖြစ်ပါမည်။ တချို့ ကိစ္စများ ဒကာကသိပြီး ဆရာကမသိတဲ့လည်းရှိ၍ ဆရာက သိပြီး ဒကာကမသိ တာလည်း ရှိကတ်ကြပါတယ်၊ ဘုရားများမှားနေလျှင် ဒကာများက ပြင်လို့ ဒကာများဘက်ကမှားနေလျှင်လည်း ဆရာများက ပြင်တော်မူ ကြဖို့ဖြစ်ပါတယ်၊ အဲဒီလို လုပ်ကြမှလည်းအပြစ်မရှိ၊ ချောမောမှာ ဖြစ် ကြောင်း တင်ပြလျှောက်ထားရင်းဖြင့် တပည့်တော်၏ သြဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် အရှင်သူမြတ်တို့ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
၄၇-ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် မိန့်ကြားတော်
မူအပ်သော
သဘာပတိ ဥက္ကဋ္ဌ
အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက
မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ဆရာတော်
ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ်၏
အစည်းအဝေးအဖွင့်

သာရကိမ်ဆည်ဝါဒကထာ

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ(ဆဋ္ဌ) အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာ-နာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်များကို ယခုလို ကျွန်းမာစွာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား ထွန်းကားရေးကို အလေးဂရုပြုကာဆောင်ရွက်လိုသော သဒ္ဓာဆန္ဒ အပြည့်အဝဖြင့် မိမိတို့၏ တိုက်တာကိစ္စ စသည်ကို လျစ်လျူရှုထားခဲ့၍ သာသနာရေး အားပေးချီးမြှောက် ကြွရောက်တော်မူလာကြသည်ကို ဓော့မြင်ရပါသောကြောင့် တပည့်တော်မှာ ဝမ်းသာကြည်နူး အထူးပင်အားတက်မိပါကြောင်း ရှေးဦးစွာ လျှောက်ထားလိုပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဒေရှင်မြတ်တို့ ဘုရား၊ ဤစတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ(ဆဋ္ဌ)အစည်းအဝေးဌာန တပည့်တော် လျှောက်ထားလိုသော အချက်များမှာ(၂)ချက် ရှိပါသည်ဘုရား။ ယင်း(၂)ချက်တို့အနက် အချို့အချက်တို့မှာ ယခင် အစည်းအဝေးများဌာနလည်း လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ပင်လျှောက်ထားခဲ့ပြီး ဖြစ်သော်လည်း ဇပ်မံ၍ သတိပေး လျှောက်ထားဖို့ လိုအပ်နေသည်ဟု ထင်မြင်သဖြင့် ထပ်မံ၍ လျှောက်ထားရပါသည်ဘုရား။

(၁) ပထမအချက်မှာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများကို လေးလေးစားစား လိုက်နာဆောင်ရွက်ကြဖို့ ဖြစ်ပါသည်။ သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်လာပြီ ဖြစ်သည့်အတွက် အချို့သံဃာ့အဖွဲ့အစည်းများဟာ မိမိတို့လုပ်ငန်း တာဝန်များအပေါ် စိတ်ပါဝင်စားမှုမရှိကြဘဲ ဖြစ်လာပါသည်ဘုရား။

အချို့ပြည်နယ်/တိုင်း/မြို့နယ်နှင့်ရပ်/ကျေး သံဃာ့အဖွဲ့ အစည်းများသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အပိုဒ်-၆၇၊၆၈၊၆၉-အရ (၃)လပတ် အစည်းအဝေးများကို လုံးဝပြုလုပ်ကျင်းပခြင်း မရှိကြတော့ပါ။ အချို့သံဃာ့ အဖွဲ့အစည်းများကမူ အခြေခံစည်းမျဉ်း အပိုဒ်-၅၇၊ ၅၈၊ ၅၉၊၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅-တို့အရ နှစ်ပတ်လည်ဝန်ဆောင် အစည်းအဝေးကိုပင် ကျင်းပမှု မပြုကြတော့ပါဘုရား။ သို့ဖြစ်၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့ တာဝန်ဝတ္တရားများကို တိတ်ကျကျ လိုက်နာဆောင်ရွက်ကြစေရန် တင်းတင်းကြပ်ကြပ် ညွှန်ကြားပေးသင့်ပါသည်ဟု စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးဌာန တပည့်တော် လျှောက်ထားခဲ့ပြီးဖြစ်ပါသည်။ ဤလျှောက်ထားချက်သည် တပည့်တော်၏ ညြဝါဒကထာစာအုပ် စာမျက်နှာ(၂)(ဂ)တို့ဌာန အထင်အရှားရှိပါသည်။

ယင်းအစည်းအဝေးကပင် တပည့်တော်၏ ဩဝါဒကထာကို လမ်းညွှန်ချက်အဖြစ် ခံယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့ပါသည် ဘုရား။ ထိုသို့ပင် ဆုံးဖြတ် ပေးခဲ့ပါသော်လည်း အောက်အောက် အဖွဲ့အစည်းများက လိုက်နာမှု နည်းပါး နေပါသည် ဘုရား။

သို့ဖြစ်၍ ယင်းကိစ္စကို ထပ်မံ ညွှန်ကြားရန်နှင့်(၃)လပတ် အစည်းအဝေး အစီရင်ခံစာ, နှစ်ပတ်လည် သံဃာ့ဝန်ထမ်းဆောင် အစည်းအဝေး အစီရင်ခံစာများကို အထက်အထက် အဖွဲ့အစည်းများထံ တင်ပြစေလျက် မဖြစ်မနေ ဆက်လက်ဆောင်ရွက်ရန် သင့်ပါသည်ဘုရား။

ဤသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့(၃)လပတ် အစည်းအဝေးနှင့် နှစ်ပတ်လည် သံဃာ့ဝန်ထမ်းဆောင် အစည်းအဝေးများ ပုံမှန်စည်းဝေးနေကြပါလျှင် အကော်အခဲ ပြဿနာများ ပြေလည်အောင် သာသနာအတွက် လိုအပ်ချက်များ ပြည့်စုံအောင်, မပြီးပြတ်သေးသော သာသနာ့ကိစ္စများ ပြီးပြတ်အောင်, အပြီးအပြတ် ဆုံးဖြတ်ပြီးသော ကိစ္စများ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန် နည်းလမ်းများကို ဆွေးနွေးညှိနှိုင်း တိုင်ပင်နိုင်ခြင်း အကျိုးရှိပါသည်ဘုရား။

သံဃနာယကအဖွဲ့ဝင် ဆရာတော်များ (၃)လ တစ်ကြိမ်, သံဃာ့ဝန်ထမ်းဆောင် ဆရာတော်များ(၁)နှစ်တစ်ကြိမ် အခွင့်းချင်း မြင်တွေ့နေရသဖြင့် သာသနာတော် တိုးတက်ရာ တိုးတက်ကြောင်းများကို ရင်းရင်းနှီးနှီး ဆွေးနွေးခွင့်ရရှိခြင်း, တစ်ပါးနှင့်တစ်ပါး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မပြေလည်သော အယင်အမြင် လွဲမှားမှု အဖုအထစ် များလည်း ပြေလည်သွားနိုင်ခြင်း, ဆောင်ရွက်ဖွယ်ရှိသည့် သာသနာ့ကိစ္စ အဝဝကိုလည်း ပျော်ပျော်ရွှင်ရွှင် ဝမ်းပန်းတသာ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းစသော အကျိုးများကို ကေန်ရရှိပြီးလျှင်–

"ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေव ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ နော ပရိဟာနိ"– ဟူသော ဒီဃနိကာယ် မဟာဝါပါဋိတော်လာ ဘုရားရှင် ဒေသနာတော်နှင့်အညီ တပည့်တော်တို့၏ သံဃာ့အပ္ပမာဒအစည်း အဆင့်ဆင့်တို့ ဆုတ်ယုတ်မှုမရှိဘဲ တိုးတက်ကြီးပွားမည်သာ ဖြစ်ပါသည် ဘုရား။

(၂) ဒုတိယအချက်မှာ သံဃာ့အပ္ပမာဒအစည်း အဆင့်ဆင့်တို့ အထက်နှင့်အောက် အဆက်မပြတ်ရန် လိုအပ်ပါသည် ဘုရား။ သို့ဖြစ်၍ တစ်နှစ်လျှင်တစ်ကြိမ်၊ လိုအပ်ပါက(၆)လလျှင်တစ်ကြိမ်–

(က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များ၊

(ခ) ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့နှင့် မြို့နယ် သံဃနာယကအဖွဲ့များ၊

(ဂ) မြို့နယ်သံဃနာယကအဖွဲ့နှင့် ရပ်/ကျေး သံဃနာယကအဖွဲ့များ ထက်အောက် ညှိနှိုင်းပွဲများပြုလုပ်ကြစေရန် တိုက်တွန်းပါသည် ဘုရား။

ယင်း အထက်အောက် ညှိနှိုင်းပွဲများ၌ ဝတ်ကျေတမ်းကျေ အစည်းအဝေး တက်ရောက်ခြင်းမျိုး မဖြစ်စေဘဲ သာသနာတော်မှာ အကျိုးရှိမည့် ကိစ္စရပ်များ, နည်းလမ်း ကောင်းများကို ဉာဏ်မီသမျှ ကြံစည်စဉ်းစားခဲ့ကာမှု ကြောင့် သာသနာစိတ်ဓာတ် အပြည့်အဝဖြင့် ဆွေးနွေးကြ၊ ညှိနှိုင်းကြဖို့လည်း လိုအပ်ပါသည်ဘုရား။

(၃) တတိယအချက်မှာ–ရာဟုလသာမဏေယော်အား မြတ်စွာဘုရား ဟောကြားတော်မူအပ်သော -

"ဝေမေဝ ခေါ် ရာဟုလ ပစ္စဝေက္ခိတ္တာ ပစ္စဝေက္ခိတ္တာ ကာယေ နှ ကမ္မံ ကတ္တမ္ဗံ၊ ပစ္စဝေက္ခိတ္တာ ပစ္စဝေက္ခိတ္တာ ဝါစာယ ကမ္မံ ကတ္တမ္ဗံ၊ ပစ္စဝေက္ခိတ္တာ ပစ္စဝေက္ခိတ္တာ မနသာ ကမ္မံ ကတ္တမ္ဗံ"–

ဟူသော အမွှလဋ္ဌိကရာဟုလောဝါဒသုတ်လာ ဒေသနာတော်ကိုလေး လေးနက်နက်လိုက်နာသောအားဖြင့် တပည့်ရှင်တို့ သံဃမဟာနာယက ဆရာတော်များသည် "မလုပ်ခင် ကြိုတင်စဉ်းစားပါ" ဟူသော ပရိဘာသာ အရ မိမိတို့ ဆောင်ရွက်ရသည့် သမားနှင့် ကိစ္စအဝဝတို့ကို ဓမ္မ ဝိနယ, လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ–မရှိကို ဆင်ခြင်စဉ်းစားပြီးမှပြုလုပ် ဆောင်ရွက်တော်မူကြပါ။ ဤသို့ဆင်ခြင် စဉ်းစားတော် မူကြသည့်အခါ ဓမ္မဝိနယ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုမရှိဟု သိရလျင် မပြုလုပ်ရသေး သော ကိစ္စဖြစ်လျှင် မပြုလုပ်ဘဲ ရှောင်ကြဉ်နိုင်ပါသည်။ ပြုလုပ်ဆဲ ဖြစ်လျှင်လည်း ရှေ့သို့ ဆက်လက်၍ မပြုလုပ်ဘဲ ရပ်ဆိုင်းနိုင် ပါသည်။ ပြုလုပ်ပြီး ဖြစ်လျှင်လည်း အမှုန်ရောက်အောင် ပြင်ဆင်၍ နောင်အခါ မပြုမိအောင် ဆင်ခြင်နိုင်ပါသည် ဘုရား။

ထို့ပြင်လည်း တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည်–

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ အတိဝတ္တတိ။
နိယဟီတိ တဿ ယသော၊ ကာဠပက္ခေ ဝ စန္ဒိမာ။
ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ နာတိဝတ္တတိ။
အာပူရတိ တဿ ယသော၊ သုက္ကပက္ခေ ဝ စန္ဒိမာ–

ဟူသော ပရိဝါရပါဠိတော်လာ ဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ အဂတိလေးပါးမှ ကင်းစင်အောင် ရှောင်ကြဉ်တော်မူကြဖို့ အလွန်အရေး ကြီးပါသည် ဘုရား။

အရသ်အချင်း ပျက်ယွင်းမှု, စည်းမျဉ်းစည်းကမ်းကို မလိုက်နာမှုများ တွေ့ရှိပါက အဂတိမလိုက်ဘဲ၊ ရဲရဲဝံ့ဝံ့ မထောက်မညှာ ပြတ်ပြတ်သားသား

အရေးယူဖို့ လိုအပ်ပါသည်ဘုရား။ လုပ်ဆောင်ရမည့် ကိစ္စမှန်သမျှကို ကြောက်ရွံ့ နောက်တွန့်မနေဘဲ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားမှုကို ရှေဘန်းတင်လျက် ဆောင်ရွက်တော်မူကြရန် တိုက်တွန်းပါသည်ဘုရား။

(၄) စတုတ္ထအချက်မှာ ကျောင်းဆင်ဆရာတော် ကြီး/ငယ်များသည် မိမိတို့ကိုအားထားရာပြုရှိ မှီခိုနေထိုင်ကြသော ရှင်ရဟန်းတပည့်များနှင့် မိမိတို့ကျောင်းနှင့် ဆက်သွယ်သည့် ဒကာ/ဒကာမများကို မလစ်မလပ်သွန်သင် ဆုံးမကြပေးနှင့် ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်သင်ခန်းစာ, ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာများမှ အာဂုံရသင့်သည်) များ အားဂုံရအောင် အလွတ်ကျက်ထားကြရန် တိုက်တွန်းပေးသင့်ကြပါသည် ဘုရား။

(၅) ပဉ္စမအချက်မှာ နိုင်ငံတော် သံဃာမဟာနာယက အဖွဲ့သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ရှေရှုလျက် ကျောင်းထိုင်ဘုန်းကြီးနှင့် ခန်းနေ ရဟန်းသာမဏေများ လိုက်နာကျင့်သုံးရန် ဓမ္မဝိနယနှင့်အညီ ဥပဒေကမ်းကျင့်ဝတ်များကို ညွှန်ကြားလွှာအမှတ်(၇၂)ဖြင့် ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည် ဘုရား။

တစ်ဖန် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်းသာမဏေများ ဝိနည်းတရားတော်နှင့်အညီ ကျင့်သုံးနေထိုင်ကြရေးအတွက် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးက ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်းဥပဒေ(၁၁)ချက်ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည် ဘုရား။

ယင်းစည်းမျဉ်းဥပဒေ (၁၁)ချက်တို့အနက် ဗုဒ္ဓသာသနာတော်ဂုဏ်ကျက်သရေကို လွန်စွာညှိုးမှိန်စေနိုင်သော စည်းမျဉ်းဥပဒေအပိုဒ်(၇၊၈၊၂၅၊၂၇၊၂၉)တို့ကို ကျူးလွန်သော ရဟန်းသာမဏေများကို သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေ(၂၀/၉၀)ပါ အခန်း(၃)၊ အပိုဒ်(၁၁)

နှင့် အခန်း(၄) အပိုဒ်(၁၄)တို့အရ အရေးယူ ဆောင်ရွက်သွားရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များသို့ ညွှန်ကြားထားပြီးဖြစ်ပါသည် ဘုရား။ ယင်းမှတစ်ဆင့် မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ရဲအဖွဲ့များအထိ ညွှန်ကြားပြီးဖြစ်ကြောင်းကိုလည်း သိရှိရပါသည် ဘုရား။

ထိုသို့ပင် အဆင့်ဆင့် ညွှန်ကြားပြီး ဖြစ်ပါသော်လည်း ယင်းညွှန်ကြားချက်များမှာ အကောင်အထည် မပေါ်လာဘဲ နေတော့ အရှုပ်ရှေးသက်သို့ ဖြစ်နေပါသည်ဘုရား၊ ဤအခြေအနေများကြောင့် တပည့်တော်တို့မှာ အခွင့်ကြုံဆရာတော်များ၏ ပြက်ရယ်ပြုမှုကိုပင် ခံနေကြရပါသည်ဘုရား။

သို့ဖြစ်၍-

(၁) သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ညွှန်ကြားလွှာ အမှတ်(၇၂) အပိုဒ်(၂) အပိုဒ်ခွဲ(ဃ)ပါ စည်းကမ်းကျင့်ဝတ် ၉-ချက်ကို လိုက်နာကျင့်သုံးကြရန်၊

(၂) ကျောင်းဆိုင်ဘုန်းကြီးများသည် အပိုဒ်ခွဲ(ခ)ပါ စည်းကမ်းကျင့်ဝတ် ၅-ချက်ကို လိုက်နာကျင့်သုံးကြရန်၊

(၃) ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်းဥပဒေ(၃၁)ချက် တို့တွင် အပိုဒ်(၇၊၈၊၂၅၊ ၇၊၂၉)တို့ကိုလိုက်နာကျင့်သုံးကြရန်- ဟူသော ဤအချက်(၃)ချက်ကို မဖြစ်မနေ အကောင်အထည်ပေါ် အောင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည် ဘုရား။

(၆) ဆဋ္ဌအချက်မှာ လုပ်သားနှင်းလမ်းညွှန်ချက်အဖြစ် ခံယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ပြီးသော ဧတုတ္ထအကြိမ်၊ ပဉ္စမအကြိမ် သာရဏီယ သြဝါဒကထာများမှအကောင်အထည် မဖော်ရသေး

သော အချက်များကို စိစစ်၍ အကောင်အထည်ဖော် ဆောင်ရွက်တော်မူကြရန် သင်္ဃာ လျှောက်ထားပါသည် ဘုရား။

အထူးအားဖြင့် ကျောင်းထိုင်ဘုန်းကြီး ရက်တိုသင်တန်း ဖွင့်လှစ်သင်ကြားနိုင်ရေးကို ပေးနေးညှိနှိုင်း၍ မှချုပ်ကြီး ဆောင်ရွက်စေလိုပါသည် ဘုရား။ (၂၅-၈-၉၀)(၂၆-၈-၉၅)နေ့တို့၌ ကျင်းပခဲ့သည့်ဥက္ကဋ္ဌဆရာတော်၏ လုပ်ငန်းလမ်းညွှန်ချက် ရှင်းလင်းပွဲ၌ တာဝန်ကျဆရာတော် ရှင်းလင်းတင်ပြခဲ့သည့် နည်းလမ်းများကို အခြေခံ၍ ပြည်နယ်/တိုင်း၊ မြို့နယ်သံဃနာယကအဖွဲ့များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအားလုံး စိတ်ပါလက်ပါ ကြိုးကြပ်၍ မြို့နယ်ဝန်ဆောင်၊ တိုင်းဝန်ဆောင် ဆရာတော်များကို တာဝန်ပေး ဆောင်ရွက်စေသင့်သည်ဟု သဘောရပါသည် ဘုရား။ မြို့နယ်ဝန်ဆောင်၊ တိုင်းဝန်ဆောင် ဆရာတော်များမှာ (၁)နှစ်(၁)ကြိမ် အစည်းဝေးတက်ရုံမှ တပါး သာသနာရေးကိစ္စ ဆောင်ရွက်ရန် တာဝန်များများစားစား မရှိပါဘုရား။ သို့ဖြစ်၍ ဤကိစ္စကို မြို့နယ်ဝန်ဆောင်၊ တိုင်းဝန်ဆောင် ဆရာတော်များအား တာဝန်ပေးဆောင်ရွက်စေ၍လျှင် အလွယ်တကူ အကောင်အထည် ဖော်နိုင်ပါလိမ့်မည် ဘုရား။

(၇) သတ္တမအချက်မှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိစ္စနှင့် ပထမပြန်စာမေးပွဲများ၊ စာချဉ်းနှင်းစာမေးပွဲများ သန့်ရှင်းရေးကိစ္စများ ဖြစ်ပါသည်ဘုရား၊

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့်စပ်လျဉ်း၍ စည်းမျဉ်းအဘိုင်း စနစ်ဘကျဖြစ်အောင် ဆောင်ရွက်ပေးတော်မူကြစေလိုပါသည် ဘုရား၊ဘုန်းတော်ကြီးသင်ပညာရေးကို အားပေးဆောင်ရွက်နေကြသော ဘုန်းတော်ကြီးများသည် အခက်အခဲအမျိုးမျိုးတို့ကြောင့် စိတ်ဓာတ်ကျနေကြပါသည်။ ထိုဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ အခက်

အခဲများကို တတ်နိုင်သလောက် ကူညီဖြေရှင်း ပေးတော်မူကြ၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ တိမ်ကောပျောက်မသွားရေးကို အားလားထား ဆောင်ရွက်တော်မူကြပါရန် အလေးအနက် တိုက်တွန်းပါသည်ဘုရား။

ပထမပြန်စာမေးပွဲများနှင့် စာချတန်းစာမေးပွဲများ သန့်ရှင်းရေးကလည်း အရေးကြီးသော ကိစ္စပင်ဖြစ်ပါသည်။ ရဟန်းသာမဏေများ ဖြေဆိုသည့်စာမေးပွဲများ မသန့်ရှင်းဘူးဆိုတာ လူကြီးရှုပင်မတော်သော အလွန်အရှုပ်ဆိုးသော သာသနာ့အမဲကွက်ကြီး ဖြစ်နေပါသည်ဘုရား။ ယင်းစာမေးပွဲ သန့်ရှင်းရေးကိစ္စမှာ မြို့နယ်သံဃနာယက ဆရာတော်များနှင့် စာမေးပွဲကြီးကြပ်ရေး ဆရာတော်များ အပေါ်မှာ တည်ပါသည်ဘုရား။ သို့ဖြစ်၍ ထိုဆရာတော်များ ပေါ့လျော့ခြင်း မရှိနိုင်စေရန် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကိုပါ တွဲဖက်တာဝန်ပေး၍ ဆောင်ရွက်စေရန် သင့်မသင့်ကို ညှိနှိုင်းတိုင်ပင်၍ မဖြစ်မနေ ဆောင်ရွက်တော်မူကြပါရန်နှင့် ဘုန်းရှင် ကံရှင် သမ္ဘာရှင်တို့သာ ချီးမြှောက်ခွင့်ရနိုင်သည့် ဘုန်းရှင် ကံရှင် သမ္ဘာရှင် ဗုဒ္ဓတော်မူသော မြတ်စွာဘုရားရှင် သာသနာတော်မြတ်ကြီးကို ကုသိုလ်ကံအလျောက် ချီးမြှောက်ခွင့် ရတော်မူနေသည့် အခိုက်ဖြစ်ခြင်း၊ နိုင်ငံတော် အစိုးရမင်းတို့ကလည်း ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို သာသနာပစ္စတ္ထိကတို့၏ အနှောင့်အယှက်မှကင်းအောင် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှု အာမိသပစ္စည်း အသီးသီးတို့ဖြင့် ထောက်ပံ့မှု သာသနာ့ကိစ္စ ဆောင်ရွက်ကြရာဝယ် လိုအပ်သောအကူအညီပေးမှု စသည်တို့ဖြင့် ထူးထူးခြားခြား အားပေးချီးမြှောက်ထောက်ပံ့နေခြင်း စသော လွန်စွာရခဲသော အခွင့်ကောင်းကို ရရှိနေသည့်အခိုက် "မာ ဝေါ ခဏံ ဝိရာဓယေထ" ဟုသနာတော်အရ ယင်းအခွင့်ကောင်းကို လက်မလွှတ်စေဘဲ သာသနာတော်သန့်ရှင်းရေး, တည်တံ့ရေး, စည်ပင်ထွန်းကားပြန့်ပွားရေးတို့ကို အဓိပတိ

ဝေပ်သော ဆန္ဒ, စိတ္တ, ဝိရိယ, ဝိမံသတရားတို့ဖြင့် ကြိုးစားအားသစ်ပြုတော်မူကြပါရန် တိုက်တွန်းလျက် တပည့်ခံတော်၏ သာရကိယသြဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဘဒ္ဒန္တသောဘိတ (ဥက္ကဋ္ဌ)
အဘိဓမ္မဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

မှတ်စု။ ။၁၃၅၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်၊
(၁၉၉၆-ခုနှစ်၊ နိုဝင်ဘာ ၁(၂၃)ရက်)

မ-သ-စ-၂၂-၃-၁၂-၉၂- (၁၀၀၀) အုပ်